


ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်

ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

# ဒုက္ခမြင်မှ နိဗ္ဗာန်ရ

ပုံ

## တရားတော်များ

ဦးကံညွန့်
ပူဇော်သည်



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ် ဆရာတော်ဘုရား

ကျေးဇူးတော်ရှင်၊ အဂ္ဂမဟာပဏ္ဍိတ

## မိုးကုတ်-ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# ဒုက္ခမြင်မှနိဗ္ဗာန်ရပုံ

## တရားတော်များ

ပူဇော်သူ
ဦးကံညွန့်

---

"အင်ကြွင်းညွန့်" စာပေ
တိုက် (၂၉၁/၅) ၂ ရပ်ကွက်၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့။ ☎ ၅၅၂၄၉၉

ဘာသာရေးဆိုင်ရာ
စာမူခွင့်ပြုချက်အမှတ် – [၃/၉၆(၇)]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – [၂၀/၉၆(၇)]
ပုံနှိပ်ခြင်း – ပထမအကြိမ် ၁၉၉၆ ခုဇူလိုင်လ၊
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၂၀၀ကျပ်
မျက်နှာဖုံးရိုက် – ဒေါ်ခင်သန်း (ဗ၁၉၇၂)
ဆယ်သန်းပုံနှိပ်တိုက်
၁၆၅/ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ရန်ကုန်မြို့။
ထုတ်ဝေသူ – ဦးရဲမြင့်(၀၁၀၄၉) တက်လမ်းစာပေ၊
၉၆၇၊ ပဒေသာရပ်၊
စော်ဘွားကြီးကုန်း၊
အင်းစိန်။
ပုံနှိပ်သူ – ဦးအောင်မျိုး (၀၅၁၃၀)
ဆုလာဘ်ပြည့်အော့ဖ်ဆက်ပုံနှိပ်တိုက်
အမှတ် ၇၊ ၁၀၆လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

# မြတ်စွာဘုရားဟောကြားခဲ့သည်မှာ

"ယော ဘိက္ခဝေ, ဒုက္ခံပဿတိ၊ ဒုက္ခသမုဒယမ္ပိသော ပဿတိ၊ ဒုက္ခနိရောဓမ္ပိ ပဿတိ၊ ဒုက္ခနိရောဓဂါမိနိ ပဋိပဒမ္ပိပဿတိ။"

(မဟာဝဂ္ဂ သံယုတ်ပါဠိတော်)

(ရဟန်းတို့. ဒုက္ခအစစ်ကို မြင်သောသူသည် ဒုက္ခဖြစ်ကြောင်းကိုလည်း မြင်တော့သည်၊ ဒုက္ခ၏ ချုပ်ရာကိုလည်း မြင်တော့သည်၊ ဒုက္ခချုပ်ကြောင်းအကျင့်ကိုလည်း မြင်တော့သည်)

"ဒုက္ခသစ္စာ တစ်ပါး ကို ကာယ်မြင်လျှင် သစ္စာလေးပါး လုံးပါမြင်နိုင်ပါတော့သည်"

အမှတ်စဉ် ............ ၁၃၂၅-ခုနှစ်တွင် တည်ထောင်သည်။ ... မှန်း-၅၄၁၈၆

ဆွမ်း ပ ဓေ သာ ပင် အ လှူ ရှင်

## ဗုဒ္ဓ[illegible] မိုးကုတ်ဝိပဿနာတရားစခန်းနှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်

## သာဓုအနုမောဒနာ ဂုဏ်ပြုလွှာ

............................................................. ရွှမ်း အမှတ် ............ နေ

ကဆင် ...........................................................................

...........................................................................တို့ထံမှ

ဆွမ်းဓေသာပင်အတွက် အလှူခံငွေ ............................ ကျပ်တိ

(...........................) ကျပ် တိ တိ ကို ရန်ကုန်မြို့၊ အမှတ်-၁၆

နေ[illegible] တည်ရှိသော ဌာနချုပ်သို့ [illegible]

[illegible] အဖွဲ့ချုပ်သို့ [illegible] ၏ ချမ်းငြိမ်းရာမှန်ကြမ်းအဖြစ်နှိုးစွာကို ရည်မှန်း

[illegible] အလှူတော်ငွေအတွက် ကုသိုလ်ကောင်းမှုကို အစဉ်ကြည်ညို

ဝမ်းမြောက်နိုင်ကြပါစေ ရန် မှတ် တမ်း တင် သာ ဓု အနု မော ဒနာ ဂုဏ် ပြု လွှာ ဖြင့်

လေးစားစွာ ချီးမြှင့်အပ်ပါသည်။

ရက်နေ့

.................... .................... ....................

နာယကကြီး ဥက္ကဋ္ဌ အကျိုးဆောင်အတွင်းရေးမှူး

ဓာတ်ပြန်ပုံနှိပ်တိုက်၊ ၁၉၁၁၊ ၃၈–ဝေ၁၀။ ရန်ကုန်မြို့။

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ခန္ဓာဖြစ်ပျက်ဒုက္ခစက်တရားတော် | ၁ |
| ၂။ | ဒုက္ခသိမှုနိဗ္ဗာန်ရတရားတော် | ၁၉ |
| ၃။ | ဒုက္ခများမြင်နိဗ္ဗာန်ဝင်တရားတော် | ၃၆ |
| ၄။ | ခန္ဓာသဘောဉာဏ်စောကြောတရားတော် | ၄၈ |
| ၅။ | ဖြစ်ဆဲပဋိစ္စတ်တွေးဉာဏ်ချပ်တရားတော် | ၅၉ |
| ၆။ | ဒုက္ခစက်ရပတ်မဂ်ဉာဏ်ဖြတ်တရားတော် | ၇၂ |
| ၇။ | ရှေ့ကဖြစ်ပျက်နောက်ဉာဏ်မဂ်တရားတော် | ၈၃ |
| ၈။ | ခန္ဓာကိုယ်ရှိကကျန်းမာမှုမရှိတရားတော် | ၉၅ |
| ၉။ | ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်တရားတော် | ၁၀၃ |
| ၁၀။ | ပဋိစ္စဖြစ်ပျက်ဒုက္ခစက်တရားတော် | ၁၁၄ |
| ၁၁။ | မိမိခန္ဓာတရားရှာတရားတော် | ၁၃၂ |
| ၁၂။ | ခန္ဓာကြိမ်ဖန်ခွေးကိုက်ခံတရားတော် | ၁၄၀ |
| ၁၃။ | ခန္ဓာဝန်ထမ်းခရီးကြမ်းသွားရပုံတရားတော် | ၁၆၀ |
| ၁၄။ | ဇရာမရဏတရားတော် | ၁၇၀ |
| ၁၅။ | နှလုံးသွင်းမှား၍ ဝိပ္ပလ္လာသသုံးပါးဖြစ်လာပုံ တရားတော် | ၁၈၂ |
| ၁၆။ | ပရမ်းပတာဘေးလွတ်မြောက်ရေးတရားတော် | ၂၀၆ |
| ၁၇။ | ကိုယ်ရေးပဋ္ဌမစိုးကြောင့်ကျတရားတော် | ၂၁၈ |
| ၁၈။ | လာရာသွားရာသိဉာဏ်ရှာတရားတော် | ၂၂၆ |

# မာတိကာ


| | | |
|---|---|---|
| ၁၉။ | အနာဂတ်ဘေးလာမည့်ရေးတရားတော် | ၂၃၄ |
| ၂၀။ | ကြောက်သေလွတ်ရာနည်းလမ်းရှာတရားတော် | ၂၄၆ |
| ၂၁။ | သေလမ်းနည်းပြတရားတော် | ၂၅၇ |
| ၂၂။ | ရုပ်နာမ်ကြောင်းကျိုးအနတ္တမျိုးတရားတော် | ၂၇၁ |
| ၂၃။ | ရှေ့သွားခေါင်းဆောင်စိတ်တရားတော် | ၂၈၃ |
| ၂၄။ | နိဗ္ဗာန်ရောက်ချင်ခန္ဓာဝန်ဖြုတ်ရန်တရားတော် | ၃၀၈ |
| ၂၅။ | စိတ္တာနုပဿနာရှုပုံတရားတော် | ၃၂၃ |

# နိဒါန်း

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

ဗြဟ္မာ၊ နတ်၊ လူ သုံးဘုံသူတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးဟောကြားရာတွင်၊ ဒုက္ခသစ္စာကို ဟောကြားရာ၌

"ဣဒံခေါ ပနဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိဒုက္ခော၊ မရဏံပိဒုက္ခံ၊ အပ္ပိယေဟိသမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံနလဘတိတံပိ ဒုက္ခံ၊ သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"။

(ချစ်သားရဟန်းတို့ ဒုက္ခဆင်းရဲခြင်း သဘောဟု ဆိုအပ်သော သစ္စာတရားသည်ရှိ၏၊ အဘန်ဘန်ပဋိသန္ဓေနေရခြင်း ဒုက္ခ၊ အိုရခြင်း ဒုက္ခ၊ နာရခြင်း ဒုက္ခ၊ သေရခြင်း ဒုက္ခ၊ မချစ်မနှစ်သက်သောသူတို့နှင့် ပေါင်းသင်းရခြင်းဒုက္ခ၊ ချစ်သောသူတို့နှင့် ကွေကွင်းရခြင်းဒုက္ခ၊ လိုချင်တိုင်း မရခြင်း ဒုက္ခ၊ အကျဉ်းအားဖြင့် ဥပါဒါန်တရားတို့၏ စွဲလန်းရာဖြစ်ကုန်သော ခန္ဓာငါးပါးတို့သည် ဒုက္ခဆင်းရဲကုန်၏ဟု ဟောကြားတော်မူခဲ့ပါသည်။)

ဥပါဒါန် ခန္ဓာငါးပါးသည် ဒုက္ခ(ဝါ)ခန္ဓာငါးပါးကို စွဲလန်းရာဖြစ်လျှင် ဒုက္ခဟု ဘုရားရှင်ဟောထားပါလျက် အဘယ်ကြောင့်

လူအပေါင်းတို့သည် ဒုက္ခဟုမထင်ကြပါသနည်းဆိုလျှင် လူအပေါင်းတို့တွင် **"မသိမှု(အဝိဇ္ဇာ)"**က ခန္ဓာငါးပါးကိုလည်းမသိ၊ ခန္ဓာငါးပါးဖြစ်ကြောင်းကိုလည်းမသိကြ၍ ခန္ဓာငါးပါးကို ငါ၊ သူ၊ ယောကျ်ား၊ မိန်းမဟု စွဲလန်းနေကြသည့်အတွက် ဒုက္ခ မထင်ကြခြင်း ဖြစ်ပါသည်။

**"မသိမှု (အဝိဇ္ဇာ)"**သည် ဘယ်ဒေသနာ၌ လာပါသနည်းဆိုလျှင် မသိမှုအဝိဇ္ဇာသည် **"ပဋိစ္စသမုပ္ပါဒ်"** ဒေသနာ၌ လာပါသည်၊ **(အဝိဇ္ဇာ)** ဟူသော စကားသည် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ မာဂဓပါဠိစကားဖြစ်၍ မြန်မာလို **"မသိမှု"** ဟု ဆိုပါသည်၊ ဘာကိုမသိပါသနည်း ဆိုသော် ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါယ အညာဏံဟု ဓမ္မသင်္ဂဏီ ပါဠိတော်၌ ဟောကြားတော်မူပါသည်။

(ဒုက္ခကို မသိခြင်း၊ ဒုက္ခဖြစ်ကြောင်းကို မသိခြင်း၊ ဒုက္ခချုပ်ရာကို မသိခြင်း၊ ဒုက္ခချုပ်ကြောင်း အကျင့်ကို (ဝါ)အလုပ်ကို မသိခြင်း ဖြစ်သော သစ္စာလေးပါးကို မသိကြခြင်းတို့ကြောင့် လူအပေါင်းတို့သည် ဒုက္ခသံသရာ၌ လယ်နေကြရပါသည်။)

ဓမ္မစကြာ တရားတော်တွင် မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် ဒုက္ခသစ္စာ ပါဠိ ပိုဒ်၌ ပါရှိသည့် **"ဇာတိ" "ဇရာမရဏ" "ဥပါဒါန"** တရားတို့သည် ဘုရားဟော ဒေသနာတော်အရ ဘယ်ဒေသနာတော်၌ ပါရှိပါသနည်းဆိုလျှင် **ဇာတိ၊ ဇရာမရဏ၊**

**ဥပါဒါနတရားတို့သည်** မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် **ပဋိစ္စမုပ္ပါဒ်ဒေသနာတော်၌** ပါရှိကြောင်း တွေ့ရှိကြရမည် ဖြစ်ပါသည်။

**ပဋိစ္စသမုပ္ပါဒ်ဆိုသည်မှာ** ပါဠိစကားဖြစ်၍ စကားသုံးလုံး ဆက်စပ်လျက်ရှိပါသည်၊ ပဋိစ္စ=စွဲ၍၊ သံ=ကောင်းစွာ၊ ဥပ္ပါဒ=ဖြစ်သည်၊ အကြောင်းကို စွဲ၍ အကျိုးဖြစ်ပုံကို ပြဆိုသည့် တရားတော်ဖြစ်ပါသည်။

စာလိုခေါ်တော့ ပဋိစ္စသမုပ္ပါဒ်၊ မြန်မာလို ပြန်တော့ **"ခန္ဓာဖြစ်စဉ်"** ဟု မိုးကုတ် ဆရာတော် ဘုရားကြီး ဟောကြားတော်မူခဲ့ပါသည်။

အဝိဇ္ဇာ (မသိမှု) အကြောင်းခံကြောင့်၊ အဖန်ဖန်ပြုပြင်နေသည့် သင်္ခါရဒုက္ခမှစ၍ ဇာတိ၊ ဇရာမရဏ၊ သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ သမ္ဘဝန္တိ၊ ဧဝမေတဿ၊ ကေဝလဿ၊ ဒုက္ခခန္ဓဿ၊ သမုဒယော ဟောတိ ဟု ပဋိစ္စသမုပ္ပါဒ် တရားတော်တွင်၊ အဝိဇ္ဇာ သင်္ခါရကြောင့် ဒုက္ခအစတွေ၊ ဒုက္ခအစဉ်အတန်းတွေ ဖြစ်ရကြောင်း ဇာတိ၊ ဇရာမရဏ ဒုက္ခမှစ၍ ခန္ဓာငါးပါး ဖြစ်စဉ်နှင့် ဥပါဒါန် စွဲလန်းမှုဖြစ်ပုံများ ပါရှိပါသည်။

သို့ဖြစ်၍ ပဋိစ္စသမုပ္ပါဒ် တရားကို မသိလျှင်၊ မြတ်စွာဘုရား သိစေလိုသော **"ပဉ္စုပါဒါနက္ခန္ဓာဒုက္ခာ"** ကို ထိုးထွင်း၍သိမြင်သော ပညာသိ မသိနိုင်ပါ၊ ပဋိစ္စသမုပ္ပါဒ်တရား (ဝါ) ခန္ဓာဖြစ်စဉ်ကို သိမှ **"ဒုက္ခ"**ကို သိမြင်နိုင် ကြမည်ဖြစ်ကြောင်း ပိုင်းခြားတတ်သောဉာဏ်၊ စဉ်းစားတတ်သောဉာဏ် (Intellect) ရှိသူတို့ သိနိုင်ကြပါသည်။

## နိဒါန်း

ဒုက္ခသစ္စာဆိုသည်မှာ ဒုက္ခက ဒုက္ခ၊ သစ္စာက အမှန် ထို့ကြောင့် ဒုက္ခသစ္စာဆိုသည်မှာ ဒုက္ခအမှန်ဖြစ်ပါသည်။

**ခန္ဓာ ဒုက္ခသစ္စာကို သိလျှင် ပဋိစ္စသမုပ္ပါဒ်ကို သိမည်၊ ပဋိစ္စသမုပ္ပါဒ်တရားကိုသိလျှင် ခန္ဓာဒုက္ခသစ္စာကို သိမည်ဟု "ဟတ္ထိပဒေါပမသုတ်"တွင် ဘုရားရှင်ဟောကြားထားခဲ့ပါသည်။**

**"ယောပဋိစ္စသမုပ္ပါဒံပဿတိ၊ သောဓမ္မံပဿတိ" ပဋိစ္စသမုပ္ပါဒ်ကိုသိလျှင် တရားကို သိသည်မည်၏ဟု "မူလပဏ္ဏာသပါဠိတော်ကြီး"တွင်လည်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်၊**

ခန္ဓာကိုယ်မှာ ပဋိစ္စသမုပ္ပါဒ်အစဉ်တန်းကြီး (ဝါ) ခန္ဓာဖြစ်စဉ်တန်းကြီး မပြတ်လှည့်နေသည်ကို သိယားကြရပါမည်၊ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် (ဝါ) ခန္ဓာဖြစ်စဉ်တန်းကြီးကို မြတ်စွာဘုရားက **"ဒုက္ခခန္ဓဿ"** (ဒုက္ခအစု)ဟု ဟောကြားတော်မူခဲ့ပါသည်။

ထို့ကြောင့် **ပဋိစ္စသမုပ္ပါဒ်တရားသည် ဒုက္ခအစု တရားဖြစ်၍ ပဋိစ္စသမုပ္ပါဒ်တရားကိုသိမှ ဒုက္ခကို သိမြင်ပါမည်၊** ဒုက္ခကို သိမြင်မှ သစ္စာ လေးပါးကို သိမြင်ပါမည်၊ သစ္စာလေးပါးကို သိမြင်ပါမှ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြမည်ဖြစ်ပါသည်။

**နိဗ္ဗာန်ရဘို့အရေးသည် ဒုက္ခထင်မြင်ဘို့အရေး ဖြစ်ပါသည်၊** ဒုက္ခထင်မြင်ဘို့ အရေးသည် ပဋိစ္စသမုပ္ပါဒ်တရား (ဝါ) ဒုက္ခခန္ဓဿ (ဒုက္ခအစု) (ဝါ)ခန္ဓာဒုက္ခအစဉ်တန်းကြီးကို သိထားဘို့ အရေးဖြစ်ပါ

ကြောင်းကို မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော် မူခဲ့ပါသည်။

ဒုက္ခသစ္စာပါဠိပုဒ်၌ **"ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"** ခန္ဓာငါးပါးကို စွဲလန်းရာဖြစ်လျှင် ဒုက္ခဖြစ်ရသည်ဆိုခြင်းမှာ– ခန္ဓာငါးပါးသည် အပေါင်းအစု ငါးခုဖြစ်၍ ဥပါဒါန်သည် စွဲလန်းမှု ဖြစ်ခြင်းကြောင့် (ခန္ဓာငါးပါး) အပေါင်းအစု ငါးခုကို စွဲလန်းမှုဖြစ်လျှင် ဒုက္ခဆင်းရဲခြင်း ဖြစ်ကြောင်း ပဋိစ္စသမုပ္ပါဒ်တရားသိသူများ သိနိုင်ပါသည်။

ခန္ဓာငါးပါး (အပေါင်းအစုငါးခု) ဆိုသည်မှာ မြင်စိတ်ဖြစ်ပေါ်ရာ၌ ပန်းတစ်ပွင့်ကို မြင်ရာ၌ မျက်စေ့ အကြည်ရုပ်နှင့် ပန်းအဆင်းရုပ်နှစ်ခုကို **"ရူပက္ခန္ဓာ"** ဟုခေါ်ဆိုရ၏၊ သိစိတ်သည် **"ဝိညာဏက္ခန္ဓာ"** ဟုခေါ်ဆိုရ၏၊ မျက်စေ့+အဆင်း+သိစိတ်သုံးပါးကို ပေါင်းဆုံတွေ့ထိပေးမှု ဖဿ ကို **"သင်္ခါရက္ခန္ဓာ"** ဟုခေါ်ဆိုရ၏။ သုံးပါးပေါင်းဆုံမှ မြင်သိစိတ်ဖြစ်ပေါ်၏၊ ပန်း, နှင်းဆီပန်းရယ်လို့ မှတ်ထင်သည့် သညာကို **"သညာက္ခန္ဓာ"** ဟု ခေါ်ဆိုရ၏၊ ပန်းစသည့် မြင်သောအရာ၊ ထင်မှတ်သော အရာပေါ်တွင် ကောင်းမကောင်းခံစားတတ်သည့် ဝေဒနာကို **"ဝေဒနာက္ခန္ဓာ"** ဟု ခေါ်ဆိုရ၏၊ မြင်စိတ်ကလေးတစ်ခုအပေါ်၌ ခန္ဓာငါးပါး တစ်ပေါင်းတည်းဖြစ်ရ၏၊ ထို့အတူမိမိတို့သန္တာန်တွင်ရှိသည့် မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တည်းဟူသော အာယတန ခြောက်ပါး (အခံဓါတ်ဖြေပါး)သည် ပြင်ပအာရုံဖြစ်သည့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိမှု၊ ကြံတွေးမှုစသည့် အပြင်မှ (အတိုက်ဓါတ်) ဖြေပါးနှင့်

တွေ့ဆုံပေးသည့် ဖဿ စသော ပြုပြင်ပေးသည့် **သင်္ခါရ** တို့ကြောင့် မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ တွေ့ထိစိတ်၊ ကြံတွေးစိတ်စသည့် စိတ် ဖြေါး ဖြစ်ပေါ်ပါသည်။

စိတ် ဖြေါးဖြစ်ပေါ်ရာတွင် တစ်ပါးစီ၌ ခန္ဓာငါးပါး တစ်ပေါင်းတည်းဖြစ်ပေါ်ရာတွင် **ဝေဒနာက္ခန္ဓာ** ခေါ်သည့် ခံစားတတ်သော ဝေဒနာလေးသည် မြင်သည့်အပေါ်မှာ၊ ကြားသည့်အပေါ်မှာ၊ နံသည့် အပေါ်မှာ၊ စားသည့်အပေါ်မှာ၊ တွေ့ထိသည့်အပေါ်မှာ၊ ကြံတွေးစိတ် ဝင်လာသည့်အပေါ်မှာ အာရုံ၏အရသာကို ခံစားတတ်သည့် (ဝေဒနာ) က ကောင်းမကောင်း ခံစားတတ်သည့်အတွက် ကောင်းတာကိုသာ ခံစားချင်ပါသည်၊ မကောင်းတာကို ခံစားမိလျှင် ဒေါသဖြစ်ရပြီ တဖန်ကောင်းတာကိုသာ တောင်းတ၍ ခံစားချင်ပြန်ပါသည်၊ ကောင်းတာကို ခံစားမိပြန်တော့လည်း သာယာမှု၊ ချစ်ခင်မှု၊ နှစ်သက်မှု ဖြစ်ရာက တပ်မက်သည့်"**တဏှာ**"ဖြစ်လာပြီး **(ဝေဒနာပစ္စယာတဏှာ)** ဝေဒနာကြောင့် တဏှာဖြစ်ရပါသည်၊ တဖန် တပ်မက်သည့် တဏှာ ကနေ စွဲလန်းစိတ် **"ဥပါဒါန်"** ဝင်လာလျှင် **(တဏှာပစ္စယာဥပါဒါန)** တဏှာကြောင့် ဥပါဒါန်ဖြစ်ပြီး ဥပါဒါန ပစ္စယာဘဝေါ၊ ဘဝ ပစ္စယာ ဇာတိ၊ ဇရာ၊ မရဏ၊ သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ … ပ… ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ၊ ဒုက္ခဖြစ်လာရပါသည်၊ **မသိတတ်သည့် အဝိဇ္ဇာကြောင့် သင်္ခါရတရားက ပြုပြင်ဖန်တီးလို့ သိတဲ့စိတ် ဖြေါးဖြစ်တိုင်း ဖြစ်တိုင်း တစ်ပါးစီရဲ့ (ခန္ဓာငါးပါး) အပေါ်မှာ (ဝါ) ပဋိစ္စသမုပ္ပါဒ်တရားကြောင့် ဖြစ်ပေါ်လာသည့်**

**အပေါင်းအစု ငါးပါး အပေါ်မှာ၊ အစုငါးပါး (ခန္ဓာငါးပါး)လို့ မထင်ပဲ ချစ်ခင် နှစ်သက်၊ သာယာသည့် တက်မက်မှု တဏှာကြောင့် စွဲလန်းမှု ဥပါဒါန် ဖြစ်ပြီး "ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" ခန္ဓာငါးပါးကို စွဲလန်းရာမြင်၍ ပဋိစ္စသမုပ္ပါဒ် တရားအရ ဒုက္ခ ဖြစ်ရပါသည်။**

**ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုသော ခန္ဓာငါးပါး (အပေါင်းအစု ငါးပါး)သည် သက္ကာယတွေဖြစ်ပါသည်၊** ခန္ဓာငါးပါးသည် ပရမတ္ထတရားအရ ရုပ်နာမ်သာဖြစ်သည်ကို ခံစားတတ်သောဝေဒနာက ကောင်းတာကို ချစ်ခင် နှစ်သက်၊ သာယာမှု ဖြစ်လျှင် ခန္ဓာငါးပါးကို ငါထင်၊ ငါပဲလို့ယူလိုက်လျှင်၊ မှတ်သားသည့် သညာက္ခန္ဓာကလည်း ငါ၊ သူ၊ ယောကျာ်း၊ မိန်းမလို့ ထင်လိုက်သည့်နှင့် အမြင်မှားသည့် ဒိဋ္ဌိဝင်ပြီး **သက္ကာယ ဒိဋ္ဌိ**ဖြစ်ရပါသည်၊ **"သက္ကာယ ခန္ဓာငါးပါး"**က နိဂိုလ်ရှိ၊ ပဋိစ္စသမုပ္ပါဒ်တရား အရဖြစ်လာသည့်တရား၊ အမှန်ရှိတရား၊ **"ဒိဋ္ဌိ"**က နိဂိုလ်မရှိ၊ အမှန်မဟုတ်တဲ့ နောက်မှလာသည့် အမှန်ကို အမှန်အတိုင်းမမြင်သည့် အထင်မှားမှု၊ ဒီလိုမမြင်တဲ့ ပုထုဇဉ်များအနေနဲ့၊ ခန္ဓာငါးပါးကို ငါ, သူ, ယောကျာ်း, မိန်းမဟု စွဲလန်းမှုဖြစ်၍ **ပဉ္စုပါဒါနက္ခန္ဓာဒုက္ခာ** ဖြစ်လာရပါသည်။

ဒုက္ခဟုဆိုရာ၌ ဒုက္ခ (၇) မျိုး ရှိကြောင်း ကျမ်းဂန်များ၌ တွေ့ရှိရပါသည်။

၁။ ဇာတိဒုက္ခ (ပဋိသန္ဓေအဖန်ဖန်နေရခြင်း ဒုက္ခ)

၂။ ဇရာဒုက္ခ (အိုရခြင်းဒုက္ခ)

၃။ မရဏဒုက္ခ (သေရခြင်းဒုက္ခ)

၄။ ဒုက္ခ ဒုက္ခ (ကိုယ်ဆင်းရဲခြင်းမျိုးစုံဒုက္ခ၊ စိတ်ဆင်းရဲခြင်းမျိုးစုံဒုက္ခ)

၅။ သင်္ခါရ ဒုက္ခ (အဖန်ဖန်ပြုပြင်နေသော ဒုက္ခ)

၆။ ဝိပရိဏာမ ဒုက္ခ (ဖောက်ပြန်ပျက်စီးနေသောဒုက္ခ)

၇။ သံသာရ ဒုက္ခ (ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ဒုက္ခ(ဝါ)ခန္ဓာဖြစ်စဉ်ဒုက္ခ)

ဟု (၇)မျိုးပြဆိုထားပါသည်။

ထိုဒုက္ခ (၇)မျိုးအနက်မှ ဒုက္ခ ဒုက္ခဟု ဆိုအပ်သော ကိုယ်ဆင်းရဲခြင်းမျိုးစုံ ဒုက္ခနှင့် စိတ်ဆင်းရဲခြင်းမျိုးစုံ ဒုက္ခဖြစ်ထွေများသည် လူတိုင်း၌နေ့စဉ်နှင့်အမျှ ခံစားနေကြရပါသော်လည်း ဒုက္ခသစ္စာ (ဝါ) ဒုက္ခအမှန်ကိုမသိကြ၍ ဒုက္ခမထင်နိုင်ကြပါ။

ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခ၊ သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခနှင့် သံသာရဒုက္ခဟု ခေါ်ဆိုသည့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ဒုက္ခ (ဝါ) ခန္ဓာဖြစ်စဉ် ဒုက္ခတို့ကို နားလည်ရန်မှာ **"ပဋိစ္စသမုပ္ပါဒ်တရားတော်"**ကို သိရှိနားလည်မှသာ မြတ်စွာဘုရား ဟောကြားခဲ့သည့် ဒုက္ခကို မိမိတို့ဉာဏ်ဖြင့် ခန္ဓာဉာဏ်ရောက် ထိုးထွင်း၍ သစ္စာသိ အမှန်သိမြင်နိုင်ကြမည်ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်တရားကို သိလျှင် ခန္ဓာဒုက္ခအစဉ်တန်းကြီးကို သိပါမည်။ ခန္ဓာဒုက္ခအစဉ်အတန်းကြီးကို သိပါလျှင် သင်္ခါရဒုက္ခခေါ်သည့် **"ဖြစ်"** ဒုက္ခနှင့် ဝိပ္ပရိဏာမဒုက္ခခေါ်သည့် **"ပျက်"** ဒုက္ခ

ဒုက္ခဖြစ်လို့ ဒုက္ခပျက်ခြင်းကို ပိုင်းခြားသိပါမည်။ ထို့ကြောင့် ဒုက္ခ **ထင်မြင်ဘို့အရေးမှာ ပဋိစ္စသမုပ္ပါဒ်တရား (ဝါ) ခန္ဓာဒုက္ခ အစဉ်အတန်း ကြီးကိုသိထားဘို့ အရေးကြီးပါသည်။**

ဒုက္ခကိုသိမြင်ဘို့အရေးမှာ တော်ရုံတန်ရုံအရေး မဟုတ်ကြောင်း မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် **ဓမ္မစကြာတရားတော်၌ ထပ်မံ ဟောကြား ထားသည်မှာ–**

**"တံခေါ ပနိဒံ ဒုက္ခံ အရိယ သစ္စံ ပရိညေယျ"န္တိ မေ ဘိက္ခဝေ**

(ချစ်သား ရဟန်းတို့ ဒုက္ခဆင်းရဲခြင်း စင်စစ်အမှန်ဖြစ်သော ဤအရိယာသစ္စာတရားကို ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိအပ် သိထိုက်၏) ဟု ဟောကြားတော်မူခဲ့ပါသည်။

ထို့ကြောင့် ဒုက္ခကို ပိုင်းပိုင်းခြားခြားပိုင်ပိုင်နိုင်နိုင် သိရမည့် အသိသည် **"ပဋိစ္စ သမုပ္ပါဒ်တရားတော်ကို အခြေခံသော အသိပင် ဖြစ်ပါသည်၊ ပဋိစ္စ သမုပ္ပါဒ် တရားတော် အသိမပါဘဲ"** တရားနာ ရသည့်အသိမျိုး၊ စာသိမျိုးလောက်သိရုံဖြင့် ဝိပဿနာတရား အားထုတ်ခြင်းသည် အသိအခြေအမြစ် နည်းပါးပြီး နှလုံးသွင်းမှန်နိုင်မှု အားနည်းသောကြောင့် ဗလဝအားကြီးသည့် ဝိပဿနာအဆင့်သို့ မရောက်နိုင်ကြောင်း သုံးသပ်တတ်သည့် ဉာဏ်ရှိသူတို့ သိကြပါသည်၊ ထို့ကြောင့် ဒုက္ခကို ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင်သိမြင်နိုင်ဘို့ရာ ပဋိစ္စသမုပ္ပါဒ် အကြောင်းကပြလို့ ပေါ်လာသည့် အသိမျိုးလိုပါသည်။

(ည) နိဒါန်း

- ခန္ဓာပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကိုသိမှ ခန္ဓာဒုက္ခ ဖြစ်စဉ် အရှိကို အသိနှင့် ကိုက်ညီမည်ဖြစ်ပါသည်။
- ခန္ဓာအရှိကို အသိနှင့်ကိုက်မှသာလျှင် ဟုတ်တိုင်းမှန်စွာ သိမြင်ပါမည်။
- ဟုတ်တိုင်းမှန်စွာ သိမြင်မှ နှလုံးသွင်းမှန်ပါမည်။
- နှလုံးသွင်းမှန်မှသာလျှင် ဝိပဿနာအားထုတ်ရာ၌ ဒုက္ခကို ဒုက္ခဟု ပိုင်းပိုင်းခြားခြား သိနိုင်ကြပါမည်။
- ဒုက္ခကို ဒုက္ခဟု ပိုင်းခြားသိနိုင်မှသာလျှင် သမုဒယသေမည်။
- သမုဒယသေမှ သာလျှင် နောင်ဘဝတဖန်မဖြစ်သည့် ဇာတိချုပ်ငြိမ်းမည်။
- ထို့ကြောင့် **"ပဋိစ္စသမုပ္ပါဒ်တရားသည်"** ဒုက္ခသံသရာမှ ထွက်မြောက်ရေး၊ လွတ်ရေး၊ ကျွတ်ရေးတရားပင် ဖြစ်ကြောင်း ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့ပါသည်။

ကျွန်ုပ်တို့ ဂေါတမရှင်တော်ဘုရားအလောင်းတော်သည် ဗောဓိပင်ရင်း အပရာဇိတ ပလ္လင်ထက်၌ မာရ်စစ်သည်တို့ကို နေမဝင်မီ အောင်တော်မူပါသည်၊ ထို့နောက် ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်ကိုရင်း၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကိုရင်း အောင်မြင်တော်မူပါသည်။

ထို့နောက် ဘုရားအလောင်းတော်သည် ဤသို့အကြံ ဖြစ်တော်မူပါသည်၊ သတ္တလောကသည် ပဋိသန္ဓေ၊ အို၊ နာ၊ သေရ၏၊ တဖန် ပဋိသန္ဓေလည်းနေရ၏၊ အဘယ်အခါ၌ အိုခြင်း၊ နာခြင်း သေခြင်းဟု ဆိုအပ်သော ဤဒုက္ခဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်သော တရားသည် ငါ့အားထင်လာပါအံ့နည်းဟု ဆင်ခြင်တော်မူရာတွင် အဘယ်တရားမရှိသော် အိုနာသေ ဒုက္ခမှ လွတ်မြောက်မည်နည်းဟု ဆင်ခြင်တော်မူပြန်သော် **"ဇာတိ"** အကြောင်းကို ထိုးထွင်းသိရှိတော်မူပါသည်။

တဖန် အဘယ်တရားမရှိသော် ဤဇာတိမှ လွတ်မြောက်နိုင်အံ့နည်းဟု ဆင်ခြင်တော်မူပြန်ရာ ဇာတိမှ ပဋိလောမအားဖြင့်၎င်း၊ တဖန် အနုလောမအားဖြင့်၎င်း၊ ဤသို့ အနုလောမ၊ ပဋိလောမအားဖြင့် ဆင်ခြင်သုံးသပ် နှလုံးသွင်းတော်မူသည့် အစွမ်းကြောင့် ပဋိစ္စသမုပ္ပါဒ်သဘောတရား၏ အစကို၎င်း၊ အဆုံးကို၎င်း ထိုးထွင်းသိမြင်တော်မူရာ၌ အာသဝေါတရားလေးပါးမှ လွတ်မြောက် ခြင်းသို့ ရောက်၏၊ ကာမာသဝမှ စိတ်သည်လွတ်၏၊ ဘဝါသဝမှ စိတ်သည်လွတ်၏၊ ဒိဋ္ဌာသဝမှ စိတ်သည်လွတ်၏၊ အဝိဇ္ဇာသဝမှ စိတ်သည်လွတ်၏၊ ဤသို့ ပဋိစ္စသမုပ္ပါဒ် တရားတော်ကို ထိုးထွင်း သိမြင်တော်မူသောကြောင့် အာသဝေါတရားလေးပါးတို့မှ ကုန်ခြင်းကို ပြုတတ်သော **"အာသဝက္ခယဉာဏ်"**တော်ကို နံနက် မိုးသောက်ချိန်၌ ရတော်မူပြီးလျှင် ဒုက္ခသစ္စာကို ပိုင်းခြားသိမြင်ခြင်း၊ သမုဒယသစ္စာကို ပယ်တော်မူခြင်း၊ မဂ္ဂသစ္စာကို ပွားများတော်မူခြင်း စသော သစ္စာ

လေးပါးကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် သိတော်မူသည့် တစ်ဆက်တည်းမှာပင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး အဆက်ဆက်ဖြစ်ဟန်၊ ပျက်ဟန်၊ ချုပ်ဆုံးဟန်တို့ကို အဖန်ဖန်ဉာဏ်ဖြင့် မြင်တော်မူရာ၌ အကြောင်းတရားတို့၏ ကုန်ဆုံးရာဖြစ်သော နိဗ္ဗာန်ကို သိမြင်တော်မူသည့်အတွက် ဝမ်းမြောက်ဘွယ်ဖြစ်သော ဥဒါန်းပါဠိ တော်လာ ဥဒါန်းဂါထာကို ကျူးရင့်တော်မူပါသည်။

အနေက ဇာတိ သံသာရံ၊ သန္ဓာ ဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေ သန္တော၊ ဒုက္ခာဇာတိ  ပုန ပ္ပုနံ။

အစရှိသည့် ဥဒါန်းဂါထာကို ကျူးရင့်တော်မူပါသည်။

ခန္ဓာအိမ်ကိုကြိမ်ဖန်များစွာ ဆောက်လုပ်လာသည့် **"တဏှာ"** ယောကျ်ားဟယ်လက်သမား၊ တဏှာ၏ ခန္ဓာအိမ်ဆောက်မှုကြောင့် ဘဝများစွာ အိုနာသေ ဒုက္ခများဖြင့် သံသရာလယ်ခဲ့ရပါ၏၊ အခုမှစ၍ တဏှာလက်သမားသည် ခန္ဓာအိမ်ဆောက်မှုကို ရနိုင်တော့မည် မဟုတ်ဟု ဥဒါန်းဂါထာကို ကျူးရင့်တော်မူခဲ့ပါသည်။

**"ပဋိစ္စသမုပ္ပါဒ်ဖြစ်ကြောင်း"** (ဝါ) အစသည် **"အဝိဇ္ဇာ"** ဖြစ်ရကား **"အဝိဇ္ဇာနိရောဓါ အသင်္ခါရနိရောဓေါ"** ဖြစ်သည့်အတိုင်း အဝိဇ္ဇာချုပ်သဖြင့် အာသဝေါတရားချုပ်ခြင်း (ဝါ) အသဝက္ခယညာဏ် တော်ကိုရတော်မူခြင်း (ဝါ) ဘုရားအဖြစ်သို့ ရောက်တော်မူခြင်းသည် ဇောဓိပင်ရင်း၌ တစ်ဆက်တည်း ဖြစ်ပါသည်။

အဝိဇ္ဇာ အမှောင်ပျောက်၍ ဝိဇ္ဇာဉာဏ်အလင်းပေါ်ပေါက်ခြင်း၊ (ဝါ) **ပညာဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ** ဖြစ်တော်မူခြင်းသည် ဒုက္ခသစ္စာကို ပိုင်းခြားသိမြင်တော်မူခြင်း၊ သမုဒယသစ္စာကို ပါယ်တော်မူခြင်း မဂ္ဂသစ္စာကို ပွားတော်မူခြင်းကြောင့်သာ ဖြစ်ပေသည်။

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ သာဝကမှ **စ၍** ဘုရားရှင် ကိုယ်တော်မြတ်ကြီးအထိ ပဋိစ္စသမုပ္ပါဒ်တရားသည် **အဘယ်မျှအထိ** အရေးပါသော အရင်းခံတရား ဖြစ်နေကြောင်းကို သိနိုင်ကြပါသည်။

ထိုကြောင့် **"ဒုက္ခသစ္စာ"ကို ခန္ဓာဉာဏ်ရောက် ထိုးထွင်း သိမြင်နိုင်သည့် ဤပဋိစ္စသမုပ္ပါဒ်တရားတော်ကို ကျေးဇူးတော်ရှင်၊ အဂ္ဂမဟာ ပဏ္ဍိတ၊ မိုးကုတ်ဆရာတော်ဘုရားကြီးသည်** ရဟန်းရှင် လူ သူတော်ကောင်းအပေါင်းတို့အား တစ်ဘဝတည်းဖြင့် ကိစ္စပြီးအောင်၊ နောက်ခန္ဓာ ဒုက္ခမရကြရလေအောင် အနည်းဆုံး တစ်မဂ်၊ တစ်ဖိုလ် ရကြစေသောငှါ နက်နဲလှသော ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ယခုခေတ် လူများနားလည်၍ ဉာဏ်သက်ဝင်နိုင်လောက်အောင် မြန်မာစကားပြင် သက်သက်နှင့် ပုံစံစက်ဝိုင်းကားချပ်ကိုပါ ကြံစည်တော်မူပြီးလျှင် ပဋိစ္စသမုပ္ပါဒ်လည်ပုံ၊ ပါတ်ပုံ၊ အဝိုင်းပြေးပြေးပုံ၊ သံသရာဆက်ပုံ၊ သံသရာလည်ပုံတို့ကို နားလည်လွယ်အောင် ဟောကြားတော် မူခဲ့ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးက ဒကာ ဒကာမတို့ နိဗ္ဗာန် ရချင်ရင် ဒုက္ခအစုဖြစ်တဲ့ ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို ပြတ်အောင် လုပ်ရမယ်၊ ပြတ်အောင်လုပ်ဘို့ရာ မိမိခန္ဓာအစဉ်မှာ ဒုက္ခတန်းကြီးပါလား၊ ဒုက္ခအစုကြီးပါကလားဆိုတဲ့ ဒုက္ခအမှန် သိတဲ့ဉာဏ် ရဘို့လိုတယ်၊ တစ်ဒုက္ခပြီး တစ်ဒုက္ခ၊ ဝိညာဏ်ဒုက္ခပြီး နာမ်ရုပ်ဒုက္ခ၊ နမ်ရုပ်ဒုက္ခပြီး အာယတနဒုက္ခ၊ နောက်ပြီး ဖဿဒုက္ခ၊ ဝေဒနာဒုက္ခ၊ တဏှာဒုက္ခ၊ ဥပါဒါန် ဒုက္ခ၊ ကံဒုက္ခ အဲဒီ ကံဒုက္ခကနေပြီး ဝိညာဏ်ဒုက္ခပြန်လည် နေတဲ့ ခန္ဓာပဋိစ္စသမုပ္ပါဒ်၊ ခန္ဓာလမ်းစဉ်၊ ခန္ဓာ ဒုက္ခအစုလယ်နေတာကို ဒုက္ခအစုပဲလို့ သိတဲ့ဉာတပရိညာစခန်း ကနေပြီးအစဉ်အတိုင်း တက်ရမယ်။

**သိမှု (ဉာတပရိညာ) စခန်းမှ (တီရဏပရိညာ) ဝိပဿနာပွားမှု မဂ္ဂင်လုပ်ငန်းကို တက်ရမည်၊ သိမှ ပွားများ၊ ပွားများမှ ပါယ်နိုင်မည် ဖြစ်ကြောင်း၊ (နိဗ္ဗာန်ရချင်ရင် ပဌမဒုက္ခကို သိရမည်၊ ဒုက္ခကို ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင်သိရမည်)ဟု မြတ်စွာဘုရား ဟောကြား တော်မူခဲ့သည့်အတိုင်း မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း ထပ်မံ ဟောကြားတော်မူပါသည်။**

ဒုက္ခကို ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိရမည်ဆိုတဲ့၊ အသိဟာ စာသိ၊ ပဋိကတ်သိ၊ တစ်ဆင့်ကြားသိ၊ ကြံတွေးသိမျိုး မဟုတ်ဘူး၊ အမှန်လိုအပ်တဲ့အသိက **"ပဋိစ္စသမုပ္ပါဒ်"**အကြောင်းက ပြလို့ အခုပေါ်လို့သိတဲ့အသိမျိုး၊ ခန္ဓာမှာ လက်ငင်းဖြစ်ပေါ်နေတာ ကိုယ်တိုင်သိရတဲ့ "ပစ္စက္ခသိ" မျိုးလိုတယ်၊ ဒီလို သိတော့မှ

ဒုက္ခသစ္စာကို ပိုင်းခြားသိတာဖြစ်မယ်၊ ဒုက္ခအမြင်များလာမှ ဒုက္ခလွတ်ရာ နိဗ္ဗာန်သုခကို (တေသံရူပသမောသုခေါ) ကိုရမယ်။

၁။ ခန္ဓာပဋိစ္စသမုပ္ပါဒ် ဖြစ်သည်ကိုလည်းသိမှပျက်သိကိုလည်း သိမှ သက္ကာယဒိဋ္ဌိကို သိမှုနှင့်ပြုတ်မယ်။

၂။ ပဋိစ္စသမုပ္ပါဒ်တရားကို နားလည် သဘောပေါက်ပါမှ သစ္စာကို သိမယ်။

၃။ သစ္စာသိမှ သံသရာပြတ်မယ်။

၄။ သံသရာပြတ်မှ ဇာတိဘေး၊ ဇရာဘေး၊ မရဏဘေးမှ လွတ်မည် ဟူ၍ မိုးကုတ်ဆရာတော်ဘုရားကြီးသည် အပေါ်ယံယိက အဟောမျိုး မဟုတ်ပဲ၊ နှစ်နှစ်ကာကာကြီး ဘဝနာမယဉာဏ်နှင့်၊ **ပဋိဝေဒဆိုက်၊** အောင်မြင်တော်မူပြီးမှသာ၊ တရားတော်များကို အခြေအမြစ်နှင့်တကွ ဟောကြားတော်မူခဲ့ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးက **ဝိပဿနာ အလုပ်ဆိုသည့်မှာ ပဋ္ဌမခန္ဓာဖြစ်စဉ်သိဘို့၊ နောက်ပိုင်းတွင် ဖြစ်ပျက်မြင်ဘို့နှင့် ဒုက္ခသစ္စာ မြင်ဘို့ အဓိကဖြစ်ရာ** ဤသို့သိဘို့ အရေးမှာ ခန္ဓာပဋိစ္စသမုပ္ပါဒ်သိဘို့ အလွန်အရေးကြီးကြောင်း **"ခန္ဓာ ပဋိစ္စသမုပ္ပါဒ်"** ဆိုတာကလည်း တစ်ခြား မဟုတ်ပါကလား၊ မိမိတို့ နံနက်မိုးလင်းမှ မိုးချုပ်၍ အိမ်ရာထဲဝင်သည်အထိ အာရုံနှင့် ဒွါရ တိုက်တိုင်း တိုက်တိုင်း ပေါ်လာသည့် ခန္ဓာအစဉ်ကြီးပါလား (ဥပမာ) "စက္ခုံစ၊ ပဋိစ္စ၊ ရူပေစ ဥပ္ပဇ္ဇတိစက္ခု ဝိညာဏံ"

(တ)　　　　　　နိဒါန်း

၁။ အဆင်းနှင့် ရူပါရုံနှင့် တွေ့၍ မြင်စိတ်ပေါ်သည်ဆိုလျှင် အဆင်းနှင့်ရူပါရုံသည် ရုပ်တရားဖြစ်၍၊ မြင်စိတ် (စက္ခုဝိညာဏ်) သည်နာမ်တရားဖြစ်သည် ဆိုသည်ကို သရုပ်ပေါ်လာပါသည်၊ ဤကား ရုပ်နှင့် နာမ်ကို ရှင်းပြခြင်းဖြစ်ပါသည်။

"တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ကမ္မ ဘဝေါ၊ ကမ္မဘဝေါ ပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ, မရဏ ··· ပ··· ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ။

၂။ ဤမြင်စိတ်ကလေးသည် ပေါ်ပြီး မြဲမနေပဲ ပျက်သွားတာပါလားဟု သရုပ်ပေါ်ပါသည်၊ နောက်ဝေဒနာ လာလည်း ပေါ်ပြီး ပျက်သွားသည့် တရားပင်ဖြစ်သည်၊ ထိုနောက် တဏှာလည်း ပေါ်ပြီး ပျက်သွားသည့် သဘောပင်ဖြစ်၍ ဤအတိုင်းနားလည်သွားပါက အမြဲမရှိ၊ ဖြစ်ပြီး ပျက်တာပဲဟု သရုပ်ပေါ်လာပါသည်။

၃။ ဖြစ်ပေါ်ပြီး ပျက်သွားတဲ့ တရားသည် သုခမဟုတ် ဒုက္ခသာ အမှန်ဖြစ်နေတော့တာပဲဟု နောက်ပိုင်းမှာ ရှုလာလေ၊ ပေါ်လွင်လေ၊ ဖြစ်ပျက် စိတ်စိတ်မြင်လေ ဒုက္ခပေါ်လွင်လေလေ ဖြစ်ပါသည်။

ထိုကြောင့် ဝိပဿနာမှာ ရုပ်နာမ်အထင်အမြင်အလွယ်ဆုံး၊

(ဥဒ္ဒယနဲ့ဝယ)ဖြစ်ပျက်ကို အထင်မြင်လွယ်ဆုံးမှာ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို စက်ဝိုင်း ဒေသနာဖြင့် ဟောကြားတော်မူသည့် **"စိတ္တာနုပဿနာ"** တရား တော်ပင် ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်ခန္ဓာ ဖြစ်ကြောင်း၊ ခန္ဓာချုပ်ကြောင်းသိမှသာလျှင် **"ဒိဋ္ဌိဝိသုဒ္ဓိ"** ဟု ဆိုအပ်သော အယူစင်ကြယ်ခြင်း အရည်အချင်း၊ **"ကင်္ခါဝိတရဏဝိသုဒ္ဓိ"** ဟု ဆိုအပ်သော ယုံမှားသံသယမှ လွန်မြောက်ခြင်း အရည်အချင်း၊ ဉာဏ်စဉ်အားဖြင့် ဆိုသော် နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ဥဒယဗ္ဗယဉာဏ်စသည့် အရည် အချင်းများ ပြည့်စုံနိုင်ပြီး သစ္စာအသိနှင့် ယှဉ်သောဉာဏ်(ဝါ) သစ္စာနှင့် လျော်သော ဉာဏ်ကို ရရှိနိုင်ပါသည်။

**ပဋိစ္စသမုပ္ပါဒ်တရားမသိလျှင် – ခန္ဓာဖြစ်စဉ်မသိ။**

**ခန္ဓာဖြစ်စဉ်မသိလျှင် – ဒုက္ခမသိ**

**ဒုက္ခမသိလျှင် – ဒုက္ခချုပ်ရာ နိဗ္ဗာန်မမြင်နိုင်ပါ။**

သို့ဖြစ်၍ မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် ဓမ္မစကြာ တရားတော်လာ ဒုက္ခသစ္စာ (ဒုက္ခအမှန်) ကို ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိမြင်ရေးအတွက် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဘုရားကြီးသည် အခြေခံကျသော ပဋိစ္စ သမုပ္ပါဒ်တရားတော်ကိုင်း၊ သံဝေဂဖြစ်ဘွယ် များကိုင်း၊ သစ္စာလေးပါး တရားတော်များကိုင်း၊

## (၃) နိဒါန်း

သစ္စာအနက် ၁၆ ချက်တရားတော်များကိုင်း၊ ဒုက္ခမြင်မှ နိဗ္ဗာန်ရပုံတရားတော်များကိုင်း၊ စိတ္တာနုပဿနာကျင့်စဉ် တရားတော် များကိုင်း၊ နာကြားရသူများအတွက် ညာတပရိညာဖြင့်င်း၊ အနုဗောဓဉာဏ်၊ ပဋိဝေဓဉာဏ်များဖြင့်သိမြင်ကြပါစေရန် ဟောကြား တော်မူခဲ့ပါသည်။

ဆရာတော်ကြီးက ဒုက္ခသစ္စာတစ်ခုတည်းကို အနုဗောဓဉာဏ်နဲ့ ပဋိဝေဓဉာဏ် (၂) ပါးနဲ့မြင်ရမယ်။

**အနုဗောဓဉာဏ်** ဆိုတာတရားနာလို့ စာအုပ်ကြည့်လို့ ရလာတဲ့ ဉာဏ်၊ ခန္ဓာငါးပါး(ရုပ်နာမ်၂ပါး)ဟာ ဖြစ်ပျက်မို့ ဒုက္ခသစ္စာပဲလို့ ဆရာသမားကဟောပြလို့ သိတဲ့ဉာဏ်။

**ပဋိဝေဓဉာဏ်** ဆိုတာဒုက္ခကို ကိုယ်တိုင်ကိုယ်ကျ ထိုးထွင်း ပိုင်းခြားပြီး ခန္ဓာထဲက မဂ်ဉာဏ်နဲ့ သေသေချာချာကြည့်လို့ ခန္ဓာကြီးရဲ့ ဆင်းရဲခြင်းအမှန် (ဒုက္ခသစ္စာအစစ်)ကို ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် တကယ်မြင်တဲ့ဉာဏ်ကိုခေါ်တယ်။

တရားနာ၊ စာကြည့်ရုံ၊ ဝိပဿနာပွားတတ်ရုံနဲ့ ကိစ္စမပြီး သေးဘူး၊ ဒုက္ခသစ္စာကို ပိုင်ခြားပြီးသိတဲ့ **ပဋိဝေဓဉာဏ်**ရောက်မှကိစ္စ ပြီးတယ်။

**"ဒုက္ခ"** ဆိုတာ ပုဂ္ဂိုလ်၊ သတ္တဝါက လုပ်တာမဟုတ်ဘူး၊ အကြောင်းမရှိပဲ အလိုလိုဖြစ်လာတာလည်း မဟုတ်ဘူး၊ ဒုက္ခကို **အဝိဇ္ဇာ၊ သင်္ခါရ**ဆိုတဲ့ ဓမ္မကလုပ်တာ **"အဝိဇ္ဇာ"** ဆိုတဲ့ (သစ္စာမသိမှု)နဲ့ ဒုက္ခ ရောက်ကြောင်းဖြစ်တဲ့ **"သင်္ခါရ"** အလုပ်တွေ လုပ်မှုကြောင့်

ဒုက္ခရလာတာပဲ၊ ဒုက္ခဆိုတာ မသိလို့ရတာ၊ သိလို့ရှိရင်မရဘူးဆိုတဲ့ အသိဉာဏ်ကို အရင်းခံပြီး ဝိပဿနာဟရားအားထုတ်တဲ့အခါ ဖြစ်ပျက် ဒုက္ခသစ္စာကြီး မြင်လာရာက၊ ဖြစ်ပျက်ကို ငြီးငွေ့လာတဲ့အခါ ခန္ဓာကိုယ်ကြီးရဲ့ ဖြစ်ပျက်မှုဟာ **(ပိဠုနဋ္ဌော)** ညှာတာမဖက် အမြဲ နှိပ်စက်တတ်တဲ့ဒုက္ခအစစ်ပါလား၊ ဒုက္ခကြီးကိုမလိုချင်တော့ပါဘူးလို့ ဒုက္ခသစ္စာကို ထိုးထွင်းပြီး ပိုင်းခြားပြီးသိတဲ့ **ပဋိဝေဓဉာဏ်** ရောက်မှ ကိစ္စပြီးတယ်။

ခန္ဓာကိုယ်ကြီးက **(ပိဠုနဋ္ဌော)** ညှာတာမဖက် အမြဲနှိပ်စက်နေတဲ့ သဘောရှိတယ်ဆိုတာ နံနက်အိပ်ရာထမှ ညအိပ်သည့်အထိ (ရုပ်နာမ်) အလိုကျ အမြဲအကြိုက်ပေး ပြုစုနေရပေမဲ့ သူကအမြဲ နှိပ်စက်ပြီ ဒုက္ခမျိုးစုံပေးနေတာကို သိထားဘို့လိုတယ်၊ ဝိပဿနာတရားအား ထုတ်လို့ ဖြစ်ပျက် ဒုက္ခသစ္စာမြင်လို့ ဒုက္ခကြီးကို မလိုချင်တဲ့အခါ (ပိဠုနဋ္ဌ) သဘောကို ထိုးထွင်းပြီး သိလာမယ်။

ခန္ဓာကိုယ်ကြီးရဲ့(ရုပ်နာမ်) ဓမ္မဟာဖြင့် **(သင်္ခတဋ္ဌော)** တဏှာ ယောက်ျား လက်သမား၏ဆိုဝါယုတ်မာ ပြုပြင်ရာကို အမြဲခံနေရတယ်၊ တဏှာ၏ အနှိပ်အစက်ကို အမြဲခံနေရတယ်၊ တဏှာက အခိုင်းသမား၊ ခန္ဓာက ခိုင်းဖတ်ဖြစ်နေတယ်ဆိုတဲ့ ဒုက္ခသစ္စာကို သိထားရမယ်။

ခန္ဓာကိုယ်ကြီးရဲ့ (ရုပ်နာမ်) တွေဟာ **(သန္တာပဋ္ဌ)** ခန္ဓာကိုယ်ကြီး ရထားတာဟာ မီးလောင်စာကြီး ရထားတာပဲ၊ သာမညမီ မဟုတ်ဘူး၊ ၁၅၀၀ ကိလေသာမီးတွေ လောင်နေတဲ့ ဒုက္ခသစ္စာကို သိထားရမယ်။

ခန္ဓာကိုယ်ကြီးရဲ့ (ရုပ်နာမ်)တွေဟာ **(ဝိပရိဏာမဋ္ဌ)** အမြဲဖောက်

ပြန်ပျက်စီးနေတဲ့ သဘောရှိတယ်ဆိုတဲ့ ဒုက္ခသစ္စာကိုလည်း သိထားရမယ်၊ ဝိပဿနာတရားအားထုတ်လို့ ခန္ဓာကိုယ်ကြီးဟာ(ဝိပရိဏာမဋ္ဌ) ဖောက်ပြန်ပျက်စီးပြီး (ပိဠနဋ္ဌော) နှိပ်စက်နေတဲ့သဘောသာ ရှိပါလားလို့ သိတဲ့ဉာဏ်ရရင် **"ကိစ္စဉာဏ်"**ရပြီ၊ ဒီအခါမှာ ရုပ်နာမ် ဓမ္မခန္ဓာငါးပါးကိုမလိုချင်၊ ခန္ဓာငါးပါးဟာ ဒုက္ခအစစ်အမှန် (ဒုက္ခသစ္စာ) ဖြစ်ကြောင်း ပဋိဝေဓဆိုက်အောင် ထိုးထွင်းပိုင်းခြားပြီး သိတော့ ခန္ဓာချုပ်၊ ဒုက္ခချုပ်ငြိမ်းပြီး၊ ထာဝရ အေးငြိမ်းပြီး နိဗ္ဗာန် မြင်တဲ့ **"ကတဉာဏ်"** ကိုရတယ်၊ စသည်အားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူသည့် ဓမ္မစကြာတရားတော်လာ ဒုက္ခသစ္စာကို ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိမြင်လာကြစေရန် မိုးကုတ်ဆရာတော်ဘုရားကြီးသည် အပေါယံယံက အဟောမျိုး မဟုတ်ဘဲ၊ နှစ်နှစ်ကာကာကြီး ဘာဝနမယဉာဏ်နှင့် ပဋိဝေဓဆိုက် အောင်မြင်တော်မူပြီးမှ တရားတော်များကို အခြေအမြစ်နှင့်တကွ ဟောကြားတော်မူခဲ့ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးသည် ဒုက္ခကိုသိမြင်ပြီး နိဗ္ဗာန် မြင်ရေးအတွက် ဝိပဿနာရှုပွားပုံကို ဟောကြားရာ၌–

၁။ **သဗ္ဗေသင်္ခါရာအနိစ္စာ** ။ ။ခန္ဓာကိုယ်ကောင်ကြီးမှာ အကြောင်းတရားတွေ ပြုပြင်လို့၊ အာရုံနဲ့ ဒွါရတိုက်ဆိုင်လို့ ပေါ်လာတဲ့ ခန္ဓာငါးပါးတရားတွေသည် **"သင်္ခါရတရား"**များဖြစ်လို့ သင်္ခါရ တရားဟူသမျှသည်လည်း အနိစ္စချုပ်ပျောက်ကြရတယ်။

၂။ **ယဒါပညာယပဿတိ** ။ ။ **ယဒါ**=အနိစ္စသဘောဖြင့်ချုပ် ပျောက်သောအခါ၊ **ပညာယ**=ဝိပဿနာမဂ်ဉာဏ်ဖြင့် (ဝါ) မဂ္ဂင်

၅ပါးဖြင့်၊ **ပဿတိ** = ရှုရ၏၊ ပါဠိတော် ၂ ရပ်ကို ဆက်စပ်လိုက်ရင်

**ခန္ဓာကိုယ် ကောင်ကြီးမှာ ပြုပြင်နေတဲ့ သင်္ခါရတရားများ အနိစ္စသဘောချုပ် ပျောက်သွားတာကို ဝိပဿနာနဲ့ ရှုပေးရမယ်၊ ဝိပဿနာအလုပ်မှာ ယဒါ ပညာယ ပဿတိနဲ့ စတာပဲ၊ ဒါ ပဌမဉာဏ် (ယထာဘူတဉာဏ်ပဲ)၊ ဝိပဿနာရှုရင် ဒိပဌမဉာဏ်နဲ့ စလုပ်ရမည်ဖြစ်ကြောင်း ဟောကြား တော်မူခဲ့ပါသည်။**

(သင်္ခါရအကြောင်းတရားတွေက ပြုပြင်လို့ စိတ်တစ်ခုပေါ်လာတဲ့အခါ ပေါ်လာတဲ့(၁)စိတ်ကို (၂)စိတ် ဝိပဿနာမဂ်ဉာဏ်နဲ့ ရှုကြည့် လိုက်သည့်အခါ ပဌမစိတ်မရှိတော့ပဲ အနိစ္စရောက်သွားသည်ကို တွေ့နိုင်ကြပါသည်)။

ဆရာတော်ဘုရားကြီးက ဘယ်စိတ်ပေါ်ပေါ် ပေါ်လာတဲ့အခါ ယဒါပညာယပဿတိနဲ့ လိုက်ပေတော့၊ အနိစ္စရောက်တိုင်း၊ ရောက်တိုင်း ဉာဏ်နဲ့မြင်ရင် **ဖြစ်ပျက်မြင်ပြီ၊ ဟောတွင္ဘော**=နိဗ္ဗာန် သွားတဲ့လမ်းကြောင်း ဖြောင့်သွားပြီ မှတ်ကြပါ။

၃။ **အထနိဗ္ဗိန္ဒတိဒုက္ခေ** ။ ။ **အထ** = ထိုသို့ ဖြစ်ပျက်မြင်ပြီးသော အခါ၊ **ဒုက္ခေ** = ဖြစ်ပျက်ဒုက္ခသစ္စာ၌၊ **နိဗ္ဗိန္ဒတိ** = ငြီးငွေ့လာ၏၊ အနိစ္စ၊ ဒုက္ခဖြစ်တဲ့တရား၌ ငြီးငွေ့လာရင် ဒုတိယဉာဏ် **(နိဗ္ဗိဒါဉာဏ်)** ရလာပြီ။

၄။ **ဧသမဂ္ဂေါဝိသုဒ္ဓိယာ** ။ ။ မဂ္ဂင်ငါးပါးမှ ရှစ်ပါးပြည့်လာသော မဂ်သည် **ဝိသုဒ္ဓိယာ**=စင်ကြယ်ခြင်းငှါ (ဝါ) ကိလေသဝဋ်၊

ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုတဲ့ ဝဋ် ၃ ပါးမှ စင်ကြယ်သွားခြင်းငါ ဖြစ်၏၊ ဒုတိယဉာဏ်တုန်းက ဖြစ်ပျက်ကိုငြီးငွေ့လာ၏၊ ဖြစ်ပျက်ကို မကြည့်ချင်သော်လည်း ငြီးငွေ့လျက်နဲ့ ဆက်ပြီး ရှုပေးတော့၊ ရှုဖန်များပြီး ကြာလာတော့ **"ဒီဖြစ်ပျက်ကြီးဟာ ဒုက္ခအစစ်ပါလား၊ ဒီဒုက္ခသစ္စာ ကြီးကို မလိုချင်တော့ပါဘူးလို့ ဒုက္ခသစ္စာကြီးကို ပိုင်းခြားသိမြင်ပြီး ယတိပြတ်စွန့်ပစ်တဲ့ အခါမှာ ဖြစ်ပျက် ဒုက္ခ သစ္စာကြီး ပျောက်ထွက်ချုပ် ဆုံးသွားတယ်"**၊ ဒီဒုက္ခသစ္စာကြီးကို နှစ်သက်လိုချင်တဲ့ **"တဏှာ"**လည်း ချုပ်ပျောက်သွားတယ်၊ ယှဉ်ရှုခဲ့တဲ့ မဂ္ဂင်ငါးပါးဟာလည်း ရှစ်ပါးပြည့် သွားတော့တတိယ ဉာဏ် ဖြစ်တဲ့ **"မဂ်ဉာဏ်"** လောကုတ္တရာ မဂ်အစစ်ဖြစ်လာတယ်၊ အပါယ်ကျစေတဲ့ တဏှာ ဒိဋ္ဌိဝိစိကိစ္ဆာဆိုတဲ့ ကိလေသာ အညစ် အကြေးတွေလည်း မရှိတော့ဘူး၊ ဝတ်သုံးပါးစလုံး စင်ကြယ်သွားပြီ၊ ဝိသုဒ္ဓိဖြစ်သွားပြီ၊ အပါယ် (၄) ပါး၌ဖြစ်ရမဲ့ အကျိုးဝိပါကကံ တွေလည်းချုပ်ပျောက်သွားလို့ (အဟောသိကံဖြစ်သွားလို့)စင်ကြယ် သွားတယ်။

ဆရာတော်ဘုရားကြီးက အထက်ပါ ပါဠိဂါထာ (၄) ပိုင်းမှာ ဉာဏ် ၃ ဉာဏ်ပါတယ်ဟု ဟောပြတော်မူခဲ့ပါသည်။

၁။ **သဗ္ဗေသင်္ခါရာအနိစ္စ** = သင်္ခါရတရားဟူသမျှ အနိစ္စဖြစ် ကြောင်းပြတယ်။

၂။ **ယဒါပညာယပဿတိ** = အနိစ္စကို ရှုလို့မြင်လာတဲ့ ယထာ ဘူတဉာဏ်ဆိုတဲ့ ပဋ္ဌမဝိပဿနာ

ဉာဏ်ဖြစ်ပျက်ဒုက္ခသစ္စာကိုပြတယ်။

၃။ **အထနိဗ္ဗိန္ဒတိဒုက္ခေ** = ဖြစ်ပျက်ဒုက္ခသစ္စာကို ငြီးငွေ့လာတဲ့ နိဗ္ဗိဒါဉာဏ်ဆိုတဲ့ ဒုတိယဝိပဿနာဉာဏ်ကို ပြတယ်။

၄။ **ဧသမဂ္ဂေါဝိသုဒ္ဓိယာ** = ဖြစ်ပျက် ဒုက္ခသစ္စာ ချုပ်ဆုံးလို့ အပါယ်ဆိုင်ရာ ကိလေသာအကျိုးဝိပါက်တွေချုပ်ဆုံး စင်ကြယ်သွားပြီးတတိယဉာဏ်ခေါ်တဲ့လောကုတ္တရာမဂ်ဉာဏ်အစစ်ကို ပြတယ်။

ဒီဂါထာအတိုင်း ဝိပဿနာရှုရင် **"ဟေတွဌော"** ဖြစ်ပြီ၊ နိဗ္ဗာန်ကို ဖြောင့်ဖြောင့်မတ်မတ်သွားပြီလို့ မှတ်ကြပာဟောကြားတော်မူခဲ့ပါသည်။

သို့ပါ၍ ဝိပဿနာတရားများကို ပွားများ အားထုတ်နေကြသော ယောဂီများ၊ ဗုဒ္ဓဘာသာဝင်သူတော်စင်များသည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် ဓမ္မစကြာတရားတော်လာ **ဒုက္ခသစ္စာ** ကို ထိုးထွင်း၍၊ ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိမြင်နိုင်ရေးအတွက်လိုအပ်နေသော ပဋိစ္စသမုပ္ပါဒ်တရားတော်လာ အသိဉာဏ်များ၊ ရရှိကြရန်လိုအပ်ပါသည်။ မိမိတို့အားထုတ်နေကြသည့် ဝိပဿနာတရားများသည်၊ သမထတွေချည်း ဖြစ်နေပြီး ပညာ မပေါ်နိုင်သည့်ပုံစံများ၊ ပဋိစ္စသမုပ္ပါဒ်တရားတော် အသိမပါဘဲ ဒုက္ခဖြစ်သည့်သင်္ခါရတရားများကို တမင်လုပ်ယူအားထုတ်နေသည့် ပုံစံများ၊

# နိဒါန်း

မိမိကိုယ်ကိုမိမိညှို့ပြီး အားထုတ်နေသည့် **(Auto-Suggestion)** ပုံစံများ၊ သမထထဲ၌လည်နေပြီး ရရှိသည့် သမာဓိအစွမ်း၊ သမထ နမိတ်ဖြင့် ထူးထူးထွေထွေ မြင်သည်ကိုပင် ဝိပဿနာဉာဏ်အမြင်ဟု အထင်ရောက်နေသည့် **(Hallucination)** ပုံစံများသည် ဝိပဿနာ ဉာဏ်(ပညာ) **မဖြစ်သည့်** တရားအယူအဆများ ဖြစ်ကြောင်းကို စိတ်သဘာဝနှင့်ယှဉ်ပြီး သိနားလည်ကြသည့် ရှေးလူပညာရှိ၊ ရဟန်း ပညာရှိတို့က သဘာဝကျကျ ခိုင်ခိုင်မာမာဖြင့် အထက်ပါပုံစံများကို ထောက်ပြထားခြင်းရှိခဲ့ပါသည်။

ထိုပုံစံများ မဖြစ်ရေးအတွက် အမှားအမှန်ကို ဝေဖန် ပိုင်းခြား တတ်သည့် မိမိတို့၏ စဉ်းစားတတ်သောဉာဏ်၊ ပိုင်းခြားတတ် သောဉာဏ် **(Intellect)** ဖြင့် ဆင်ခြင်သုံးသပ်၍ ဝိပဿနာတရား သဘော အမှန်ကို သိရှိကြပြီး ဝိပဿနာတရားကို ဖြောင့်မတ်စွာကျင့်ကြံ အားထုတ်နိုင်ကြပါစေရန်ရည်ရွယ်၍ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သည့် ပဋိစ္စသမုပ္ပါဒ်တရားတော်များနှင့် ဒုက္ခသိမှ နိဗ္ဗာန်ရ၊ ဒုက္ခများမြင် နိဗ္ဗာန်ဝင် အစရှိသည့် ဒုက္ခမြင်မှ နိဗ္ဗာန်ရပုံ တရားတော်များကို ကျယ်ကျယ်ပြန့်ပြန့် သိနိုင်ကြပါစေရန် အထူးရွေး ချယ်စုစည်း၍ ဆရာတော်ဘုရားကြီး၏ ဟောစဉ်စကားလုံးများအတိုင်း အပိုမစွက် တရားမှုမပျက် ထုတ်နုတ်ပူဇော်လိုက်ရပါတော့သည်။

ဦးကံညွန့်
(အငြိမ်းစား ဗိုလ်မှူး)
၁၉၉၆ ခု မတ်လ ၃ ရက်

# "ခန္ဓာပြစ်မျက် ဒုက္ခစက်တရားတော်"

ဒကာ၊ ဒကာမတို့ တရားအားထုတ်တဲ့အခါ ဒုက္ခသစ္စာကို ကိုယ်တိုင်ဆုံးဖြတ်ချက်ချနိုင်အောင် ကိုယ်တိုင် ပိုင်ပိုင်နိုင်နိုင် သိမြင်တဲ့ ဉာဏ်ကိုရရင် ကိစ္စပြီးတယ်လို့ တိတိကျကျမှတ်ထားကြ။ ဒီဉာဏ် တစ်ခုထဲကိုဖြင့် မရရအောင် ကြိုးစားတော့မယ်လို့ ဆုံးဖြတ်ချက်ချကြ။ ဒီဉာဏ်ရအောင် အားထုတ်ယူကြ။

ခန္ဓာ ဒုက္ခသစ္စာမမြင်၊ မထင်သေးသမျှ၊ အမြင်မှန်မကျ သေးဘူး၊ ဒုက္ခသစ္စာမြင်မှ အမြင်မှန်ပဲ။ **ခန္ဓာဟာ ဒုက္ခသစ္စာ အစစ် အမှန်၊ ဒုက္ခမီးက ခန္ဓာကို အမြဲတောက်လောင်ပြီး နေတာပါ၊ ဒါကို ဉာဏ်နဲ့ ကြည့်မှ မြင်မယ်၊ အမှန်အကန်မြင်အောင် ဉာဏ်နဲ့ ကြည့်ရမယ်၊ ကြည့်ဆိုတာ ဝိပဿနာ အားထုတ်ဘို့ ပြောတာပဲ၊** သဘောပါရဲ့လား။

ခန္ဓာမှာ ဒုက္ခမီးလောင်နေတာ ဘယ်အချိန်မှ လွတ်တယ်လို့ မရှိဘူး၊ အမြဲမပြတ်ဒလစပ် လောင်မြိုက်နေတာပဲ၊ ဒါကို ဝိပဿနာ ရှုမှ ဒီဉာဏ်နဲ့ ကြည့်မှမြင်မယ်၊ ဝိပဿနာရှုကြည့်ရင် အမှန်ကို သိမြင်ကြရမယ်၊ ပဝတ္တိအခါယခု ဖြစ်ဆဲ ပစ္စုပ္ပန်ခန္ဓာမှာ ကြည့်ရင် ရုပ်နာမ်အစဉ်တွေဟာ ဖြစ်ပြီး ပျက်နေတဲ့ ဒုက္ခစက်ကြီး လယ်နေတာကို မြင်ရ သိရမယ်၊ သဘောပါပြီလား? ဉာဏ်နဲ့ ကြည့်တော့ "ခန္ဓာဟာ စက်လိုပါဘဲလား၊ တစ်ခုချုပ်တစ်ခုပေါ်၊ တစ်ခုချုပ်သွား တစ်ခု ပေါ်လာနဲ့ စက်ကြီး လယ်နေသလိုပါဘဲလား"လို့ ဉာဏ်ထဲမှာ မြင်ရမယ်။

ဉာဏ်ထဲမှာမြင်လို့ အမြင်ရှင်းသလောက်၊ ဉာဏ်တက်သလောက်မြင်တော့ အော်... လက်စသတ်တော့ ဒုက္ခတွေလယ်နေတာပါလားလို့ ထင်လာ, မြင်လာမယ်၊ ရှင်းကြပြီလား? ပထမဖြစ်ပျက်ချုပ်၊ ဒုတိယဖြစ်ပျက်ပေါ်၊ ဒုတိယဖြစ်ပျက်ချုပ်ပြန်တော့၊ တတိယ ဖြစ်ပျက်ပေါ်၊ ဒီလို အဆက်မပြတ် ဖြစ်, ပျက် ဒုက္ခစက်ကြီးလှည့်ပတ်နေတာပဲ၊ ဒါကို ဉာဏ်က ခန္ဓာထဲမှာကြည့်တော့၊ မြင်ရမယ်၊ ရိပ်မိကြပြီလား? ရှုမှတ်နေရင်းက ဉာဏ်ဝမှာ"အော်... ဒုက္ခစက်ကြီးလယ်နေပါလား? လို့ ထင်လာ, မြင်လာရမယ်၊ သဘောပါကြပြီလား?

ဒကာ ဒကာမတွေ ခန္ဓာမှာ ဉာဏ်နဲ့ ကြည့်တော့ အမှန်သိအမှန်မြင်တာပဲ၊ အဲဒီအခါမှာ အော် . . . ဒီသဘောတရားတွေရုပ်နာမ်တွေဟာ စင်စစ်တော့ ဘာမှမဟုတ်ပါဘဲလား? ဒုက္ခကြီးလယ်နေတာပါလား? "ဒုက္ခသက်သက်အပြင်ဘာမှ အပိုမစွက်ပါပဲလား" လို့ မြင်လာတော့တယ်၊ ဒီလိုမြင်ရင် ဒုက္ခမြင်တာပဲ၊ ဒုက္ခမြင်တဲ့ ဉာဏ်ရပြီလို့ မှတ်လိုက်ကြ၊ ရှင်းကြရဲ့လား? ဒုက္ခမြင်တော့ ဒုက္ခက လွတ်ချင် ဒီဒုက္ခနဲ့ မနေချင် ဒုက္ခမလိုချင် မုန်းဉာဏ်ဝင်လာမယ်။

ဉာဏ်ရှေ့မှာ ဒုက္ခတွေချည်း အဆက်မပြတ်မြင်ရဖန်များလေမုန်းဉာဏ်ရင့်လာလေ၊ ဒီအတိုင်း ဆက်ပြီး ရှုတော့ ဒုက္ခကြီးကလွတ်ချင်လှပြီ၊ ဒီဒုက္ခကြီး လုံးဝမလိုချင်တော့ပါဘူး ဆိုပြီး စွန့်ချင်တဲ့

သဘော လာမယ်၊ ဒီလိုလာပြီးတဲ့နောက် ဒုက္ခစက် ရပ်စေချင်တယ် ဆိုတော့ ရပ်သွားတာဉာဏ်နဲ့ မြင်ရမယ်၊ ရှင်းကြရဲ့လား? ဒုက္ခစက် ရပ်စေချင်လို့ ရပ်သွားတာကို မြင်တာက သုခရောက်တာပဲလို့ မှတ်ကြ၊ သုခရောက်တာ နိဗ္ဗာန်ပေါ်တာပဲ၊ အဲဒီတော့မှ အပွါယ် လေးပါး တံခါးပိတ်တဲ့ "သောတာပန်" စခန်းဆိုက်ပြီလို့ မှတ်ကြ။

ဒကာ ဒကာမတွေ သဘောပါကြပြီလား? **ခန္ဓာမှာ ဉာဏ်နဲ့ စိုက်ကြည့်တော့၊ ရုပ် နာမ်တွေ အစဉ်မပြတ် ဖြစ်, ပျက်နေတာ မြင်ရမယ်၊ နောက်ဉာဏ်တက်လာတော့ ရုပ်နာမ်မမြင်၊ ဖြစ်ပျက်လွန်ပြီး ဒုက္ခဆက်နေတာပဲလို့ မြင်လာမယ်။**

**ပထမဖြစ်ပျက်လည်း ဒုက္ခ၊ ဒုတိယ ဖြစ်ပျက်လည်း ဒုက္ခ၊ ပေါ်သမျှ အကုန်ဒုက္ခချည်းပဲလို့ မြင်မယ်၊** ဒီလိုမြင်တုန်း၊ ရုတ်တရက် ချက်ခြင်း ဒုက္ခစက်ဟာ ဖျက်ကနဲဆို ရပ်သွားတော့တယ်၊ အဲဒါ နိရောဓသစ္စာဘဲ၊ နိဗ္ဗာန်ကို မဂ်ဉာဏ်နဲ့ မြင်တာပဲလို့ မှတ်ကြ၊ ကျေနပ်ကြပြီလား?။

ဒီလိုမြင်ရင် သံသယဟူသမျှ အကုန်ပျောက်ပြီ၊ ရတနာသုံးပါးနဲ့ ခန္ဓာရုပ်နာမ် သံသရာစတဲ့ အရာတွေမှာ ယုံမှားခြင်းမရှိတော့ဘူး၊ အမိုက်တိုက်ထဲ အလင်းရောင်ကြီး ဝင်လာသလို အသိအမြင်စင်ကြယ် သွားပြီး၊ ဉာဏ်အမြင် ရှင်းသွားပြီ၊ အဲဒီအခါမှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာစတဲ့ မကောင်းဆိုးဝါး ဒုဂ္ဂတိဘဝဌာနတွေဟာ ဒို့နဲ့ မဆိုင် တော့ဘူး၊ လွတ်ပြီ ကျွတ်ပြီလို့သာ ဆုံးဖြတ်ချက်ချကြတော့၊

သဘောပါကြပြီလား?

ရုပ် နာမ်ဖြစ်ပျက်က - ဒုက္ခသစ္စာ။
ရုပ် နာမ်ဖြစ်ပျက် အဆုံးမြင်တဲ့ဉာဏ်က - မဂ္ဂသစ္စာ။
ရုပ် နာမ်ဖြစ်ပျက် အဆုံးမှာပေါ်လာတာက - နိရောဓသစ္စာ။
ရုပ် နာမ်ဖြစ်ပျက် အဆုံးချုပ်တဲ့ ဒိဋ္ဌိဝိစိကိစ္ဆာက - သမုဒယသစ္စာ။

ဒကာ၊ ဒကာမတို့ **ဒုက္ခသစ္စာ တစ်ချက်မြင်အောင် ကြည့်ဘို့ဘဲ လိုတယ်၊ အများကြီး မလိုဘူး၊** ဒီတစ်ချက်ဖြင့် မခက်တော့ဘူး၊ လွယ်တယ်မို့ အမြန်ဆုံးလုပ်မှဘဲဆိုတာ ဆုံးဖြတ်ချက်ချကြ၊ သဘော ပါရဲ့လား? သဘောပါရင် ကြိုးစားယူကြ၊ **ဒုက္ခသစ္စာ တစ်ချက်ပိုင်ရင် အားလုံးကိစ္စပြီးနိုင်တယ်၊ ဒုက္ခမြင်ဘို့သာ အရေး အကြီးဆုံးအချက်ဘဲ ဆိုတာ မှတ်လိုက်ကြ၊** ရှင်းကြပြီးလား?

**ဒုက္ခအဆုံး၊ ဖြစ်ပျက်အဆုံး တစ်ခါမြင်ရင် သောတာပန် အစစ်၊ မဟာသောတာပန်ကြီး ဖြစ်သွားပြီ၊ ဒုဂ္ဂတိအပ္ပါယ်သံသရာ စခန်းရုပ်သိမ်းပြီ၊** ကျေနပ်ကြပြီလား? အကြာဆုံး သံသရာ ပျော်နိုင် ကြရင် သုဂတိခုနစ်ဘဝဘဲ ကျန်တော့တယ် နောက်ဒုက္ခဘဝလည်း မလိုချင် မကူးချင်ရင် ဖြစ်, ပျက် သစ္စာဘဲပြန်ကြည့် ဒီလိုကြည့်လို့ ဒုက္ခတွေ တစ်ခါချုပ်သွားပြန်ပြီဆိုရင် တစ်ဆင့်တက်လာပြီ၊ သဘော ပါပြီလား? ဒီနည်းအတိုင်း ပြန်ရှု၊ ဖြစ်, ပျက် ဒုက္ခတွေ လေးကြိမ်ဆုံးရင် ကိစ္စပြီးပြီ၊ လုပ်စရာကိစ္စအားလုံး ပြီးသွားပြီလို့ မှတ်တော့၊ ရှင်းကြ ပြီလား?

ခန္ဓာက ပဋိစ္စသမုပ္ပါဒ် ခန္ဓာကြီးပါ၊ ပဋိစ္စဆိုတာ အကြောင်းပြုပြီး အစွဲပြုပြီးလို့ ဆိုလိုတယ်၊ သမုပ္ပါဒ်ဆိုတာ အဖန်ဖန်အထပ်ထပ်ဖြစ်နေတာ၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ အကြောင်းတရားကို အစွဲပြုပြီး အကျိုးတရားဖြစ်ပေါ်နေတာကို ခေါ်တာ၊ အကြောင်းကြောင့် အကျိုးဖြစ်တယ်လို့ လွယ်လွယ်မှတ်ပေါ့၊ အကြောင်းနဲ့ အကျိုး အမျိုးမျိုး အထွေထွေ အစဉ်မပြတ်ဖြစ်ပေါ်နေတာကို ပဋိစ္စသမုပ္ပါဒ်လို့ မှတ်ထားကြ၊ ပဋိစ္စသမုပ္ပါဒ်မှာ အမှန်မသိတဲ့အဝိဇ္ဇာက စတယ်။

အမှန်မသိတာက အတိတ်က မသိတဲ့ အဝိဇ္ဇာဘဲ၊ ဒီမသိတဲ့ အဝိဇ္ဇာကြောင့် ကုသိုလ်ကံ၊ အကုသိုလ်ကံ **"သင်္ခါရ"** တွေပြုလုပ်ကြတာပဲ၊ အဲဒီတော့**"အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ"** ဖြစ်တော့တာပါဘဲ၊ မိမိ သန္တာန်မှာ ဖြစ်ပေါ်ခဲ့တဲ့ ပဋိသန္ဓေ ဝိညာဏ်၊ အခုပစ္စုပ္ပန်အထိ ဖြစ်ပေါ်နေကြတဲ့ ပဝတ္တိဝိညာဏ်တွေဟာ အတိတ်ဘဝက "အဝိဇ္ဇာ သင်္ခါရ"တို့ကြောင့် ဖြစ်ပေါ်လာရတာ၊ ဒါကြောင့် **"သင်္ခါရပစ္စယာ ဝိညာဏံ"** လို့ ဟောတော်မူတာပဲ၊

**ဒီ ဝိညာဏ်ကြောင့် စိတ်တွေ, စေတသိက်တွေ ရုပ်တွေ ဖြစ်ပေါ် လာရတယ်၊** ဒီလက်ရှိ ခန္ဓာမှာ အစဉ်မပြတ်ဖြစ်ပေါ်နေတဲ့ စိတ်, စေတသိက်ဆိုတဲ့ နာမ်တရားတွေ ပြီးတော့ ရုပ်တရားတွေဟာ ဝိညာဏ်ကြောင့် ဖြစ်ပေါ်လာရတာလို့ မှတ်ကြ၊ ဒါကြောင့် **"ဝိညာဏ ပစ္စယာနာမရူပံ"** လို့ ဟောတော်မူတာဘဲ၊ သဘောပါပြီလား? ဒီလို နာမ်ရုပ်ဖြစ်လာတော့**"နာမ်ရုပ်ကြောင့် သဠာယတန ၆မျိုး"** ဆိုတာ

ပေါ်လာပြန်တယ်၊ ၆ မျိုးကမျက်စိ၊ နား၊ နှာခေါင်း၊ လျှာ ကိုယ်၊ စိတ်ဆိုတဲ့ ၆ မျိုးဟာ နာမ်, ရုပ်ကြောင့် ပေါ်လာတာဘဲ၊ ဒါကို **"နာမရူပပစ္စယာ သဠာယတနံ"** ဆိုတာဘဲ။

ဒကာ ဒကာမတွေ သဘောပါပြီးလား? အခု ပြောတဲ့ **သဠာယတန ၆ ခုဖြစ်တော့ ဖဿဆိုတဲ့ အတွေ့ ၆မျိုး လာတယ်၊** ဖဿဆိုတဲ့ အတွေ့က ၆မျိုးမှတ်ထားကြ။ အဲဒါကို **"သဠာယတနာ ပစ္စယာဖဿော"**တဲ့ ဒီ ၆မျိုးလာတော့ **ဒီအတွေ့ပေါ်မှာ အကောင်း အဆိုးရွေးချယ်တဲ့ ခံစားမှုဝေဒနာ လာတယ်၊** ဒီတော့ **"ဖဿပစ္စယာ ဝေဒနာ"**ပဲ **ဒီခံစားမှုဝေဒနာက ခံစားမိရင် ကြိုက်တယ်၊ ကြိုက်တော့ တဏှာရတာဘဲ၊** ဒါက **"ဝေဒနာပစ္စယာ တဏှာ"** ပဲ ဒီတဏှာ နှစ်သက်မှု ဖြစ်ဝ၂ာနဲ့ မရရင် မဖြစ်ဘူးဆိုတဲ့ **စွဲလန်းမှု ဥပါဒါန်** လာတယ်၊ ဒါကို **"တဏှာပစ္စယာဥပါဒါန်"**လို့ ဟောတော်မူပါတယ်။

ဒီဥပါဒါန် စွဲလန်းမှုလာတော့ ကံလာတာဘဲ၊ **ဥပါဒါန်လာရင် ပြုလုပ်မှုဆိုတဲ့ ကံလာတယ်၊** ဒီတော့ **"ဥပါဒါန ပစ္စယာ ကမ္မဘဝေါ"** ပဲ၊ ဒီကမ္မဘဝပြုလုပ်မိတော့ ကမ္မဘဝကြောင့်ပဲ၊ နောက်, ဘဝ ပဋိသန္ဓေ၊ ဇာတိလာတာပဲ၊ **"ကမ္မဘဝ ပစ္စယာဇာတိ" ဇာတိရဟော့ တယ်။ ဇာတိရတော့ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဆိုတဲ့ ဒုက္ခအစုဆင့်ရဲထုကြီး ထပ်ချပ်လိုက်**

**ပါလာတော့တာဘဲ။** ရိပ်မိပြီလား? ဒကာ၊ ဒကာမတွေ ရှင်းကြပြီလား?

**ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ်ဆိုတဲ့ ဒီရှစ်ခု**ဟာ အခု ပစ္စုပ္ပန်ဘဝ၊ ပစ္စုပ္ပန် ခန္ဓာမှာ အဆက်မပြတ်လှည့်ပတ်ပြီး ဖြစ်ပေါ်နေကြတာဘဲ၊ ပစ္စုပ္ပန်မှာ ဒီရှစ်ခုဘဲ လှည့်ပတ်ဖြစ်နေတာဘဲ ရှိတယ်၊ ရှင်းကြပြီလား? ဒီရှစ်ခုထဲက **ဝိညာဏ်ကိုပဲကြည့်၊ ဉာဏ်နဲ့ ကြည့်တော့ဖြစ်လာ၊ ပျက်သွား၊ ဖြစ်ပေါ် လာပြီး ပျက်စီးသွားနဲ့ ဖြစ်, ပျက်ဘဲရှိတယ်၊** နာမ်, ရုပ်တွေလည်းကြည့်၊ ဖြစ်, ပျက်ဘဲ သဠာယတန ဖြစ်, ပျက်၊ ဖဿ ဖြစ်, ပျက်၊ ဝေဒနာ ဖြစ်, ပျက်၊ တဏှာ ဖြစ်, ပျက်၊ ဥပါဒါန် ဖြစ်, ပျက်၊ ကမ် ဖြစ်ပျက် လာသမျှ ဖြစ်ပျက်ချည့်ဘဲ။

ခန္ဓာမှာ ဒီရှစ်ခုလှည့်ပတ်ပြီး ဖြစ်ပျက်နေတာဘဲ၊ ဒါတွေဟာ **ဖြစ်ပျက် ဒုက္ခသစ္စာချည့်ဘဲလို့ မှတ်ကြ၊** သဘောပါပြီလား? **ဒီအစဉ် အဆက် ဖြစ်ပျက်နေတဲ့ ဓမ္မတွေဟာ ဒုက္ခသစ္စာတွေပါလားလို့ ဉာဏ်နဲ့ မြင်ရမယ်၊** ဒါကရှုတဲ့သူမှ မြင်ရမယ်၊ မရှုရင် မမြင်ဘူး၊ ရှင်းရဲ့လား? ခန္ဓာမှာ သုခပေါ်ပေါ် ဒုက္ခပေါ်ပေါ် ဥပေက္ခာဘဲပေါ်ပေါ် ပေါ်ချင်တာပေါ်ရှုလိုက်ရင် ဝေဒနာ မတွေ့ရဘူး၊ ဖြစ်ပျက်သာ တွေ့ရမယ်၊ တဏှာလာပြန်တော့လည်း ဖြစ်ပျက်ဘဲ၊ ဒါတွေ ရှုတော့ ဉာဏ်ကဒုက္ခဘဲတွေ့ရမယ်။

**"ဝိပရိဏာမလက္ခဏံ ဒုက္ခသစ္စံ"** ဆိုတဲ့အတိုင်း ဘာလာလာ ရှုတော့ ဖြစ်ပြီး ပျက်၊ ဖြစ်ပြီးပျက်နဲ့ ဖြစ်, ပျက် ဒုက္ခစက်ကြီး လယ်နေတာကိုသာ ဉာဏ်ထဲမှာ တွေ့ရမယ်၊ ရုပ်ဘဲလာလာ နာမ်ဘဲ လာလာ၊ လာချင်တာလာ ရှုတော့ ဒုက္ခသာ မြင်ရမယ်၊ တစ်ခုဖြစ် တစ်ခုပျက်၊ တစ်ခုဖြစ် တစ်ခုပျက်နဲ့ မနားမရပ်ဖြစ်, ပျက် ဒုက္ခစက် ကြီးလယ်နေတာကို မြင်ရမယ်၊ ဒုက္ခကြီး လယ်နေတာကိုးလို့ ဉာဏ်ထဲမှာ ထင်ရ, မြင်ရမယ်၊ သဘောပါကြပြီလား?

ဒီနောက် တဖြည်းဖြည်း ဉာဏ်တက်လာမယ်၊ ဉာဏ်တက် လာတော့ ဒုက္ခစက်ကြီး လယ်နေတာ အမြင်တွေများလာမယ်၊ အမြင်များလာတော့၊ ဒုက္ခစက်လယ်နေတာ မကြည့်ချင်တော့ဘူး၊ ဒီစက်ကြီး ရပ်သွားစေချင်တယ်၊ ရပ်စေချင်တော့ ရပ်သွားတာဘဲ၊ ရှုဉာဏ်က ဒုက္ခစက်ကြီး ရပ်သွားတာ မြင်ရတော့တယ်၊ ရှင်းကြ ပြီလား? ဒကာတို့ရဲ့ ခန္ဓာပဋိစ္စသမုပ္ပါဒ်ကြီး ရပ်သွားတာ မြင်ရတာဘဲ၊ ဒါကြောင့် ကိုယ့်ခန္ဓာထဲမှာ ကြည့်ကြ၊ ကြည့်ကြလို့ ပြောနေတာ၊ သဘောပါပြီလား?။

ခန္ဓာဖြစ်စဉ်ကြည့်တဲ့ အခါမှာ ဥပမာအားဖြင့် ဆိုရင် စက်ဘီး တစ်ခုတစ်နေရာမှာ ထုံးကလေးနဲ့ မှတ်ပြီး လှဲ့လိုက်တဲ့အခါ မျက်စိ ရှေ့ရောက်လာတဲ့ ထုံးမှတ်ကိုကြည့်ရ မြင်ရသလို ဉာဏ်ရှေ့ရောက် လာတဲ့ တရားကို ဖြစ်, ပျက်ရှုကြ၊ ရှုတဲ့ အခါမိအောင်ရှုဘို့ အရေး ကြီးတယ်၊ စက်ဘီးလယ်တဲ့အခါ ထုံးမှတ်ရှေ့တဲ့တဲ့ ရောက်တိုင်း

ရောက်တိုင်း မျက်စိနဲ့ တဲ့တဲ့မြင်ရသလို ဉာဏ်ရှေ့ရောက်လာတဲ့ ဖြစ်ပျက်ကို မလွတ်အောင်ရှုကြရမယ်၊ ဒီလိုရှုရင် ခန္ဓာမှာ ဒုက္ခစက်၊ အသစ်, အသစ်ဖြစ်ပျက်နေတာကို တွေ့ကြရမယ်။

ရှုတဲ့ ဉာဏ်မှာ ဒီလို ဒုက္ခ အသစ် အသစ်, ဖြစ်ပျက် နေတာ ပါလားလို့ မြင်တော့၊ အော်... ဒီဟာဖောက်ပြန် ပြောင်းလဲနေတဲ့ သဘောပါလားလို့ သိလာမယ်၊ ပိုင်ပိုင်နိုင်နိုင် သဘောပေါက်လာမယ်၊ ဒီလို ဉာဏ်နဲ့ သိတာဟာ ကိုယ့်ဒုက္ခသစ္စာကို ကိုယ်သိတာဘဲလို့ မှတ်ကြ၊ **ကိုယ့်ဒုက္ခ သစ္စာ ကိုယ်သိတော့၊ ကိုယ်အရုပ်ဆိုးတာ ကိုယ်မြင်ကြမယ်၊ ကိုယ်အရုပ်ဆိုးတာ ကိုယ့်ဒုက္ခ သစ္စာ ကိုယ်တိုင် မြင်ရတော့ စွန့်ချင်တဲ့စိတ် ပေါ်မယ်၊ ပြုပြင်ချင်တဲ့ စိတ် မရှိတော့ဘူး၊** ရှင်းကြပြီးလား?

ခန္ဓာအကြောင်း, ကိုယ့်အကြောင်းကို ကောင်းကောင်းသိသွားပြီ၊ ဒုက္ခစက် မပြတ်အောင် ဒလစပ် ဖြစ်, ပျက်နေတယ်၊ ဖောက်ပြန် ပျက်စီးနေတယ်ဆိုတာ ဉာဏ်နဲ့ ဆုံးဖြတ်နိုင်ပြီ၊ ဒီအခါမှာ ဒီခန္ဓာပေါ်မှာ ပြုပြင်ချင်တဲ့ စိတ်မလာဘူး၊ စွန့်ချင်တဲ့ စိတ်ဘဲပေါ်တော့တယ်၊ အဲဒီ စွန့်ချင်တဲ့ စိတ်ပေါ်တော့ နောက်တယ် မကြာလိုက်ဘူး ဒုက္ခစက်ကြီးဟာ ဖျတ်ကနဲ့ဆို ပြတ်သွားတော့တယ်၊ ဒီလို ပြတ်သွားတာဟာ "စက္ခုံဥဒပါဒိ" ဖြစ်တာဘဲ၊ အဓိပ္ပါယ်က ကိုယ့်ဒုက္ခသစ္စာကို မြင်တဲ့ ဉာဏ်ရပြီတဲ့ ကျေနပ်ပြီလား?

အမှန်သဘာဝက ကိုယ့်အဖြစ်ဟာ အခုဖြစ်၊ အခုပျက်၊

အခုမွေး၊ အခုသေ ဒီလိုဘဲမပြတ်မလပ် တသေထဲသေနေတာဘဲရှိတယ်၊ ဒါကို ဉာဏ်နဲ့ ကြည့်တော့ ကိုယ့်အရုပ်ဆိုးတာ ကိုယ်တိုင်သိရတယ်၊ ရိပ်မိကြပြီလား? ကိုယ်အရုပ်ဆိုးတာ ဉာဏ်နဲ့ ကိုယ်တိုင် ကိုယ်ကျေကေန်သိရတော့ **"အဝိဇ္ဇာ၊ တဏှာ"** အပေါ် အပြစ်မြင်လာမယ်၊ သူ့ဒဏ်ချက်ကြောင့် ဒီဒုက္ခကြီး ရခဲ့တာ သူ့ဒဏ်ချက်တယ်ဆိုးပါလား? လို့ အပြစ်မြင်လာတယ်၊ အပြစ်မြင်တော့ မဂ်လာတာဘဲ၊ မဂ်လာတော့ အဝိဇ္ဇာ၊ တဏှာမလာတော့ဘူး၊ ချုပ်တော့တာဘဲ၊ ဒါဟာ ဒုက္ခမြင်တဲ့ ပုဂ္ဂိုလ်ရဲ့ ဖြစ်စဉ်ဘဲလို့ မှတ်ကြ၊ သဘောပါကြပြီလား?။

**ဒီလိုမြင်တဲ့ ပုဂ္ဂိုလ်ကတော့ ဘာစိတ်ပေါ်ပေါ်, ငါမထင်ဘူး၊ ရုပ်, နာမ်ဖြစ်ပျက်အစဉ် ဒုက္ခအစဉ်တွေဘဲ မြင်နေတော့တယ်၊** ငါလို့မထင်, ငါလို့မမြင်တော့ဘူး၊ ရှင်းရဲ့လား? ငါလို့မထင် မမြင်တော့ ဒီရုပ်, နာမ်ဖြစ်ပျက်တွေဘဲ ထင်နေ, မြင်နေတယ်၊ ဒီလို မြင်တဲ့သူမှာက ဒုက္ခစက်ကြီးလယ်နေတာဘဲလို့ ဉာဏ်နဲ့မြင်ရတယ်၊ ဒီလို မြင်တာလဲ အလုပ်လုပ်နေတဲ့အခါ သိမှတ်နေတဲ့အခါကိုသာ ပြောတာ ရှင်းကြပြီလား?။

ခန္ဓာရုပ်, နာမ်ကလွဲလို့ ဘာမျှမရှိပါလား? ငါဆိုတာလည်း မရှိ၊ ပုဂ္ဂိုလ် သတ္တဝါဆိုတာလည်းမရှိ၊ ယောက်ျား၊ မိန်းမဆိုတာလည်း မရှိ၊ အမှန်က ဘာမျှမရှိပါလား၊ စင်စစ် ဒုက္ခစက်ကြီး လယ်နေတာပဲ ရှိတာပါလား ခန္ဓာမှာဒုက္ခအပြင် ဘာမျှမရှိဘူးလို့မြင်ရမယ်၊ ဒီလိုမြင်မှ အမြင်မှန်ပဲလို့ မှတ်ကြ။ ခန္ဓာမှာ ဉာဏ်နဲ့ ကြည့်ရင် ဒီအတိုင်းဘဲ

မြင်ရမယ်၊ ဒီလိုမြင်နေရင် အမြင်ကြာလာတော့ ဒုက္ခစက် ရပ်သွားတော့တာဘဲ၊ ဒုက္ခစက်ရပ်တော့ နိရောဓပေါ်လာတယ်၊ "ဒုက္ခနိရောဓော နိဗ္ဗာနံဘဲ" ရှင်းကြပြီလား?

ဥာဏ်ဝမှာ ပေါ်လာတာတစ်ခုကို ကြည့်ရမယ်၊ ဘာကြည့်ကြည့် ဖြစ်ဒုက္ခနဲ့, ပျက်ဒုက္ခဘဲရှိတာ တွေ့ရမယ်၊ ဝိညာဏ်ကလေး ကြည့် ဖြစ်, ပျက်၊ နာမ်ရုပ်ကြည့်လည်း ဖြစ် ပျက်၊ သဠာယတနကြည့်လည်း ဖြစ်ပျက်ဘဲ၊ ဖဿကြည့်၊ ဝေဒနာကြည့်၊ တဏှာကြည့်၊ ဥပါဒါန်ကြည့်၊ ကံကြည့်၊ အားလုံးဖြစ်ပျက်ဘဲ၊ ကြည့်ချင်တာကြည့် ဖြစ်ပျက် ဒုက္ခသစ္စာဘဲတွေ့ရမယ်၊ သဘောပါကြပြီလား? အစားအစာ စားသောက်နေရရင်းဘဲဖြစ်ဖြစ်၊ တွေးကြံနေရင်းဘဲ ဖြစ်ဖြစ် ရောင်းဝယ်နေရင်းဘဲဖြစ်ဖြစ်၊ ဘာလုပ်နေနေ၊ **မိမိစိတ်နဲ့ ရုပ်တို့ကတော့ တစ်ခုဖြစ် တစ်ခုပျက်သွား၊ တစ်ခုအစားထိုးနဲ့ ဒုက္ခစက် လယ်နေတာဘဲရှိတယ်၊ ဒါကိုမြင်မှ ဒုက္ခသစ္စာအမြင်၊ အမှန်မြင်ဘဲလို့ မှတ်ကြ။**

ဒီလို ခန္ဓာမှာ ဒုက္ခစက်ကြီး အဆက်မပြတ်အောင် လှည့်ပတ်နေတာချည့်ကို မြင်အောင် ကြည့်တတ်လို့ အမြင်များလာတော့ ကိုယ့်ဒုက္ခ ကိုယ့်အသေတွေ ကိုယ်မြင်လို့ "ဒီဒုက္ခက ဘယ်တော့များ လွတ်ပါမလဲ? ဆိုပြီး ငြီးငွေ့လာတယ်၊ ရွံမုန်းလာတယ်၊ ဒီအခါမှာ ရွံမုန်းအားကြီးတော့ ဒုက္ခစက်ဆုံးသွားတော့တာဘဲ၊ ပေါ်ကြပြီလား? ဒုက္ခဆုံးသွားတော့ သုခနိဗ္ဗာန်တွေ့တောဘဲ၊ ဒီတော့ တဏှာဥပါဒါန် ကံစတဲ့ တရားတွေ အကုန်ချုပ်တယ်၊ ဒါဘာကြောင့်လဲ? အကြောင်း

ချုပ်အောင်လုပ်တဲ့ ဉာဏ်ကြောင့်ဘဲ ရိပ်မိကြရဲ့လား?

ခန္ဓာလက်ရှိ ဒုက္ခ နောက်လာမည့် ဒုက္ခတွေချုပ်ရတာဟာ ဒုက္ခသစ္စာကို ပရိညာကိစ္စလုပ်လိုက်လို့ဘဲ၊ သဘောပါရဲ့လား? ဒုက္ခသစ္စာ မဂ်နဲ့ ပရိညာကိစ္စ လုပ်လိုက်တဲ့ အတွက် ဒုက္ခတွေချုပ်နောက်က သမုဒယ မလာဘူး၊ သေသွားတယ်၊ မဂ္ဂင်ရှစ်ပါးပေါ်လာ၊ ပေါ်လာတော့ နိရောဓဆိုက်တာဘဲ၊ ရှင်းကြရဲ့လား? ဒီတော့မှာ သစ္စာလေးချက် တပြိုင်နက် ကိစ္စပြီးသွားတယ်ဆိုတာ မှတ်ကြ၊ သဘောပါကြပြီလား?

**ဝိပဿနာရှုတယ်ဆိုတာ ရုပ်၊ နာမ်ဖြစ်ပျက်ကို တွေ့မှသာ ဝိပဿနာ ဖြစ်တယ်၊ ရုပ်နာမ် ဖြစ်ပျက်မမြင်ဘဲ၊ ဝိပဿနာ ရှုတယ်ဆိုတာ အဓိပ္ပါယ်မရှိဘူးလို့ မှတ်ကြ၊ ဒါကြောင့် ပထမဖြစ်, ပျက်မြင်အောင် ရှုကြဘို့ အရေးကြီးတယ်ဆိုတာ မှတ်ကြ၊** ရှင်းပြီလား? ဖြစ်, ပျက်ကို တွေ့မှ သဒ္ဓါ ပီတိ၊ ပဿဒ္ဓိ စတဲ့အခြင်းအရာတွေ တွေ့မယ်၊ ဖြစ်ပျက်မှ မတွေ့သေးရင် ဒါတွေမလာနိုင်ဘူး၊ ဖြစ်ပျက် မမြင်တဲ့သူဟာ ဒီဘဝ မဂ်ဖိုလ် မရနိုင်ဘူးဆိုတာ မှတ်တော့၊ နောက်နောင်ဘဝအတွက် အဆက်ဖြစ်မယ်၊ ပါရမီဖြစ်မယ်။

ဒကာ၊ ဒကာမတွေ သဘောပါပြီလား? ဝိပဿနာကြိုးစားရှုကြ၊ ဖြစ်၊ ပျက်မြင်ရင် မညံ့တော့ဘူး၊ မမြင်သေးတဲ့လူလည်း မြင်အောင် နောင်အခါ ပါရမီအဆက်ရအောင် ကြိုးစားရမှာဘဲ ရှင်းကြပြီလား? **ရှုမှတ်ဘို့က မိမိတာဝန် အကျိုးရဘို့က မဂ္ဂတာဝန်ဘဲ၊ မဂ္ဂက လုပ်သလောက် အကျိုးပေးမှာ သေချာတယ်၊** ကျေနပ်ပြီလား?

အခု မျက်မြင်မှာ ဉာဏ်ကောင်းတာ ဉာဏ်ထိုင်းတာဟာ လိုရင်း မဟုတ်ဘူးလို့ မှတ်ကြ၊ ဉာဏ်ထိုင်းတာနဲ့ တိဟိတ်မဟုတ်ဘူးလို့ ထင်ပြီး အားမလျှော့လိုက်ပါနဲ့လို့ သတိပေးပါတယ်။

ဘုရားလက်ထက်တော်က စူဠပန္ထမထေရ်က တိဟိတ်မှ အရင့် အမာကြီးဘဲ၊ ဒါပေမဲ့ဉာဏ်က ထိုင်းလိုက်တာ ပြောစရာမရှိဘူး၊ တိဟိတ်က တိဟိတ်ဉာဏ်ထိုင်း၊ ဉာဏ်ထိုင်းပေမဲ့ ဒွိဟိတ်မဟုတ်ဘူး၊ လေးလလုံးလုံး ကကြီး, ခကွေးတောင်မရနိုင်ဘူး၊ ဒါပေမဲ့ အားထုတ် ကြည့်တော့ ရဟန္တာဖြစ်သွားတယ်၊ ပေါ်ကြပြီလား? ဒါကြောင့် အားထုတ်ကြည့်ကြ၊ အားထုတ်ကြည့်မှ သိရမယ်လို့ ပြောလိုက် ပါတယ်။

ဝိပဿနာလုပ်ကြည့်မှ ကိုယ့်အကြောင်း အမှန်အကန်သိ ရမယ်၊ မိမိအကြောင်း အမှန်အကန် သိနိုင်တာ ဒီအလုပ်ဘဲရှိတယ်၊ လုပ်ကြည့်တော့ မိမိခန္ဓာ သဘောအမှန်ကို ကောန်သိရမယ်၊ ဖြစ်, ပျက် ဒုက္ခစက်ကြီး လယ်နေတာကို သိရမယ်၊ ရှင်းပြီလား? ဒီနည်းအတိုင်း လောကကြီးမှာ ဘာကိုဘဲကြည့်ကြည့် ဒုက္ခစက် လယ်နေဒါဘဲ မြင်ရမယ်၊ ဒုက္ခစက်ကပင်ကိုယ် အရှိ၊ အမှန်ရှိ၊ အဟုတ်ရှိ၊ အမြဲရှိနေတဲ့ တရားဘဲဆိုတာ မှတ်ကြ၊ ရှင်းပြီလား?

ဘုန်းကြီးတို့ ဒကာ, ဒကာမတွေက ဒါကို မသိကြဘူး၊ အမှန်တကယ်ရှိနေတာကို မသိကြဘူး၊ တကယ်မရှိ အမှန်မရှိတာကို သိနေကြတယ်၊ ဟုတ်ကြရဲ့လား? ရှိတာက တခြား၊ သိတာက

တခြားဖြစ်မနေကြဘူးလား? ရှိတာက တခြား သိတာက တခြားဆိုရင် အရူးသိပဲ၊ ဆိုထိုက်, မဆိုထိုက် စဉ်းစားကြ၊ **အရှိနဲ့ အသိကိုက်ညီမှ အကောင်းသိဖြစ်မယ်၊ အရှိနဲ့ အသိကိုက်မှ ဒုက္ခပိုင်းခြားသိတာဘဲ၊** ရှင်းကြပြီလား? ဒါကြောင့် ဒကာ ဒကာမတွေအရှိနဲ့ အသိကိုက်အောင် ကြိုးစားကြ၊ ရိပ်မိကြပြီနော်။

အရှိနဲ့ အသိမကိုက်တော့ မရှိတာ အရှိထင်ပြီး ဒုက္ခမမြင်တော့ဘူး၊ ဒုက္ခမမြင်တော့ ဒုက္ခခန္ဓာဘဲ ခင်မင်နေကြတာပဲပေါ့၊ ခန္ဓာခင်ရင် ဒီဒုက္ခစက်လယ်ရမှာပဲလို့သာ မှတ်ကြတော့၊ သဘောပါကြရဲ့လား? ခန္ဓာရမှတော့ ဒီဒုက္ခစက်က ရွှေ့ပြောင်းလို့ လွဲဖယ်လို့ မရနိုင်တော့ဘူး၊ မြင်ရဲ့လား? ဒုက္ခစက်ထဲမှာပဲ တဝဲလယ်လယ် နေရမှာဘဲ၊ ဒါကြောင့် ဒီဒုက္ခစက်က လွတ်ချင်ကြရင် အမှန်အရှိကို ဉာဏ်နဲ့သိအောင် လုပ်ကြ။

ဒီဒုက္ခစက်က ဘယ်လိုလွတ်ရမလဲ? လွတ်အောင် ဘယ်လိုလုပ်ရမလဲ? "နိဗ္ဗိန္ဒံဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ"တဲ့၊ ငြီးငွေ့ရွံ့မုန်းပြီး မလိုချင်၊ မလိုချင်တော့ မရဘူး၊ တွယ်တာမှုမရှိတော့ လွတ်တာဘဲ၊ လွတ်တယ်ဆိုတာ မဂ်လာတာဘဲလို့ မှတ်ကြ၊ သဘောပါပြီလား? ဒီလို လွတ်ချင်ရင် ပထမ ဒုက္ခစက်မြင်အောင် ကြည့်ပေး၊ နောက် မုန်းအောင်ဆက်ကြည့်၊ အမုန်းများတော့ မလိုချင် မလိုချင်တော့ လွတ်တော့တာပဲ။

အဲဒီအခါမှာ ဒီပုဂ္ဂိုလ်ရဲ့ ဉာဏ်အမြင်မှာ စင်ကြယ်သွားပြီ

ပုဂ္ဂိုလ်သတ္တဝါ အမှန်မရှိတာ၊ သိသွားပြီ ငါမရှိ၊ သူမရှိ၊ ယောကျာ်းမရှိ၊ မိန်းမမရှိ၊ အမှန်ရှိတာက နာမ်နဲ့ ရုပ်၊ ဖြစ်, ပျက် ဒုက္ခစက်ဘဲလို့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချနိုင်ပြီ၊ ရှင်းကြပြီလား? ဒကာ ဒကာမတွေ အထူးမှတ်ဖို့က "အားထုတ်တဲ့အခါမှာ ဘာမှုမရှိ၊ နာမ်, ရုပ်ဖြစ်ပျက်ဘဲ ရှိတယ်လို့ သိနေတယ်၊ အားမထုတ်တဲ့အခါမှာတော့ သမ္မုတိနယ် ငါ, သူ, ကျား, မဆိုတာတွေ သညာအနေမှာ ရှိနေတာဘဲလို့"မှတ်ကြ။

အားထုတ်တဲ့အခါမှာ ဘယ်သူကြည့်ကြည့် ဒုက္ခစက်ကြီး လယ်နေတာဘဲ မြင်ရမယ်၊ သဘောပါပြီလား။ ဒုက္ခစက်လယ်တာ တနေ့မှာ ဘယ်နှစ်ပတ်ရယ်လို့ မပြောနိုင်ဘူး၊ ဘာကစပြီးလှည့်လှည့် ဘယ်မှာ ဆုံးဆုံး ဒုက္ခစပြီး ဒုက္ခဆုံးတာဘဲရှိတယ်၊ တခြားဘာမှ အပိုမပါဘူး၊ ရိပ်မိကြရဲ့လား? ခန္ဓာအားလုံးဟာ ဒုက္ခစက်လယ်တာသာ ရှိတယ်၊ ခန္ဓာပေါ်သမျှ ဒုက္ခစက် လယ်တာဘဲလို့ မှတ်ကြ၊ စပေါ် တာလည်း ဒုက္ခ၊ ဆုံးသွားတာလည်း ဒုက္ခ၊ ဒုက္ခစပြီး ဒုက္ခဆုံးတာပဲ ရှိတယ်၊ ဒီပြင် ဘာမှုမရှိ၊ ဒုက္ခစက်ခန္ဓာပဲလို့ သိကြရမယ်၊ သဘောပါပြီလား?

ဒီမဂ္ဂင်အလုပ် မလုပ်ရင် နောက်လည်း ဒီဒုက္ခစက်ပဲ လယ်နေ မယ်၊ တသံသရာလုံး ဒုက္ခလယ်တာကလွဲရင် တခြားဘာမှု မရှိဘူး လို့သာ မှတ်လိုက်ကြ၊ ရိပ်မိကြပြီလား? ဒကာ, ဒကာမတွေ ကံကောင်း အကြောင်းသင့်လို့ အခုမှ ကိုယ့်အဖြစ်မှန် သဘောမှန်ကို သိကြရတာ၊ ဒီအခွင့်မျိုးကြုံရဘို့ မလွယ်ဘူး၊ ရှေးက ဒီအဖြစ်မှန်ကို

မသိခဲ့ကြဘူး၊ နားမှာလေသံ တရံ တဆစ်ကြားရဘို့ နာရဘို့ အလွန်အလွန် ခဲယဉ်းတယ်ဆိုတာ မှတ်လိုက်ကြ။

ဒကာ, ဒကာမတွေ ရှေးက အဝိဇ္ဇာ ဖုံးလွှမ်းလို့ မသိခဲ့ကြဘူး၊ အဝိဇ္ဇာက ဖုံးလွှမ်းထားတော့ ဝိဇ္ဇာဉာဏ် အလင်းမရခဲ့ကြဘူး၊ အလင်းမရတော့ အမှောင်ထဲမှာ မွေး, အမှောင် ထဲမှာနေ၊ အမှောင် ထဲမှာဘဲ သေခဲ့ကြရတယ်၊ ဒီတော့ အလင်းရောင်မရကြလို့ အမှန်အကန် မမြင်ကြရ၊ မသိကြရဘူးပေါ့၊ သဘောပါကြရဲ့လား? ဒါကြောင့်ဘုရားက "အန္ဓဘူတော အယံလောကော" အယံလောကော၊ ဤလောကသား အပေါင်းသည် (ဝါ) လူများ အပေါင်းသည်။ အန္ဓဘူတော၊ အမိုက်အတိ, အကန်းအတိဖြစ်ချေ၏" လို့ ဟောတော်မူတာဘဲ။

အဝိဇ္ဇာကဖုံးလွှမ်းထားတော့ အမှန်မသိ၊ မကောင်းတာ အကောင်းထင်ပြီး တဏှာက စွဲလန်း ကံက အားထုတ်၊ အဲဒီလို ရှစ်ပါးသော ဒုက္ခစက်ကြီး အခုပစ္စုပ္ပန်မှာ ပေါ်လာရောပေါ့၊ သဘော ပါကြရဲ့လား? ကံက အားထုတ်တော့ ဒီဘဝမှာ ဇာတိကစပြီး၊ ပဋိသန္ဓေဝိညာဏ်ရလာတယ်၊ ဝိညာဏ်ရတော့ ဝိညာဏ် နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန် ကမ္မဘဝဆိုတဲ့ ဒုက္ခစက်ကြီး ရှစ်ခု တဝဲလယ်လယ် လှဲ့ပတ်နေတော့တာဘဲ၊ ရှင်းကြရဲ့လား?

ဒကာ, ဒကာမတွေ အားထုတ်တော့ ဘာရကြတုန်း? ဒုက္ခအစု

ပဲရတယ်၊ ဒုက္ခအစု ခန္ဓာကြီး ကိုယ်ပိုင်ရကြတယ်၊ ဒီဟာ ကိုလည်း မသိလေတော့ တဏှာက ဆက်လက်ပြီး လိုချင်ပြန်တယ်၊ လိုချင်တော့ ကာယကမ်၊ ဝစီကမ်၊ မနောကမ်တွေ ထပ်လုပ်တော့ တာပေါ့၊ ဒီကမ်တွေ စုမိတော့ လူဒုက္ခစက်ကြီး နတ်ဒုက္ခစက်ကြီး၊ ဗြဟ္မာဒုက္ခ စက်ကြီးတွေ လာမှာဘဲ၊ အဲဒါမသိတဲ့ အဖြစ်ဟာ ဘယ်လောက်များ ဆိုးဝါးတယ်ဆိုတာ ပေါ်ကြပြီလား?

ဒကာ၊ ဒကာမတို့ သာမည အရေးလို့များ မမှတ်လိုက်ကြပါနဲ့၊ အလွန်ကြီးတဲ့ အရေးမို့ လေးလေးစားစားနဲ့ မှတ်သားပြီး လိုက်နာကြ၊ သာမည အရေးဖြစ်ရင် ဘုန်းကြီးတို့က ဒီလောက်အပင်ပန်းခံပြီး ဟောနေလိမ့်မယ် မဟုတ်ဘူးဆိုတာ ယုံကြတော့၊ သဘောပါကြ ရဲ့လား? လောကမှာ ချမ်းသာတယ်၊ ရာထူးကြီးတယ်၊ ဂုဏ်ကြီးတယ် ဆိုပေမဲ့လည်း အချည်းနှီးဘဲလို့သာ မှတ်ကြ၊ ဘာမင်းကြီး၊ ဘာဘုရင်ကြီး ဖြစ်ဖြစ် ဒုက္ခစက်ကြီး လယ်နေတာဘဲ ရှိတယ်၊ ကျေနပ်ကြပြီလား?

အပြောကဖြင့် ဘာကြီး၊ ညာကြီး ပြောကြပေမဲ့ စင်စစ်တော့ ဒုက္ခစက်ကြီး လယ်နေတာဘဲရှိတယ်၊ တစ်ခုပေါ် တစ်ခုချုပ်၊ တစ်ခုချုပ် တစ်ခုဖြစ်၊ မိနစ် စက္ကန့် မလပ်၊ ဒလစပ်၊ မရပ်မနားဖြစ်ပြီး ပျက်စီးနေတဲ့ ရုပ်နာမ်အစဉ်တွေဘဲရှိတယ်၊ **ဝိညာဏ်၊ နာမ် ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ ဥပါဒါန်၊ ကမ်၊ ဒီရုပ်နာမ် အစဉ်တွေ ဖြစ် ပျက်နေတဲ့ ဒုက္ခစက်ပဲရှိတာပါ၊** ကိုယ့်ခန္ဓာမှာလည်း ဒီရှစ်ပါး၊ သူတို့မလည်း ဒီရှစ်ပါးဘဲပေါ်ကြပြီလား?။

**ဒီရှစ်ပါး တရားဆိုတာလည်း ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခပါဘဲ၊** ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခအပြင်ဘာမျှ အပိုမစွက်ဘူး၊ ဖြစ်ပြီး ပျက်သွား၊ ဖြစ်ပြီး ပျက်သွားနဲ့ ဒလစပ် မနားမရပ် ဒုက္ခစက်ရဟတ် လှည့်ပတ်နေတာဘဲရှိပါတယ်၊ သဘောပါကြရဲ့လား။? ဒီသဘောအမှန်ဟာ ရှုတဲ့သူမှာ တွေ့ရမယ်၊ မရှုတဲ့သူမှာ မတွေ့နိုင်ဘူး၊ ရိပ်မိပြီလား? ဒါကြောင့် ဒကာတို့ တတွေ ဒီအမှန်ဘဝကို စာပြောမဟုတ်၊ ဆရာပြောမဟုတ်၊ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်တွေ့ရ သိကြရအောင် ကြိုးစားကြ။

ဆရာသမားထံက နာတရားလောက်နဲ့ တင်းတိမ် မနေကြပါနဲ့လို့ ပြောလိုက်ပါတယ်၊ ကိုယ်တိုင်ရှုကြည့်လိုက်တော့ ကိုယ်တွေ့သိရမယ်၊ ရှင်းကြပြီလား? ဒီလို ရှုလို့ ဒုက္ခစက်ကြီးတွေ့ရရင် ဆက်သာရှု။ အရှုအပွားများလာရင် မုန်းလာမယ်၊ မုန်းလည်းဆက်သာရှု။ တချက်ချက်မှာ ဆုံးသွားမယ်၊ ရှင်းပြီလား? ဆုံးအောင်သာရှုကြ၊ ဆုံးရင် နိရောဓပေါ်တာပဲ

ဒီတော့

| | | |
|---|---|---|
| ဒုက္ခစက်ကြီးက | - | ဒုက္ခသစ္စာ |
| ရှုဉာဏ်က | - | မဂ္ဂသစ္စာ |
| ဒီနေရာမှာ သေတာက | - | သမုဒယသစ္စာ |
| ပေါ်လာတာက | - | နိရောဓသစ္စာ |

* * * * * *

# "ဒုက္ခသိမှ နိဗ္ဗာန်ရ တရားတော်"

ဒကာ၊ ဒကာမတို့ နိဗ္ဗာန်ကို တောင်းသာနေကြတယ်၊ တကယ်ဆိုတော့ ကေန်ကေ သဘောကျလို့ လိုလိုချင်ချင်နဲ့ တောင်းတဲ့ သူဟာ အလွန်ရှားပါလိမ့်မယ်၊ ဒီလို အမှန်းနဲ့ ရမ်းပြီး မိဘရိုးရာမို့ တောင်းနေသူတွေကို နိဗ္ဗာန်အခုပို့မယ်၊ အခုလိုက်မလားလို့ မေးခဲ့ရင် တရာမှာ တစ်ယောက် မထွက်နိုင်ဘူးဆိုတာ ကိုယ်တိုင် ဆန်းစစ် ကြည့်ရင်သိကြရမယ်၊ ဒါဘာကြောင့်လဲ? နိဗ္ဗာန်အကြောင်း မသိလို့ မရိပ်မိသေးလို့ဘဲဆိုတာ မှတ်ကြ။

ဒီတော့ နိဗ္ဗာန်ဆိုတာ အလွန်ကောင်းပါတယ်ဆိုတဲ့ ပြောသံ ကြားနဲ့ လမ်းမဆုံးဘဲနဲ့ ကိုယ်တိုင်သိရှိ ရိပ်မိအောင် ကြိုးစားဘို့ လိုတယ်၊ ကိုယ်တိုင် အမှန်သိရမှ ကိုယ်တိုင်ကြိုက်ဖြစ်မယ်၊ ကိုယ်တိုင် ကြိုက်ဖြစ်မှလည်း နှစ်နှစ်ကာ ကာလိုလိုချင်ချင်နဲ့ အားထုတ်ချင်စိတ် ပေါက်မယ်၊ ဒီလိုမဟုတ်ရင် သာမာန်ကာ လျှံကာ မိရိုးဖလာ ကြိုက်လုံးနဲ့ အချိန်ဖြုန်းကြမှာဘဲဆိုတာ သတိပေးလိုက်ပါတယ်။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နိဗ္ဗာန်သဘော ကျအောင် နိဗ္ဗာန်အကြောင်း နားလယ်အောင် ကြိုးစားကြရမယ် ဆိုတာ မှတ်လိုက်ကြ၊ နိဗ္ဗာန်နားလယ်ချင်ရင် ဒိဋ္ဌိကို အရင်ဖြုတ်ရမယ်၊ ဒိဋ္ဌိဖြုတ်မှဘဲ နိဗ္ဗာန်နားလယ်မယ်ဆိုတဲ့ အချက်ကို မြဲမြဲကြီး မှတ် လိုက်ကြ။

ဒကာ ဒကာမတို့တတွေဟာ ဒါနတွေပြု၊ သီလတွေ ဆောက်တည်၊ ဘာဝနာကမ္မဋ္ဌာန်းတွေ စီးဖြန်းကြ၊ ပွားများကြ၊ နိဗ္ဗာန်ရောက်ချင်လွန်းလို့ အမျိုးမျိုး လုပ်ကြတယ်၊ လုပ်တာကတော့ နိဗ္ဗာန် ရောက်ချင်လို့လုပ်တာဘဲ၊ ဒါတွေလုပ်လိုကော နိဗ္ဗာန်ရောက် နိုင်ပါ့မလား? မြဲမြဲမှတ်ထားကြ၊ **ပဋိစ္စသမုပ္ပါဒ် သဘောမပေါက်ရင် ဒိဋ္ဌိမကွာဘူး၊ ဒိဋ္ဌိမကွာရင် နိဗ္ဗာန်ဘယ်တော့မှ မရနိုင်ပါဘူး။**

ပဋိစ္စသမုပ္ပါဒ် နားလယ်မှ ဒိဋ္ဌိပြုတ်မယ်၊ ဒိဋ္ဌိပြုတ်မှလည်း ဝိပဿနာ ရှုနိုင်မယ်၊ ဒိဋ္ဌိပြုတ်ပြီး ဝိပဿနာ ရှုမှသာ နိဗ္ဗာန်သဘော ကျပြီး ရနိုင်တယ်ဆိုတာ အသေအချာမှတ်ထားကြ။

**ပဋိစ္စသမုပ္ပါဒ်ဆိုတာ ခန္ဓာဖြစ်စဉ်ကို ဆိုတာဘဲ၊ ခန္ဓာဖြစ်စဉ် ခန္ဓာပဋိစ္စသမုပ္ပါဒ် သဘောကျမှ နိဗ္ဗာန်သဘောကျမယ်၊** ခန္ဓာဖြစ်စဉ် မသိလို့ သဘောမကျရင် နိဗ္ဗာန်မြင်ဘို့နဲ့ ဝေးသေးတယ်ဆိုတာ မှတ်ကြ၊ ခန္ဓာဖြစ်စဉ် သဘောကျဘို့ အခုရှင်းပြရမယ်၊ ဥပမာ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" လို့ တစ်ဦးဦးက ရွတ်ဆိုလိုက်တဲ့အခါ မိမိမှာ ကြားစိတ်ကလေး ပေါ်လာတယ်၊ ဒီလို ကြားလိုက်ရတော့ "သဘောကျတယ်" "ဝမ်းမြောက်တယ်" ဆိုတဲ့ အလုံးလေး ပေါ်မလာပေဘူးလား? ပေါ်လာတယ်။

ဒီအထဲမှာ ကြားစိတ်ကတစ်ခြား၊ သဘောကျတဲ့စိတ် ဝမ်းမြောက်တဲ့ စိတ်ကတစ်ခြား၊ သူတို့နှစ်ခု တစ်ခြားစီဘဲ၊ ရှင်းကြ ရဲ့လား? အသံကြားတော့ "ကြားစိတ်" ပေါ်လာတယ်၊ ကြားစိတ်

ကလေး ချုပ်ပြီးတော့ "သဘောကျစိတ်"ကလေး ပေါ်လာတယ်၊ အဲဒါ ကြားစိတ်သေလို့ သဘောကျစိတ်ကို မွေးဖွား လာတာဆိုရင် မမှားဘူး၊ ကြားတာက ငါကြားတာဟုတ်ရဲ့လား? မဟုတ်ပါဘူး၊ ကြားစိတ်ကသာ ကြားတာပါ၊ ငါကြားတာ ထင်ရင် ကြားစိတ်ချုပ်တော့ "ငါသေပေါ့"လို့သာ အောင့်မေ့ကြ။

ဒကာ, ဒကာမတို့ ငါသေတာ ဟုတ်ရဲ့လား? ငါသေတာ မဟုတ်၊ ကြားစိတ်သေတာဘဲ၊ ဒကာတို့ဟာက ကြားတုန်းကတော့ ငါကြားတယ်ထင်ရင်၊ ကြားစိတ်ချုပ်တော့ ငါသေပေါ့လို့သာ ယူကြတော့၊ ကြားဆဲမှာ ကြားစိတ်နဲ့ အသက်ရှင်နေတယ်၊ ကြားစိတ် ချုပ်တော့ ကြားသူသေတာဆိုရင် မမှားဘူး၊ ကြားပြီး တစ်, နှစ်ဆို ပျက်သွား၊ ကြားစိတ်သေပြီး အစားထိုးတာ လာဒါဘဲ။

"သြကာသ, သြကာသ, ကာယဝစီ၊ မနောချီလျှက်" စတဲ့ ဘုရားရှိခိုးသံကို ကြားလိုက်ရတယ်ဆိုပါတော့၊ ကြားတော့ ကြားစိတ်ပေါ် ဒီအသံကြည်ညိုဖွယ် ဖြစ်တယ်ဆိုတော့၊ ကြားစိတ်ချုပ် ကြည်ညိုစိတ်အစားထိုးတာဘဲ၊ ဒီတော့ ဒီကြားစိတ်ကလေးဟာ ဖြစ်လည်းဖြစ်တယ်၊ ပျက်လည်းပျက်တယ်ဆိုတော့ ဒုက္ခရောက်သွား တာဘဲ၊ ဒုက္ခရောက်သွားတာမို့ ဒုက္ခသစ္စာဘဲလို့သာ ဆုံးဖြတ်ချက်ချကြ။

ဒီသဘောအတိုင်းဘဲ၊ မြင်စိတ်လာချုပ်သွား၊ နောက်တစ်စိတ် အစားထိုး၊ ကြားစိတ်ပေါ်လာချုပ်သွား၊ နောက်စိတ်တစ်ခုက အစားထိုး၊ စိတ်တစ်ခုပေါ်လာ ဖျက်ဆိုသေပြီး အစားထိုးတာဘဲ၊ ရိပ်မိကြပြီလား၊

စိတ်တစ်ခုပေါ်လာပြီး ဖျပ်ဆိုသေ၊ အစားမထိုးရင် သုသာန်ရောက်မယ်ဆိုတာ မှတ်ကြ၊ သဘောပါပြီလား? အစားထိုးတာ သဘောပေါက်ရင် နောက်စိတ်အစားထိုးလာလို့ မသေသေးတာဘဲဆိုတာ ရိပ်မိကြမယ်၊ ဒကာ၊ ဒကာမတွေ ဒီအစားထိုးစိတ်နဲ့ သာအသက်ရှင်နေကြရတာဘဲ၊ အစားထိုးရပ်တာနဲ့ သေမှာနဲ့ တစ်ချက်ထဲဘဲဆိုတာ မှတ်လိုက်ကြ။

ကြားစိတ်ပေါ်ဖြစ်ပြီးပျက်၊ သဘောကျတာလာ ဖြစ်ပြီးပျက်၊ သဘောကျသူတစ်ယောက် သေပြန်တာပဲ ရှင်းပြီလား? ဒီတော့ "ကာယဝဇီ မနောချီလျှက်" ဆိုပြီး ဘုရားရှိခိုးနေတဲ့ လူတစ်ယောက် ဖျပ်ဆိုပျောက်သွားတာပဲ၊ အသံချုပ်, ကြားစိတ်ချုပ်, ကြည်ညိုစိတ်ချုပ် ချုပ်ပြီးပျောက်သွားတာပဲ၊ အဲဒီလူတစ်ယောက် ဒုက္ခရောက်သွားတာပဲ လို့သာ မှတ်လိုက်ကြ။

ဒီ ရုပ်ဓမ္မ၊ နာမ်ဓမ္မကလေးတွေ ပေါ်တာ ပျက်မလိုပေါ်လာတာ၊ ဖြစ်, ဖြစ်ပြီး ပျောက်ပျက်သွားတာဟာ ဒုက္ခရောက်တာဘဲ၊ ဒီလို ဓမ္မမျိုးတွေ ပေါ်သမျှဟာ ဒုက္ခရောက်ဖို့ချည့်ဘဲဆိုတာသာ မှတ်လိုက်ကြ၊ ရိပ်မိကြပြီလား? ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ်တန်းလေသမျှဟာ ဒုက္ခသစ္စာချည့်ဘဲ၊ ဒုက္ခရောက်ဖို့ချည့်ဘဲ ရိပ်မိကြရဲ့လား? ဒီဟာတွေ အဆက်မပြတ်လို့ တဏှာ, ဉပါဒါန်, ကံ, ကမ္မဘဝပစ္စယာ, ဇာတိလာလဲဒုက္ခသစ္စာဘဲ ရှင်းပြီလား?

ဒကာ, ဒကာမတွေ သံသရာကြောမှာ ဒီနည်းနဲ့ မျောခဲ့မြုပ်ခဲ့ရတာအစကို မထင်နိုင်ဘူး၊ ဒီဒုက္ခစက်ထဲမှာဘဲတဝဲလယ်လယ်မြုပ်ခဲ့

မျှော်ခဲ့ရတာ၊ ကယ်သူဆယ်သူနဲ့ ဝေးခဲ့ရတာ ဒီအတန်းကြီး မဖြတ်နိုင်ကြလို့ဘဲဆိုတာ မှတ်ကြ၊ ဒီဒုက္ခတန်းကြီးကို ဖြတ်ချင်ပေမဲ့လည်း ဖြတ်တတ်ဘို့ အရေးကလိုသေးတယ်။

ဒါကြောင့်နောက်က ဒုက္ခရောက်မည့်တရား မလာအောင် ပေါ်တဲ့တရားကို ဖြစ်ပျက်ရှုကြ၊ ကြားစိတ်, သဘောကျစိတ်, စွဲလမ်းစိတ်, ဘာလာလာ မိအောင်ရှု၊ တစ်ခုမမိ တစ်ခုမိအောင်ရှုရမယ်၊ တစ်ခုမှ မမိလိုက်ရင် ဒီကမ္ဘာဝရောက်မယ်၊ ရောက်လာလည်း ဒီကံကို ဖြစ်ပျက်ရှု၊ ရှုတော့ ကံကဖြစ်ပျက်၊ ရှုတာကမဂ်ဘဲ၊ ရှုတော့ နောက်က မဂ်လာတယ်၊ မဂ်လာတော့ နောက် ဒုက္ခမဆက်တော့ဘူး၊ နောက်ဒုက္ခမဆက်တာဟာ နိဗ္ဗာန်ဘဲ၊ ရှင်းကြပြီးလား? ဒုက္ခသစ္စာ မလာတာဟာ နိဗ္ဗာန်ဘဲဆိုတာ မှတ်ကြ။

ဒီလိုပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်ရှုပေးရမယ်၊ ဒီလိုရှုတာမှ မဂ္ဂင်အလုပ်ဘာဝေတဗ္ဗအလုပ်ဘဲ၊ မရှုရင် မရဘူး၊ ရှုတော့ အရှုခံတရားက ဖြစ်ပျက်၊ ရှုတဲ့ ဉာဏ်က မဂ်ဘဲ၊ နောက်လာမဲ့ ဒုက္ခသစ္စာကို မဂ်ကဖြတ်ချလိုက်တယ်၊ ဒီလိုရှုတော့ နောက်က ဒုက္ခသစ္စာ မလာပါစေနဲ့လို့ ဆိုတောင်းဘို့ မလိုဘူး၊ ဒုက္ခတွေ အကုန်ပြတ်ပြီး၊ နိဗ္ဗာန်ပေါ်လာတယ်၊ နိဗ္ဗာန်ဟာ ဒုက္ခပြတ်လို့ ချမ်းသာတဲ့ တရားဘဲ၊ သဘောပါကြပြီလား?

ဒကာ ဒကာမတွေ ဒီလောက်ဆိုရင် နိဗ္ဗာန်ကို အတော်အတန် ရိပ်မိကြပြီ အခုဟာ အပြောနဲ့အသိနဲ့ဘဲ သဘောပေါက်ကြသေးတာ၊

အလုပ်နဲ့ရှင်းမှ ကိုယ်တိုင် ပိုင်ပိုင်နိုင်နိုင် သိကြရမယ်၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် သဘောကျလို့ ဒိဋ္ဌိကွာပြီးရင် ဝိပဿနာရှုကြရမယ်၊ အဲဒီလိုရှုတော့ မဂ်ပေါက်လာမယ်၊ အရှုခံတရားက ဖြစ်ပျက်၊ ရှုဉာဏ်က မဂ်ဘဲ၊ ဒါကြောင့် ဒီမဂ်နဲ့ ရှုကြလို့ ဘုန်းကြီးက ပြောလို့ ရှုတော့ ဒီကနိဗ္ဗာန်ပေါ်လာတာ၊ ဒုက္ခသစ္စာတွေမလာတာ၊ ဒုက္ခ အဆက်ပြတ်တာဟာ နိဗ္ဗာန်ဘဲ။

ဒါကြောင့်မို့ နိဗ္ဗာန်ဟောမယ်ကြံရင် ပဋိစ္စသမုပ္ပါဒ်သဘော ပေါက်အောင် အရင်ပြောရတယ်၊ ပဋိစ္စသမုပ္ပါဒ် သဘောကျမှသာ နိဗ္ဗာန်ကို သဘောကျနိုင်မယ်ဆိုတာ ပြောရတာဘဲ၊ **မိမိသန္တာန်မှာ ပဋိစ္စသမုပ္ပါဒ် တန်းကြီး မပြတ်လို့နေတာကို သိရမယ်၊ ဒီပဋိစ္စသမုပ္ပါဒ် စက်ကြီးဟာ ဘုရားက "ဒုက္ခ ခန္ဓသ"လို့ ဟောတယ်၊ ဒုက္ခအစု ကြီးဘဲတဲ့၊ ဒီလိုလာတဲ့ပဋိစ္စသမုပ္ပါဒ်ကို ဖြစ်ပျက်ရှုတော့ ဒုက္ခစက် ပြတ်တယ်၊** ရှင်းပြီးလား?။

ဝိပဿနာရှုနေတာဟာ ဒီအစုတွေ ချုပ်ငြိမ်းအောင် လုပ်ပေး နေတာ၊ ရှုမှတ်ဉာဏ်စိပ်လာလေ ဒုက္ခကျဲသွားလေဘဲ၊ ဒီမဂ်က အားကောင်းသလောက် ဒုက္ခအစုကိုဖြတ်တောက်ပြစ်ဘယ်၊ ဒီမဂ်က နောက်ကဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဆိုတဲ့ ဒုက္ခတွေဖြတ်တောက်ပေးတာဘဲဆိုတာ မှတ်ကြ၊ ရိပ်မိကြရဲ့လား? ဒကာ ဒကာမတို့ **ရှုမှတ်မှု မဂ်လာရင်လာ၊ မလာရင်ဒုက္ခအစုဘဲလာစရာ ရှိတယ်ဆိုတာ မှတ်ကြ။**

**ဒကာ၊ ဒကာမတို့ ဒုက္ခချုပ်ချင်ရင် မဂ်လာအောင် လုပ်ရမယ်၊ မဂ်အဆက်မပြတ်လာအောင် လုပ်နိုင်ရင် ဒုက္ခလာခွင့်မရဘူး၊** ဒါကြောင့် ဝိပဿနာ မဂ်အလုပ်ကို အဖန်ဖန်ပွားရမယ် အဖန်ဖန်ပွားတဲ့ မဂ်ပေါ်မှ ဒုက္ခအဆက်ပြတ်မယ်၊ ရှင်းကြပြီးလား? ပွားမှု အရေးကြီး တယ်၊ ပွားမှ နိဗ္ဗာန်ရမယ်၊ မပွားရင် မရဘူး၊ ဆုတောင်းရုံနဲ့ မရနိုင်ဘူး၊ ဒါကြောင့် ဆုတောင်းသမားတွေ ဖြုတ်ကြ၊ ပွားများတဲ့ မဂ်အလုပ်, လုပ်ကြ၊ ဒါမှ နိဗ္ဗာန်ရနိုင်တယ်၊ ရှင်းပြီးလား?

ဝိပဿနာရှုရင်ဖြစ်ပျက်မြင်ဘို့ အရေးကြီးတယ်၊ ဖြစ်ပျက်ဟာ အနိစ္စမို့ ဒုက္ခသစ္စာဘဲ၊ ရှေ့ပိုင်းက ဒီဖြစ်ပျက် ဒုက္ခသစ္စာမြင်မှု အရေးကြီးတယ်ဆိုတာ မှတ်၊ ဒုက္ခသစ္စာမြင်မှသာ မဂ်ပေါက်မှာ ရှေ့ပိုင်းက ဒီဖြစ်ပျက် ဒုက္ခသစ္စာမြင်လို့ မဂ်ပေါ်တာဘဲဆိုတာ မှတ်ရမယ်၊ သဘောပါပြီလား? ပထမ ဒုက္ခသစ္စာမြင်ဘို့ သိဘို့လိုတယ်၊ ပဋိစ္စသမုပ္ပါဒ်တစ်လုံးဟာလည်း ဒုက္ခသစ္စာချည့်ဘဲ၊ ဒါကိုသိရမယ်၊ မသိရင်မရဘူး၊ ဒုက္ခကိုမြင်မှ သိမှသာရမယ်ဆိုတာ မှတ်ကြ။

ဒကာ ဒကာမတွေ ရှေးက ဘာနဲ့နေခဲ့ကြရသလဲ? မသိကြဘူး၊ ဒီဒုက္ခနဲ့ အမြဲနေခဲ့ကြရတယ်၊ ဘယ်အခါမှ မကွဲခဲ့ရဘူး၊ သံသရာ လုံးမှာ ဒုက္ခအဝိုင်းကြီးထဲမှာ လှည့်ပတ်ပြေးနေကြရတာဘဲရှိတယ်။ မွေးလိုက် သေလိုက် မွေးလိုက် သေလိုက် မွေးသေဒုက္ခနဲ့ ခွဲခဲ့ရတဲ့ဘဝရယ်လို့ လုံးဝမပါဘူး၊ ရိပ်မိကြရဲ့လား? မွေး, အို, နာ, သေတွေက လက်ရိုးဒုက္ခ၊ ဒီထဲအပိုဒုက္ခအမျိုးမျိုးတွေက ညှပ်လိုက်သေး

ပြောစရာ မရှိတော့ဘူး၊ ဘုရားက ဒုက္ခက္ခန္ဓသ ဒုက္ခအစုကြီးဆိုတာ အဲဒါဘဲလို့ မှတ်ကြ။

ဒကာ ဒကာမတို့ နိဗ္ဗာန်ရချင်ရင် ဒီဒုက္ခအစု ပဋိစ္စသမုပ္ပါဒ် ပြတ်အောင် လုပ်ရမယ်၊ ပြတ်အောင်လုပ်ဖို့ ဆိုပြန်တော့လည်း **မိမိခန္ဓာအစဉ်မှာ ဒုက္ခတန်းကြီးပါလား၊ ဒုက္ခအစုကြီးပါလားဆိုတဲ့ ဒုက္ခအမှန်သိတဲ့ ဉာဏ်ရဘို့လိုတယ်၊** အဲဒီလို ဒုက္ခအစုဘဲလို့ ဉာတပရိညာစခန်းကနေပြီး အစဉ်အတိုင်းတက်ရမယ်၊ တက်ဆို ဝိပဿနာရှုပြီး မဂ္ဂင်လုပ်ငန်းနဲ့ တက်ရမှာဘဲ၊ ဒါကြောင့် နိဗ္ဗာန်ရချင်ရင် ပထမ ဒုက္ခသိရမယ်ဆိုတာ မှတ်လိုက်ကြ၊ ရိပ်မိပြီလား။

**ဒုက္ခမသိဘဲနဲ့ သုခနိဗ္ဗာန်ရချင်တယ်ဆိုရင် ဟုတ်ကို မဟုတ်သေးဘူး၊** နိဗ္ဗာန်ကြိုက်တာ ရမ်းကြိုက်ဘဲဆိုတာ မှတ်ကြ၊ ကိုယ်တိုင်ကြိုက်ဖြစ်အောင် **ပထမဒုက္ခမြင်ဖို့ သိဘို့ပဲ၊ ဒုက္ခဆိုတာလည်း တခြားမှ မဟုတ်ဘူး၊ ဒုက္ခသစ္စာဆိုတာ မိမိခန္ဓာမှာ ဖြစ်ပေါ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ဘဲဆိုတာ မှတ်လိုက်ကြ၊** ရှင်းပြီလား?

ပဋိစ္စသမုပ္ပါဒ်မသိတော့ ဒိဋ္ဌိအုပ်ချုပ်ခံနေရတယ် "ခင်ဗျား ဒါလေးကို မြင်ဘူးသလား? ငါမမြင်ဘူး – ဘူး "တဲ့ ဘယ်သူ့ကို သိသလား?ဆိုတော့ ငါမသိဘူးတဲ့၊ ဘယ်နေရာမဆို ဒိဋ္ဌိ အုပ်ချုပ်မှု မလွတ်ဘူး၊ မြင်တာ ငါမြင်တာ၊ ကြားတာလည်းငါ၊ သိတာလည်းငါ၊ ဒီငါတွေလာတာ ဒိဋ္ဌိအုပ်ချုပ်လို့ဘဲ သဘောပါကြပြီလား? ဒီဒိဋ္ဌိတွေ ပြုတ်အောင် ကြိုးစားကြ၊ ပထမညာတ(သိမှု) ဒုတိယ တီရဏ(ပွားမှု)၊

တတိယ ပဟာန (ပါယ်မှု)နဲ့ ကြိုးစားရမဲ့ အလုပ်ချည့်ဘဲ၊ ရိပ်မိပြီးလား?

ဒကာတို့ဟာက ကြိုးစားလုပ်ရတဲ့အလုပ်ကို ဘုရားရှေ့သွားပြီး ဆုတောင်းနေကြတယ်၊ ဆုတောင်းလိုရတဲ့ အလုပ်မဟုတ်ဘူး၊ ဉာဏ်နဲ့ လုပ်ရမယ့်အလုပ်ပဲဆိုတာ မှတ်လိုက်ကြ၊ ရိပ်မိကြပြီးလား? ပဋိစ္စသမုပ္ပါဒ် ဒုက္ခသစ္စာ မမြင်, မြင်အောင် ကြည့်ရတဲ့ အလုပ်ပဲလို့ ဆုံးဖြတ်ချက်ချကြ၊ နိဗ္ဗာန်ရချင်တယ်ဆိုရင် ပဋိစ္စသမုပ္ပါဒ် ဒုက္ခသစ္စာသိပြီး လိုချင်မှ နိဗ္ဗာန်လိုချင်, ရချင်တာ အစစ်ဘဲဆိုတာ သဘောပါပြီလား?

ခန္ဓာပဋိစ္စသမုပ္ပါဒ် ဒုက္ခသစ္စာ မသိရင် နိဗ္ဗာန်ရည်မှန်းပေမဲ့ မရဘူး၊ ဒုက္ခမြင်မှသာ မဂ်ပေါ်မယ်၊ ရှင်းကြရဲ့လား? ဘုရားရှင်က ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ပဋိစ္စသမုပ္ပါဒ်ကို အပြန်ပြန်သုံးသပ်တော်မူပြီး ငါနေခဲ့တာဟာ ဒုက္ခနဲ့ နေခဲ့တာဘဲ၊ ဒုက္ခနဲ့ နေခဲ့တာသိပြီး၊ ဒုက္ခချုပ်လို့ ဘုရားဖြစ်တာဘဲလို့ မိန့်တော်မူတယ်၊ ဒကာ, ဒကာမတွေ ကျေနပ်ပြီးလား? ဘုရားဖြစ်တာ ပဋိစ္စသမုပ္ပါဒ်ဆုံးလို့ ဖြစ်တာ၊ ဒါကြောင့် မဂ်ဉာဏ်ရချင်ရင် ပဋိစ္စသမုပ္ပါဒ်ဆုံးအောင် လုပ်ရမယ်ဆိုတာ ပေါ်ပြီလား?

ပဋိစ္စသမုပ္ပါဒ်က အစဉ်မပြတ်ခန္ဓာမှာ တန်းနေတယ်၊ ဒီ ပဋိစ္စသမုပ္ပါဒ် ခန္ဓာပြတ်အောင်ရှုရမှာ၊ ဘုန်းကြီးကရှုတဲ့နည်းပေးလို့ နည်းရရင် ကြိုးစားအားထုတ်ကြ၊ အချိန်မရွေ့နဲ့၊ နက်ဖြန်မှ ဘယ်ရက်မှ

လို့မဆွဲနဲ့၊ ဆွဲရင် မဟာအလွဲတော်ကြီးနဲ့ ကြုံရမယ်ဆိုတာ ယုံမှား မရှိကြနဲ့ သေချာတယ် ဘုရားက အခုကြိုးစားရင် အခုရမယ်လို့ ဟောတယ်၊ နောက်မှရမယ်လို့ မဟောဘူး၊ ရှင်းပြီးလား?

ကိုင်း–ရှုနည်းပြောကြစို့ ဒကာ, ဒကာမတို့ခန္ဓာမှာ စားချင်တဲ့ စိတ်ကလေးပေါ်လာတယ်၊ စားချင်လို့ စားတော့ ကောင်းတယ်ဆိုတာ လာချင်လဲလာမယ်၊ ဆိုးတယ်ဆိုတာ လာချင်လာမယ်၊ မြင်စိတ်လာ လည်းမြင်တယ်၊ ကောင်းတယ်, ဆိုးတယ် စတဲ့ ရုပ်နာမ်အစဉ်တွေဟာ အမြဲတန်း, တန်းပြီး ဖြစ်နေတာဘဲရှိတယ်၊ ဒီလို ရုပ်နာမ်အစဉ်တွေ သိမ်းတာက နိဗ္ဗာန်ခေါ်တာဘဲရှင်းပြီးလား?

**အဲဒီတော့ ခန္ဓာမှာ ဘာစိတ်ပေါ်ပေါ် ပေါ်လာတာ ဖြစ်ပျက် ရှုရမယ်၊ ဥပမာ စားချင်တဲ့ စိတ်ကပေါ်လာ အစာကိုလှမ်းယူလိုက်တော့ စားချင်စိတ်ချုပ်၊ လှမ်းယူစိတ်ပေါ်၊ စားလိုက်ပြန်တော့ စားသိစိတ်ပေါ်၊ လှမ်းယူချင်စိတ်ချုပ်၊ မြိုချတော့ စားသိစိတ်ချုပ်၊ မြိုစိတ်ပေါ်၊ အဲဒီနည်းအတိုင်း ဘာပေါ်ပေါ် တစ်ခုခုမိအောင်ရှုပေးရမယ်၊ ရှုဉာဏ်နဲ့ ကြည့်တော့ စိတ်ကလေးတွေဟာ ဖြစ်ပြီး ပျက်တာချည့်တွေ့မြင်ရမယ်၊** ရှင်းကြရဲ့လား?

အဲဒီလို ရှုဉာဏ်ဝင်တော့ စိတ်ကလေးဖြစ်ပျက်၊ ရှုတာက မဂ်ဘဲ၊ ဒီဖြစ်ပျက်အစဉ်မှာ ဉာဏ်မြင်နဲ့ ပိုင်းခြားနေရမယ်၊ ရှေ့ကဖြစ် ပျက် ဒုက္ခသစ္စာ၊ ဒါကို မဂ်နဲ့ ပိုင်းခြားတော့ ဒုက္ခမဆက်ဘူး၊ ဒီလို ဒုက္ခတန်း မဆက်အောင် မဂ်က လုပ်ပေးတာဘဲ၊ ဒုက္ခမဆက်အောင်

**မဂ်က လုပ်တော့ ဒီဘက်က နိရောဓပေါ်တယ်၊ အဲဒါကြောင့် “ဒုက္ခနိရောဓ နိဗ္ဗာန်”လို့ ဟောတော်မူတာလို့ မှတ်ကြ။**

ဒကာ, ဒကာမတွေဟာ နဂိုက ဒုက္ခသစ္စာနဲ့ အသက်ရှင်ပြီး နေကြရတယ်၊ အခု မဂ်အလုပ်လုပ်တော့ မဂ်နဲ့ အသက်ရှင်နေတာဘဲ၊ ရိပ်မိကြပြီးလား? မဂ်နဲ့ အသက်ရှင်နေရရင် ဒီဘက်က ဒုက္ခကို ဒုက္ခလို့ သိရမယ်၊ ဒုက္ခချုပ်တာလည်း ချုပ်တယ်လို့ သိရမယ်၊ **အဲဒီလို သိနေ မြင်နေရင် စုတိကျတဲ့အခါ ဒုက္ခမရှိရာ ရောက်မှာဘဲ ရှင်းပြီလား? ရှင်တုန်းမှာ ဒုက္ခမရှိတာ မြင်နေတယ်၊ သေတော့ ဒုက္ခမရှိရာ ရောက်တာဘဲ၊**

**ဒကာ ဒကာမတို့ ဒုက္ခမှ မသိတဲ့သူဟာ ဒုက္ခလွတ်ရာ နိဗ္ဗာန် မရနိုင်ဘူးဆိုတာ မြဲမြဲမှတ်ကြ၊** (ဥပမာ)ဆိုရင် ထောင်ကျနေတဲ့သူဟာ သူကိုယ်တိုင်က ထောင်ကျနေတာ ကျမှန်းမသိရင် လွတ်ချင်တဲ့ စိတ်လာနိုင်ပါ့မလား? မလာနိုင်ပါဘူး၊ ဒီဥပမာ အတူပါဘဲ **မိမိမှာ ဒုက္ခရှိနေတာ ဒုက္ခရောက်နေတာ ရောက်မှန်းမသိသေးရင် ဒုက္ခ လွတ်လိုတဲ့ စိတ်မလာနိုင်ပါဘူး၊** ဆိုတာ ပေါ်ပြီလား? **ဒုက္ခမသိရင် ဒုက္ခလွတ်ရာ နိဗ္ဗာန်မရောက်နိုင်ဘူး** ရှင်းပြီးလား?

**နိဗ္ဗာန်ဆိုတာဟာ ဒုက္ခပြတ်သွားတဲ့သဘော၊ ဒုက္ခတွေ ပြတ်သွားတဲ့ သဘောဟာ နိဗ္ဗာန်ဘဲ** တစ်ချို့က နိဗ္ဗာန်ဆိုတာ ဘာမျှမရှိဘူးတဲ့ လေလိုဘဲတဲ့၊ ထင်မိထင်ရာ ပြောတတ်ကြတယ်၊ ဘာမှ မရှိတာ မဟုတ်ဘူး၊ ဒုက္ခမရှိတာဟာ နိဗ္ဗာန်ဘဲလို့ မြဲမြဲမှတ်ကြ၊

**"နိဗ္ဗာန်ဟာ ဒုက္ခတွေပြတ်ပြီး သုခသက်သက်သာ ရှိတယ်"** ဒါကြောင့် နိဗ္ဗာန်ဟာ သုခသက်သက်ဘဲ ရှိတယ်ဆိုတာ မှတ်ထားကြ၊ ရှင်းကြပြီးလား?

ဒီတော့ **နိဗ္ဗာန်ရောက်ချင်ရင် ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို သိရမယ်၊ ခန္ဓာပဋိစ္စသမုပ္ပါဒ် သဘောကျမှသာ နိဗ္ဗာန်ရောက်မယ်ဆိုတာ** ရိပ်မိကြပြီးလား? **ဒုက္ခကို ဘယ်လိုသိရမလဲ? ဆိုရင်၊ ခန္ဓာမှာ အခုပေါ်တာကို အခုဒုက္ခသစ္စာလို့ သိရမယ်ဆိုတာ မှတ်ကြ၊** ခန္ဓာမှာ ပေါ်ဆဲပေါ်ဆဲကို ဒုက္ခဘဲလို့သိရမယ်၊ အဲဒီလို သိတော့ အခု **"ပေါ်တာက ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ"** ဒါကြောင့် ပေါ်လာသမျှ ရှုပေး၊ ဒုက္ခနောက်က မဂ်လွှမ်းပါစေ၊ ဒုက္ခနဲ့ မဂ်နဲ့သာ တန်းစေရမယ်။

ဒကာ, ဒကာမတို့ ဘုန်းကြီးက စေတနာထားပြီး ထူးထူးခြားခြား တိုက်တွန်းလိုက်ပါတယ်၊ ဒီဘဝမှာတင် နိဗ္ဗာန်မြင်အောင် အားထုတ်ကြပါလို့၊ ဒီအချိန်မှာမှရအောင် မကြိုးစားလို့ တစ်ခါလွဲရရင် ကိုယ်ကျိုးနဲ့ပေါ့လို့သာ မှတ်ကြတော့ဘဲ(ဥပမာ)အားဖြင့် ဆိုရင် "လူတစ်ယောက် ရွံ့ဗွက်ထဲက တက်လာပြီး ရွံ့ဗွက်ထဲပြန်ဆင်းသွား နောက်တစ်ခါပြန်တက်ပြီး တစ်ခါပြန်ဆင်းနဲ့ ရွံ့ဗွက်ထဲဘဲတက်ချီ ဆင်းချီလုပ်နေတာ ဘေးကမြင်ရတော့ ဘယ်နဲ့ပြောရမလဲ?

"သြော်... သူ့ခမျာသနားပါတယ်၊ ဒီအဖြစ်က လွတ်ပါစေ၊ ဒီဝဋ်ကျွတ်ပါစေ" ဆိုပြီး ဆုတောင်းနေကြမှာဘဲ၊ ဘာဖြစ်လို့လည်း ဆိုတော့ ဒီလူက အရူးကိုး၊ အရူးမို့ ဘေးကလူတွေက သနားလို့

ဒီဝဋ်က လွတ်ရာပါစေ ကျွတ်ရာပါစေနဲ့ ဆုတောင်းကြတယ်၊ ဘာကြောင့်လည်း အကောင်းကကြည့်တော့ အရူးမှန်းသိရလို့ သနားလို့ဘဲဆိုတာ ပေါ်ကြပြီလား။

ဒီဥပမာအတိုင်းပါဘဲ၊ ဒကာတို့တစ်တွေဟာ ပဋိသန္ဓေနေလိုက် တစ်ခါသေပြီး ပဋိသန္ဓေပြန်နေလိုက်၊ ဒီလိုနဲ့ အဖန်ဖန် ပဋိသန္ဓေ နေကြရတယ်၊ အဲဒီလို နေရတာကို ဘုရားရှင်က ဒီဥပမာအတိုင်း မြင်တော်မူတယ်၊ ဒကာတို့ဟာ, ဇာတိ, ဇရာ, ဗျာဒိ, မရဏဆိုတဲ့ ရှံ့ဗွက်တွေထဲဘဲ ထပ်ပြန်တလဲလဲ ဆင်းနေကြရာတယ်၊ ဒီဘဝ ဇာတိ, ဇရာ, ဗျာဓိ, မရဏ ရွံ့ဗွက်ကနေ၊ နောက်ဘဝ ဇာတိ ဇရာ ဗျာဓိ, မရဏရွံ့ဗွက်ထဲပြန်ဆင်းရ၊ ဘဝတစ်ခုပြီး တစ်ခု ဇာတိရွံ့ဗွက် ထဲဘဲ ပြန်ဆင်းနေရတာ ဘုရားက မြင်တော်မူတယ်။

ရွံ့ဗွက်ထဲပြန်ဆင်းရတာ ရူးချက် အလွန်သန်လွန်းလို့ဘဲ ဆိုတာ မှတ်ကြ၊ မဂ်နဲ့ မဖြတ်သေးရင် အကြိမ်ပေါင်း မည်မျှဆိုတာ မသိနိုင်တော့ဘူး၊ ဘုရားတွေ မမြော်နဲ့တော့၊ နောက်လာမှလဲ ဂင်္ဂါ ဝါဠုသဲစုမက လာမှာဘဲ၊ အရင်ကလည်း ဂင်္ဂါဝါဠု၊ သဲစုမကအောင် ဒီနည်းအတိုင်း ရှောင်ခဲ့ကြပြီး လွဲခဲ့ကြရပြီ သဘောပါကြရဲ့လား?

ဘုရားပရိနိဗ္ဗာန်စံခါနီးမှာ သုဘဒ္ဒရဟန်းက မေးလို့ ဘုရားက ဖြေတော်မူခဲ့တာမှာ "ဘုရားရှင်သာသနာမှာ ကျင့်ကြံအားထုတ်သူ မကွယ်သမျှ ရဟန္တာမကွယ်ဘူးဆိုတဲ့ အဓိပ္ပါယ်ပါရှိတယ်ဆိုတာ

မှတ်ကြ၊ ဒါကြောင့် သံသယမရှိနဲ့ လုပ်ရင်ရတယ်ဆိုတာ ဆုံးဖြတ်ပြီး အခုလုပ်ကြ၊ ရှင်းပြီးလား?

အလုပ်လုပ်ရင် (၁)က ပဋိစ္စသမုပ္ပါယ်ရှင်းမှု၊ (၂) ကဒိဋ္ဌိခွာမှု (၃)က ဝိပဿနာရှုမှု ဒီအစဉ်မမှားစေရဘူး၊ ဒီအစဉ်မပါရင် မရဘူးလို့ မှတ်လိုက်ကြ။

ဖွားဘက်တော် မောင်ဆန်ဟာ နှစ်ပေါင်း ၄၀ ကျော်ကြာ အောင်ဝိပဿနာအားထုတ်တာဘဲ၊ ဖြစ်ပျက်မြင်ပြီး အားထုတ်တာ ပါဘဲ၊ အားထုတ်ပေမဲ့ မရဘူး၊ ဘာကြောင့်လည်းဆိုတော့ ဒိဋ္ဌိမကွာလို့၊ ဒိဋ္ဌိမကွာတတ်လို့ဘဲ၊ ဘာကြောင့်မခွာတတ်သလဲ?ဆိုတော့ ပဋိစ္စ သမုပ္ပါဒ် နားမလယ်လို့ဘဲသဘောပါကြပြီလား?

ဒါကြောင့် **ဝိပဿနာ မရှုခင်, ဒိဋ္ဌိအရင်ခွာရမယ်၊ ဒိဋ္ဌိခွာဘို့ ခန္ဓာပဋိစ္စသမုပ္ပါဒ်အရင်သိရမယ်၊ ခန္ဓာအကြောင်းသိမှသာ ဒိဋ္ဌိကွာနိုင် မယ်၊ ဒီအလုပ်အစဉ်ကို မလွဲအောင် မမြဲအစွဲမှတ်ထားကြ။**

ဒိဋ္ဌိဖြုတ်ပုံက ... ဥပမာ ယားတယ်ဆိုပါတော့ ယားတယ် ဆိုတာ ဒုက္ခဝေဒနာကလေးဘဲ ယားရင်ယားတဲ့ ဒုက္ခဝေဒနာကို ဖြစ်ပျက်ရှုရမယ်၊ ရိပ်မိပြီလား?

ယားတဲ့ဝေဒနာကို မရှုမိရင် နောက်က ဒေါသလာမယ်၊ မခံ ချင်တဲ့ ဒေါသလာမယ်၊ ဒီဒေါသနောက်က ဒီလိုလာရင်ဖြင့် ခက်မယ်၊ အိပ်ရေးက ပျက်လှချည့်၊ သောကစိုးရိမ်မှုလာတယ်၊ အိပ်လို့က

မပျော်နိုင် မတင်မကျဖြစ်ပြီး မျက်ရည်တွေ ထွက်လာ ပရိဒေဝ လိုက်လာတာဘဲ၊ ဒီထက်ပိုဆိုးလာတော့ ဥပါယာသ လာဒါဘဲ၊ အဲဒါဟာ ဒုက္ခဝေဒနာလေးဖြစ်ပျက် မသိလိုက်လို့ ဆိုတဲ့ အဝိဇ္ဇာနဲ့ တွဲရက်ဘဲ၊ နောက်က အားလုံးဟာ ဒီအဝိဇ္ဇာနဲ့ တွဲရက်ချည့်ဘဲ။

ပထမလာတဲ့ ယားတဲ့ ဒုက္ခဝေဒနာလေးကို မသိလိုက်တဲ့ ဒဏ်ချက်ဟာ အဲဒီမှာ မသိလို့ အဝိဇ္ဇာနဲ့ တွဲရက်၊ နောက်အဝိဇ္ဇာနဲ့ ဒေါသ၊ အဝိဇ္ဇာနဲ့ ဒေါမနဿ အဝိဇ္ဇာနဲ့ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ အားလုံး အဝိဇ္ဇာနဲ့ တွဲရက်ချည့်ဘဲ၊ အဲဒီအခိုက်မှာ အဝိဇ္ဇာနဲ့ တွဲရက်နဲ့ အသက်ရှင်နေရတယ်ဆိုတာ မှတ်ကြ၊ ဘာပေါ်လာလာ ဖြစ် ပျက်မရှုမိရင် မသိမှုနဲ့ နေတာမို့ အဝိဇ္ဇာနဲ့ အသက်ရှင်နေတာဘဲ၊ အဝိဇ္ဇာနဲ့ ရှင်ရတာ သက်ဆိုး ရှည်တာဘဲ ဆိုတာသာ မှတ်လိုက်ကြ။

ဒကာ ဒကာတို့လည်း မသိမှုနဲ့ အသက်ရှည်ရတာ သက်ဆိုး ရှည်တာဘဲပေါ်ကြပြီလား? ဝေဒနာလာတာ ဝေဒနာမှန်းမသိဘူး၊ မသိတဲ့သူမို့ ဒေါသဖြစ်တာဘဲ၊အဲဒါ အဝိဇ္ဇာနဲ့ တွဲတာဘဲ ရိပ်မိ ကြပြီလား? ဒီလိုဖြစ်ရင် အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဖြစ်တာဘဲပေါ့၊ ဖြစ်တော့ ပဋိစ္စသမုပ္ပါဒ်အစက ပြန်လယ်ကြအုံးဘယ်တော့များ ဆုံးကြပါမတုံး?

ဒကာ, ဒကာတို့ **ဒီဒုက္ခစက်ရဟတ်ကို ဆုံးတတ်အောင် ဆုံးကြ၊ မဆုံးတတ်သမျှ ဒုက္ခပင်လယ်ဝေတော့မယ်ဆိုတာ**

**မှတ်ကြတော့၊ ဆုံးတတ်အောင် ဘယ်လို လုပ်ရမလဲ? ခြင်ပါးစပ်နဲ့ အသားနဲ့ထိတာနဲ့ ဖဿ ပစ္စယာ ဒုက္ခဝေဒနာပေါ်လာတယ်၊ အဲဒီ ဒုက္ခဝေဒနာလေးဟာ ပေါ်ပြီး ဖျတ်ဆို ချုပ်သွားတယ် ဝေဒနာပေါ်တဲ့ အချိန်မှာစ ဝေဒနာနဲ့ အသက်ရှင်နေတယ်လို့သိရင် သက္ကာယဒိဋ္ဌိ ပြုတ်ပြီ။**

ဒီဝေဒနာကို ဉာဏ်နဲ့ ကြည့်ရင်တစ်နဲ့ နှစ်ဘဲရှိတယ်၊ တစ်ဆို ဖြစ်ပြီး နှစ်ဆိုချုပ်သွားတာဘဲ၊ ဒီဝေဒနာဟာ တစ်, နှစ်ဆို မမြဲဘူး၊ အနိစ္စပါလားလို့ သိရင် သဿတဒိဋ္ဌိပြုတ်တယ်၊ ရှင်းကြရဲ့လား? ဝိပဿနာမရှုမိရင် ဒုက္ခဝေဒနာပစ္စယာ ဒေါသော၊ ဒုက္ခဝေဒနာကြောင့် ဒေါမနဿဖြစ်တယ်၊ ဖဿကြောင့် ဝေဒနာဖြစ်တယ်၊ ဒီဒုက္ခ ဝေဒနာကြောင့်လည်း ဒေါသဖြစ်ရတယ်၊ အဲဒီလို အကြောင်းအကျိုး ဆက်တာ မြင်ရင်ဥစ္ဆေဒဒိဋ္ဌိပြုတ်တယ်။

ဒါကို မြင်အောင်ဟောပြလို့ သိရရင်ဖြစ်ပျက်သာ ဆက်ပြီး ရှုကြတော့ ဒိဋ္ဌိတွေ သီးသန့်ခွါဘို့ မလိုတော့ဘူး၊ ဒီပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ဟောပြထားလို့ ဉာဏ်နဲ့ သိရရင် တဒင်္ဂအားဖြင့် ဒိဋ္ဌိတွေ အလိုလိုကွာနေပြီဆိုတာ မှတ်ကြ၊ ဒီအမြင်နဲ့ ဝိပဿနာသာ ဆက် ကြိုးစားတော့ သဘောပါပြီလား?

**ဝိပဿနာရှုတဲ့အခါမှာ ခန္ဓာထဲမှာ ပေါ်လာသမျှဟာ ဒုက္ခသစ္စာ ချည့်ဘဲ၊ ဒုက္ခပေါ်တာ ဒုက္ခမှန်းသိရင် သက္ကာယ စင်ပြီး ဓမ္မလေးတွေ ပေါ်လာတိုင်း ပျက်, ပျက်သွားတာ မြင်ရင် သဿတ စင်ပြီး**

ဓမ္မတစ်ခုနဲ့တစ်ခု အကြောင်း အကျိုးဆက်နေတာ ဘဲလို့ မြင်ရင် ဥစ္ဆေဒစင်ပြီ ဒီ ဒိဋ္ဌိသုံးခု စင်ရင် ဒိဋ္ဌိ ၆၂မျိုးလုံး အကုန်စင်တာဘဲလို့သာ နှုတ်လိုက်ကြတော့၊ သဘောပါပြီလား?

# "ဒုက္ခများမြင်၊ နိဗ္ဗာန်ဝင် တရားတော်"

ဒကာ၊ ဒကာမတို့အကြောင်းကို သိမှ အကျိုးကိုသိမယ်၊ အကျိုးခန္ဓာကိုသိမယ်၊ အကျိုးခန္ဓာသိရင်လည်း အကြောင်း ပဋိစ္စသမုပ္ပါဒ်ကို သိပြီဆိုတာ မှတ်လိုက်ကြ။ ဒီအသိဆိုတာကလည်း စာသိ၊ ပဋိကတ်သိ တစ်ဆင့်ကြားသိ၊ ကြံတွေ့ သိမျိုးမလိုဘူး၊ ဒီလို အသိမျိုးနဲ့ နိဗ္ဗာန်မရဘူးလို့ မှတ်လိုက်ကြ ရိပ်မိကြရဲ့လား?

အမှန်လိုအပ်တဲ့ အသိက ပဋိစ္စသမုပ္ပါဒ်က ပြလို့ ပြောလို့ အခုပေါ်လို့ သိတဲ့ အသိမျိုးကို ဆိုလိုတယ်၊ ဒီအသိမျိုးနဲ့မှ နိဗ္ဗာန် ရနိုင်မယ်၊ ကိုယ်ခန္ဓာမှာ လက်ငင်းဖြစ်ပေါ်နေတာကို ကိုယ်တိုင် သိရတဲ့"ပစ္စက္ခသိ" မျိုးလိုတယ်၊ ဒီပစ္စက္ခသိမှ နိဗ္ဗာန်ရမယ်လို့ ဟောတော်မူတယ်လို့ မှတ်လိုက်ကြ။ သဘောပါရဲ့လား?

လိုရင်းမှတ်ဖို့ကတော့ "ကိုယ့်ဉာဏ်နဲ့အကြောင်းကဖြစ်စေလို့ အကျိုးဖြစ်တာကို သိစေလိုတယ်" အဲဒီလို သိတာဟာ ဒုက္ခသစ္စာကို သိတာပဲ၊ သဘောပါကြပြီလား? အခုရှိနေတာက ခန္ဓာငါးပါးဘဲလို့သာ သိနေတာ၊ ဒီအကြောင်းကြောင့် ဒီအကျိုးပေါ်တာဘဲလို့ မသိကြဘူး၊ အဲဒီလို မသိရင် ပစ္စက္ခသိမရောက်သေးဘူး၊ ပစ္စက္ခသိ၊ မရောက်ရင် လိုရင်းမကျသေးဘူးလို့ မှတ်ကြ။

မူလပဏ္ဏာသပါဠိတော် "ဟတ္ထိပဒေါပမသုတ်" မှာ အရှင် သာရိပုတ္တရာကိုယ်တော်ကြီး ဟောတော်မူခဲ့တဲ့ စကားကို ဘုရားရှင်က

ထောက်ခံချက်ပေးတယ်၊ အဲဒီထောက်ခံချက်ပေးတဲ့ စကားတော်က–

**“အကြင်သူသည် ပဋိစ္စသမုပ္ပါဒ်ကို သိမြင်၏ ထိုသူသည် ခန္ဓာကိုလည်း သိမြင်လေ၏၊ အကြင်သူသည်ခန္ဓာကို သိမြင်၏၊ ထိုသူသည် ပဋိစ္စသမုပ္ပါဒ်ကိုလည်း သိမြင်လေ၏တဲ့၊**

အခုပစ္စက္ခသိဖြစ်အောင် ရှင်းပြရမယ်၊ ဥပမာ –အသံကလေး တစ်ခုပေါ်လာတယ်၊ ပေါ်လာတဲ့အသံကို နားကကြားရတယ်၊ အဲဒီမှာ အသံကို နားနဲ့ကြားတော့ ကြားသိစိတ် နားသိစိတ်ကလေး ပေါ်လာတယ် ဒီနားသိစိတ်ဟာ အခုပေါ်တာ၊ အရင်က ပေါ်နေတာ မဟုတ်ဘူး၊ အခုမှအကြောင်းညီညွတ်လို့ ပေါ်လာတာပဲ၊ နားအကြည်နဲ့ အသံနဲ့ တိုက်ဆိုင်လို့သာ ပေါ်လာတာ၊ နဂိုက ပါလာတာ မဟုတ်ဘူး၊ သဘောကျကြရဲ့လား?

ဒီကြားသိစိတ်ဆိုတဲ့ ဝိညာဏက္ခန္ဓာ ကလေးဟာ အခုမှာ ပေါ်တဲ့ တရားပဲဆိုတာ သူများပြောမဟုတ်ဘူး၊ ကိုယ်သန္တာန်မှာ အခုပေါ်လာတာမို့ အခုသိရတာဘဲ၊ ဒကာ ဒကာမတွေ ကျေနပ်ပြီလား? ဥပမာ “ဗုဒ္ဓေါ”ဆိုတဲ့ အသံကလေးကြားလိုက်တဲ့ အခါ ကြားသိစိတ် ကလေးပေါ်လာတယ်၊ ဒီကြားစိတ်ကလေး ပေါ်တာဟာ ဝိညာဏက္ခန္ဓာ ပေါ်တာဘဲ၊ အသံသိလုံး အသံကြားလုံးကလေးပဲလို့ မှတ်ကြ။

ဒီသိလုံးကလေးဟာ အရင်ကသိနေတဲ့သိလုံးမဟုတ်ဘူး၊ အရင်သိမဟုတ်ဘူး၊ အခုတွင်မှ ပေါ်တဲ့ သိလုံးကလေးဘဲ၊ အသံရုပ်နဲ့

နားအကြည်နဲ့ တိုက်လို့ ပေါ်လာတဲ့ အခုမှ ပေါ်တဲ့ သိလုံး ရှင်းကြရဲ့လား? အခုပြောတဲ့ အမိပ္ပါယ်ကို ဉာဏ်ရှင်းဘို့လိုတယ်၊ ဒါသိရင် နောက်ပြောမဲ့ အဓိပ္ပါယ်ပါ အကုန်ရှင်းမယ်၊ သို့မဟုတ်ရင် မရှင်းဘူး။

ဒီလိုသိတော့ အကြောင်းပဋိစ္စသမုပ္ပါဒ်ကိုသိလို့ အကျိုးခန္ဓာကိုယ် သိရတာဘဲလို့ မှတ်ကြ၊ အကြောင်းနှစ်ခုက ပဋိစ္စသမုပ္ပါဒ်၊ အကျိုးတစ်ခုကခန္ဓာ၊ ရှင်းကြပြီးလား? နားအကြည်နဲ့ အသံနှစ်ခုက ပဋိစ္စသမုပ္ပါဒ် ကြားသိစိတ်၊ အကျိုးတစ်ခုက ခန္ဓာပဲ၊ ကျေနပ်ရဲ့လား? အကြင်ပုဂ္ဂိုလ်သည် ပဋိစ္စသမုပ္ပါဒ်ကိုသိ၏၊ ထိုသူသည် ခန္ဓာကို သိ၏"လို့ ဆိုတဲ့အတိုင်း ပဋိစ္စသမုပ္ပါဒ်သိလို့ ခန္ဓာကိုသိရတာဘဲ၊ ခန္ဓာကိုသိရင်လည်း ပဋိစ္စသမုပ္ပါဒ်ကိုလည်း သိပါတယ် ဆိုတာ မှတ်ကြ။

ဒီကြားစိတ် ဝိညာဏက္ခန္ဓာနဲ့ တွဲနေတဲ့ ခံစားမှု ဝေဒနာ၊ မှတ်တဲ့ သညာ၊ ကြားဘို့ စေ့ဆော်တဲ့ သင်္ခါရက္ခန္ဓာဒီနာမ် သုံးပါးကလည်း တွဲပေါ်တာမို့ ဒါတွေကိုလည်း သိရတယ်၊ ဒကာတို့တစ်တွေ ရှေးတုန်းက ပြောသံကြားနဲ့သိရတာ၊ အခုကိုယ်တွေ့ ပစ္စက္ခသိရပြီ ရှေးကပြောသံ ကြားသိ စာသိဘဲရှိပါတယ်၊ အခု ခန္ဓာတွေက ကိုယ်တိုင်သိ, သိရတာဘဲသဘောကျရဲ့လား?

စာသိမျိုး၊ တစ်ဆင့်ကြားသိမျိုး၊ တွေးသိမျိုးကို ဘုရားမကြိုက်ဘူး၊ ကိုယ့်ဉာဏ်အောက်မှာ ခန္ဓာတွေ ပေါ်တာကို သိရတာဟာ ပစ္စက္ခအသိ၊ ပစ္စက္ခခန္ဓာကို သိရတာဘဲ၊ ဘုရားက ဒီလို အခုခန္ဓာတွေ့က

သိတဲ့ ကိုယ်တိုင်သိမျိုးမှ ချီးမွမ်းတော်မူတယ်၊ ရိပ်မိကြပြီလား? သိဆိုပေမဲ့ အသိကများတယ်၊ အတုံးအခဲမြင်တဲ့ အသိမျိုးဆိုရင် ပညတ်ဘဲလို့မှတ်ကြ၊ ရိပ်မိကြပြီလား?

**ပဋိစ္စသမုပ္ပါဒ် အကြောင်းကြောင့်ပေါ်လာတဲ့ ခန္ဓာကို သိမှသာ ဒုက္ခသိ, ခန္ဓာသိ၊ ပစ္စက္ခသိ၊ ဘုရားရှင်အလိုတော်ကျတဲ့ အသိဘဲလို့ ဆုံးဖြတ်ချက်ကျ၊ ရှင်းကြပြီလား?** ဒကာ ဒကာမတို့ **ဒီအသိစိတ် ဝိညာဏက္ခန္ဓာဟာ အကြောင်းကြောင့်ပေါ်လာတာဘဲလို့ သိတဲ့အတွက် အဟေတုကဒိဋ္ဌိ စင်တယ်၊ ဒီထဲမှာ ပဋိစ္စသမုပ္ပါဒ် ခန္ဓာစမ္မတွေဘဲရှိတယ်၊ ငါမဟုတ်, သူလည်းမဟုတ်ဘူးလို့ သိတဲ့အတွက်လည်း သက္ကာယဒိဋ္ဌိ စင်တယ်၊ ဝိစိကိစ္ဆာလည်းစင်တယ်။**

**အကြောင်းအကျိုးဆက်ပြီး သိတဲ့အသိက ဒိဋ္ဌိတွေခွာပြီးသိရတာ ဒီအသိဟာ မိစ္ဆာဒိဋ္ဌိလည်း မရောဘူး၊ အဝိဇ္ဇာလည်း မရောဘူး၊ ဒါကြောင့် အဖိုးတန်တဲ့ အသိဘဲဆိုတာ ဆုံးဖြတ်ချက်ချကြ။**

**ဒီလိုခန္ဓာသိမျိုးက သောတာပန်အစစ်နဲ့ မခြားဘူးလို့ မှတ်ကြရမယ်၊ ဒီအသိမျိုးကို ရရင် အနွပုထုဇဉ်အဖြစ်က လွတ်ပြီ၊ စာတွေ ပေတွေနဲ့သူများပါးစပ်တင် လမ်းဆုံးတဲ့ အသိမျိုးနဲ့ကွာတယ်၊** အသံ တစ်ခုကိုကြားတဲ့အခါအခုကြားတာဟာ ခန္ဓာတွေကကြားတာဘဲ၊ပုဂ္ဂိုလ် သတ္တဝါက ကြားတာမဟုတ်ဘူး အဲဒီလိုသိရင်ဒိဋ္ဌိလွတ်ပြီ၊ ဒီလိုကြား တာဟာကြားချင်လို့ ကြားတာမဟုတ်ဘူး၊ အကြောင်း ပဋိစ္စသမုပါဒ် ကြောင့်ကြားစိတ် ခန္ဓာပေါ်ရတာဘဲလို့ သိရင် ဝိစိကိစ္ဆာ လွတ်တယ်။

ဒကာဒကာမတွေ ဒီလိုသိရင် သေပျော်ပြီလို့သာ မှတ်ကြ၊ ခန္ဓာထဲမှာနက်နက်နဲနဲသိတဲ့အသိမို့ အဖိုးတန်တာဘဲ၊ ရိပ်မိပြီလား? တရားအားမထုတ်ခင် ဒီလိုသိစရာတွေ သိပြီးမှ အားထုတ်ရမယ်၊ သိပြီးမှအားထုတ်လို့ လွယ်ကူတယ်ဆိုတာ မှတ်ထားကြ၊ ခန္ဓာဒုက္ခသစ္စာကို သိရင် ပဋိစ္စသမုပ္ပါဒ်ကို သိတယ်၊ ပဋိစ္စသမုပ္ပါဒ်ကို သိရင် ခန္ဓာဒုက္ခသစ္စာကို သိမယ်လို့ ဟတ္ထိပဒေါပမသုတ်မှာ ဟောထားတဲ့ အတိုင်းခန္ဓာဒုက္ခတစ်ခုကို ပိုင်ပိုင်နိုင်နိုင်သိဘို့ ကြိုးစားရမယ်။

ဘုရားကသံယုတ်ပါဠိတော်မှာ အထင်အရှားဟောတော်မူခဲ့တယ်၊"ကြားတဲ့အခါငါကြားတာ၊ သူကြားတာမဟုတ်ဘူး ခန္ဓာက ကြားပြီးသိတာ၊ အဲဒီလိုသိရင်ဒိဋ္ဌိစင်ပြီး၊ ကြားစိတ်ဖြစ်စေတဲ့အကြောင်း တရားကိုသိရင် ဝိစိကိစ္ဆာစင်ပြီး ဒီလိုအသိဉာဏ်ရရင် သောတာပန်နဲ့ တူပြီလို့ မှတ်ရမယ်" ဆိုပြီး ဟောတော်မူခဲ့တယ်၊ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေက ဘယ်နေရာဖြစ်ဖြစ်၊ ဘယ်တရားမှာဘဲဖြစ်ဖြစ် ဒီအတိုင်းဘဲလို့သာမှတ်ကြ။

ဒကာ, ဒကာမတွေ သဘောပါကြရဲ့လား? ဥပမာ ကိုယ်ထဲမှာ ယားတာကလေးပေါ်လာတယ်၊ ဒီလိုပေါ်လာတော့ သိလိုက်တယ်၊ အဲဒီမှာ ကိုယ်အကြည်နဲ့ ဖေါဋ္ဌဗ္ဗအတွေ့ ရုပ်နှစ်ခုက ကျေးဇူးပြုလို့ သူတို့နှစ်ခုကြောင့် ယားစိတ်ပေါ်ရတာ၊ ရှင်းရဲ့လား? ဥပမာ အိုက်တဲ့ အခါမှာ လေညှင်းကလေးနဲ့ တွေ့လိုက်ရတော့ ခံသာတယ်, ကောင်း တယ်ဆိုတဲ့ စိတ်ကလေးပေါ်လာတယ်၊ ဒီမှာလည်း ကိုယ် အကြည့်နဲ့

လေအတွေ့ကြောင့် စိတ်ကလေးပေါ်လာတာဘဲ။

ဒီနောက်က ဆက်လက်ပြီးတော့ ကိုယ်အကြည်နဲ့ အတွေ့ကြောင့် ကိုယ်အသိစိတ်ဆိုပြီး ဖဿ, ဝေဒနာ, တဏှာစတဲ့ဟာတွေ လိုက်လာမယ်၊ မြင်ကြရဲ့လား? ဒါတွေဟာ အားလုံးဓမ္မတွေ ချည့်တဲ့၊ ငါ, သူမပါဘူး၊ ရုပ်နဲ့နာမ်နှစ်ခုဘဲပါကြတယ်၊ သိလုံးကလေးဟာ ရှေ့ကပဋိစ္စသမုပ္ပါဒ်အကြောင်း နှစ်ခုကြောင့် ပေါ်တာ၊ "သုခသဟဂတံ ကာယဝိညာဏံ"ဆိုတဲ့ သိလုံးကလေးဘဲ၊ အဲဒီလိုသိရင် အမှန်သိတာဘဲလို့ မှတ်ကြ။

ဒီလိုသိရတာ သူများပြောလား? မဟုတ်ဘူး၊ တဆင့်ကြားလား? ဆိုတော့လည်း မဟုတ်ပါဘူး၊ မိမိသန္တာန်ပေါ်တာကို အကြောင်းအကျိုး ဆက်ပြီး ပစ္စက္ခသိရတာဘဲ၊ သဘောကျပြီလား? ဒကာ, ဒကာမတို့ ကြားသိစိတ်ရဲ့နောက်ကကြားလို့ ကောင်းတယ်ဆိုရင် တဏှာလာမယ်၊ ဒီနောက် ဥပါဒါန်, ကမ်ဆိုတဲ့ ခန္ဓာတွေပါ လိုက်လာကြတယ်၊ ရိပ်မိကြပြီလား?။

ခန္ဓာတွေ တန်းလိုက်လာတာ ဒုက္ခသစ္စာတွေဘဲ၊ ဒီတော့ ဒကာတို့ဟာ တစ်နေကုန် ဒုက္ခသစ္စာတွေဘဲ လုံ့နေရတာဘဲဆိုတာ မှတ်ကြတော့ သဘောပါကြရဲ့လား? ဓမ္မစကြာပါဠိတော်မှာ "ဒကာ, ဒကာမတွေ ရထားသမျှဟာ ဒုက္ခသစ္စာကြီးပဲ"လို့ ဟောတော်မူတဲ့ စကားနဲ့ အညီပါဘဲ၊ "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ"တဲ့အဲဒါဟာ ဒီခန္ဓာတွေ လုံ့ဖြစ်နေတာကိုဆိုဒါလို့ မှတ်လိုက်ကြ၊ ရိပ်မိပြီလား?

ကြားတယ်, ကြားလို့ကောင်းတယ်၊ လိုချင်နှစ်သက်တယ် စွဲလန်းတယ်၊ အားထုတ်တယ်၊ တွေ့ထိတယ်၊ တွေ့ထိလို့ကောင်းတယ် နှစ်သက်တယ်၊ စွဲလန်းတယ် အားထုတ်တယ် ဝိညာဏ် နာမ်ရုပ်၊ သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကမ္မဘဝ, အကုန် ဒုက္ခသစ္စာချည့်ဘဲ၊ ရှင်းကြရဲ့လား? ဒကာ, ဒကာတို့ ဒီဒုက္ခသစ္စာကို သိရင် ပဋိစ္စသမုပ္ပါဒ်ကိုလည်းသိတယ်၊ ဒုက္ခသစ္စာ သိတဲ့အသိဟာ နိဗ္ဗာန်ရောက်မဲ့အသိဘဲ၊ နိဗ္ဗာန်ရောက်ကျေးဇူးပြုမဲ့ အသိလို့ မှတ်လိုက်ကြ။

ခန္ဓာအရိုက ဒုက္ခသစ္စာ၊ အသိက မဂ္ဂသစ္စာ၊ ခန္ဓာရှိတဲ့ ဒုက္ခတွေကို သိတာဟာ မဂ္ဂသစ္စာဘဲ၊ ဒီလိုသိတော့ ပဋိစ္စသမုပ္ပါဒ်ကြောင့် ပေါ်တဲ့ တရားတွေက ဒုက္ခသစ္စာ၊ သူတို့ကို ခင်မင်နှစ်သက်တဲ့ တဏှာက သမုဒယသစ္စာ၊ ခင်တွယ်တဲ့ တဏှာကို သတ်တာက မဂ္ဂသစ္စာ၊ အဲဒီလိုဖြစ်သွားတယ်၊ ဒါကြောင့် ဒုက္ခသစ္စာကို သိတဲ့ အလုပ်ကို အများကြီးလုပ်ရမယ်လို့ "ဟတ္ထိပါဒေါပမသုတ်"မှာ ဟောတော်မူခဲ့တာဘဲ။

အဲဒီလို ဒုက္ခသစ္စာတွေချည့်လာသမျှ ဆက်ရှုရမယ်၊ အဲဒီလို ဒုက္ခသစ္စာတွေ အများကြီးရှုသွားရင် ဒီဒုက္ခသစ္စာကို ရှုရင်းက နိရောဓသစ္စာနိဗ္ဗာန်ပေါ်လာမယ်၊ ပထမဒုက္ခကို အရှုအပွားများများလုပ်ဖို့လိုတယ်၊ များများလုပ်မှ ဒုက္ခကို ပိုင်ပိုင်နိုင်နိုင်သိမယ်။ **ဒုက္ခကို ပိုင်ပိုင်နိုင်နိုင်သိတဲ့အလုပ်၊ သိအောင် လုပ်တဲ့အလုပ်ဟာ နိဗ္ဗာန်**

## ရောက်ကြောင်း အကျင့်ပဲလို့ ဆုံးဖြတ်ချက်ချကြ။

ဒီဒုက္ခတွေချည့် လှည့်နေမှာဘဲ၊ နိဗ္ဗာန်မရသေးခင်တော့ လှည့်နေမှာဘဲ ဆိုတာမှတ်ကြ၊ ဒီလိုလှည့်နေတာကို မပြတ်အောင် ကြည့်ပေး၊ အကြည့်များရင် ဒီဒုက္ခတွေ မုန်းလာမယ်၊ အမြင်များလို့ အမုန်းများလာရင် မလိုချင်တော့ဘူး၊ ဒီဟာတွေ လွတ်ချင်လှပြီ၊ ကျွတ်ချင်လှပြီဆိုတဲ့ ဉာဏ်ရောက်ပြီ မကြာတော့ဘူး၊ တစ်ချက်ချက်မှာ ဒီဒုက္ခတွေ မြင်နေရင်းက ဖြတ်ကနဲပျောက်ထွက်သွားပြီး အဲဒီနေရာမှာ နိဗ္ဗာန်ပေါ်လာတာဘဲ၊ ကျေနပ်ပြီလား?

ဒါကြောင့်ဘုန်းကြီးတို့ ဒကာ, ဒကာမတွေက ကိုယ့်ခန္ဓာ ဖြစ်တာ မရှင်းသမျှ မသိမမြင်သမျှ နိဗ္ဗာန်မရဘူးဆိုတာ မှတ်လိုက်ကြ ရှင်းကြပြီလား?

ဒကာ ဒကာမတို့ ဘုန်းကြီးပြောတဲ့ အသံကိုမှတ်ပါ "ဗုဒ္ဓ" ကြားရဲ့လား? ကြားကြပြီ ကိုင်းအခုတစ်ခါ "ဓမ္မ"ဆိုတော့လည်း ကြားကြပြီ၊ ဗုဒ္ဓဆိုလိုက်တော့ ဒကာတို့နားထဲမှာ ကြားစိတ်ပေါ်လာ တယ်၊ နောက်ထပ်ဓမ္မလို့ ဆိုလိုက်တော့ ပဌမကြားစိတ်ရှိသေးရဲ့လား? မရှိတော့ဘူး ချုပ်သွားပြီ၊ ဒုတိယ ဓမ္မကြားစိတ်လည်း ထိုအတူကြားပြီး မရှိတော့ဘူး၊ ချုပ်သွားပြန်တာဘဲ၊ ရှင်းကြရဲ့လား?

အဲဒီတော့ အခု ဒကာ, ဒကာမတွေကို မေးမယ် "ကြားစိတ်ဟာ အနိစ္စလား? နိစ္စလား?"

"အနိစ္စပါဘုရား"

ဒါဖြင့် ဒီအနိစ္စဖြစ်တဲ့ ကြားစိတ်ကို သုခဆိုမလား? ဒုက္ခ ဆိုမလား။

"ဒုက္ခပါဘုရား"

ဒါဖြင့် "ဒီအနိစ္စဒုက္ခဖြစ်တဲ့ ကြားစိတ်ကို ငါ့ကိုယ်ငါ့ဟာ ငါ့ဥစ္စာလို့ကော ဆိုနိုင်ပါမလား?။

"မဆိုနိုင်ပါဘုရား"

ဒကာ ဒကာမတို့ကြားစိတ်က ကြားတိုင်းကြားတိုင်းပေါ်တယ်၊ ပထမစိတ်ပေါ်လာ အခုမရှိ၊ အနိစ္စဖြစ်သွားတာဘဲ၊ ဒုတိယ ကြားတာ လည်းပေါ်လာပြီး ပျက်စီးသွားတာဘဲ၊ အနိစ္စဖြစ်တယ်ဆိုတာ သူ့ဒုက္ခရောက်သွားရာတာဘဲ၊ အဲဒီလို ဒုက္ခရောက်သွားတဲ့ ကြားစိတ်ကို ဒါဟာ ငါပဲ၊ ငါ့ကိုယ်ပဲ၊ ငါဟာပဲ၊ ငါဥစ္စာပဲလို့ ဆိုနိုင်ပါ့မလား? မဆိုနိုင်ပါဘူး။

ခန္ဓာတစ်ခုလုံးမှာ ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာဘဲရှိတယ်၊ ဒီပြင် ဘာမှအပိုမစွက်ဘူး၊ နိဗ္ဗာန်မရသေးသရွေ့ ဒီနှစ်ခုဘဲရှိတယ်၊ ခန္ဓာ တစ်ခုလုံးမှာ အမြဲတမ်း "ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခနှစ်ခုပဲရှိတယ်" လို့ သာမှတ်လိုက်ကြ။

ဒကာ ဒကာမတွေ ရှေးရှေးက ဘယ်လိုများ နေခဲ့ထိုင်ခဲ့ ကြရသလဲ?လို့ သိကြရဲ့လား? တသံသရာလုံး ဒုက္ခဖြစ်၍ ဒုက္ခ ချုပ်တာနဲ့ဘဲ နေခဲ့ထိုင်ခဲ့ကြရတယ်လို့ မှတ်လိုက်ကြ၊ ဒုက္ခလုံးဝချုပ်တာ

မပါဘူး၊ ဒကာ, ဒကာမတွေဟာ သံသရာမှာ ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခ ထဲမှာဘဲ လယ်နေခဲ့ရတယ်၊ ဒီနှစ်ခုဘဲလှဲ့ပတ်ခဲ့ရတယ်ဆိုတာ သံသယ မရှိကြနဲ့ သဘောပါကြပြီလား? ဒုက္ခစက် မပြတ်လယ်တာဘဲ ရှိတယ်၊ ဒီပြင်ဘာမှ ခြားမညှပ်ဘူး။

အဲဒါကြောင့် အခုနေ ဒီဒုက္ခစက်က လွတ်လမ်းကျွတ်လမ်း ရှာကြရမယ်၊ ဒကာတို့အထဲမှာ ဆင်းရဲမကြောက်သူဒုက္ခကြိုက်သူများ ပါကြသေးသလား? မပါကြတာ ဧကန်မုန်ရင်ဖြင့် လွတ်လမ်း ရှာရမယ်ဆိုတာ သဘောပါပြီလား? လွတ်လမ်းက ဝိပဿနာ လုပ်ငန်း မဂ္ဂလမ်းတစ်ခုသာရှိတယ်၊ ဒါကြောင့် ဒုက္ခလွတ်ချင်ရင် ဝိပဿနာရှုရမယ်၊ မရှုရင် မဖြစ်ဘူးလို့ ဆုံးဖြတ်ချက်ချကြ။

အခုအချိန်ကစပြီး ဝိပဿနာရှုကြရမယ်၊ ဝိပဿနာရှုရင် ဖြစ်တာလည်း မြင်မယ်၊ ပျက်တာလည်းမြင်မယ်၊ ဖြစ်တာက ဒုက္ခသစ္စာ၊ ပျက်တာကလည်း ဒုက္ခသစ္စာဘဲ၊ ဝိပဿနာ မဂ္ဂင်အလုပ်နဲ့ ဒီဖြစ်ပျက် ဒုက္ခသစ္စာကို ဇာတ်သိမ်းအောင် လုပ်ကြရမယ်၊ ဒါကို အခုကမှ ဇာတ်မသိမ်းနိုင်ရင် နောက်လည်း ဒါဘဲလာမှာပဲ၊ ဒကာတို့ တတွေ ဒီနှစ်ခုနဲ့ပဲ အဖော်လုပ်ရမှာဘဲ၊ ကောင်းကွက်မပါကြဘူး၊ ရိပ်မိကြရဲ့လား? ချမ်းသာသုခလုံးဝမရှိဘူးဆိုတာ မှတ်ကြ။

ဒကာ, ဒကာမတို့ ဒီဝိပဿနာ အလုပ်က ဒုက္ခစခန်းသတ်တဲ့ အလုပ် ဒီစခန်းသတ်တာကိုမှ မလုပ်ရင် ဒီဒုက္ခနဲ့ဘဲနေကြရမယ်လို့ မှတ်ထားကြ၊ ဝိပဿနာ ရှုကြလို့ ဆိုတော့ မိမိခန္ဓာမှာကြည့်ကြရမယ်၊

ကြည့်တော့ ဝိညာဏ်ပဲကြည့်ကြည့် ဝေဒနာပဲကြည့်ကြည့်၊ တလုံးထဲကို ကြည့်ရမယ်၊ အများမလိုဘူး၊ ကြိုက်တာ တစ်လုံးထဲကို ဖြစ်တာနဲ့ ပျက်တာကို မြင်အောင် ကြည့်ပေးကြ။

ဖြစ်တာနဲ့ ပျက်တာဟာ ဒုက္ခသစ္စာပဲ ဒီဒုက္ခကို မြင်အောင်ကြည့် ဒုက္ခမြင်ရင် ယထာဘူတဉာဏ် ရတာဘဲ၊ ဒီဖြစ်ပျက် အမြင်ရရင် ဆက်သာရှု၊ ဖြစ်ဒုက္ခ ပျက်ဒုက္ခ အမြင်များရင် ဉာဏ်တက်လာတာဘဲ၊ အရှုများရင် ဉာဏ်ထက်လာရင် မုန်းဉာဏ်လာတော့တာဘဲ၊ မုန်းလာတော့လည်း ဆက်သာရှု၊ အဲဒီလို မုန်းရက်ကဆက်ကြည့်၊ ကိလေသာကုန်အောင်မုန်းမှ လိုရင်းရောက်မယ်၊ ဒီလိုနဲ့ ဆက်ကြည့်လို့ ဒုက္ခတွေ ချည့်မြင်နေတယ်၊ သုခလုံးဝမရှိဘူးလို့ သိနေမယ်။

အဲဒီလိုနဲ့ ဒုက္ခချည့်သာ ရှိတယ်၊ ဒုက္ခမှတပါး တခြားဘာမှ မရှိပါကလားဆိုပြီး ဒုက္ခပိုင်းခြားလိုက်တယ်၊ ဒုက္ခပိုင်းခြားတာနဲ့ မဂ်ဉာဏ်ပေါ်လာပြီ၊ မဂ္ဂင်ရှစ်ပါးဝင်လာလို့ ဖြတ်ကနဲဆို ဒုက္ခဓာတ်သိမ်းတော့တာဘဲ၊ အဲဒီမှာ မဂ္ဂင်က ဒုက္ခဓာတ်သိမ်းတာကို မြင်နေတယ်၊ သူက ဒုက္ခမရှိတော့ဘူးလို့ သိတယ်၊ ဒုက္ခမရှိကြောင်းကို သိတာဟာ မဂ္ဂသစ္စာဘဲ၊ သဘောကြရဲ့လား?

အဲဒီမှာ "ဒုက္ခနိရောဓော နိဗ္ဗာနံ၊ ဒိဋ္ဌိဝိစိကိစ္ဆာနိရောဓော နိဗ္ဗာနံ" နှစ်ချက်ရတယ်၊ သောတာပတ္တိမဂ်မှာ ခန္ဓာလည်းချုပ်၊ ကိလေသာလည်း ချုပ်၊ ချုပ်တဲ့ နိဗ္ဗာန်နှစ်ချက်ရတယ်၊ အဲဒီပထမ မဂ်ကိုရရင် အပါယ်ကျစေတဲ့ တရား အဝိဇ္ဇာ, လောဘ, ဒေါသဆိုတာ

တွေမရှိတော့ဘူး “စတုပ္ပာပါယေဟိစဝိပ္ပမုတော” အပါယ်လေးပါးက လွတ်မြောက်သွားပြီဆိုတာ မှတ်လိုက်ကြ၊ သဘောကျရဲ့လား?

| | |
|---|---|
| အဲဒီနေရာမှာ ဖြစ်ဒုက္ခ ပျက်ဒုက္ခတွေက | **ဒုက္ခသစ္စာ** |
| အပါယ်ကျစေတဲ့ ဒိဋ္ဌိဝိစိကိစ္ဆာစတဲ့ တရားတွေက | **သမုဒယသစ္စာ** |
| ဖြစ်ပျက်ဒုက္ခဇာတ်သိမ်းသွားတာက | **နိရောဓသစ္စာ** |
| ဒုက္ခဇာတ်သိမ်းတာကို သိတာက | **မဂ္ဂသစ္စာ** |

ဒကာ, ဒကာမတွေ ကျေနပ်ကြပြီလား? ဒါဖြင့် ဒုက္ခဖြစ်တာနဲ့ ဒုက္ခပျက်တာကို မြင်အောင် ကြည့်ဖို့အရေးဟာ ဒကာ, ဒကာမတို့ အရေးပဲဆိုတာ မှတ်လိုက်ကြ၊ ဆရာဘုန်းကြီးက ညွှန်ပြရေးဟောရေး ပြောရေး ဒကာတို့တတွေက လိုက်နာကျင့်ကြံရေး အရေးနှစ်ပါးမှာ ကိုယ့် အရေးကိုယ် ကျေပွန်ကြရမယ်ဆိုတာ ရိပ်မိကြပြီလား?

★ ★ ★ ★ ★ ★ ★

## "စန္ဒာသဘောဉာဏ်စောကြောတရားတော်"

ဒကာ, ဒကာမတွေရှေ့က ဘာနဲ့နေခဲ့ကြရသလဲ? အိုနာ, သေမွဲ, ကွဲဘေးတွေနဲ့ နေခဲ့ကြရတယ်၊ ဒီပြင် အပိုမပါဘူး၊ ဒီဘေး အမျိုးမျိုးတွေနဲ့ဘဲ ချာချာလယ်ပြီးလာခဲ့ကြရတာဘဲ၊ ဒီဘေးတွေ ကြောက်လွန်းလို့ ဒီဘေးတွေက လွတ်ကင်းချင်ကြတယ်၊ လွတ်ချင် လွန်းလို့ အမျိုးမျိုးအထွေထွေ ပြုလုပ်နေကြတယ်၊ လွတ်နိုင်ပါ့မလား? သုံးဆယ့်တဘုံလုပ်ငန်းနဲ့ဖြင့် မလွတ်နိုင်ကြဘူးလို့သာ မှတ်ကြ။

အို, နာ, သေ, မွဲ, ကွဲမရှိတာက နိဗ္ဗာန်ဘဲ၊ အဲဒီနိဗ္ဗာန်ရောက်မှ ဒီဘေးတွေက လွတ်မြောက်ကြမှာ၊ လွတ်မြောက်ချင်ရင် နိဗ္ဗာန်ရအောင် လုပ်ကြရမယ်၊ နိဗ္ဗာန်ကလည်း လမ်းမသိရင် မရောက်နိုင်ကြဘူး၊ လမ်းမှန်သိမှ လမ်းစဉ်မှန်မှသာ ရောက်နိုင်ကြမယ်၊ ဒီလမ်းသိအောင် ဆရာသမားက ညွှန်ပြပေးနေတယ်၊ ဒကာ, ဒကာမတို့ ကြိုးစားပြီး လိုက်ကြ၊ ဒီလမ်းဟာ သံယုတ်ပါဠိတော်မှာ လာတယ်၊ "ကတမောစ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ" ဘယ်လမ်းဟာ အို, နာ, သေ, မွဲ, ကွဲလွတ်ရာလမ်းပါလဲ? "အယမေဝ အရိယောအဋ္ဌင်္ဂိကောမဂ္ဂေါ" မဂ္ဂင်လမ်းပါဘဲတဲ့။

ဘုရားရှင်က "အို, နာ, သေ, မွဲ, ကွဲလွတ်တဲ့ လမ်းဟာ မဂ်လမ်းတစ်ခုထဲဘဲရှိတယ်၊ မဂ်လမ်းလိုက်ကြ" လို့ ဟောတော် မူခဲ့တယ်၊ ဒကာ, ဒကာမတွေအတွက် အားကိုးအချက်ရကြပြီ ဘာလိုသေးလဲ? လမ်းညွှန်တဲ့ သူက ညွှန်ရင် တန်းတန်းမတ်မတ်လိုက်

ဖို့ အရေးကြီးတယ်၊ တန်းလိုက်နိုင်အောင်, မဂ္ဂင်ရှစ်ပါး အလုပ်လုပ်ကြရမယ်၊ ကြိုးစားယူကြ၊ ကျေနပ်ကြပြီလား?

အမေးက "ကတမောစ ဘိက္ခဝေ အသခ်တဂါမိမဂ္ဂေါ"တဲ့ ဒကာ, ဒကာမတွေ နဂိုက ဒါန, သီလ, သမထတွေဟာ၊ လမ်းဖြောင့်, လမ်းမှန်ဘဲလို့ထင်ထားကြတယ်၊ ဒီလမ်းတွေက လမ်းတလျှောက်လုံးမှာ ခလုတ်တွေ၊ ကံသင်းတွေ ငြောင့်တွေ ကျင်းတွေအများကြီးတွေ့ကြရမယ်၊ ငရဲတရိစ္ဆာန် ပြိတ္တာစတဲ့ ခလုတ် ကံသင်း, ငြောင့်ကံသင်းတွေဘဲလို့ မှတ်ကြ၊ ဒါကြောင့် လမ်းမှန် လမ်းဖြောင့်လိုက်တတ်ဘို့ အလွန်အရေးကြီးတယ်၊ သဘောပါကြပြီလား?

အဖြေက "အယမေဝ အရိယော အဋ္ဌဂ်ိကောမဂ္ဂေါ"တဲ့ အို, နာ, သေ, မွဲ, ကွဲဘေးအမျိုးမျိုးတို့ လွတ်ရာ နိဗ္ဗာန်သွားလမ်းဟာ တဖြောင့်တည်း တတန်းတည်းဖြင့် ဒီမဂ္ဂင်ရှစ်ပါး အကျင့်တရားဆိုတဲ့ လမ်းတစ်ခုတည်းသာ ရှိတယ်လို့ ဆိုလိုတယ်၊ ဓမ္မပဒမှာလည်း "မဂ္ဂါနံအဋ္ဌဂ်ိကောသေဋ္ဌော"လို့ဘဲဟောတော်မူတယ်၊ သတိပဋ္ဌာန်ပါဠိတော်မှာလည်း "ဧကာယနော အယံဘိက္ခဝေ မဂ္ဂေါ"လို့ ဟောတော်မူတယ်၊ ဒီတော့ မဂ္ဂင်အလုပ်တစ်ခုသာ နိဗ္ဗာန်သွားရာ လမ်းကောင်း, အစစ်အမှန်ဘဲလို့ မှတ်လိုက်ကြ။

လမ်းစစ်လမ်းမှန် ‌ေကန်ရပြီမို့ ကြိုးစားပြီး လုပ်တော့မယ်၊ လုပ်မှဖြစ်မယ်လို့သာ ဆုံးဖြတ်ချက်ချကြ၊ ဒီအခါမျိုးမှ လမ်းမှားကြအုံးမယ်ဆိုရင်း အိုဘေး, နာဘေး, သေးဘေးတွေနဲ့ မျက်ရည်ကျ

ကြရ၊ မျက်ရည်ကျမည့် လမ်းချည်းလိုက်နေကြ၊ မျက်ရည်ခန်းတဲ့ လမ်းကိုမပါကြတော့ဘူး၊ မျက်ရည်လမ်းစဘယ်တော့မှ မဆုံးတော့ဘူး ဆိုတာ မှတ်ကြတော့။

ဒကာ, ဒကာမတွေ ဒုက္ခခန္ဓာဝန်ထမ်းသမား အဖြစ်က ကျွတ်လွတ်မှသာ နေရာကျမယ်၊ ဒီခန္ဓာနဲ့နေရသမျှ ဘယ်တော့မှ ဒုက္ခနဲ့ အိုးစားမကွဲဘူး၊ အိုးစားကွဲအောင် မဂ္ဂင်အလုပ်, ဝိပဿနာ လုပ်ကြရမယ်၊ သဘောပါပြီလား? ဝိပဿနာ လုပ်နေရင် မဂ္ဂင်လမ်းဘဲ ဒီလမ်းမှ အားကိုးရာ လမ်းမှန်ဘဲ၊ မဂ္ဂင်ရှစ်ဖော် လမ်းမတော်သည် သာလျှင် ဘေးရန်ကင်းတဲ့လမ်း၊ ဒီလမ်းနဲ့မှ နိဗ္ဗာန်ရကြမယ်၊ အို, နာ, သေ, မွဲ, ကွဲလွတ်ရာရောက်ဖို့လမ်းဟာ ဒီမဂ္ဂင်လမ်းဘဲလို့ မှတ်လိုက်ကြ၊ ရှင်းကြပြီလား?

ခန္ဓာဝန်ထမ်းသမားဘဝနဲ့တော့ ဘယ်အခါမှ အေးကွက် မရနိုင်ကြဘူး၊ ခန္ဓာရှိသမျှ ဒုက္ခက အမြဲတန်းတွဲရက်, ကပ်ရက်, ချပ်ရက်, ဒုက္ခစက်ထဲက လွတ်ရက်မရှိတော့ဘူး၊ ခန္ဓာက သူ့အလို, သူ့အကြိုက် လိုက်ပြီးဘယ်လိုဘဲ ဆောင်ရွက်ပေးပေမဲ့ ကိုယ့်အကြိုက် ကိုနည်းနည်းကလေးမှ မလိုက်ပါဘူး၊ သူ့သဘောအတိုင်း သူ့ဖြစ်စဉ် အတိုင်း သူဖြစ်ချင်သလိုသာ ဖြစ်နေမှာပါဘဲ၊ ရိပ်မိကြရဲ့လား?

နွေအခါကျအိုက်လို့ပူလို့ ယပ်ခတ်ပြီး ပေးရ၊ သောက်ရေ အေးအေး ထားပေးရ၊ အေးပါစေလို့ ပြူတင်းပေါက်, ဖောက်ပေးရနဲ့ အားလပ်ခွင့်ကို မရကြဘူး၊ ဒီခန္ဓာအတွက်ဘဲ ကြောင့်ကြစိုက် အလို

လိုက်နေကြရတယ်၊ ဒီကြားထဲက လေမလာတော့ အိုက်, လေလာ များပြန်တော့ ချမ်း၊ ဒီလိုနဲ့ဘဲတစ်နေ့မှ ကောင်းကောင်းနေရတဲ့ အခါမပါဘူး၊ တစ်နေ့မှ ကောင်းကောင်းနေမယ်လို့ သူမပြောဘူး၊ ဖောက်ပြန်မယ်၊ နာလိုက်မယ်၊ သေလိုက်မယ်နဲ့ တကဲကဲဘဲ ရိပ်မိကြရဲ့လား?။

ဒကာ ဒကာမတွေ, ခန္ဓာက ကောင်းတဲ့အချက်ဆိုလို့ ဘာများ ပါသေးတုံး? ဘယ်အခါမှ မလိုက်ပါဘူး၊ ကောင်းတာလည်း တစ်ခုမှ မပါပါဘူး၊ရှင်းကြပြီလား? သူကိုမကျွေးပြန်တော့ တောင်းတယ်၊ ဝမ်းကဟာလို့ ဗိုက်က ဆာလို့တဲ့၊ တောင်းလို့ကျွေး ပြန်တော့လည်း မကောင်းပါဘူး၊ ဗိုက်ကအောင့်သတဲ့၊ ရင်တောင့် ပြန်ပြီတဲ့၊ အစာကမကြေလိုက်ပြန်ဘူးတဲ့၊ ဘယ်မှာကောင်းတာ ရှိသေးသတုံး၊ ကြပ်ကြပ်ဉာဏ်နဲ့ စဉ်စားကြ၊ ဒါမှ သူ့အကြောင်း အမှန်အကန် သိရမယ်။

ဉာဏ်နဲ့ကြည့်ရင် အမှန်သိလာကြမယ်၊ ဆင်းရဲတဲ့ ခန္ဓာမှန်း နှိပ်စက်တဲ့ခန္ဓာမှန်းသိလာမယ်၊ သဘောပါပြီလား? ကိုယ်ကိုအမြဲမပြတ် မသေမချင်း နှိပ်စက်မှာဘဲ၊ နှိပ်စက်တတ်တဲ့ ခန္ဓာမှန်းသိလာမှ ဒီခန္ဓာမှန်းလာမှာ မလိုချင်လာမှာ ရိပ်မိကြရဲ့လား? ဒီလက်ရှိ ခန္ဓာဟာ လိုချင်လို့ ရလာတာ၊ လိုချင်, ရချင်တဲ့ တဏှာနဲ့ တောင်းယူလို့ရလာခဲ့ရတာဘဲ၊ သဘောပါကြပြီလား? ဒကာ, ဒကာမတွေ အရင်တဏှာနဲ့ အဖော်လုပ်မိလို့ ဒုက္ခနဲ့ ခွဲမရ ခွါမရ လက်ရှိဖြစ်နေကြရတာ။

ဒါကြောင့် အခုကစပြီး တဏှာနဲ့ မပေါင်းကြနဲ့ အဖော်ပြောင်းကြ၊ ဉာဏ်နဲ့ပေါင်းကြတော့လို့ ပြောလိုက်တယ်၊ ရှင်းကြပြီးလား? ဉာဏ်နဲ့အပေါင်းလုပ်လိုက်ရင် အမှန်မြင် အမှန် သိလာကြမယ်၊ ခန္ဓာက အမြဲနှိပ်စက်နေမှန်း သိမယ်၊ ဘယ်လောက်အလိုလိုက်လိုက် ကိုယ့်အကြိုက်ဘာတစ်ခုမှ မဆောင်ရွက်ပါဘူး၊ ကျွေးလည်းနှိပ်စက်တာဘဲ၊ မကျွေးလည်း နှိပ်စက်မှာဘဲဆိုတာ သိလာမယ်၊ ဒီလို အမှန်အကန်သိလာတော့ "ယနေ့ကစပြီး တဏှာနဲ့ မပေါင်းတော့ဘူး၊ ဉာဏ်နဲ့ ပေါင်းတော့မယ်"လို့ ကိုယ်တိုင်က ဆုံးဖြတ်ချက်ချတော့တာဘဲ။

ဒီလိုခန္ဓာရဲ့ အပြစ်, အစစ်အမှန်သိတော့ ဉာဏ်နဲ့ ပါင်းမိမယ်၊ ဉာဏ်နဲ့ ကျတော့တဏှာဟာ သေသွားတော့တာဘဲ၊ သဘောပါပြီလား? ဒကာ, ဒကာမတွေ အပေါင်းအဖော်ပြင်ကြတော့၊ ခန္ဓာနဲ့ ပေါင်းရင် နှစ်မှုသင့်တယ်၊ ကျွေးလည်းကျွေးလို့ တစ်မှုသင့်မယ်၊ မကျွေးတော့လည်း မကျွေးလို့ သင့်တာဘဲ၊ ဒီတော့ ခန္ဓာနဲ့သာ ပေါင်းရင် နှစ်မှုသင့်မယ်၊ နှစ်ပြစ်ရောက်မယ်ဆိုတာ မှတ်လိုက်ကြ။

ဒကာ, ဒကာမတွေ ကျေနပ်ကြပြီလား? ခန္ဓာက အေးတယ်ဆိုလို့ အဝတ်ထူထူဝတ်ပေးရ ဝတ်ပေးတော့ မိတ်တွေ ယားဖုတွေ ပေါက်လာ၊ ပါးပါးဝတ်ပေးပြန်တော့ အအေးပတ်မယ်တဲ့၊ ဘယ်နဲ့များ ထင်ကြသတုံး? ခန္ဓာက ဒကာတို့ကို သက်သက်နှိပ်စက်မလို့

ဒုက္ခပေးမလို့ ပေါ်လာတာဘဲ၊ ကိုယ့်အပေါ် နှမ်းတစ်လုံးစာမှ ကြည်ညို စရာမရှိပါဘူး၊ ပေါ်ကြပလား?

"ဒုက္ခသပိဋ္ဌနဋ္ဌော"တဲ့ ခန္ဓာက "ခင်တဲ့သူကို အမြဲနှိပ်စက် တတ်တယ်တဲ့၊ သဘောပါကြရဲ့လား? မခင်မှန်းသိရင် မနှိပ်စက် နိုင်တော့ဘူး၊ ခင်ရင် ခင်သူကိုနှိပ်စက်မှာဘဲ၊ ဒါကြောင့် မခင်ကြနဲ့တော့၊ ခင်ရင် အနှိပ်စက်ခံချင်သေးလို့ဘဲဆိုတာ မှတ်ကြ၊ ရှင်းပြီလား? ကလေးကတောင်သူကို ခင်မှန်းသိရင် ပိုပြီ ဆိုးတတ်တဲ့သဘောရှိတယ်၊ ဒီသဘောပါဘဲ၊ ခန္ဓာက သူခင်တဲ့သူကို မအားမလပ်အောင် နှိပ်စက် ရအောင်လာခဲ့တာဘဲ ရိပ်မိကြရဲ့လား?

ဒီတော့၊ ခန္ဓာသဘောအမှန်အကန်သိဘို့ လိုတယ်၊ သူ့သဘော သိအောင် ဉာဏ်နဲ့ကြည့်ကြ၊ ခန္ဓာသဘော ခန္ဓာအမူအရာ အမြဲ စောင့်ကြည့်ရင် အမှန်သိကြရမယ်၊ ကျေနပ်ပြီလား? ကြည့်ပေးကြ၊ ခန္ဓာကို ဘယ်လိုပေါင်းပေါင်း သူကတော့ နှိပ်စက်နေမှာဘဲ၊ မသေမချင်း နှိပ်စက်မှာ၊ သူလာကထဲကိုက အသေသတ်မလို့လာတာ၊ သဘောပါ ပြီလား? ကျားကလေးကို မယဉ်၊ ယဉ်အောင် မွေးပြုစု၊ ယုယပေး၊ ဘယ်လိုမွေးပေမဲ့လည်း ကျားဟာ ယဉ်တယ်လို့ ရှိပါမလား? ကျားမွေးပေမဲ့ဘယ်တော့မှ မယဉ်သလိုဘဲဆိုတာ မှတ်လိုက်ကြ။

ဒီခန္ဓာကလည်း ဘယ်တော့မှ ယဉ်တဲ့ အမျိုးမဟုတ်ဘူး၊ တစ်နေ့ထက် တစ်နေ့ နာရီပိုင်း၊ စက္ကန့်ပိုင်းနဲ့ချို့ယွင်းဖောက်ပြန်နေတာ၊ မဖောက်ပြန်တဲ့အချိန်လုံးဝမပါဘူး၊ ခေါင်းကိုက်၊ လေနာထ၊ ရင်နာထ

ကိုက်ခဲညောင်းညာဆိုသလို တမျိုး တမျိုး အမျိုးမျိုးနှိပ်စက်နေတာဘဲ၊ ရိပ်မိကြပြီလား? ဒီလိုနှိပ်စက်တတ်တဲ့ သဘောအမှန်ကို ဉာဏ်နဲ့ မြင်အောင် သိအောင်ကြည့်ပေးရမယ်၊ ဒကာ, ဒကာမတွေကြည့်ရင် မြင်မယ်၊ မကြည့်ရင်ဖြင့် မမြင်ကြဘူး၊ ရှင်းပြီလား?

ဒါမြင်တဲ့ ဉာဏ်ရမှ မဂ္ဂင်လမ်းမှမြင်ရမယ်၊ မြင်အောင် မဂ္ဂင်လမ်းလိုက်ရမယ်၊ မဂ္ဂင်ပွားရမယ်၊ သဘောပါပြီလား? မဂ္ဂင်မပွားရင် ဒီအမြင်ဉာဏ်မရနိုင်ဘူး၊ နှိပ်စက်တတ်တာ မမြင်ဘဲနဲ့လည်း အနှိပ်စက်လွတ်လိုတဲ့ ဉာဏ်မလာဘူး၊ ဒီတော့ **ပထမခန္ဓာရဲ့ နှိပ်စက်တတ်တဲ့ သဘောအမှန်မြင်အောင် ဉာဏ်နဲ့ကြည့်ကြ၊ ဒါမှ နောက်ဉာဏ်, ခန္ဓာနှိပ်စက်မှုက လွတ်ချင်တဲ့ဉာဏ်လာမယ်၊** ရှင်းကြပြီလား?

ဒီဉာဏ်ရအောင် မဂ္ဂင်အလုပ်နဲ့ရှာကြရင် ခန္ဓာ ဒုက္ခသစ္စာမြင်ရတွေ့ရပြီဆိုတာ မှတ်တော့ ဒုက္ခသစ္စာမြင်တဲ့သူမှသာ တွေ့မယ်၊ ရှင်းပြီလား? ဒုက္ခသစ္စာမမြင်ရင် ခင်ဇောမပြတ်ဘူး၊ ခင်ဇောမပြတ်ရင် ခန္ဓာရချင်တယ်၊ အဲခန္ဓာရချင်တဲ့သူဆိုရင် အနှိပ်စက်ခံချင်သေးလို့ဘဲ ဆိုတာ ဆုံးဖြတ်ချက်ချ၊ ကျေနပ်ပြီလား? ခန္ဓာက ဒကာတို့ကို အကြီး အကျယ် ဒုက္ခဖြစ်အောင် နှိပ်စက်နေတာ၊ နှိပ်စက်တာ မြင်အောင်ကြည့်ပေးကြ၊ **ခန္ဓာနှိပ်စက်တာ မြင်မှမဂ္ဂင်လမ်းပေါ်တယ်၊** သဘောပါပြီလား?

ကိုယ့်အလို ကိုယ့်အကြိုက်မလိုက်တာဟာ ဒုက္ခသစ္စာဘဲ၊

နှိပ်စက်တာက နှိပ်စက်တဲ့ခန္ဓာက ဒုက္ခသစ္စာ၊ ဒီဒုက္ခကို ဒုက္ခမှန်းသိတာက မဂ္ဂသစ္စာဘဲ၊ နှိပ်စက်တာက ဒုက္ခ၊ ဒုက္ခမှန်းသိတာက မဂ္ဂ၊ ခန္ဓာက သူကျွေးချင်လို့ သရက်သီးဝယ်ပေး၊ စားပြီးတော့ ခါတ်လျော၊ ခါတ်လျောတော့ မသေအောင်လို့ဆိုပြီး ဆေးနဲ့ဝါးနဲ့ မနည်းပိတ်ယူရတယ်၊ ကောင်းကြသေးရဲ့လား? မကျွေးတော့ မကျွေးလို့ တမျိုးဒုက္ခပေးပြန်တယ်၊ သဘောပါကြရဲ့လား?

ဒကာ, ဒကာမတို့ ခန္ဓာကို မရ, အရဆုတောင်းပြီး ယူထားခဲ့ကြတယ်၊ ယူထားလို့ရလာပြန်တော့လည်း အပြစ်တင်ခံရ၊ အနှိပ်စက်ခံရတယ်၊ ဒီကြားထဲက ဒကာတို့တစ်တွေက "ကိုယ်တိုင်ပြုပါရစေ"တဲ့ "သူများကြောင့်ကြမခံပါရစေနဲ့"တဲ့ အဲဒီလို ဆိုတာ ကျွန်အမြဲခံရပါလို၏လို့ ဆိုလိုက်တာဘဲ၊ အဲဒါခန္ဓာကျွန် အဖြစ် ခံယူနေချင်ကြလို့ဘဲ ဆိုတာ မှတ်လိုက်ကြ၊ အဲဒါ ဘာကြောင့်လဲ? ခန္ဓာက အပြစ်မမြင်ကြလို့ မသိကြလို့သာဘဲ။

ခန္ဓာအပြစ်၊ မြင်ရင် သိရင် ခန္ဓာကျွန်ခံချင်စိတ်မလာနိုင်ပါဘူး၊ ဒကာ, ဒကာမတွေ ခန္ဓာအပြစ်မြင်အောင် ကြည့်ပေးကြ၊ ခန္ဓာအပြစ်မြင်မှ မဂ္ဂင်လမ်းပေါ်မယ်၊ ရိပ်မိကြရဲ့လား? **ခန္ဓာအပြစ်မမြင်ရင် မသိရင် ဝိပဿနာ လုပ်နေပေမဲ့ ခရီးမရောက်နိုင်ဘူး၊** မမြင်နိုင်ဘူး၊ ရှင်းကြပြီလား? ခန္ဓာက ဒုက္ခသစ္စာကြီးဘဲ၊ ဒုက္ခသစ္စာ ဘယ်မှာရှာရမလဲ? ဘယ်မှရှာဘို့မလိုဘူး၊ အခု ဒကာတို့ ဆုတောင်းယူလို့ လက်ရှိရထားတဲ့ ခန္ဓာကြီးမှာ ရှာရမယ်လို့ မှတ်လိုက်ကြ။

**ခန္ဓာက အမြဲတစေ နှိပ်စက်ပြီးနေတာ၊ ဒါကို ဉာဏ်ရောက်ဘို့ အရေးကြီးတယ်၊ သိအောင်, မြင်အောင်လုပ်ရမယ်၊ နှိပ်စက်တာက ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာမှန်း သိတာက မဂ္ဂသစ္စာဘဲ၊** ရှင်းပြီလား? ကြိုးစားယူကြ၊ ဉာဏ်နဲ့ကြည့်ပေးကြ၊ ဉာဏ်နဲ့ကြည့်မှ အမှန်သိကြမယ်၊ ဉာဏ်နဲ့ကြည့်ရင် နှိပ်စက်တာ အမှန်မြင်ရမယ်၊ နှိပ်စက်တာ မြင်တိုင်း မြင်တိုင်း ဒုက္ခသစ္စာသိတယ်၊ မြင်တာက မဂ္ဂသစ္စာ၊ သူမြင်မှ မဂ္ဂင်လမ်းပေါ်မှာဘဲ၊ သဘောပါပြီလား?

ဒကာ, ဒကာမတွေ ဘာလိုသေးတုန်း? **ဘာမှမလိုတော့ဘူး၊** ဉာဏ်နဲ့ ခန္ဓာသဘောမြင်အောင် ကြည့်ဘို့ဘဲ၊ သူ့ကိုကြပ်ကြပ်ကြည့်၊ နှိပ်စက်တာတွေမြင်အောင်ကြည့်၊ နှိပ်စက်တာ မမြင်ဘဲ အကောင်းထင်နေရင် ချောက်ကျဘို့သာ ပြင်ကြ၊ လှတယ်၊ ပတယ်ကြည့်မနေနဲ့၊ လှတယ်, ပတယ်မြင်ရင် မိစ္ဆာမြင်ဘဲ၊ အမှားမြင်မိရင် သူကြောင့် ဒုက္ခရောက်ရမယ်၊ သူ့အတွက်ကြောင့် အပါယ်ရောက်ရမယ်လို့သာ မှတ်ထားကြ၊ ရိပ်မိကြပြီလား?

**ခန္ဓာအတွက် လှချင်, ပချင်, ပြင်ချင်, ဆင်ချင်, ကျွေးချင်, မွေးချင် အဲဒီ လောဘ၊ ဒေါသ မောဟတွေ ဖိစီးပြီး သေရင်၊ အပါယ် သွားမှာသေချာတယ်၊ သေပြီးတဲ့နောက်သူက သုသာန်သွား ကိုယ်က အပါယ်သွားဘဲ၊** သဘောပါကြရဲ့လား? ခန္ဓာကို ပြုတဲ့ စုတဲ့ ကျွေးတဲ့ မွေးတဲ့ သူကအပါယ်သွား၊ ငါက ခေါင်းထဲသွားမယ်လို့ ဆိုသလိုဘဲ၊ ရိပ်မိကြပြီလား? ခန္ဓာသဘောက ဒကာတို့တတွေကို

ဘယ်အခါမှ ကောင်းကျိုးမပေးပါဘူး၊ ဒကာတို့က အမြင်မှား၊ အထင်မှားနေကြသေးလို့သာဘဲ။

အမြင်အထင်တွေက တက်တက်စင်အောင် မှားနေလေတော့ ခန္ဓာအတွက်နဲ့ မှားချက်တွေ အလွန်နာကြရတယ်၊ ခန္ဓာအတွက် အမေသတ်လိုသတ်ကြ၊ အဖေသတ်လိုသတ်နဲ့၊ တခါထဲမိစ္ဆာဂိုဏ်းထဲ ဒုံးစိုင်းဝင်သွားတော့တာဘဲ၊ ခန္ဓာအတွက် သံသရာ အဆက်ဆက်မှာ မှားချက်တွေ အလွန်နာခဲ့ကြတယ်၊ ကြောင်ဖြစ်တော့ ကြောင်ခန္ဓာ အတွက် ကြွက်ကိုသတ်ရတယ်၊ ကျားခန္ဓာအတွက် သားကောင် အမျိုးမျိုး သတ်ရပြန်တယ်၊ ဒီခန္ဓာအတွက်နဲ့ အပါယ်သွားရတာ ချည့်ဘဲ သဘောပါကြရဲ့လား?

ဒကာ, ဒကာမတွေ ဒီခန္ဓာက ကောင်းကျိုးပေးတာများ ရှိပါသေးရဲ့လား? ကောင်းတဲ့အချက်များ ပါပါသေးရဲ့လား? လုံးဝ မပါဘူးလို့သာ ဆုံးဖြတ်ချက်ချလိုက်ကြ၊ ရှင်းပြီလား? ဒီတော့ ခန္ဓာအပြစ်မြင်အောင် ကြည့်တတ်ဖို့လိုတယ်၊ ကြည့်တတ်အောင် ဝိပဿနာ ပွားရမယ်၊ ဝိပဿနာ ပွားရင် ခန္ဓာအပြစ်မြင်မယ်၊ မြင်ရင် မလိုချင်, မုန်းဉာဏ်ဝင်၊ အမုန်းများတော့ ခန္ဓာဆုံး နိဗ္ဗာန် ရတာဘဲ၊ သဘောပါကြပြီလား?

ဒီခန္ဓာ ဒုက္ခနိဗ္ဗာန်ရမှသာ လွတ်နိုင်ကြမှာ ဒီတော့ ဝိပဿနာပွား, ပွားပြီး မဂ္ဂင်နဲ့သွားရမယ်၊ ဒီလိုပွားပြီးသွားမှ ခန္ဓာရဲ့အပြစ်ကို မြင်မယ်၊ ခန္ဓာအပြစ်မြင်မှ နိဗ္ဗာန်ရမယ်ဆိုတာ မှတ်လိုက်ကြ၊

ရှင်းပြီလား? ခန္ဓာ ဒုက္ခလွတ်ဖို့ ကျွတ်ဖို့ တခြားလမ်းမရှိတော့ဘူး၊ ဒီမဂ္ဂင်လမ်းတစ်ခုသာ ရှိတယ်၊ ခန္ဓာချမ်းသာချင်လို့ ကျန်းမာချင်လို့ ဆိုပြီး မေတ္တာပို့ကြ၊ မေတ္တာပို့ရင်းက အညောင်းနှိပ်စက်ခံရ နောက် မကြာခင်အမောနှိပ်စက်ခံရ၊ မြင်ကြရဲ့လား?

သူ့အတွက် ကျန်းမာအောင် ချမ်းသာအောင် မေတ္တာပို့ရင်းက နှိပ်စက်နေတာ၊ ဒါတွေမြင်အောင် ကြည့်ကြ၊ နှိပ်စက်တာ မြင်အောင် ကြည့်ပေးကြ၊ သဘောပါပြီလား? နှိပ်စက်တာ မြင်ရင် နှိပ်စက်ပြီ နှိပ်စက်ပြီ နှိပ်စက်ပြန်ပြီလို့ ရှုပေး၊ နှိပ်စက်တိုင်း ရှု, ရှုပေး၊ လက်ရှိ ခန္ဓာမခင်အောင် ခင်ဇောပြတ်အောင် ခန္ဓာရဲ့ဖြစ်ပျက်ကို ပေးကြရမယ်၊ အများမလိုဘူး၊ ရုပ်ကြိုက်ရင် ရုပ်ရှု, စိတ်ကြိုက်ရင် စိတ်ရှုကြ၊ လက်ရှိခန္ဓာမခင်မှ နောက်ခန္ဓာမလာမှာ သဘောပါကြပြီလား? နောက်ခန္ဓာမလာမှ ဒုက္ခချုပ်မှာ ရှင်းကြပြီလား?

★★★★★★★★★★★★

# "ဖြစ်ဆဲပဋိစ္စတ်တွေး ဉာဏ်ချုပ်တရားတော်"

ဒကာ, ဒကာမတို့ ဒုက္ခကြောက်သူ၊ ဆင်းရဲမကြိုက်သူမှန်သမျှ၊ မိမိခန္ဓာမှာရှိတဲ့ အနိစ္စကို ဆရာဘုန်းကြီး ပြောတဲ့အတိုင်း မြင်အောင် ကြည့်ရင် ဒုက္ခခပ်သိမ်း အကုန်ငြိမ်းတဲ့ နိဗ္ဗာန်ကို ကေန်ရောက်မယ်၊ ဆုတောင်းဘို့ မလိုဘူးဆိုတာ မှတ်လိုက်ကြတော့။

ဆရာဘုန်းကြီးညွှန်ပြတဲ့အတိုင်းသာ လိုက်နာကြရင် ဆုတောင်း စရာ မလိုဘူး၊ (ဥပမာ)ခန္ဓာထဲကြည့်တော့ ကိုယ့်ဉာဏ် ရှေ့နားမှာ ဝေဒနာကလေးဖြစ်ပြီး ပျက်သွားတာ မြင်လိုက်ရင် မဂ္ဂင်ခန္ဓာထဲ ရောက်တာဘဲ၊ မဂ်ဆိုတာ မြင်စရာ အာရုံနဲ့ ရှုလုံးနဲ့ တဲ့ရင် မဂ် ဖြစ်တာဘဲ၊ အရှုခံအာရုံနဲ့ ရှုဉာဏ်နဲ့တဲ့ရင် မဂ်, ဝမ်းထဲရောက် တာဘဲဆိုတာ မှတ်လိုက်ကြ၊ ရှင်းပြီလား?

ဒကာ, ဒကာမတို့ မဂ်ဝမ်းထဲရောက်အောင် အရှုခံနဲ့ ရှုဉာဏ် တဲ့အောင် လုပ်ဖို့ဆိုတော့ ကိုယ့်သန္တာန်မှာ ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ် အရေးကြီးတယ်ဆိုတာမှတ်ကြ၊ ကြည့်ရမှာက ကိုယ်သန္တာန်မှာ ဖြစ်တဲ့ ဖြစ်စဉ်ကိုကြည့်ရမှာ ဒါကြောင့် အရေးကြီးတယ်လို့ပြောတာ ဉာဏ်နဲ့ ကြည့်တော့ အခုပေါ်တာ ခုမရှိတော့တဲ့ သဘောအမှန်ကို သိရမယ်၊ ပထမဟာ ဖြစ်ပြီး ပျက်သွား၊ ဒုတိယဟာလည်း ဖြစ်ပြီး ပျက်သွား၊ တတိယ ဟာလည်း ဖြစ်ပြီး ပျက်သွား ပေါ်လာသမျှကို သိရမယ်၊ ရှင်းပြီလား?

ဒီလိုသိတော့ ဘာအကျိုးရှိသလဲ? ဆိုတော့ ကိုယ့်သန္တာန်ဖြစ်တဲ့ ဖြစ်စဉ်ကို ကိုယ့်ဉာဏ်နဲ့ ဖြတ်တာပဲ၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ့်ဒုက္ခစက်ကို ကိုယ့်ဉာဏ်နဲ့ဖြတ်လိုက်တာဘဲ ဆိုတာ မှတ်ကြ၊ ဒီတော့ ဒကာ, ဒကာမတွေ ကိုယ့်ဒုက္ခစက်ကို ကိုယ်တိုင်ဖြတ်နိုင်အောင် ကြိုးစားရမယ်၊ မပြတ် ပြတ်အောင် ဖြတ်တော့မယ်လို့သာ ဆုံးဖြတ်ချက်ချလိုက်ကြ။

ဘုရားဟာ ဘုရားရဲ့ ပဋိစ္စသမုပ္ပါဒ်ကို သူများဖြတ်ပေးလို့ ဘုရားဖြစ်တာလား? သူများက ဖြတ်ပေးတာလား? ရှင်သာရိပုတ္တရာ, ရှင်မဟာမောဂ္ဂလာန်တို့ကဖြတ်ပေးတာလား? မဟုတ်ပါဘူး၊ ဘုရားရဲ့ ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို ဘုရားဉာဏ်နဲ့ ဖြတ်လို့ ဘုရားဖြစ်လာတာဘဲ၊ ရိပ်မိကြရဲ့လား?

ဒါကြောင့် ဒကာ, ဒကာမတွေ ကိုယ့်ဉာဏ်ကို အားကိုးကြပါလို့ အထူးသတိပေးလိုက်ပါတယ်၊ ကိုယ်ဉာဏ်ကိုယ်အားကိုးပြီး ကိုယ့်သန္တာန်မှာတန်းနေတဲ့ ပဋိစ္စသမုပ္ပါဒ် ကိုယ်ဒုက္ခစက်ကို ဖြတ်ရမယ်၊ ကိုယ့်သံသရာ ကိုယ်ဖြတ်ရမယ်ဆိုတာ မှတ်ကြ၊ သူများနဲ့ မဆိုင်ဘူး၊ သူများဖြတ်ပေးလို့ မရဘူး၊ ကိုယ့်သံသရာကို ကိုယ်ဉာဏ်နဲ့သာ ဖြတ်ရမှာ ကိုယ့်အရေးကို ကိုယ်ကြည့်ကြ၊ သဘောပါကြပြီလား?။

ကိုယ့်သန္တာန်မှာ အခုပေါ်လာတဲ့ စိတ်အစဉ်ပဋိစ္စသမုပ္ပါဒ်ကို အခုဉာဏ်နဲ့ ဖြတ်ရင် အခုသောတာပန်တည်တာဘဲ၊ ဘာမျှ သံသယ မရှိကြနဲ့၊ ကိုယ်တိုင်လုပ်ရင် ကိုယ်ပိုင်ရမယ်ဆိုတာ ပြောလိုက်

ပါတယ်၊ ဒီအဓိပ္ပါယ်စကားတွေကို အရမ်းပြောနေတာမဟုတ်ဘူး၊ ဘုရားပါဠိတော်တွေကို ကျမ်းညှိပြီး တိတိကျကျပြောနေတယ်ဆိုတဲ့ အချက်၊ အလေးအနက်မှတ်ယူပြီး လိုက်နာကြ။

ဒါကြောင့်ကိုယ်ခန္ဓာ အစဉ်ရှေ့ပိုင်းက ဒုက္ခကို၊ နောက်က မဂ်နဲ့ ဖြတ်ရမယ်၊ ရှေ့ကဒုက္ခကို နောက်မဂ်နဲ့ဖြတ်နိုင်ရင် အေးတာဘဲ၊ ဒကာ, ဒကာမတို့ အဖို့ရာ အခုနေမှာ ညွှန်ပြနိုင်တဲ့ ညွှန်ပြပေးမယ့် ဆရာသမားနဲ့ တွေ့ကြုံရတာမို့ ဘာမျှအားမငယ်နဲ့တော့၊ နောက်က ဖြောင့်ဖြောင့်မတ်မတ်သာ လိုက်မယ်ဆိုတဲ့ စိတ်ကိုထားကြ၊ သဘောပါကြရဲ့လား?

**ကိုယ်စိတ် အစဉ်တန်းတာ ကံမရောက်စေဘို့ အရေးကြီးတယ် ဆိုတာ မှတ်ကြ၊ စိတ်အစဉ်ပေါ်လာရင် ကံရောက်အောင် မတန်းစေနဲ့၊ ကံမရောက်ခင်မှာ ပြတ်အောင် ဉာဏ်နဲ့ဖြတ်ရမယ်၊** ရှင်းပြီလား? ဘုရား ရဟန္တာတွေဟာ ဒီလိုဖြတ်လို့ ပြတ်ရတာဘဲ၊ ဒကာတို့ လုပ်တတ်ကြတယ်၊ ဒါနအစ သီလအလယ်, ဘာဝနာနောက်ဆုံးဆိုတဲ့ အဲဒီလိုသာ လုပ်နေရင် ဝကျမယ်ဆိုတာ မှတ်ကြ။

ဒကာ ဒကာမတို့ ရှေးမူအမှားတွေကို ဖျောက်ပြစ်ကြ၊ ဒါနအစ, သီလအလယ်ဆိုပြီး စောင့်နေရင် ဒီကြားထဲသေသွားရင် ကိုယ်ကျိုးမနဲပေဘူးလား? သေမင်းနဲ့များ ဂတိစာချုပ်လုပ်ထားတာ ရှိနေကြလို့လား? သူများစကား နားမယောင်ကြနဲ့။ ကိုယ့်ကျိုးနဲ့ မကြုံချင်ရင် အခုစိတ်ကူးပေါ်ရင် အခုလုပ်ကြ၊ အခုရှေ့စိတ်ကို

နောက်စိတ် မဂ်ဉာဏ်နဲ့ လိုက်ပေးကြ၊ ရှေ့ဖြစ်ပျက် ဒုက္ခကို နောက်ဉာဏ် မဂ်က ဖြတ်ပေးကြ။

ဒီနေရာမှာ ဒကာ, ဒကာမအတွက် ပဋိစ္စသမုပ္ပါဒ်ကို ရှင်းလင်းပြောပြမယ်၊ တရားနာသူ အသစ်တွေကလည်း ပါလာတော့ နာပြီးသားသူတွေအတွက်လည်းပိုပြီး ရှင်းလင်းသွားအောင် ကြိုးစားပြီး နာယူကြ၊ ဥပမာ အခုတရားနာနေရင်းက အိမ်ပြန်ပြီး စဉ်းစားလိုက်တယ်ဆိုပါတော့ "တံခါးပိတ်ခဲ့မိရဲ့လား၊ ကလေးတွေကော အိပ်မှအိပ်မလား? နေမှကောင်းပါ့မလား?" ဆိုပြီး, စဉ်းစားစိတ်ကလေး ပေါ်လာတယ်ဆိုကြစို့၊ အဲဒါ အိမ်တွေးစိတ်ကလေး ပေါ်တာဘဲလို့ မှတ်ကြ။

ဒီစိတ်ကလေးပေါ်တာဟာ ပဋိစ္စသမုပ္ပါဒ် အလိုဆိုရင် အစပေါ်လာတာဘဲလို့ မှတ်လိုက်ကြ၊ တွေးလုံးအစဟာ ပဋိစ္စသမုပ္ပါဒ် အစပဲဆိုတာ မှတ်ထားကြ၊ ဒီတွေးလုံးဟာ ဝိညာဏ်ဘဲ၊ ဒီဝိညာဏ်က မနောမှာလာပေါ်လို့ မနောဝိညာဏ်ဆိုတာ မှတ်ကြ၊ ဒီလို တွေးမိတော့ ဘာဖြစ်သလဲ? စိတ်မချတာလာတယ်၊ ဒီစိတ်မချတာဟာ ဒေါသကလေးဘဲ၊ စိတ်မချနိုင်တဲ့ ဒေါသကလေးဟာ ဟဒယဝတ္ထုမှာ ပေါ်လာတယ် ရိပ်မိပြီလား?

ဒီ – စိတ်မချမှုလေးဟာ ပဌမတွေးလုံးကတွေးလုံးချုပ်ပြီးမှ နောက်ကပေါ်လာတာဘဲ၊ တွေးလုံးချုပ်တော့ စိတ်မချမှုပေါ်၊ စိတ်မချမှု ချုပ်ပြန်တော့ နောက်က စိုးရိမ်မှုသောက လာတယ်၊ စိတ်မချမှု

ဒေါသချုပ်ပြီးမှ သောကလာတာ၊ ဒါဟာ ဒကာ, ဒကာမတွေရဲ့ ဖြစ်စဉ်ဘဲ၊ ဘယ်သူဖြစ်စဉ်မှ မဟုတ်ဘူး၊ စိုးရိမ်မှုနောက်က မျက်ရည်လယ်လာရင် အဲဒါ ဒုက္ခ, ဒေါမနဿ, သောက, ပရိဒေဝ လိုက်လာတော့တာဘဲ၊ သဘောပါပြီလား? ဒါတွေဟာ ဒုက္ခအစဉ်တန်းတွေဘဲ။

ပထမတွေးလုံး၊ နောက်, စိတ်မချမှု၊ နောက်စိုးရိမ်မှု၊ နောက်မျက်ရည်လယ်မှု၊ တစ်ခုချုပ်တော့ တစ်ခုလာတာဘဲ၊ ဒါတွေဟာ ဘာတွေလဲ? လို့မေးရင် ပြောတတ်ကြပြီလား? ဒကာတို့ သန္တာန်မှာ အခုပေါ်လာတဲ့ စိတ်အစဉ်တွေဘဲ၊ ဒီတော့ ဒီထဲမှာပုဂ္ဂိုလ်, သတ္တဝါ မပါဘူး၊ ငါလည်းမပါ, သူလည်းမပါပါဘူး၊ ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်တန်းဘဲ၊ ယောကျ်ားလဲမပါ၊ မိန်းမလည်း မပါပါဘူး၊ ဒကာ, ဒကာမတွေ ရှင်းကြရဲ့လား?

ဒကာ, ဒကာမတို့ အခုတွေးလုံးကလေးက **ပဋိစ္စသမုပ္ပါဒ်စ, လိုက်တာ ရိပ်မိကြပြီလား? ဒီအပေါ်မှာ ဉာဏ်အုပ်နိုင်ရင်အုပ် မအုပ်နိုင်ရင် ဒီအထဲမှာ ဒိဋ္ဌိသုံးမျိုး ကိန်းတယ်ဆိုတာ မှတ်ကြ၊ တွေးတာငါဘဲ၊ ငါတွေးတာ ငါဒေါသဖြစ်တာဘဲတဲ့၊ အဲဒါ သက္ကာယဒိဋ္ဌိဝင်တာဘဲ၊ ရိပ်မိပြီလား? သက္ကာယဒိဋ္ဌိဝင်တာဟာ ဒီအစဉ်တစ်ခုချုပ်တစ်ခုဖြစ်တာကို သတိမထားမိလို့ ဖြစ်ရတာဘဲ၊ ဒီအစဉ်ဖြစ်တာ ဉာဏ်ထဲမှာ မသိလိုက်လို့ ဖြစ်တာဘဲ။**

ပထမပေါ်လာတာ ဓမ္မကလေးဘဲ၊ ဒုတိယ ပေါ်တာလဲဓမ္မ၊

တတိယဟာလည်း ခမ္မ၊ စတုတ္ထလည်း ခမ္မပဲ၊ ခမ္မတစ်ခုပေါ်ပြီး ချုပ်လိုက်၊ နောက်ခမ္မတစ်ခုပေါ်လိုက်၊ တစ်ခုချုပ်လိုက် တစ်ခု ပေါ်လာလိုက်၊ ပေါ်တာက အကြောင်း ချုပ်တာက အကျိုး၊ ရှေ့က အကြောင်း, နောက်ကအကျိုး ဒီလိုအကြောင်းအကျိုး ဆက်နေတာပဲ ရှိတယ်၊ ဒါကိုသိရင် အကြောင်းအကျိုးသိလို့ ငါမပါဘူး, သူမပါဘူး၊ ယောကျ်ား, မိန်းမလည်းမပါဘူး၊ ခမ္မတွေလှည့်နေတာဘဲလို့ သိတယ်၊ ဒီလိုသိတော့ ခန္ဓာငါးပါးဆိုတဲ့ သက္ကာယ ချုပ်တယ်၊ ရှင်းပြီလား?

ဘာကြောင့် သက္ကာယပြုတ်သလဲ? ခန္ဓာပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ် နားလည်လို့ သက္ကာယပြုတ်တာဘဲ၊ ဒါကိုဉာဏ်နဲ့မြင်ရင် ငါဆိုတာ အစကထဲက မပါဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကို ချနိုင်တယ်၊ ရိပ်မိရဲ့လား? မိမိသန္တာန်မှာ တစ်နေကုန်လှည့်ပတ်နေတာ ဒါမျိုးချည့်လှည့်ပတ် နေတာဘဲဆိုတာမှတ်လိုက်ကြ၊ ဘုရားဟောတာ အမှန်ထား၊ ဘုရား စကားယူပြောတာမို့ ဘုန်းကြီးပြောတာ အမှန်ထား၊ ဒကာတို့ အထင်တွေတစ်ခုမှမမှန်လို့ အကုန်ဖြုတ်ပြစ်ကြရမယ် သဘောပါ ရဲ့လား?

ဒကာ, ဒကာမတွေ အထင်က ငါ, ဒေါ်သဖြစ်တာ၊ ငါ, သောကဖြစ်တာတဲ့၊ မရှိတာ မမှန်တာ အမှန်အရှိထင်နေကြတာပါ၊ ဘုရားရှင်က အတိတ်ကိုဆောင်ပြီး ဟောတဲ့အခါ "ဘယ်သူဟာဖြင့် ဘယ်ဘုံ, ဘယ်ဘဝရောက်လေရဲ့" နဲ့ ဟောတော်မူတာဟာ ပါရမီနုသူ အတွက် သူနဲ့ လျော်ကန်တာ အကျိုးသက်ရာ ဟောရတာဘဲ၊

ထက်မြက်တဲ့သူကျတော့ ဒီဓမ္မတွေကိုဘဲ ဟောပြတော်မူတာဘဲဆိုတာ မှတ်ကြရိပ်မိပြီလား?

ဒါတွေ နောက်ဆက်မှာ ဘာတွေပါလိမ့်မတုံး? မတွေးနဲ့တော့ အခုလည်း ဓမ္မတွေဘဲ၊ နောက်လည်း ဓမ္မတွေ ဆက်မှာပဲဒီထဲမှာ ငါမပါ, ပါဘူး၊ ဓမ္မတွေ ဆက်ပြီး လှည့်ပတ်ဖြစ်နေတာပဲရှိတယ်၊ ဓမ္မအစဉ်ဟာ ဘယ်အခါမှ မပြတ်ဘူး၊ အိပ်ပျော်နေတာလည်း ဘဝင်စိတ်တွေ အစဉ်အတိုင်းဖြစ်နေတဲ့ ဓမ္မတွေပဲ၊ အိပ်ရာက နိုးတော့လည်း နိုးစိတ်ပေါ်, နိုးစိတ်ကလည်း ဓမ္မပဲ၊ ပုဂ္ဂိုလ်မပါ၊ သတ္တဝါမပါ၊ သူ, ငါ, မပါ,ပါဘူး၊ သဘောပါရဲ့လား?

တွေးတော့ တွေးစိတ်ပေါ် တွေးစိတ်ဟာ ဓမ္မပဲ၊ ပုဂ္ဂိုလ် သတ္တဝါ, မပါဘူး၊ ဒါတွေကို သိကြရမယ်၊ သိရင် သက္ကာယပြုတ်ပြီ အသက်ရှင်နေတုန်းလည်း ဒီဓမ္မအစဉ်တွေ လှည့်ပတ် နေတာပဲ၊ သေတော့လည်း စုတိဓမ္မ၊ တဖန်ပဋိသန္ဓေနေပြန်တော့ ပဋိသန္ဓေ ဝိညာဏ်ဓမ္မတွေ၊ ဘယ်အခါမဆို နိဗ္ဗာန်မရောက်သေးသမျှ ဒီဓမ္မ အစဉ်တွေပဲလှည့်ပတ်ပြီး ဖြစ်လိုက်, ပျက်လိုက်နေရမှာပဲ ဆိုတာ မှတ်လိုက်ကြ၊ ရိပ်မိကြပြီလား?

ဒီဘဝက ဟိုဘဝ ဖြစ်တယ်ဆိုတာ စုတိပြီး ပဋိသန္ဓေစိတ် အစားထိုးပြီး တန်းနေတာပဲရှိတယ်၊ ပုဂ္ဂိုလ်, သတ္တဝါ သွားတာ မဟုတ်ပါဘူး၊ ပုဂ္ဂိုလ်သတ္တဝါ သွားတယ်ဆိုရင် နဂိုကမှ မရှိတဲ့ဟာ သွားတယ်ဆိုတာ မဖြစ်နိုင်ဘူးလို့မှတ်ကြ။ ခန္ဓာအစဉ်တွေမှာ ဓမ္မမှ

တစ်ပါး ဘာမျှမရှိ၊ ဓမ္မစက်ကြီး လယ်တာပဲရှိတယ်၊ ရိပ်မိကြရဲ့လား? သံသရာ လယ်တယ်, လယ်တယ်နဲ့ ပြောကြတာဟာ သံသရာ လယ်တာ ပုဂ္ဂိုလ်ရယ်လို့ မရှိဘူး၊ သံသရာဆိုတာ ဓမ္မတွေ လှည့်နေတာပဲလို့သာ မှတ်ကြ။

ဘုရားဟောတော်မူတဲ့ တရားတွေမှာ ဉာဏ်နုသူဟောတဲ့ နည်းက တမျိုး၊ ဉာဏ်ထက်သူ ဟောတဲ့ နည်းကတစ်မျိုး၊ ခွဲခြားပြီး ဟောတော်မူတယ်ဆိုတာ မှတ်ရမယ်၊ ပုဂ္ဂိုလ်အမည်, သတ္တဝါအမည်, တပ်ပြီး ဟောတာဟာ ဉာဏ်နုံသူ၊ ဉာဏ်နုသူ ဟောတာပဲလို့မှတ်ရမယ်၊ ဉာဏ်ရင့်သူ ဉာဏ်ထက်သူကျတော့ ဓမ္မအစဉ်နဲ့ ဟောတော်မူတာချည့်ဘဲ၊ ဒကာ, ဒကာမတွေ သဘောပါရဲ့လား?

ဓမ္မနဲ့ဟောတော့ သက္ကာယ ပြုတ်တယ်၊ ပုဂ္ဂိုလ်အမည်နဲ့ ဟောတော့ သက္ကာယဝင်ကပ်တယ်ဆိုတာ မှတ်ကြ၊ ပုဂ္ဂလ ပုဂ္ဂိုလ် ဆိုတာက သမုတ်မှန်၊ ဓမ္မကမှ ရှိမှန်၊ ပုဂ္ဂိုလ်, သတ္တဝါဆိုတာ သမုတ်ထားလို့ အမှန်ခေါ်ရတာ တကယ်ရှိတာ မဟုတ်ဘူး၊ ဓမ္မကမှ တကယ်အဟုတ်ရှိတာမို့ ရှိမှန်, မှန်တာဘဲ၊ မရှိမှန်နဲ့ ရှိမှန် သမ္မုတိနဲ့ ပရမတ္ထနှစ်မျိုးကို ခွဲခြားပြီးမှတ်ယူရမယ်၊ သမ္မုတိနဲ့ ပရမတ္ထခွဲခြားမယူတတ်ရင် ဒုက္ခရောက်ဖို့သာပြင်ထားကြ၊ ရှင်းပြီလား?

ဓမ္မအစဉ်ဉာဏ်နဲ့မြင်ရင် သက္ကာယ ပြုတ်တယ်၊ သက္ကာယ ပြုတ်ရင် သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိပါ ပြုတ်တော့တာဘဲ၊ ဒီတော့

ဒီအသိဉာဏ်ကလေးဟာ သာမည မဟုတ်ပါဘူး၊ ဒီဉာဏ်ရရင် အပါယ်တံခါးပိတ်ပြီလို့သာ မှတ်လိုက်ကြ၊ သေးသေးသိမ်သိမ်လို့များ မအောင့်မေ့ကြနဲ့၊ ဒီဉာဏ်ရတဲ့ အခွင့်အရေးဟာ နည်းတဲ့ အခွင့်အရေး မဟုတ်ပါဘူး၊ ဒါကြောင့် ဒကာ, ဒကာမတွေ အခွင့်သင့်တုန်းမှာ ရအောင် ကြိုးစားယူလိုက်ကြ။

တွေးမှုကြောင့် ဆွေးမှုလာတယ်၊ ဆွေးမှုလာတော့ တွေးမှု ချုပ်တာဘဲ ဒါကို ဉာဏ်နဲ့သိအောင်ကြည့်ရမယ်၊ ဉာဏ်နဲ့ကြည့်တော့ တွေးမှုသိရမယ်၊ တွေးမှုမရှိတာ သိရတော့ ခိုင်တယ်, မြဲတယ်လို့ မယူတော့ဘူး၊ မယူရင် သဿတဒိဋ္ဌိစင်ပြီ၊ ဒကာ, ဒကာမတို့ အပါယ်ကျတယ်ဆိုတာ ဒီပြင်ဟာကြောင့် ကျတာမဟုတ်ဘူး၊ ဒီ ဒိဋ္ဌိတွေကြောင့်ကျတာဘဲဆိုတာ မှတ်လိုက်ကြ။

တွေးလုံးရှိလို့ ဆွေးလုံးပေါ်တာ၊ တွေးလုံးမရှိရင် ဆွေးလုံး မလာဘူး၊ အတွေးကြောင့်သာ အဆွေးပေါ်တာပဲလို့ သိရမယ်၊ ဒီလိုသိတာ အကြောင်းအကျိုးဆက်တာ သိရတာဘဲ၊ ဒီလိုသိရင် ဉစ္ဆေဒဒိဋ္ဌိစင်ပြီ၊ သဘောပါကြပြီလား? ဒကာ, ဒကာမတွေ မှတ်မိ ကြရဲ့လား? ပြန်ပြီး ပြောရမယ်၊ ရှင်းအောင်မှတ်ထားလိုက်ကြ။

ခမ္မတွေ အဆက်ဆက်လှည့်နေတာဘဲလို့သိရင် သက္ကာယ စင်တယ်၊ အတွေးစိတ်ချုပ်တာ သိရင် သဿတ စင်တယ်၊ အတွေး ချုပ်ပေမဲ့ အဆွေးစိတ်ကျန်တယ်၊ တစ်ခုနဲ့ တစ်ခုအကြောင်းအကျိုး ဆက်နေကြတာပဲလို့ သိရင် ဉစ္ဆေဒစင်တယ်၊ ဒကာ, ဒကာမတွေ

အားလုံးမှတ်မိကြပြီလား၊ သက္ကာယဒိဋ္ဌိဟာ နယ်နယ်ရရမဟုတ်ဘူး သက္ကာယဒိဋ္ဌိရှိသူမှာ ဒိဋ္ဌိသုံးမျိုးလုံးရှိတယ်၊ ဒါကြောင့် သက္ကာယဒိဋ္ဌိကို အမြန်ဆုံးဖြုတ်ပြစ်ကြလို့ ဘုရားဟောတော်မူတာဘဲလို့ မှတ်ကြ။

ရှင်ဆန္နဟာ ဝိပဿနာ ရှုတော့ ဓမ္မက ဖြစ်ပျက် ပြပေမဲ့ မဂ်မရဘူး၊ မဂ်မရတာဟာ သဿတဒိဋ္ဌိကခံနေလို့ဘဲ၊ ဘာလို့ သဿတဒိဋ္ဌိကခံတာလဲ? ဆိုတော့ ခန္ဓာပဋိစ္စသမုပ္ပါဒ် နားမလည်လို့ဘဲ၊ ရိပ်မိကြပြီလား? အဲဒီတော့ ရှင်အာနန္ဒာက ဒီဒိဋ္ဌိခွာတဲ့ တရားကို ဟောပြပြီး ဒီအတိုင်းရှုပေတော့လို့ ပြောတော့မှ ရှင်ဆန္နဟာ တရားထူး ရသွားတော့တယ်ဆိုတာ မှတ်ကြ။

ဒါကြောင့် ဝိပဿနာရှုချင်တဲ့သူဟာ ဒိဋ္ဌိအရင်ခွာပြီးမှသာ ရှုရမယ်၊ ဒိဋ္ဌိပြုတ်ပြီးမှ ဝိပဿနာရှုကြ၊ ရှင်းပြီးလား? ရှင်ဆန္နဟာ အနှစ် (၄၀) ကျော်ကြာအောင် အဟောသိကံ ဖြစ်နေရရှာတယ်၊ မဂ်ဖိုလ်မရခဲ့ဘူး၊ အဲဒါ ဘာကြောင့်လဲ? သက္ကာယနဲ့ သဿတရှိနေလို့ဘဲ၊ ရိပ်မိကြပြီလား? အခု ဘုန်းကြီးက ဒကာတွေအတွက် အရင်လဲ ရှင်းပြခဲ့ပြီ၊ ရှင်းသထက်ရှင်းသွားအောင် ထပ်ပြီးရှင်းပြအုံးမယ်။

(ဥပမာ) တွေးလုံးလေးတစ်ခု ပေါ်လာတယ်၊ တွေးတော့ တွေးစိတ် နောက်က ဆွေးလုံးလေးလိုက်လာတယ်၊ တွေးလုံးချုပ်လို့ ဆွေးလုံးအစားထိုးတာပဲလို့ မှဝ်ကြ၊ နောက်တစ်ခါ ဆွေးလုံးနောက်က ပူလုံးလေးလာပြန်တယ်၊ ဆွေးလုံးချုပ်တော့ ပူလုံးအစားထိုးတာဘဲ၊ ဒီနောက်မျက်ရည်ကျတဲ့ ငိုလုံးလာတယ်၊ ပူလုံးချုပ်ပြန်တော့

ငိုလုံးအစားထိုးလိုက်တာဘဲ၊ ဒကာ, ဒကာမတွေ ရှင်းကြရဲ့လား?

အခုလို ပြောခဲ့တဲ့ တွေးစိတ်, ဆွေးစိတ်, ပူစိတ်, ငိုစိတ် ကလေးတွေဟာ ဘာတွေလဲ? ဓမ္မသက်သက်တွေပဲ၊ သူလည်းမပါ၊ ငါလည်းမဟုတ် ရုပ်နာမ်ဓမ္မသက်သက်ချည့်ပဲ၊ ဒီဓမ္မတွေဟာ ဖြစ်လည်းဖြစ်တယ် ပျက်လည်းပျက်တယ်၊ ဖြစ်ပျက်ဒုက္ခချည့်ဘဲ ရှေ့ကချုပ်တာလည်း ဒုက္ခ၊ နောက်ကပေါ်တာလည်း ဒုက္ခ၊ သံသရာ တစ်ခုလုံးမှာ ဒီဒုက္ခစက်လယ်နေတာဘဲရှိတယ်၊ ဒကာ, ဒကာမတွေ သဘောပါကြပြီလား?

**ဒါကြောင့် မတွေးလေနဲ့ တွေးချင်ရင် အခုပေါ်တဲ့ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကိုတွေးကြ၊ ဘုရားဟောတော်မူတာဘဲလို့ ပြောလိုက်ပါ တယ်၊ ဘုရားက တွေးချင်းတွေးရင် တခြားဟာ မတွေးနဲ့ သစ္စာကို တွေးကြလို့ ဟောတော်မူတယ်၊ သစ္စာဆိုတာ ခန္ဓာပဋိစ္စသမုပ္ပါဒ် ဒုက္ခသစ္စာကိုဆိုတာဘဲ မှတ်ကြ၊** ရှင်းပြီလား? ဒကာ, ဒကာမတွေက ဒီလို မဟုတ်ကြဘူး၊ ပူစရာ ရှာတွေး, ဆွေးစရာ ရှာတွေးနဲ့ အေးအေးမနေချင်ကြလို့ဘဲဆိုတာ မှတ်လိုက်ကြ၊ ရိပ်မိရဲ့လား?

ဒကာ, ဒကာမတွေ အေးတာ, ချမ်းသာတာကို ဘာလို့ မကြိုက်ကြတာလဲဆိုတော့ ဓမ္မဖြစ်စဉ်ကို နားမလည်ကြ သဘော မကျလို့ မရိပ်မိကြလို့ဘဲဆိုတာ ထင်ရှားတယ်၊ **ဓမ္မဖြစ်စဉ်ကို နားမလယ် သဘောမကျတော့ နိဗ္ဗာန်ဆိုတာ ဘာမှန်းမသိကြဘူး၊ သူများပြောသံကြားနဲ့ဘဲ လမ်းဆုံးနေကြတယ်၊ အဲဒါ ဓမ္မဖြစ်စဉ်**

**သဘောမကျလို့ ဖြစ်ရတာဘဲဆိုတာ မှတ်ကြ၊ နိဗ္ဗာန်ဆိုတာ ဒီဓမ္မဖြစ်စဉ် ဒုက္ခတွေအကုန်ချုပ်တာ ဒုက္ခမရှိတာဟာ နိဗ္ဗာန်ဘဲ။**

နိဗ္ဗာန်ဆိုတာ တွေးလုံးချုပ်လို့ ဆွေးလုံးချုပ်ရင် နိဗ္ဗာန်ဘဲ၊ ဒီနိဗ္ဗာန်က ခဏနိဗ္ဗာန်၊ ဒိဋ္ဌဓမ္မနိဗ္ဗာန်လို့ မှတ်ကြ၊ **တွေးလုံးကို ဓမ္မတစ်ခုလို့မှတ်ရမယ်၊ ဒုက္ခဓမ္မတစ်ခုဘဲလို့ ယူကြ၊ ဒီတွေးလုံးကို ဉာဏ်နဲ့ဖြစ်ဒုက္ခ, ပျက်ဒုက္ခဘဲလို့ ရှုကြည့်ရမယ်၊** ဉာဏ်နဲ့ ရှုကြည့်ရင် တွေးလုံးနောက်က ဆွေးလုံး, ပူလုံး, ငိုလုံး, အကုန်ချုပ်တော့တာဘဲ အဲဒါ "ယဒယသုသီတလေန မဂ္ဂဒဿနာ" တဲ့ နလုံးအေးမြစေတဲ့ မဂ်ဝမ်းထဲဝင်လာလို့ ချုပ်တာဘဲလို့ မှတ်ကြတော့၊ ရှင်းပြီလား?

ဒါကြောင့် ဒကာ, ဒကာမတွေ တွေးလုံးပေါ်ရင်ဖြစ်ပျက် ရှုကြ၊ တွေးလုံးရှုနိုင်ရင် ဆွေးလုံး, ပူလုံး, ငိုလုံး အကုန်ချုပ်တာဘဲ၊ ဒါတွေ ချုပ်ရင် ချက်ချင်းအေးတယ်၊ အဲဒါ အခါမလင့် အကျိုးပေး တာဘဲလို့မှတ်လိုက်ကြ၊ အကာလိကောဆိုတာ အခါမလင့် အကျိုးပေး တယ် ပြောတာ ရိပ်မိကြရဲ့လား? ဒကာ, ဒကာမတို့ ပေါ်လာတဲ့ ဓမ္မကို ရှုမိအောင် ရှုပေးကြ၊ လက်မလွတ်ကြစေနဲ့၊ ရှုရင် အခါ မဆိုင်းဘူး၊ လက်ငင်းအကျိုးရကြမယ်။

ဉာဏ်နဲ့ရှုကြည့်တော့ ဓမ္မကိုတွေ့ရမယ်၊ ဓမ္မကိုတွေ့လို့ ဓမ္မသိရင် သက္ကာယစင်ပြီ၊ ဉာဏ်နဲ့သိလို့ မခိုင်တာ မမြဲတာ သိရင် သဿတဒိဋ္ဌိစင်ပြီး တွေးလုံးချုပ်ရင် ဆွေးလုံးလာတယ်ဆိုတာ သိရင် ဥစ္ဆေဒဒိဋ္ဌိစင်ပြီး ဒါဟာ ပထမရတဲ့ လက်ငင်းအကျိုးတရားဘဲ၊

ရှင်ပြီးလား? ဒကာ, ဒကာမတို့ သဘောပါကြရဲ့လား?

(၁) ဓမ္မလို့သိရမယ်

(၂) မခိုင်တာကိုသိရမယ်

(၃) တွေးလုံးချုပ်ရင်ဆွေးလုံးလာတာ သိရမယ်

ဒီလိုသိရင် ဒိဋ္ဌိသုံးမျိုးလုံးချုပ်တယ်၊ ကြေနပ်ပြီလား?

ဒါကြောင့် ခန္ဓာမှာ လာသမျှ ရှုကြရမယ်၊ ဖြစ်ပျက်ရှုတဲ့ အလုပ်, မဂ္ဂင်အလုပ်, လုပ်ကြရမယ်၊ ရှုကြ၊ ရှုကြည့်ရင် "သောက ပရိဒေဝါနံ သမတိက္ကမာယ၊ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယဉာယဿ အဓိဂမာယ၊ နိဗ္ဗာနဿ သစ္ဆိကရိယာယ"တဲ့ အဲဒါ သတိပဋ္ဌာန် ပါဠိတော်မှာ ဟောခဲ့တာ၊ ရှုကြည့်ရင် သောကပရိဒေဝ စတဲ့ ဒုက္ခမျိုးစုံ အကုန်ချုပ်မယ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုလည်းရမယ်၊ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုရမယ်လို့ ဟောတော်မူတယ်၊ ရှုကြည့်ကြ၊ ရှုကြည့်ရင်လက်တွေ့သိရမယ်။ ဒကာ, ဒကာမတွေ ရှင်းကြရဲ့လား? ကြိုးစားလိုက်နာကြလို့ အထူးတလည် သတိပေးတိုက်တွန်းလိုက်တယ်။

❖ ❖ ❖ ❖ ❖ ❖

# "ဒုက္ခစက်ရဟတ်မင်္ဂညာဏ်ဖြတ်တရားတော်"

ဒကာ, ဒကာမတွေ တနေ့သဥ္စမှာ မြတ်စွာဘုရားသခင် သာဝတ္တိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူနေဆဲအခါ ကစ္စာယနအနွယ်ဝင်ဖြစ်တဲ့ ရဟန်းတပါးက ဘုရားထံလျှောက်ထား မေးမြန်းတယ်တဲ့၊ "မြတ်စွာဘုရား၊ မဂ်ရတယ် မဂ်ရတယ်ဆိုတာ ဘယ်လိုမြင်မှ မဂ်ရတယ်ဆိုတဲ့အဖြစ် ရောက်ပါမလဲ? လို့လျှောက်ထားလိုက်တယ်။

ဘုရာ ရှင်က "အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ခန္ဓာ အမြင်ရှင်းမှ မဂ်အမြင်ကျမယ်" လို့ဟောတော်မူတယ်။

ဒကာ,ဒကာဒမတွေ သဘောပေါက်ပြီလား?။ ထို့အတူဘဲ မဂ်အမြင် ရချင်ရင် ပဋိစ္စသမုပ္ပါဒ် အမြင်ရှင်းရမယ် လို့မှတ်ကြ၊ ဒါကသံယုတ်ပါဠိ တော်မှာလာတဲ့ အဓိပ္ပါယ်ဘဲ ဒီတော့ ဒို့ဒကာ၊ ဒကာမတွေကို ဒီကနေ့ ခန္ဓာပဋိစ္စသမုပ္ပါဒ် ရှင်းလင်းပြမယ်၊ သတ္တဝါအစ ဘယ်ကစသလဲ? "သတ္တဝါအစ သစ္စာမသိတဲ့ အဝိဇ္ဇာက" စတယ် ဒါကြောင့် သတ္တဝါအစ အဝိဇ္ဇာကလို့ ဆိုတဲ့အချက်ကိုမြဲမြဲ မှတ်ထား ကြ။

အဝိဇ္ဇာ ဆိုတာ ကိုယ်ခန္ဓာ ရုပ်နာမ်, ဒုက္ခသစ္စာ မသိတာကို ခေါ်တယ်၊ မိမိမသိမှုကြောင့် ပေါ်လာတဲ့ မိမိအဝိဇ္ဇာဘဲ၊ တခြားကလည်း

လာတာမဟုတ် သူများက လုပ်ပေးတာလည်းမဟုတ်၊ မိမိမသိမှုကြောင့် ဖြစ်တဲ့အဝိဇ္ဇာဘဲ ဒါဟာ ဘယ်သူမပြု မိမိမှုလို့ဘဲ မှတ်လိုက်ကြ၊ ဒကာ, ဒကာမတွေ အခု ကိုယ်ပိုင်ရထားတဲ့ခန္ဓာကြီးကို သူက လုပ်ပေးလိုက်တာ ဒီမသိမှုကြောင့် ရလာတဲ့ ခန္ဓာကို ဒီမသိမှုက ထုထောင်လိုက်တာဘဲ။

ရုပ်နာမ်ခန္ဓာဟာ ဒုက္ခသစ္စာကြီးဘဲ၊ ဒီဒုက္ခသစ္စာကို ဒုက္ခသစ္စာ မှန်းမသိတော့ အဲဒီမသိတဲ့ အဝိဇ္ဇာက မရ, အရ ထုထောင်ယူလိုက်တော့ တာပေါ့၊ သဘောပါပြီလား? အမှန်စင်စစ် ရုပ်, နာမ်ဟာ ဒုက္ခသစ္စာ၊ အသုဘဆိုလဲဟုတ်တာဘဲ၊ ဒါကို အမှန်အကန်မသိတော့ အကောင်း ထင်ပြီး တောင်းယူထုထောင်ယူလို့ ရလာကြတာဘဲ၊ နားလည်ကြ ပြီလား?။ အခု ဒကာတို့တတွေ တရားနာလာကြတာလည်း ဒီဒုက္ခ သစ္စာ ရုပ်, နာမ်, ခန္ဓာကြီး ထမ်းပြီး လာကြရတာဘဲ။

ဒီလို ဒုက္ခဝန်ထုပ်, ဝန်ပိုးကြီး ထမ်းလာရတာဟာ ထမ်းလာနိုင် တာဟာ အစကထဲက ဒုက္ခသစ္စာမှန်းမသိကြလို့ဘဲ၊ ဒီအသုဘ ဒုက္ခသစ္စာ မသိမှုဟာ အဝိဇ္ဇာဘဲလို့ မှတ်ကြ၊ ရိပ်မိကြပြီလား? ရုပ်, နာမ်က ဒုက္ခသစ္စာ၊ မသိမှုက အဝိဇ္ဇာ၊ ဒကာတို့တတွေ ဒီသဘော အမှန်ကို မသိကြလို့ ဒီဒုက္ခရုပ်နာမ်ကြီးကို အဝိဇ္ဇာက လုပ်ထားတာဘဲ၊ သတ္တဝါတွေ ဒုက္ခရောက်အောင် သူလုပ်တာ၊ သူ့လုပ်ချက်ကြောင့် ဒုက္ခရောက်ကြရတာလို့ မှတ်ကြ။

ဒကာတို့တတွေ မသိလို့ လုပ်မိလုပ်ရာလုပ်ပြီး၊ ရုပ်နာမ်

ရအောင် တောင်းမိတောင်းရာတောင်းလို့ ဒီဒုက္ခခန္ဓာကြီး ရထားကြတာ၊ အဲဒါဘယ်သူမပြုမိမိမှုဘဲလို့သာ ဆုံးဖြတ်ချက်ချ၊ အဲဒါဟာ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"ဆိုတဲ့သုံးခုထဲ ဒကာတို့ တတွေ အခုရောက်နေကြပြီ၊ အဝိဇ္ဇာ အရင်းခံနဲ့ ဒုက္ခခန္ဓာကိုယ်ပိုင် ရထားတော့ ဟန်မကျနိုင်ဘူး၊ ချို့ယွင်းတဲ့ အခါပြင်ကြရ၊ ဆင်ကြရ ဖောက်ပြန်လေတော့လည်း ပြင်ရ၊ ဆင်ရနဲ့ နေရာကျတယ်လို့ကို မရှိတော့ပါဘူး၊ ရိပ်မိကြရဲ့လား?

ဒကာ, ဒကာမတွေ ဒုက္ခခန္ဓာဆိုတော့ ပြင်လို့, ဆင်လို့ မရနိုင်ပါဘူး၊ သူ့သဘောအတိုင်း ဒုက္ခလက္ခဏာ၊ အသုဘ လက္ခဏာတွေ ပြနေမှာဘဲ၊ စိတ်တိုင်းမကျတိုင်း ပြင်ပေးနေကြပေမဲ့လည်း အပိုပါဘဲ၊ အပြင်များလေ အပျက်များလို့ ပြင်ရလေလေဘဲ၊ သဘောပါပြီလား? ဒကာတို့ အခုရထားတာက အကျိုးတရားကြီးဘဲ၊ အကျိုးတရားမို့ ရပြီးသားကို ပြင်လို့မရဘူးလို့ မှတ်ကြ၊ ပြင်ပေးမနေကြနဲ့ ပြင်လေ ဆိုးလေနေမှာဘဲလို့ ပြောလိုက်ပါတယ်။

မသိတာက အဝိဇ္ဇာ၊ မသိတော့ ပြုမိပြုရာ ပြုကြ၊ ပြုမိပြုရာ ပြုတာက သင်္ခါရ၊ ပြုတော့ ဒကာတို့အခုရထားကြတာက ဝိညာဏ်၊ ကောင်းတာ တစ်ခုမှ မပါပါဘူး၊ ဒုက္ခအစု ဒုက္ခခန္ဓာသာ ရကြတာဘဲ၊ ဒုက္ခခန္ဓာဝိညာဏ်ဆိုတဲ့ ဇာတိရလာမှတော့ ဇာတိကနေ ဇရာ မရဏာဘက် ဒိုင်းဒိုင်းသွားနေတော့တာဘဲ၊ ကြာလေ အိုလာလေ၊ အိုလေလေ ပြင်ရ ဆင်ရလေဘဲ ရိပ်မိပြီလား? ဒကာတို့ တတွေ

ရထားတဲ့ခန္ဓာဟာ ကောင်းတာ တစ်ခုမှမပါတာမို့ ပြင်နေကြ၊ ဆင်နေကြလည်းပဲ အပိုရှိမှာဘဲ၊ ပြင်ကျိုး ဆင်ကျိုးမနပ်ပါဘူး၊ ရှေ့က ဆေးလေး ဝါးလေးနဲ့ ပြင်ကြရ၊ အခုနေမှာ ဓာတ်စာပါ ပြင်ပေးနေရပြီ သဘောပါပြီလား? တဲ့မှတဲ့ပါမလားဆိုပြီ အစား အသောက်ကလေးကအစ ပြင်ရ ဆင်ရနဲ့ ပြင်နေကြရပြီ ရှင်းကြ ပြီလား?

ရတာက အနတ္တ –ဒုက္ခန္ဓာ သူ့သဘောသူဆောင်ရွက်နေမှာဘဲ၊ ဒကာတို့အကြိုက်တစ်ခုမှ မလိုက်ပါဘူး၊ အခု ဝိညာဏ်လက်ရှိရထား လိုက်တော့ ဝိညာဏပစ္စယာ နာမရူပံဆိုတဲ့ အတိုင်း ဝိညာဏ်နဲ့ ရုပ်နာမ်ခွဲလို့ မရဘူး၊ အတူဖြစ်ကြတယ်၊ ဒီတော့နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာဖဿော၊ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ, ဥပါဒါန်, ကံ, ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဆိုတဲ့ ဆင်းရဲအစု, ဒုက္ခအစုကြီးဆက်တိုက်လာမယ်၊ ကောင်းမလားလို့ ပြင်ကြ၊ ဆင်ကြပေမဲ့ မကောင်းပါဘူး၊ မကောင်းဆိုးဝါးဟူသမျှ ခွဲခွာလို့ မရနိုင်ကြဘူး၊ ရိပ်မိပြီလား?

ဒို့ဒကာတွေ ဒီမျက်မှောက်ဘဝမှာ ဝိညာဏ်ကစပြီး ဖြစ်တာ၊ ရှေ့နှစ်ခု အဝိဇ္ဇာနဲ့ သင်္ခါရက အတိတ်ကဖြစ်ခဲ့တာ၊ အလယ်က အခုဖြစ်တာ နောက်လာမည့်ဟာတွေက နောက်ဆက်တိုက် အနာဂတ် ဖြစ်ကြမှာ၊ အားလုံး ဒုက္ခအစုကြီးတွေဘဲ၊ ပဋိစ္စသမုပ္ပါဒ်လို့သာ

ဆိုတာ ဆုံးဖြတ်ချက်ချ၊ နဂိုကမှ မကောင်းတဲ့ဟာ ကောင်းအုံးမလားလို့ ထင်ပြီး ပြင်ကြ၊ ဆင်ကြပေမဲ့လည်း မရပါဘူး၊ တစ်ခါပြင် တစ်ခါ ထပ်ဆိုး၊ နှစ်ခါပြင်တော့ နှစ်ခါဆိုးဘို့ဘဲရှိတယ် သဘောပါကြပြီလား?။

မျက်လုံးကစတော့လည်း ဒုက္ခအတန်းကြီး နားပေါက်က စတာလည်း ဒုက္ခအတန်းကြီး ဘယ်ဒွါရကဘဲစစ ဒုက္ခအတန်းကြီး လာမှာဘဲ၊ ရှင်းကြပြီလား? ဒီတော့ ဒကာ ဒကာမတွေ ဒီဒုက္ခတန်းကြီး ပြတ်အောင် ဖြတ်တတ်ဖို့ လိုတယ်၊ ဖြတ်တော့ ဉာဏ်နဲ့ ဖြတ်ရမှာ၊ အဲဒီဉာဏ်ရမှသာ လွတ်လမ်း ကျွတ်လမ်းရကြမှာ၊ ဒီဉာဏ်မရရင် ဒုက္ခလွတ်လမ်းမမြင်တော့ဘူး၊ ဒါကြောင့် ဒီဉာဏ်ရအောင် ဆရာဘုန်းကြီးက သင်ပြပေးနေတာ၊ ပေးထိုက်လို့ ပေးရင် ယူထိုက်အောင် ယူလိုက်ကြလို့ သတိပေးလိုက်တယ်၊ ပေါ်ကြပြီလား?

ဒကာတို့တစ်တွေ ဘာကိုဘဲဖြစ်အောင်လုပ်ကြ၊ လုပ်ကြ လာမှာက ဒုက္ခအစဉ်အတန်းကြီးလာမှာဘဲ၊ ဒီတော့ လုပ်သမျှ ကိုယ်ပိုင်ရမှာက ဒုက္ခသစ္စာရကြမှာပါ၊ ရိပ်မိကြပြီလား? ဖြစ်ပေါ်လာသမျှက ဒုက္ခသစ္စာ ဖြစ်စေတဲ့ အကြောင်းက သမုဒယ သစ္စာ၊ ဒီနှစ်မျိုးမှာ ပတ်ချာလည်နေမှာဘဲ၊ ကြာလေ နစ်လေ၊ နစ်ကြဘို့ဘဲ ရှိတယ်၊ ဒီတော့ ဒကာ၊ ဒကာမတွေက အမှန်အကန် သိအောင် လုပ်ရမယ်၊ သိဘို့ အရေးကြီးတယ်ဆိုတာ ဆုံးဖြတ်ချက်ချ၊ ဖြစ်စေတဲ့ အကြောင်းက သမုဒယသစ္စာ၊ ပေါ်လာတဲ့ အကျိုးက ဒုက္ခသစ္စာ၊ ဒါကို သိကြရမယ်။

ဘာကြောင့်, ညာကြောင့်လို့ ဆိုတာ သမုဒယလို့မှတ်ကြ၊ (ဥပမာ) ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်ဆိုတဲ့ နေရာမှာ ဝိညာဏ်က သမုဒယ သစ္စာ၊ နာမ်ရုပ်က ဒုက္ခသစ္စာ၊ နောက်ပြီး နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်တယ်၊ ဒီမှာ ကျတော့ နာမ်ရုပ်က သမုဒယ သစ္စာ၊ သဠာယတနက ဒုက္ခသစ္စာ၊ ဒီသဘောတိုင်းဘဲ ရှေ့က ဖြစ်စေတဲ့ အကြောင်းက သမုဒယ၊ ဖြစ်လာတဲ့အကျိုးက ဒုက္ခသစ္စာ ဆိုတာဘဲလို့ သိကြရမယ်။

ဒီလို အကြောင်းအကျိုးအဆက် အဆက်ဖြစ်တာ, ပျက်တာ သိရရင် ဘယ်လို ကျေးဇူးများသလဲ? ဒီသဘောအမှန်သိတော့ "သေရင်, ပြတ်တယ်"ဆိုတာ မဟုတ်ပါလားလို့ ကိုယ်တိုင် ဧကန် သိရမယ်၊ မိမိဉာဏ်ထဲမှာ ကမ္ဘာဝ ပစ္စယာ ဇာတိဘဲ၊ ဩော်, အကြောင်းနဲ့ အကျိုးဆက်စပ်ပြီးနေတယ် ဒါပေမဲ့ အကြောင်းကတော့ မလိုက်ပါဘူး၊ အကြောင်းနဲ့အကျိုး အဆက်ဆက် ဖြစ်ပျက်နေတာပါ ကလားလို့ အမှန်အကန်သိမြင်လာတော့တယ်။

ဒါကိုသိရင် ဥစ္ဆေဒအယူမရှိတော့ဘူး၊ သေရင် ပြတ်တယ်လို့ ယူတဲ့ မိစ္ဆာအယူပြုတ်ပြီလို့ မှတ်ကြ၊ သေရင်မပြတ်ဘူး၊ အကြောင်း အကျိုးဆက်နေတာဘဲ၊ အကြောင်းအကျိုး မပြတ်ပါလားလို့ အမှန် သိရမယ်၊ သိရင် ဒီမိစ္ဆာအယူစင်သွားပြီလို့ မှတ်ကြ၊ ဒီလိုသိတော့ သိတဲ့ နေရာမှာ မသိမှုအဝိဇ္ဇာ ချုပ်သွားတယ်၊ အဝိဇ္ဇာချုပ်ရင် အဝိဇ္ဇာဖြစ်တာဘဲ၊ အဝိဇ္ဇာချုပ်တော့ သင်္ခါရချုပ်၊ သင်္ခါရချုပ်တော့

ဝိညာဏ်ချုပ်၊ နောက်လာမည့် ဒုက္ခအစုကြီးအကုန်ချုပ်သွား တော့တယ်၊

အဝိဇ္ဇာချုပ်ဆိုတာ အဝိဇ္ဇာဖြစ်ပြီးပျက်သွားတာကိုဆိုတာ မဟုတ်ဘူး၊ အမှန်အကန်မြင်တာကို ဆိုတာ၊ ခန္ဓာထဲကြည့်တော့ အမှန်အတိုင်း မြင်တာကို ဆိုတာလို့မှတ်ကြ၊ အမှန်မြင်ဆိုတာ ခန္ဓာမှာ ဝေဒနာပေါ်လာတယ်၊ အဲဒီပေါ်လာတဲ့ ဝေဒနာဟာ ဖြစ်ပြီး ပျက်သွားတော့တယ်၊ ဒီအခါမှာ ဉာဏ်က ဩော်... ဝေဒနာဟာ ဖြစ်လည်းဖြစ်တယ်၊ ပျက်လည်းပျက်တာကိုလို့ အမှန်မြင်တာကို ပြောတာဘဲ၊ ဒကာ, ဒကာမတွေ သဘောပါကြပြီလား?။

ဒီလို အမှန်အကန်မြင်တော့ အမှန်အကန်မြင်တဲ့သူမှာ အဝိဇ္ဇာ စတဲ့ ဒုက္ခကြီးချုပ်သွားတယ်၊ အမှန်အကန်မြင်တာဟာ အဖြစ်အပျက် ကလေးကို မြင်တာမို့ မဂ်အမြင်, မဂ်အမြင်ဘဲဆိုတာ ဆုံးဖြတ်ချက်ချ အားကိုးဘို့ မကောင်းကြဘူးလား? မကောင်းတာ သိရင် ကြိုးစားကြ၊ သာမညများ မမှတ်လိုက်ပါနဲ့ ဖြစ်တာနဲ့ ချုပ်တာမြင်တာဟာ မဂ်ရတာဘဲ၊ဒီအချုပ်ကို တွေ့မြင်ရင် တစ်ခုချုပ်တော့ တစ်ခုချုပ် တာဘဲလို့ မြင်ရမယ်၊ တစ်ခုချုပ်ရင် နောက်တစ်ခုလည်း ချုပ်မယ်လို့ မြင်တော့ သဿတဒိဋ္ဌိစင်သွားပြီလို့ မှတ်ကြ။

ဘုရားက "ဒီဟာကို သံသယမရှိအောင် မြင်လို့ရှိရင် မဂ်အမြင် ဘဲတဲ့၊ အကြောင်းဖြစ်ရင် အကျိုးဖြစ်တယ်၊ အကြောင်းချုပ်ရင် အကျိုးချုပ်တယ်လို့ မြင်ရင် မဂ်အမြင်ပါဘဲတဲ့ ဒီအမြင်ဟာ သဿတ,

အမြင်နဲ့ ဥစ္ဆေဒ အမြင်နှစ်ခုမှ လွတ်၍ ဒီနှစ်ခုကြားက မြင်တဲ့အမြင် ဖြစ်လို့ မဂ်အမြင်ဘဲလို့ ဟောတော်မူတယ်။

**မဂ်အမြင်ဆိုတာ ဖြစ်တာကိုလည်းမြင်ရမယ်၊ ပျက်တာကိုလည်း မြင်ရမယ်၊ ရုပ်နာမ်တစ်ခုခုရဲ့ အဖြစ်နဲ့ အပျက်ကို မြင်တဲ့အမြင်ဟာ မဂ်အမြင်ဘဲလို့ ဆုံးဖြတ်ချက်ချ၊** မဂ်အမြင်ဆိုတာ သဿတ အမြင်ဥစ္ဆေဒအမြင်နှစ်ခု ကြားထဲက ထိုးထွင်းဖောက်ဖျက်ပြီးမြင်တဲ့ အမြင်ဘဲလို့မှတ်လိုက်ကြ။

သဿတနဲ့ ဥစ္ဆေဒဆိုတဲ့အမြင်နှစ်ခုမှာ ဒိဋ္ဌိတွေ အကုန်ဝင်နိုင် တယ်၊ ဒီနှစ်ခုကြားက ဖြတ်ဖောက်ပြီး မြင်တာဆိုတော့, မဂ်အမြင်ဟာ ဒိဋ္ဌိတွေ အကုန်နှင်ထုတ်ပြီး မြင်တဲ့အမြင်ဘဲလို့ ဆိုနိုင်တယ်၊ သဘောပါပြီလား? ဒါကြောင့် ဒီအမြင်, မဂ်အမြင်ရအောင် ကြိုးစား ကြလို့ တိုက်တွန်းလိုက်တယ်၊ ဒီအမြင်ရရင် သာမညလူမဟုတ် တော့ဘူး၊ အဆင့်အတန်းတက်သွားပြီ၊ ဒို့ ဒကာ, ဒကာမတွေအတွက် ဒီလောက်မြင်ရင် လောကီမဂ်အမြင်ရကြပြီဆိုတာ မှတ်ကြ၊ ဒိဋ္ဌိအယူ, မိစ္ဆာအယူကတော့ လွတ်မြောက်ကြပြီလို့ ပြောလိုက်ပါတယ်။

ဒကာ, ဒကာမတွေ အခုအခါ မိမိတို့ အသိဉာဏ်စင်ကြယ် သွားပြီ၊ ဒီလို စင်ကြယ်သွားတာ တရားနာလို့ စင်ကြယ်တာ ဒီလို စင်ကြယ်တာက အသိနဲ့စင်တာလို့ မှတ်ထားကြ၊ ဒီလောက်နဲ့ ကျေနပ်နေလို့ မရသေးဘူး၊ တကယ်တမ်း စိတ်မချရသေးဘူး၊ တကယ်တမ်းစိတ်ချရအောင် အားကိုးရအောင် ဘယ်နည်းနဲ့စင်မလဲ?

အားထုတ်ပြီး စင်မှ တကယ်စိတ်ချရပြီဆိုတာ မှတ်လိုက်ကြ၊ ဒီတော့ ဒကာ, ဒကာမတွေ "အားထုတ်လို့ စင်တဲ့ အစင်ကမှ ပိုပြီး အရေးကြီးပါလားလို့ ဆုံးဖြတ်ချက်ချ၊ သဘောပါပြီလား?

တရားနာလို့ သိတဲ့အသိနဲ့လည်း တင်းတိမ်မနေကြနဲ့၊ တရားကိုလည်း အဟုတ်တမ်းအားထုတ်ကြလို့ လေးလေးနက်နက် သတိပေးလိုက်ပါတယ်၊ အသိရင်းရှံနဲ့ဟာက ဉာတပရိညာဘဲရှိသေးတယ်၊ သိမှုနဲ့ ဒိဋ္ဌိနှစ်ခုနှင်ပြစ်လိုက်တာပဲ ရှိသေးတယ်၊ ဒါနဲ့ မပြီးသေးဘူး၊ လိုသေးတယ်၊ အားထုတ်မှုနဲ့ အသိရင်းမှ "တီရဏ ပဟာန ပရိညာဖြစ်မယ်၊ **အခုနာလို့ အသိရင်းတာက သုတမယ၊ အားထုတ်မှုနဲ့ သိတာက ပစ္စက္ခဓမ္မဖြစ်ကြမှာ၊** ရှင်းကြပြီလား? ပစ္စက္ခ ဓမ္မဖြစ်အောင် လုပ်ကြ။

အားထုတ်မှုနဲ့ ရှင်းတော့ ဒကာ, ဒကာမတွေ မိမိတို့ ဝမ်းထဲမှာ စိတ်ဝိညာဏ်ကလေး ဖြစ်ပေါ်လာတယ်ဆိုပါတော့၊ စိတ်ဝိညာဏ်ကလေး ဖြစ်လာတော့ သူဟာ သင်္ခါရကြောင့်ဖြစ်တာပဲ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဒါကို ဉာဏ်နဲ့ ရှုမြင်ရမယ်၊ နောက်ဖြစ်စေတဲ့ သင်္ခါရကလည်း ဒုက္ခ၊ ဖြစ်ပေါ်လာတဲ့ အကျိုးဝိညာဏ်ဟာလည်း ဒုက္ခဘဲလို့ ဉာဏ်ကရှုတော့ ဒုက္ခလေးဖြစ်ပြီး ဒုက္ခလေးချုပ်သွားတာ မြင်ရမယ်၊ ရိပ်မိပြီလား? ဝိညာဏ်စိတ်ကလေး တစ်ခုခု ဖြစ်ပေါ် လာတိုင်း ရှုဉာဏ်လိုက်ပေးရမယ်၊ ရှုဉာဏ်လိုက်ရင် လိုက်နိုင် သလောက် အမှန်အကန်မြင်ရမယ်။

ဒကာ, ဒကာမတွေ ကိုယ့်သန္တာန်မှာ ဉာဏ်နဲ့ကြည့်ရမယ်၊ ရုပ်ဘက်ကပဲကြည့်ကြည့်၊ ဝေဒနာပဲကြည့်ကြည့်၊ စိတ်ဘက်ကနေ ကြည့်ကြည့်ဒုက္ခယစ္စာဘဲ၊ ဉာဏ်နဲ့ကြည့်ရင် ဒုက္ခသစ္စာအမှန်သိရမယ်၊ (ဥပမာ) ခန္ဓာမှာ ဝေဒနာလေး တစ်ခုပေါ်လာလည်း ဒီအတိုင်းပါပဲ၊ ဉာဏ်နဲ့ ကြည့်ရင်ဖြစ်ပြီး ပျက်စီးသွားတဲ့ သဘောဖြစ်ပျက်ဒုက္ခသစ္စာပဲ မြင်ရမယ်၊ ဒါဟာ အားထုတ်ယူမှ မြင်တဲ့ အမြင်ပဲလို့ မှတ်ကြ၊ အားမထုတ်ရင် ဒီအမြင်မရဘူး၊ ဒီအမြင်မှ ကိုယ်တိုင် ဒိဋ္ဌပစ္စက္ခ အမြင်ပဲလို့ဆုံးဖြတ်ချက်ချကြ။

**အဲဒီလို ပစ္စက္ခအမြင်ဖြစ်မှ သမ္မာဒိဋ္ဌိအမြင်ဖြစ်မယ်၊ ကိုယ်တိုင် ဒိဋ္ဌပစ္စက္ခမြင်မှသာ သမ္မာဒိဋ္ဌိအမြင်လို့ မှတ်လိုက်ကြ၊ ခန္ဓာမှာ ဝေဒနာလေး ပေါ်လာရင် ဖဿကြောင့်ပေါ်လာတဲ့ ဝေဒနာဘဲလို့ သိရမယ်၊ သူ့ကိုဖြစ်စေတဲ့ ဖဿဟာလည်းဖြစ်ပြီး ပျက်တာဘဲ၊ ပေါ်လာတဲ့ ဝေဒနာဟာလည်း ဖြစ်ပြီး ပျက်တာဘဲရှိတယ်၊ ဒီလိုဖြစ်ပြီး ပျက်တဲ့သဘောကိုလည်း ဉာဏ်နဲ့ မြင်ရမယ်၊ မဂ်အမြင်ဆိုတာ ဒီလိုဖြစ်ပျက်မြင်တဲ့ အမြင်ဘဲဆိုတာ မှတ်ကြ၊ ဖြစ်ပျက် မမြင်သမျှ မဂ်အမြင်မရနိုင်ကြဘူး၊ ဒါကြောင့် ဒကာ, ဒကာမတွေ ပထမ ဖြစ်ပျက်မြင်အောင် ကြည့်ပေး ကြရမယ်။**

ရုပ်ဖြစ်ဖြစ်၊ ဝေဒနာ ဖြစ်ဖြစ်၊ သညာဖြစ်ဖြစ်၊ သင်္ခါရဘဲဖြစ်ဖြစ် ဝိညာဏ်ဘဲဖြစ်ဖြစ်ရုပ်တရား နာမ်တရားကလေး တစ်ခုခုရဲ့ ဖြစ်ပျက်မြင်မှုဟာ မဂ်အမြင်ဘဲလို့ ဆုံးဖြတ်ချက်ချ၊ ရှင်းပြီးနော်၊

ဒါကြောင့် ဒကာ, ဒကာမတွေ **မိမိခန္ဓာမှာ ဉာဏ်နဲ့ကြည့်ပေး၊ ရုပ်တွေ့ရင်ရုပ်ရှု၊ ဝေဒနာတွေ့ရင် ဝေဒနာဘဲရှု၊ ဝိညာဏ်တွေ့ရင် ဝိညာဏ်ရှု၊ အများမလိုဘူး၊ တစ်ခုထဲကို အမှန်အကန်သိအောင် စိုက်ရှုကြ၊ ဘာတွေ့တွေ့ ရှုပေးဖြစ်ပျက် မြင်မှုသာ ပဓာန ဒီအမြင်ဟာ ခန္ဓာမှာ ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာ မြင်တဲ့ အမြင်ဘဲလို့** ဆုံးဖြတ်ချက်ချ၊ ရှင်းကြပြီလား?

ဒီအမြင်ကို အားထုတ်မှုအလုပ်နဲ့ ရှင်းမှ မြင်နိုင်ကြမယ်၊ အားထုတ်မှုမပါရင် မရဘူး ဒါကြောင့် ကြိုးစားအားထုတ်ကြဘို့ တာဝန်ဟာ ဒို့တာဝန်ဘဲလို့ ရိပ်မိကြ၊ ပေါ်ကြပြီလား? ဘုန်းကြီးတို့ တာဝန်က အသိမှန်ရအောင် ရှင်းပေးခဲ့ပြီ၊ ကျန်တဲ့ တာဝန်က ဒကာတို့ တာဝန်၊ ကိုယ့်တာဝန် ကိုယ်ကျေပြွန်ကြလို့ သတိပေး လိုက်တယ်၊ ရှုတော့ ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခကိုမြင်ရမယ်၊ အဲဒီရုပ်နာမ် ဖြစ်ပျက်ဒုက္ခက ဒုက္ခသစ္စာ၊ မြင်တာက မဂ္ဂသစ္စာ၊ မြင်တုန်းမှာ သမုဒယ သေတာ၊ အဲဒါ သမုဒယသစ္စာသေတော့ ဒီနေရမှာ နိရောဓပေါ်တယ်၊ အဲဒါနိရောဓသစ္စာဘဲလို့ မှတ်ကြ၊ ကျေနပ်ပြီလား?

✱☆✱☆✱☆✱☆✱☆✱

# ရှေ့ကပြစ်ပျက်နောက်ဉာဏ်မဂ်တရားတော်

ဒကာ, ဒကာမတို့ အထူးတလည်သိမှတ်ထားကြဘို့ အဓိပ္ပါယ် အချက်ကို ပြောရမယ် ဘာလဲဆိုတော့ တရားဟောတဲ့ပုဂ္ဂိုလ်၊ တရားဟော ဆရာက၊ ဒကာ, ဒကာမတို့ သန္တာန်မှာ ဖြစ်နေတဲ့ ယခုပေါ်ဆဲပဋိစ္စသမုပ္ပါဒ်အတိုင်း, ဖြစ်စဉ်အတိုင်း ဟောပြရမယ်၊ ဒကာတို့ ကလည်း မိမိသန္တာန်မှာ လက်ရှိဖြစ်နေဆဲ၊ လက်ရှိဖြစ်စဉ်ကို ကြည့်ထားရမယ်၊ ဟောတဲ့သူကလည်း မှန်းအောင်, မလိုချင်အောင် ချုပ်အောင် ဟောနိုင်ရမယ်၊ အဲဒီလို ဟောနိုင်တဲ့ ဓမ္မကတိကမှ ဓမ္မကထိက အစစ်လို့ ဆိုရမယ်လို့ မှတ်ကြ၊ သဘောပါပြီလား?

အခုအချိန် ဒကာ, ဒကာမတို့ သန္တာန်မှာ တရားနာတဲ့စိတ် ဖြစ်ပေါ်နေတယ်၊ ဒီစိတ်နောက်က သောတ, ဝိညာဏ်စသည့် ပေါ်နေတယ်၊ အဲဒီလို ပေါ်နေဆဲစိတ်အစဉ် ပဋိစ္စသမုပ္ပါဒ် အစဉ်ကို မှန်းအောင်, မလိုချင်အောင်, ဆုံးအောင် ဟောနိုင်မှ ဓမ္မကထိက အစစ်ဘဲလို့ ဆိုရမယ်၊ ရှင်းပြီလား? ဒကာ, ဒကာမတွေကလည်း အားထုတ်ချင်လို့ ကျင့်ချင်လို့ နာတဲ့ တရားမျိုးဆိုပြီး နာကြမှ, နာယူကြမှ တရားနာခြင်း အစစ်အမှန်ဆိုနိုင်တယ်၊ တရားနာတာ နာလို့ ကောင်းလို့ နာတာမျိုးမလိုဘူး၊ တရားနာမှု အစစ်မဟုတ်ဘူးလို့ မှတ်ကြ၊ ရိပ်မိပြီလား?

နောက်ပြီး တရားကို ကျင့်တဲ့အခါမှာလည်း ကိုယ့်သန္တာန်မှာ

ပေါ်နေတဲ့ ခုပေါ်ဆဲဖြစ်တဲ့ တရားကလေးတစ်ခုထဲကို လက်ကိုင်ထား၊ အဲဒီလို တရားတစ်ခုထဲကို လက်ကိုင်ထားပြီး မှန်းအောင်, မလို ချင်အောင်, ဆုံးအောင်ကျင့်မှ အမှန်ကျင့်ပဲလို့ မှတ်ကြ။ အဲဒီလို ညီညွတ်အောင် ဆရာကဟောလို့ တပည့်ကလည်း ဒီနည်းအတိုင်း နာယူမှ ကျင့်ကြံမှ လမ်းမှန်ကျမယ်၊ အဲဒါမှ အဟောနဲ့ အနာ ညီညွတ်မယ်လို့မှတ်ကြ၊ ရှင်းပြီးလား? ဒီလို ဆရာ–ဒကာ ညီညွတ်မှသာ ဒိဋ္ဌဓမ္မနိဗ္ဗာန် ပုဂ္ဂိုလ်ဖြစ်ကြမယ်၊ ဆရာ ဒကာ ညီညွတ်ပါမှ ဒိဋ္ဌဓမ္မနိဗ္ဗာန်ရနိုင်မယ်၊ ရနိုင်တဲ့ပုဂ္ဂိုလ်ဖြစ်မယ်လို့ သံယုတ်ပါဠိတော်မှာ ဟောတော်မူတယ်လို့ မှတ်ကြ။

တရားနာတဲ့ ဒကာ, ဒကာမတို့ကလည်း မိမိခန္ဓာမှာ တစ်မျိုးမျိုး ပေါ်မယ်၊ မြင်စိတ်ပေါ်ချင်ပေါ်မယ်၊ ဒါမှမဟုတ် ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ တွေ့စိတ်၊ မနောစိတ် တစ်ခုခုပေါ်မယ်၊ ဒီလိုပေါ်တဲ့ အခါပေါ်တာကို မိအောင်ကြည့် မလွတ်အောင်ရှုပေးကြ၊ ဥပမာ– စားစိတ်ကလေး လျှာမှာပေါ်တယ်ဆိုပါတော့ အဲဒါ စားစရာ ထမင်းဟင်း, စားစရာ အစာ အဟာရကြောင့် ပေါ်လာရတာပဲ၊ စားစရာ အစာကြောင့် အစာကပြုပြင်လိုက်လို့ ပေါ်လာရတာပါ၊ ရှင်းပြီလား? အဲဒါဟာ စားစရာ စွဲပြီး စားစိတ်ပေါ်တဲ့အတွက် ပဋိစ္စသမုပ္ပါဒ်တရားဘဲ၊ ဒီစားစိတ်ဟာ သူ့အလိုလိုဖြစ်တာ မဟုတ်ဘူး၊ အလိုလိုမဖြစ်ဘူး၊ စားစရာကြောင့် အစားဆိုတဲ့ အကြောင်းကြောင့် ဖြစ်လာတာပဲ၊ ရှင်းကြပြီးလား?

ဒီစားစိတ်ဟာ အကြောင်းမကင်းဘူး၊ အကြောင်းကြောင့် ပေါ်တဲ့ တရားမို့ ပဋိစ္စသမုပ္ပါဒ်လို့ ခေါ်တယ်၊ အဲဒီစားစိတ်ကလေးကို မှန်းအောင်ရှုဘို့ လိုတယ်၊ ရှုဘို့နည်းက "ထမင်းတလုပ်စားလိုက် အရသာ တမျိုးပေါ်လိုက်၊ ဟင်းတစ်ခုစားလိုက်၊ အရသာ တမျိုးပေါ် လိုက်ဆိုတော့ အရသာစိတ် တမျိုးပြီးတမျိုးဖြစ်လိုက်, ပျက်လိုက်နဲ့ စားစိတ်သေတာပဲလို့ မှတ်လိုက်ကြ၊ အရသာပေါ်တာ၊ သိတာဟာ စားစိတ်နဲ့သိတာ၊ ဒီတော့ စားစိတ်တွေ သေသေနေတာဆိုတဲ့အချက် ရိပ်မိကြပြီလား? အဲဒါဟာ စင်စစ်တော့ စားချင်တဲ့လူသေတာပါပဲ၊ သဘောပါပြီလား?

ဒီတော့ စားချင်တဲ့သူ ဒီနေရာတွင် သေတာပဲလို့ ဉာဏ်စိတ် ပေါ်လာမယ်၊ ဒီလိုဘဲစားလိုက် သေလိုက် စားလိုက်သေလိုက်၊ နောက်ကနေပြီး ဉာဏ်နဲ့ ကြည့်တော့ ကိုယ့်မသာ ကိုယ်မြင်ရမယ်၊ ရှင်းပြီလား? အစာစားတိုင်း စားတိုင်း, လျှာပေါ်မှာ ဖြစ်လိုက်, ပျက်လိုက် နေတဲ့ ကိုယ်မသာချည့်ကိုယ်တွေ့ နေရတာ ကြာရင်ငြီးငွေ့ လာမယ်၊ ကြာလေ ကိုယ့်မသာကိုယ် မကြည့်ချင်လေဖြစ်ပြီး မုန်းလာမယ်၊ ဒကာတို့စမ်းပြီး စားကြည့်ကြ၊ ဉာဏ်နဲ့ စမ်းစားကြည့်ရင် လက်တွေ့သိရမယ်။

စားရင်းသေသေနေတော့ စားချင်ရင်လည်းသေချင်လို့ပဲ၊ ဝတ်ချင်ရင်လည်း သေချင်လို့ဘဲ၊ ကြည့်ချင်ရင်လည်း သေချင်လို့ပဲ၊ ဒီတိုင်းဖြစ်နေတာဘဲ၊ ဒီအတိုင်းပဲ ကြည့်တဲ့စိတ်မှာလည်း အဆင်း

တစ်ခုခုကို ကြည့်စိတ်ပေါ်လို့ ကြည့်လိုက်တဲ့အချိန်မှာ ဒီစိတ်ကလေးက သေပြီ မရှိတော့ဘူး၊ ပေါ်လာပြီး ချက်ချင်းပျောက်သွားတာပဲ သူ့နေရာမှာ နောက်စိတ်, အစားထိုးလို့သာ ပျက်သွားတာကို မသိတာပဲ၊ ငါကြည့်တယ်လို့ ထင်မြင်နေတာ၊ အမှန်က တစိတ်ပြီး တစိတ်, ဖြစ်ပြီးပျက်, ဖြစ်ပြီးပျက်နဲ့ အစဉ်မပြတ်မရပ်မနား ဖြစ်ပျက်နေတာပဲ ရှိတယ်၊ ဒါကို ဉာဏ်နဲ့ကြည့်ရင် လက်တွေ့သိရမယ်၊ အမှန်အတိုင်း သိရမယ်၊ စားစိတ်မှာ ကြည့်စိတ်မှာ သွားစိတ်မှာ ကြားစိတ်မှာ နံစိတ်မှာ တွေးစိတ်မှာ ဘယ်နေရာမဆို ဒီအတိုင်းဘဲဖြစ်ပြီး ပျက်နေတာပဲ၊ သဘောပါကြပြီလား?

ဒကာ, ဒကာမတွေ **ဘယ်စိတ်မဆို ကိုယ်တွေ့ ဉာဏ်မြင်ဖြစ်အောင် အားထုတ်ရမယ်၊** အချိန်ဆွဲ အချိန်ရွှေ့မနေကြနဲ့တော့၊ ရွှေ့နေရင် ကိုယ့်မသာ ကိုယ်မမြင်ပဲသေခြင်းဆိုးနဲ့ သေရမယ်၊ ရိပ်မိပြီလား? အားထုတ်ကြည့်ရင် ကိုယ့်မသာတွေ ကိုယ်တိုင်မြင်ရမယ်၊ မြင်ရင်မလိုချင်၊ ဒီအသေက လွတ်ချင်စိတ် ပေါ်မယ်၊ လွတ်ချင်တဲ့ ဉာဏ်လာမှ အသေလွတ်ရာရကြမှာ၊ ရှင်းပြီလား? ဒါကြောင့် ဘုရားက ဒကာ, ဒကာမတွေရဲ့ အဖြစ်မှန်ကို သိတော်မူ သနားတော်မူလို့ မသေရာကို ရှာကြလို့ ဟောတော်မူတာလို့ မှတ်ကြ၊ ပေါ်ကြပြီလား?

ခန္ဓာမှာ ဉာဏ်နဲ့ ကြည့်ရင် ကောင်းတာ တစ်ခုမှ မမြင်ရဘူး **"အသေဒုက္ခချည့်မြင်ရမယ်"**တသေပြီး, တသေ၊ တသေပြီး တသေ

ခဏ ခဏ သေနေကြရတာ၊ ဒီလိုသေရတာ ကိုယ်တိုင်သေရတာ ချည့်ဘဲ၊ ဒီဟာတွေကို ဉာဏ်နဲ့ မြင်လာတော့ မုန်းလာမှာပဲ၊ အမုန်းများလာရင် အသေတွေ ချုပ်ဆုံးပြီး အသေလွတ်ရာ ရကြမယ်၊ ဒါကြောင့် မိမိသန္တာန်မှာ ဉာဏ်နဲ့ကြည့်ပေးကြ၊ ဘာလာလာကြည့်ပေး စားချင်တာလည်းကြည့် အသေတွေ့မှာဘဲ၊ နားထောင်ချင်၊ ကြံစည် ချင်လဲ သေချင်လို့၊ ဒီလို လျှောက်ပြီးဉာဏ်နဲ့ကြည့်၊ အသေချည့်သာ တွေ့ရမယ်၊ နားလည်ပြီလား?

ဒါကြောင့်မပြတ်ကြည့်ပေးကြ၊ ကြည့်ရင် အသေမသာချည့်သာ တွေ့ရမယ်၊ အလောင်းချင်းသာ ထပ်တော့တယ်၊ အကောင်းတစ်ခုမှ မမြင်တော့ဘူး၊ ရိပ်မိပြီလား? ဒါကြောင့် ကြည့်ပေးကြ၊ မကြည့်ရင်ဖြင့် မတွေ့ကြဘူး၊ တရားတော်ဟာ သူပြောမယုံနဲ့ ကိုယ်တွေ့ကြုံရမယ်၊ **"သန္ဒိဋ္ဌိကော"**တဲ့၊ သဘောပါပြီလား? ဒါက ဒိဋ္ဌဓမ္မနိဗ္ဗာန်ရချင်တဲ့ သူအတွက် ဒီတရားကို ဟောရတာ၊ ဒကာ, ဒကာမတွေ ဒိဋ္ဌဓမ္မနိဗ္ဗာန် ရချင်ကြရင်ဖြင့် အားထုတ်ကြဘို့ဘဲ၊ ကျေနပ်ပြီလား? ပါးစပ်ဖျား ကလေးနဲ့သာ နိဗ္ဗာန်ရရပါလို၏နဲ့ တောင်းပြီး အားမထုတ်ရင်ဖြင့် ဒကာတို့ဟာ လူညာတွေလား? လို့ မေးလိုက်ပါတယ်၊ ကျေနပ်ပြီလား?

ကိုယ့်သန္တာန်မှာ ပေါ်မယ်၊ စိတ္တာနုပဿနာရှုရင် စိတ်(၆)မျိုး မျက်လုံးစိတ်, နားစိတ်, နှာခေါင်းစိတ်, လျှာစိတ်၊ ကိုယ်ကာယစိတ်၊ မနောစိတ်လို့ အဲဒီခြောက်မျိုးပေါ်မယ်၊ ပေါ်သမျှ မလစ်အောင် လိုက်ကြည့်၊ ကိုယ့်အသေချည့်တော့ ရမယ်၊ ခြောက်ဒွါရမှာဖြစ်တဲ့

ခြောက်စိတ်ကို မလွတ်အောင်လိုက်ကြည့်၊ ပေါ်ရာကိုသာကြည့်၊ ကြည့်ရင်ဖြစ်ပျက် တွေချည့်တွေ့မယ်၊ ဖြစ်လာပြီး ပျက်သွား၊ ဖြစ်လာပြီး ပျက်သွားနဲ့ ဖြစ်ပျက်တွေချည့်ဘဲ တွေ့ရမယ်၊ အဲဒီတွေ့တဲ့ ဖြစ်ပျက်ကို ကြည့်ပါများလာတော့ ကြာရင်မုန်းလာမယ်၊ အဲဒီကနေ ဆုံးအောင်ဆက်ပြီး ကြည့်ရမယ်၊ ဆုံးအောင်ကြည့်ဘို့ ဒို့တာဝန်ဘဲလို့ ဆုံးဖြတ်ချက်ချ။

ဒကာ ဒကာမတွေ သူများအသုဘ, လိုက်ပို့ကြတဲ့အခါမှာ မသာပို့ရင်းနဲ့ ဟေးလားဝါးလားစကားပြောနိုင်တာ ဘာလို့လဲ? မသာပို့ရင်း, စီးပွားရေး, ကြီးပွားရေး, သားရေး, သမီးရေး, စကားတွေ ဖောင်နေအောင် ပြောနိုင်ကြတယ်၊ ဒါဘာကြောင့်လဲ? အဲဒါ သူများသေတာသိပြီး ကိုယ်သေတာ ကိုယ်မသိကြလို့သာဘဲ၊ ကိုယ်သေတာ သိရင် ဟေးလာဝါးလား မလုပ်နိုင်ကြပါဘူး၊ ရိပ်မိကြပြီလား? သူများသေတာ အိမ်ရှေ့ကအလောင်း(၄၀-၅၀)လောက်များ ဖြတ်သွားရင် ဘယ်နှယ့်များနေပါမလဲ? ရွံမုန်းလာမှာဘဲ၊ အဲဒီအမုန်းက ဉာဏ်မုန်းမဟုတ်ဘူး၊ ကြောက်တာဘဲ၊ ကြောက်တဲ့ဒေါမနဿဘဲ၊ သံဝေဂဉာဏ်မဟုတ်ဘူးလို့ မှတ်ကြ။

ဒကာ, ဒကာမတွေ အဲဒါကို သဘောပါကြရဲ့လား? သူများသေလို့ အလောင်း (၄၀-၅၀)လောက် မြင်ရတော့ ကြောက်တယ်၊ ကိုယ့်မသာတွေ နာရီ မိနစ်မလပ်အောင် အလောင်းချင်း ထပ်နေတာ... တော့မကြောက်ကြဘူး၊ အဲဒါမသိလို့၊ မသိသားဆိုးဝါးချက် ဘယ်

လောက်များသန်သလဲ စဉ်းစားကြ၊ သူများကျတော့ ကြောက်တယ်၊ ကိုယ့်ကိုယ် ကိုယ်ပြန်ကြောက်အောင် လုပ်ကြဘို့ ပြောလိုက်ပါတယ်၊ ဒါကြောင့် ဒီကရေ့အရပ်ပေးမျက်လုံးဖြုတ်ပြီး ဘုရားပေး မျက်လုံးနဲ့ ကြည့်ပေးကြ၊ ခန္ဓာမှာဘုရားပေးတဲ့ ဉာဏ်နဲ့ကြည့်ရင် အမှန်သိပြီး အသေလွတ်ရာ နိဗ္ဗာန်ရကြမယ်၊ ရှင်းကြပြီလား?။

ဒကာတို့တတွေ အခုအနေမှာစားလည်း စားသေသေကြ၊ အိပ်လည်း အိပ်သေသေနေကြ၊ ဘယ်မှာနေနေ ဘာလုပ်နေနေ အသေချည့်ပါဘဲ၊ အဲဒါ ဒကာ, ဒကာမတွေ ကိုယ်တိုင်က အသေ ဆုတောင်းထားကြလို့ အခုကိုယ်ပိုင်ရနေကြတာပါ၊ ရိပ်မိကြရဲ့လား? လူဖြစ်ရပါလို၏ဆိုတာ လူသေ, သေရပါလို၏ ဆိုတာဘဲ၊ နတ်ဖြစ် ရပါလို၏ ဆိုတော့ နတ်သေ, သေရပါလို၏ဘဲရှင်းပြီလား?ဒါတွေကို ကိုယ်တိုင်တောင်းယူခဲ့ကြတာ၊ ဒကာတို့က အသေနည်းရင် မကြိုက် နိုင်ဘူး၊ ဘဝဆက်တိုင်း ဆက်တိုင်း လူပြည့်, နတ်ပြည် အကြိမ်ကြိမ်တဲ့၊ အဲဒါအသေဆုတောင်းတာ အသေများများရရပါလို၏၊ ဆိုတာနဲ့ အတူတူပါဘဲ၊ အသေကို ဘယ်လောက်ကြိုက်တယ်၊ မကြိုက်တယ် ဆိုတာ ပြောဘဲမပြောချင်တော့ဘူး။

နိဗ္ဗာန်ကို အခုရရင် တောင်းယူချင်တဲ့ အခိပ္ပါယ်မပါဘူး၊ ဒကာတို့ဟာက လူစည်းစိမ်, နတ်စည်းစိတ် အကြိမ်ကြိမ်ခံစား၍ **အဆုံးစွန်သော ဘဝမှာ နိဗ္ဗာန်ရောက်ရပါလို၏နဲ့** ဆိုကြတယ်၊ **အဆုံးစွန်သော ဘဝဆိုတာ ဘယ်တော့မှ မဆုံးဘူးလို့** မှတ်လိုက်ကြ၊

**ကိုယ်က ဆုံးချင်ရင် ဒီဘဝမှာတင် ဆုံးနိုင်တယ်၊ မဆုံးချင်ရင် ဘယ်တော့မှ မဆုံးဘူး၊ ဆုံးချင်တဲ့ ဉာဏ်လာမှ ဆုံးမှာ၊ ရိပ်မိကြပြီလား?** အကြိမ်ကြိမ်ခံစား၍ ဆိုတာ ဒုက္ခတို့တတွေ အသေတွေကို ခံစားချင်တာလား? မသာလောင်းတွေ ခံစားချင်တယ်လို့ ဆိုတာလား? မေးလိုက်ပါတယ်။

ဒုက္ခာ ဒုက္ခာမတွေ အိပ်နေတဲ့အခါမှာလည်း သေနေတာဘဲ၊ အိပ်နေတဲ့အခါ ထွက်လေ, ဝင်လေရှုရှိုက်နေတာဟာ ထွက်သေ, ဝင်သေ, ရှုသေ, ရှိုက်သေ လုပ်နေကြတာပါ၊ အဲဒါသေချင်လို့ တစ်နာရီမှာ ထွက်သက် (၃၆၀) ဝင်သက်ကလည်း (၃၆၀)တနာရီ အတွင်းမှာတင် အသေ(၇၂၀) တောင်သေနေတယ်၊ ရိပ်မိကြပြီးလား? ကြားမှာ ဘာမှမညှပ်ဘူး၊ တသေပြီး တသေ အသေချင်းသာ ထပ်နေတာပါဘဲ၊ သဘောပါကြပြီလား? ဒါကို မသိမမြင်တော့ ခင်လို့ မင်လို့ရတယ်၊ ပျော်လို့ရွှင်လို့ ရကြတယ် ဒီအသေတွေ မသာတွေ အမှန်သိ အမှန်မြင်ရင် ပျော်လို့ရွှင်လို့ လည်းမရ၊ ခင်လို့ မင်လို့လည်း မရကြတော့ပါဘူး၊ ခင်လို့မရရင် ခန္ဓာပြုတ်တယ်၊ ခန္ဓာငြိမ်းရင် ဒုက္ခငြိမ်းတယ်၊ ဒုက္ခငြိမ်း ခန္ဓာငြိမ်းတော့ ခန္ဓာနိယောခော နိဗ္ဗာနံဘဲ။

ဒါကြောင့် ဒို့ဒုက္ခာတွေ ဒီက ရှေ့ကိုဉာဏ်ကိုဘဲ ဆရာတင် ကြတော့ ဉာဏ်ကပြတာကြည့်၊ ဉာဏ်ပြောသော စကားနားထောင်ကြ၊ ဒါမှ အမှန်ကျမယ်၊ ဉာဏ်ဆရာတင်ပြီး ခန္ဓာမှာကြည့်ပေး၊ ဉာဏ်နဲ့

ကြည့်တော့ အသေချည့်သာတွေ့ရမယ်၊ ဒီအတိုင်းသာ ကြည့်ကြရင် ပျော်တဲ့စိတ်မလာဘူး၊ မုန်းတဲ့ ဉာဏ်ဘဲလာတော့မယ်၊ ဉာဏ်မပါရင် သံသရာမှာ ကြက်ကန်းသွား၊ လိပ်ကန်းသွား သွားနေရဘို့ဘဲ၊ ဒါကြောင့် ဉာဏ်ဆရာတင်ကြ၊ ဉာဏ်ဆရာတင်တော့ ဘဝသံသရာမှာ အသေတွေချည့်မြင်ရမယ်၊ မြင်ရတော့ မလိုချင်တော့ဘူးပေါ့၊ မလို ချင်တော့ ဘဝသံသရာ ဆုံးတာပါဘဲ၊ သဘောပါရဲ့လား?

ဘဝသံသရာမှာ လူဖြစ်တော့ လူသေနဲ့ကြုံရမယ်၊ နတ်ဖြစ် တော့လည်း နတ်သေ၊ ဗြဟ္မာဖြစ်တော့ ဗြဟ္မာသေ၊ ဒီအသေခန္ဓာ တွေချည့်ရကြမယ်၊ ဉာဏ်ကဒီသဘောကို အမှန်မြင်တော့ ခန္ဓာ အမျိုးမျိုးတွေ မလိုချင်တော့ဘူး၊ မုန်းတဲ့ဉာဏ် ဝင်လာတယ်၊ မလို ချင်တော့ နောက်မကြာခင်ဆုံးတော့တာဘဲ၊ ရှင်းကြပြီလား? ဘုရားရှင်က ပဋိစ္စသမုပ္ပါဒ်တရားဟာ ရှုမှတ်ရမည့်တရား ရှုစရာတရား ဘဲလို့ဟောတော်မူတယ်၊ ဒီတော့ ဒွါရခြောက်ခုမှာ ခန္ဓာ ပဋိစ္စ သမုပ္ပါဒ်တွေ လှည့်ပတ်ပြီး ဖြစ်ပေါ်နေကြတယ်၊ ဒီတော့ ဒွါရ ခြောက်ခုမှာလာသမျှ ဘာလာလာ မလွတ်တမ်းရှုပေးကြ။

အဲဒီလို ပေါ်တိုင်း ပေါ်တိုင်း မလွတ်အောင်ရှုပေးရင် ဓမ္မာနု ဓမ္မပဋိပတ္တိဖြစ်မယ်၊ ဓမ္မအနုဓမ္မပဋိပတ္တိဘဲ၊ ဓမ္မကအရှုခံရမဲ့တရား အနုဓမ္မပဋိပတ္တိကပြတဲ့ တရားနဲ့ လျှော်အောင်ညီညွတ်အောင် ကျင့်တဲ့အကျင့်လို့မှတ် **"လျှော်အောင် ကျင့်ဘို့က အရှုခံရမဲ့ တရားနဲ့ ရှုဉာဏ်နဲ့တဲ့စေရမယ်လို့မှတ်ကြ အရှုခံတရားနဲ့ ရှုဉာဏ်တဲ့ ရင်လျှော်**

အောင်ကျင့်တဲ့ အကျင့်ဓမ္မနုဓမ္မပဋိပတ္တိဘဲလို့ မှတ်ကြ၊ သဘောပါပြီလား? ဥပမာ ရုပ်နာမ်ပဋိစ္စသမုပ္ပါဒ်က အဖြစ်ပြရင် အဖြစ်ကို သိရမယ်၊ ပျက်ရင် အပျက်ကို သိရမယ်လို့ ဆိုလိုတယ်၊ ရှင်းပြီလား?

အရှုခံတရားက ဖြစ်ပျက်ရှိရင် ရှုဉာဏ်က ဖြစ်ပျက်ဘဲသိ၊ ပိုမသိနဲ့ ရှင်းပြီးလား? အပိုဖြစ်တဲ့ ငါသူတပါး ယောကျ်ား, မိန်းမ မလာစေနဲ့ ဖြစ်တာ, ပျက်တာကိုဘဲသိရမယ်၊ အဲဒါမှ ဓမ္မနုဓမ္မပဋိပတ္တိ ဖြစ်မှာ၊ ဖြစ်ပျက်နှစ်ခုက အပြင်ဘာမှ မမြင်ရဘူး၊ မြင်ရင် လျှော်တဲ့ အကျင့်မဟုတ်သေးဘူးလို့ ဆုံးဖြတ်ချက်ကျ၊ ဓမ္မနဲ့ အနုပဋိပတ္တိနဲ့ ကိုက်ညီတဲ့ အကျင့်မှ ကိုက်ညီမှ မဂ်ဖိုလ်ရတဲ့ အကျင့်ဖြစ်တယ်လို့ မှတ်၊ မကိုက်ရင် မဂ်ဖိုလ်ရတဲ့ အကျင့်မဟုတ်သေးလို့သာ မှတ်လိုက်ကြ၊ ရှင်းကြပြီလား?

တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်းအချုပ် မှတ်ထားဘို့ကတော့ ရှေ့က အပျက်နဲ့ နောက်ကမဂ်နဲ့ ကိုက်အောင်လုပ်ရမယ်၊ သဘောပါပြီလား? ဒီလို ရှေ့ကဖြစ်ပျက်နဲ့ နောက်က မဂ်နဲ့ ကိုက်အောင် လုပ်ရင် နောက်မှန်းလာမယ် မှန်းဖန်များပြီးနောက် မလိုချင်တော့ဘူး၊ မလိုချင်တဲ့ နောက်တော့ ဆုံးတော့တာဘဲ၊ ဒါကြောင့် ခန္ဓာမှာ ပေါ်ဆဲ ပေါ်ဆဲပဋိစ္စသမုပ္ပါဒ်ကို မလွတ်အောင် ဉာဏ်နဲ့ ကပ်လိုက်၊ ရှေ့ကဖြစ်ပျက် နောက်က မဂ်ညီပါစေ၊ ကြားဝင်တဲ့ စိတ်လက်မခံနဲ့၊ အဲဒါ ကိလေသာ ကြားထိုးတာဘဲ၊ ကိလေသာ ကြားထိုးနေရင် မဂ်ဉာဏ်နဲ့ ဝေးလိမ့်မယ်၊ ရိပ်မိပြီလား?

ကိလေသာ ကြားမဝင်ဘဲ ရှေ့ကဖြစ်ပျက် နောက်က မဂ်ချည့်သာတန်းနေရင် ဓမ္မာနုဓမ္မပဋိပတ္တိဖြစ်ပြီ၊ ဒီလိုညီညွတ်မှ ဓမ္မာနုဓမ္မပတ္တိ ပန္နပုဂ္ဂိုလ်ဖြစ်မယ် ရှင်းပြီလား? ဒါကြောင့် ဒကာ, ဒကာမတွေ ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်ဖြစ်အောင် အမြန်လုပ် ကြပါလို့ တိုက်တွန်းလိုက်တယ်၊ ဘုရားရှင်က ဒကာတို့ သတ္တဝါ ဝေနေယျတွေကို သနားအားကြီးလို့ ညွှန်ပြတော်မူခဲ့တာ၊ ဘုရားတို့ ထုံးတမ်းကနှစ်ခွန်း မပြောဘူး၊ တစ်ခွန်းနဲ့ အမှန်ကိုသာ ပြောတယ်၊ သတ္တဝါတွေကို ငဲ့ညှာတော်မူပြီး နည်းလမ်းပြထားခဲ့တာ၊ ဒီလို ဘုရားထုံးစံသိရရင် ယုံမှားမနေကြနဲ့တော့ ဘုရားစကားတော် မဖြစ်စရာမရှိ၊ မုချဖြစ်ရ မယ်လို့ ဆုံးဖြတ်ပြီးကြိုးစားလိုက်နာကြ။

အားထုတ်တော့ ဒကာတို့ သန္တာန်မှာ ဓမ္မလေးတစ်ခုပေါ်လာ မယ်၊ အဲဒီပေါ်လာတဲ့ ဓမ္မကဖြစ်ပျက်ဆိုရင် ဉာဏ်က ဖြစ်ပျက်လို့သိကြ၊ ဒီဖြစ်ပျက်သိဘို့သာ လိုရင်းအချက်ဘဲ၊ ပထမတော့ ကျဲချင်ကျဲနေမယ်၊ နောက် – အသိအမြင်များလာပြီး စိတ်စိတ်လာမယ်၊ များလာရင် မုန်းစရာဘဲလို့ ဉာဏ်ကသိမယ်၊ ဉာဏ်ကမုန်းစရာလို့ သိရင် မလိုချင်တော့ဘူး၊ ဒါတွေဟာ ဒုက္ခအစုတွေဘဲလို့ ဆုံးဖြတ်ချရမယ် ဆုံးဖြတ်ပြီးနောက် ဒီဖြစ်ပျက် ဒုက္ခတွေ ဆုံးရော၊ ဆုံးတာနဲ့ မဂ္ဂင်ရှစ်ပါးလာတာဘဲ၊ အဲဒီအခါမှာ လောကုတ္တရာမဂ်လည်း မြင် နိဗ္ဗာန်လည်းမြင်ရတော့တာဘဲ၊ ရှင်းပြီလား?

ဒါကြောင့် ဒကာ, ဒကာမတွေ ခန္ဓာကြည့်ပေးကြ၊ ဘာပေါ်

ပေါ်ဖြစ်ပျက်မြင်အောင်ရှု၊ ဖြစ်ပျက်မြင်ဘို့ အရေးကြီးတယ်၊ ရုပ်ပေါ် ရုပ်ဖြစ်ပျက်ရှု၊ ဝေဒနာပေါ်လည်း ဖြစ်ပျက်မြင်အောင်ရှု၊ တိဏ္ဍသင်္ဂတိ ဖဿော ဆိုတဲ့အတိုင်း ဖဿပေါ်လာပြီးနောက် ဖဿပစ္စယာဝေဒနာ ပဲ၊ ဖဿချုပ်ပြီး ဝေဒနာပေါ်လာတယ်၊ ဖဿကအကြောင်း, ဝေဒနာကအကျိုး၊ ဝေဒနာအချုပ်ကလေးမြင်တော့ အကြောင်းချုပ်လို့ အကျိုးချုပ်တာသိရမယ်၊ အကြောင်းဖဿရော အကျိုးဝေဒနာပါ နှစ်ပါးလုံးပြိုင်ချုပ်တယ်၊ အကြောင်းအကျိုးပြိုင်ချုပ်တော့ နောက်က တဏှာ, ဥပါဒါန်တွေ မလာတော့ဘူး၊ မလာတော့ တဏှာ နိရောဓာ နိဗ္ဗာန်၊ ခန္ဓာနိရောဓာ–နိဗ္ဗာန်၊ လောဘ, ဒေါသ, မောဟချုပ်ရာ ဆုံးရာဟာ နိဗ္ဗာန်ဘဲ သဘောပါကြပြီလား? ရေသောက် မြစ်ကို မဂ်ကဖြတ်လိုက်တော့ ခန္ဓာသစ်ပင်မပေါက်နိုင်တော့ဘူး၊ ရှင်ကြပြီလား?

✤✦✤✦✤✦✤✦✤

# ခန္ဓာကိုယ်ရှိက ကျန်းမာမှုမရှိ တရားတော်

ဒကာ, ဒကာမတို့ ခန္ဓာငါးပါးထဲမှာ ကြည့်ရင်ရုပ်ထဲမှာ တေဇောဓာတ်က ပူလောင်၊ ပူလောင်ပြီး အရှိန်ရင့်ကျက်သွားလို့ရှိရင် သူလည်းဖောက်ပြန် ပျက်စီးတာဘဲ၊ ပထဝီဓါတ်က ခိုင်တယ်၊ ဝါယောဓါတ်က လှုပ်ရှားတယ်၊ ဒါလည်း သူ့သဘောသူစွန့်သွားတယ်၊ ခိုင်တာလည်းမရှိတော့ဘူး၊ လှုပ်ရှားတာလည်း မရှိတော့ဘူးဆိုတော့ ဒါသူလည်း ဖောက်ပြန်ပျက်စီးနေတာဘဲ။

တခါဝေဒနာ ဘက်ကြည့်လိုက်တော့ ဝေဒနာကလေးတွေက သုခရယ်လို့ ပေါ်လာပြန်၊ ပျောက်ပျက်သွားပြန်တာဘဲ၊ ဒုက္ခရယ်လို့ ပေါ်လာပြန်လည်း ပျောက်ပျက်သွားတာပဲ၊ ဥပေက္ခာရယ်လို့ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာပြန်ရင်လည်း ပျောက်ပျက် သွားတာဘဲ၊ ဝေဒနာဘက်ကလည်း ပျောက်ပျက်တာဘဲရှိတယ်။

သညာဘက်ကလည်း သညာခြောက်မျိုးရှိသည့်အနက်က ရူပါရုံမှတ်တဲ့သညာ ရူပါရုံမှတ်ပြီး ပျောက်ပျက်သွားတယ်၊ သဒ္ဒါရုံမှတ်တဲ့ သညာ ဘာသံ, ညာသံမှတ်တဲ့သညာလည်း မှတ်ပြီး သကာလ ဖောက်ပြန် ပျက်စီးသွာတာဘဲ . . .

ခန္ဓာငါးပါးစလုံး စိတ်ရယ်, ရုပ်ရယ်, ဖြစ်မှု, ပျက်မှု ချည့်ဘဲ၊ ဒါတွေဟာ ဖောက်ပြန်ပျက်စီးပြီးသကာလ သွားကြတာဘဲ။

ဖောက်ပြန်ပျက်စီးပြီးသကာလ သွားကြတော့ သူတို့သည်

ခိုင်ခန့်တည်တန့်ပြီး သကာလ မာနေတယ်၊ ကျန်းမာနေတယ်ဆိုတဲ့ ဥစ္စာတခါမှ ပြောစရာ မပါဘူး၊ ဖောက်ပြန်ပျက်စီးနေတုန်း ကျန်းမာနေတယ်လို့ ပြောလို့ဆိုလို့ မရနိုင်ပါဘူး။

ရုပ်ဘက်ကကြည့်လိုက်လည်း မကျန်းမာမှု၊ ပျောက်ပျက်မှုနဲ့ လမ်းဆုံးတယ်၊ ဝေဒနာဘက်က ကြည့်လိုက်ပြန်လည်း ထို့အတူဘဲ၊ မကျန်းမာမှု ပျောက်ပျက်မှုနဲ့ လမ်းဆုံးတယ်။

သညာကြည့်လိုက်ပြန်လည်း ထို့အတူဘဲ၊ မှတ်တော့မှတ်နိုင်တာဘဲ၊ မှတ်ရင်းဘဲ ဖောက်ပြန်ပျက်စီးသွားတာဘဲ၊ မကျန်းမာမှုနဲ့ ပျက်စီးသွားတယ်။

ခန္ဓာငါးပါးမှာ ပျက်စီးသွားတယ်ဆိုရင် ကျန်းမာမှုရှိလို့လား၊ မကျန်းမာမှုနဲ့ ပျက်စီးတာလား၊ မကျန်းမာမှုနဲ့ ပျက်စီးတယ်လို့ ဉာဏ်ကလေးထိုးထွင်းပြီး သကာလ ပျက်စီးတယ်ဆိုကထဲက ပျက်စီးဘို့ရာ ဖြစ်–ဒုက္ခပါပြီး သကာလ လာတော့ ပျက်စီးခြင်း, ဆုံးရှုံးခြင်း, ပျောက်ပျက်ခြင်း ဒါတွေ အကုန်ရောက်ပြီးသကာလ သွားခြင်းသည်ကားလို့ ဆိုလိုရှိရင်ဖြင့် ခန္ဓာကိုယ်ထဲမှာ ဘယ်သူကြည့်လိုက်, ကြည့်လိုက် မကျန်းမာမှုနဲ့ ပျောက်သွားတာချည့်ဘဲ၊ တိုတိုပြောတော့ ဆင်းရဲမှုနဲ့ ပျောက်ပျက်သွားတာချည့်ဘဲ။

ဆင်းရဲမှုနဲ့ ပျောက်ပျက်သွားတာချည့်ဘဲဆိုတော့ ဒကာ, ဒကာမတွေ ဝိပဿနာဉာဏ်နဲ့ ခန္ဓာတင်လိုက်တဲ့ အခါကျတော့

အင်း . . . ပျောက်ပျက်သွားပါလား၊ မကျန်းမာလို့ ပျောက်ပျက်သွားတာကိုး . . . လို့ ဝိပဿနာဉာဏ်နဲ့ ကြည့်ပေးပါ။

အဲဒီတော့ အရိယာတို့၏ မျက်လုံးနဲ့ ဒီခန္ဓာကြီး ကြည့်လိုက်တဲ့ အခါကျတော့ အတူသာ နေရတယ်၊ မကျန်းမာမှုနဲ့ ပျက်စီးနေတာချည့် တွေနေရတော့ ဒီခန္ဓာကြီးနဲ့ ခွဲလိုက်ရလို့ ရှိရင်ဖြင့် ကျန်းမာမှာဘဲ ဒီလိုလာတယ်။

ဒီခန္ဓာကြီးနဲ့ခွဲခွာလိုက်ရလို့ရှိရင်ဖြင့် ကျန်းမာမှာဘဲဆိုတော့ ခန္ဓာရှိမှုကို သူတို့သဘောကျနေသလား? ခန္ဓာမရှိမှုကို သဘောကျနေသလား? ဆိုရင် ခန္ဓာမရှိမှုကို သဘောကျနေတာလို့ မှတ်ထားလိုက်စမ်းပါ။ ခန္ဓာမရှိမှုဆိုတာ နိဗ္ဗာန်ကို သဘောကျနေတာ၊ ဘာဖြစ်လို့ တုံးဆိုတော့ ခန္ဓာကြည့်လိုက်ရင် အမြဲတန်း ဖောက်ပြန်ပျက်စီးနေတာ တွေ့နေရလို့။

နာမ်ရုပ်ကြည့်လိုက်ဖောက်ပြန် ပျက်စီးတာ တွေ့လိုက် ပြင်လို့ ဖြင့်မရပါဘူး၊ ဝိပါကဝဋ်ဟော့၊ ဝိပါကဝဋ်က အကျိုးပေးတာ ဝဋ်ကဒါချည့် လှည့်ဖြစ်နေတာ၊ ဖောက်ပြန်လိုက် ပျက်စီးလိုက်၊ ဖောက်ပြန်လိုက်၊ ပျက်စီးလိုက်၊ ဒီအတိုင်းနေတာ အရိယာမျက်လုံးနဲ့ ကြည့်လိုက်တော့ ဒီခန္ဓာကြီးနဲ့ နေရတာ ပျော်လိမ့်မလားဆိုတော့ ခင်ဗျားတို့ဘဲတွေးကြည့်ရင် ပေါ်ပါပြီ။

လက်ရှိခန္ဓာကိုအနာနဲ့ ဖောက်ပြန်ပျက်စီးနေတာကို မကြည့်မိလို့

နောက်ခန္ဓာတောင်းတတာ၊ လက်ရှိခန္ဓာကြီး၏ ဖောက်ပြန် ပျက်စီးနေတာကို အရိယာမျက်လုံးတတ်ပြီး မကြည့်တတ်တာနဲ့ နောက်ခန္ဓာတောင်းတတယ်ဆိုတဲ့ အဓိပ္ပါယ်မရောက်ဘူးလား။

ဒါကြောင့် နောက်ခန္ဓာတောင်းတတဲ့ ပုဂ္ဂိုလ်များ အရိယာမျက်လုံးကလည်းမရှိ၊ အရိယာတို့၏ တပည့်သားမျက်လုံးကလည်းမရှိ၊ အရိယာမဖြစ်လို့ အရိယာမျက်လုံး မရှိချင်နေပါစေတော့ အရိယာတို့၏ တပည့်သားဖြစ်တဲ့ မျက်လုံးနဲ့ တပ်ကြည့်ဘို့တော့ လိုတယ်၊ ဘယ်လို မျက်လုံးလည်းဆိုတော့ ဝိပဿနာ မျက်လုံးကို ဆိုပါတယ်နော် . . .

အဲဒီ ဝိပဿနာမျက်လုံးနဲ့ တပ်ကြည့်လိုက်မယ်ဆိုလို့ရှိရင် ဖောက်ပြန် ပျက်စီးနေတာချည်ဘဲ၊ ဘယ်တော့မှ ကျန်းမာတာ မပါဘူး၊ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေမှာ အရိယာတို့၏ တပည့်သား မျက်လုံးနဲ့ တပ်ကြည့်လိုက်တဲ့အခါကြလို့ရှိရင်ဖြင့် ဒီဒုက္ခကြီးနဲ့ မနေရလို့ ရှိရင်ဝဋ်မြစ်ကျွတ်တာဘဲဆိုတဲ့ အသိဉာဏ်ဟာ ပေါ်လာတယ်၊ ဝဋ်ကောင်းကြီးလုံးလုံးဘဲဆိုတဲ့ အဓိပ္ပါယ်ကို သူဉာဏ်ထဲမှာ ရှင်းသွားတယ်။

ဒီဝဋ်ကောင်းကြီးနဲ့ ကျွတ်သွားလို့ရှိရင်ဖြင့် ချမ်းသာအစစ်တွေ့ရမယ်ဆိုတဲ့ ဉာဏ်သူမှာလာတယ်၊ ဒါကြောင့်ဒီခန္ဓာကို ဒုက္ခမြင်တဲ့ အရိယာပုဂ္ဂိုလ်များဟာဖြင့် ခန္ဓာဝန်ကို ချချင်တယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ်ကြပြီလား?

ခန္ဓာဝန်ချချင်တယ်ဆိုတဲ့ အဓိပ္ပါယ်ဘဲနဲ့နေကြသလဲ ရှင်းသွားပြီးနော်၊ ဒါဖြင့်အားလုံး ဒကာ, ဒကာမတွေမှာ ဒီမျက်လုံးရဘို့ရာလိုတယ်၊ အရေးကြီးပါလား၊ ဒီမျက်လုံးမှ မရလို့ရှိရင် ခန္ဓာဝန်ချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန်ကို သဘောမကျဘူး၊ ဒီမျက်လုံးရထားတဲ့ ပုဂ္ဂိုလ်ကတော့ နိဗ္ဗာန်ကို သူမတွေ့ရသေးသော်ငြားလည်း မှန်းဆပြီးတော့ အဲဒီရောက်မှ အေးမှာဘဲဆိုတဲ့ စိတ်ကလေး လာနေတယ်၊ ရှင်းပြီလား။

ခင်ဗျားတို့ကို အခုအရိယာမျက်လုံးတပ်ပြီးသကာလ ဆရာဘုန်းကြီးကတော့ စိတ်ကလေးကို ဘယ်လိုကြည့်စမ်းပါ၊ ဘယ်လိုကြည့်စမ်းပါဆိုတာ မကျန်းမာပြီး ပျက်စီးတာတွေ မြင်အောင်အကြည့်ခိုင်းတာ၊ ပေါ်လာတယ်ဆိုကထဲက တော်တော်ကြာခဏလေးနေပြီး ပျက်စီးသွားတာ၊ ပေါ်လာလိုက် ပျက်စီးလိုက်၊ ပေါ်လာလိုက် ပျက်စီးလိုက် ပေါ်လာလိုက် ပျက်စီးလိုက် ရုပ်ကလေးကြည့်လိုက်လည်း ထို့အတူဘဲ ဝေဒနာကြည့်လိုက် ထို့အတူ စိတ်ကြည့်လိုက်လည်း ထို့အတူဖောက်ပြန် ပျက်စီးနေတာချည့်မြင်ကြရမှာဘဲ။

အဲဒီကဲ့သို့ မြင်တဲ့အခါကျတော့မှ ဩော် . . . ဒါအရိယာတပည့်သားတို့၏ မျက်လုံးလို မှတ်လိုက်စမ်းပါ၊ အဲဒီပုဂ္ဂိုလ်များကတော့ဖြင့် ဒီခန္ဓာကြီးနဲ့ ပျော်လိမ့်မယ်၊ ဒီခန္ဓာကြီးကို နောက်ထပ်အဖော် လုပ်ချင်လိမ့်မယ်ဆိုတာ မရှိဘူး။ ဒါကြောင့် ဒီအရိယာမျက်လုံးဟာ အလွန်အလွန်အရေးကြီးပါတယ်၊ ဒီမျက်လုံးမရှိရင်

ဒုက္ခသစ်တွေ့မှာဘဲ၊ ဒီမျက်လုံးရှိရင် ဒုက္ခသစ်မရှာတော့ဘူး၊ ပေါ်ကြပြီလား?

ဒီအရိယာ မျက်လုံးမရှိသေးလို့ရှိရင် ဘုံဘဝတွေ ရောက်ချင်တော့ ဒုက္ခသစ်ရှာမှာဘဲ . . . အရိယာမျက်လုံးတပ်ပေးလိုက်တော့ သေသေချာချာ ကိုယ့်ကိုယ်တိုင်မြင်ရတဲ့ အခါကျလို့ရှိရင်ဖြင့် ခဏခဏ ကိုယ့်မသာ ကိုယ်မြင်ရမယ်။

ကိုယ့်မသာကိုယ်မြင်ရတယ်ဆိုတာ ကိုယ့်ဉာဏ်နဲ့ကြည့်လိုက်တော့ ကိုယ့်မသာတွေကိုယ်မြင်ရမယ်။ ဝေဒနာက္ခန္ဓာရှုတဲ့ ဒကာ, ဒကာမတွေကလည်း ဝေဒနာက္ခန္ဓာကြီး ပျက်စီးနေပုံကို မြင်ရမယ်၊ ရူပက္ခန္ဓာကြည့်တဲ့ ဒကာ, ဒကာမတွေကလည်း ရူပက္ခန္ဓာပျက်စီးနေတာ မြင်ရတော့ ကိုယ်မသာကလေးတွေ ကိုယ်မြင်ပြီး သကာလ ခန္ဓာနဲ့ အတူဟူနေရတာ၊ အရိယာ မျက်လုံးတပ်ကြည့်လိုက်တော့ ဒါကလေးတွေကို ကွင်းကွင်းကွက်ကွက် မြင်လို့ သဘောပေါက်လာမယ်။

အဲဒီကဲ့သို့ ကွင်းကွင်းကွက်ကွက်မြင်တဲ့ ပုဂ္ဂိုလ်များထဲက ဒီခန္ဓာနဲ့ကွဲရလို့ ရှိရင်ကောင်းသေးတယ်၊ နောက်ခန္ဓာမရလို့ရှိရင် ဒီထက်ပိုကောင်းမယ်၊ ဒီခန္ဓာသာယာတဲ့စိတ်၊ နောက်ခန္ဓာကို တောင်းတဲ့ စိတ်မလာတော့ဘူး။

မျက်လုံးကကျေးဇူးပြုလိုက်တယ်၊ မျက်လုံးက ဘာမျက်လုံးတုံး ဆိုတော့ အရိယာတို့၏ တပည့်သားမျက်လုံး၊ အရိယာမဖြစ်သေးတော့၊

အရိယာတို့၏ တပည့်သားမျက်လုံးလို့ ဆိုရမယ်၊ ဒါနဲ့ ကိုယ့်ခန္ဓာကိုယ်ကိုကြည့်လိုက်တော့မှ မမာပြီး သေနေတာတွေချည့်မြင်ရမယ်။

အဲဒီ အမြင်ရောက်အောင် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များကြတော့ ဩော်... ပျက်စီးသွားပြန်ပြီး ပျက်စီးသွားပြန်ပြီးဆိုတဲ့ ဉာဏ်ကလေးနဲ့ စိတ်ကလေး ပေါ်လိုက်ကြည့်လိုက် မရှိပြန်ဘူး၊ ပျက်စီးသွားပြန်ပြီ မဟုတ်လား?

ဘယ်စိတ်လာလာ ပျောက်ပျက်သွားရင် ဘယ်နဲ့ဆိုကြမယ်၊ မမာပြီး ပျက်စီးသွားတာတွေဘဲဆိုတဲ့ အဓိပ္ပါယ် အတော်ရှင်းပါတယ်။

အဲဒီတော့ အဲဒီမျက်လုံးကလေးမရ ရအောင်လုပ်မှသာလျှင် လက်ရှိခန္ဓာကိုလည်းမလိုချင်၊ လက်မဲ့ခန္ဓာကိုလည်း မတောင်းတတဲ့ ဉာဏ်ပေါ်ရမယ်။

ဒါကြောင့် ဝိပဿနာရှုပါ၊ ဝိပဿနာရှုကြပါလို့ ဒကာ, ဒကာမ တွေကို ဟောနေတာက လက်ရှိခန္ဓာမလိုချင် နောက်ခန္ဓာမတောင့်တ၊ လက်ရှိခန္ဓာကလည်း ဒုက္ခသစ္စာမို့ လက်မဲ့ခန္ဓာကလည်း တောင့်တမိရင် ဒုက္ခသစ္စာအနာတွေသာ လာမှာဖြစ်နေသောကြောင့် ဒီမျက်လုံးမရ, အရယူကြပါဆိုတာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးနဲ့ တကွ ဆရာ သမားများက လေးလေးနက်နက်တိုက်တွန်းနေပါတယ်။

အဲဒီတော့ လက်ရှိခန္ဓာမလိုချင်ဆိုတော့ မဂ်၊ လက်မဲ့ခန္ဓာမတောင့်တဆိုတာက မဂ်ကြောင့် တဏှာသေတာကို ပြောတာ၊

လက်ရှိခန္ဓာမလိုချင်ဆိုတာက မဂ်ဉာဏ်ပေါ်တာ၊ ပဋိစ္စသမုပ္ပါဒ်ကြည့် လိုက်တော့ ရှေ့ကမဂ် နောက် တဏှာသေတာ ဟောနေတာ၊ သြော် ဒါဖြင့်သူမှ အမှန်ဖြစ်တော့မယ်၊ ဒါကြောင့် သူ့ကိုသမ္မာဒိဋ္ဌိဆိုတဲ့ နာမည်ပေးရတယ်၊ သမ္မာက=မှန်ကန်တာ၊ ဒိဋ္ဌိက=မြင်တာ၊ ဒါမှ အမြင်မှန်တာ။

အမြင်မှန်တဲ့ ဉာဏ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းထဲက အကွက် ၂ နဲ့ ၃ ကြားထဲမှာ မဂ်ကလေးဝင်တာကို ဆိုတာ၊ အဲဒီ မဂ်ကလေးဟာကနှစ်မျိုး ယူနိုင်တယ်၊ လက်ရှိရှေ့ပိုင်းက ၂ နံပါတ် ကိုတော့ သူမလိုချင်ဘူး၊၃နံပါတ်တောင်တတဲ့တဏှာကို သူသတ်တယ်။

ဒါဖြင့်မဂ်ကလေးသည် ရှေ့ပိုင်းကိုလည်း ဒုက္ခသစ္စာမြင်တယ်၊ နောက်ပိုင်းကိုလည်း တဏှာသတ်တယ်၊ အဲဒီတော့ မဂ်သည် ဒုက္ခကိုလည်းသိ၊ သမုဒယကိုလည်း ပယ်တယ်၊ ရှင်းပြီးလား?

ဒုက္ခကိုသိတယ်၊ သမုဒယကိုယ်ပယ်တယ်၊ ဒါကြောင့် ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်များဟာ ဒုက္ခကိုကြည့်တတ်ပြီး ဒုက္ခ ဖြစ်ကြောင်းကို ပယ်နေတဲ့ အလုပ်ဖြစ်လို့ ဝိပဿနာ လုပ်နေတဲ့ ပုဂ္ဂိုလ်သည် အကျိုးရှိတဲ့ အလုပ်ကို လုပ်နေတယ်ဆိုတာ မှတ်လိုက်ကြစမ်းပါ။

** ** ** ** **

# "ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်တရားတော်"

**သစ္စာနှစ်ပါး**

**ဒုက္ခသစ္စာ** – ဆင်းရဲအမှန်သဘော၊ အကျိုးတရား၊ ဉပါဒါန်၏ အာရုံတရားစု။

**သမုဒယသစ္စာ** – ဆင်းရဲကြောင်းတရား၊ အကြောင်းတရား၊ တဏှာသုံးပါး။

ပဋိစ္စသမုပ္ပါဒ်၊ စက်ရဟတ်၊ မပြတ်လှည့်လည်ဟန်။
ကြောင်းကျိုးဆက်ဆက်၊ ဖြစ်ကာပျက်၊ ဉာဏ်သက်ရှုမြင်ရန်။
ဖြစ်ပျက်သိက၊ နောက်မဂ္ဂ၊ စင်ထကိလေသံ။
ကိလေကင်းစင်၊ မကြာလျှင် မြတ်ယာဉ်မဂ္ဂဉာဏ်။

ဒကာ, ဒကာမတို့ ကိုယ့်ခန္ဓာမှာ "ပဋိစ္စသမုပ္ပါဒ်" စက်ရဟတ်ကြီး အစဉ်မပြတ်လယ်နေတာကိုသိကြရမယ်။ ပဋိစ္စဆိုတာ အစွဲပြုပြီး၊ အကြောင်းပြုပြီးလို့ ဆိုလိုတယ် သမုပ္ပါဒ်ဆိုတာ အဖန်ဖန်အထပ်ထပ် ဖြစ်နေတာလို့ ဆိုလိုတယ်။

ဒီတော့ ပဋိစ္စသမုပ္ပါဒ်ဆိုတာ "အကြောင်းတရားကို အစွဲပြုပြီး အကျိုးတရားဖြစ်ပေါ်တာကို" ခေါ်တာ၊ အကြောင်းကြောင့် အကျိုးဖြစ်တယ်လို့ လွယ်လွယ်မှတ်ပေါ့၊ အဲဒီလိုနဲ့ အကြောင်းနဲ့အကျိုး အမျိုးမျိုး အထွေထွေ အစဉ်မပြတ် ဖြစ်ပေါ်ပြီးနေတာကို ပဋိစ္စသမုပ္ပါဒ်လို့ မှတ်ထားကြ။

အချုပ်မှာတော့ အကြောင်းနဲ့ အကျိုး တစ်မျိုးပြီး တစ်မျိုး အစဉ်မပြတ်ဖြစ်ပေါ်နေတာဟာ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် သံသရာ ခေါ်ရတာပါဘဲ၊ ဒီသံသရာ စက်လည်နေပုံ ပထမပြောရမယ်၊ နောက် ဖြတ်ပုံ, ဖြတ်တဲ့နည်းကိုပြောရမယ်။

အလွယ်တကူ ပထမသိဘို့ကပါဠိလို **"အဝိဇ္ဇာ"**တဲ့၊ အဲဒါ မြဲမြဲမှတ်၊ မြန်မာလိုတော့ အဝိဇ္ဇာဆိုတာ သိရမှာကို မသိ၊ မသိရမှာကို သိတတ်တယ်၊ စင်စစ်တော့ အမှန်အတိုင်း မသိတာ ဟုတ်တိုင်းမှန်စွာ မသိတာ "အဝိဇ္ဇာ"လို့ မှတ်ထားကြပါ။

"သိရမှာကို မသိဘူး" ဆိုတဲ့ နေရာမှာ သိသင့်သိအပ်တဲ့ သိရမဲ့ အစစ်အမှန်ရှိနေတဲ့ ပရမတ္ထရုပ်တရား နာမ်တရား ပဋိစ္စသမုပ္ပါဒ် သံသရာ စက်ရဟတ်တရား၊ သင်္ခါရ ရုပ်, နာမ်တို့ရဲ့ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အလိုမပါခြင်း၊ အနှစ်ကင်းမဲ့ခြင်းဆိုတဲ့ လက္ခဏာ တရားရယ် သစ္စာဆိုတဲ့ အမှန်တရားရယ် အဲဒီတရားတွေကို မသိဘူး၊ မမြင်ဘူး။

"မသိရမှာကိုသိတယ်" ဆိုတာက ပရမတ္ထနယ်မှာ အမှန် တကယ် မရှိတဲ့ သူဘဲ–ငါဘဲ၊ ယောကျ်ား, မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါဘဲလို့ သိနေတာ ထင်မှတ်နေတာကို ဆိုလိုတယ်၊ ဒီ **"အဝိဇ္ဇာ"** က ငါးမျိုးရှိတယ်လို့မှတ်၊ နောက်တော့ ပြောပြမယ်။

**"သင်္ခါရ"** ဆိုတာက ပြုပြင်မှု၊ အားထုတ်မှု၊ စေ့ဆော်မှုဘဲ၊

ဘဝအဆက်ဆက်က ပါလာတဲ့ မသိမှု အဝိဇ္ဇာ၊ ယခုဘဝမှာ မသိမှု အဝိဇ္ဇာ၊ ဒီလိုမသိမှုကြောင့် ပြုမိ, ပြုရာ, ပြုလုပ်ကြတယ်၊ အဲဒီပြုမှုဟာ သင်္ခါရဘဲ၊ မသိမှုကြောင့် ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုး ပြုမိ ပြုရာ ပြုတော့ ဘာဖြစ်လာသလဲ?

အသိစိတ်ဆိုတဲ့ **"ဝိညာဏ်"** ၆ မျိုး တစ်မျိုးမျိုး ဖြစ်ပေါ်လာတယ်၊ အဲဒါသင်္ခါရကြောင့် ဝိညာဏ်ဖြစ်လာတာဘဲ။

ဝိညာဏ်ဖြစ်တာနဲ့ တပြိုင်ထဲ နာမ်တရား၊ ရုပ်တရားတွေ ပါလာတယ်၊ ဝိညာဏ်ဖြစ်လို့ **"နာမ်, ရုပ်"** ဖြစ်တာ၊ ဒါကြောင့် ဝိညာဏ်ကြောင့် နာမ်, ရုပ်ဖြစ်တယ်လို့ ဆိုလိုတယ်။

နာမ်, ရုပ်ဖြစ်တော့ သံသရာ ချဲ့တတ်တဲ့ **"အာယတန"** ၆-ပါး သင့်သလို ဖြစ်ပေါ်လာရတယ်၊ အာယတနဖြစ်တော့ အယတနကြောင့် အာရုံ အာရမ္မဏ်က တိုက်ခိုက်မှုတွေ့ထိမှု ဆိုတဲ့ **"ဖဿ"** ၆မျိုး ထိုက်သလို ဖြစ်ပေါ်လာတယ်။

အဲဒီတွေ့မှု ဖဿကြောင့်ခံစားမှုသဘော **"ဝေဒနာ"** များဟာ ထိုက်သလို ဖြစ်လာရပြန်တယ်၊ ဝေဒနာကလည်း သုံးမျိုးကောင်းတာနဲ့ တွေ့တော့ သုခဝေဒနာ၊ မကောင်းတာနဲ့ တွေ့တော့ ဒုက္ခဝေဒနာ၊ အသင့် အတင့်နဲ့ တွေ့ပြန်တော့ ဥပေက္ခာဝေဒနာ၊ အဲဒီသုံးပါးပဲ။

ဒီဝေဒနာကြောင့် **"တဏှာ"** ဆိုတဲ့ တပ်မက်ခြင်း၊ နှစ်သက်ခြင်း ဖြစ်ရတယ်၊ ကောင်းတဲ့ အာရုံကျတော့ သုခဝေဒနာကြောင့် တဏှာ

ဖြစ်တယ်၊ မကောင်းပြန်တော့ ဒုက္ခဝေဒနာကြောင့် ဒေါမနဿ၊ နှောက်ပြီး ကောင်းတာ တောင့်တတဲ့ တဏှာဖြစ်တာပဲ။ ဥပေက္ခာဝေဒနာကြောင့်လည်း တဏှာဖြစ်တာဘဲ၊ အဲဒီလို ဝေဒနာကြောင့် တဏှာဟာ ဖြစ်လာရတယ်။

တပ်မက်မှု တဏှာကြောင့် **"ဥပါဒါန်"** ၄ပါး ထိုက်သလို ဖြစ်တယ်၊ ဥပါဒါန်ဆိုတာ လွန်လွန်မင်းမင်း စွဲလန်းမှုကို ဆိုတာ၊ တဏှာအကြီးစားပါဘဲ။ ဥပါဒါန် ၄ ပါးက ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်။

ဥပါဒါန်ဖြစ်တာနဲ့ **"ဘဝ"** ဆိုတဲ့ ကံဖြစ်တယ်။ ကံဖြစ်ရင် ဇာတိရဘို့ သေချာပြီ၊ ဒီဘဝမှာ ပြုသမျှ ကောင်းမှု၊ မကောင်းမှု အမျိုးမျိုးတွေကို ဥပါဒါန်ဖြစ်လည်းပြီးရော နောင်အခါအကျိုးပေး ဘို့ရာ "ဘဝ" **"ကမ္မဘဝ"** ဆိုတဲ့ နာမည်နဲ့ သိမ်းဆည်း, သိမ်းဆည်းပြီး ထားလိုက်တယ်။

ကမ္မဘဝကပေးလို့ ကမ္မဘဝကြောင့် **"ဇာတိ"** ဖြစ်တယ်၊ ဇာတိဆိုတဲ့ ပဋိသန္ဓေမှုရတော့ **"ဇရာ"** အိုဒုက္ခ **"မရဏ"** အသေဒုက္ခ **"သောက"** စိုးရိမ်ပူဆွေးရတဲ့ဒုက္ခ **"ပရိဒေဝ"** ငိုကြွေးမြည်တမ်းရတဲ့ ဒုက္ခ၊ ကိုယ်ဆင်းရဲမှု **"ဒုက္ခ"**၊ စိတ်ဆင်းရဲမှု **"ဒေါမနဿ"**၊ ရှိုက်ကြီး တင်ငင်ပြင်းစွာပူလောင်ခြင်း **"ဥပါယာသ"** ဆိုတဲ့ ဒုက္ခတုံး, ဒုက္ခခဲ ဆင်းရဲအစုတွေ ဆက်တိုက်ဖြစ်ပေါ်လာတော့တာပဲ။

ဘယ်ဘဝ ဖြစ်ရပါလို၏၊ ဘယ်နတ် ဘယ်ဗြဟ္မာ ဘယ်သတ္တဝါ

ဖြစ်ရပါလို၏ ဒို့ဒကာတွေ အဖြစ်ကိုချည့် တောင်းတနေကြတယ်၊ ဘာအဖြစ် ညာအဖြစ်ဆိုတာ **"ဇာတိ"** ခေါ်တာ၊ အဖြစ်ဆိုတဲ့ ဇာတိလည်း ရရော၊ ဟော ဇာတိရမှတော့ **"ဇရာ"** **"မရဏ"** စတဲ့ အိုနာသေ ဒုက္ခတွေ ရတာဘဲ၊ ဒို့ ဒကာတွေ ယူချင်တာ၊ တောင်းတာက အကောင်းထင်လို့ တောင်းတာ၊ ရမဲ့ရတော့ အလောင်းချည့်ဘဲ၊ အလောင်းဘဲ တောင်းယူနေကြသလား?။

နတ်ဖြစ်တဲ့အခါ နတ်အလောင်း၊ ဗြဟ္မာဖြစ်တော့ ဗြဟ္မာအလောင်း၊ ဗြဟ္မာ အလောင်းက ပိုပြီးတောင် လေးသေးတယ်၊ လူဖြစ်တော့ လူအလောင်း၊ အလောင်းထမ်းဘဝကို မလွတ်နိုင်ကြသေးဘူး၊ ဒကာတို့က လိုချင် ကြတာကိုး လိုချင်လို့ ရကြတာပါ မလိုချင်ရင် မရပါဘူး။

ဒီတော့ အလောင်းထမ်းဘဝက လွတ်အောင် ဘယ်လိုလုပ်ကြမလဲ၊ အဲဝေဒနာဖြစ်ပြီး "တဏှာ" အလာမခံနဲ့ တဏှာ အဖြစ်မခံနဲ၊ တဏှာဆိုတာ လိုချင်တာ၊ လိုချင်ရင်ရနေကြအုံးမှာဘဲ၊ တကယ်လို့ တဏှာဖြစ်တော့လည်း –

"သရာဂံ ဝါစိတ္တံသရာဂံ ဝါစိတ္တန္တိ ပဇာနာတိ"

ဆိုတဲ့အတိုင်းတဏှာဖြစ်ရင် တဏှာဖြစ်တယ်လို့ သိလိုက်ရမယ်၊ ဉာဏ်နဲ့သိလိုက်၊ ဉာဏ်နဲ့ကြည့်လိုက်ကြ၊ ဉာဏ်နဲ့ကြည့်တော့ တဏှာဆိုတဲ့ ရာဂစိတ်ဟာ **"ဥဒယဝယ"** အချက်ဖြစ်ပြီး ပျက်တာဘဲ ရှိတယ်၊ ဖြစ်ပြီးတာနဲ့ တပြိုင်ထဲပျက်သွားတာကို တွေ့ရမယ်။

ဉာဏ်နဲ့ကြပ်ကြပ်ကြည့်လေ **"ဥပ္ပါဒ" နဲ့ "ဝယ" ဆိုတဲ့** ဖြစ်ပျက်ကိုသာ တွေ့ရလေဘဲ၊ ရုပ်ရှင်ကြည့်တဲ့အခါ ဖလင်ကော်ပြား အသေတွေကိုသာတွေ့ရသလို ရုပ်အသေတွေ နာမ်အသေတွေကိုသာ ဉာဏ်ထဲမှာတွေ့ကြရမယ်။

အမှန်ရှိနေတဲ့ "ဝေဒနာ" ဖြစ်ပျက်၊ "တဏှာ" ဖြစ်ပျက်စတဲ့ ဥပ္ပါဒနဲ့ ဝယဖြစ်ပြီး, ပျက်လိုက်၊ ဖြစ်ပြီး ပျက်လိုက်နဲ့ ဖြစ်, ပျက် စက်ကြီးလည်နေတာကို တွေ့ကြရမယ်။

**အခု ပစ္စုပ္ပန်မျက်မှောက်ဘဝမှာက "ဝိညာဏ်"အစ "ကံ" အဆုံးဖြစ်တဲ့, တရားရှစ်မျိုးဟာ အဆက်မပြတ် ဒလစပ် စက်ရဟတ် လယ်သလို အမြဲတမ်း ဖြစ်ပြီး ပျက်နေတာပဲ၊** ကိုယ့်သန္တာန်မှာ ဒီတရားတွေ အမှန်ရှိနေတာ၊ တကယ်ရှိလို့ တကယ်သိရတာက "သမ္မာဒိဋ္ဌိ" ဆိုတဲ့ အမြင်မှန် အသိမှန်ပဲ။

အဲဒီ အမြင်မှန် အသိမှန်ထက်သန်လာတော့ အော် ခန္ဓာမှာ ရုပ်ဆိုတာလည်း ဖြစ်ပြီးပျက်တာပဲ၊ နာမ်ဆိုတာလည်း ဖြစ်ပြီး ပျက်တာပဲ၊ အော် = ခန္ဓာမှာ အမှန်ရှိနေတာက ဖြစ်တာနဲ့ ပျက်တာ ဘဲရှိနေတာ၊ ဖြစ်ပြီးရင်း ပျက်ရင်း၊ ဖြစ်ပြီးရင်း ပျက်ရင်းနဲ့ ဖြစ်ပျက် ကလွဲလို့ ဘာမျှမရှိပါကလား၊ အဖြစ်နဲ့ အပျက်သာ ရှိပါကလားလို့ ဉာဏ်ဝမှာ အမှန်ကို သိမြင်လာရတယ်။

အမှန်သိတဲ့အတွက် "သမ္မာဒိဋ္ဌိ" ဒီ သမ္မာဒိဋ္ဌိဉာဏ်အမြင်

ဖြစ်တဲ့ ဖြစ်ပျက်တွေ့စ ဖြစ်ပျက်မြင်စကစပြီး အနုစား ဝိပဿနာ ခေါ်တယ်၊ ဖြစ်ပျက်ကို မုန်းလာရင် ငြီးငွေ့လာရင် အရင့်စား ဝိပဿနာ၊ မုန်းပြီးတဲ့နောက် ဖြစ်, ပျက်တွေ ရှာမတွေ့တော့ဘဲ ဖြစ်, ပျက်တွေ ဆုံးသွားရင် "မဂ်ဉာဏ်" ဘဲ၊ ဉာဏ်နဲ့, ဖြစ်ပျက်တွေ့မှ **"တီရဏ ပရိညာ" တီရဏပရိညာဆိုတာ ရုပ်နာမ်တို့ရဲ့ အနိစ္စ အချက်ဖြစ်ပျက်အမှန်ကို ကေန်ပိုင်းခြားပြီး သိတဲ့ ဉာဏ်ကို ခေါ်တာ။**

**မိမိခန္ဓာမှာ တကယ်ရှိနေတာက ဖြစ်ပျက်ပဲ၊ ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခ ဒီဒုက္ခအစုကို မြင်ရမှာ အဲဒါမှ "ဒုက္ခသစ္စာ" တွေ့တာပဲ၊ ဒုက္ခသစ္စာမှာ "ပရိညာကိစ္စ" ဒုက္ခသစ္စာကို ပိုင်းခြားပြီး သိရမယ်ဆိုတာ၊** ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခ သိရင် ဉာဏ်တက်ပြီး ဖြစ်ပျက်ကိုသာ ရှုကြ၊ ကိုယ့်ဉာဏ်ထဲမှာ ဖြစ်ပျက်ကိုသာ တွေ့ပါစေ ဒါမှ အတက်မြန်မယ်၊ ရှင်းကြပြီလား?

**အမှန်ကတော့ ဒုက္ခအဆက်ဆက်လာနေတာ၊ တစ်ဒုက္ခပြီး တစ်ဒုက္ခ၊ ဝိညာဏ်ဒုက္ခပြီး နာမ်ရုပ်ဒုက္ခ၊ နာမ်ရုပ်ဒုက္ခပြီး အာယတန ဒုက္ခ၊ နောက်ပြီး ဖဿဒုက္ခ၊ ဝေဒနာ ဒုက္ခ၊ တဏှာဒုက္ခ ပြီးတော့၊ ဥပါဒါန်ဒုက္ခ၊ ကံဒုက္ခ အဲဒီကံဒုက္ခပြီးတော့လည်း ဝိညာဏ်ဒုက္ခ ပြန်ပြီးလည်အုံး၊ အဲဒီလို ဒုက္ခအစုကြီး လယ်နေတာ၊ ဒီဒုက္ခအစုကြီး လယ်နေတာကို မသိကြဘူး၊ ဒုက္ခအစုကြီး ဆင်းရဲတုံးကြီး ဆင်းရဲခဲကြီး လို့ မသိကြ မထင်မြင်ကြဘူး၊** ဘုရားက ပဋိစ္စသမုပ္ပါဒ်မသိလို့ လို့မဟောဘူး။

သတ္တဝါတွေဟာ ဒုက္ခသစ္စာ မသိကြလို့ သံသရာရှည်လျှောက် နေကြရတာ၊ သံသရာ လယ်နေကြရတာလို့ ဟောတယ်၊ ဒါပေမဲ့ အဓိပ္ပါယ်ကတော့ အတူတူပါပဲ။

ဝိပဿနာ ယောဂီရဲ့ ဉာဏ်အမြင်မှာ "အော် ဒုက္ခစက်ကြီး လယ်နေတာပါလား။ ဒုက္ခစက်ကြီး လယ်နေတာကိုး"လို့ ထင်ရ၊ မြင်ရမယ်၊ အခု ပျက်သွားတာလည်း ဒုက္ခ၊ ပေါ်လာတဲ့ဟာလည်း ဒုက္ခ၊ နောက်ပေါ်လာမှာလည်းဒုက္ခ၊ အဲဒီလို ဒုက္ခစက်ကြီး လယ်နေတာကိုမြင်ရမယ်။

ဉာဏ်ထဲမှာ ဝိညာဏ်ကို မတွေ့ရဘူး၊ နာမ်ရုပ်လည်း မတွေ့ရဘူး၊ အာယတန, ဖဿ, ဝေဒနာ, တဏှာ ဘာမှ မတွေ့ရဘူး၊ တွေ့ရမှာက ဖြစ်ပျက်ဘဲ၊ ဖြစ်ပျက်ကိုသာ တွေ့နေရမယ်။

ဒီပြင်တခြားအာရုံတွေ၊ နိမိတ်တွေ မြင်လာရင် ထင်လာရင် အကုန်ပယ်ချပြစ်၊ ဒါတွေဟာ "ကိလေသာ" တွေဘဲ၊ ဘုရားက **"ဒုက္ခက္ခန္ဓသ"**လို့ ဟောခဲ့တယ်၊ ဒုက္ခအစုတွေဘဲတဲ့၊ ဒီတော့ ဟောတဲ့ အတိုင်း ရှုကြ၊ အမှန်ကို တွေ့မြင်ရမယ်။

**"ပဥ္စုပါဒါနက္ခန္ဓာပိဒုက္ခာ"**တဲ့ ဖြစ်ပေါ်လာသမျှ ဒုက္ခချည်းဘဲတဲ့၊ တခြားပြင်ပ အာရုံဆိုရင် ဘာကိုမှလက်သင့်မခံနဲ့၊ လက်သင့် ခံရင် ဥပါဒါန် အာရုံဖြစ်တဲ့ ဒုက္ခအစု ဆင်းရဲမှုတွေဟာ အမျှင်ပြတ် နိုင်ဘို့ ခဲယဉ်းတယ်။

ဒီဒုက္ခအစု ဆင်းရဲမှုတွေရဲ့ ချုပ်ရာ ဆုံးရာဟာ နိဗ္ဗာန်ဘဲ၊ ဒါကြောင့် သံယုတ်ပါဠိတော်မှာ **"တေသံဝူပသမောသုခေါ"** လို့ ဟောတော်မူခဲ့တာပဲ၊ တေသံ၊ ထိုရုပ်နာမ်ဖြစ်ပျက်မှု ဒုက္ခအစုတို့၏ ဝူပသမော ချုပ်ဆုံးငြိမ်းအေးရာ နိဗ္ဗာန်မြတ်သည်၊ သုခေါ၊ စင်စစ်ကေန် ပုထုဇဉ်တို့နှင့် မဆက်ဆံသော ချမ်းသာစစ်ကြီးမှန်လှပါပေ၏။

ဖြစ်တာပျက်တာဟာ ဒုက္ခပဲ၊ ဖြစ်ပျက်ဒုက္ခသာရှိနေတာ၊ ဒုက္ခရှိလို့ ဒုက္ခသိတာဟာ အမှန်သိတာပဲ၊ အမှန်သိလာရင် နိဗ္ဗာန်ရဘို့ နီးနေပြီး "ပဓာနိယင်္ဂ" ငါးချက်နဲ့ ပြည့်စုံရင် ညက အားထုတ်, မနက်ရ, ရမယ်၊ မနက်က အားထုတ်ရင် ညမှာ ကေန်ရ, ရမယ်၊ ယုံမှားသံသယ မရှိကြနဲ့၊ ဘုရားက ဒီအတိုင်း ဟောတယ်၊ ဘုန်းကြီး ကလည်း ဒီအတိုင်း ဟောတယ်၊ အလုပ်လုပ်ကြည့်မှ ကိုယ်တိုင် သိရမယ်။

ဖြစ်ပျက်မြင်ရင် အင်မတန်ထူးတဲ့လူလို့ အောင့်မေ့၊ ဖြစ်ပျက် မြင်ရင် မဖြစ်မပျက်ရာ (ဝါ) ဖြစ်ပျက်မရှိရာ နိဗ္ဗာန်ကို မကြာခင် မြင်ရတော့မယ်ဆိုတာ စိတ်ချတော့၊ ဖြစ်ပျက်မြင်ပြီးမှသာ နိဗ္ဗာန် မြင်မှာ၊ ဖြစ်ပျက်ကိုမှ မမြင်ရင်တော့ မဖြစ်ရာ မပျက်ရာ နိဗ္ဗာန် မြင်နိုင်ဘို့ ဝေးသေးတယ်ဆိုတာမှတ်။

ဝိညာဏ်ဖြစ်ပျက်၊ ဝိညာဏ်သင်္ခါရ၊ နာမ်ရုပ်ဖြစ်ပျက် နာမ်ရုပ်သင်္ခါရ၊ အဲဒီလို အာယတန သင်္ခါရ၊ ဖဿသင်္ခါရ၊ ဝေဒနာသင်္ခါရ၊ တဏှာသင်္ခါရ အစရှိတဲ့ ရုပ်ဖြစ်ပျက်၊ နာမ်ဖြစ်ပျက်

တွေကို ငါကောင်ထင်နေတာ၊ ဒီတရားတွေဖြစ်ပြီး ပျက်နေတဲ့ **"ဖြစ်ပျက်ဒုက္ခသစ္စာတွေပဲ"** ဒီဒုက္ခသစ္စာတွေကို ဒုက္ခသစ္စာမှန်းမသိ၊ မသိတော့ ငါလို့ ထင်မြင်နေ၊ ငါလို့ ထင်မြင်နေတော့ တွယ်တာ၊ နှစ်သက်စုံမက်မှု တဏှါ **"သမုဒယသစ္စာ"** ဖြစ်တာပေါ့၊ ကောင်းပါအုံး မလား?

ဒုက္ခသစ္စာပျောက်ရင် သမုဒယသစ္စာရောက်တာနဲ့ တချက်ထဲဘဲ၊ ဒုက္ခသစ္စာပျောက်မသွားစေနဲ့ ပျောက်ရင် သမုဒယရောက်တယ် ဆိုတာ သတိကြပ်ကြပ်ပြုကြ၊ အမှတ်တမဲ့နေရင် နိဗ္ဗာန်မြင်ဘို့နဲ့ ဝေးလိမ့်မယ်၊ ရှင်းကြပြီးလား?

ဒီနေရာမှာ နိဗ္ဗာန်အကြောင်းနဲနဲ ပြောရအုံးမယ်၊ မိလိန္ဒမင်းက ရှင်နာဂသိန်ကို မေးတယ်၊ နိဗ္ဗာန်ဟာ တည်ရာရှိပါသလား၊ နိဗ္ဗာန်ဟာ ဘယ်နေရာမှာ တည်နေပါသလဲတဲ့။

ဒီတော့ ရှင်နာဂသိန်က "ဒကာတော်မင်းကြီး နိဗ္ဗာန်ဟာ တည်ရာ မရှိဘူး၊ ဘယ်နေရာမှာ တည်တယ်လို့ မဆိုနိုင်ဘူး" လို့ ဖြေလိုက်တော့ မိလိန္ဒက "အရှင်ဘုရား၊ ဒါဖြင့်နိဗ္ဗာန်ဟာ မရှိတော့ဘူးလား? နိဗ္ဗာန်ရတယ်ဆိုတာ ဘယ်လိုနည်းနဲ့ ရနိုင်ပါသလဲ၊ ရနိုင်တဲ့နည်းလမ်းကို ညွှန်ပြတော်မူပါဘုရားလို့ လျှောက်တဲ့အခါ ရှင်နာဂသိန်မထေရ်က –

မင်းကြီး နိဗ္ဗာန်ရှိတာ မှန်တယ်၊ ဒါပေမဲ့ နိဗ္ဗာန်ကို ကံထိုက်လို့ ဖြင့်ဘယ်နည်းနဲ့မှ မရနိုင်ဘူး၊ ဉာဏ်ထိုက်မှသာ ရနိုင်တယ်၊ ဒါန,

သီလ, သမထမှုနဲ့ဖြင့် ရနိုင်ရောက်နိုင်ဘို့ အခွင့်မရှိဘူး၊ ဝိပဿနာဘာဝနာကို အခါခါ ပွားယူမှ ရနိုင်ရောက်နိုင်တယ်၊ ဝိပဿနာဉာဏ်ထက်သန်လို့ တစ်ဆင့်တက်ပြီး မဂ်ဉာဏ်ကျမှ နိဗ္ဗာန်ကို ရနိုင်တာဖြစ်တယ်။

**ဥပမာဆိုရင် ရုပ်စု, နာမ်စု တစ်ခုခုမှာ စူးစိုက်ပြီး ဝိပရိဏာမ အချက်ဖြစ်ပျက်ဒုက္ခသစ္စာကို ရှုမှတ်ပွားများရမယ်၊ ပွားများမှုကြာတော့ ဒုက္ခစက်ကြီးလယ်နေတာကို ဉာဏ်နဲ့မြင်ရမယ်၊ အဲဒီလို ဒုက္ခစက်ကြီး အဆက်မပြတ်လယ်နေတာကို မြင်ပါများလာတော့ ရှုဉာဏ်ဟာ တခြားကို ထွက်မသွားတော့ဘူး၊ တခြားအာရုံဆီမရောက်တော့ဘူး၊ ဝိပဿနာရှုဉာဏ်ဟာ ဒုက္ခစက်မှာသာ တည်တံ့နေမယ်၊ ဖြစ်ပျက်မှာ ကေဂ္ဂတာ ကျနေမယ်။**

**ဒီနောက်, မကြာခင်ဘဲ အဲဒီ ဖြစ်ပျက်ဒုက္ခစက်ကို လွန်မြောက်သွားတယ်၊ အဲဒါနိဗ္ဗာန်မျက်မှောက်ပြုတာဘဲလို့ ဖြေကြားတော်မူတယ်၊ ဒါက မိလိန္ဒပဉ္ဟာမှာ လာတဲ့ အဓိပ္ပါယ်ပါဘဲ။**

ဒီတော့ နိဗ္ဗာန်ဟာ ဉာဏ်လမ်းဘဲ၊ ကံလမ်းမဟုတ်ဘူး၊ ကံထိုက်လို့ မရနိုင်ဘူး၊ ဉာဏ်ထိုက်မှ ရကြမယ်ဆိုတာ သေချာပြီလား၊ နိဗ္ဗာန်ကို ဉာဏ်လမ်းက သွားပြီး ဉာဏ်နဲ့သာ နိဗ္ဗာန်တွေ့နိုင်တယ်လို့ မှတ်ကြ။

* * * * * *

# "ပဋိစ္စပြစ်မျက် ခုနှစ်ကွက် တရားတော်"
# (ပဋိစ္စသမုပ္ပါဒ်တရားတော်)

## ဆောင်ပုဒ်

အဝိဇ္ဇာနှင့် တဏှာ ရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်, ရုပ်နာမ်ပေါ်။
အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့်။
နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန်၊ ဖြစ်ပြန်နည်းအလျော်။
ဗြဟ္မာသိကြား၊ စသည်များက၊ ထင်ရှားပြုပြင်၊ စီရင် ဖန်ဆင်း၊
အကြောင်းရင်းကြောင့်၊ ခပင်း လောကဓါတ်၊ လူနတ်များစွာ၊
သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့် ရှု၍ မျှော်။

## လင်္ကာ

မူလနှစ်ဖြာ၊ သစ္စာ နှစ်ခု၊ လေးခု အလ္လာ၊ အင်္ဂါ ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့် ကာလ သုံးဖြာ ခြင်းရာ နှစ်ဆယ် ဤရှစ်သွယ်ကို၊ အလွတ် ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာဝဋ်မှ လွတ်ကြောင်းတည်း။

## အထူးမှတ်

အထက် စက်ဝိုင်းပါ "ဝေဒနာနိရောဓါ တဏှာနိရောဓေါ" ဟူသော ဖြတ်လမ်း၏ အလုပ်လုပ်စဉ်မှာ ဝေဒနာကို အနိစ္စဖြစ်လျှင် ဝိပဿနာ မဂ်ဝင်လာသောကြောင့် ပဋိစ္စသမုပ္ပါဒ်စက် ပြတ်လေ၏။

ထိုအတူ--ဝေဒနာနှင့် သဟဇာတ တကွ ဖြစ်ဘက် ဖြစ်ကြသည့် သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝိတက်၊ ဝိစာရတို့ကို သော်လည်း ရှုနိုင် ကြပါ၏။ ဤရှုမှတ်နည်းမှာ– “နိဒါနဝဂ္ဂသံယုတ်ပါဠိတော် သမ္မသနသုတ်”တွင် လာသော ရှုမှတ်နည်း ဖြစ်ပါ၏။

## “စက်ဝိုင်းဒေသနာ အတွက် ရှင်းလင်း သိမှတ်ရန်” အချက်အလက်များ။

**အင်္ဂါအစိတ်အပိုင်း ဆယ့်နှစ်ပါး**

အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ ဇရာမရဏ။ — ၁၂ ပါး

**မူလအကြောင်းရင်းနှစ်ပါး**

၁။ အတိတ်အကြောင်း၏ အစ မသိမှု အဝိဇ္ဇာသည် မူလတစ်ပါး။
၂။ ပစ္စုပ္ပန် အကြောင်း၏ အစ တပ်မက်မှု တဏှာ သည်မူလတစ်ပါး။

— ၂ ပါး

### ကြောင်းကျိုးနှစ်ဖြာ၊ ခြင်းရာ နှစ်ဆယ်၊ အလွှာဝယ်လေးထပ် အစပ်သုံးဖြာ၊ သစ္စာနှစ်ပါးသိဘွယ်များ

၁။ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန် ဘဝအတိတ် အကြောင်း အခြင်းအရာ ငါးပါး၊ အလွှာအားဖြင့်တစ်ခု၊ သမုဒယ သစ္စာစု။

၂။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ပစ္စုပ္ပန်
အကျိုးအခြင်းအရာ ငါးပါး၊ အလွှာအားဖြင့် တစ်ခု၊ ဒုက္ခသစ္စာစု။
၃။ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရပစ္စုပ္ပန် အကြောင်း
အခြင်းအရာငါးပါး၊ အလွှာအားဖြင့် တစ်ခု၊ သမုဒယ သစ္စာစု။
၄။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ အနာဂတ်
အကျိုးအခြင်းအရာ ငါးပါး၊ အလွှာအားဖြင့် တစ်ခု၊ ဒုက္ခသစ္စာစု။

**အစပ်အားဖြင့် လေးလွှာဖြစ်၍ သုံးစပ်ရသည်ဟူ၍ မှတ်**

**အစပ်သုံးပါးတနည်းကား**

| | |
|---|---|
| ၁။ သင်္ခါရနှင့် ဝိညာဏ်နှစ်ရပ်က တစပ် စပ်။ | ၃ ပါး |
| ၂။ ဝေဒနာနှင့် တဏှာ နှစ်ရပ်က တစပ် စပ်။ | |
| ၃။ ဘဝ(ကမ္မဘဝ)နှင့် ဇာတိ နှစ်ရပ်က တစပ် စပ်။ | |

**ကာလသုံးပါး**

| | |
|---|---|
| ၁။ အဝိဇ္ဇာ၊ သင်္ခါရက အတိတ်ကာလ | ၃ ပါး |
| ၂။ ဝိညာဏ်အစ ကမ္မဘဝ အဆုံး အလည်ရှစ်ပါးက ပစ္စုပ္ပန်ကာလ | |
| ၃။ ဇာတိ ဇရာ၊ မရဏက အနာဂတ် ကာလ | |

**ဝဋ်သုံးပါး**

| | |
|---|---|
| ၁။ အဝိဇ္ဇာ တဏှာ ဥပါဒါန် သုံးခုက ကိလေသဝဋ်။ | ၃ ပါး |
| ၂။ သင်္ခါရနှင့် ကမ္မဘဝ၊ နှစ်ခုက ကမ္မဝဋ်။ | |
| ၃။ အကြွင်းတရား ရှစ်ခုက ဝိပါကဝဋ်။ | |

## အစပ်သုံးရပ် ဉာဏ်ဖြတ်ရန်

၁။ ဝေဒနာနှင့် တဏှာ အစပ်ကို ဝိပဿနာ ဉာဏ်ဖြင့်ဖြတ်။
၂။ သင်္ခါရနှင့် ဝိညာဏ် အစပ်ကို ဂေါတြဘုဉာဏ်ဖြင့်ဖြတ်။
၃။ ကမ္မဘဝနှင့် ဇာတိအစပ်ကို မဂ်ဉာဏ်ဖြင့်ဖြတ်။

ဒကာ ဒကာမတို့ ဒီကနေ့ **ပဋိစ္စသမုပ္ပါဒ်** တရားတော်ကို ရှင်းလင်း ပြောပြရမယ်၊ စူးစူးစိုက်စိုက် သတိထားပြီး ကြိုးစားနာယူကြ။

ဒကာ ဒကာမတို့ ဘုရားဖြစ်တော် မူတာဟာ၊ ပဋိစ္စသမုပ္ပါဒ် ပြတ်သွားလို့ ဖြစ်တာပဲ၊ ပဋိစ္စသမုပ္ပါဒ်ပြတ်ပြီး အလုံးစုံသော ဝဋ်က ကျွတ်လွတ်သွားလို့ ဘုရားဖြစ်တာပဲ၊ ဘုရားဟာ ပဋိစ္စသမုပ္ပါဒ် ဝဋ် အဆင့်ဆင့် ဖြတ်ပြီး သောတာပန်ကစ ဖြစ်တော်မူရတာပဲ၊ ဘုရားလည်း သောတာပန်ကစပြီး ဆိုင်ရာ ပဋိစ္စ သမုပ္ပါဒ် ဖြတ်တော် မူရပါတယ်။

ဒကာ ဒကာမတွေလည်း သောတာပန် ဖြစ်ချင်ရင် ဆိုင်ရာ ပဋိစ္စသမုပ္ပါဒ် ဖြတ်ကြရမယ်၊ ဖြတ်တော့ ဘယ်ပဋိစ္စ သမုပ္ပါဒ်ကို ဖြတ်ရမလဲ၊ ဒကာတို့ လက်ရှိ ခန္ဓာပဋိစ္စ သမုပ္ပါဒ် ဖြတ်ရမှာပဲလို့ မှတ်ကြ၊ ဒီခန္ဓာက ပဋိစ္စသမုပ္ပါဒ် ခန္ဓာကြီး ဘဝ အဆက်ဆက် မပြတ်လယ်နေတဲ့ ခန္ဓာကြီးပဲ။

ဒီဘဝက စုတိတဲ့ ဟိုဘဝ ပဋိသန္ဓေဆက်နေတယ်၊ အဲတာဟာ ပဋိစ္စသမုပ္ပါဒ်ပဲ၊ **ကံအကြောင်းနဲ့ အကျိုးပေးဆက်တာလည်း ပဋိစ္စသမုပ္ပါဒ်ပဲ၊ အကြောင်းနဲ့ အကျိုး ပြတ်ရင် ပဋိစ္စသမုပ္ပါဒ်**

ပြတ်တာပဲ၊ ခန္ဓာပဋိစ္စ သမုပ္ပါဒ် ပြတ်ရင် နိဗ္ဗာန်ပဲ ဆိုတာ မှတ်ကြ၊ နိဗ္ဗာန် လိုချင်ရင် ခန္ဓာ ပဋိစ္စ သမုပ္ပါဒ် ပြတ်အောင် လုပ်ရမှာ၊ ခန္ဓာပဋိစ္စသမုပ္ပါဒ် ပြတ်မှ အနုပါဒိ သေသနိဗ္ဗာန်ရကြမယ်။

ဒီတော့ ခန္ဓာပဋိစ္စသမုပ္ပါဒ်ပြတ်ဖို့ အရေးဟာ နိဗ္ဗာန်ရဖို့ အရေးပဲဆိုတာ မှတ်ကြ။

ဒကာ ဒကာမတွေ ခန္ဓာပဋိစ္စသမုပါဒ် ပြတ်တဲ့နည်းကို မသိကြဘူး၊ ခန္ဓာပဋိစ္စသမုပါဒ် ပြတ်နည်း မသိတာက ဘာကြောင့်လဲ "အဝိဇ္ဇာ" ကြောင့်ပဲလို့ မှတ်လိုက်ကြ၊ ဒီ "အဝိဇ္ဇာ" လက်ချက် ဆိုးဝါးပုံကို အမိပ္ပါယ်ကို ဆက်ပြီး ပြောပြမယ်၊ ဒကာ ဒကာမတွေ ဘာကြောင့် လူဖြစ်လာရတာလဲ။

အမိ အဘသည် သားသမီး ဖြစ်ကြောင်းလို့ ယူရင် အလုံးစုံ မမှန်နိုင်ဘူး၊ တစိတ်တဒေသသာ မှန်တယ်၊ အကုန်မမှန်ဘူးလို့ မှတ်ကြ။

အမိ အဘကြောင့် ယူတဲ့ အယူက မန့်စပ်ဘူး၊ ဟိန္ဒူဗြဟ္မဏ၊ မဟာမေဒင်၊ ခရစ္စယန် အယူတွေက မလုံလောက်ဘူး၊ သံသယ ရှိစရာ တွေ့ရတယ်၊ ရှေးက ဒီသံသယနဲ့ဘဲ သေသွားခဲ့ကြရတယ်၊ ဒီသံသယ နဲ့ပဲ သံသရာ ရှည်ခဲ့ကြရတယ်။

ဘုရားကလည်း မပွင့်သေးတော့၊ ဒီ သံသယ ဖျောက်ပေးနိုင်သူ မတွေ့ခဲ့ရဘူး၊ "ငါသည် ဘယ်လိုဟာလဲ" "ငါဟာ ဘယ်လို

ငါပါလိမ့်” စတဲ့ ဒိဋ္ဌိဝင်လာတယ်၊ ဒိဋ္ဌိဝင်တော့ ဝိစိကိစ္ဆာလည်း ဝင်လာတော့တာပဲ၊ ဘုရားမပွင့်တဲ့အခါ ဘယ်သူကမှ ဒိဋ္ဌိ ဖျောက်မပေးနိုင်ဘူး ဆိုတာ မှတ်လိုက်ကြ။

**ဒီနာမ်တွေ ရုပ်တွေဟာ ငါပဲလား၊ ဆိုပြီး ဒိဋ္ဌိဝိစိကိစ္ဆာ ဝင်တာဟာ ပဋိစ္စသမုပ္ပါဒ် နားမလယ်လို့ပဲ၊ နားမလယ်လို့ ဝင်လာရင် အားလုံး အပါယ်သွားကြပဲ၊ ပဋိစ္စသမုပ္ပါဒ် နားမလယ်ဘဲ ဒိဋ္ဌိဝိစိကိစ္ဆာနဲ့ သေရင်အားလုံး အပါယ် သွားကြရမယ် ဆိုတာမှတ်လိုက်ကြ၊** သတ္တဝါတွေ အပါယ်သွားများတာဟာ ဒီခန္ဓာပဋိစ္စသမုပ္ပါဒ် နားမလည်လို့ ဒိဋ္ဌိဝိစိကိစ္ဆာနဲ့ သေရတာကိုး၊ ဒါကြောင့် အပါယ်သွားလမ်းပိတ်မှု အတွက် ပဋိစ္စသမုပ္ပါဒ်ကို နားလည်အောင် ဟောရ ပြောရတာ ဆိုတာ ဆုံးဖြတ်ချက် ချကြ။

ဒကာတို့ အခုလက်ရှိ ခန္ဓာကို ဘယ်သူက တည်ထောင်တာတုံး၊ ပုဂ္ဂိုလ်၊ သတ္တဝါက တည်ထောင်တာ မဟုတ်ဘူး၊ ဓမ္မက တည်ထောင်တာပဲ၊ ဘယ်တုံးကလဲ၊ အတိတ်တုံးကပဲ၊ ဘယ်ဓမ္မတွေကလဲ “**အဝိဇ္ဇာ သင်္ခါရ တဏှာ ဉပါဒါန် ဘဝ**”ဆိုတဲ့ ဒီဓမ္မတွေက တည်ထောင်လိုက်တာပဲ။

ဒီအတိတ် အကြောင်းအခြင်းအရာ ငါးပါးဟာ လူ့ခန္ဓာ ဖြစ်စေတဲ့ အကြောင်း တရားငါးပါးပဲ၊ ဒီ ငါးပါးက ဘယ်ဟာလဲ၊ **အဝိဇ္ဇာ၊ သင်္ခါရ၊တဏှာ၊ ဉပါဒါန်ဘဝ** ဒီငါးပါးပဲ၊ မှတ်မိအောင်မှတ်ကြ၊ ဒကာတို့တတွေ အတိတ်က ဘာတွေ လုပ်ခဲ့သလဲ၊ အတိတ်အကြောင်း

အခြင်းအရာ ဒီငါးမျိုး တည်ထောင်ခဲ့လို့ ခန္ဓာရလာကြတယ်။

"အဝိဇ္ဇာ"ဆိုတာ ဘာလဲ၊ အဝိဇ္ဇာဆိုတာ မသိတာ၊ သစ္စာလေးပါးမသိတဲ့တရားဟာ အဝိဇ္ဇာပဲလို့ မှတ်ထားကြ၊ သူက ခေါင်းဆောင် နေတယ်၊ နောက်ဘဝက သစ္စာ မသိတဲ့ အလွန်မိုက်မဲတဲ့ အဝိဇ္ဇာက ဝမ်းထဲမှာ ကိန်းနေတယ်၊ သူက ရှိနေတာနဲ့၊ သင်္ခါရက ပြုပြင်တယ်၊ လူ့ပြည် ရချင်လို့ သင်္ခါရက ပြုပြင်လို့ ရလာခဲ့တယ်။

ဒီသင်္ခါရဆိုတာ စေဘနာပဲ၊ ဒကာတို့ တတွေ သင်္ကန်း၊ ဆွမ်း၊ ကွမ်း စတဲ့ ဒါနဝတ္ထုတွေ လှူဒါန်းပြီး နောက် လူ့ဘဝချမ်းသာ ဖြစ်ရပါလို၏ ရရပါလို၏ နဲ့ဆိုပြီး ဆုတောင်းခဲ့ကြတယ်၊ လှူတန်းတာက စေတနာ၊ ကုသိုလ် သင်္ခါရပြုပြီး၊ တဏှာနဲ့ ဆုတောင်းယူခဲ့ကြတယ်။

အဝိဇ္ဇာက မသိတာ၊ သင်္ခါရက ပြုလုပ်တာ၊ ကုသိုလ်ပြုတာ၊ တဏှာနဲ့ ဆုတောင်း မရမနေနိုင်ဘူး ဆိုတော့ ဥပါဒါန်ကလည်း တပါတည်း စွဲလမ်းလိုက်တော့တာပဲ၊ နောက်ပြီး ကာယကံနဲ့ ရှိခိုး ဝစီကံနဲ့ ဆိုတောင်းကြ ဆိုတော့ ကံနဲ့ ပြုပြင်လိုက်တာကိုး၊ အဲဒီတော့ ဘဝဆိုတဲ့ ကမ္မဘဝရတာပဲလို့ မှတ်ကြ၊ ကုသိုလ်တရားဟာ နိဗ္ဗာန် ကိုလည်း ပေးနိုင်တယ်၊ လူနတ်ချမ်းသာ ကိုလည်း ပေးနိုင်တယ်။

အဝိဇ္ဇာက လူ၊ နတ်ခန္ဓာဟာ ဒုက္ခသစ္စာပဲလို့ မသိဘူး၊ ဒီသစ္စာ မသိတဲ့ အဝိဇ္ဇာရဲ့ အအုပ်အချုပ် ခံနေရလို့ပဲ မှတ်လိုက်ကြ၊ ဒီတော့ **"အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ"** ဖြစ်လာတော့ တာပဲ၊

အဝိဇ္ဇာက မသိတာ၊ သင်္ခါရက အုပ်ချုပ်ခံရတာ၊ တဏှာက မပြည့် ပြည့်အောင်တောင်းယူတာ၊ ဥပါဒါန်က စွဲလမ်းတာ၊ ကာယကံ၊ ဝစီကံမှုတွေ ပြုလုပ်ပြော ဆိုပြီး ဆုတောင်း၊ အဲဒါ အတိတ် အကြောင်းအခြင်းအရာ ငါးပါးပဲ။

ဒကာ ဒကာမတွေ စက်ဝိုင်းပြန်ကြည့်၊ စက်ဝိုင်းရဲ့ လက်ျာဘက် ထိပ် (၁) နံပါတ် အကွက်က အတိတ် အကြောင်းအခြင်းအရာ ငါးပါး၊ ဒီငါးပါးက လွန်ခဲ့တဲ့ အတိတ်ဘဝက ဖြစ်ခဲ့တဲ့ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝဖြစ်တယ်၊ အဲဒီ (၁)နံပါတ် အကွက် အောက်ဆုံးမှာ ကြည့်ကြ၊ ဘာတဲ့လဲ၊ သမုဒယ သစ္စာတဲ့၊ ဒီအကွက် ထဲက **"အတိတ် အကြောင်းအခြင်း အရာ ငါးခုက သမုဒယ သစ္စာပဲလို့ မှတ်လိုက်ကြ"**။

**"သမုဒယ ဆိုတာက အကြောင်း၊ သစ္စာက မှန်တာ၊ ပေါင်း လိုက်တော့ အကြောင်း မှန်ကို လုပ်ထားခဲ့လို့တဲ့"** ဘယ်တုံး ကလဲ ဆိုတော့ လွန်လေပြီးသော အတိတ်ကာလကပဲ၊ အတိတ်က အကြောင်း မှန်လုပ်ထားခဲ့လို့ပဲတဲ့။

ဒါကြောင့် ဒီ(၁)နံပါတ် အကွက်ထဲက ဒီငါးခုကို အတိတ် ကြောင်းတလွှာလို့ မှတ်လိုက်ကြ၊ ဒါက ပထမအလွှာ၊ အတိတ် အကြောင်း တလွှာ သမုဒယ သစ္စာလို့ ခေါ်တယ်၊ နိဗ္ဗာန်ရောက်ဖို့ ရဖို့ရာ မသိလို့၊ မသိတာနဲ့ သမုဒယသစ္စာ သွားဖြစ်ရတာပဲ၊ နောက်က သစ္စာလေးပါး မသိတဲ့ အဝိဇ္ဇာ ကြောင့် ကုသိုလ် သင်္ခါရ

ပြုလုပ်ကြပြီး၊ တဏှာနဲ့ ဆုတောင်း၊ ဥပါဒါန်နဲ့ စွဲလမ်း၊ ကာယကံ ဝစီကံနဲ့ ပြုလုပ် ဆုတောင်း အားထုတ် လိုက်တော့ ယခုလက်ရှိ ခန္ဓာ ဒုက္ခသစ္စာကြီး ရထားကြပြီ။

သမုဒယတွေ လုပ်နေရင် နောင်အခါ အကျိုးပေးက ဒုက္ခပဲရကြမယ် **"သမုဒယ သစ္စာက အကြောင်း၊ ဒုက္ခသစ္စာက အကျိုး"၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ ဒီလေးခုကို အဝိဇ္ဇာက အုပ်ချုပ်ထားတာမို့ ဒါတွေဟာ ကံကောင်း မဟုတ်ဘူး၊ ကံဆိုးတွေပဲ။**

အဝိဇ္ဇာဆိုတော့ နောက်ဆက်ပြီး သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝဆိုတဲ့ ဒီငါးခုက သမုဒယ သစ္စာတွေပဲ၊ ထပ်တလဲလဲ ကြိုးစားနေကြတယ်၊ မြင်ကြရဲ့လား၊ (၁) ငါးခု လုပ်ရင်၊ (၂) ငါးခုကို ရမယ်၊ သဘောက (၁) ငါးခု လုပ်ရင်၊ (၂) ငါးခုနဲ့ သွားဆက်ရမယ်၊ (၁) ငါးခုနဲ့ စပ်နေတာက ဘာတွေလဲ၊ ပြန်ကြည့်၊ **ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ**ဆိုတဲ့ ဒုက္ခသစ္စာ ခန္ဓာငါးပါးပဲ။

ဒီငါးခုက ဘယ်ကလာတာလဲ၊ ဘာကြောင့် ရသလဲ၊ အတိတ် အကြောင်း ငါးခုလုပ်မိတဲ့ အတွက်ရတာပဲ၊ ဒကာတို့ တွေ့ အခု ဘယ်မှာ ရောက်နေသလဲ ဆိုရင် (၂) နံပါတ် အကွက်ထဲမှာပဲ၊ (၂) အကွက်ကဘဲ ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ အဲဒီ ထဲမှာ ရောက်နေကြတယ်။

(၁)နံပါတ်ထဲက ငါးခုကသမုဒယသစ္စာ၊ အတိတ်က ဖြစ်ခဲ့တာ၊

အခု ဒကာတို့ရနေတဲ့ (၂) နံပါတ်ထဲက ငါးခုက ဒုက္ခသစ္စာ အခု ပစ္စုပ္ပန်မှာ၊ အဲတာ အလျှာတစ်ခုပဲ၊ စက်ဝိုင်း အတွင်းဘက်မှာ ပြန်ကြည့် ရှင်းကြရဲ့လား၊ အခု ဒကာ ဒကာမတွေ ဒုက္ခသစ္စာကိုယ်ပိုင် ရထားကြပြီ၊ ဘာကြောင့်လဲ၊ အတွင်းက မြှားကြီးလေး ပြတာ လိုက်ကြည့်၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဆိုတဲ့ ကိလေသဝဋ်သုံးခုနဲ့ သင်္ခါရ ကမ္မဘဝ ဆိုတဲ့ ကမ္မဝဋ်က နှစ်ခု၊ ဒီဝဋ်နှစ်ခု လုပ်ထားမိလို့ပဲ။

အတိတ်က သမုဒယ သစ္စာဆိုတဲ့၊ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ ဆိုတဲ့ အကြောင်း ငါးခုလုပ်မိတဲ့ အတွက် အခု ပစ္စုပ္ပန်မှာ ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဒီငါးခု ရလာတာ၊ ဒီငါးခု ခန္ဓာဖွဲ့ရင် ခန္ဓာငါးပါးပဲရတယ်၊ သစ္စာဖွဲ့တော့ ဒုက္ခသစ္စာပဲ၊ အခု ရထားတဲ့ လူ့ခန္ဓာကြီးဟာ အတိတ်က သမုဒယ လုပ်ခဲ့တဲ့ အကြောင်း မှားမှုကြောင့် အကျိုးမှား ဒုက္ခသစ္စာ ရတာပဲလို့ မှတ်လိုက်ကြ၊ ဒကာ ဒကာမတို့ အသက်ကြီးလေ ဒုက္ခများလေ၊ ပူစရာ ဆွေးစရာတွေ များလေပဲ၊ လူ့ဘဝ လူ့ခန္ဓာ ဒုက္ခသစ္စာဆိုတာ သဘောပါကြပြီလား၊ **"လက်ရှိ ခန္ဓာကို ဘယ်သူမှ ဖန်ဆင်းတာ မဟုတ်ဘူး၊ အတိတ်က အကြောင်းကြောင့် ယခုပစ္စုပ္ပန်အကျိုးတရားပေါ်လာတာပဲလို့ မှတ်လိုက်ကြ"**

ဒီ ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကို သဘောပေါက်မှ ကိုယ့်ခန္ဓာ အရှိ သိနိုင်ကြမယ်၊ ဒကာ ဒကာမတွေဟာ သံသရာက ဒီအတိုင်း မသိမှုနဲ့ လယ်နေခဲ့ကြတာ၊ ဒုက္ခကြောင့် သမုဒယ ဖြစ်လိုက်၊

ဒီသမုဒယ ကြောင့် ဒုက္ခပြန်ဖြစ်လိုက်၊ ဒါ -- နှစ်ခုပဲ လှည့်နေကြတာ "မဂ္ဂ"မပါ နိုင်ခဲ့ပါဘူး။

ကိုယ့်အကြောင်း ကိုယ်သိမှ၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်မသိတော့ သမုဒယ သစ္စာတွေ ထပ်ပွား၊ ပွားမိတော့ စတုတ္ထ (၄) နံပါတ် ဒုက္ခသစ္စာ ရအုံးမယ်။

**"အတိတ်အဝိဇ္ဇာကြောင့် ယခုလက်ရှိ ပစ္စုပ္ပန် ခန္ဓာ ဖြစ်တယ်၊ ယခု ပစ္စုပ္ပန် တဏှာကြောင့်လည်း နောက်ဘဝ အနာဂါတ် ခန္ဓာဖြစ်အုံးမယ်၊ အတိတ် အဝိဇ္ဇာကြောင့် ပစ္စုပ္ပန် ခန္ဓာဖြစ်၊ ပစ္စုပ္ပန် တဏှာကြောင့် အနာဂတ် ခန္ဓာဖြစ်၊ ဒီတော့ "ပစ္စုပ္ပန် ခန္ဓာဖြစ်ခြင်း အကြောင်းမှာ အဝိဇ္ဇာ ဦးစီးတယ်၊ အနာဂတ် ခန္ဓာဖြစ်ခြင်း အကြောင်းမှာ တဏှာ ဦးစီးတယ်၊"** ရှင်းကြရဲ့လား၊ ဒါကြောင့် - **"ဒီနှစ်ခု အဝိဇ္ဇာ နဲ့ တဏှာကို မူလ နှစ်ခုလို့ပြရတာပဲ။** စက်ဝိုင်း အလယ်မှာ ကြည့်ကြ။

စက်ဝိုင်းပြန်ကြည့် (၃) နံပါတ် အကွက်ကြည့်၊ ကြည့်တော့ တဏှာကြောင့် (၄) နံပါတ် ခန္ဓာ ဒုက္ခသစ္စာ ပေါ်တယ်၊ မြင်ကြရဲ့လား၊ ဒါကြောင့် အဝိဇ္ဇာ၊ တဏှာ အလယ်မှာ ပြထားတယ်၊ သူတို့ နှစ်ခုက ရေသောက်မြစ်ပဲလို့ မှတ်ကြ။

ဒီတော့ 'အဝိဇ္ဇာ တဏှာ မချုပ်သရွေ့ ပစ္စုပန် ဒုက္ခခန္ဓာ၊ အနာဂတ် ဒုက္ခသစ္စာ ပေါ်အုံးမှာပဲဆိုတာ ဆုံးဖြတ်ချက်ချ၊ ဒါငြိမ်း

ချင်ရင် ဒုက္ခချုပ်ချင်ရင် အကြောင်းကို သတ်ရမယ်၊ အကျိုးကို မသတ်ရဘူး၊ အကျိုးသတ်လို့ မရဘူးဆိုတာ မှတ်ကြ၊ **"အခု ဘဝဒုက္ခ ခန္ဓာ လွတ်ချင်ရင် တဏှာချုပ်အောင် ဒီနှစ်ခု ရေသောက်မြစ် ပြတ်အောင် ဝိပဿနာ လုပ်မှသာ ရမယ်လို့ မှတ်လိုက်ကြ"**

သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာလို့ ဘုရား ဟောတော်မူတယ်၊ ခန္ဓာ ငါးပါးဟာ ဒုက္ခသစ္စာပဲ၊ မသိတဲ့ အဝိဇ္ဇာက အုပ်ချုပ်၊ သင်္ခါရက ပြုလုပ်၊ တဏှာက တောင်းယူ ဒုက္ခသစ္စာ ခန္ဓာငါးပါး ပေါ်လာတာပဲ၊ လက်ရှိ ရထားတာ မှန်သမျှ အားလုံး ဒုက္ခသစ္စာ ချည်းပဲ။

အဝိဇ္ဇာ၊ အတိတ် ခေါင်းဆောင်ကြီး မိပြီ၊ မြင်ကြပြီနော်၊ ဒီအဝိဇ္ဇာ မချုပ်သမျှ ခန္ဓာမချုပ်ဘူး၊ ခန္ဓာမချုပ်သမျှ ဒုက္ခနဲ့ တွဲလျက် အမြဲပဲ၊ အဝိဇ္ဇာ သမုဒယ သစ္စာ ကြောင့် ဝိညာဏ်စတဲ့ ငါးပါး ဒုက္ခ သစ္စာတွေ ပေါ်လာတယ်။

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဆိုတဲ့ နေရာမှာ သင်္ခါရက နှစ်မျိုး ရှိတယ်၊ ကုသိုလ် သင်္ခါရက တစ်မျိုး၊ အကုသိုလ်သင်္ခါရက တမျိုးလို့ နှစ်မျိုးပဲမှတ်ထား၊ သင်္ခါရ သုံးမျိုးဆိုပေမဲ့ နားလယ် လွယ်အောင် ဒကာတို့အတွက် ၂ မျိုးကို အရင် မှတ်ထားကြအုံး၊ **"ကုသိုလ် သင်္ခါရက လူ၊ နတ်၊ ဗြဟ္မာခန္ဓာရမယ်၊ အကုသိုလ် သင်္ခါရက အပါယ်ခန္ဓာရမယ်"** နှစ်ခုလုံးဒုက္ခသစ္စာ ချည်းပဲ၊ ဘံုဘဝကို လိုချင်လို့ လုပ်တာ၊ အဝိဇ္ဇာ ပစ္စယာ သင်္ခါယာပဲ၊ ဒါက နှစ်မျိုးရတယ်၊

အပါယ်သွားအောင် တမျိုး၊ လူနတ်ရအောင် တမျိုး ဒီနှစ်မျိုးလုံး ဘာရရ၊ ဒုက္ခသစ္စာပဲ။

ယခုအခါမှာ ဒကာတို့မှာ ဇာတိ ဒုက္ခကရခဲ့ပြီးပြီ၊ ဇရာ ဒုက္ခက ရဆဲရတုန်းပဲ၊ နောက်မရဏ ဒုက္ခက ကျန်သေးတယ်။

ဒကာတို့မှာ လက်ရှိ ဒုက္ခအပြင် နောက်လာမဲ့ ဒုက္ခတွေ ဗျာဓိဒုက္ခ၊ မရဏ ဒုက္ခ သောက၊ ပရိဒေဝ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဆိုတဲ့ ဒုက္ခတွေ အများကြီး ကျန်နေသေးတယ်၊ ဒီဒုက္ခမျိုးစုံ တွေ့ကြုံကြ ရမှာကလည်း အဝိဇ္ဇာကြောင့် ကြုံကြရမှာလို့ မှတ်ကြ၊ ဒီ အဝိဇ္ဇာ မရှိရင်၊ ကံတို့ သင်္ခါရတို့ ဆိုတာတွေ မရှိတော့ဘူး။

သစ္စာမသိတော့ သင်္ခါရတွေ ပြန်အားထုတ်၊ အဲဒီတော့ သေသည်၏ အခြားမဲ့ မှာ ဒီဘက်(၄)နံပါတ်အကွက်က အနာဂတ် ဒုက္ခသစ္စာကြီး ပြန်ရတော့မယ်၊ ရမှာ သေချာတယ်၊ **အခုဟော နေတာဟာ (၂) ထဲမှာ ဟောနေတာ၊ ဒီထဲမှာ (၃) တရားမပါကြစေနဲ့၊ (၃)နံပါတ် အကြောင်းတရား သမုဒယ သစ္စာတွေ မပွားမိကြစေနဲ့၊ (၂) က–(၃)–မ ပေါက်ပွား ကြစေနဲ့။**

(၂) နဲ့ (၃) ကြားမှာ မြားကလေးကို ကြည့်ကြ၊ စပ်မှာက (၃)ထဲက အနာဂတ် အကျိုးအခြင်းအရာ ငါးပါးနဲ့ စပ်မှာကို ဆိုလိုတာ၊ အနာဂတ် အကျိုးတွေနဲ့ စပ်သွားရင် ဒုက္ခသစ္စာ ပြန်ရကြမယ်။

အတိတ် အကြောင်း (၁) ကြောင့် ပစ္စုပ္ပန် အကျိုး(၂)ရ၊ ပစ္စုပ္ပန်အကြောင်း (၃) ကြောင့် အနာဂတ်အကျိုး (၄) ရတော့မယ်၊ ဒီတော့ တပတ်ပြန်ရပြန်တာပဲ၊ ၁၊ ၂၊ ၃၊ ၄၊ ၁၊ ၂၊ ၃၊ ၄၊ ချည်းလယ်နေကြတယ်၊ သစ္စာဖွဲ့ရင် သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ နှစ်ပါးထဲမှာဘဲ လယ်နေကြရတယ်၊ သမုဒယကြောင့် ဒုက္ခဖြစ်၊ ဒုက္ခထဲမှာ သမုဒယ ပြန်ဖြစ်၊ ဒီသမုဒယကနေ ဒုက္ခပြန်ဖြစ်ရနဲ့ ဒီလိုဘဲ လယ်နေကြရတာ၊ ဒီစက်ဝိုင်းမှာ ပါတဲ့အတိုင်းပဲ၊ ဖြတ်လမ်း ပါသေးရဲ့လား၊ ဖြတ်လမ်းကို မပါတော့ဘူး။

ဘယ်လိုများ ကြံကြမတုံး၊ ဖြတ်လမ်း ရှာကြရမယ်၊ ကိုယ့်အဖြစ်မှန် သိရရင် လွတ်လမ်း ထွက်လမ်း ရှာရမယ်၊ ဖြတ်ဖို့ နည်းက ဖြတ်လမ်း ပြန်ကြည့်လိုက်၊ ပစ္စုပ္ပန် အကျိုးတလွှာဆိုတဲ့ (၂) နံပါတ်နဲ့ ပစ္စုပ္ပန် အကြောင်း တလွှာဆိုတဲ့ (၃) အကွက်ဟာ တခုနဲ့တခု စပ်နေ တယ်၊ မြှားလေး ပြထားတာ ကြည့်လိုက် ဒီအစပ်ကနေပြီး နောက်က "တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ"ဆိုတဲ့ ဒီ (၃) မလာအောင် ဖြတ်ရမယ်။

တတိယ (၃) နံပါတ်အကွက်ကို အလုပ်နဲ့ ပြရမယ်၊ အဲဒီမှာ ဘုရားပွင့်မယ် ဆိုတာ မှတ်ကြ၊ (၂) နဲ့ (၃) အကူး ကြားထဲမှာဘုရား ပွင့်မယ်၊ (၂) နဲ့ (၃) အကူးမှာ သောတာပန် တည်ချင်ရင် အရေး တကြီး မှတ်ယူကြ၊ (၂) ကနေပြီး ဒုက္ခချုပ်ရာ ကူးချင်ရင် ရတယ်။

(၂) ထဲက (၃) မပေါက် ပွားအောင် ဖြတ်ကြရမယ်၊ (၂)

ထဲက (၃) မပေါက်ပွားရင် ထွက်လမ်းပဲ ဆိုတာ မှတ်ကြတော့၊ ထွက်လမ်း ရအောင် ဒီ (၂) ထဲကနေပြီး "ဉာဏ်"နဲ့ ဖြတ်ရမယ်၊ ဖြတ်လို့ ပြတ်ရင် (၃)ထဲက အကြောင်း သမုဒယ တွေချုပ်သွားမယ်၊ (၃) အကြောင်း သမုဒယချုပ်ရင် (၄) ထဲက အကျိုးဒုက္ခတွေ အကုန်သိမ်းတာပဲ၊ သိမ်းတာနဲ့ နိရောဓ ပေါ်တာနဲ့ တချက်ထဲပဲ ရှင်းကြပြီလား။

ဒါကြောင့် (၃) အကွက်က တဏှာ၊ ဉပါဒါန်၊ ကမ္မဘဝ မလာအောင် "ဉာဏ်" နဲ့ ဖြတ်ရာမှာ **ဝေဒနာကနေ တဏှာ မကူးအောင် လုပ်ရမယ်၊** ဝေဒနာ နိရောဓာ တဏှာနိရောဓော ဆိုရင် ပြတ်ပြီ မဆက်ဘူး၊ ဒါကြောင့် ဝေဒနာ နိရောဓော တဏှာ နိရောဓ ဖြစ်အောင် လုပ်ကြရမယ်။

ဒါကြောင့် ဝေဒနာကို ဖြစ်ပျက် ရှုရမယ်၊ ဝေဒနာ ဖြစ်ပျက် မြင်ရင် တဏှာ မလာဘူး၊ တဏှာချုပ်တယ်၊ ဝေဒနာကို ရှုတော့ ဝေဒနာ ဖြစ်ပျက်၊ နောက်က မဂ်ဝင်လာတယ်၊ တဏှာချုပ်ကရော၊ တဏှာချုပ်အောင် ရှုတော့ ဉပါဒါန်ချုပ်၊ ဘဝချုပ်၊ ဒါတွေ ချုပ်တော့ သမုဒယ ချုပ်သွားတော့ တာပဲ။

**ဒါကြောင့် ယခု ပစ္စုပန် မှာ ဝေဒနာကို ဝိပဿနာရှုကြရမယ်၊** ရှုတော့ ခန္ဓာမှာ ဝေဒနာပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်ရှုပေးကြ၊ သုခ ဝေဒနာ ပေါ်လဲဖြစ်ပျက်ရှု၊ ဒုက္ခဝေဒနာပေါ်လည်း ရှုချ၊ ဉပေက္ခာ ဝေဒနာလာလည်း ရှုပြစ်၊ သောမနဿ ဝေဒနာ၊ ဒေါမနဿ

ဝေဒနာ ဘာပေါ်ပေါ်၊ ပေါ်တိုင်း ပေါ်တိုင်း ဒကာတို့က ဖြစ်ပျက် ရှုပေးကြ၊ ရှုတော့ ဝေဒနာ ဖြစ်ပျက်လို့ ဉာဏ်နဲ့ မြင်အောင် ရှုပေး။

**ဒီလို ဝေဒနာ ပေါ်တိုင်း ဖြစ်ပျက်ရှုတော့ ဒီအဆက်ကလေး ပြတ်သွားတယ်၊ ဒီအဆက်ကလေး ရှိတဲ့ မြားလေးပေါ်ကို မဂ်က သွားကျတယ်၊ မဂ်က ဒီအဆက်ကလေးပေါ် ကျလိုက်တော့ "ဝေဒနာ နိရောဓောတိမဂ္ဂေါ"ဆိုတာ ဖြစ်လို့ ဒီနေရာမှာ မဂ်ဝင်လာတယ်၊ ဝေဒနာနောက်က မဂ်ဝင်လာတော့ တဏှာ မဆက်နိုင်တော့ဘူး၊ မဂ်က ဖြတ်ချလိုက်တယ်၊ တဏှာ မဆက်တော့ နဂိုအစပ်က အပြတ် ဖြစ်သွားတာပေါ့၊ အပြတ် ဖြစ်သွားတယ် ဆိုတာ အနာဂတ် သံသရာတွေ အကုန် ပြတ်သွားတာကိုဆိုတာ။**

ဝိပဿနာရှုဒါဟာ (၂) နဲ့ (၃) အလွှာ မဆက်မိအောင် ကိုယ်ဖြစ်မယ့် ဒုက္ခ မဖြစ်ရအောင်လို့ပဲ ဆိုတာ မှတ်လိုက်ကြ။

ရှုတတ်ရင် ဒီနေရာက ရှုတော့ ဒုက္ခနဲ့ သမုဒယ ဖြတ်ချလိုက် တာပဲ၊ ဉာဏ်က ဒီလို ဖြတ်နိုင်တော့ (၂) နဲ့ (၃) မဆက်တော့ဘူး၊ စက်ဝိုင်းပြန်ကြည့်ကြ အဲဒီမှာ **(၂) နဲ့ (၃) မဆက်တော့ပဲ ဒုက္ခချုပ် သွားတော့ "ဒုက္ခ နိရောဓော နိဗ္ဗာန်နံ" ဆိုပြီး နိဗ္ဗာန်ပေါ် လာတယ်၊ နိဗ္ဗာန် ပေါ်လာတော့ ဒီ (၄) နံပါတ် အကျိုးပေးတွေလည်း မဆက် နိုင်တော့ဘူး၊** တခါထဲ ချုပ်သွားတော့တယ်၊ သဘောပါ ကြပြီလား။

**"စာလို ပြောတော့ ပဋိစ္စသမုပ္ပါဒ်လို့ မှတ်ကြ၊ မြန်မာလို**

**ပြောတော့ ခန္ဓာလမ်းစဉ်" ခန္ဓာက ဒီလမ်းစဉ်အတိုင်း ဒီအတိုင်း သွားနေတယ်ဆိုတာ မှတ်လိုက်ကြ။**

လက်ရှိ ခန္ဓာက (၂) ထဲမှာ ရောက်နေ ကြတယ်၊ အဝိဇ္ဇာက စပြီး ရောက်လာကြတာ၊ ပဋိသန္ဓေက စတယ်လို့ မှတ်ကြ၊ **ဝိညာဏ်ဆိုတာ ပဋိသန္ဓေကို ဆိုတာပဲ၊** ဒီ ဝိညာဏ်က စခဲ့တယ်၊ ဒါပြီးတော့ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဒါတွေ အခုလက်ရှိရနေ ရောက်နေ ကြတယ်၊ ဇာတိက "ဒုက္ခသစ္စာပဲ" ဝိညာဏ်က ဇာတိပိဒုက္ခသစ္စာ။


ခန္ဓာမှန်သမျှ ဒုက္ခသစ္စာချည်းပဲ၊ ဒီတော့ သူ့ကို ဉာဏ်နဲ့ ကြည့်၊ ဒုက္ခအပြင် ပြစရာ မရှိဘူး၊ သူပြော၊ လူပြော မယုံနဲ့၊ ကိုယ်ပိုင်ဉာဏ်နဲ့မှသာ ယုံကြဖို့ဆိုတာ မြဲမြဲမှတ်ထားကြ။

ဒကာ ဒကာမတွေ **မသိမှု သိမှုဟာ အဓိက ကျတဲ့ တရားပဲ ဆိုတာ မှတ်ကြ၊** မသိမှုက သမုဒယ သစ္စာ၊ ရတာက ဒုက္ခသစ္စာ၊ သိတာက မဂ္ဂ သစ္စာ၊ ရတာက နိရောဓသစ္စာ၊ သဘောပါကြရဲ့လား၊ ဒါန၊ သီလ က သံသရာ ရှည်တာ မဟုတ်ဘူး၊ သိမှု၊ မသိမှုကြောင့်သာ ကွာခြားတာ၊ **မသိမှုကြောင့်သာ သံသရာ ရှည်နေတာလို့ ဆုံးဖြတ်ချက် ချကြ၊** ရိပ်မိကြပြီလား၊ ဒါန သီလက သံသရာ မရှည်၊ မသိမှုသာ သံသရာ ရှည်တယ်။

**အဝိဇ္ဇာ သင်္ခါရ စတဲ့ အကြောင်းတရားကြောင့် ပေါ်လာတဲ့ ခန္ဓာငါးပါးပဲ၊ ဘယ်သူမှ ဖန်ဆင်းလို့ ပေါ်တာ မဟုတ်ဘူးလို့ သိတဲ့**

## ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါး၊ ထင်ရှားပေါ်လွင်စေသောအစဉ်

အမရပူရမြို့၊ မဟာလာဘတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ် မြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ။




အဝိဇ္ဇာနှင့်၊ တဏှာရင်းမြစ်၊ ဥပါဒါန်ကြောင့်၊ ရှင်နာခံပေ၏၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ပမာ၊ ကြောင်းနာဓိရှင်၊ နာဓိရှင်ကြောင့်၊ အသေခံရ၊ ဖြစ်ပြန်နည်းအလျှင်း ဖြစ်ပွား သိကြ၊ ဝသည်များကား၊ ထင်ရှားမြင်ဖို့ရှင်၊ အကြောင်းရင်းကြောင့်၊ ရှုရာများ၊ ခန္ဓာဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟူ၊ ဥာဏ်မြင်ရှုစြေ။
သတ္တဝါ (ဆောင်မှု) ရှုနှစ်ကြိုး ... တရားကိုယ်များနှင့်၊ သုံးပါးအစဉ်နှစ်ရစ်မှ ... ကာလသုံးပြီး ... ပွားနိုးရှုသည်ကို ... သံဝေဂအဖြစ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

**အတွက် ဒိဋ္ဌိပြုတ်တယ်၊ တို့ဟာ အဝိဇ္ဇာ သင်္ခါရက လာတာပဲသိရတော့ ဘယ်က လာပါလိမ့်မတုံး၊ ဆိုတဲ့ ဝိစိကိစ္ဆာ ပြုတ်တယ်၊ "သင်္ခါရက ပြုပြင်တော့ ပုဂ္ဂိုလ်၊ သတ္တဝါ မပေါ်ဘူး၊ ဝိညာဏ် နာမ် ရုပ် စသည် ပေါ်တာပဲ" ပြုလုပ်တာလဲ ပုဂ္ဂိုလ်သတ္တဝါ မဟုတ် ပေါ်လာတာလဲ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်၊ ဓမ္မတွေပဲလို့ သိရတယ်၊ အကြောင်း အကျိုးဆက်နေတဲ့ ဓမ္မတွေပဲလို့ သိတော့ ဒိဋ္ဌိပြုတ်တယ်၊** ရှင်းကြပြီလား။

ပြုလုပ်သူမရှိ၊ ပြုလို့ ပေါ်သူမရှိ၊ အကြောင်း အကျိုးမျှသာ ရှိတယ်လို့ သိတဲ့ အတွက် ဝိစိကိစ္ဆာ သေတယ်၊ ပုဂ္ဂိုလ်သတ္တဝါ မပါလို့လဲ ဒိဋ္ဌိသေတယ်၊ ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုန်းသွားတဲ့ အတွက် ဒိဋ္ဌိပြုတ်တာပဲ၊ ရှင်းကြပြီလား၊ ဒိဋ္ဌိ ပြုတ်တော့ စူဠသောတာပန် ဖြစ်သွားတာပဲ၊ ဒကာ ဒကာမတွေ သဘောပါရဲ့လား၊ စူဠသောတာပန်ဆိုတာ သစ္စာသိသူပဲ၊ သစ္စာသိတဲ့သူကို စူဠသောတာပန် လို့ မှတ်ကြ၊ ဒီအသိက မဂ္ဂင်ငါးပါးပဲ ရှိသေးတယ်၊ ရှင်းပြီလား။

❖ ❖ ❖ ❖ ❖ ❖

# မိမိစန္ဒာတရားရှာတရားတော်

**ခန္ဓာငါးပါး**

၁။ **ရူပက္ခန္ဓာ၊** ရုပ်အစုဖောက်ပြန်မှု သဘောတရား။

၂။ **ဝေဒနာက္ခန္ဓာ၊** ဝေဒနာအစုခံစားမှု သဘောတရား။

၃။ **သညာက္ခန္ဓာ၊** သညာအစုမှတ်သားမှု သဘောတရား။

၄။ **သင်္ခါရက္ခန္ဓာ၊** သင်္ခါရအစုပြုပြင်မှု သဘောတရား။

၅။ **ဝိညာဏက္ခန္ဓာ၊** ဝိညာဏ်အစုသိမှု သဘောတရား။

**ဉာဏ်သုံးဆင့်**

၁။ **ယထာဘူတဉာဏ်** - အဟုတ်အမှန်သိတတ်သည့်ဉာဏ်။

၂။ **နိဗ္ဗိန္ဒဉာဏ်** - ပျင်းမုန်းငြီးငွေ့တတ်သောဉာဏ်။

၃။ **မဂ်ဉာဏ်** - ကိလေသာကိုသတ်၍ နိဗ္ဗာန်သို့ ကူးသွားတတ်သောဉာဏ်။

**ဆောင်ပုဒ်**

တရားရှာလျှင်၊ ကိုယ်မှာပင်၊ တို့ရှင်မိန့်တော်မြတ်၊
အဇ္ဈတ္တမှာ၊ ဉာဏ်ဖြင့်ရှာ၊ သစ္စာတွေ့ဆတ်ဆတ်။
ခန္ဓာငါးခု၊ ဖြစ်ပျက်မှု၊ ဉာဏ်ရှုသတိကပ်၊
ဖြစ်ပျက်မြင်က၊ မြတ်စူဠ၊ တဘဝပါယ်လေးလပ်၊
မုန်းအောင်ရှုလျှင်၊ မလိုချင်၊ ဆုံးလျှင်သောတာပတ်။

ခန္ဓာငါးခုမှာ ဉာဏ်သုံးဆင့်နဲ့ တတ်နည်းကို ပြောရမယ်၊

တက်နည်းက မိမိခန္ဓာမှာ ပညာနဲ့ စောင့်ကြည့် ပညာနဲ့ စိုက်ပြီးကြည့် ကြည့်တော့ ခန္ဓာဖြစ်ပြီး ပျက်နေတာကို တွေ့ရမယ်၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ ဝိညာဏ်ဆိုတဲ့ ငါးပါးထဲက တစ်ပါပါး စိုက်ကြည့်၊ ဉာဏ်နဲ့ စိုက်ကြည့်ရင် အမှန်ဖြစ်ပြီး ပျက်နေတာသာတွေ့ရမယ်၊ ဖြစ်ပျက် ဖြစ်ပျက်နဲ့ အနိစ္စသဘော အမှန်ကိုသာ ဉာဏ်နဲ့ မြင်ရမယ်။

အဲဒါခန္ဓာကပြောနေတာ၊ "ကျုပ်ဟာ ဒုက္ခသစ္စာ ဆင်းရဲတာ အမှန်ပါ၊ ဖြစ်ပြီး ပျက်နေတာပါ၊ ဖြစ်ပြီး ပျက်တာက လွဲလို့ဘာမှ မရှိပါဘူး၊ ဖြစ်ဒုက္ခ ပျက်ဒုက္ခဘဲရှိပါတယ်"လို့ ပြောနေတယ်၊ ခန္ဓာ စိုက်ကြည့်၊ ဖြစ်ပျက် ဒုက္ခသစ္စာ မြင်ရင် အနိစ္စဉာဏ်ကို ရတာဘဲ၊ အဲဒါ ခန္ဓာကပြောလို့ ရတာ ခန္ဓာငါးပါး တစ်ပါးပါးစိုက်ကြည့်ပါ။

ဒီအနိစ္စဉာဏ်ရရင် မအို, မနာ, မသေရာဆိုတဲ့ နိဗ္ဗာန်သွားဘို့ရာ လှေခါးသုံးဆင့်ရှိတဲ့အနက်က တစ်ဆင့်တက်မိပြီလို့ မှတ်ပါ။ တထစ် တက်မိတယ်ဆိုတာ ယထာဘူတဉာဏ်ရတာကို ပြောတာ၊ ဖြစ်ပျက် တစ်လုံးသိ ဖြစ်ပျက်တစ်လုံးတွေ့ရင် ဒုက္ခသစ္စာသိတာဘဲ၊ ဒုက္ခ သိရင်အသေဆိုး မသေနိုင်တော့ဘူး၊ ဒါကြောင့် ဘုရားက ဓမ္မပဒ ပါဠိတော်မှာ ဧကာဟံဇီဝိတံသေယျော၊ ပဿတော ဥဒယဗ္ဗယံ။ "ရုပ်နာမ် ဖြစ်ပျက်အနိစ္စအချက်မြင်ရင် တစ်ရက်ထဲပင် အသက်ရှည် ရပေမဲ့ မွန်မြတ်ပါတယ်"လို့ ဟောတော်မူထားတယ်။

အားကိုးဘို့များ မကောင်းကြဘူးလား? ဖြစ်ပျက်ဒုက္ခသိ၊ နောက်ပြီး ဖြစ်ပျက်မုန်းတဲ့ဉာဏ်ပေါ်လာမယ်၊ အဲဒီမုန်းတဲ့ ဉာဏ်ရရင်

ဒုတိယထစ်ရောက်ပြီလို့ ဆုံးဖြတ်တော့။

မုန်းတယ်ဆိုတာ အသုဘမုန်း, မုန်းတာမျိုးမဟုတ်ဘူးနော်၊ မိမိခန္ဓာမှာ သတိပညာနဲ့ စောင့်ကြည့်ပါများလာတော့ မလိုချင်တော့ဘူး၊ ဒုက္ခသစ္စာအမုန်ဆင်းရဲတာ သိလာတော့ ဘယ်မှာလိုချင်တော့မလဲ၊ မလိုချင်တဲ့ ဉာဏ်စွန့်ချင်တဲ့ဉာဏ် ရလာတော့တယ်၊ ဒီအဓိပ္ပါယ် စကားကို

"ဧဝံပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံ ပိနိဗ္ဗိန္ဒတိ, ဝေဒနာယပိနိဗ္ဗိန္ဒတိ, သညာယတိ နိဗ္ဗိန္ဒတိ, သင်္ခါရေသုပိနိဗ္ဗိန္ဒတိ, ဝိညာဏသ္မိမ္ပိနိဗ္ဗိန္ဒတိ" လို့ ဟောတော်မူတယ်။

ဖြစ်ပျက်ဒုက္ခကိုမလိုချင်၊ စွန့်ချင်တဲ့ ဉာဏ်ရောက်ရင် ဒုက္ခခန္ဓာ ပျောက်တာနဲ့ တပြိုင်နက်၊ သုခနိဗ္ဗာန် ပေါ်လာတော့တာပဲ၊ အဲဒါ မဂ်ဉာဏ်ဆိုက်တာလို့မှတ်၊ ဒါကြောင့် –

"နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ ဝိရာဂါ ဝိမုစ္စတိ
ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံဟောတိ"

မုန်းရင် မလိုချင်၊ မလိုချင်တော့ ကိလေသာ လွတ်ကင်း၊ လွတ်ကင်းတော့ အော် "လွတ်ပြီကိုး" လို့သိတဲ့ဉာဏ် (မဂ်ဉာဏ်) ပေါ်လာတယ်လို့ ဟောတော်မူတယ်၊ ဒီဟာ အနတ္တလက္ခဏာသုတ် ပါဠိတော်စကားပါဘဲ။

ဒို့ဒကာတွေ ရှုတတ်ကြပြီလား? ခန္ဓာမှာ ဉာဏ်နဲ့ စိုက်ကြည့်

ဘာမှ မမြင်ရင် မမြင်တဲ့စိတ်ကလေးကို ရှုပြစ်လိုက်၊ အဲဒီ မမြင်တဲ့ စိတ်ဟာ "အဝိဇ္ဇာ"ဘဲ၊ ရှုတော့ မမြင်တဲ့စိတ်ကလေးဟာ မြဲသလား? ခိုင်သလား? ဉာဏ်နဲ့ကြည့်တော့ မမြဲဘူး ဆိုတာ မြင်ရမယ်၊ မမြဲလို့ အနိစ္စ။

ဝိပဿနာ အရှုခံရတဲ့စိတ်လည်း မမြဲဘူး၊ ရှုတတ်တဲ့စိတ်ကလည်း မမြဲပါဘူး ဖြစ်ပြီး ပျက်သွားတာဘဲ ဉာဏ်နဲ့ ကြည့်တော့ အရှုခံ စိတ်လည်း ဖြစ်ပြီး ပျက်သွားတာပဲ၊ ရှုစိတ်ကလည်း ဖြစ်ပြီး ပျက် သွားတာဘဲ၊ ဒါကို မြင်ရမယ်၊ ဒီစိတ်ကလေး မရှိတော့တာကို တွေ့ရမယ်၊ မရှိတာက အနိစ္စလက္ခဏာ၊ အဲဒါ ဒုက္ခသစ္စာဘဲ၊ ရှင်းကြပြီလား?

ကိုင်း . . . ဝိပဿနာ ရှုကြဆိုတော့ ဘယ်လိုရှုရမှာတုံး? မရှုတတ်ပါဘူးတဲ့၊ အဲ, မရှုတတ်ရင် အဲဒီမရှုတတ်တဲ့ စိတ်ကလေးကိုရှု၊ တယ်ဆန်းတဲ့ တရားပါလား မအောင့်မေ့နဲ့၊ မဆန်းပါဘူး၊ ဒီတရားဟာ ရိုးရာ တရားကြီးပါ ဒါကို ဘုရားရှင်က "သမ္မောဟံ ဝါစိတ္တံ သမ္မောဟံဝါစိတ္တန္တိပဇာနာတိ"လို့ ဟောတယ်။

အဲဒါ စိတ္တာနုပဿနာ ဓမ္မာနုပဿနာ ဖြစ်ပါတယ်၊ "စိတ်ပျက်ပါတယ်"လို့ ဆိုတာ စိတ္တာနုပဿနာ၊ "စိတ်ဒုက္ခရောက်ပါတယ်" ဆိုတော့ ဓမ္မာနုပဿနာ ရှုဒါပေါ့။

အဲ... ဝိပဿနာရှုတဲ့ အခါ ရှုစရာမတွေ့ပါဘူးဆိုရင် မတွေ့တဲ့စိတ်ကို ရှု၊ ဘယ်လိုရှုရမှန်းမသိဘူးလို့ ဖြစ်နေရင် အဲဒီမသိတဲ့

စိတ်ကလေးကို ရှုပြစ်လိုက်၊ မသိတဲ့စိတ်ကလေးဖြစ်ပျက်, ဖြစ်ပျက်၊ ဒါကြောင့် "ဝိပဿနာအစ မသိတဲ့စိတ်က" လို့ ဆိုရင်မမှားဘူး။

အဲဒီမသိတဲ့စိတ်ရှုရင် မသိတဲ့စိတ်ဖြစ်ပျက်ကို သိတဲ့ဉာဏ်ဝိဇ္ဇာ ပေါ်တယ်၊ အဲဒီဝိဇ္ဇာက အဝိဇ္ဇာကို ဖြတ်ချလိုက်တာဘဲ၊ ဒါဟာ အစက ဖြတ်တာ၊ အစဖြတ်တော့ အစသိမ်းတာပေါ့၊ အစက သိမ်းလိုက်တော့ ပဋိစ္စသမုပ္ပါဒ် သံသရာ ရောဂါပျောက်တော့တာဘဲ၊ သံသရာရောဂါ အမြစ်က ဖြတ်နည်းလို့ မှတ်ကြ။

ကိုယ့်အိမ်ကျရင် သေသေချာချာ ထိုင်ကြည့်ကြ၊ မတွေ့လေ ကောင်းလေဘဲလို့ မှတ်၊ ကိုယ့်ခန္ဓာက အမြဲတမ်းလာပါရှုပါနဲ့ ခေါ်နေတာ၊ ဒို့ဒကာတွေက အပြင်မှာချည့် ကြည့်နေကြတယ်၊ ခန္ဓာကိုယ်မှာ သုံးသပ်ပါဆို အပြင်မှာ သုံးသပ်နေကြတယ်၊ အပြင်ကို သုံးသပ်သမျှ သဘာဝမဆိုက်သေးဘူး၊ ဒီကနေကစပြီး အတွင်းသုံး သပ်ကြ။

တခါတလေတော့ ရှုတဲ့အခါ တွေ့သယောင်ယောင် ရှိတယ် တဲ့၊ တွေ့သဟောင်ယောင်ရှိရင် တွေ့သယောင်ယောင်စိတ်ကို ရှု အဲဒါ "ဝိစိကိစ္ဆာ"ဘဲ၊ ရှုလိုက်တော့ ဝိစိကိစ္ဆာက အနိစ္စ၊ ရှုတာက မဂ္ဂ၊ ရှုစရာက အနိစ္စ ရှုတာကမဂ္ဂ၊ အထင်စိတ်ဟာ ဝိစိကိစ္ဆာဘဲ။။

ဒါ လုံလောက်တဲ့လားလို့ ယုံမှားမရှိကြနဲ့၊ သတိပဋ္ဌာန် ပါဠိတော်မှာ အသေအချာဟောထားတယ်၊ ယုံမှားတဲ့စိတ်ဟာလည်း

ဝိစိကိစ္ဆာဘဲ၊ ဒီဝိစိကိစ္ဆာဟာ တသံသရာလုံးမှောက်အောင်လုပ်နေတဲ့ အဝိဇ္ဇာဘဲ၊ လက်မခံကြနဲ့၊ လက်ခံရင် သံသရာတစ်ခွင်မှောက်ချင် သေးလို့ ဆိုတာ သေချာတယ်။

တရားကတော့ ခေါ်နေတာဘဲ ဧဟိပဿိကောတဲ့ "အဝေးမရှာနဲ့ ကျုပ်ကိုရှု၊ ကျုပ်ကိုရှုလို့ခေါ်နေတယ်၊ ရှုစမ်းကြည့်ရင် တွေ့ရလိမ့်မယ်၊ ကိုယ်တိုင်လုပ်မှ ကိုယ်ပိုင်ရကြမယ်၊ ကိုယ်ကဆောင်ရမယ်၊ ကိုယ်တိုင် ဆောင်လို့ ကိုယ်ပိုင်ရရင် ပူဇော်တာထက်ကျေးဇူးများတယ်။

"ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရိံ"လို့ ဆိုတဲ့အတိုင်း၊ မိမိက တရားကို ဆောင်မှ ကျင့်မှ တရားက ပြန်ပြီးဆောင်မှာ စောင့်ရှောက် မှာလို့ မှတ်ထားကြ။

ကိုယ်တိုင်က တရားမဆောင်ကြဘဲ၊ ယောင်တောင်ပေါင်တောင် နဲ့ တောင်ပြော မြောက်ပြော ပြောတတ်ကြတယ်၊ ကိုယ်ဖျင်းတာကို ကိုယ်မသိကြဘူး၊ ဆရာအပြစ် တင်လိုတင်၊ ရိပ်သာတွေ အပြစ် ပြောလို ပြောနဲ့၊ ကိလေသာတောထပြီး အခြောက်တိုက် ပြစ်မှား နေတတ်ကြတယ်၊ နောက်ကို မပြစ်မှားမိကြစေနဲ့၊ ကိုယ်ဖျင်းတာ ကိုယ် မလိမ္မာတာကိုယ်သိကြ။

အပြင်မှာ တရားမရှိဘူး၊ မိမိခန္ဓာမှာ တရားကရှိနေတာ၊ အော်, ဒို့ဒကာတွေ မသိသား ဆိုးဝါးလိုက်ကြတာ လွန်ပါရော "တရားရှာ ခန္ဓာမှာရှိ၊ တရားရှာ ကိုယ်မှာတွေ့" တဲ့၊ ဒို့ဒကာတွေက

ဟိုရှာ ဒီရှာနဲ့ အချိန်သာ ကုန်နေကြတယ်၊ တရားမတွေ့ကြဘူး၊ ဒါကြောင့် ဒို့ဒကာတွေ ဒါလောက် သံသရာ ရှည်နေကြတာ၊ ရှင်းပြီလား?

ရှေးရှေးက အများတကာတွေဟာ အဇ္ဈတ္တမှာ မရှာကြဘဲ၊ ဗဟိဒ္ဓမှာ ရှာနေကြလို့ လမ်းစမဆုံးနိုင်ဘဲ ဒုက္ခနဲ့ ချည့်ကြုံကြရတာ ရှင်းပြီးလား?

ထိုင်တဲ့အခါ နည်းနည်းညောင်းလာလို့ ပြောင်းချင်တယ်၊ ပြောင်းချင်ရင် အဲဒီစိတ်ဖြစ်ပျက်ရှု၊ ရွေ့ချင်ရင် ရွေ့ချင်စိတ်ရှု၊ ပြင်ချင်ရင် ပြင်ချင်တဲ့စိတ်ရှု၊ ဣရိယာ ပုတ်ပြောင်းတိုင်း ပြောင်းတိုင်း တစ်မျိုးဖြစ်တိုင်း ဖြစ်တိုင်း မလွတ်အောင်ရှုကြ။

ဒီနည်းအတိုင်း အရှုအပွားများလာတော့ ကြားခိုတဲ့ ကိလေသာ တွေဟာ တဖြေးဖြေးပါးသွားမယ်၊ ကိလေသာပါးလေ ရှုအားဉာဏ်အား ကောင်းလာလေ ဖြစ်ပျက်တွေ များများမြင်လာလေဘဲ။

များများမြင်တာ ကြပ်ကြပ်ရှုတော့ အနိစ္စ အချက်က ဒုက္ခ အချက်ကို ကွက်ကွက်ကွင်းကွင်းပြနေသလို ဖြစ်လာမယ်၊ ဒုက္ခအချက် အနတ္တ အမြင်များလေ ကြောက်လာလေ၊ နောက်ရွံ့မုန်းပြီး လွတ်လို တဲ့စိတ် လွတ်လိုတဲ့ဉာဏ်ပေါ်လာမယ်။

ဒီလို လွတ်လိုတဲ့ မုန်းဉာဏ်လည်း လာရော တယ် မကြာ

တော့ဘူး၊ ဖျတ်ကနဲဆို ဖြစ်ပျက်တွေဟာ ချုပ်ဆုံးကုန်ပျောက်သွား တော့တာဘဲ၊ အဲဒါမဂ်ဉာဏ်ကဆိုင်ရာ ကိလေသာကို ဖြတ်ပြီး နိရောဓဓါတ်အလင်း နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက်တာဘဲလို့မှတ်။

# "စနစ်ကြွမ်မြန် ဓမ္မကိုက်စံတရားတော်"

ဒကာ, ဒကာမတို့ ဥပမာအားဖြင့်ဆိုရင် ခရီးသွားတဲ့ သူများ အဖို့ရာမှာ လမ်းကောင်း လမ်းမှန်ရဘို့ အရေးကြီးသလို သံသရာ ခရီးသွား သတ္တဝါများအတွက်မှာလည်း လမ်းဖြောင့်လမ်းမှန် ရရှိကြဘို့ အလွန်ဘဲအရေးကြီးပါတယ်၊ လမ်းကောင်းကိုရအောင် ကြိုးစားဘို့ အရေးဟာ အလွန်ကြီးတဲ့အရေးဘဲဆိုတာ မှတ်လိုက်ကြ။

ဒကာ, ဒကာမတွေ တစ်သံသရာလုံး နေလာခဲ့ကြရတာဟာ လမ်းကောင်းလမ်းမှန် တစ်ခါမှ မကြုံခဲ့ မတွေ့ခဲ့ကြရဘူးဆိုရင်ဖြင့် ငြင်းဖို့ မလိုတော့ဘူး၊ လမ်းကောင်းလမ်းမှန် မရခဲ့ကြလို့လဲ လျှောက်ချင် သလိုလျှောက် ရောက်ချင်တိုင်းရောက်၊ ကျချင်တဲ့ ချောက်ထဲဘဲ ကျလာခဲ့ကြရတယ်ဆိုတာ ယုံမှားမရှိကြနဲ့။

ဒကာ, ဒကာမတို့ဟာ သံသရာ ခရီးသည်တွေ ဖြစ်နေကြလို့ လမ်းကောင်းရဖို့ အလွန်အရေးကြီးတယ်၊ လမ်းကောင်းရရင် အင်္ဂုလိမာလတို့လိုလူတောင် ကျွတ်တန်း ဝင်နိုင်ပါတယ်၊ လမ်းကောင်း ဆိုတာ သံသရာထွက်ရပ်လမ်း မဂ္ဂင်လမ်းဘဲဆိုတာ မှတ်ထားကြ၊ ရှင်းပြီလား?

ဒီမဂ္ဂင်လမ်းကောင်းကို ရအောင် မဆုတ်မနစ်အားထုတ်ကြရင် အချိန်မဆိုင်းပါဘူး၊ ဒကာ ဒကာမတို့လမ်းမှန်ရကြမှာဘဲ

ဘုရားရှင်က

"ညနေက အားထုတ်ရင် မနက်မှာ တရားထူးကို ရနိုင်တယ်၊

မနက်က အားထုတ်ရင် ညနေမှာ တရားထူးကို ရနိုင်တယ်”လို့ ဆိုတဲ့ စကားတော်ကို ဗောဓိရာဇကုမာရမထေရ်ကို ဟောပြတော်မူခဲ့တယ်၊ ကျေနပ်ကြပြီလား?

ဒကာ, ဒကာမတို့ အဲဒီလို ဟောတော်မူခဲ့တယ်ဆိုတော့ အားကိုးပြီး ကြိုးကြိုးစားစား လိုက်နာကြဖို့ဘဲ ရှိတော့တယ်၊ သဘောပါကြပြီလား? အခုအနေမှာမှ မကြိုးစားမိရင် နောက်ကို ဒီခေတ်အခါမျိုးကို မကြုံနိုင်တော့ဘူး၊ နောက်ဆိုရင် မမြော်နဲ့တော့၊ မလွယ်တော့ ဘူးဆိုတာ သတိပေးလိုက်ပါတယ်၊ ရိပ်မိကြရဲ့လား?

ခန္ဓာကို ဒုက္ခသစ္စာအဖြစ် ထင်အောင်မြင်အောင်ပြမှု ဟောမှုဟာ အရေးကြီးပါတယ်၊ အဲဒီလို ခန္ဓာမှာ သစ္စာမြင်အောင် ဟောပြတဲ့အခါမှာ ဟောပြတဲ့ အတိုင်း ယောဂီက မိမိခန္ဓာမှာ ဉာဏ်နဲ့ လိုက်ကြည့်ပေး အဲဒီလို ဉာဏ်နဲ့ စိုက်ကြည့်လို့ ခန္ဓာမှာ “ဒုက္ခအပြင် ဘာမျှ မရှိပါလား”လို့ ဆုံးဖြတ်ချက်ချနိုင်ရမယ် အဲဒီလို ဆုံးဖြတ်နိုင်ရင် ပြီးတာပဲ၊ သဘောပါကြပြီလား?။

ဒကာ, ဒကာမတို့ ဘုရားရှင်ပွင့်တော်မူလာရတာ ဘယ်အကျိုးလို့များ ထင်မြင်ကြသလဲ? ဒါန အကျိုးလဲ မဟုတ် သီလအကျိုးအတွက်လည်း မဟုတ်ပါဘူး၊ သမထဆိုတာလည်း သာသနာပအခါမျိုးမှာမှ ရနိုင်တယ်၊ ဒီတော့ သမထအကျိုးငှါ ပွင့်တာလည်းမဟုတ်ဘူးဆိုတာ မှတ်ကြ၊ ဒါဖြင့် ဘာအကျိုးငှါ ပွင့်တော်မူ

လာရသလဲ? ဆိုတော့ "ဝိပဿနာအကျိုးငှါသာ ပွင့်တော်မူလာတာဘဲ ဆိုတာ တစ်ထစ်ချမှတ်လိုက်ကြ"။

ဘုရားပွင့်တော်မူတာဟာ ဝိပဿနာ တရားကို ဟောပြောပြသဘို့ ဝိပဿနာ တရားအားထုတ်စေဘို့ ဝိပဿနာတရားအကျိုးအတွက်သာ ပွင့်တော်မူလာရတာပဲလို့သာ အတိအကျမှတ်ယူကြတော့၊ အခြားသော ဒါန, သီလ, သမထတွေအတွက် ပွင့်လာတာ မဟုတ်ပါဘူး၊ ဒါကြောင့် ဝိပဿနာသာ ဘုရားအလိုကျ၊ လိုရင်းတရား နိဗ္ဗာန်ရောက်ကြောင်းတရားဘဲ၊ ဒီဝိပဿနာတရားကိုသာ လေးလေးစားစား အရေးထားပြီး အားထုတ်ကြရမယ်၊ ဒီတရားကို အားထုတ်မှသာ လိုရင်း ရောက်ကြမယ်ဆိုတာ ဆုံးဖြတ်ချက်ချကြ။

ဒါကြောင့် အခုလို ဝိပဿနာတရားကို ဟောတဲ့ဆရာ ညွှန်ပြတဲ့ဆရာ သမားနဲ့ ကြုံတုန်းမှာ ကြိုးစားပြီး လိုက်နာကြဘို့ဘဲ ရှိတော့တယ်၊ ဘုရားပရိနိဗ္ဗာန်စံသွားလို့ ဘုရားနဲ့ မတွေ့လိုက်ရလို့ ဆိုပြီး ဝမ်းနည်းဖို့ မရှိဘူး၊ ဝမ်းနည်းမနေကြနဲ့ဆိုတာ သတိပေးလိုက်တယ်၊ ဘာကြောင့်လဲ? ဆိုတော့ အခုရှိနေကြတဲ့ ဒကာ, ဒကာမတွေဟာ ဘုရားရှင်ရဲ့ သာဝက မဟုတ်ကြလို့ပဲဆိုတာ မှတ်လိုက်ကြ။

ကျွတ်ထိုက်တဲ့ ကျွတ်တန်းဝင်ရမည့် ဝေနေယျသာဝကဆိုတာ သူ့ဆရာနဲ့ သူအသီးသီးရှိကြရတယ်၊ ဘုရားလက်ထက်တော်က သူ့သာဝကနဲ့ သူကျွတ်တန်းဝင်သွားကြပြီ၊ အခု ကျန်နေတဲ့ ဒကာ, ဒကာမတွေဟာ ဘုရားရဲ့ သာဝက မဟုတ်ကြလို့ ကျန်နေကြရတာ၊

သာဝကမှာ သူ့ဆရာနဲ့ သူသာဝကဆိုတာ သတ်မှတ်ထားပြီးသား ရှိတယ်၊ ဒါကြောင့် ဒကာ, ဒကာမတို့ဟာ ဘုရားရှင်ရဲ့ ဝေနေယျ မဟုတ်ကြဘူးဆိုတာ မှတ်လိုက်ကြ။

"သာဝက ဝေနေယျများမှာ သူ့ဆရာနဲ့ သူ့သာဝက ဆိုတာ အသေအချာရှိတယ်" အခု ဒကာ, ဒကာမတွေဟာ ဘုရားနဲ့ တွေ့လည်း မကျွတ်ပါဘူး၊ ဘုရားကိုမှီလည်းဘဲ ကျွတ်တန်းမဝင်နိုင် ကြပါဘူး ဆိုတာကို ပြောလိုက်တယ် ရိပ်မိကြပြီလား? ဒါကြောင့် ဘုရားမမှီတာနဲ့ အားငယ်နေဖို့ မလိုဘူးဆိုတာ ပေါ်ကြပြီလား?။

ဒကာ, ဒကာမတွေ အထူးသတိချပ်ဖို့ ပြောလိုက်ပါတယ်၊ ဘုရားရှင်မရှိတဲ့နောက် မိလိန္ဒမင်းဆိုတာ ပေါ်လာတယ်၊ ဒီမင်းကြီးက မေးတဲ့ အမေးပုစ္ဆာပြဿနာတွေကို ရဟန္တာတွေတောင် မဖြေနိုင်ကြဘူး၊ မေးပါ မြန်းပါများတော့ ဖြေဘို့ မတတ်နိုင်ကြတာနဲ့ ရဟန္တာတွေဟာ ဟိမဝန္တာကို ပြေးကြရတယ်၊ သူနဲ့ ဆုတောင်းဘက်ဖြစ်တဲ့ အရှင် နာဂသိန်ကျမှ ဖြေဆိုနိုင်တော့တယ်၊ သဘောပါကြပြီဟား?။

အဲဒီလို အင်မတန် ဉာဏ်ကြီးတဲ့ မိလိန္ဒမင်းကြီးက မေးမြန်းလို့ အရှင်နာဂသိန်မထေရ်က ဖြေဆိုတဲ့ စကားအချက်ကို ဒီနေရာမှာ ထုတ်ပြရမယ်၊ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေအတွက် အထူးသတိ ပြုထားကြဘို့ အချက်ဘဲလို့ သာမှတ်ကြတော့။

မိလိန္ဒမင်းကြီးက

"အရှင်ဘုရား လူတိုင်းဘဲနိဗ္ဗာန်ကို ရောက်နိုင် ကြပါသလား?

အဲဒီလို မေးတော့

အရှင်နာဂသိန်မထေရ်မြတ်က

"မင်းကြီး လူတိုင်း နိဗ္ဗာန်ကို မရောက်နိုင်ဘူး"လို့ ဖြေတော်မူလိုက်တယ်၊ ဒါနဲ့ မိလိန္ဒမင်းကြီးကလည်း ဆက်လက်ပြီး မေးလျှောက်ပြန်တယ်။

"အရှင်ဘုရား ဒါဖြင့် ဘယ်လိုလူများရောက်နိုင်ပါသလဲ?"

ဒီတော့ အရှင်နာဂသိန်မထေရ်က ကျကျနန ရှင်းလင်းပြီး ဖြေဆိုဟောကြားပြတော်မူလိုက်တယ် ဆိုတာ ဒကာမ ဒကာမတွေ မှတ်ကြရမယ်၊ ဖြေဆိုတော်မူတဲ့ စကားအဓိပ္ပါယ်က

**"မင်းကြီး၊ ဟောတဲ့ ပုဂ္ဂိုလ်က သစ္စာတရားကို ဟောပြလို့ နာတဲ့ ပုဂ္ဂိုလ်ကလည်း မိမိခန္ဓာမှာ ဉာဏ်ရောက်ပြီး မိမိခန္ဓာဟာ ဒုက္ခသစ္စာဘဲလို့ ပိုင်းခြားနိုင်တဲ့သူမှသာ နိဗ္ဗာန်ကိုရနိုင်ရောက် နိုင်တယ်"**

အဲဒီလိုဟောကြား ဖြေဆိုတော်မူခဲ့တယ်၊ အဲဒီတော့ ဒီလို မဟုတ်ရင် မရနိုင်ဘူးဆိုတဲ့ အဓိပ္ပါယ်ကို လေးလေးစားစား မှတ်ယူကြရမယ်၊ လိုရင်းကတော့ "သစ္စာတရား ဟောတဲ့သူနဲ့ ဟောပြတဲ့ အတိုင်း မိမိခန္ဓာ ဒုက္ခသစ္စာဘဲလို့ ပိုင်းခြားနိုင်မှဘဲဆိုတာ ဆုံးဖြတ်ချက်ချကြ ရှင်းကြပြီလား?

အဲဒီလိုဆိုတော့ ဒကာတို့အတွက် ဘာမှ မလိုတော့ဘူး၊ သစ္စာတရားကို ဟောပြတဲ့ ဆရာသမားကို ကြုံကြိုက်ရတုန်းမှာ

ကြိုးစားပြီး ယူနိုင်အောင်ယူကြဘို့ဘဲ ရှိတော့တယ်။ မိမိတို့ခန္ဓာဟာ ဒုက္ခသစ္စာဘဲလို့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက် ချနိုင်အောင် ကြိုးစားကြဘို့ဘဲ ရှိတယ်၊ ဒီတာဝန်က ခင်ဗျားတို့ တာဝန်ကျေပြွန်အောင်သာ လုပ်ကြတော့ သဘောပါကြပြီလား?

ဒီလို မိမိခန္ဓာကို ဒုက္ခသစ္စာဘဲလို့ ပိုင်းခြားနိုင်ရင် ခရီးရှည် လျှောက်ဖို့ မလိုတော့ဘူး၊ ခရီးဆုံးပြီဆိုတာ မှတ်လိုက်ကြ၊ သံသရာ ခရီးဆုံးပြီ ဒုက္ခတွေဆုံးပြီတဲ့ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခစတဲ့ ဒုက္ခအမျိုးမျိုးတွေက လွတ်မြောက်ရတော့မယ်၊ ဒကာ, ဒကာမတွေ နေရာမကျဘူးလား? ဒုက္ခဆုံးရင် သုခလာတော့ တာဘဲရှင်းကြရဲ့လား?

ဒုက္ခသစ္စာကို ပိုင်းခြားနိုင်သူ မဟုတ်ရင် သံသရာခရီးမဆုံးဘူး၊ ဒုက္ခမဆုံးဘူး၊ ခရီးမဆုံးသူဟာ စုတိဒုက္ခပြီးရင် ပဋိသန္ဓေဒုက္ခလာမယ်၊ ဒီပြင် ဇရာ ဒုက္ခ၊ ဗျာဒိဒုက္ခဆိုတဲ့ ဒုက္ခအမျိုးမျိုးတွေကလည်း ထပ်ချပ်လာမှာဘဲ၊ ရိပ်မိကြရဲ့လား? ဒါကြောင့် ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်နိုင်အောင် ကြိုးစားရမယ် ကြိုးစာဖို့လိုတယ် ဆိုတာ ပေါ်ကြပြီလား?

ခန္ဓာဒုက္ခသစ္စာသိမှုသာ လိုရင်းတရားဘဲ၊ ဒီတရားသိသူက ခရီးဆုံးပြီ မသိရင်မဆုံးဘူး၊ ကြိုးစားသာယူကြတော့၊ သာမည ဆရာမျိုးက စာတွေကြည့်ပြီး "နိဗ္ဗာန်ကို တစ်စတစ်စနဲ့ ရောက်တော့ မယ်၊ ဒီလိုနဲ့ ဖြေးဖြေးတော့ရောက်ရမှာဘဲ" လို့ ပြောရင် မယုံကြနဲ့၊

မရောက်ဘူးဆိုတာ အသေအချာပြောလိုက်တယ်။

ဒကာ, ဒကာမတို့ နိဗ္ဗာန်ဆိုတာ ဘယ်လိုလူမှ ရောက်သလဲ?လို့ မိလိန္ဒကမေးတော့ အရှင်နာဂသိန်မထေရ်က "နိဗ္ဗာန်ဆိုတာ ဒုက္ခကို ပိုင်ပိုင်နိုင်နိုင်သိတဲ့သူမှသာ ရောက်တယ်" လို့ ဖြေဆိုတော်မူလိုက်တယ်၊ ဒုက္ခကို ပိုင်ပိုင်နိုင်နိုင်မသိဘူးဆိုရင် မရောက်နိုင်ဘူးဆိုတဲ့ အဓိပ္ပါယ် ထင်ရှားတယ်၊ ကျေနပ်ပြီလား?

ဘုရားရှင် ရှေ့လက်ထက်တော်အခါက သက်သေ သာဓကေ တွေကို ကြည့်ရင် သိသာပါတယ်၊ ဘုရားရှင်ဟောတော်မူတဲ့ ဒေသနာ အစဉ်မှာ နောက်ဆုံး ခန္ဓာဉာဏ်ရောက်အောင် သစ္စာတရား ပြပြီး၊ ဟောချွတ်တော်မူတာချည့်ဘဲ၊ သစ္စာမဟောဘဲနဲ့ ကျွတ်တန်း မဝင်နိုင်ဘူး၊ သစ္စာကို မဟောရင် ကျွတ်လွတ်ခွင့် ဘယ်တော့မှ မရနိုင်ဘူးဆိုတာ မှတ်လိုက်ကြ၊ ရှင်းပြီလား?

ဘုရားလက်ထက်က သက်သေဟာ ဘုရားရှင်က ဒီပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ရောက်မည့်ပုဂ္ဂိုလ်ပဲလို့ သိတော်မူတာနဲ့ ပထမ ဒါနကထာကို ဟောတယ်၊ နောက်သီလကထာကိုဟော၊ သီလအကျိုးဟာ အသက်ရှည်တယ်၊ နတ်ရွာသုဂတိသွားရတယ် စသည်အားဖြင့် သဂ္ဂကထာဆက်ပြီး ဟောတယ်၊ အဲဒီလို ဒါနအကျိုး သီလအကျိုးတွေ ဟောတော့ နာရတဲ့သူက အင်မတန် သဘောကျပြီး ဝမ်းသာအားရ ဖြစ်နေတယ်။

အဲဒီအခါမှာ ဘုရားက အဖျွတ္တကိုကြည့်ပြီး နတ်ရွာဆိုတာ ငါးပါးအာရုံ ကာမဂုဏ်တွေနဲ့ ဒီကာမဂုဏ်အာရုံတွေဟာ အဆိပ်သဖွယ် ဖြစ်တဲ့အကြောင်း ဒါတွေကိုစားသုံးပြီး သေခြင်း အဆိုးနဲ့သေရတဲ့ အကြောင်း ဒီအာရုံ ကာမဂုဏ်တွေ ဆိုတာ အဆိပ်သီးဘဲဆိုတဲ့ အကြောင်းရှင်းလင်းဟောပြတော်မူတယ်။

အဲဒီလို ဆက်လက်ပြီး ကာမာနံ အာဒီနဝ ကထာကို ဆက်လက်ပြီး ဟောပြတော်မူရပြန်တယ်၊ ဒီအာရုံငါးပါးကာမဂုဏ် ဆိုတဲ့ တရားတွေဟာ "မီးစည်းကိုင်တဲ့သူနဲ့" ဥပမာတူတယ်ဆိုတဲ့ အကြောင်းနဲ့ ဟောပြတော်မူတယ်၊ မီးစည်းကိုင်တဲ့ သူဟာ မီးစည်းကို မလွှတ်ပဲကိုင်ထားရင် လူလက်ကို လောင်မြိုက်ခံရတော့တာပဲ မဟုတ်လား?

ဒီဥပမာအတူဘဲ အခုဘုန်းကြီးတို့ ဒကာ, ဒကာမတွေဟာ သားတွေ သမီးတွေ လက်ရှိနဲ့ သူတို့အတွက် ပူပင်ကြရ၊ သောကဒုက္ခ အမျိုးမျိုးတွေ ရောက်ကြရ၊ အမြဲတစေ ပူပင်လို့ ကြောင့်ကျလို့ပဲ နေကြရရှာတယ်၊ ဒါတွေကိုလွှတ်ပြစ်လိုက်ရင် မပူတော့ဘူး ခင်ဗျား တို့တစ်တွေကတော့ မလွှတ်ဘူး မြဲမြဲသာဆုပ်ကိုင်ပြီး ထားကြတော့ တယ်။

အဲဒီလို မလွှတ်ဘဲ အမြဲအစွဲဆုပ်ကိုင်ပြီး ထားတာဟာ အလောင်ခံချင်လို့ပဲဆိုတာသာ မှတ်ကြ၊ ဒါတွေကို မလွှတ်ပဲဆုပ်ကိုင် ထားတော့ ရှင်ပူ၊ နေပူ၊ သေပူတွေနဲ့ပဲ ကြုံရတယ်၊ ရှင်ရင်လည်း

ရှင်တုန်းမို့ ဒီအတွက် ပူရ၊ ပင်ရ၊ ကြောင့်ကျရ၊ နေရင်လည်းပူရ၊ သေရင်လည်း သေလို့ ပူရနဲ့ အေးကွက်များ ပါကြသေးရဲ့လား? အေးကွက်ဆိုတာ လုံးဝမပါကြဘူး။

ဒကာ, ဒကာမတွေ အခုလက်ရှိ အခြေအနေဟာ "မီးစည်းကိုင်ဥပမာ"ဘဲရှိတယ်၊ ရိပ်မိကြရဲ့လား? သား, သမီးဆိုတဲ့ မီးစည်း၊ ပစ္စည်း၊ အိုးအိမ်စတဲ့ မီးစည်း၊ ဒီမီးစည်းတွေဟာ မလွှတ်ဘဲဆုပ်ကိုင်ထားရင် အပူခံရမယ်၊ အလောင်အမြိုက်ခံရမယ်၊ အလောင်မခံချင်ရင် လက်ထဲက လွှတ်လိုက်ကြဘို့ဘဲ၊ လက်ထဲက လွှတ်ပြစ်လိုက်ရင် အပူလွတ် မီးအလောင်အမြိုက်မခံရတော့ဘူး၊ ရှင်းကြရဲ့လား?

အဲဒီလိုနဲ့ ဘုရားရှင်က အစီအစဉ်နဲ့ ကာမန်အာဒီနဝကထာကို ဟောတော်မူတော့ တရားနာတဲ့သူက "ဒီမီးတွေ လောင်ပြီး သေပွဲဝင်ရမှာပဲ" ဆိုပြီး ထိပ်လန့်လာမယ်၊ မီးအလောင်အမြိုက်ခံရမှာတွေ့မြင်ပြီး ကြောက်လန့်လာမယ်၊ သံဝေဂဉာဏ် ထက်သန်လာမယ်ဆိုတာ မှတ်ကြရမယ် ဒါနအကျိုးတရား၊ သီလအကျိုးတရား၊ သမထအကျိုးတရားတွေဟာ၊ လောဘ, ဒေါသ, မောဟ တရားပွားများဘို့ဘဲဆိုတာ မြင်လာမယ်။

အဲဒီလို ဒါန သီလ သမထတွေရဲ့ အကျိုးဟာ လောဘ, ဒေါသ, မောဟ တွေ ပွားဖို့ဘဲရှိတယ်ဆိုတဲ့ အပြစ်တွေကို မြင်လာတယ်၊ အဲဒီလို မြင်လာတော့ စိတ်စင်ကြယ်သွားတော့ပေါ့၊ စိတ်စင်ကြယ်သွားတော့ စိတ်ကလေးဟာ ဖြူစင်နေတယ်၊ အလွန်

ကြည်လင်သန့်ရှင်းနေတယ်၊ အဲဒီအခါမှာမှ ဘုရားက "ဖြစ်ပျက် ဒုက္ခသစ္စာတွေဘဲ"လို့ သစ္စာကို ကောက်ပြီး ဟောတော်မူတယ်။

သံဝေဂယူပြီး စိတ်ဖြူစင်နေတဲ့ အချိန်မှာမှ သစ္စာကိုကောက် ဟောလိုက်တော့ အဲဒီနေရာမှာ တစ်ခါထဲကျွတ်တန်း ဝင်ရတာပဲ၊ ဒကာ, ဒကာမတွေ ရိပ်မိကြပြီလား? စိတ်အစဉ်မှာ ကိလေသာ ခြောက်ခန်းနေတဲ့အချိန် စင်ကြယ်သန့်ရှင်းနေတဲ့ အချိန်မျိုးမှာ သစ္စာ ဟောလိုက်တော့ ဉာဏ်မီးက အားနည်းနေတဲ့ ကိလေသာကို ရှို့မြိုက်ဘို့ရာ လွယ်ကူသွားတာပေါ့၊ သဘောပါကြပြီလား?။

အညစ်အကြေး မစင်ကြယ်တဲ့အချိန်မှာ ဟောလို့ မရနိုင်ဘူး၊ ဒီသစ္စာကို တိုက်ရိုက်ဟောရင် အနားတောင်ကပ်မှာ မဟုတ်ဘူး၊ ဒါကြောင့် ဘုရားက ဒီလို အစီအစဉ်ထားပြီး ဟောချတ်တော်မူရတာ ပဲလို့ မှတ်လိုက်ကြ, သား, သမီး, ပစ္စည်းစတဲ့ ကာမဂုဏ်အာရုံတွေ အပေါ်မှာ ခင်မင်ကင်းတဲ့ အချိန်မျိုးမှာဟောမှသာ ကျွတ်လွတ် လွယ်တယ်။

ဒီအဓိပ္ပါယ်ကို ဘုရားရှင်က ဥပမာပေးတော်မူတာမှာ "ဖြူစင် နေတဲ့ အဝတ်အထည်ပေါ်မှာ အနီ, အဝါစတဲ့ ဆေးအမျိုးမျိုးကို ဆိုးရင်စွဲလွယ်တယ်၊ မဖြူမစင်ရင် မစွဲနိုင်ဘူး၊ ဒီဥပမာလိုပဲ စိတ်ဖြူစင် သန့်ရှင်းနေမှ သစ္စာကို မြင်နိုင်တယ်၊ စိတ်မစင်ကြယ်ရင် သစ္စာကို မမြင်နိုင်ဘူး၊ ဒါကြောင့် သစ္စာကို ဟောချင်တိုင်း ဟောလို့ မရဘူး၊ သူ့အချိန်နဲ့သူကိုက်ညီမှ ဟောလို့ရတယ်" ဆိုတဲ့ အဓိပ္ပါယ်ကို

ဟောတော်မူခဲ့တယ်ဆိုတာ မှတ်လိုက်ကြ။

အဲဒါကြောင့် အခု ဘုန်းကြီးတို့ ဒကာ, ဒကာမတွေအဖို့ရာ တရားဟောတဲ့ အစဉ်မှာ "သစ္စာတရားဟာ လမ်းဆုံးဘဲ" ဆိုတာ ပေါ်ကြပြီလား? သစ္စာတရားဟာ လမ်းဆုံးတရားဘဲလို့သာ မှတ်လိုက်ကြတော့ ဒီလမ်းဆုံးဖြစ်တဲ့ သစ္စာတရားကို အချိန်မရွေး ဟောလို့မရနိုင်ဘူး၊ ဟဒယ ဝတ္ထုဖြူစင်နေတဲ့ အချိန်မှာမှ ဟောလို့ရတယ်၊ ဘုရားရှင်ဟာ အဲဒီအချိန်မှာမှ ဒီသစ္စာကို ကောက်ဟောတယ် ဆိုတာမှတ်ကြ၊ ရှင်းပြီးလား?

ဒကာတို့ကိုကော ဆရာဘုန်းကြီးက "တရားထိုင်ကြ၊ သစ္စာကို နှလုံးသွင်းကြ"ဆိုပြီး ခိုင်းတဲ့နေရာမှာ ဖြူစင်တဲ့စိတ်၊ စင်ကြယ်တဲ့ နှလုံးရှိပြီးသားမို့၊ ရှိနေတဲ့ အချိန်မို့ ခိုင်းတာဘဲဆိုတာ မှတ်ကြရမယ်၊ ကျေနပ်ပြီလား? ဒါကြောင့် ဆရာဘုန်းကြီးက "တရားထိုင်ကြ၊ သစ္စာ နှလုံးသွင်းကြ"လို့ ခိုင်းတဲ့အခါမှာ လေးလေးစားစား သဘောထားပြီး လိုက်နာအားထုတ်ကြရမယ်၊ ရိပ်မိပြီလား?။

ဘယ်လို ပုဂ္ဂိုလ်မှ နိဗ္ဗာန်ကို ရနိုင်ပါ့သလဲ? လို့ လျှောက်ထားမေးမြန်းတဲ့အခါမှာ ဘုရားရှင်က **"သစ္စာကို ပိုင်ပိုင်နိုင်နိုင်သိတဲ့ ပုဂ္ဂိုလ်မှသာ နိဗ္ဗာန်ကို ရနိုင်တယ်၊** ရမယ်"လို့ ဖြေတော်မူထားတာ ရှိတယ်၊ ဒီလိုဆိုတော့ ပါရမီမလိုဘူးဆိုတာ မှတ်ထားလိုက်ကြ။

ဒီစကားကို "ပေဋကောပဒေသပါဠိတော်"ကလည်း ထောက်ခံ

ထားတယ်၊ သာဝက သာမန်မှာ ပါရမီမလိုဘူးတဲ့၊ သစ္စာတရား နာကြားမှုနဲ့သိမှုသာ လိုရင်းဘဲလို့ဆိုပြီး ထောက်ခံချက်ပေးထားခဲ့တယ်၊ ကျေနပ်ကြပြီလား? အဲဒီတော့ ဒကာ, ဒကာမတို့အဖို့ရာမှာ ဘာလိုသေးသလဲ?၊ မလိုတော့ဘူး၊ ဆရာသမားညွှန်ကြားတဲ့အတိုင်း တသဝေမတိမ်း လိုက်နာကြဘို့ဘဲရှိတော့တယ်။

ဒကာ, ဒကာမတွေမှာ ကျွေးတွေတင်နေတယ်၊ ကျွေးက လူတိုင်းမှာ ရှိပြီးနေကြတယ်၊ ဘာကျွေးတွေလဲ? ဆိုတော့ သံသရာအဆက်ဆက်က ပါလာတဲ့ အကုသိုလ်ကျွေးကလည်းရှိ၊ ကုသိုလ်ကျွေးကလည်းရှိပြီး နေကြတယ်၊ မြင်ကြရဲ့လား? ဒီကျွေးနှစ်ခုဟာ နောက်က အမြဲလိုက်နေတဲ့ ခွေးနှစ်ကောင်နဲ့ တူတယ်ဆိုတာ မှတ်လိုက်ကြ။

ဒကာ, ဒကာမတွေ ရိပ်မိကြရဲ့လား? ဒကာတို့နောက်က အမြဲတစေ ထပ်ချပ်မကွာလိုက်နေတဲ့ အကုသိုလ်ခွေးနဲ့ ကုသိုလ်ခွေးဆိုတဲ့ (ဥပမာ) ခွေးနှစ်ကောင်က ပြိုင်ပြီး လိုက်နေကြတော့တယ်၊ ဒကာတို့တစ်တွေက ရှေ့ကိုသာ ကြည့်ပြီးနောက်ကို ပြန်မကြည့်ကြဘူး၊ နောက်က အမြဲလိုက်နေတဲ့ ဒီခွေးနှစ်ကောင်က ရပ်တဲ့နေရာမှာ အသေကိုက်သတ်မှာဘဲ သဘောပါကြပြီလား?

ဒီခွေးနှစ်ကောင်ဆိုတာ ကုသိုလ်ကံနဲ့ အကုသိုလ်ကံဆိုတဲ့ ကံရဲ့သတ္တိတွေဘဲဆိုတာ မှတ်ကြရမယ်၊ ဒီကံရဲ့သတ္တိဖြစ်တဲ့ ခွေးနှစ်ကောင်ဟာ ဒကာ, ဒကာမတွေ နောက်ကအမြဲလိုက်နေတယ်၊

သူတို့ နှစ်ကောင်ထဲက အကုသိုလ်ခွေးကလည်း အမြဲလိုက်နေတယ်၊ မြီတဲ့နေရာရောက်ရာ အရပ်မှာ သူကကိုက်သတ်ဆွဲခါပြီး အပါယ် ချမယ်။

ကုသိုလ်ခွေးကျတော့ အားမရှိဘူး၊ တစ်ခါတစ်လေ အားရှိ သလောက်နဲ့ အကျိုးပေးပြန်တော့ ဘဝင်မြင့် မာနတက်၊ အဲဒါနဲ့ဘဲ အပါယ်ရောက်ရပြန်တာဘဲ၊ ဒီခွေးကလည်း ထောက်ပံ့သလိုလိုနဲ့ မြင့်ရာကနေ နိမ့်ရာကို ချလိုက်တာဘဲ၊ ကျေနပ်ကြပြီလား?

ဒီခွေးနှစ်ကောင်က လူတိုင်းမှာရှိတယ်၊ မရှိတဲ့သူတစ်ယောက် မှမပါကြဘူး၊ ဒီတော့ ဒကာတို့ဟာ ဒီခွေးနှစ်ကောင်ထဲက ဘယ်ခွေး ကိုက်တာကြိုက်သတုံး? ဘယ်ခွေးအကိုက်ကို ခံချင်ကြတုံး? ဆိုတာ မေးလိုက်ပါတယ်၊ အင်း–ဘယ်ခွေးကိုက်တာမှ မကြိုက်ပါဘူးလို့ ပါးစပ်ကတော့ ပြောကြတာဘဲ။

ဒကာ, ဒကာမတွေ ပါးစပ်ကပြောကြပေမဲ့ အလုပ်ကျတော့ တလွဲချည့်ဘဲ ဟုတ်ကြရဲ့လား? ဗေဒင်မေးပြီး အသက်ဆက်ရတာနဲ့ ငါးရှင်လွှတ်ရတာနဲ့ ဂြိုလ်ပြေနံ့ပြေ ပူဇော်ရတာနဲ့အသက်ရှည်ချင်လို့ အသက်ဆက်နေကြတယ် ပေါ်ကြပြီလား? အဲဒီလို လုပ်တာဟာ ကုသိုလ်ခွေး အကိုက်ခံချင်လို့ပဲဆိုတာ မှတ်လိုက်ကြ၊ ဒီသစ္စာ အလုပ်ကိုမှ မလုပ်ရင်မသက်သာဘူး၊ ခွေးကိုက်ခံပြီး သေချင်းအဆိုးနဲ့ ချည့်ကြုံရမှာဘဲလို့သာ မှတ်ကြတော့။

ဘယ်ခွေးကိုက်ကိုက် မသက်သာဘူး၊ ကိုက်စရာ ခန္ဓာရှိလို့ ကိုက်တာဘဲ၊ ကိုက်စရာ မရှိတော့ရင် မကိုက်တော့ဘူး၊ ဒီတော့ ခန္ဓာသိမ်းရင် အကိုက်ငြိမ်းမယ်ဆိုတာ မှတ်လိုက်ကြ၊ ခန္ဓာရှိနေရင် ကုသိုလ်, အကုသိုလ်ခွေးနှစ်ကောင် ထပ်ချပ်မကွာလိုက်နေမှာပဲ၊ လိုက်နေပြီး မှီတဲ့နေရာ ကိုက်သတ်မှာဘဲ၊ ပြေးပေါက်မရှိဘူး၊ ဒါကြောင့် ခွေးကိုက်လွတ်ချင်ရင် ခန္ဓာဝဋ်ကျွတ်အောင်လုပ်မှပဲ ဆိုတာ ဆုံးဖြတ်ချက်ချကြ။

ခန္ဓာဝဋ်မကျွတ်သမျှ ခွေးကိုက်ခံဘဝက မလွတ်နိုင်ကြဘူး၊ လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာဘယ်မှာမဆို အကုန်လိုက်တယ်၊ ခွေးက ခွေးစွမ်းဇောင်းတွေ ရိပ်မိကြရဲ့လား? ပထမဈာန်ဘုံ မကောင်းဘူးဆိုပြီး ဒုတိယဈာန်ဘုံကို ပြောင်း၊ ပြောင်းလဲအကိုက် ခံရတာပဲ၊ သုံးဆယ့်တစ်ဘုံ ဘယ်ဘုံဖြစ်ဖြစ် ခွေးကိုက်ခံရတဲ့ ဘုံချည့်ပဲ။

ခွေးကိုက်မခံချင်ရင် ခန္ဓာမရှိအောင်လုပ်ရမယ်၊ ခန္ဓာမရှိရင် ခွေးကိုက်မခံရဘူး၊ အသေလည်းမရှိတော့ဘူး၊ သဘောပါကြပြီလား ခွေးကိုက်မလွတ်တာက လူ့ခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာခန္ဓာ ဘာခန္ဓာမှ မလွတ်ဘူး၊ ဘာခန္ဓာမှ မလိုချင်မှ၊ မလိုချင်ရင် ဘဝတဏှာ ကင်းတယ်၊ ခန္ဓာကို မခင်မင်ရင် တဏှာစင်တယ်၊ နောက်ခန္ဓာ မဖြစ်ချင်ရင် တဏှာစင်တာပဲ၊ အဲဒီလို တဏှာစင်သွားရင် ခွေးကိုက်လည်း လွတ် အသေလည်း လွတ်ပြီဆိုတာမှတ်ကြ။

ခန္ဓာဆိုသမျှ ဒုက္ခသစ္စာချည့်ဘဲ၊ ဒါကြောင့် ဒို့ ဒကာ, ဒကာမတွေ ခွေးကိုက်လွတ်ချင်ရင် သစ္စာသိအောင် လုပ်ရမယ်၊ သစ္စာဆိုတာ ခန္ဓာဟာ ဒုက္ခသစ္စာဆိုတော့ ဒု, တပုဒ် ခ, တပုဒ် သစ္စာက တပုဒ် ဒုက္ခသစ္စာမှာ သုံးနာမည်ရတယ်။

ဒု, ကစက်ဆုတ်စရာ။

ခ,က အသုံးမကျစရာ။

သစ္စာ, ကအမှန်။

သုံးခုပေါင်းလိုက်တော့ ခန္ဓာဆိုတာ စက်ဆုတ်စရာ၊ အသုံးမကျတာ အမှန်ဘဲတဲ့၊ ဒါကြောင့်ခန္ဓာက စက်ဆုတ်စရာ, အသုံးမကျတာ အမှန်တရားဆိုတဲ့ နာမည်သုံးခုရတယ်၊ သဘောပါကြပြီလား?

"ရူပက္ခန္ဓာဆိုတာလည်း၊ စက်ဆုတ်စရာ အသုံးမကျတာ အမှန်ဘဲ"

"ဝေဒနာက္ခန္ဓာကလည်း စက်ဆုတ်စရာ အသုံးမကျတာ အမှန်ဘဲ"

"သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ဆိုတာတွေဟာလည်းစက်ဆုတ်စရာ အသုံးမကျတာ အမှန်ချည့်ဘဲ။ သူတို့ နာမည်တွေက အသုံးမကျတာချည့်ဘဲ ခန္ဓာတစ်ပါး တစ်ပါးမှာ သုံးနာမည် အသီးအသီးရကြတယ်၊ ဒါဟာ ခန္ဓာရဲ့ နာမည်အရင်းဘဲ ရှင်းကြရဲ့လား?။

ဒကာ, ဒကာမတွေ သဘောပါကြပြီလား? ခန္ဓာရဲ့ နာမည်

ရင်းက "စက်ဆုတ်စရာ အသုံးမကျတာ အမှန်" ဒီနာမည်က လက်ဦးရည်တိုက် မှန့်ဟင်းခါးကျွေးပြီး မှည့်ထားတဲ့ နာမည် မဟုတ်ဘူး၊ ကျွေးမွေးပြီး မှည့်တာနဲ့ မပတ်သက်ဘူး၊ သူ့သဘာဝ အတိုင်း ရထားတဲ့ နာမည်ရင်းပဲဆိုတာ မှတ်လိုက်ကြ၊ ဒကာတို့ တစ်တွေက နာမည်မှည့်တဲ့အခါ "အရင်းတဲ့အညွန့်တဲ့"နဲ့ ပြောကြ တယ်၊ အဲဒါ အရူးပြော, အနှမ်းပြော ပြောတာဘဲလို့သာ ဆုံးဖြတ် ချက်ချ။

အခုနာမည်ကအရင်းတို့ အညွန့်တို့ဆိုတာ မပါဘူး၊ စက်ဆုတ် စရာ အသုံးမကျတာ အမှန်ဆိုတာဟာ ခန္ဓာဘဲ၊ သူ့နာမည်ရင်းဘဲ ခန္ဓာမှန်သမျှ ဘာခန္ဓာဘဲဖြစ်ဖြစ် ဒီနာမည်ဘဲရတယ်၊ စက်ဆုတ်စရာ အသုံးမကျတာ အမှန်ချည့်ဘဲရင်းကြပြီလား? အဲဒီတော့ ခန္ဓာလိုချင်သူ ဆိုရင် ဘယ်လိုပြောရမလဲ? အရူးမို့ဘဲလို့သာ ပြောကြ၊ နတ်ခန္ဓာတောင် ဗြဟ္မာခန္ဓာတောင်း လူ့ခန္ဓာတောင်းနဲ့ ဒါတွေတောင်းတာဟာ အရူးတောင်း တောင်းတာဘဲလို့သာ မှတ်လိုက်ကြတော့ သဘောပါ ကြပြီလား?

ဒကာ, ဒကာမတို့ အဲဒီခန္ဓာငါးပါးတစ်ပါးပါးကို စက်ဆုတ်စရာ အသုံးမကျတာ အမှန်ဘဲလို့ သိကြရမယ်၊ အဲဒီလိုသိရင် ကိစ္စပြီးပြီ၊ ခန္ဓာငါးပါး တစ်ပါးပါးကို စက်ဆုတ်စရာ အသုံးမကျတာ အမှန်ဘဲလို့ ဉာဏ်နဲ့ပိုင်ပိုင်နိုင်နိုင်သိရင် ကိစ္စပြီးပြီ၊ ရင်းကြရဲ့လား? အဲဒီလို သိအောင် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်နိုင်အောင် ကြိုးစားကြရမယ်။

ဥပမာ စားချင်စိတ်ကလေး ပေါ်လာတယ်ဆိုတော့ အဲဒါ

**ဒုက္ခသစ္စာကလေး ပေါ်လာတာဘဲ သူရောက်လာတဲ့အချိန်မှာ "စားချင်လိုက်တာ ဆိုတာက လောဘ၊ ခုထက်ထိ မကျက်သေးဘူးလား? ဆိုတော့ ဒေါသလာတယ်၊ သူရောက်လာတဲ့အချိန်မှာ မိမိကို နှိပ်စက်တယ်၊ မကျက်သေးဘူးလား? ဆိုတော့ သူတပါးကို နှိပ်စက်တယ်၊ ဒီတော့ ဒီစားချင်စိတ်ကလေးဟာ သူတပါးနဲ့ ကိုယ့်ကိုနှိပ်စက်တယ်၊ အဲဒါ ဒုက္ခသစ္စာကလေးဘဲ။**

ဒီလောက်ဆိုးတာ ရှာမှရှားပါဘဲ၊ ဒီစားချင်စိတ်က ကိုယ့်ကို နှိပ်စက်ရုံနဲ့ မပြီးသေးဘူး၊ သူတပါးလည်း နှိပ်စက်လိုက်သေးတယ် ဆိုတော့ ရှာမှရှားပါ့၊ ဒီစားချင်တဲ့ လောဘကလေးဟာ နီးတာကို နှိပ်စက်တယ်၊ ဝေးတာကိုလည်း ရမ်းလိုက်သေးတယ်၊ ဝေးတာကို ရမ်းပြီး နီးတာကို နှိပ်စက်၊ ဥပမာဆိုရင် ငှက်ပျောပင်ကို ငှက်ပျောသီးက သတ်သလိုဘဲဆိုတာ မှတ်ကြရမယ်။

ငှက်ပျောပင်ဟာ ဒီအပင်က ဒီအသီး, သီးပေမဲ့ ဒီအသီးက ဒီအပင်ကို ပြန်သတ်တာဘဲ၊ ဒီသီးသီးရင် ဒီအပင် ခုတ်လှဲရတော့တာပဲ ရှင်းကြရဲ့လား? အဲဒါကြောင့် "ဒုက္ခသပိဋ္ဌနတ္တော"တဲ့ သတ္တဝါကို ညှာတာမဖက် အမြဲနှိပ်စက်တတ်တဲ့ သဘောရှိတယ်၊ အဲဒါ ဒုက္ခသစ္စာ ခန္ဓာဘဲ၊ သူ့နာမည်ရင်းကိုက မကောင်းဘူး၊ "စက်ဆုတ်စရာ အသုံးမကျတာ အမှန်"တဲ့ ရိပ်မိကြပြီလား?။

ဒကာ, ဒကာမတို့ ခန္ဓာငါးခုထဲမှာ နှစ်သက်စရာလည်း မပါဘူး၊ အသုံးကျတာလည်းမပါဘူး၊ စက်ဆုတ်စရာနဲ့ အသုံး

မကျတာချည့်ပါတာ မှန်တယ်ဆိုတာ ရိပ်မိကြပြီလား? ရုပ်သဘာဝ လည်း အခုဘဝ အဆင်းအရောင် ပျက်စီးဖောက်ပြန်နေတယ်၊ နောက်ဘဝမှာလည်း အပါယ်ကောင်ဖြစ်အောင် လုပ်တတ်တယ်၊ ဝေဒနာတို့ သညာတို့ သင်္ခါရတို့ကလည်း အတူတူဘဲ တခုမျှ ကောင်းတာမပါဘူး။

စိတ်ဟူသရွေ့လည်း အတူတူချည့်ဘဲ၊ သူ့နာမည်ဆိုးသလောက် ဆိုးတာချည့်ဘဲ၊ သူ့နာမည်က ဘာတဲ့တုံး? စက်ဆုတ်စရာ အသုံး မကျတာအမှန်"တဲ့ ဒကာ, ဒကာမတွေ ကျေနပ်ကြပြီလား? ဒီလို ဆိုးလာတာ ဘယ်လောက်ကြာပြီလဲ? ရေးတုန်းက သံသရာရှည် သလောက်ကြာခဲ့ပြီ၊ အခုလည်း မဂ်နဲ့ မပယ်နိုင်သရွေ့ သက်ဆိုးရှည် အုံးမှာဘဲ၊ နောက်လည်း ဒီသဘောဘဲဆိုတာ မှတ်လိုက်ကြ။

ဒါကြောင့်ရှုတဲ့အခါမှာ စိတ်ကိုရှု၊ ဘာစိတ်လာလာ "စက်ဆုတ် စရာ အသုံးမကျတာအမှန်" ချည့်ဘဲဖြစ်အောင် ရှုကြ၊ ရှုတဲ့အခါတော့ တစ်ခုထဲကိုသာရှု အများမလိုဘူး၊ ရုပ်, ရှုချင်ရုပ်၊ ဝေဒနာရှုရင်လည်း ဝေဒနာ၊ စိတ်ရှုလည်း စိတ်တစ်ခုထဲလိုတယ်၊ စိတ်ရှုတဲ့အခါတော့ ဒွါရခြောက်ခုမှာရှုရမယ်၊ ဘယ်ဒွါရက ဘာစိတ်လာလာ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာဘဲလို့သာ ရှုကြ၊ ရှုတတ်ကြပြီလား?

ဒုက္ခသစ္စာကို ဉာဏ်နဲ့မြင်အောင် ကြည့်နိုင်ရင်၊ ခွေးကိုက် လွတ်မှာဘဲ၊ ခွေးကိုက်လွတ်ချင်ရင် ဘာစိတ်လာလာ မလွတ်စေနဲ့ မိအောင်သာလိုက်ရှု၊ ရှုတဲ့အခါ ရှုတဲ့ဉာဏ်က ဒုက္ခဖြစ်၍

ဒုက္ခပျက်တာဘဲမြင်ရမယ်၊ ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခဘဲရှိတယ်ဆိုတာ သိရမယ်၊ အဲဒီလို ရှုလို့ အရှုအပွားများလာရင် တစ်ချက်ချက်မှာ ဒုက္ခချုပ်သွားမယ်၊ ဒုက္ခချုပ်ရင် "ဒုက္ခနိရောဓာနိဗ္ဗာန်" လာမှာဘဲ ကျေနပ်ပြီလား?

ဒကာ, ဒကာမတို့ သတ္တာန်မှာ လာသမျှ လောကီချည့်လာမှာဘဲ၊ လောကုတ္တရာတော့တစ်ခါမှ မဖြစ်ဘူးလို့ လာမှာမဟုတ်ဘူး၊ ဒီတော့ ဘာလာလာ လောကီချည့်ဘဲ လောကီစိတ်ဟူသရွေ့ စက်ဆုတ်စရာ အသုံးမကျတာ အမှန်ချည့်ဘဲ၊ ဒီသဘောမှန်အကန်ကို သိအောင် မြင်အောင် ကြည့်ပေးရမယ် သဘောပါကြပြီလား? လာသမျှ "စက်ဆုတ်စရာ အသုံးမကျတာ အမှန်ချည့်ဘဲ" ဆိုတာ မြင်အောင် ရှုပေးကြ။

ဒါကြောင့် ဘုရားရှင်က "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ" ခန္ဓာငါးပါးဟာဒုက္ခပဲလို့ ဟောတော်မူခဲ့တာဘဲဆိုတာ မှတ်လိုက်ကြ အမြဲသတိရကြ၊ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ ရှုရမှာက လေးမျိုးရှိတယ်။

(၁) ကာယာနုပဿနာ။

(၂) ဝေဒနာနုပဿနာ။

(၃) စိတ္တာနုပဿနာ။

(၄) ဓမ္မာနုပဿနာ လို့ လေးမျိုးရှိတယ်။

လေ မျိုး ရှိပေမဲ့ ဘုန်းကြီးကတော့ စိတ္တာနုပဿနာကိုပဲ တိုက်တွန်းတယ်၊ ရှုတဲ့အခါ စိတ္တာနုပဿနာကို ရှုကြ၊ ဒါပေမဲ့ ရှုတဲ့အခါမှာ မိမိတို့ ဉာဏ်ဝမှာ အထင်ရှားဆုံး အပေါ်လွင်ဆုံးဖြစ်တဲ့ "အနုပဿနာ"ကို ရှုကြဘို့ဆိုတာကို အထူးသတိပေးလိုက်ပါတယ်။

မိမိတို့ဉာဏ်မှာ အထင်ရှားဆုံးရှုမှတ်လို့ အားအရဆုံးဖြစ်တဲ့ အနုပဿနာဟာ မိမိတို့စရိုက်နဲ့ ကိုက်ညီတဲ့ မိမိနဲ့ လျော်တဲ့နည်းလမ်း အမှန်ဘဲ၊ အဲဒါမှလည်း မြန်မြန်ခရီးရောက်နိုင်တယ်၊ ခရီးပေါက် လွယ်တယ်၊ ဒကာ, ဒကာမတွေ ရှင်းလင်းကြရဲ့လား?

ဒါကြောင့် ခွေးကိုက်ခံလွတ်ချင်ရင် ကြိုးကြိုးစားစားနဲ့ လိုက်နာ အားထုတ်ကြ၊ ပေါ့တန်နေဘို့ မေ့လျော့နေဘို့ အချိန်မဟုတ်တော့ဘူး ဆိုတာ ထူးထူးခြားခြား သတိပေးလိုက်ပါတယ်။ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ အထူးသတိချပ်ဖို့က –

(၁) သစ္စာတရားကိုလည်း နာကြားရမည်။
(၂) နှလုံးသွင်းလည်းမှန်ကန်ရမည်။

ဒီအင်္ဂါနှစ်ချက်ညီဖို့ဘဲလိုတယ်၊ ဒီနှစ်ချက်နဲ့ ညီညွတ်ရင် ဒီဘဝ မှာတင် ကိစ္စပြီးပါတယ်ဆိုတဲ့ အချက်ဘဲ၊ ရိပ်မိကြပြီလား? ဒါကြောင့် ကြိုးစားပြီးယူကြ၊ အချိန်များများမရတော့ဘူး၊ ရိပ်မိကြရဲ့လား?

++ ++ ++ ++ ++

# ခန္ဓာဝန်ထမ်း စရိုးကြမ်းသွားရပုံ တရားတော်

ဒကာ, ဒကာမတို့ ခန္ဓာဝန်ကြီးထမ်းပြီးသကာလ အခုသုံးဆယ့် တစ်ဘုံမှာ လည်နေရတယ်နော်၊ ဒကာ, ဒကာမတို့ ခန္ဓာကိုယ်ကြီးက ခန္ဓာဝန်တုပ်ကြီးလို့ မှတ်ထားလိုက်စမ်းပါနော်။

ကိုယ့်နာမည်ကလေးတွေက ကိုယ့်ခန္ဓာကိုယ်ရဲ့ အထမ်းသမား လို့ မှတ်ထားစမ်းပါနော်၊ ခန္ဓာကိုယ်ကြီးက ဝန်ထုတ်ကြီး။ ဩော် မိမိခန္ဓာဝန်ကြီးလည်း မိမိနာမည်ရှိတဲ့ ပုဂ္ဂိုလ်ကထမ်းပြီး သကာလ နေတုန်းမှာ ဝန်ထုတ်တင်ပေးတာ ဘယ်သူပါလိမ့်မတုံးလို့ မေးတဲ့အခါ ကျတော့မှ ဩော်... တဏှာက ထပ်ထပ်ပြီး တင်ပေးနေတယ်လို့ မှတ်လိုက်စမ်းပါ။

ကိုယ့်ခန္ဓာကြီးက ဝန်ထုတ်ကြီး၊ နာမည်ရှိတဲ့ ပုဂ္ဂိုလ်က အထမ်းသမား၊ နာမည်ရှိတဲ့ ပုဂ္ဂိုလ်က အထမ်းသမားမှာ တဏှာတည်း ဟူသောဝမ်းထဲမှာရှိတဲ့ ကိလေသာက (သား) ဝန်ကလေး တင်ပေးလိုက် (သမီး) ဝန်ကလေးတင်ပေးလိုက်၊ ဒီအမေ, အဖေကဘဲ ပြန်ထမ် ရ ပြန်တယ် ဆိုတော့ ဝန်တင်ပေးသမား၊ ဒကာ, ဒကာမတို့ စဉ်းစာ ကြည့်စမ်း... တဲ့ သနားတတ်တဲ့လူလား... မသနားတတ်တဲ့ ပုဂ္ဂိုလ်လားဆိုတာလည်း အကဲခတ်ရမယ်၊ မသနားတတ်တဲ့ တရား ဘယ်သူပါလိမ့်ဆိုတော့ (တဏှာလောဘ) ဘဲဆိုတာ၊ သဘောကျ ပြီလား?။

အဲဒီတော့ ဒီ ဒကာ, ဒကာမတွေက ကိုယ့်ခန္ဓာဝန်ကြီး

ကိုယ်လည်း ထမ်းရပြန်၊ ကိုယ့်ခန္ဓာဝန်ကြီးကို နံမည်ရှိတဲ့ ပုဂ္ဂိုလ်တွေက မည်သူမည်ဝါဆိုတဲ့ ပုဂ္ဂိုလ်တွေက ထမ်း၊ ကိုယ့်ဝန်ထုတ်ကြီးကလည်း တစ်နေ့တစ်ခြား မထမ်းနိုင်တဲ့ အခြေအနေရောက်အောင်၊ တစ်နေ့ တစ်ခြားလေးလေးလာပါတယ်၊ မထမ်းနိုင်လေလေ ဒကာ, ဒကာမ တွေရဲ့ ဝန်တွေက သား, သမီး, မြေး, မြစ်ကျအောင်ပွားလေလေ ဆိုရင်ကော လွဲနိုင်ပါ့မလား?။

ဘယ်သူကထမ်းပါလိမ့်မလဲလို့မေးတဲ့အခါကျတော့ ဒီဝန်ထမ်း သမားကဘဲထမ်းတာပါပဲ၊ ဒါဖြင့် ခင်ဗျားတို့ဟာနဂိုရ်က ကိုယ့်ဝန် ကြီးက လေးရတဲ့အထဲမှာ သားဝန်, သမီးဝန်, ဆွေဝန်, မျိုးဝန်, မင်းဝန်, ဆိုးဝန်စတဲ့ ဝန်ထုပ်တွေကို ဒကာ, ဒကာမတို့က ထမ်းနေရပါတယ်။

ဝန်ထုပ်ပေါင်းဘယ်လောက်တုန်းလို့ မေးရင် ဘယ်နဲ့ပြော မလည်း၊ မရေတွက်နိုင်ဘူး ဆိုတာ သေချာတယ်နော်... မရေတွက် နိုင်တဲ့ ဝန်ထုတ်တွေကို ဒကာ, ဒကာမတွေက ငယ်ငယ်တုန်းက ဒီလောက်များသလား၊ ကြီးမှုများသလား?။

ဒကာ, ဒကာမတို့ စဉ်းစားကြပါတော့ မထမ်းနိုင်တဲ့ အချိန်မှာ ဝန်ထုတ်တွေက များနေပါကလား (သား) ဝန်လဲ ငါဘဲ ရွက်ဆောင် ရမှာဘဲ(သမီး) တာဝန်လည်း ငါဘဲရွက်ဆောင်ရမှာဘဲ၊ မြေးတာ ဝန်လည်း ငါဘဲဆောင်ရွက်ရမှာဘဲ ဖြစ်နေတယ်။

မြေးက – မြစ်ကလေးတွေ ကျအောင် မိမိက အသက်ရှည်နေပြန်တော့လည်း၊ ကိုယ့်ဘဲထမ်းရမယ်ဆိုတဲ့ အခိပ္ပါယ် ရောက်နေတယ်၊ ဩော်... ဒကာ, ဒကာမတို့ ဉာဏ်နဲ့ကြည့်စမ်းပါ၊ ကိုယ့်ဝန်ထုပ်နဲ့ ကိုယ်နဲ့ မျှသေးရဲ့လား၊ မမျှတဲ့ အခါမှာ တစ်ခါတလေ ညများ နဖူးပေါ်လက်တင်ပြီး ဝန်တွေလေးပြီး ခက်ပါသေးတယ်လို့ ညည်းလုံးများ ထုတ်နေသေးတယ်။ ဘယ်နဲ့ကြောင့်ညည်းလုံးထုတ်တာလည်းလို့ မေးလို့ရှိရင်ဖြင့်၊ ဝန်ထုပ်တွေကလေးလွန်းလို့။

ဒကာ, ဒကာမတွေ ညကျရင် နဖူးပေါ်လက်တင်ပြီး စဉ်းစားတဲ့အခါသားအတွက်ကလည်း ဝန်ကြီးလိုက်တာ၊ သမီးအတွက်ကလည်း ဝန်ကြီးလိုက်တာ၊ သူက မွေးဖွားလာတာတွေကလည်း ဝန်ကြီးလိုက်တာ၊ တစ်ခါ အမြတ်တော်ကြေးခွန်၊ ဥပစာခွန်အစရှိတဲ့ ဝန်ထုတ်တွေကလည်း ထမ်းပြီး သကာလနေရပြန်တော့ တွေးလေတွေးလေ ဝန်ထုပ်ကြီးဟာ လေးလေးလာတော့ အသက်ရှူတောင် မမှန်အောင် လေးတယ်။

ဩော်... သံသရာ ခရီးသည် ဝန်ထမ်းသမားဘဝမှာဖြင့် ဝန်တွေက ကြီးလှပါလား၊ ဒကာ, ဒကာ,တွေက မသိလို့ တဏှာကတော့ မြေးကလေးလာပြန်လဲမင်းဘဲတာဝန်ယူလိုက်လေ၊ မြေးက မွေးလာတဲ့ မြစ်ကလေးကျအောင် ကိုယ်က အသက်ရှည်တော့ ကိုယ်ကဘဲတာဝန်ယူရတော့တာပေါ့။

ခင်ဗျားတို့ကလည်း တဏှာတည်းဟူသော တရားက ငါကို

ဝန်ထုတ်တင်ပေးနေတဲ့ပုဂ္ဂိုလ်တစ်ယောက်ပါလားဆိုပြီး သကာလ မင်းနဲ့ ငါနဲ့ မပေါင်းဘူးဆိုတဲ့ ဉာဏ်ကမလာဘူး၊ သူတင်ပေးတာကို ဟုတ်ပဆိုပြီး ထမ်းနေတာကသာ များတယ်။

ဒါနဲ့ ဒကာ, ဒကာမတွေ အချို့သေသွားတဲ့အခါကျတော့ အမောဆိုက်ပြီး တစ်ခါ သားကို စိတ်မချ၊ သမီးကို စိတ်မချ၊ ပစ္စည်းကို စိတ်မချဖြစ်ပြီး ဝန်တွေပိပြီး သေသွားကြတဲ့ ပုဂ္ဂိုလ်တွေ အင်မတန်များကြတယ်၊ ဒါဖြင့် ဝန်ပိသေတဲ့ ပုဂ္ဂိုလ်ကောင်းရာ သုဂတိလားနိုင်ပါ့မလားလို့ မေးကြည့်ရင် မလားနိုင်ပါဘူး။

ဒီအထဲမှာ ခင်ဗျားတို့က ခုထက်ထိဘဲ, ကိုယ့် သမီးမရှိလို့ ရှိရင် သူများသားသမီး မွေးစားချင်၊ ဝန်ထုတ်တစ်ခု လျော့တယ်ထင်လို့ ထပ်တင်ပြီး ထမ်းချင်ကြတယ်။

ဒါဖြင့် ဒကာ, ဒကာမတို့ ဝန်ထုပ်ထမ်းရတာကလည်း ကြီးပြန်၊ ဇာပါးလမ်းကြမ်းလည်း သွားရပြန်၊ ဒကာ, ဒကာမတို့ ထမ်းတဲ့ ဝန်ထုပ်နဲ့ ကောမျှပါရဲ့လား၊ ဒီထဲမှာ ဇာ ပါး လမ်းကြမ်းမှာ အထမ်းခိုင်တာ။

ယွန္တတရားပွဲကိုလာတဲ့အခါမှာ ဒကာ, ဒကာမတို့ဟာ အိမ်က လာခဲ့ကြရတယ်ဆိုတော့ လမ်းခရီးမှာ ကားတွေ ရှောင်ခဲ့ရတာနဲ့၊ ခလုတ်ကဇင်းတွေ ကြည့်ပြီး လာခဲ့ရတာနဲ့၊ အောက်က မြေခိုးတွေ မှုတ်တာကို ကြည့်ပြီး သကာလ လာခဲ့ရတာနဲ့၊ အပေါ်က အပူရှိန်တွေ လွှမ်းမိုးနေတာတွေစတဲ့ ဇာပါး လမ်းကြမ်းထဲမှာ မတန်တဆဝန်တွေ

ထမ်းပြီး သကာလ ဒကာ, ဒကာမတို့ သွားနေရတဲ့ ဟာ၊ ယနေ့ စဉ်းစားကြည့်စမ်းပါ။

ဒီသမုဒယသစ္စာ ဝန်တင်ပေးသမားက သူတင်လိုက်သ၍ ခင်ဗျားတို့က လက်ခံပြီး ဇွဲပါးလမ်းကြမ်းထဲမှာ အပြေးခိုင်းတာ လည်းသူဘဲ၊ ဝန်ထုပ်တွေပိုပိုတင်ထားပြီး အပြေးခိုင်းတော့၊ တသံသရာလုံး လျှာတွက်ပြီး ဗိုင်းဗိုင်းလဲသေခဲ့ရတယ်။

ဒကာ, ဒကာမတွေ အဖြစ်ဆိုးလွန်းလို့ ပြောနေဒါ၊ ဒါ ဘုန်းကြီးက ပြောတယ်လို့ မယူပါနဲ့၊ ခန္ဓာဝဂ္ဂသံယုတ် ဘာရဝဂ်မှာ သေသေချာချာလာပါတယ်တဲ့၊ သားကလေးမွေးလာလည်း ကိုယ့်တာဝန်ဘဲ၊ သမီးကလေးမွေးလာလည်း ကိုယ့်တာဝန်ဘဲ။

သူတို့က မွေးလာတဲ့ ပုဂ္ဂိုလ်တွေကျပြန်တော့လည်း ကိုယ့်တာဝန်ပဲ၊ အင်း . . . ခင်ဗျားတို့ဟာ အသက်အရွယ်ကလည်း ကြီးပြန်၊ ဝန်ထုပ်တွေကလည်း ပိပြန်၊ သားကလေးကိုမှာချင်, သမီးကလေး ကိုမှာချင်၊ ပစ္စည်းကလေးကိုလည်း ခွဲဝေပေးချင် သားသမီးတွေကို လူ့အောက်ကျမှာလည်း စိုးရိမ်စိတ်နဲ့ စိတ်ချလက်ချ သေသွားတာလား၊ ဒကာ, ဒကာမတို့ စဉ်းစားကြည့်ပါဦး၊ ဝန်ထမ်းချင်လျှက် တန်းလန်းနဲ့ သေသွားကြတာပါဘဲ။

ဒါဖြင့်ဆုံးဖြတ်ချက်ချကြတော့ ဝန်ထမ်းသမား အသေဆိုးကလေးတွေဆိုရင် မနာကြနဲ့နော် . . .

ခလေးကလေး တစ်ယောက်ရတယ်ဆိုတည်းက ဒကာ, ဒကာမတို့ ညမအိပ်ရ၊ နေ့မအိပ်ရ၊ ဝန်ထမ်းနေရတာကော၊ ကိုယ့်ခန္ဓာကိုယ်ကြီးကိုလည်း ဆေးတိုက်ပြီး ဝန်ထမ်းနေရသေးတယ်၊ ဒီခလေးကျန်းမာရေးလည်း ရင်ခွင်ထဲက မချနိုင်အောင် ထမ်းနေရသေးတယ်။

ဒီအထဲ သား, လင်, ခင်ပွန်းတို့၏ မျက်နှာ ကြည်သာအောင် ချက်ပြုတ်ပြီး သကာလ မနိုင်ဝန်တွေလုပ်နေရသေးတယ်၊ အံမာလေး ဒကာ, ဒကာမတွေ ခင်ဗျားတို့မို့ ပြုံးနိုင်တာနော် ရိပ်မိကြပြီလား?

အဲဒီမှာ ဒကာ, ဒကာမတွေက ခလေးကလည်းတဖက်နဲ့ ဈေးရောင်းတာကလည်းတစ်ဖက်နဲ့ သား,လင်,ခင်ပွန်း ကြည်သာအောင် ထမင်းချက်ချင်တာလည်း တဖက်နဲ့ အံမလေး ဒကာ, ဒကာမတွ ဒီထဲကနေပြီး သကာလ ပြုံးနိုင်တာ တော်တော်လေး ရူးလို့မဟုတ်ဘူးနော်။

အရူးမှ ဘာမှမသိအောင် ရူးနေကြတယ်၊ သစ္စာလေးပါးမသိလို့ ရူးနေတယ်၊ သဘောပါကြပြီလား?

ဒီလိုနေရတာ ဒကာ, ဒကာမတွေသည်ကားလို့ ဆိုရင်ဖြင့် စိတ်အေး, လက်အေး ဘဝင်အေးအေးများ အချိန်ပါကြရဲ့လား။ မပါဘူးနော်၊ နေဝင်လို့သာ အလုပ်သိမ်းလိုက်ရတယ်၊ အလုပ်ပြီး တယ်လို့မရှိကြဘူး၊ မနက်ဖြန်ဖို့ ချန်ထားတာတွေလဲ ရှိနေလေတော့၊

ဖြစ်မှဖြစ်ရလေ ဒကာ, ဒကာမတို့ အပြုတ် အသတ်ကို မဖြစ်ပါကလား .... ကြောက်စရာကြီးပါလား၊ ဒကာ, ဒကာမတို့၊

ဒါဘယ်လောက်ကြာကြာ လုပ်ရမှာတုန်း၊ အို... သေခါနီးထိ လျှာထွက်အောင် လုပ်ရမှာ။

ဒါနဲ့များ ခင်ဗျားတို့က ဖီးနိုင်၊ လိမ်းနိုင် ပြုပြင်နိုင်သေးတယ်ဆိုတော့ အတော်ခက်နေတယ်၊ ဒကာတွေကလည်း ပြင်နိုင်, ဆင်နိုင်, ကြွားနိုင်, ဝါနိုင်ကြသေးတယ်။

သေတဲ့အခါကျပြန်လို့ရှိရင် သွားရောဟဲ့ အပါယ်ဆိုပြီး သကာလ တဏှာက တွန်းချလိုက်သေးတယ်၊ တဏှာက အပြေးလည်း အမောင်းခိုင်းလိုက်သေးတယ်၊ လမ်းမှာလည်း လျှာထွက်သေအောင် လုပ်လိုက်သေးတယ်၊ နောက်ဘဝကျပြန်တော့လည်း အပါယ်ပို့လိုက်သေးတယ်ဆိုတော့ ခင်ဗျားတို့မိုဘဲ သည်းခံနိုင်ပါပေတယ်၊ အံ့လည်း အံ့စရာ ကောင်းပါပေတယ်။

ဒီနေ့ကစပြီး ကြပ်ကြပ်သတိထားစမ်းပါ။ တဏှာခိုင်းတာ မလုပ်ဘူးဟေ့၊ ဒကာ, ဒကာမတွေ တော်လှန်ကြစမ်းပါ၊ မတော်လှန်ရဲဘူး ဆိုတော့ ဒကာ, ဒကာမတို့က ငယ်ကြောက်ဖြစ်နေတယ်ဆိုတာ ပေါ်ပြီလား။

ဒါဖြင့် ဒကာ, ဒကာမတို့ ဒီငယ်ကြောက်ကို ခင်ဗျားတို့ မကြောက်ပါနဲ့၊ သူကို ကျုပ်တို့က မဂ်နဲ့ အပြန်အလှန်တိုက်ရမယ်၊

မဂ်နဲ့ သေအောင် တိုက်လို့ရှိရင် ဒို့အပေါ်မှာ ဝန်ထုတ်တွေ မတင်တော့ဘူး၊ ရပ်စဲဇာတ်သိမ်းသွားမယ်ဆိုတာ သဘောပေါက်ကြ။

ကိလေသေမာရေဗ္ဗော နိဗ္ဗာနံ ဂစ္ဆာတိတိမဂ္ဂ၊ ကိလေသေ=ခုနက ခိုင်းတတ် ဝန်တင်တတ် ၉၆ ပါး လမ်းကြမ်းကို အပြေးရိုက်ပြီး ခိုင်းတတ်တဲ့ ကိလေသာ၊ အပါယ်လေးပါး ပို့တတ်တဲ့ ကိလေသာကို၊ မာရေဗ္ဗော=သတ်လျှက်၊ နိဗ္ဗာနံ ဂစ္ဆာတိ=နိဗ္ဗာန်သို့သွားတတ်၏ ဣတိတသ္မာ = တို့ကြောင့်၊ မဂ္ဂေါမဂ်မည်၏ ဆိုတော့ မဂ်မရလို့ရှိရင် ဒီကျွန်စာရင်းကတော့ မလွတ်တော့ဘူး၊ သဘောပါပြီလား?။

ဒကာ, ဒကာမတို့ တဏှာသတ်ရင် ဝန်ထုပ်ကြီးချရာ အရပ်ရောက်ပါပြီ၊ တဏှာဘာနဲ့ သတ်ကြမယ် မဂ်နဲ့သတ်ရမယ်ဆိုတာ ပေါ်လာကြပြီလား။

ဒကာ, ဒကာမတို့ ကျုပ်တို့ ခင်ဗျားတို့ တသက်လုံး ဆင်းရဲ, တသက်လုံး ဝန်ထမ်းသမား တသက်လုံး သေခြင်းဆိုး, တသက်လုံး ကြည့်မကောင်းတဲ့အဖြစ်၊ ဒါတွေဟာ တဏှာ၏ လက်ချက်ချည်းဘဲဆိုတာ ပေါ်လာကြပြီလား။

ဒကာ, ဒကာမတွေ ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟော့-တဏှာယောကျ်ား သင်လက်သမား၊ ခန္ဓာဝန် လုပ်ရတော့မယ်လို့ မအောင်မေ့နဲ့ နောင်ကို ခန္ဓာဝန် မထမ်းတော့ဘူး လို့ဆိုတာ သတိရကြမှာပေါ့။

"အနေကဇာတိသံသာရံ" ဆိုတာ အနေကဇာတင်တဲ့အခါ ကျတော့ ဟော့ တဏှာ ယောကျ်ား လက်သမား နောက်ခန္ဓာဝန်ကို မင်းလုပ်ရတော့မယ်လို့ မင်းမအောင့်မေ့နဲ့ ခန္ဓာဝန်ထမ်းတဲ့ဘဝမှာ ငါသည် အထမ်းသမား ကူလီအဖြစ်မှ လွတ်ပြီတဲ့။

ဒါဖြင့် ဒကာ, ဒကာမတွေလည်း ဘုရားတပည့် ဗုဒ္ဓဘာသာ ဆိုလို့ရှိရင်ဖြင့် ဝန်ထမ်းသမားနဲ့ သေချင်သလား၊ ဘုရားလို လွတ်ပြီး သေချင်သလား စဉ်းစားကြ။

အဝိဇ္ဇာက ဒီခန္ဓာကို ဒုက္ခသစ္စာလို့ မသိဘူး၊ မသိတော့ တဏှာက လိုချင်တော့ ဒီခန္ဓာငါးပါးကြီးဝန်ထမ်းသမားကြီး ရတော့ တယ်။

ကဲ ဒါဖြင့် ဒီဝန်ထုတ်ကြီးကို တဏှာကပေးလိုက်တယ်ဆိုတာ သေချာပြီ၊ သိတဲ့လူပေးတာလား မသိတဲ့လူ ပေးတာလားဆိုရင် စက်ဝိုင်းကားချပ်မှာ ပြန်ကြည့်ပါ၊ ဒီဘက်က အဝိဇ္ဇာ, ဒီဘက်က တဏှာ၊ မသိတဲ့လူကို (တဏှာ)က ပေးတယ်လို့မှတ်ပါ။

ပေးတော့ ဘာကြီးရပါလိမ့်၊ ခန္ဓာငါးပါးဝန်ထုတ်ကြီး ရပါတယ်၊ မသိတာကအဝိဇ္ဇာ၊ ပေးတာကတဏှာ ဒါကြီးဟာ ဒကာ, ဒကာမတို့ ခန္ဓာငါးပါးကြီး ဖြစ်လို့ စဉ်းစား ကြည့်လိုက်တဲ့အခါ ကျတော့မှ ဒီခန္ဓာငါးပါးကြီးသည် ဒကာ, ဒကာမ တွေ သိတဲ့အတိုင်း အသုဘဒုက္ခသစ္စာကြီးပဲ။

ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ ဒါဖြင့် ဒီဝန်ကြီးထမ်းပြီး လည်နေရတယ်ဆိုတာက ဒကာ, ဒကာမတွေသူများ အလောင်း ထမ်းပြီး လည်နေရတာလား ကိုယ့်အလောင်း ကိုယ်ထမ်းပြီး လည်နေရတာလားဆိုရင် ကိုယ့်အလောင်း ကိုယ်ထမ်းပြီး လည်နေ ဆိုတာ မှတ်ကြတော့။

ကိုယ့်အသုဘကို ကိုယ်ထမ်းပြီး လည်နေရပါတယ် အသုဘ ဆိုလို့ရှိရင်ဖြင့် ဒါ ဒုက္ခသစ္စာပဲ လုပ်လိုက်ပါတော့။ အသုဘ ဒုက္ခသစ္စာဆိုတာ သေချာကြပြီလား?

ဒီဟာကြီး မချသရွေ့ကာလပတ်လုံး ခန္ဓာငါးပါးဟာ နိဗ္ဗာန် မှာမရှိဘူးဆိုတာ အသုဘဒုက္ခသစ္စာမို့ မရှိဘူးပြောတာ၊ သဘော ကျပြီလား၊ ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာပါ၊ အသုဘ ဒုက္ခသစ္စာဆိုတာ သေချာပြီလား။

အဲဒါကြောင့် ဒီခန္ဓာကြီးမရှိမှ နိဗ္ဗာန်က လက်ခံမှာ ပေါ်ကြ ပြီလား? ဒီခန္ဓာမရှိမှ နိဗ္ဗာန်က လက်ခံမယ်ဆိုတာ သေချာပြီလား (သေချာပါပြီဘုရား)

ဒုက္ခငြိမ်းတာ နိဗ္ဗာန်လို့ မှတ်ကြပါနော် . . . ခန္ဓာကိုယ် ဒုက္ခကြီး သိမ်းရင်လည်း ဘာခေါ်ကြမယ် (နိဗ္ဗာန်ပါဘုရား) ကဲ ကြိုးစားကြ။

## ဇရာမရဏတရားတော်

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတွင် သီတင်းသုံး နေတော်မူတဲ့အခါမှာ ရဟန်းတွေက အနားမှာ ဝိုင်းထိုင်နေကြတယ်၊ ရဟန်းတွေ အနားမှာ ဝိုင်းထိုင်နေကြတော့ မြတ်စွာဘုရားက ရဟန်းတို့ ရဟန်းရဲ့ အလုပ်လုပ်ပြီး သကာလနေကြပါ၊ သူတပါးဆွမ်းတို့ ကွမ်းတို့ကို ဘုန်းပေးသုံးဆောင်ပြီး သကာလနေကြတာ ကိုယ့်ကိုယ်များ သုံးသပ်ကြရဲ့လားလို့ မေးလိုက်တယ်။

ဘုရားက ကိုယ့်ကိုယ်များ သုံးသပ်ကြရဲ့လား ဆိုတော့ ရဟန်းတပါးက အရှင်ဘုရား သုံးသပ်ပါကြောင်းနဲ့ တပည့်တော်က သုံးဆယ်နှစ်ကောဋ္ဌာသခန္ဓာကိုယ်ကို သုံးဆယ်နှစ်ကောဋ္ဌာသ သာရှိတယ်ဆိုတာပဲ သုံးသပ်ပါကြောင်း လျှောက်ထားလိုက်တော့ ဘုရားရှင်က မဟုတ်သေးဘူးတဲ့၊ ဒီအခါ အရှင်အာနန္ဒာက အရှင်ဘုရား ဟောရ ပြောရမည်ကာလပါ၊ အရှင်ဘုရား ဆုံးမသွန်သင်မှ သိရမည့် ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်ဘုရားလို့ လျှောက်ထား တောင်းပန် လိုက်တော့ ဘုရားရှင်က ရဟန်းတွေကို တရားနာကြဆိုပြီး ဘုရားက ခန္ဓာကိုယ် သုံးသပ်ပုံကို ဟောပြတယ်။

ခန္ဓာကိုယ်ကြီးထဲမှာ ဇရာနဲ့ မရဏရှိနေတော့ ဇရာဆိုတာ တေဇောဘဲ၊ ရင့်ကျက်အောင်လုပ်တဲ့ တေဇော၊ သူကရင့်ကျက်အောင်

လုပ်နေတော့ ခန္ဓာကိုယ်ကြီးက တစ်နေ့တခြား ပွေး၊ ညှင်း၊ တင်းတိပ်တွေ ... တွန့်လိပ်၊ သွားကျိုး၊ ဆံဖြူ သွားကျဲ၊ ဇရာ ဆိုတဲ့ တေဇောက လောင်နေတာဘဲလို့ မှတ်ရမယ်။

အဲဒီတော့ ဒါဟာ ဇရာဆိုတော့ ရုပ်၏ ဇရာ၊ နာမ်၏ ဇရာလို့ ဓာတု ဝဏ္ဏာန်ကဆိုသလို ဤအရာသည်ကား ဆိုလို့ရှိရင် တေဇောဟူ၍မှတ်၊ မရဏဆိုတဲ့ ဥစ္စာက ဘယ်လိုလည်း၊ သတ္တဝါကို သေစေတတ်တာ ခေါ်တယ် ခန္ဓာကို စမ်းကြည့်၊ အေးတယ်ဆိုရင် ခန္ဓာကြီး သေသွားတာဘဲ၊ ပူတဲ့တေဇောချုပ်သွားတော့ အေးကဲ့ တေဇောချည်း ကျန်နေရင် သေတယ်ခေါ်ကြတာဘဲ၊ ဇရာနဲ့ မရဏကို ရင့်အောင်လုပ်တဲ့ ဇရာ တေဇောနဲ့ သေအောင်လုပ်တဲ့ ဇရာ တေဇောချည်းပါလားလို့ ဆုံးဖြတ်ချက်ချပါ။

အဲဒါသုံးသပ်စေချင်လို့ ဘုရားက ဒကာတို့ ခန္ဓာကိုယ်ထဲမှာ သုံးသပ်ကြည့်ကြစမ်းပါ။ ရဟန်းဖြစ်စေ လူဖြစ်စေ သုံးသပ်ကြစမ်းပါ ဆိုတာ အဲဒီ ဇရာ မရဏကို ရှိ၊ မရှိ သုံးသပ်ပါတဲ့၊ ဇရာ မရဏ သုံးသပ်လိုက်တော့ ဇရာ မရဏက ဒုက္ခသစ္စာ၊ ဇရာပိဒုက္ခသစ္စာ၊ မရဏံပိ ဒုက္ခသစ္စံလို့ ဒကာတို့ သိပြီးသားပါ၊ အဲဒီ ဒုက္ခသစ္စာဟာ ဩော်... ခန္ဓာကိုယ်မှာ ဒုက္ခသစ္စာရှိပါလားလို့ သုံးသပ်ရမယ်။

ဒီလို သုံးသပ်လိုက်တဲ့အခါမှာ ဇရာ မရဏက ဒုက္ခသစ္စာ၊ ဇရာ မရဏရှိတယ်လို့ ခန္ဓာကိုယ်ထဲ ပြန်သုံးသပ်တဲ့ ဉာဏ်က မဂ္ဂသစ္စာလို့ သစ္စာနှစ်ပါးလာပေါ်တယ်၊ ရှင်းပြီလား၊ ဒီလို သုံးသပ်တဲ့

အခါကျလို့ရှိရင် ဩော် . . . ဇရာနဲ့ မရဏရှိတယ်၊ ကိုယ့်ကို စမ်းကြည့်၊ ပူသေးသလား နွေးသေးသလား စမ်းကြည့် သိပါလိမ့်မယ်၊ ဩော် လောင်နေမှန်း မသိဘူးလား၊ လောင်ရင် ပြောင်အောင် လောင်လိမ့်မယ်၊ ဒီတော့ မပြောင်ဘဲနဲ့ လောင်နေတာ မပြောင်ဘဲနဲ့ ဆွေးအောင် လောင်နေတာလည်း ဇရာ၊ ပြောင်အောင်လောင်တာလည်း မရဏာဘဲလို့ မှတ်ပါ။

သေအောင်, ပျောက်အောင် လောင်ချလိုက်တာက မရဏ၊ ရင့်အောင် ရော်အောင် လူချင်းမတူအောင် လုပ်နေတာတွေက ဇရာ၊ တေဇောချည်းဘဲ၊ မီးခါတ်ချည်းဘဲမှတ်ပါ၊ အဲဒီတော့ ဒကာတို့မှာ သေမင်းပါနေတယ်၊ သေမင်းယူဆောင်လာခဲ့တယ်ဆိုရင် မလွဲပါဘူး၊ ဇရာနဲ့ မရဏကို ဒကာတို့ခွဲမှ မထားနိုင်ခဲ့ဘဲကိုး ခွဲထားနိုင်ခဲ့ရင်လည်း ဒကာတို့ နိဗ္ဗာန်ပုဂ္ဂိုလ်ဖြစ်နေမှာပေါ့ အခုတော့ ဒကာတို့ လာတာက သေမင်းနဲ့ အတူတူလာခဲ့လေတော့ ရိုက်တတ်တဲ့ သေမင်း၊ သတ်တတ်တဲ့သေမင်း၊ ရိုက်တတ်တဲ့ သေမင်းကလည်း ရိုက်လျှက်ဘဲ၊ ဒကာတို့ တရားနာနေရင်းလည်း ရိုက်နေတာဘဲ၊ သတ်တတ်တဲ့ သေမင်းကလည်းအချိန်သာ စောင့်နေတာဘဲ၊ ဒီအိုမင်း သေမင်း နှစ်ယောက်နဲ့ အတူတူနေရတာကို သုံးသပ်ပါလို့ ဘုရားက ဟောတယ်။

ဒို့ ခန္ဓာကိုယ်ကြီးဟာ ဘယ်အချိန်မှ သုခသစ္စာမရှိပါလား၊ ဒုက္ခသစ္စာချည်းပါလားလို့ သိလုံးကလေး ပေါ်လာတယ်၊ သိလုံးလေးက

မဂ္ဂသစ္စာ၊ ခန္ဓာက ဒုက္ခသစ္စာ၊ တွေးချင်ရင်မဂ် ပေါ်ရမယ်၊ မဂ်ပေါ်ရင် မဂ္ဂသစ္စာပေါ်မယ်။

ကဲ, ဒါဖြင့် ဒီလိုတွေးလိုက်တော့ သစ္စာနှစ်ပါးရသွားပြီ **ရှိတာက (ဒုက္ခသစ္စာ) တွေးဆ, ဆင်ခြင်တာက (မဂ္ဂသစ္စာ) ဒီလို တွေးဆ ဆင်ခြင်နေစမ်းပါတဲ့၊ ဘုရားက အရှိကို အသိနဲ့ တွေးဆ ဆင်ခြင်နေစမ်းပါတဲ့၊ ဒါဝိပဿနာ ဉာဏ်ဆိုက်အောင် ဟောလိုက်တယ်၊ သမ္မသနသုတ်ဆိုပြီး ဘုရားက သုံးသပ်တဲ့ သုတ်ဟောလိုက်တယ်၊ တွေးဆဆင်ခြင်တဲ့အချိန်မှ ရမယ်၊** မတွေးဆ မဆင်ခြင်ဘဲ နေရင် ဒကာတို့ရမှာ မဟုတ်ဘူး၊ ရောင်းဝယ်ဖောက်ကားပြီး စက်တွေရောင်း ပစ္စည်းတွေရောင်း တွင်တွင်ကျယ်ကျယ် လုပ်ကိုင် ရောင်းစားနေတဲ့ အချိန်မှာ တွေးဆဆင်ခြင်မှုမရှိရင် မလာဘူး။

မလာလို့ရှိရင်ဖြင့် သူသည် ဒုက္ခသစ္စာ၊ ဒီက မသိတဲ့သစ္စာ၊ မသိတဲ့သစ္စာက အမဂ္ဂသစ္စာ၊ မိစ္ဆာမဂ္ဂသစ္စာ၊ မိစ္ဆာမဂ္ဂသစ္စာနဲ့ ဒကာတို့ အချိန်ကုန်နေလို့ရှိရင် မိစ္ဆာလမ်းသွားနေတယ်ဆိုရုံဘဲ ရှိမှာဘဲ၊ တခြားဘာမျှ ဆိုစရာမရှိဘူး၊ ကောင်းပြီ, ဒါဖြင့် **တွေးဆ ဆင်ခြင်တဲ့ပုဂ္ဂိုလ်ဟာ ဒုက္ခသစ္စာနဲ့ မဂ္ဂသစ္စာရတယ်၊** အော် ဒီဇရာ မရဏဟာ ဘယ်ကများလာပါလိမ့်မတုံးလို့ ဆက်လက်တွေးဆ ဆင်ခြင်ရင် ခန္ဓာငါးပါးရှိလို့ လာတာတဲ့၊ ခန္ဓာငါးပါးရှိလို့ လာအောင် တာကိုး ခန္ဓာငါးပါးမရှိလို့ရှိရင် ဇရာ၊ မရဏမရှိပါဘူးတဲ့၊ ဒါဖြင့် ခန္ဓာငါးပါးက အကြောင်း သမုဒယ၊ ဇရာ မရဏက အကျိုးဒုက္ခ

ကောင်းပြီ, ဒါဖြင့် ဒီအကြောင်း သမုဒယခန္ဓာချုပ် သွားတယ် ဆိုရင် အကျိုးဇရာမရဏ အချုပ်ပေဘူးလား။

အခုသိတာကတော့ဖြင့် ဒီခန္ဓာချုပ်လို့ရှိရင် ဒီဇရာမရဏ ချုပ်မယ်၊ ဒီလိုဆိုရင် ဒီသမုဒယနဲ့ နိရောဓသွားသိတယ်၊ ခုနက သိပုံက ဒုက္ခနဲ့ သမုဒယသိတယ်၊ အခုသိတာက နိရောဓနဲ့ မဂ္ဂ သိတယ်၊ ဒီလို သစ္စာလေးပါးကို သိသိသွားရမယ် ကောင်းပြီ ဒါဆက်တွေးဆ, ဆင်ခြင်ပါဦးတဲ့၊ ဒီလိုချည့်မနေပါနဲ့ တဲ့ ဒါသမ္မသနသုတ်ပါဘဲ၊ ကိုယ့်ကို ကိုယ်သုံးသပ်တဲ့ သုတ်ပဲ၊ ကောင်းပြီ ဒီခန္ဓာငါးပါး၊ ဥပဓိတရားက ဘယ်ကများ လာပါလိမ့် မတုံးလို့ ဆက်လက် တွေးဆဆင်ခြင်လို့ ရှိရင်ဖြင့် တဏှာက လာတာပါတဲ့။

တဏှာရှိလို့ တဏှာဆုတောင်းမိလို့ ခန္ဓာပေါ်တာပါ၊ တဏှာဆုတောင်းမရှိလို့ ရှိရင် ခန္ဓာမလာဘူး၊ တဏှာလည်း သမုဒယသစ္စာဘဲ၊ တဏှာရှိလို့ သိတာက မဂ္ဂသစ္စာ၊ ရှင်းပြီးနော် ထဏှာကြောင့် ခန္ဓာငါးပါးဖြစ်ရတယ်ဆိုတော့ သမုဒယနဲ့ မဂ္ဂ မသိဘူးလား၊ တဏှာချုပ်သွားလို့ရှိရင်ဖြင့် ဥပဓိခန္ဓာငါးပါးလည်း ချုပ်ရမယ်၊ သစ္စာလေးပါးဘဲပြန်သိ၊ ဒီတုန်းကလည်း သစ္စာလေးပါး တစ်ခါသိခဲ့ပြီ၊ အခုတစ်ခါ နောက်တစ်ခါ ဆက်တွေးဆ ဆင်ခြင် ပြန်တော့လည်း သစ္စာလေးပါးဘဲသိမယ်၊ ဇရာ မရဏ ဘယ်ကလာတုံး မေးလိုက်တော့ ခန္ဓာငါးပါးက လာတာ၊ ခန္ဓာငါးပါးက ဘယ်က များပေါ်ပေါက်လာသလဲ? ဆိုတော့ တဏှာနိဒါနံ = တဏှာအကြောင်း ကြောင့်သာ လာတာ၊ တဏှာမရှိရင် ခန္ဓာမရှိဘူး။

ဒါကြောင့် တဏှာက သမုဒယသစ္စာ၊ ခန္ဓာက ဒုက္ခသစ္စာ၊ ဒီတဏှာချုပ်သွားလို့ရှိရင် ဘာဖြစ်မလည်း ဒီခန္ဓာချုပ်ရုံရှိတာဘဲ၊ ဒါဖြင့် တဏှာချုပ်သွားအောင် သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ ခန္ဓာချုပ်သွားတာက နိရောဓသစ္စာ၊ ဒီလိုဘဲသစ္စာလေးပါးကို သိပြီး တွေးဆဆင်ခြင်ရမယ်၊ ရှင်းပြီးနော်၊ ဒီတဏှာ ဘယ်ကလာသတုံးလို့ ဆက်လက်တွေးဆ ဆင်ခြင်တော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သေသေချာချာပြောတာကို ကျုပ်တို့ အတည်တကျယူကြစို့ ဆိုတော့ တဏှာဆိုတာ ပိယသာတ ရုပ်နာမ်က လာတာတဲ့ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မနအဇ္ဈတ္တိအာယတန ၆ပါးက လာတာလို့ မှတ်ပါ။

တဏှာ ဘယ်ကလာသတုံးဆိုတော့ ပိယသတဖြစ်တဲ့ အာယတန(၆)ပါး ကလာတယ်၊ ပိယဆိုတာ ချစ်တာ၊ သာတ က သာယာတာ၊ ချစ်ခင်အပ်၊ သာယာအပ်တဲ့ တရားက လာတာတဲ့၊ သူ့ခင်လို့ ဒီတဏှာ လာတာ "စက္ခုလောကေ ပိယရူပံ သာတရူပံဧတ္ထေသာတဏှာ ဥပ္ပဇ္ဇမာန ဥပ္ပဇ္ဇတိ" ကိုက်ပြီလား၊ လောကေ=လောက၌၊ စက္ခု=မျက်စိ အကြည် စက္ခုပသာဒရုပ်သည်။ ပိယရူပံ = ချစ်ခင်နှစ်သက်အပ်သော သဘောရှိ၏။ သာတရူပံ = သာယာအပ်သော သဘောရှိ၏ ဧတ္ထ = ဤချစ်ခင်သာယာအပ်သော စက္ခုပသာဒရုပ်၌။ ဧသာတဏှာ = ထိုတဏှာသည်။ ဥပ္ပဇ္ဇမာန = ဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ = ဖြစ်၏ ဆိုတော့ ဪ ဒီတဏှာ

ဘယ်က လာပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့ ပိယသာတက လာတာ၊ ပိယသာတက အကြောင်း တဏှာက အကျိုး၊ သဘောကျပြီလား။

စက္ခုကြောင့်လာတာ "စက္ခုလောကေပိယရူပံသာတာရူပံ" ပိယသာတသဘောက ဒီက လာတယ်။ ဒီတဏှာ ဘယ်ကလာသလဲ ဒီအာယတနကလာတယ်၊ ရှင်းပြီလား? အာယတနက လာတယ် ဆိုတော့ သတိပဋ္ဌာန်ပါဠိတော်အတိုင်း ပါဘဲ။ ပိယသာတဖြစ်တဲ့ ရုပ်သဘော နာမ်သဘောက လာတာ၊ ဒါက နာမ်ကိုး၊ ဒီဘက်က ရုပ်ကိုး ပိယသာတဖြစ်တဲ့ ရုပ်သဘော၊ နာမ်သဘောက လာတာဆိုတာ ရုပ်နာမ်ပေါ့။

"ကာယောလောကေပိယရူပံ၊ သာတရူပံ" မနောလောကေ ပိယရူပံ သာတရူပံ ဒီကလာတာဘဲတဲ့၊ ကဲ တဏှာ၏ လက်သည် တွေ့ပြီ၊ **ဇရာမရဏ လက်သည်က ခန္ဓာငါးပါးဘဲ၊ ခန္ဓာငါးပါး၏ လက်သည်က တဏှာ၊ တဏှာ၏ လက်သည်က ပိယသာတနဲ့ ပြန်ကြည့် အရှုတ္တိကာ ယတန (၆)ခြောက်ပါးပေါ်နေပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီး သုံးသပ်ခဲ့တာမို့ ဒီလို အရင်းကျကျ သုံးသပ် ကြစမ်းပါတဲ့။**

အဲဒီတော့ ဒီဘက်က သမုဒယ သစ္စာ၊ သူကဒုက္ခသစ္စာကို သွားတယ်၊ ဘာဖြစ်လို့လဲ၊ သူကအကြောင်းဆက်သွားပြီ၊ သူက အကြောင်း သမုဒယ အကျိုးဒုက္ခ၊ ကောင်းပြီ သူသာချုပ်လို့ရှိရင်

ဒီဘက်က အလိုလိုပြတ်တာဘဲ၊ ဒါက သမ္မသနသုတ်၊ ကိုယ့်ကိုယ်ကို သုံးသပ်ရင်းနဲ့ နိဗ္ဗာန်ရောက်သွားမယ်၊ ကိုယ့်ကိုယ်ကို သုံးသပ်ရင်းနဲ့ သစ္စာထိုက်တဲ့ မဂ်ဉာဏ်ဝင်လာမယ်။

သစ္စာမသိရင် စုံလုံးကန်းဘဲဆိုတော့ ဒုက္ခသစ္စာတွေကို မတွေးလို့ ရှိရင် ကိုယ့်ခန္ဓာမှာ သမုဒယသစ္စာရှိမှန်းလည်း မသိဘူး၊ ဒုက္ခသစ္စာ ရှိမှန်းလည်း မသိဘူးတဲ့၊ ဒါမှ မသိလို့ရှိရင် သမုဒယ ချုပ်တဲ့နည်း ကိုလည်း ဒကာတို့ရမှာ မဟုတ်ဘူး၊ ဒုက္ခသိမ်းတဲ့နည်း ကိုလည်း မရနိုင်ဘူးတဲ့။

မရတော့ မှောင်ထဲမှာ မွေးပြီး၊ မှောင်ထဲမှာနေပြီး မှောင်ထဲ သေဦးမည့်လူတွေဘဲလို့ စွဲချက်တင်လိုက်လို့ ရှိရင် ဒကာ, ဒကာမတို့ ငြင်းစရာ မလိုပါဘူး၊ **ဘုရားက ကိုယ့်ကိုယ် သုံးသပ်နည်း ဟောလိုက် တယ် (နိဒါနဝဂ္ဂသုတ် ပါဠိတော်) ကိုယ့်ကိုယ် သုံးသပ်နည်းတဲ့၊ ဇရာ, မရဏက ခန္ဓာငါးပါးကလာတာ ဟုတ်ပြီ၊ ခန္ဓာငါးပါး ရှိလို့ ဇရာ မရဏရှိတယ်၊ ခန္ဓာငါးပါးကို ဘယ်သူကတည်ထောင် ဆောက် လုပ်လိုက်ပါလိမ့်မတုံးဆိုတော့ တဏှာက တည်ဆောက်တာ ဒီတဏှာက ဘယ်ကလာသလဲဆိုတော့ ပိယသာတဖြစ်တဲ့ အာယတနက လာတယ်၊ မိမိခန္ဓာကိုယ်ထဲမှာ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန ဒါတွေကို ချစ်ခင်နှစ်သက်နေလို့ရှိရင် ဒီတဏှာလာရမယ်၊ ချစ်ခင်နှစ်သက်တာက တဏှာ၊ တဏှာရှိရင် ဒီခန္ဓာကိုယ်လာမယ်၊ ဒီခန္ဓာရှိရင် ဒီဇရာ, မရဏလက်တွင်းမှာ**

**ဒကာတို့ ခန္ဓာကိုယ်ကြီးကို ခေါင်းစင်းပြီး ထိုးအပ်လိုက်ရုံပဲ၊ ပြန်တွေးရင် ဇရာ၊ မရဏက ဥပဓိဆိုတဲ့ ခန္ဓာငါးပါးက လာတယ်၊ ခန္ဓာငါးပါးဆိုတာက တဏှာကလာတယ်၊ တဏှာဆိုတာက ပိယသာတဖြစ်တဲ့ အာယတန ၆ ပါးကလာတယ်၊ ဒီအာယတန ၆ပါးက ဘယ်ကလာသလဲဆိုတော့ အမြင်မှားတဲ့ဆီက နှလုံးသွင်းမှားတဲ့ဆီကလာတာ၊** ဒီတရားတွေက ဘုရားသခင် ကိုယ်တော်မြတ်ကြီး ပွင့်လာတော့ ဟောပြနိုင်တာပေါ့၊ ဒီအကြောင်းတွေ ဆက်တတ်တာက သစ္စာပါပဲ။

ရှင်းပြီလား ပဋိလောမပြတော့ သစ္စာပေါ်တယ်၊ အနုလော မပြတော့ သမုဒယ သစ္စာပေါ်တယ်၊ ပဋိလောမပြတော့ ဒုက္ခနဲ့ သမုဒယ၊ နိရောဓနဲ့ မဂ္ဂအကုန်ပေါ်လိုက်လာတယ်၊ အနုလောမ အစဉ်အတိုင်းပြလို့ ရှိရင်တော့၊ သမုဒယနဲ့ ဒုက္ခသစ္စာကြီး ပေါ်တယ်၊ ဒီလို သွားလိုက်တော့ ဒုက္ခနဲ့ သမုဒယ နိရောဓနဲ့ မဂ္ဂ၊ လေးချက်ကို ဆက်သွားတယ်၊ ဒါကြောင့် နက်နဲတယ်လို့ ပြောတာ၊ အဲဒီတော့ ပိယသာတ ဘယ်ကလာသတုံးဆိုတော့ ပိယသာတ ဖြစ်တဲ့ စက္ခု၊ သောတ၊ ဃာန၊ ကာယ၊ မန ဟာ ပိယသာတချည်းဘဲတဲ့၊ သူတို့ ဘယ်ကလာသတုံးလို့ မေးလိုက်တဲ့ အခါကျတော့၊ ပိယသာတဟာ အမြင်မှားတဲ့ ပုဂ္ဂိုလ်ဆီက လာတယ်၊ အမြင်မှားဆိုတော့ နှလုံးသွင်း မှားတဲ့ဆီက လာတာပါ။

ဒါဖြင့် နှလုံးသွင်းမှားတာက အကြောင်း၊ ပိယသာတက

အကျိုး၊ ဒါဖြင့် ဒကာတို့မှာ **နှလုံးသွင်းမှားတယ်ဆိုတာက အယောနိသောမနသိကာရ၊ နှလုံးသွင်းမှန်တယ်ဆိုတာက ယောနိသောမနသိကာရ = နိဗ္ဗာန်မရောက်နိုင်တာကလည်း သူပဲ၊ ရောက်နိုင်တာလည်းသူပဲ၊** ရောက်နိုင်တာက ယောနိသော မနသိကာရ မရောက်နိုင်တာက အယောနိသောမနသိကာရ၊ သဘောပါပြီလား၊ ဒါဖြင့် ပိယသာတက ဘယ်ကလာသလဲ? အယောနိသောမနသိကာရက လာတယ်၊ ရှင်းပြီလား အယောနိသောမနသိကာရက လာတယ် ဆိုတော့ ဒကာတို့က အနိစ္စတော, ဒုက္ခတော, အနတ္တတော, ရောဂတော, ဘယတော, ဒါအနိစ္စတွေ ဒါဒုက္ခတွေ ဒါအနတ္တတွေ ဒါရောဂတရား၊ ဘယတွေ ဘေးတွေ သင့်နေလို့ ဒီလိုများ ဒကာတို့က မရှုမိဘူး၊ ဒါက အနိစ္စ = မြဲတယ်၊ အတ္တ = ငါဘဲ၊ သုခ = ချမ်းသာတယ်၊ အာရောဂျ = အနာကင်းတယ်၊ အဘယ = ဘေးမရှိဘူးလို့ ဒကာတို့ကဒါကို ယူနေတဲ့အတွက် ဒီတဏှာ လာရတယ်။

ကိုယ့်ကို ကိုယ်ခင်ရောပေါ့၊ ဒီလို ခင်လို့ရှိရင် ဒီတဏှာက လာရတော့မယ်၊ တဏှာလာတော့ အနာဂတ်ခန္ဓာလာတော့တာပေါ့၊ ဒီခန္ဓာလာရင် ဇရာ, မရဏ ပြေးလို့ လွတ်ပါ့မလား၊ သဘောပါပြီလား နှလုံးသွင်းမှားခြင်းကြောင့် အနိစ္စ=မြဲတယ်၊ သုခ=ချမ်းသာတယ်၊ အတ္တ=ငါဘဲ၊ အာရောဂျ=အနာကင်းတယ်၊ အဘယ=ဘေးကင်းတယ် ဆိုပြီး သကာလ နှလုံးသွင်းမှားလို့ တဏှာကလာတယ်၊ တဏှာလာလို့ ခန္ဓာလာလို့ အို, နာ, သေတွေ့ရတယ်၊ ဒါဖြင့် ဇရာ, မရဏ, ဆိုတဲ့ အို, နာသေ၏ လက်သယ်အရင်းကျကျ တရားခံရှာကြပါလို့ ဆိုရင်

နလုံးသွင်းမှားတာ တွေ့ရမယ်၊ တရားခံက နလုံးသွင်းမှားမှုဘဲ၊ ဒါကြောင့် **နလုံးသွင်းမှန်မှ ဇရာမရဏလမ်းဆုံးတယ်။**

ဒါဖြင့် **နလုံးသွင်းမှန်နှင့် နလုံးသွင်းမှားသည် ဘာလဲဆိုတော့ နလုံးသွင်းမှားသည် ဝိပဿနာမရှုတဲ့ ပုဂ္ဂိုလ်၏ အလုပ်၊ နလုံးသွင်းမှန်သည် ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်၏ အလုပ်၊ ဝိပဿနာမှာ လမ်းဆုံးတယ်၊** ပေါ်ကြပြီလား၊ ဒါဖြင့် ဝိပဿနာ မရှုတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ နလုံးသွင်းမမှန်ဘူး၊ မှန်ချင်ရင် တရားအားထုတ်ကြ၊ ဘုရားပွင့်လာတယ် ဆိုတာက နလုံးသွင်းမှားတဲ့ သံသရာခရီးသည်များအတွက် ပွင့်လာရတယ်လို့ မှတ်လိုက်ကြပါ။

အဲဒီတော့ ဘုရားပွင့်လာတယ်ဆိုတာက ဒကာတို့ ဝမ်းထဲမှာ နလုံးသွင်း မှားနေတာကို ပါယ်ဘို့ပဲ၊ မှားနေကြတာက ကိုယ့်ကို ကိုယ်အနိစ္စကိုလည်း မထင်လိုက်ပါနဲ့တဲ့၊ သုခလို့လဲ မထင်လိုက်ပါနဲ့၊ အတ္တလို့လည်း မထင်လိုက်ပါနဲ့၊ အာရောဂျ အနာကင်းတယ်လို့လည်း မထင်လိုက်ပါနဲ့၊ ခေမ = ဘေးမရှိဘူးလို့လဲ မထင်လိုက်ပါနဲ့တဲ့၊ နလုံးသွင်းရမှာက ဒါက အနိစ္စတရား၊ ဒါ ဒုက္ခတရား၊ ဒါအနတ္တတရား၊ ဒါဘယတရား၊ ဒါက ဘေးသင့်နေတာ၊ ဒီလို နလုံးသွင်းတော့မှ နလုံးသွင်းတရားက အမှန်ဖြစ်မှာ။

တဏှာချုပ်တော့ ခန္ဓာချုပ်တယ်၊ ခန္ဓာချုပ်တော့ ဇရာ, မရဏချုပ်တယ်၊ ဒါကြောင့် ဘုရားက အနိစ္စလို လုပ်ပါ၊ အနတ္တလို လုပ်ပါ၊ ဘယလိုလုပ်ပါ၊ ဒီလို ဒကာတို့ ဝိပဿနာရှုပေးပါလို့

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီဝတ္ထုနဲ့ ဝိပဿနာ ရှုဘို့ သေသေချာချာ ဟောထားတယ်၊ ပေါ်လာပြီလား၊ ဒါက သမ္မသန သုတ်လို့ မှတ်ထား၊ ပြောင်းပြန် ပြန်သုံးသပ်တော့မှ ပဋိစ္စသမုပ္ပါဒ် လည်း ပါသွားတယ်၊ အလုပ်လုပ်ပုံကို ဒီကနေကစပြီး နှလုံးသွင်းမှန်နဲ့ လုပ်ပါဆိုတာ၊ ပေါ်ကြရဲ့လား၊ ပေါ်လာလို့ရှိရင် သစ္စာသိပြီ၊ သစ္စာ သိရင် ကြိုးစားကြတော့။

**********

# နှလုံးသွင်းမှား၍ ဝိပ္ပလ္လာသသုံးပါး ဖြစ်လာပုံ တရားတော်

ဒီနေ့ယောနိသောမနသိကာရနဲ့ အယောနိသောမနသိကာရ ထူးခြားတာကို ဟောလိမ့်မယ်လို့ အလုပ်သမားတွေ နားထောင်ရမယ် နော်။

ဟောနိသောမနသိကာရ, အယောနိသောမနသိကာရဆိုတာ ပုဂ္ဂိုလ်သန္တာန်မှာ နှလုံးသွင်းမှန်တာဟာ ယောနိသောမနသိကာရ၊ နှလုံးသွင်းမမှန်တာဟာ အယောနိသောမနသိကာရလို့ ရှေးဦးစွာ မှတ်ထားရမယ်။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အင်္ဂုတ္တိုရ်ပါဠိတော်မှာ "အယောနိသောဘိက္ခဝေမနသိကာရောတော အနုပ္ပန္နာစေဝ အကုသလာဓမ္မာဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ အကုသလာဓမ္မာအဘိဝဍ္ဎန္တိ၊ နှလုံးမှားပြီဆိုမှဖြင့် မဖြစ်သေးတဲ့ အကုသိုလ်လည်း ဖြစ်လာတယ်၊ ဖြစ်ပြီးသား အကုသိုလ်တွေလည်း ပွားလာတာဘဲ၊ အဲဒါကို ဆရာဘုန်းကြီးက ပြင်မပေးတော့ဘူးဆိုလို့ရှိရင် နဂိုလ်ကများသောအားဖြင့် မိဘရိုးရာ အတိုင်း နှလုံးသွင်းမှားချည်း သင်ထားလေတော့ မဖြစ်သေးတဲ့ အကုသိုလ်တွေဖြစ်၊ ဖြစ်ပြီးတဲ့ အကုသိုလ်တွေ ပွားနေကြရတယ်။

ဒါဖြင့် နှလုံးသွင်းမှားတယ်ဆိုတာက ဘာပါလိမ့်မတုံးလို့ ဆိုတော့ ဒီခန္ဓာကိုယ်ကြီးက ဖြစ်ပြီး ပျက်နေတဲ့ အနိစ္စခန္ဓာကိုယ်ကြီး ဖြစ်ပျက်ဆိုတာသည် ဇာတိ, ဇရာ, မရဏ နိုပ်စက်လို့ ဆင်းရဲတဲ့

ခန္ဓာကိုယ်ကြီး ပုဂ္ဂိုလ်သတ္တဝါအလိုသို့ မလိုက်တဲ့ အနတ္တခန္ဓာကိုယ်ကြီး၊ ဘယ်အချိန်ကြည့်လိုက် ကြည့်လိုက် ချေးသုတ်နေရတာနဲ့ တံတွေးထွေး နေရတာနဲ့ ကျင်ကြီး, ကျင်ငယ်စွန့်နေရတာနဲ့ အသုဘခန္ဓာကိုယ်ကြီး။

အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘခန္ဓာကိုယ်ကြီးကို နှလုံးသွင်း မှားပြီး အနိစ္စကိုယ်ကြီးကို နိစ္စထင် ဒုက္ခခန္ဓာကိုယ်ကြီးကို သုခလို့ ထင်၊ အနတ္တခန္ဓာကိုယ်ကြီးကိုလည်း အတ္တပိုင်တယ်လို့ ထင်နေတာဘဲ၊ အသုဘခန္ဓာကိုယ်ကြီးကို လူတစ်ယောက်က လူတစ်ယောက်ကို ကြည့်လိုက်တာနဲ့ ခင်ဗျားဟာ တော်တော်စိတ်ချမ်းသာ လက်ချမ်းသာ ရှိပုံရတယ်၊ ဝဝဖြိုးဖြိုးနဲ့ ကြက်သရေရှိလိုက်တာဗျာနဲ့ နှလုံးသွင်းမှားတဲ့ အကြောင်းမျိုးတွေကို ပြောကြတယ်။

နှလုံးသွင်းမှားတဲ့ ပုဂ္ဂိုလ်အတွက်မှာဖြင့် ဒုက္ခခပ်သိမ်းငြိမ်းစေတဲ့ နိဗ္ဗာန်နဲ့ ဝေးပြီး သကာလအပါယ်လေးပါးဘဲရောက်စရာ ရှိတော့တယ်၊ ဒါကြောင့် လောကမှာ နှလုံးသွင်းမှားတာလောက် ကြောက်စရာ ကောင်းတာမရှိတော့ဘူး။

အဲဒါကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက နှလုံးသွင်း မှားတယ်ဆိုတာ တခြားမဟုတ်ဘူး၊ သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ, ဒိဋ္ဌိဝိပ္ပလ္လာသကို ဒီထဲကိုသွင်းလိုက်လို့ ဖြစ်တာဘဲ၊ အမှတ်မှား၊ အသိမှား၊ အယူမှားလို့ ခေါ်တယ်၊ အမှတ်မှားက သညာဝိပ္ပလ္လာသ၊ အသိမှားက စိတ္တဝိပ္ပလ္လာသ၊ အယူမှားက ဒိဋ္ဌိဝိပ္ပလ္လာသပဲ၊ နှလုံးသွင်း မှားလိုက်တာအရှုးထဲကို ရောက်သွားတယ်။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "ပုတုဇ္ဇနော ဥမ္မတ္တကော"တဲ့ အရူးတွေထဲမှာဘုရားပွင့်လာရလို့ ဘုရားက အရူးတောကိုရှင်းရတာ၊ အရူးတောက တဏှာရူး၊ မာနရူး၊ ဒိဋ္ဌိရူး၊ အရူးကပွားနေတဲ့ တဏှာရူး၊ မာနရူး၊ ဒိဋ္ဌိရူး။

ဒီလိုရူးနေတာ ဆရာဘုန်းကြီးနဲ့လည်းမတွေ့ဘူး၊ ပြင်ပေးမည့် သူလည်းမရှိတော့ဘူးဆိုရင်ဖြင့် မသာဖိတ်ရင် အရူးမသာ ကြွတော်မူကြပါလို့ ဖိတ်ရုံဘဲရှိတော့တယ်၊ ကြောက်စရာကြီးဘဲ အရူးပျောက်ပြီး သေသွားတဲ့ မသာမပါဘူး၊ အရူးတန်းလန်းနဲ့ သေသွားကြတာချည်းဘဲ ဆိုတော့၊ အပါယ်သွားတာ များပါတယ်ဆိုတာ ဒကာတို့ မယုံမရှိကြနဲ့၊ ဘုရားဟောတော်မူခဲ့တာက လူတစ်သိန်းသေရင် တစ်ယောက် သုဂတိ မရောက်ဘူးဆိုတဲ့ သဘောဟာ ဒီအရူးတွေသေလို့ ဒီအဓိပ္ပာယ်ရောက် တယ်လို့ မှတ်ထားရမယ်။

ကိုင်း ဒါဖြင့် အဲဒီဝိပ္ပလ္လာသ (၃)မျိုးရှိနေလို့ရှိရင် ဝိပ္ပလ္လာသာက ဝိပ္ပဿနာဉာဏ်ကို သူအမြဲခုခံနေလိမ့်မယ်၊ အမြဲခုခံနေမှုကြောင့် ဝိပဿနာ မဂ်မှမရလို့ရှိရင် လောကုတ္တရာမဂ်ကို မရနိုင်၊ မရနိုင်လို့ ရှိရင်ဖြင့် နိဗ္ဗာန်ကိုမမြင်နိုင်ဘူး၊ မမြင်နိုင်ရင် သစ္စာမသိတော့ဘူး၊ ရာဂုမ္မတ္တကနဲ့ ဒိဋ္ဌုမ္မတ္တကဘဲ၊ ရာဂုမ္မတ္တကဆိုတာက ရာဂရူး၊ ဒိဋ္ဌုမ္မတ္တက ဆိုတာက ဒိဋ္ဌိရူး၊ ခင်မင်ပြီး သကာလ နေတာက ရာဂုမ္မတ္တက၊ ငါ့သား၊ ငါ့သမီး၊ ငါ့ပစ္စည်းဆိုတာက ဒိဋ္ဌုမ္မတ္တက။

ရာဂ+ဥမ္မတ္တက၊ ဒိဋ္ဌိ+ဥမ္မတ္တကတွေက ရာဂရူး၊ ဒိဋ္ဌိရူးပဲ၊

ဒါဘာဖြစ်လို့တုန်းလို့ လက်သယ်ရှာလိုက်ရင် ခုနက မူလတရားကို ဘုရားဟောတော်မူတာပြန်ကောက်ရင်၊ အယောနိသောမနသိကာရဟာ လက်သယ်တရားခံဘဲ၊ အရှူးဟူသမျှ တရားခံ လက်သယ် အရင်းကျကျ ဖမ်းလို့ရှိရင်ဖြင့်၊ အယောနိသောမနသိကာရကိုတွေ့ကြရမယ် ဒါကို မှတ်ထားကြစမ်းပါ။

"အယောနိသောဘိက္ခဝေမနသိကာရောတော အနုပ္ပန္နာစေဝ အကုသလာဓမ္မာဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစအကုသလာဓမ္မအဘိဝဍ္ဎန္တိ" ဆိုတော့ တစ်ခါထဲမဖြစ်သေးတဲ့ အကုသိုလ်တွေ ဖြစ်ရမယ်၊ ဖြစ်ပြီးသား အကုသိုလ်တွေလည်း ပွားရမယ်ဆိုတော့ ထွက်ပေါက်မြင်ကြသေးရဲ့လား၊ ဒါဖြင့် နိဗ္ဗာန်ရောက်တဲ့ နေရာဌာန၊ ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးကို သွားချင်လို့ရှိရင် ဝိပ္ပလ္လာသလေးပါးပျောက်မှရမယ်၊ ရှင်းပြီးလား အဲဒီ (၃)မျိုးထဲမှာ သောတာပန်တည်တော့မှ ဒိဋ္ဌိဝိပ္ပလ္လာသ ပျောက်ပါတယ်ဆိုတာမှတ်ကြပါ။

ဒကာ, ဒကာမတို့သည် နှလုံးသွင်းမှားနေကြတော့ နှလုံးသွင်းမှားစရာသည် ဘယ်နှစ်ချက်တုံးလို့ မေးလို့ရှိရင်ဖြင့် လေးချက် ဆိုတာ မှတ်ထားလိုက်စမ်းပါ။

(၁) အနိစ္စကိုနိစ္စထင်ရင်လည်း နှလုံးသွင်းမှားပြီ၊
(၂) ဒုက္ခတရားကိုသုခထင်ရင်လည်း နှလုံးသွင်းမှားပြီ
(၃) အနတ္တတရားကိုငါဟာထင်နေလို့ရှိရင်လည်း နှလုံးသွင်းမှားပြီ
(၄) အသုဘတရားကိုလည်း သုဘထင်နေရင်လည်း နှလုံးသွင်းမှားနေပြီ ရှင်းကြရဲ့လား?

နှလုံးသွင်းမှားပြီဆိုတော့ ဒကာတို့မှာကျွန်ဳ ယ သံဝရသီလ ကလည်း မရှိတော့ မြင်လိုက်တယ်ဆိုလို့ရှိရင်ဖြင့် ကြည်လို့ကောင်း တာနဲ့ ကြည့်ရတာ ကြက်သရေရှိတာနဲ့၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘဆိုတဲ့ နိဗ္ဗာန်ရောက်မည့်အရာကို အကုန်ဖုံးသွားတော့တာဘဲ၊ နိဗ္ဗာန်ကို အယောနိသောမနသိကာရက ဖုံးပါတယ်ဆိုတာ ရိပ်မိပြီလား၊ ဒီအယောနိသောမနသိကာရကဖုံးလိုက်လို့ရှိရင်ဖြင့် အနိစ္စတရားကြီး ကလည်း နိစ္စဖြစ်ရတော့မယ်၊ ဒုက္ခတရားကလည်း သုခဖြစ်ရပါမယ်၊ အနတ္တတရားဟာလည်း အတ္တဖြစ်ရမယ်၊ အသုဘတရားက သုဘ ဖြစ်ရပါတယ်။

ဒါကြောင့်ဒကာတို့ မဂ်ဆိုက်အောင်လုပ်ကြစမ်းပါလို့တိုက်တွန်း ရတာ အရှုးပျောက်အောင်ပြောတာ၊ ဝိပဿနာ လုပ်စမ်းပါ ဆိုတော့ အရှုးပျောက်အောင် ပြောတာ၊ ဝိပဿနာ လုပ်လာလို့ရှိရင်ဖြင့် အရှုးပျောက်စပြုပြီ၊ ဝိပဿနာမလုပ်သေးဘဲနဲ့ လှူဒါန်းပေးကမ်းပြီး သကာလ ဒီလိုနေတဲ့ပုဂ္ဂိုလ်ကတော့ဖြင့် ကမ္မဿကတာဉာဏ်လောက်နဲ့ အရှုးတော့ မပျောက်တာ အမှန်ဘဲ၊ ကဲဒါဖြင့် အရှုးကို ပျောက်စေနိုင်တဲ့ ဆေးဟာဖြင့် အနိစ္စဆေး, ဒုက္ခဆေး, အနတ္တဆေး, အသုဘဆေး ဒီလေးခွက်ကို ဒကာတို့ မသောက်နိုင်သ၍ ကာလပက်လုံး ရဂုမ္မတ္တက၊ ဒိဋ္ဌုမ္မတ္တကဆိုတဲ့ အရှုးကိုဖြင့် ပျောက်လိမ့်မယ်လို့ ဘယ်အခါမှ မအောင့်မေ့ကြနဲ့။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အနိစ္စ, ဒုက္ခ, အနတ္တ,

အသုဘဆေးလေးခွက်ထားခဲ့တယ်၊ အဲဒါမသောက်နိုင်သ၍ ကာလ ပတ်လုံး ရာဂရူး၊ ဒိဋ္ဌိရူး ဒိနစ်ရူးဟာ ဘယ်တော့မှ မပျောက်ဘူး၊ ရှင်းကြပြီလား? တရားကို သေသေချာချာ မှတ်ကြပါ၊ ဒကာ, ဒကာမတို့ ရာဂရူး၊ ဒိဋ္ဌိရူး, မောဟုမ္မတ္တကရူးကို အရူးသုံးပါးထားလိုက် ပါတော့ အရူးသုံးမျိုးကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဆေးသုံးခွက် ထားခဲ့တယ်၊ အနိစ္စ, ဒုက္ခ, အနတ္တဆေးတွေနဲ့ ကုဘို့ ဒါသောက်တဲ့ ပုဂ္ဂိုလ်ဟာ ပျောက်တာဘဲ၊ ဒါမသောက်တဲ့ ပုဂ္ဂိုလ်ဖြင့် မပျောက်ပါဘူး။

ရာဂရူးကတဏှာ၊ ဥပါဒါန်၊ ကံ၊ အပါယ်ဇာတိ၊ ဒိဋ္ဌိရူး ကလည်းလောဘပါဘဲ၊ သူကလည်း တဏှာ၊ ဥပါဒါန်, ကံ, အပါယ်ဇာတိဘဲရတယ်။

မောဟုမ္မတ္တက, ကအဝိဇ္ဇာသင်္ခါရ, ဝိဉာဏ်ဆိုတော့ ဘယ်ဝိညာဏ်လို့ မဆိုနဲ့ အပါယ်ဇာတိဘဲ၊ ဒါဖြင့်ဒီဆေးသုံးခွက်ကို ဒကာတို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ ဆေးသုံးခွက်ကို မသောက်တဲ့ ပုဂ္ဂိုလ်များဘယ်တော့မှ အရူးမပျောက်ဘူးလို့ မှတ်။ ဒီ နှလုံးသွင်းမှားလို့ ရူးလာတဲ့ အရူးကို နှလုံးသွင်းမှန်တည်းဟူသော အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့မှ မကုလို့ရှိရင် ဘယ်တော့မှမရဘူး၊ ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဒီအကျိုးအတွက် ပွင့်လာတာဘဲလို့ မှတ်ကြ။ ဒကာတို့မှာက အနိစ္စ, ဒုက္ခ, အနတ္တရယ်လို့ ရွတ်ဆိုတာဘဲရှိတယ် တကယ်သဘောအမှန်ကို မသိကြလို့ ဘုန်းကြီးက ဟောပြရတာ။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်ကြီးက ဘုရားရှင်ပွင့်လာတာဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တအခြေကိုင်ပြီး ပွင့်လာတာ၊ ဒကာ, ဒကာမတို့ အရှုးပျောက်စေချင်လို့ ပွင့်လာတာဆိုတာ သဘောပါကြပြီလား။ ဒါကြောင့်အရှုးသက်ရှည်တာကို လက်သည်ရှာရင် ဘယ်သူ့ကြောင့် ဆိုမလဲဆိုတော့၊ အယောနိသောမနသိကာရကြောင့် ဆိုတာပေါ်ပြီလား? အယောနိသောမနသိကာရ ဆိုတာ နှလုံးသွင်းမှားတာက လာတာပါ။ နှလုံးသွင်းမှားပြီဆိုမှဖြင့် ဝိပ္ပလ္လာသ ဝင်တယ်၊ ဒါကြောင့် ဝိပ္ပလ္လာသသုံးချက်သည် ဘယ်ကလာသတုံး မေးတော့ အယောနိသောမနသိကာရကလာတယ်၊ နှလုံးသွင်းမှားလို့။

ကဲစဉ်းစားကြည့်စမ်းပါလား? ဒကာတို့က ကိုယ့်သမီးလေး နာမည်လေးခေါ်လိုက်တယ်၊ နာမည်ကလေးခေါ်တော့ နာမည်နဲ့ လူနဲ့ လိုက် လိုက်တာတဲ့၊ အချို့ကမချောဆိုတဲ့အတိုင်း ချောလိုက်တာ၊ သညာဝိပ္ပလ္လာသလာပြီ၊ အမှတ်မှားပြီ၊ ဒါကြောင့် သားသမီးတွေ အများထဲက သူ့ကိုပိုခင်တယ်၊ စိတ္တဝိပ္ပလ္လာသလာပြီ၊ ပြီးတော့ သူကလိမ္မာရေးခြားရှိတော့ သူဘဲအားကိုးရတယ်၊ ဒိဋ္ဌိဝိပလ္လာသလာပြီ ရိုပ်မိပြီလား။

ကဲခင်ဗျားတို့ သမီးတစ်ယောက်အတွက်မှာ အရှုးဘယ်နှစ်ချက် လာတုံးဆိုတော့ သုံးချက်လာပါတယ်၊ သားတစ်ယောက်မှာ သုံးချက် လာတယ်၊ မိတ်ဆွေတစ်ယောက်မှာ သုံးချက်လာတယ်၊ ဒီမိတ်ဆွေနဲ့ဘဲ ကျုပ်တို့ အားကိုးနေကြရတာပဲ၊ ဒီမိတ်ဆွေမရှိလို့ရှိရင် လူပုံအလယ်မှာ

တစ်ခါထဲစီးပွားရေးရော၊ ပေါင်းသင်းရေးရော ဘာမျှမရှိတော့ဘူးဆိုပြီး သက္ကာလ မိတ်ဆွေတစ်ယောက်အပေါ်လည်း သူသုံးချက်လာပြန်တယ် ရှင်းကြပြီလား?

ဒါဖြင့် ဒကာ၊ ဒကာမတွေမှာ ဒါတွေ ဘယ်တော့များ ပျောက်ခဲ့သတုံးမေးတော့ မပျောက်တဲ့အပြင် ထပ်တောင် တိုးနေသေးတယ်၊ အဲဒါ ဘယ်နဲ့ကြောင့်တုံးဆိုရင် ဘုရားဆေးဆိုတဲ့ ကိုယ်တော်မြတ်ကြီး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလပတ်လုံး အင်မတန် ဖြည့်ဆည်းပူးလို့ ရတော်မူတဲ့ ဆေးသုံးခွက်ကို ဒကာတို့က သောက်လည်း မသောက်တဲ့အတွက် အရူးဟာ ဘယ်တော့မှ မပျောက်ဘူး၊ ရှင်းပြီးလား၊ ဒါကြောင့် ဒကာတို့ ဖြစ်ပျက်တစ်လုံးသည် အရူးပျောက်ဆေးလို့ မှတ်လိုက်စမ်းပါ။ ဖြစ်ပျက်တစ်လုံးမြင်လို့ ရှိရင် အရူးပျောက်တယ်၊ အရူးပျောက်ဆေး အစစ်ပါဘဲဆိုတော့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလပတ်လုံး ဘုရားရှင်ဖြည့်ဆည်းပူးလို့ ရတဲ့ဆေးဆိုတာ မှတ်လိုက်ကြပါ။

အရူးအစ (အယောနိသောမနသိကာရကပါ) မြန်မာလို ပြန်လိုက်ရင်၊ အရူးအစ နှလုံးသွင်းမှားတာကပါ၊ နှလုံးသွင်းမှားလို့ ရှိရင် ရူးပြီလို့သာ အောင့်မေ့ပေတော့ ဒါကြောင့်ဘာမဆို ကြည့်တော့ မယ်ဆိုလို့ရှိရင်ဖြင့် အဆင်းမှတပါး ဘယ်မှရောက်မသွားရဘူး၊ စိတ်က ဒီလို ထားကြည့်ရမယ်၊ အဆင်းမရောက်ဘဲနဲ့ လှလိုက်တာ ဆိုလို့ ရှိရင်ဖြင့် ရူးပြီသာ အောင့်မေ့၊ အရုပ်ဆိုးလိုက်တာဆိုရင်လည်း

ရှုးပြီလို့ အောင့်မေ့၊ ကြည့်လေ မြင်တယ် မြင်ရုံတင်ရပ်ကြ၊ ဒကာတို့ ရှေ့မတိုးနဲ့ ရှေ့တိုးရင် ရှုးတော့မှာဘဲရိပ်မိပြီလား။

ကြာရင်လည်း ကြားရုံတင်ရပ်ကြ၊ မဟုတ်ရင် ရှုးလိမ့်မည်၊ ဒကာတို့ဟာက ကြားရုံနဲ့မရပ်ဘူးတဲ့ ကြားတယ်ဆိုရင်လည်း ဒကာတို့က အင်း, မင်းသားက အသံကောင်းလိုက်ကာ၊ ဟုတ်လား ဆိုတော့ ကြားတယ်ဆိုလိုရှိရင်ဘဲ၊ ကြားစိတ်ကနေပြီး "သောတဉ္စ ပဋိစ္စသဒ္ဒေစဥပ္ပဇ္ဇတိသောတဝိညာဏံ တိဏ္ဏံသင်္ဂတိဖဿော၊ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ" အရှးကထလာတယ်။

အဲဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကြားရုံနဲ့ ရပ်ကြ၊ မရပ်ရင် ရှုးလိမ့်မယ်၊ မရပ်နိုင်လို့ရှိရင် ကြားတဲ့အသံကို ဖြစ်ပျက်ရှုကြ၊ ရှင်းပြီးလား၊ ကဲ, ဘုရားဖော်တဲ့ဆေးက ဖြစ်ပျက် ရှုပါဆိုတော့ အနိစ္စရှုခိုင်းတာ၊ အနိစ္စဆေးသောက်လိုက်၊ မသောက် နိုင်ရင်ချက်ချင်းရှုးတော့မယ်၊ သောက်မိကြရဲ့လားဆိုရင် မသောက် ရသေးဘူး၊ အခုမှ သောက်နည်းပေးတုန်းရှိသေးတယ်၊ ကျင့်သား မရသေးဘူး၊ ဒီဆေးသုံးခုမှတပါး (ကိုးစားရာ အားထားရာမရှိပါဘူး)

ဖြေးဖြေးသောက်ဖို့ သင့်သလား? မြန်မြန်သောက်ဖို့ သင့် သလား၊ ဆိုရင် မြန်မြန်သောက်ဖို့သင့်တာကို ခင်ဗျားတို့ အချိန် ရွှေ့မနေနဲ့၊ ယောနိသောမနသိကာရရှိရင် အနိစ္စ, ဒုက္ခ, အနတ္တမြင်မယ်။

သောတာပန်တည်ရင်ရာဂုမ္ဗတ္တကဆိုတဲ့ အရှုးလေးပိုင်းတပိုင်း

ပျောက်ပြီ၊ ဒိဋ္ဌိရှုးအကုန်ပျောက်ပြီ သဘောကျပြီလား၊ မောဟုမ္မတ္တက ဆိုတဲ့ မောဟရှုးကလည်း လေးပိုင်းတစ်ပိုင်း ပျောက်ပြီ။

အပါယ်လေးဘုံကို ဘယ်သူတည်ဆောက်သလဲ ဆိုရင်၊ အယောနိသောမနသိကာရက တည်ဆောက်တယ်၊ အပါယ် သည်ကား လို့ဆိုရင် ကံမကောင်းအကြောင့်မသင့်လို့ ကျရတာလား၊ ကိုယ့်ဟာ ကိုယ်ဆောက်ပြီး ကိုယ်သွားနေတာလားဆိုရင် ကိုယ့်ဘာ ကိုယ် ဆောက်ပြီး ကိုယ်သွားနေတာလို့ မှတ်ရမယ်။

ငရဲဘယ်သူတည်ဆောက်သတုံးဆိုရင် အယောနိသောမန သိကာရက တည်ဆောက်တယ်၊ သဘောက အနိစ္စကို နိစ္စထင်ပါတယ် ဆိုကထဲကိုက ဒကာတို့ဟာက သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသသုံးချက်သွားပြီ၊ ဒုက္ခကို သုခထင်ပါတယ်ဆိုကတည်းက သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသသုံးချက်သွားပြီ။

အနတ္တကို အတ္တထင်ပါတယ်ဆိုတော့ သညာဝိပ္ပလ္လာသ– စိတ္တဝိပ္ပလ္လာသ– ဒိဋ္ဌိပ္ပလ္လာသသုံးချက်ပြီးသွားပြီ အသုဘကို သုဘ ထင်ပါတယ်ဆိုတော့ (ဝိပ္ပလ္လာသသုံးချက်ဘဲသွားနေတယ်) သုံးလေလီ (၃ x ၄) ဆယ်နှစ်ချက်ဖြစ်တယ်၊ ကဲ ဝိပ္ပလ္လာသက ရှုးချက်က ဒကာတို့ ခန္ဓာကိုယ်ထဲမှာ ဆယ်နှစ်ခုရှိတယ်၊ ပေါ်ကြပြီလား?

မဂ်မရသေးရင် ဝိပ္ပလ္လာသအရှုး ဆယ့်နှစ်ခုရှိတယ်ဆိုတာ သဘောကျပြီလား၊ အယောနိသောမနသိကာရသည် အပါယ်ဘုံကို လက်နက်ပေါင်း ဘယ်လောက်နဲ့ ဆောက်ပါလိမ့်မတုံးဆိုတော့

ဆယ့်နှစ်ခုနဲ့ တည်ဆောက်နေတယ်၊ ဒါကြောင့် ဒကာ, ဒကာမတို့ အတွက် အပါယ်ဘုံကို ဘယ်သူမှတွန်းမချဘူး ကိုယ့်ရဲ့ အယောနိသောမနသိကာရ သဘောကြောင့်သာ ကိုယ်ဆောက်တဲ့ အိမ်ကို ကိုယ်သွားနေတာပဲလို့ မှတ်ကြ။

ဒါဖြင့် ငရဲဘယ်ကနေ တည်ဆောက်ပါလိမ့်မတုံးလို့ မေးတော့ ဒကာ, ဒကာမတွေ မှတ်ပါ၊ လူပြည်ကနေ တည်ဆောက်တာပါ။ အယောနိသောမနသိကာရ တစ်ချက်မှားရင် တစ်ချက်ဆောက်ပြီသာ အောင့်မေ့ပါ၊ အနိစ္စကို နိစ္စထင်ရင် ဆောက်ပြီ ဒုက္ခကို သုခထင်ရင် အနတ္တကို အတ္တထင်ရင် အသုဘကို သုဘထင်ရင် ဆောက်ပြီလို့ မှတ်ပါ။ အင်း ... ဘယ်ကနေ ဆောက်ပါလိမ့်ဆိုတော့ လူပြည် ကနေ ဆောက်တာ အခုပေါ်ကြပြီလား။

လူ့ပြည်က အမှန်တစ်ခုလုပ်တော့ နတ်ပြည်မှာ အမှန်တစ်ခု ပေါ်တယ်၊ လူပြည်က အမှားတစ်ခုလုပ်တော့လည်း ငရဲမှာ အမှားတစ်ခု ပေါ်ရမှာဘဲ၊ ဒီဝိပ္ပလ္လာသ ပယ်နိုင်တဲ့ အလုပ်ကို လုပ်ဘို့ ဒကာ, ဒကာမတွေကို ဘုန်းကြီးကပဲတိုက်တွန်းလိုက်ပါတယ်၊ ဒကာတို့က မလုပ်ဘူးဆိုရင် ဒကာတို့ဆောက်ပြီးသားအိမ်ကို ဒကာတို့ သွားနေရုံမှ တပါးဘာမှ ဒီပြင်အထူးကြံစရာမလိုဘူး။

ဆောက်ပြီးသားဆိုတော့ ဘုရားလက်ထက်က နန္ဒိယသေတော့ ဘယ်သွားမှာတုံး၊ ဘယ်မှမသွားဘူး ဒီနတ်ပြည်သွားရမှာဘဲ၊ သူဆောက် ပြီးသား ဘုံနိဗ္ဗာန်မှာသူသွားနေတာ၊ သဘောပါကြပြီလား၊ ဒကာ

တို့ကောဘယ်နဲ့ဆိုကြမလဲ၊ ကိုယ်ဆောက်ပြီးသာ ကိုယ်သွား နေဘို့ဘဲ ရှိတယ် ဘာနဲ့ဆောက်သလဲ၊ အယောနိသောမနသိကာရက လက်သမားဆယ့်နှစ်ယောက်နဲ့ ဆောက်တယ်။

ခင်ဗျားတို့က ကုသိုလ်ကလေး လုပ်တာရယ်လို့ မနက်ဆွမ်းတော်ကလေး တင်တာရယ်၊ အကြောင်းညီညွတ်တဲ့အခါ ကျောင်းကန် ဘုရားကလေး သွားတာရယ်၊ ဒါလောက် ကုသိုလ်နဲ့ မကယ်နိုင်ဘူးတဲ့၊ မှားချက်က ဒီကုသိုလ်နဲ့မှမကဘဲ . . . ဒီလောက် ကုသိုလ်က ဘာဖြစ်လောက်သလဲဆိုတော့, မဖြစ်လောက်ပါဘူး။

အဲဒီတော့ ဘုန်းကြီးပြောချင်တာကတော့ မိုးကြိုးပစ်တာ ထန်းလက်နဲ့ ကာနေလို့တော့ မရဘူးနော် ရှင်းပြီလား ကာနိုင်လို့ ရှိရင်ဖြင့် ဒကာတို့မဂ်နဲ့ ကာပေါ့၊ ထန်းလက်နဲ့ မရဘူး၊ သဘောပါပြီလား၊ ဒါကြောင့်မို့ ဘုရားကြည်ညိုရုံလောက်နဲ့ မရသေးပါဘူး ဘုရားကြည်ညိုရုံလောက်နဲ့ဆိုရင်၊ အဇာတသတ်ထက် ကြည်ညိုတာ ဘယ်ရှိမတုံး၊ ဘုရားပရိနိဗ္ဗာန်စံတယ်ဆိုရင် တက်တောင်သွားတယ်၊ ကြည်ညိုလိုက်တာနဲ့ နောက်ဆုံးပိတ် လောဟကုမ္ဘီငရဲကျတယ် ရှင်းကြပြီလား?

ဒုက္ခကို ဒုက္ခမှန်းသိတာ (ယောနိသောမနသိကာရပါဘဲ)
အနတ္တကိုအနတ္တမှန်းသိတာ (ယောနိသောမနသိကာရပါ)
အသုဘကို အသုဘမှန်းသိတာ (ယောနိသောမနသိကာရပါ)
ယောနိသောမနသိကာရဘဲ၊ ဒါသညာနဲ့မှတ်ထားလိုက်ပါ၊

နောက်ပညာနဲ့ကြည့်နည်းကျတော့ အလုပ်ခွင်ဝင်မှပြီးတယ်၊ အဲဒါကြောင့် **သညာနဲ့ သိရုံကလေးနဲ့ နိဗ္ဗာန်မရောက်နိုင်ဘူး၊ အလုပ်ခွင်ဝင်ပြီး ခန္ဓာကပြောမှ ဒကာတို့ နိဗ္ဗာန်ရောက်မှာပါ။**

ဒါကြောင့်ဘုရားက (ဉာတပရိညာ) သိမှုအရေးကြီးတယ်တဲ့၊ ပြီးတော့မှ (တီရဏပရိညာ) ပွားမှုအရေးကြီးတယ်၊ အဲဒီပွားများမှု ပြီးမှ ခုနကအနိစ္စကို နိစ္စထင်တာတွေ ပယ်နိုင်ပါတယ်၊ ဒုက္ခကို သုခထင်တာတွေ ပယ်နိုင်ပါတယ်၊ အနတ္တကို အတ္တထင်တာကိုလည်း ပယ်နိုင်ပါတယ်၊ အသုဘကို သုဘထင်နေတာလည်း ပယ်နိုင်ပါတယ်၊ အဲဒီကျမှ (ပဟာနပရိညာ)ဖြစ်တယ်။

ဒါကြောင့် ဒကာ, ဒကာမတွေ အားလုံးသိမှုနဲ့ မပြီးသေးဘူး၊ ကျင့်မှုနဲ့ စခန်းစရမယ်၊ ကျင့်မှုရင့်သန်မှသာလျှင် ပယ်မှု (မဂ်) ဆိုက်မယ်၊ ခန္ဓာကိုယ်ကြီးရဲ့ **အနိစ္စကို နိစ္စ**လို့ ယူရင် ဒိဋ္ဌိဝိပ္ပလ္လာသ၊ အနိစ္စကို နိစ္စလို့ မှတ်တဲ့ သညာဝိပ္ပလ္လာသ၊ အနိစ္စကို နိစ္စလို့ သိနေပြန်လို့ ရှိရင်တော့ အဲဒါ စိတ္တဝိပ္ပလ္လာသ၊ အနိစ္စက ယူမှု၊ မှတ်မှု သိမှုအနေနဲ့ သုံးပါးထွက်လာတယ်၊ ဒါကြောင့် ခင်ဗျားတို့ အနိစ္စမမြင်လို့ရှိရင် ဒီသုံးပါးမပယ်နိုင်ဘူးတဲ့။

**ဒုက္ခကိုသုခ**လို့ မှတ်နေရင်လည်း သညာဝိပ္ပလ္လာသ၊ ဒုက္ခကို သုခလို့သိနေပြန်ရင်လည်း စိတ္တဝိပ္ပလ္လာသ၊ ဒုက္ခကို သုခလို့ ယူနေပြန်ရင်လည်း ဒိဋ္ဌိဝိပ္ပလ္လာသပါဘဲ၊ ဒုက္ခက သုံးခုရှိတယ်မှတ်ပါ၊ ဒုက္ခမှာလည်း မှတ်မှု၊ သိမှု၊ ယူမှုတွေအနေနဲ့ သုံးခုရှိပြန်တယ်၊

အနတ္တကို အတ္တလို့ မှတ်ထားပြန်ရင်လည်း သညာဝိပ္ပလ္လာသပါ၊ **အနတ္တကို အတ္တလို့** သိနေပြန်ရင်လည်း စိတ္တဝိပ္ပလ္လာသ၊ အနတ္တတရားကြီး ခန္ဓာကိုယ်ကြီးကို အတ္တလို့ ယူနေပြန်ရင်လည်း ဒိဋ္ဌိဝိပ္ပလ္လာသပါ၊ ခိုင်တယ်၊ မြဲတယ်လို့ ယူနေပြန်ရင်လည်း ဒိဋ္ဌိဝိပ္ပလ္လာသ၊ အနတ္တမှာလည်း သုံးချက်ပါဘဲ။

**အသုဘဖြစ်တဲ့ ခန္ဓာကိုယ်ကြီးကို သုဘ**လို့မှတ်နေပြန်ရင် သညာဝိပ္ပလ္လာသ၊ အသုဘဖြစ်တဲ့ ခန္ဓာကိုယ်ကြီးကို သုဘတင့်တယ်၊ တယ်လို့ သိနေပြန်ရင်လည်း စိတ္တဝိပ္ပလ္လာသလာပြီ၊ အသုဘဖြစ်တဲ့ ခန္ဓာကိုယ်ကြီးကို သုဘလို့ ယူနေပြန်ရင်လည်း ဒိဋ္ဌိဝိပ္ပလ္လာသလာတာဘဲ၊ ဒါကြောင့် အနိစ္စ, ဒုက္ခ, အနတ္တ က ၁၂ပါး ထွက်သွားတယ်၊ အဲဒီ ဆယ့်နှစ်ပါးကို ဒကာ, ဒကာမတို့ ရှေးဦးစွာသိထားရမယ်၊ ဒါတွေဟာ ဒို့သန္တာန်မှာ ရှိနေပါလားလို့သိရမယ်။

သိပြီးသကာလမှတစ်ခါပွားများလာတဲ့အခါကျတော့မှ သူက တော်တော်ပါးထွက်သွားတယ်၊ ရှင်းပြီးနော်၊ ပွားများတော့ ပါးထွက်သွားတာ ပွားများမှု အဆုံးမှာ နိဗ္ဗာန်မြင်တဲ့ မဂ်ပေါ်လာတော့မှ သောတာပတ္တိမဂ်က ဆယ့်နှစ်ပါးအနက်မှာ ရှစ်ပါးပယ်ချလိုက်တယ်၊ ဒီပဌမမဂ်မရသေးသ၍ ကာလပတ်လုံး ဆယ့်နှစ်ပါးလုံး ရှိနေတယ်၊ ဒါသေသေချာချာမှတ်ပါ၊ ဒီပြင် မဂ်တွေက ဒီလောက်အရေးမကြီးဘူး၊ ဒီရှစ်ပါးပယ်နိုင်တဲ့ မဂ်ဟာ သာမည သတ္တိမဟုတ်ပါဘူး၊ အဲဒီတော့ သောတာပတ္တိမဂ်ရလို့ရှိရင်ဖြင့် ဆယ်နှစ်ပါးရှိတဲ့အနက်က ရှစ်ပါး ပယ်ပါတယ်လို မှတ်ပါ။

အနာဂါမ်မဂ်ကျအောင်ရလို့ရှိရင် ဆယ်ပါးထိ ပယ်မှာပဲ၊ ရဟန္တာဖြစ်မှ ဆယ့်နှစ်ပါးကုန်မယ်၊ ဒီလိုဆိုတော့ (တီရဏပရိညာ)ဆိုတဲ့ ပွားများမှု မရှိပဲနဲ့ (ပဟာနပရိညာ)က ဒီဟာတွေ အသီးသီး မပယ်နိုင်ဘူး၊ ဒါကြောင့် အလုပ်ကိုပွားများကြ၊ ပွားများမှ ပယ်နိုင်မယ်၊ **သိမှ ပွားများ ပွားများမှ ပယ်နိုင်မှာ**ကိုသဘောကျပြီလား၊ ရှင်းပြီနော်။

ဝိပ္ပလ္လာသ ၁၂ပါး၊ အရှုး ၁၂ပါးက ကျုပ်တို့မှာ အပြည့်အစုံ ရှိတယ်၊ တခါတလေ သညာရူးနဲ့၊ တစ်ခါတလေ စိတ်ရူးနဲ့၊ တစ်ခါတလေ အယူရူးနဲ့ နှလုံးသွင်းမမှန်ရင် အရူးက မပျောက်ဘူး၊

ဒါကို ပဋိစ္စသမုပ္ပါဒ်နဲ့ ပြမယ်၊ ဒကာ, ဒကာမတို့မှာ သမီးကလေးလို့ မှတ်ထားတယ်၊ ဒါသညာ ဝိပ္ပလ္လာသ ရှိနေတယ်၊ သမီးကလေးလို့ မှတ်ထားတာ သညာဝိပ္ပလ္လာသ၊ အဟုတ်ကို သမီးပဲလားလို့ဆို, ဘယ်နေ့ ဘယ်ရက်က မွေးဖွားထားတာ၊ ဒီလိုကို လာတယ်၊ အဲဒီတော့ သမီးကလေးဖြင့်လည်း ဒကာတို့က ခင်မိကြသလားလို့ အို, သမီးပဲ မခင်ရင်တော်ပါ့မလားဆိုတဲ့ အဓိပ္ပာယ်မျိုးယူလိုက်ပြန်တော့ သမီးမှတ်ထားတာကလည်းအရူးကိုဗျ။

အဲ အရူးက မှတ်ထားတဲ့ အခါကျတော့ အရူးတွင်ခင်ပြီး သကာလ စိတ္တဝိပ္ပလ္လာသဝင်ပြီး သမီးလို့ တကယ်ထင်ပြီး တကယ် ခင်ချလိုက်တာဘဲ၊ အဲဒါအနိစ္စတွေပျောက်၊ ဒုက္ခတွေပျောက် အနတ္တတွေပျောက် အသုဘတွေပျောက် ပင်ကိုယ်ရှိလေးခုပျောက်ပြီ၊ သမီးကလေးဆိုတဲ့ အမှတ်များကလာတော့ ကိုယ့်သမီး ကိုယ်မခင်လို့ရှိရင်

တောင်းစုတ်, ပလုံးစုတ်လည်း မဟုတ်တော့ ခက်တယ်ဆိုပြီး ခင်နေတာဘဲ၊ ခင်နေတော့ ဒါစိတ္တဝိပ္ပလ္လာသ ရောက်သွားတယ်၊ အသက်အရွယ်ကြီးလာပြန်တော့လည်း သူတို့ဘဲအားကိုးရမှာ၊ ဟော အနိစ္စ ကိုအားကိုးပြီ၊ ဒုက္ခကို အားကိုးပြီ၊ အနတ္တကိုအားကိုးပြီ၊ အသုဘကို အားကိုးနေပြီ ဒါဘာကိုလည်းဆိုတော့ ဒကာ, ဒကာမတို့ နှလုံးသွင်းမမှန်သေးလို့ ရှိနေတာပါပေါ်ပြီလား?။

ဒကာတို့ ဘယ်လောက်ရှုးတယ်ဆိုတဲ့ ဥစ္စာသမီးရယ်လို့ မှတ်ထားလိုက်တော့ သမီးကလေးက ဖျတ်ကနဲဆို ပျက်စီးသွားတယ်၊ သုံးနှစ်သုံးလီငိုလို့ မပြီးဘူး၊ ရှုးနေတယ်၊ ဘာဖြစ်လို့ ရှုးတာတုံး အမှတ်မှားကြောင့် ရှုးတာ၊ ဟုတ်ပြီလား၊ ကျုပ်ဖြင့် အားကိုးကြီး ပြုတ်ပါပေါ့၊ အယူမှားကလည်း လိုက်လာတယ်၊ ကျုပ်ဖြင့်အားကိုးကြီး ပြုတ်ပါပြီဆိုတော့၊ အနိစ္စတရားကို အားကိုးပြုတ်ပါတယ်လို့ ပြောနေတဲ့ဥစ္စာ နဂိုလ်ကမှ အားမကိုးရတာကြီးကို အားကိုးထားတော့ အားကိုးကြီး ပြုတ်ပါပေါ့လို့ဆိုပြီး သကာလ သူသည် တစ်ခါထပ်ရှုးပြန် ပေတယ်။

ကိုင်း, ဒါဖြင့် ဒီတရားတွေဟာ အရှုးတရားဆယ့်နှစ်ပါးဆိုတာ ပေါ်ကြပြီ၊ အမှတ်ကမှားသွားလို့ရှိရင် အသိကလည်းမှား၊ အသိမှားရင် အယူကလည်းမှားရတာပေါ့၊ ကိုယ့်သားသမီးက မလိမ်မာလို့ ထော်လော်ကန့်လန့်လုပ်တဲ့အခါကြတော့ သမီးအတွက်ခက်တယ်၊ တစ်ခါထဲ လာတာဘဲ၊ သမီးအတွက် ခက်ပါတယ်ဆိုတာ၊ သမီး

အတွက်က သညာဝိပ္ပလ္လာသ ခက်တယ်ဆိုတာက စိတ္တဝိပ္ပလ္လာသ၊ ရှင်းပြီလား။

သမီးလေး သူ့ဘာမျှမသိဘူး၊ သူ့ဘာမျှမသိဘူး၊ ဒီအမေ အဖေကြီးတွေဟာ သူ့ကိုမှီနေရတယ်ဆိုတာ သူမသိရှာဘူးလို့ ဆက်လာတယ်၊ ဒါက ဒိဋ္ဌိဝိပ္ပလ္လာသ၊ ကိုင်းအရှုံးသွားသွားပါရောလား၊ အဲဒီတော့ ဒီဟာသာ ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ ဒီသုံးချက်မပယ်သမျှ ကာလပတ်လုံးဖြင့် သောကပရိဒေဝ ဒုက္ခဒေါမနဿဥပါယာသဆိုတဲ့ ဒုက္ခအစုကြီးနဲ့ ခန္ဓာပဋိစ္စသမုပ္ပါဒ်ဟာ တန်းနေတာပါဘဲ။

သောက = စိုးရိမ်မှုလာမှာဘဲ၊ ပရိဒေဝ = ငိုကြွေးမှု (လာမှာပါတဲ့) ဒုက္ခဒေါမနဿဖြစ်မှု (လာမှာပါဘဲ) ဥပါယာသ = ပြင်းစွာ ပင်ပန်းမှု လာမှာဘဲတဲ့၊ ဩော် ဒီ**ပဋိစ္စသမုပ္ပါဒ် ဘယ်ကလာပါလိမ့် မတုံးဆိုတော့ အမှတ်မှားကြောင့်လည်း လာပါတယ်၊ အသိမှား ကြောင့်လည်းလာပါတယ်၊ အယူမှားကြောင့်လည်းလာပါတယ်၊** ပဋိစ္စသမုပ္ပါဒ်က အလိုလိုပေါ်တာလား၊ ဘယ်လိုပေါ်တာလဲလို့ ပဋိစ္စသမုပ္ပါဒ်ရဲ့လက်သည်ရှာပြန်တော့လည်း ဒီအမှတ်မှား–အသိမှား၊ အယူမှားကလာတာ၊ ရှင်းပြီလား။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ဘယ်ကစသတုံးလို့ ဆိုလို့ရှိရင်၊ အမှတ်မှား၊ အသိမှား၊ အယူမှားက လာပါတယ်။ အရင်တုန်းကတော့ ပဋိစ္စသမုပ္ပါဒ် ဆိုတာ ဒကာတို့မှာ ဒီအတိုင်းဖြစ်နေတာဘဲ၊ ကိုယ်ကဖြတ်နိုင်

ဖြစ်မဖြစ်နိုင် သူ့သဘောနဲ့ သူလယ်နေမှာဘဲ၊ ဒီအချက် အလက်ဘဲ သိတယ်၊ အခုတော့ မဟုတ်ဘူး၊ ပဋိစ္စသမုပ္ပါဒ်ကိုဖြစ်စေတဲ့ ဝိပ္ပလ္လာသ တရားကို သိသွားပြီရှင်းပြီလား?၊

**"ပဋိစ္စသမုပ္ပါဒ်အစ ဝိပ္ပလ္လာသ မသိမ်းဆည်းနိုင်တာက"** ဆိုတာ ပေါ်ကြပြီလား၊ ပဋိစ္စသမုပ္ပါဒ်အစဟာ ဝိပ္ပလ္လာသမပယ်နိုင်တာ၊ မသိမ်းဆည်းနိုင်တာ အတူတူဘဲ၊ ပေါ်ကြပြီနော်၊ ဒါဖြင့်ဘုန်းကြီးတို့ ဒကာ, ဒကာမတွေမှာ **"ပဋိစ္စသမုပ္ပါဒ် ဖြတ်ချင်ပါတယ်ဆိုရင် ဝိပ္ပလ္လာသ ပယ်နိုင်ရင် ပြတ်တာဘဲ၊** သောတာပန်တည်ရင် ဝိပ္ပလ္လာသ ရှစ်ပါးပယ်လိုက်နိုင်လို့ အပါယ်ပဋိစ္စသမုပ္ပါဒ် ပြတ်ထွက်သွားတယ်။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ နတ်ပြည်ခြောက်ဌာန သွားတဲ့ ပဋိစ္စသမုပ္ပါဒ်လည်း ရှိတယ်၊ အပါယ်လေးပါးသွားတဲ့ ပဋိစ္စသမုပ္ပါဒ်လည်း ရှိတယ်၊ ဒီထဲမှာ ငရဲသွားတဲ့ ပဋိစ္စသမုပ္ပါဒ်နဲ့ တိရစ္ဆာန်သွားတဲ့ ပဋိစ္စသမုပ္ပါဒ်၊ ပြိတ္တာသွားတဲ့ ပဋိစ္စသမုပ္ပါဒ်ဟာလည်း မတူသေးဘူး၊ တိရစ္ဆာန်သွားတဲ့ ပဋိစ္စ သမုပ္ပါဒ်နဲ့ အသူရကာယ်သွားတဲ့ ပဋိစ္စသမုပ္ပါဒ်လည်း မတူဘူး၊ ဒါက အကုသိုလ် အမျိုးမျိုးဘဲကိုး၊ ဒါဖြင့် ဒကာတို့ ဒီမဂ်မှ မရသေးလို့ရှိရင် ဒီဝိပ္ပလ္လာသ ရှစ်မျိုးမှ မပယ်နိုင်သေးလို့ရှိရင်ဖြင့် ဒီဆယ်မျိုးသော ပဋိစ္စသမုပ္ပါဒ်မပြတ်ဘူးလို့ ဆုံးဖြတ်ချက်ချပါ။

ဆရာကောင်းတွေ့မှ ဒကာ, ဒကာမတို့ ဟုတ်တိုင်းမှန်စွာသိတဲ့

ဉာဏ်ရမယ်၊ ဟုတ်တိုင်းမှန်စွာသိတဲ့ ဉာဏ်ရမှ နှလုံးသွင်းမှန်မယ်၊ နှလုံးသွင်းမှန်မှသာလျှင် ဝိပဿနာကို သေသေချာချာသိမယ်၊ သိတော့မှ ဒကာတို့ ဝိပဿနာပယ်ကြောင်းကို ကျင့်မယ် ကျင့်ပြီးသည့်နောက်မှ အကျင့်မှန်သွားတော့မှ ဝိပဿနာ ပယ်တဲ့ ဉာဏ်ရမယ်၊ မဟုတ်ရင် ရကိုမရဘူးဆိုတော့ တော်တော်အရေးကြီးတဲ့ တရားပါးလားဆိုတာ ပေါ်လာတယ်၊ ရှင်းပြီနော် နှလုံးသွင်းမှန်ကြပါစို့ဆိုလို့ရှိရင်ဖြင့် ဒီအတိုင်း ပြောရုံကလေးနဲ့တော့ နှလုံးသွင်းအမှန်မရဘူး၊ ခန္ဓာနဲ့ ဉာဏ်နဲ့တည့်မှ နှလုံးသွင်းမှန်ရမယ်။

ခန္ဓာနဲ့ ဉာဏ်နဲ့ တည့်မှ၊ ခန္ဓာနဲ့ ဉာဏ်နဲ့မတည့်သ၍ ကာလပတ်လုံးမှာ နှလုံးသွင်းမတည့်သေးဘူးလို့ မှတ်ပါ။ ဒါဖြင့် အလုပ်ခွင်မဝင်သေးသ၍ ကာလပတ်လုံး သိကာမျှကလေးနဲ့တော့ဖြင့် နှလုံးသွားမှန်အစစ်မဖြစ်နိုင်ဘူး၊ ဒါဖြင့်, ဒကာ ဒကာမတွေ အလုပ်ခွင် ဝင်ရမယ်၊ အလုပ်ခွင်ဝင်လိုက်တဲ့အခါကျလို့ ရှိရင်ဖြင့် (ဥပမာ) စိတ်ရှုတယ်၊ ဝေဒနာ ရှုတယ်၊ ကြိုက်တာရှုပါ၊ နောက်ဆုံးပိတ် ဖြစ်ပျက်ဟာ ဒုက္ခသစ္စာဖြစ်တာဘဲ၊ သစ္စာရှုရာရောက်တာပါဘဲ။

ခန္ဓာဟာ ဝေဒနာလား အနိစ္စလားလို့ မေးလိုက်တော့ ခန္ဓာက အနိစ္စလို့ ပြောတော့ နိစ္စသညာသူပယ်လိုက်ပြီ၊ ဒီဖြစ်ပျက်က ဒကာတို့ သိတဲ့အတိုင်းဘဲ၊ ဒုက္ခသစ္စာ ဟုတ်တယ် မဟုတ်လား? သုခသညာ ပယ်လိုက်ပါပြီတဲ့ ဒီဥစ္စာ ခိုင်တဲ့ မြဲတဲ့တရားလား၊ မခိုင်မြဲတဲ့ တရားလားဆိုတော့ မခိုင်, မမြဲတဲ့ တရားဖြစ်လို့

အလုပ်နဲ့ ကြည့်လိုက်တဲ့အခါ ကိုယ့်ရှေ့တွင် ပျောက်တယ်၊ အဲဒီတော့ ဒကာ ဒကာမတွေ သိတဲ့အတိုင်း ဒိဋ္ဌိဝိပ္ပလ္လာသလည်း သွားပြန်ပြီ သဘောကျပြီလား။

ဒါဖြင့်ဒိဋ္ဌိလေးမျိုးကတော့ အနိစ္စကို နိစ္စလို့ ယူတဲ့ဒိဋ္ဌိ၊ ဒုက္ခကို သုခလို့ ယူတဲ့ဒိဋ္ဌိ၊ အနတ္တကို အတ္တလို့ ယူတဲ့ဒိဋ္ဌိ အသုဘကို သုဘလို့ ယူတဲ့ဒိဋ္ဌိ၊ အဲဒီဒိဋ္ဌိလေးမျိုးရယ်၊ ခုနကပြောခဲ့တဲ့ နိစ္စသညာ, နိစ္စစိတ္တရယ်, အတ္တသညာရယ်, အတ္တစိတ္တရယ်နော်၊ တရားတွေကို အားလုံးပေါင်းလိုက်တဲ့အခါ ရှစ်ပါးရပါတယ်၊ သောတာပတ္တိမဂ်ကို ရလို့ရှိရင်သူတို့ အမြစ်နဲ့တကွ ပြုတ်ပါတယ်၊ အမြစ်နဲ့တကွ ပြုတ်သောကြောင့် ပဋိစ္စသမုပ္ပါဒ်ရှစ်မျိုးပြုတ်ပါတယ်၊ ပဋိစ္စ သမုပ္ပါဒ် ဆိုသည်ကား အရှုးရှစ်မျိုးပျောက်တယ်။

အရှုးရှစ်မျိုးပျောက်ရင် ပဋိစ္စသမုပ္ပါဒ်ဆယ်မျိုးပျောက်ပါတယ်၊ သေသေချာချာမှတ်ပါ၊ ဒီဥစ္စာမလွယ်လို့နော် နိစ္စသညာက နိစ္စစိတ္တနော် အတ္တသညာက အတ္တစိတ္တ၊ ဒီလေးခုရယ်ပြီးတော့မှ ဒိဋ္ဌိလေးမျိုးရယ်၊ ရှစ်ခုမနေဘူးလား၊ အဲဒီရှစ်ခုက သောတာပတ္တိမဂ်ရမှ အရှုးရှစ်မျိုး ပျောက်တယ်၊ အရှုးရှစ်မျိုးပျောက်မှ ပဋိစ္စသမုပ္ပါဒ် ဆယ်မျိုးပျောက်တယ်၊ အပါယ်လေးပါးသွားတဲ့ ပဋိစ္စသမုပ္ပါဒ်က လေးမျိုး၊ မရောက်ကောင်းတဲ့ ခြောက်ဌာနပို့တဲ့ ပဋိစ္စသမုပ္ပါဒ်က ခြောက်မျိုး၊ ခြောက်မျိုးနဲ့ လေးမျိုးပေါင်းတော့ (ဆယ်မျိုး) ရှင်းပြီနော်။

အဲဒီပဋိစ္စသမုပ္ပါဒ်ဆယ်မျိုး ဘယ်ကလာသလဲဆိုရင် အရူးရှစ်မျိုးကလာပါတယ်၊ အရူးရှစ်မျိုးဘယ်ကလာသလဲလို့ မေးတဲ့အခါကျတော့ နှလုံးသွင်းမှားက လာတယ်၊ အကြောင်း အကျိုးဆက်မိပြီမဟုတ်လား၊ နှလုံးသွင်းမှားတယ်ဆိုကထဲက အပါယ်လေးပါးဟာငါ့ပစ္စည်းလို့ မှတ်ပုံတင်လုပ်ထားပြီးသားနော်။

လက်သည်အရင်းအကျဆုံးဘဲဆိုတာ နှလုံးသွင်းမှန် ဆိုတာသည် ဒကာ, ဒကာမတို့ ဘယ်လိုမှ အမှန်ရောက်နိုင်သတုံးဆိုတော့ ခန္ဓာက ပြောတာကို ခန္ဓာကတော့ သူအနိစ္စရှိလို့ အနိစ္စဘဲပြောတယ်၊ ဒုက္ခဘဲရှိလို့ ဒုက္ခဘဲပြောတယ်၊ အနတ္တဘဲရှိလို့ အနတ္တဘဲပြောတယ်၊ အသုဘရှိလို့ အသုဘဘဲပြောပါတယ်၊ ဒါဖြင့် သူပြောတာနဲ့ ကိုယ့်ဉာဏ်နဲ့ ကိုက်လို့ရှိရင်ဖြင့် နှလုံးသွင်းမှန်ပြီ အောင့်မေ့ပါ။

နှလုံးသွင်းမှန်ဆိုတာကလည်း ကိုယ့်ဒီဂရီနဲ့ ကိုယ်ထိုးကြည့်ပါ၊ နှလုံးသွင်းမှန်တယ် မှားတယ်ဆိုတာ ကိုယ့်ဟာ ကိုယ်အသိဆုံးမို့ ကိုယ့်ဟာကိုယ်ဆုံးဖြတ်ချက်ချပါ၊ ခန္ဓာကိုယ်ရှိတာက အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ်၊ အသုဘရယ်ဆိုတာ ရှိပါတယ်၊ ဒုက္ခသစ္စာလည်းရှိပါတယ်၊ ဒီလိုရှိတာကို ကိုယ့်နှလုံးသွင်းနဲ့ တည့်သွားလို့ရှိရင်ဖြင့်ဒါနှလုံးသွင်းမှန်တာဘဲ၊ ခန္ဓာက ပြောတာကတော့ ဒါကိုပြောတယ်၊ ကိုယ်က ပြောင်းပြန်ယူနေတယ်ဆိုတော ဒါခက်ပြီ ဘယ်လို ခက်သလဲဆိုတော့ ခင်ဗျားတို့ ပြောနေကြတယ်၊ ကိုယ်သမီးလေး သေနေပေမဲ့လည်း လှလိုက်တာတဲ့။

အလောင်းကြည့်ရတာ လှလိုက်တာ၊ သေပုံတောင် မရသေးဘူးတဲ့၊ ဒကာတို့က ဒါနဲ့ ညှော်ခံနေတော့ အတော်ခဲယဉ်းတယ်၊ အချို့ကလည်း မသာရှင်ကို လောကွတ်ချော်တာမျိုး၊ ကိုယ်ကိုတိုင် ခင်လို့ ဖြစ်လာတာက တမျိုး၊ အဲဒီတော့ ဝိပ္ပလ္လာသဆိုတာ မျိုးဟာ ဝိပ္ပလ္လာသ ပျောက်ဘို့ဟာကလည်း ခန္ဓာကအပြောနဲ့ နှလုံးသွင်းမှန်နဲ့ တည့်သွားမှသာလျှင် ဒီဝိပ္ပလ္လာသ ပျောက်မှာ၊ အလုပ်ခွင်နဲ့ ခန္ဓာကိုယ်အလုပ်ခွင်၊ ခန္ဓာကိုယ်ကြည့်တဲ့ ဉာဏ်နဲ့ နှလုံးသွင်းမှန်မှန်နဲ့ ကြည့်လိုက်ပြီ၊ နှလုံးသွင်းမှန်မှန်ထားပြီး သမ္မာဒိဋ္ဌိနဲ့ကြည့်လိုက်ပြီဆိုတော့မှ ခန္ဓာက ဖျတ်ဖျတ်, ဖျတ်ဖျတ်နဲ့ ဝေဒနာကလေးတွေက ဟိုနေရာက ပေါ်လိုက်၊ ပျောက်လိုက် စိတ်ကလေးတွေက ဒီနေရာက ပေါ်လိုက်၊ ပျောက်လိုက်နဲ့ အကုန်သည်ကားလို့ ဆိုရင်ဖြင့် အနိစ္စတရား၊ ဒုက္ခတရား၊ ခဏခဏသေနေတဲ့ အားမကိုးလောက်တဲ့ အနတ္တတရား၊ ခဏခဏသေနေတဲ့ အသုဘတရားကလေး ခဏခဏသေနေတာကိုး။

ဒါဖြင့် နှလုံးသွင်းမှန်တဲ့ ပုဂ္ဂိုလ်ကျတော့ ဒီဖြစ်ပျက်ကလေး တစ်လုံးကိုပင်လျှင် အနိစ္စဆိုတာသူဘဲ၊ ဒုက္ခဆိုတာ သူဘဲ၊ အနတ္တဆိုတာ သူပါဘဲ၊ အသုဘဆိုတာ သူပါဘဲ၊ အဲဒီဖြစ်ပျက်မြင်လို့ မှန်မှန်မြင်နေတဲ့ ပုဂ္ဂိုလ်ဆိုလို့ ရှိရင်ဖြင့် ဒီဒကာ, ဒကာမတွေ မှတ်ပါတဲ့၊ ဝိပ္ပလ္လာသ မပယ်နိုင်သေးသော်လည်း မပယ်သေးပေမဲ့ အရှုးတော့ ပျောက်စပြုပြီ၊ သဘောကျပြီလား၊ အရှုးပျောက်စပြုတယ်ဆိုတော့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ဒီလူအတွက် အာရဏ်တက်ပြီတဲ့ သဘောကျပြီလား။

# ပရမ်းပတာဘေးလွတ်မြောက်ရေးတရားတော်

ဒကာ, ဒကာမတွေ တစက္ကန့်ထက်, တစက္ကန့်၊ တစ်မိနစ်ထက်, တစ်နေ့ထက်တစ်နေ့ဆိုသလို အချိန်တွေ နေ့ရက်တွေ တစ်ရွေ့ရွေ့ ကုန်, ကုန်လာကြတယ်၊ ဒီလိုအချိန်တွေ ကုန်လာတာဟာ နေ့ရက်က ကုန်တာမဟုတ်ဘူး၊ အသက်တမ်း တစ်ရက်ထက်, တရက်ရော့ ရော့သွားတာပါ အသက်တမ်းကသာ ကုန်, ကုန်သွားရတာဘဲ၊ နေ့တွေ ရက်တွေက ဘယ်တော့မှ မကုန်နိုင်ပါဘူး၊ အမှန်ကုန်ဆုံး သွားခဲ့တာ၊ အမှန်ဇာကယ် ပျောက်ပျက်သွားတာကတော့၊ ဒကာ, ဒကာမတို့ အသက်တမ်းတမ်းဘဲ ရှင်းကြရဲ့လား?။

အချိန်ကုန်တာဟာ ဝမ်းသာစရာမဟုတ်၊ ဝမ်းနည်းစရာ၊ စိတ်မချစရာဘဲဆိုတဲ့အချက် လေးလေးနက်နက်ကြီး စဉ်းစားကြ၊ သဘောပါကြပြီလား? နေ့ရက် အချိန်, နာရီတွေ ကုန်လေလေ ဒကာ, ဒကာမတွေ အသက်တမ်းရော့ရော့သွားလေလေ သေဘို့အချိန်နဲ့ နီးလေလေဘဲ၊ သေရဘို့ အချိန်နီးလာလေ နေဘို့အချိန်က နည်းသွား လေဘဲ။

နေရဘို့အချိန်က နည်းလာသလောက်, မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နဲ့ အမှတ်တမဲ့ သေသွားရရင် လှလှကြီး ဒုက္ခရောက် ရမယ်၊ ဒါကြောင့် အချိန်ကုန်တာ စိတ်မကျစရာကြီးဘို့ဘဲ၊ ဒီတော့ အချိန်တွေကုန်သလောက်အမှုမဲ့ အမှတ်မဲ့ စိတ်ချနေလို့ မဖြစ်သေး ပါလားလို့ ရိပ်မိကြရမယ်။

အချိန်ကုန်သမျှ နေ့ရက်ကုန်သမျှ ကိုယ့်အသက်တမ်းကုန်တာ၊ ကိုယ့်အသက်တမ်း ဆုတ်ယုတ်မှုဘဲဆိုတာ မှတ်ကြ၊ ဒီလိုကုန်တာဟာ သေဘို့ နီးတာဘဲ၊ သေဘို့အချိန်နီးလာလေ စိုးရိမ်ရလေပဲ၊ အော်... သေရအုံးမယ်, သေရရင်ဖြင့် ဘယ်ဘုံ, ဘယ်ဘဝရောက်ရပါမလဲ? လို့ တွေးလုံးလာတယ်၊ အဲဒီတွေးလုံးလာတာဟာ ဘာကြောင့်လဲ? စိတ်မချလို့ ပေါ်တာပဲ ရိပ်မိပြီလား?

ကိုယ့်ကိုယ်ကို စိတ်မကျလို့ တွေးလုံး, ဆွေးလုံး, ပူပန်လုံးတွေ ဝင်လာတယ်၊ အဲဒါ လက်ကိုင်မရှိလို့ အားကိုး အားထားမရှိလို့ပဲဆိုတာ ထင်ရှားတယ်၊ အားကိုးစရာ လက်ကိုင်မရှိတော့ စိတ်မချရဘူးပေါ့၊ ဒါကြောင့် ဒကာ, ဒကာမတွေကို အားကိုးစရာ, အားထားစရာ, လက်ကိုင် ကိုယ်ပိုင်ရှိကြပါစေဆိုတဲ့ စေတနာနဲ့ ကရုဏာရှေ့ထားပြီး ဆရာဘုန်းကြီးက ပေးနေတာပဲ၊ ဒီတော့ ပေးထိုက်လို့ ပေးတာမို့ ယူထိုက်အောင် ယူကြပါလို့ တိုက်တွန်းလိုက်တယ်။

ဒီမှာလည်းပဲဒုက္ခဝဋ်ကောင်, ခန္ဓာဝဋ်ကောင် ထမ်းရတာ တာဝန်ကြီးလွန်းလို့ ဆင်းရဲလွန်းလို့ ဒီဝဋ်ဒုက္ခက လွတ်လုပြီ၊ ကျွတ်လုပြီဆိုပြီး ဝမ်းသာနေတော့တယ်၊ ဒါကြောင့် ဒကာ, ဒကာမတွေက အခုထဲကစိတ်ချရအောင်လုပ်ကြ၊ ခန္ဓာဆုံးရာ နိဗ္ဗာန်မြင်ရအောင်, နိဗ္ဗာန်ရအောင် ကြိုးစားကြ အခုလို ကြိုးစားထားရင် နေ့, ညတွေ ကုန်လေလေ ဝမ်းသာလေလေဘဲလို့သာ မှတ်လိုက်ကြ၊ သဘောပါကြပြီလား။

နိဗ္ဗာန်မြင်တဲ့ ဉာဏ်၊ မဂ်ဉာဏ်အစစ်မရသေးဘဲ သူကတော့ ကျိန်းသေပေါက် မရှိဘူး၊ ဘယ်သွားလို့ ဘယ်လာရမှန်းမသိလို့ သေခါနီးလေ စိတ်မချလေဘဲ၊ ကိုယ့်ဟာကိုယ် စိတ်မချရတော့ စိတ်မချရလေ နှလုံးမသာယာလေဘဲလို့ မှတ်လိုက်ကြ၊ သဘောပါကြပြီလား? အဲဒီလို နှလုံးမသာယာနဲ့သာ သေသွားရရင် အပါယ်လေးပါး ဒုဂ္ဂတိဘဝဘဲဆိုတာသေချာပြီ၊ ဒကာတို့တတွေ ဘယ်လိုများ စဉ်းစား မိကြသတုန်း၊ ဆရာသွားက ဒကာတို့ မချကြဲ့တွေ့ရမဲ့ ဒုက္ခတွေ သိလို့ မြင်လို့ ဂရုဏာရှိလို့ပြောနေတာဘဲ၊ ဒကာတို့က ကိုယ့်အကြောင်း ကိုယ်သိပြီး လုပ်ရင်ကောင်းမယ်၊ လုပ်မှသာ ဖြစ်တော့မယ်လို့ ဆုံးဖြတ်ချက်ချကြ။

သေခါနီးမှာ ပျော်တဲ့သူကတစ်မျိုး၊ သေခါနီးမှာ ကြောက်တဲ့ သူက တစ်မျိုးလို့ ပုဂ္ဂိုလ်နှစ်မျိုးနှစ်စားရှိတယ်၊ နိဗ္ဗာန်မြင်တဲ့သူက ပျော်တယ်၊ နိဗ္ဗာန်မမြင်သေးတဲ့သူက ကြောက်တယ်လို့ မှတ်ကြ၊ ဒီစကား အဓိပ္ပါယ်ဟာ အင်္ဂုတ္တိုရ်ပါဠိတော်မှာ လာတယ်၊ နိဗ္ဗာန်မမြင် သေးတဲ့သူက ပုထုဇဉ်အဖြစ်နဲ့ ဆိုတော့ ဘယ်စခန်းနဲ့ ဘယ်လမ်းသွား ရမယ်ဆိုတာ မသိဘူး၊ မှန်းချေပေါက်မရှိဘူး၊ မသိတော့ကြောက်တယ်၊ ရှင်းပြီလား၊ အနည်းဆုံး သောတာပန်ဆိုရင်တောင် ဝဋ်ကောင်နဲ့ လွတ်ရတော့မယ်ဆိုပြီး ခန္ဓာဝန်လေးလို့ သဘောကျနေတယ်၊ ငါသေရင် သုဂတိ, ဘဲဆိုတာ သိတော့ မြန်မြန်သေချင်တယ်၊ သေရမှာမကြောက် ဘူးပျော်တယ်၊ သေခါနီးလေ ပျော်လေဘဲဆိုတာ မှတ်ကြ။

ဒကာ, ဒကာမတွေ အလေးအနက် စဉ်းစားကြ၊ ပေါ့ပေါ့ ကလေးများမအောင့်မေ့ကြနဲ့၊ ဒုက္ခအဆုံး, ဖြစ်ပျက်အဆုံးမြင်တဲ့ ဉာဏ်ရမှ စိတ်ချရမယ်၊ ဒီဉာဏ်မရသေးရင် အေးနေလို့ မဖြစ်သေးဘူး၊ ဒီဉာဏ်မရသေးရင် သေခါနီးမှာ, ဒုက္ခကြီးလှလှရောက်တော့မယ်၊ ရိပ်မိပြီလား? ဖြစ်ပျက်အဆုံး, ဒုက္ခအဆုံးမမြင်သေးတဲ့သူဆိုရင် သေခါနီးမှာ စိတ်သောက အကြီးအကျယ်ရောက်ပြီး အရမ်းသေ သေရမယ်။ အရမ်းသေ, အကန်းသေဆိုတော့ မှန်းချေမပေါက်နိုင်ဘူး၊ ကျချင်တဲ့ချောက်ရောက်ချင်ရာ ရောက်ရတော့မယ်။

ဥပမာဆိုရင်, ယော်ရွက်ကြွေသလိုဘဲဆိုတာ မှတ်ကြ၊ ရင့်ယော် နေတဲ့ သစ်ရွက်ဟာ ကြွေချိန်တန်လို့ ကြွေတော့ ဘယ်မှာ ကျမယ်လို့ အတတ်မသိနိုင်ဘူး၊ သူကျချင်တဲ့နေရာ, သူကျချင်သလိုသာ ကျသွား မှာဘဲ၊ အကျမမှန်ဘူး၊ ဆူးတောထဲ ကျချင်ကျမယ်၊ ရွံ့ဗွက်ထဲ ကျချင်လည်းကျမယ်၊ ဘယ်နေရာကျမယ်လို့ မပြောနိုင်ဘူး၊ ကျချင် သလို ကျရမယ်၊ ဒီဥပမာအတိုင်းဘဲ၊ ဒုက္ခအဆုံး, မမြင်ရသေးဘဲနဲ့ သေပွဲဝင်ရရင်ကြောက်ဇောဝင်ပြီး ရောက်ချင်ရာရောက်, ကျချင်ရာ ကျတော့မယ် ပရမ်းပတာဘေး ဝိနိပါတ, ဘေးကြီးသင့်တော့မယ်။

သောတာပန်မတည်သေးရင် ဒီဘေးဆိုးကြီးက မလွတ်နိုင် တော့ဘူး၊ ပရမ်းပတာ ကျချင်ရာကျမည့် ဘေးဆိုးကြီးက မုချသင့် ရတော့မယ်ဆိုတာ စိတ်သာချကြတော့၊ ပေါ်ကြပြီလား? ဒီဉာဏ် မရဘဲသာ သေသွားရင်ဖြစ်ချင်သလိုဖြစ်, ရောက်ချင်တဲ့နေရာ

ရောက်မယ်၊ ရှင်းပြီလား? ဒကာ, ဒကာမတွေ ဒီကနေ့ ဒုက္ခအဆုံးမြင်တဲ့ ဉာဏ်ရမှ ဒီနေ့ သူကကယ်နိုင်တယ်၊ ဒကာတို့ကို ကယ်ယူနိုင်တာဟာ ဒီဉာဏ်ပဲရှိပါတယ်၊ ဘယ်သား, ဘယ်သမီး, ဘယ်ပစ္စည်းနဲ့ ဘယ်ဉာတိ ဘယ်ဆွေမျိုးကမှ မကယ်နိုင်ကြဘူး။

ဒါကြောင့် ကယ်မည့်ယူမည့် ဉာဏ်အလုပ်လုပ်ကြ၊ ဒုက္ခအဆုံးမြင်တဲ့ဉာဏ်၊ မဂ်ဉာဏ်ရအောင် အခုထပြီး အမြန်ရအောင် လုပ်ကြ၊ သားရေး သမီးရေးတွေကမကယ်နိုင်ဘူး၊ ဒီအရေးတွေက ကိုယ့်ကို မကယ်နိုင်ကြဘူး၊ ဉာဏ်ကမှ ကယ်မှာဆိုတဲ့ အချက်ကို လေးလေး နက်နက်ကြီး သတိပေးလိုက်ပါတယ်။

ဒီတော့ ဒကာ, ဒကာမတွေ ပေါ့ပေါ့တန်တန် နေကြရင်ဖြင့် သေခါနီးကျမှ ဒီပရမ်းပတာ ဘေးဆိုးနဲ့ မုချကြုံရတော့မယ်၊ မုန်းချေ ပေါက်လုံးဝမပါဘူး၊ ဒီဘေးကြောက်ရင်ဖြင့် အခုနေအခါက ပေါ့တန် နေလို့ မေ့လျော့နေလို့ မဖြစ်တော့ဘူးဆိုတာ ဆုံးဖြတ်ချက်ချပြီး အမြန်လုပ်ကြမှ ဖြစ်တော့မယ်၊ ဒါကြောင့် ဒီဘေးဆိုးက လွတ်အောင် ကိုယ့်စိတ်ကလေးဖြစ်, ပျက်မြင်အောင်ကြည့်ဘို့အရေးဟာ အလွန် ကြီးတဲ့ အရေးဘဲလို့ ရိပ်မိပြီးမြင်အောင် ကြည့်ကြ၊ သဘောပါကြ ပြီလား?

ဘုရားရှင်ရှေ့လက်ထက်တော်အခါက သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှာ ဦးတိဿဆိုတဲ့ ရဟန်းတော်တစ်ပါးရှိတယ်၊ အဲဒီ ရဟန်းတော်ဟာ စုတိကျချိန်မှာ သူမှာရှိတဲ့ သင်္ကန်းလေးတစ်စုံကို

ခုံမင်စွဲလန်းမိတဲ့အတွက် သေတော့ အဲဒီသက်န်းပေါ်မှာ သွားပြီး "သန်း"ဖြစ်ရရှာတယ်၊ ဒီပြင် သံဃာတော်တွေက ဒီသင်္ကန်းကိုသံဃိက အဖြစ်နဲ့ ဝေချမ်းမယ်လုပ်ကြတော့ ဘုရားရှင်က ဒီအကြောင်းမြင် တော်မူလို့ ခုနစ်ရက်ဆိုင်းကြအုံးဆိုပြီး တားမြစ်တော်မူရတယ်။

အဲဒီအခါမှာမှ ရဟန်းတော်တွေလည်း ဒီရဟန်းကြီး သင်္ကန်း စွဲလန်းပြီး သန်း, ပြိတ္တာဖြစ်သွားရတဲ့အကြောင်း ရိပ်မိသိရှိ ကြတော့ တယ်၊ အဲဒါဘာကြောင့်လဲ? ဒီဖြစ်,ပျက်အဆုံးမြင်တဲ့ မဂ်ဉာဏ် မရရှာလို့ဘဲ၊ ဒီဉာဏ်ရရင် ဒီလိုဘေးမျိုးက လွတ်ကင်းသွားပြီ၊ ဒီဉာဏ်မရသေးတော့ ရဟန်းတော်ဖြစ်ပေမဲ့လည်း သက်သာရာ မရနိုင်ဘူး၊ ပေါ်ကြပြီလား?

ဒါကြောင့် အခု ဒကာ, ဒကာမတို့တစ်တွေမှာ ပရမ်းပတာ ဘေးကလည်း ရှိပြန်၊ သေဘို့အချိန် အနေနဲ့ကလည်း နီးနေပြန် ဆိုတော့ မြန်မြန်လုပ်မှ ဖြစ်တော့မယ်လို့သာ ဆုံးဖြတ်ချက်ချလိုက်ကြ၊ မဂ္ဂင်အလုပ် ဒီအလုပ်တစ်ခုဘဲကယ်တင်နိုင်တာရှိတယ်၊ ဒီမဂ္ဂင်အလုပ်မှ ဘဲ အားကိုးလောက်တယ်၊ ဒီမဂ္ဂင်အလုပ်ကလွဲရင်ဖြင့် ဒီပြင်ဘာမှ အားကိုးစရာ မရှိတော့ဘူးဆိုတဲ့ အချက် လေးလေးနက်နက်ကြီး မှတ်လိုက်ကြ၊ ရှင်းကြပြီလား?

ပရမ်းပတာဘေးဆိုတာ ကုသိုလ်ကံ, အကုသိုလ်ကံရှိတဲ့သူတိုင်း သင့်မှာချည့်ဘဲ၊ ဒီကံတွေကလွတ်မှ ဒီဘေးကလွတ်ကြမှာ၊ ဒီကုသိုလ်ကံ, အကုသိုလ်ကံဆိုတဲ့ ပရမ်းပတာဘေးသင့်ရင် ဗြဟ္မာပြည်က

လာပြီးလည်း ဝက်ဖြစ်ရ၊ ဖြစ်ချင်ရာ ဖြစ်ရတယ် ဘယ်ဘ ဘယ်ဘဝ, ဘယ်ဌာနရယ်လို့ အတိအကျမရှိဘူး၊ မှန်းချေပေါက်မပါဘူး၊ ဒါကြောင့် ပရမ်းပတာဘေးဟာ ဘေးတကာဘေးတွေထက် ကြောက်စရာ အကောင်းဆုံးဘဲဆိုတာ မှတ်ကြ။

ဒီတော့ ဒီဘေးကလွတ်အောင်လုပ်မှ ဖြစ်မယ်၊ လွတ်အောင် ဒုက္ခအဆုံးမြင်တဲ့ ဉာဏ်ရအောင် လုပ်ရမယ် သဘောပါပြီလား? ဒုက္ခအဆုံးမြင်ရင် ဒီဘေးက လွတ်ပြီလို့သာ မှတ်လိုက်ကြ၊ ဒကာ, ဒကာမတွေ ဒီအရေးက အလွန်အရေးကြီးတယ်၊ ဒီအရေးအရင် ပြီးအောင် လုပ်ကြ၊ နောက်မှ ဒီပြင်အရေးတွေလုပ်၊ ဒီအရေးကမှ ကိုယ့်အရေးဘဲ၊ ကိုယ်အရေးတစ်နံပါတ်ထား၊ ဒီပြင် သားရေး၊ သမီးရေး၊ စီးပွားရေး တွေကို နှစ်နံပါတ်ထား၊ ကိုယ့်အရေးမပြီးခင် သူများအရေးအသားထား၊ ရှင်းကြပြီလား?

ဒကာတို့တစ်တွေမှာ ကိုယ့်အရေးမပါကြသေးဘူး သူတို့ အရေးတွေ ဆောင်ရွက်နေရတာနဲ့ ဘေးသင့်နေကြတယ်၊ ရိပ်မိကြ ရဲ့လား? ဒီဘေးလက်ရှိဖြစ်ရက်နဲ့၊ နောက်ထပ်ပြီး သင့်လိမ့်အုံးမယ်၊ အဲဒါ ဒီဉာဏ်မရသမျှ ကြုံရမှာက များပါတယ်၊ နောက်ထပ်ဆိုး တာက သားသမီး ပစ္စည်းစွဲလန်းပြီး သေ၊ သေတော့ အိမ်ကပ်ပြီး ပြိတ္တာဖြစ်ရ၊ အဲဒီအခါမှာ ကျန်တဲ့ သားသမီး သားမယားတွေက ဘုန်းကြီးတွေ ပင့်ပြီး ကမ္မဝါနဲ့ နှင်ထုတ်ကြတော့မယ်၊ တစ်ခါနဲ့မရ နှစ်ခါ, သုံးခါဆိုသလို မထွက်ထွက်အောင် နှင်ထုတ်ကြတော့တာဘဲ၊

အဲဒါဘေးနှစ်ခါသင့်တာဘဲလို့ မှတ်ကြ၊ ပေါ်ကြရဲ့လား?

အဲဒီလိုအခါမျိုးကျမှ "ငါအရင်က အားကိုးမိတယ်၊ အခုတော့ အားကိုးမှားပါပေါ့လား ဗုဒ္ဓ, သရဏံ, ဓမ္မံ, သရဏံ ဆိုတာမလုပ်ဘဲသား သရဏံ, မယားသရဏံ, ပစ္စည်းသရဏံတွေ လုပ်မိတဲ့အတွက် မှားခြင်းကြီး မှားပြီး ဒုက္ခအကြီးအကျယ်ရောက်ရပြီ" ဆိုပြီး နောင်တရကြမယ်၊ နောင်မှတတဲ့ နောင်တ ဘာမှ မတတ်နိုင်ကြတော့ဘူး၊ ဒါကြောင့် အခုထဲက သတိတရား၊ အသိတရား ရတုန်းအခွင့်အခါသင့်နေတုန်းမှာ ဒီဉာဏ်ကို မရ, ရအောင် အားထုတ်ယူကြပါလို့ လေးလေးနက်နက် တိုက်တွန်းလိုက်တယ်။

ဒီလို သဘောတွေကြောင့် ဒကာတို့တစ်တွေက ကိုယ့်အရေး မပြီးသေးပဲ သားသမီးအပေါ်မှာ သိပ်ပြီးလည်း လောလွတ် မချော်ကြပါနဲ့အုံးလို့ အထူးဘဲတားမြစ်လိုက်ပါတယ်၊ ကျေနပ်ကြ ပြီလား? ဒါကြောင့် နှေးကွေးနေလို့ မဖြစ်ကြတော့ဘူး၊ နှေးမနေ ကြနဲ့တော့ နှေးနှေးကွေးကွေးလုပ်လေလေ ကံမွဲ ဉာဏ်မွဲဖြစ်လေလေ နေမှာဘဲ၊ အချိန်အရွယ်လွန်ခါမှ လုပ်မယ်ဆိုရင် ကံတွေကလည်းမွဲ ဉာဏ်တွေကလည်းမွဲကုန်တော့ ထက်ထက်မြက်မြက် မရှိတော့ဘူး၊ မထက်မြက်တော့ မရနိုင်ဘူး၊ ဒါကြောင့် ကံမွဲ၊ ဉာဏ်မွဲ ဖြစ်လေလေ, မရလေလေဘဲဆိုတာ မှတ်လိုက်ကြ ရိပ်မိပြီလား?

အခုလို အချိန်အခါကောင်းတုန်း ကံကလည်းကောင်းတုန်း ဉာဏ်ကလည်း ထက်မြက်တုန်းမှာ ကြိုးစားလိုက်ကြ၊ မဖြစ်တဲ့အချိန်

ရောက်ခါမှ အသုံးချရင် ဘာမှ အသုံးမကျနိုင်တော့ဘူး၊ မဖြစ်တဲ့အချိန်ကြမှ လုပ်နေတာမို့ အလကားဘဲ၊ ရှင်းကြပြီလား? ဒါကြောင့် အချိန်မဆွဲနဲ့၊ ဆင်ခြေမလည်းနဲ့၊ အခုအချိန်ဟာ အကောင်းဆုံး အချိန်ဘဲလို့သာ ဆုံးဖြတ်ချက်ချလိုက်ကြ၊ သဘောပါကြပြီလား?

ဒီတော့ ဒကာ, ဒကာမတွေ အရင်က ပေါင်းခဲ့သင်းခဲ့တဲ့ အဖော်ဟောင်းကို ပြောင်းပြစ်ကြ၊ ရှေးက တဏှာကို အဖော်လုပ်ခဲ့ကြတယ်၊ အဖော်များလို့ ဒုက္ခက မလွတ်နိုင်ခဲ့ကြဘူး၊ ဒါကြောင့် အခုလို အသိဉာဏ်ရတဲ့အခါမှာ အဖော်ပြောင်းကြ၊ တဏှာကို အဖော်မလုပ်ကြနဲ့တော့၊ ဒီအချိန်ကစပြီး ဉာဏ်ကို အဖော်လုပ်ကြ၊ ဖြစ်, ပျက်အဆုံးမြင်တဲ့ ဉာဏ်၊ ဒီဉာဏ်ကမှ ဘေးအမျိုးမျိုးကို ကယ်နိုင်မှာဘဲဆိုတာ မှတ်ကြတော့။

ရှုတဲ့အခါမှာတော့ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန ဒီခြောက်ခုထဲက တစ်ခုထဲသာရှုကြ၊ တစ်ခုထဲရှုတော့လည်း စိတ်တစ်ခုထဲဘဲရှုကြ၊ အများရှုဘို့ မလိုဘူး၊ သဘောပါပြီလား? ဒီတော့ ဒကာ, ဒကာမတွေ တစ်ခုထဲကိုဖြင့် ကြိုးစားဘို့များ မသင့်သေးဘူးလား? သင့်ရင်ကြိုးစားကြ၊ မကြိုးစားရင် ပရမ်းပတာ ဘေးသင့်ပြီး နေချင်သလိုနေ, သေချင်သလို သေကြရမယ်၊ ဖြစ်ချင်ရာ ဖြစ်ကြရမယ်၊ ကျေနပ်ကြရဲ့လား?

ပေါ့တန်မနေကြနဲ့တော့၊ တစ်လုံးထဲဆို မခဲယဉ်းပါဘူး၊ ဒီတစ်လုံးဆုံးအောင်လိုက်ကြ၊ ပထမမြင်အောင် နောက်မုန်းလာအောင်

နောက်ဆက်ပြီး ဆုံးအောင် လိုက်ရမယ်၊ ဒကာတို့ရဲ့ သဒ္ဓါ, ပညာ ဝီရိယအားကောင်းရင် အားကောင်းသလောက် အရမြန်မယ်၊ ဒီအားက သေးရင်လည်း သေးသလောက်အရ, နှေးမယ်ဆိုတာ မှတ်လိုက်ကြ၊ သဘောပေါက်ပြီလား? ရှုရမှာက စိတ်တစ်ခု ပေါ်ရာဌာနက ခြောက်ဌာန ခြောက်နေရာ ပေါ်တော့ တစ်ခုထဲ တစ်နေရာမှာသာ ပေါ်မှာ၊ အဲဒီ ပေါ်တဲ့ နေရာမိအောင်လိုက်ရှု၊ နားလည်ကြပြီလား?

ခြောက်ဌာန၊ ခြောက်နေရာ ပေါ်လာတဲ့စိတ်ကလေးကို မလွတ်အောင် ဖြစ်, ပျက်ရှုပေး၊ ပေါ်လာတဲ့ စိတ်ကလေးဟာ ပေါ်လာပြီးပျက်သွားတာ တွေ့ရမယ်၊ ဥပမာ မျက်လုံးထဲ မြင်စိတ် ကလေးပေါ်လာ၊ ဉာဏ်နဲ့ ကြည့်လိုက်တော့ ဖြစ်ပြီး ပျက်သွားတာ တွေ့ရမယ်၊ ဒီလိုတွေ့တော့ မျက်လုံးထဲပေါ်တဲ့ စိတ်ကလေးက ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မဂ်ဖြစ်သွားတယ်၊ သဘောပါပြီလား ဒီနည်းအတိုင်း မလွတ်တမ်း ဖြစ်, ပျက်နဲ့ မဂ်ကိုက်နေအောင်ရှုပေးကြ။

ဒီတော့ အရှုခံတရားက ဖြစ်ပျက်၊ ရှုဉာဏ်က မဂ်၊ သေတာက တဏှာ၊ ဥပါဒါန်, ကံတွေ ဒါတွေ သေတော့ အို, နာ, သေ ဒုက္ခနွာ မလာတော့ဘူး၊ ဒီတော့ ခန္ဓာနိရောဓာနိဗ္ဗာန်၊ နောက်က နိဗ္ဗာန် ပေါ်လာတယ်၊ ကျေနပ်ပြီလား? ဒါကြောင့် ဒကာ, ဒကာမတွေ ဒီအလုပ်ကိုဖြင့် မရ, ရအောင်ကြိုးစားတော့မယ်လို့ ဆုံးဖြတ်ပြီး လုပ်ကြတော့လို့ တိုက်တွန်းလိုက်တယ်၊ ဒါမှ အားကိုးရာ, အားထားရာ အစစ်အမှန်ကေန်ရကြမယ်လို့ မှတ်ကြ။

ဒက္ခာ, ဒက္ခာမတို့ ရုပ်, နာမ်, ခန္ဓာ ဖြစ်, ပျက်ဟာ ဒုက္ခသစ္စာ စင်စစ်တော့ ဖြစ်, ပျက်ဟာ ဒုက္ခအစစ်ဘဲ၊ အဲဒီ ဖြစ်ပျက် ဒုက္ခအဆုံးမြင်ရင် ပရမ်းပတာ ဘေးကြီးက လွတ်ကင်းပြီးလို့သာ မှတ်ကြ၊ ဒီလို ဒုက္ခအဆုံးမြင်တဲ့ ဉာဏ် မဂ်ဉာဏ်ကမှ ကာကွယ်နိုင်မယ် ဒါမှသာ ဒီမဂ်မှသာ အားကိုးရာ, အားထားရာ, အစစ်ဘဲဆိုတာ မြဲမြဲမှတ်ကြ၊ ရှင်းကြပြီလား? ဒီမဂ်လည်း ရှုမှတ်ပွားများမှ လာနိုင်မှာ မရှုရင်မလာဘူး၊ ဒါကြောင့် မိမိသန္တာန်ပေါ်လာသမျှ မပြတ်မလပ် အတပ်ထပ် ရှုမှတ်ပေးရမယ်၊ သဘောပါပြီလား?

ဖြစ်, ပျက်မြင်ရင် မုန်းရင် မဂ္ဂင်ငါးပါးရတယ်၊ ဖြစ်ပျက် ဆုံးမှ အဆုံးမြင်တဲ့ ဉာဏ်ရမှ မဂ္ဂင်ရှစ်ပါးပြည့်မယ်၊ ငါးပါးဆိုသိပ်ပြီး မသေချာသေးဘူး၊ ရှစ်ပါးပြည့်မှ သေချာမယ်၊ ရှစ်ပါးပြည့်မှ စိတ်ချရတယ်၊ အဲဒီအခါကျမှ "နိယတဂတိကောသောတာပန္နောနာမ" ဆိုတာ ဖြစ်ပြီး ဂတိမြဲပြီ၊ ပေါ်ကြပြီလား၊ အဲဒါ ဒုက္ခအဆုံးမြင်ရင် ရှစ်ပါးပြည့်လို့ အောက်ဖြစ်တဲ့ ဒုဂ္ဂတိက လွန်မြောက်သွားပြီ၊ သုဂတိဆိုတဲ့ လားရာဂတိမြဲတဲ့ သောတာပန်ဖြစ်ပြီလို့ ဆိုတဲ့အချက်ဘဲ သဘောပါကြရဲ့လား?

မိမိသန္တာန်မှာ စိတ်ခြောက်ပါးထဲက တစ်ပါးပါးဟာ ပေါ်နေမှာဘဲ၊ တစ်ပါးမပေါ်၊ တစ်ပါး အမြဲပေါ်နေမယ်၊ ဒီလို ပေါ်တဲ့အခါ ပေါ်တိုင်း, ပေါ်တိုင်း မလွတ်အောင် ဖြစ်, ပျက်ဉာဏ် ဝင်ပေး ရှုပေးရမယ်၊ မရှုမိရင် မရှုမိတာနဲ့ တပြိုင်နက် ဖဿ, ဝေဒနာ,

တဏှာ ဆိုပြီး တန်းလာတော့တာဘဲ၊ အဲဒီစိတ်ခြောက်ပါး တဏှာနဲ့ သာယာလိုက်တာနဲ့ တဏှာဆိပ်မျိုတာဘဲဆိုတာမှတ်ကြ၊ သဘောပါကြရဲ့လား?၊ စိတ်ခြောက်ပါးကို သာယာကြရင် ငါးပါး မှောက်မယ်၊ ငါးပါးမှောက်ရင် ချောက်ကျဘို့သာ ပြင်ကြပေတော့ဘဲ ရှင်းပြီလား?

အမှန်အကန်သိဘို့ သိအောင်ဟာ စိတ်ခြောက်ပါး ပေါ်သမျှ မဂ်ဝင်ရမယ်၊ မဂ်နဲ့ ဖြစ်,ပျက် ရှုပေးရမယ်၊ အဲဒီဉာဏ် ကိုယ်ပိုင်ရအောင် လုပ်ရမယ်၊ ရှင်းပြီလား? အရှုအမှတ်များရင် များသလောက် ဉာဏ်တက်လာမယ်၊ နောက်အမှန်အကန် ကိုယ်တိုင်ဒိဋ္ဌသိလာရမယ်၊ သဘောပါကြပြီလား?

အို, နာ, သေ ပဋိသန္ဓေတွေဟာ ဘေးတွေဘဲလို့ အမှန်အကန် သိတဲ့အခါ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ သိတော့ သိတဲ့နေရာမှာ ဘေးတွေချုပ် ဘေးတွေသေသွားတယ်၊ အဲဒီနေရမှာ ပေါ်လာတာက နိရောဓသစ္စာ။

အဲဒီဘေးအမျိုးမျိုးတွေက ဒုက္ခသစ္စာ။

သိတဲ့ဉာဏ်ပေါ်တော့ နောက်ကချုပ်တဲ့ အကြောင်းတွေက သမုဒယ သစ္စာ၊ ဒကာ, ဒကာမတွေ သဘောပါကြရဲ့လား။ ဒါဖြင့် ကြိုးစားအားထုတ်ကြ။

☆★☆★☆★☆★

# ကိုယ်ရေး ပဌမနိုးဩောင့်ကျ တရားတော်

ဒကာ, ဒကာမတွေကို "တရားအားထုတ်ကြ၊ တရားအား ထုတ်ကြ" ဆိုပြီး တရားအားထုတ်ခိုင်းတာ သာမညကလေးများ မမှတ်လိုက်ကြနဲ့၊ အကြောင်းရှိလို့ ခိုင်းတာဘဲဆိုတာ ဆုံးဖြတ်ချက်ချ၊ ဘုန်းကြီးကလည်းအကြောင်းရှိဆိုတော့ အတိုင်းနဲ့အဖောက်ညီအောင် လုပ်ပါလို့ တိုက်တွန်းလိုက်တယ်။

ဘုန်းကြီးတို့က ကယ်ချွတ်ရေး၊ ဒကာတို့က လွတ်ရေး ကျွတ်ရေး၊ အရေးနှစ်ရေးရှိတဲ့ အနက်က ကိုယ်အရေးကိုယ်သတိပြု ကြဘို့လိုတယ်။ ဒကာ, ဒကာမတို့ လက်ရှိရထားကြတဲ့ ခန္ဓာက ငြိမ်နေတာမဟုတ်ဘူး၊ အိုတဲ့ဘက်ဒိုင်းဒိုင်း သွားနေတာ၊ အိုတဲ့ဘက် သွားတော့ အိုတဲ့ဘက်ရောက်၊ နောက် အနာဘက်သွား၊ နောက် သေဘက်သွား၊ ဒီလမ်းစဉ်အတိုင်းမရပ်မနား သွားနေရတာပါ၊ ဒီပြင် တစ်ခြားကိစ္စတွေမှာ မသွားချင်ရင် မသွားဘဲနေလို့ ရသေးတယ်၊ ဒီကိစ္စကိုတော့ ဘယ်နည်းနဲ့မှ ရှောင်လွဲလို့ မရနိုင်ကြဘူး။

ခန္ဓာကိုယ်ပိုင်ရထားတော့ ဒီလမ်းဒီစခန်းက မသွားလို့ကို မရတော့ဘူး၊ ရိပ်မိကြပြီလား? ဒီအနာတော့ ပျောက်ပြီ အေးပေါ့ ကောင်းပေါ့လို့ မဆိုနိုင်ဘူး၊ နာတာကနေ အသေသွား၊ အိုပြီး နာ, နာပြီးတော့ သေအုံး၊ ဒါဟာ ခန္ဓာရသူရဲ့ လမ်းစဉ်ဘဲ၊ ဒီတော့ ဒို့ ဒကာတွေက သြော် ဒီလမ်းဒီစခန်းဟာ မသွားမဖြစ်တဲ့ လမ်းဘဲ၊ လွှဲဖယ်လို့တော့ဖြင့် မရနိုင်ဘူးဆိုတာ ဆုံးဖြတ်ချက်ချကြ၊ ပေါ်ကြ

ပြီလား? ဒီခန္ဓာရုပ်ဖြင့် ဒီ ဒုဝိ, နာ, သေလမ်းတန်းတန်းကြီးသွားကြ ဘို့ဘဲ၊ ခန္ဓာက သူ့လမ်းစဉ်သူလုပ်မှာဘဲ၊ ဒကာတို့ အကြိုက်နည်းနည်းမှ မလိုက် မပါပါဘူး။

ဒီခန္ဓာရဲ့ သဘောက သူ့သဘာဝအတိုင်း သူဆောင်ရွက် နေမှာဘဲ၊ ဒကာတို့ အကြိုက်, သတ္တဝါတွေအကြိုက်ကို လုံးဝမလိုက် ဘူးလို့ မှတ်ကြ၊ သတ္တဝါတွေ ပညာမျက်စိနဲ့ကြည့်ရင် ဒီခန္ဓာက အလုပ်အသွားမမှန်ဘူး၊ ဖောက်ပြန် ပျက်စီးနေတဲ့ သဘောဘဲရှိတယ်၊ အိုလိုက်, နာလိုက်, သေလိုက် အကြိုက်တစ်ခုမှ မပါဘူး၊ အကောင်း တစ်ခုမှ မပါပါဘူး၊ ဒါကို ဒကာတို့တစ်တွေက ဖောက်ပြန်တဲ့ အမြင်နဲ့ကြည့်နေကြလို့ အကောင်းချည့်ထင်နေကြတာပါ၊ ရိပ်မိကြ ပြီလား?

ဘုရားက အလွန်ဉာဏ်ထက်တဲ့ပုဂ္ဂိုလ် ရွှေဉာဏ်တော် ထက်တော့ သတ္တဝါဖြစ်စဉ်, သတ္တဝါအကြောင်းစုံ အကုန်သိမြင် တော်မူတယ်၊ သတ္တဝါတွေရဲ့အဖြစ်ဟာ ဘယ်လောက်ထိအောင် ဆိုးဝါးနေတယ်၊ ဘယ်လောက်ဆိုးဝါး ကြလိမ့်အုံးမယ်ဆိုတာ သိမြင်တော်မူတော့ အလွန်သနားတော်မူတယ်၊ သနားတော်မူလို့ ကယ်ချွတ်ရေးကို ကြိုးပမ်းတော်မူရတယ်၊ ဘုရားဖြစ်ချင်တာဟာ သတ္တဝါတွေကို သနားလွန်းလို့ဘဲ၊ သနားလို့သာ ဆုပန်တော်မူတာလို့ မှတ်ကြ၊ ရိပ်မိကြပြီလား?

ဆုပန်တော်မူပြီး အနစ်နာအမျိုးမျိုးခံပြီး ဘုရားဖြစ်အောင်

ကျင့်တော်မူခဲ့တယ်၊ ဘုရားဖြစ်အောင် ကျင့်တယ်ဆိုတာ ဘုရားက ကိုယ့်အတွက် ကိုယ့်အရေးကို အရင်ပြီးစီးအောင် လုပ်တယ်လို့ မှတ်ရမယ်၊ အရင်ကျတာက ကိုယ့်အရေး၊ ဒကာ–ဒကာမတွေ သတိပြုဖို့က ကိုယ့်အရေးက သူများအရေးထက် အရေးကြီးတယ်ဆိုတဲ့ အချက်ဘဲ၊ သဘောပါကြပြီလား? ဒီတော့ ဒို့ ဒကာတွေက ကိုယ့်ကိုကိုယ်သနားတယ်ဆိုရင် ကိုယ့်အရေးပြီးတဲ့ ပုဂ္ဂိုလ်ဘဲလို့ မှတ်ကြ၊ ရိပ်မိကြပြီလား?

ဘုရားက သတ္တဝါတွေ သနားတယ်ဆိုတာ သူ့အတွက် လုံလောက်မှ သတ္တဝါတွေကို သနားတာလို့ မှတ်ရမယ်၊ ဒီတော့ ဒကာ, ဒကာမတွေ အနေမှာ ကိုယ့်အရေးမပြီးသေးသမျှ သူများကို သနားနေရင် လမ်းစဉ်မဟုတ်သေးဘူးလို့ ဆုံးဖြတ်ချက်ချကြ၊ ဘုရားက ဘယ်လို လုံလောက်အောင် လုပ်ထားသလဲ? ဆိုတော့ ကိုယ့်အရေး ကိုယ့်ကိစ္စပြီးစီးအောင် လုပ်ထားပြီးလို့ဘဲ၊ ဒါဟာ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ သဗ္ဗညုတ ဉာဏ်တော်ရတဲ့အချိန်ကစပြီး ဘုရားရဲ့ အရေးကိစ္စဟာ ပြီးစီးပြီလို့ မှတ်ရမယ်။

ဒီတော့ ဒို့ ဒကာတွေက ကိုယ့်ကို ကိုယ်သနားမှုက ပထမ၊ သူများသနားမှုက ဒုတိယဆိုတဲ့အချက်ကို လေးလေးနက်နက် မှတ်ထားကြလို့ အထူးသတိပေးလိုက်ပါတယ်။

မေ့လျော့ပေါ့တန်နေကြဘို့ အချိန်မဟုတ်တော့ဘူး၊ အလွန် အရေးကြီးနေပြီ၊ အခုထပြီးအားထုတ်ကြ၊ ဝိပဿနာ အလုပ်လုပ်ကြ၊

မသိလို့သာ အေးနေနိုင်ကြတာပါ၊ သိတဲ့သူက သနားလို့ တိုက်တွန်းနေတာဖြစ်လို့ အခုလုပ်မှဘဲဆိုပြီး မြန်မြန်လုပ်ကြဘို့ဘဲရှိတော့တယ် ပေါ့ကြပြီလား? ဝိပဿနာ အလုပ်, ဒီအလုပ်လုပ်မှ အားကိုးရာ, အားထားရာ ရကြမယ်၊ ဒီပြင် အားကိုးစရာ မမြင်တော့ဘူး၊ ဒီတော့ ဝိပဿနာလုပ်ရင်းက ပျင်းစိတ်ဝင်လာရင် လက်သင့်မခံကြနဲ့၊ ပျင်းလာရင် မင်းလောက်မိုက်တာ မရှိတော့ဘူးလို့ ကိုယ့်ကိုယ်ကိုယ် ဆုံးမပြီး ကြိုးစားအားထုတ်ကြ။

ကိုယ့်ခန္ဓာက အခု အိုဘက်သွားနေတာ၊ ဒီ အိုတာကနေ နာဘက်သွား, သေဘက်သွား နောက်ဇာတိ ပဋိသန္ဓေဘက်သွားနေတာ၊ အို ဒုက္ခပြီး နာဒုက္ခ၊ နာဒုက္ခပြီး သေဒုက္ခ၊ အသေဒုက္ခပြီး ပြန်တော့ ပဋိသန္ဓေဒုက္ခ ဒီဒုက္ခအစုတွေသာ ဆက်တိုက်လာနေတာဘဲ၊ ဒီပြင် ဘာမှ အလိုမပါပါဘူး၊ ဒီဒုက္ခအစု ဘာကြောင့် လာနေသလဲ? ဒကာတို့ တတွေက ခန္ဓာလက်ရှိဖြစ်နေကြလို့ ဒုက္ခခန္ဓာကိုယ်ပိုင် ရထားကြလို့ဘဲဆိုတာ မှတ်လိုက်ကြ၊ ရှင်းကြပြီလား?

ဘာကြောင့် ဝိပဿနာလုပ်ရသလဲ? ဇာတိ ဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခဆိုတဲ့ ဒုက္ခလမ်းကြမ်းချည့်သွားရမှာ လျှောက်ရမှာ ကြောက်လို့ ဝိပဿနာလုပ်ရတာ၊ ဇာတိစတဲ့ တရားတွေဟာ ဘာဘဲကြည့်ကြည့် ကောင်းစားရေး မပါဘူး၊ ဒုက္ခအစု ဆင်းရဲ တုချည့်ဘဲ၊ ဒီဆင်းရဲတွေက လွတ်အောင် ကျွတ်အောင် လုပ်ရတာလို့ မှတ်ကြ၊ ရိပ်မိကြပြီလား? ဒီကြားထဲက ပျင်းလာရင် ကိုယ့်အကျဉ်း

ထောင်က ကိုယ်မလွတ်ချင်တဲ့ သူဆိုတာ ရိပ်မိကြ၊ ကိုယ့်အချုပ်ထောင်မှာ ငုပ်တုပ်ခံချင်တဲ့ သဘောဘဲလို့ မှတ်ကြ။ တရားအားထုတ်ရင်းက ပျင်းစိတ်ဝင်လာရင် ဒီ ဇာတိစတဲ့ ဒုက္ခသစ္စာကြီး လေးချက်ကြပ်ကြပ်ကြည့်ကြ။ ဒုက္ခသစ္စာ လေးချက်ဟာ ကိုယ်ပိုင်ဖြစ်ချင်ကြလို့ဘဲ၊ ဒို့ ဒကာတွေ ပျင်းတိုင်း ပျင်းငိုင်း ဒီလေးချက်ကိုကြည့်ပါလို့ သတိပေးလိုက်ပါတယ်၊ ရှင်းကြပြီလား?

ဒီသဘောကိုဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောကြားမှာထားတော်မူခဲ့တယ်၊ "ကြံမယ် တွေးမယ်လို့ဆိုရင် ဒီပြင်ဟာကိုမကြံမတွေးကြနဲ့ ဒီဇာတိ, ဇရာ, ဗျာဓိ, မရဏဆိုတဲ့ ဒုက္ခလေးချက်ကိုဘဲတွေးကြ–ကြံကြ"လို့ အသေအချာ ဟောတော်မူခဲ့တယ်။ ဒါကြောင့်ဒို့ – ဒကာတွေ ဒီကနေ့ကစပြီး အတွေးအကြံကို ပြင်ကြဘို့ပြောင်းကြဘို့ တိုက်တွန်းလိုက်ပါတယ်၊ သဘောပါကြပြီလား?

သာဝကပါရမီ ဉာဏ်ရမှ ဒီဒုက္ခလေးခုက လွတ်ကြမှာ ဒီဉာဏ်မှ မရသေးရင် အေးနေလို့တော့ မဖြစ်သေးဘူးဆိုတာမှတ်လိုက်ကြ၊ အေးနေမိရင် အခု အေးသလောက် နောင်အခါပူပန်ရမယ်၊ ဒါမှ မရိပ်မိသေးရင် မှန်ရှေ့မှာ ရပ်ပြီး ကိုယ့်ကိုယ်ပြန်ကြည့် ကိုယ့်အရုပ်ဆိုးတာ မြင်ရမယ်၊ မြင်ရင် ကိုယ်အရုပ်ဆိုးတာကိုယ်ပြင်ကြလို့ သတိပေး လိုက်တယ်။

ဘာကြောင့် ဘုရားက တရားဟောတော်မူတာတုံး? ရိပ်မိကြရဲ့လား? သတ္တဝါတွေကို သနားတော်မူလို့ သတ္တဝါတွေ အဖြစ်မှန်

သိတော်မူလို့ သတ္တဝါတွေအတွက် ဟောတော်မူရတာ ဘုရားက သတ္တဝါတွေရဲ့ ပင်္ဂိုသန္ဓေ အို၊ နာ၊ သေဆိုတဲ့ ဇာတိ၊ ဇရာ၊ ဗျာဓိ မရဏဒုက္ခတွေမြင်လို့ သနားလို့ ဟောတော်မူတာဘဲလို့မှတ်ကြ၊ ဒါနဲ့မှ အားမထုတ်ချင်ရင် ကိုယ်ထက်မိုက်တဲ့လူမရှိတော့ဘူးလို့ ဆုံးဖြတ်ချက်ချ၊ အားမထုတ်သူအတွက်မှာ ဇာတိ ကိုယ်ပိုင်၊ ဇရာကိုယ်ပိုင်၊ ဗျာဓိကိုယ်ပိုင်၊ မရဏကိုယ်ပိုင်ဘဲလို့သာ မှတ်ကြပေတော့၊ ရှင်းကြပြီလား?

ကိုယ့်ကိုယ်ကိုယ်ချစ်သနားတာဖြင့် အားထုတ်ကြဖို့ဘဲ၊ အားထုတ်ရင် ဇာတိချုပ်ရာ ဇရာ ချုပ်ရာ၊ ဗျာဓိချုပ်ရာ၊ မရဏချုပ်ရာ ဖြစ်တဲ့ နိဗ္ဗာန်ကို ကိုယ်ပိုင်ရကြမယ်၊ နိဗ္ဗာန်ကိုယ်ပိုင်ရချင်ရင် ကိုယ်တိုင်ကြိုးစားမှဖြစ်မယ်၊ ဒကာ၊ ဒကာမတွေက ကိုယ့်အတွက်မပူ သူများအတွက်တော့ ပူတတ်ကြတယ်၊ ဘုရားက ဘုရားဖြစ်ဘို့ အရေးပြီးမှ သူများအရေးလုပ်တယ်၊ ဒို့ဒကာတွေကတော့ ကိုယ့်အရေး မပြီးခင်က သူများအရေး၊ သားရေး၊ သမီးရေး၊ စီးပွားရေးတွေ လုပ်နေ ပူနေကြတယ်၊ ဒကာတို့က ဖီလာကန့်လန့်သမားတွေလား? လို့ မေးထိုက်၊ မမေးထိုက်စဉ်းစားကြ။

ဒို့ဒကာတွေက ဆင်ခြေ၊ ဆင်လက်တွေနဲ့ ပြောတတ်ကြတယ်၊ စိတ်ကူးထားပါတယ်၊ အကြံကမမြောက်နိုင်ဘူး၊ လုပ်မလို့ဟာ ဒီကလေးက လူလားမမြောက်သေးလို့ သမီးကလေး စိတ်မချသေး လို့ဘဲ၊ အဲဒါဘုရားလမ်းစဉ်ကို သွေဖီလိုက်တာဘဲ၊ ဘုရားက

ကိုယ့်အရေးကို ပထမ၊ သူများအရေးကိုနောက်မှ လုပ်တယ်၊ ဒကာတို့ တစ်တွေက ဘုရားလမ်းစဉ်မလိုက်ဘဲ သွေဖီနေကြရင် ဗုဒ္ဓ ဘာသာဝင် မဟုတ်သေးဘူးလို့ မှတ်လိုက်ကြ၊ ရိပ်မိပြီလား? ဒါကြောင့် ရိပ်မိရင် ဒါကိုပြင်ကြ, ဆင်ကြပါလို့ လေးလေးနက်နက်သတိပေးလိုက်ပါတယ်။

ဒါကြောင့် ကိုယ့်အရေးအတွက် ဝိပဿနာ အလုပ်လုပ်ကြ ရမယ်၊ သစ္စာမြင်ရင် အမိုက်ပျောက်တယ်၊ ရူးတာက သမုဒယကြောင့် ရူးတာ သူ့ပယ်ရင် အရူးပျောက်တာဘဲ၊ သဘောပါကြပြီလား? ဒါကြောင့် အမိုက်နဲ့ အရူးပျောက်အောင် သစ္စာအလုပ်လုပ်ကြ၊ **ဒုက္ခသစ္စာတစ်ခုထဲကို ပိုင်ပိုင်နိုင်နိုင် သိအောင်ကြိုးစားကြ၊ များများ မဟုတ်ဘူး "ဖြစ်ပျက်" ဟာ ဒုက္ခသစ္စာအစစ်ဘဲလို့ သိအောင်** လုပ်ကြ၊ သစ္စာမြင်မှ မိုက်ရူးပျောက်မယ်၊ ရှင်းကြပြီလား?

ဒကာတို့တစ်တွေ မျက်လုံးမမြင်သေးလို့ ဒါတွေဘုန်းကြီးက ထုတ်ပြရတာ၊ ထုတ်ပြလို့ မြင်ရင်လွတ်အောင် ကြိုးစားအားထုတ်ကြ၊ ဘုန်းကြီးတို့က ကယ်ချွတ်ရေး၊ ဒကာတို့က လွတ်ရေး၊ ကျွတ်ရေး ဘုန်းကြီးတို့ကဟောရေး ညွှန်ပြရေး၊ ဒကာတို့က လိုက်နာရေး ကျင့်ကြံရေး၊ အရေးနှစ်ရေးအနက်က ကိုယ့်အရေး ကိုယ့်တာဝန် ကိုယ်ကျေပွန်အောင် အားထုတ်ကြဘို့ဘဲ၊ အားမထုတ်ချင်ရင်, မထုတ် သေးရင်ဖြင့် ကလေးတွေ လူလားမမြောက်သေးတာနဲ့ လူကြီး အသေကောင် ဖြစ်ရတယ်ဆိုတဲ့ ကိန်းကြုံကြမယ်၊ ရိပ်မိကြပြီလား?

ဒို့ဒကာ, ဒကာမတွေကျကျနန သိထားဘို့က ဖြစ်ပျက်တရား

တစ်ခုသာ လိုရင်းအချက်ကျကြ၊ ရဟန္တာကြီးလေးပါးက နိဗ္ဗာန်မြင်တဲ့ အမြင်ဟာ ဘယ်လိုမြင်တဲ့ အမြင်ဘဲလို့ ဖြေဆိုထားတဲ့ အချက်မှာ–

(၁) က, အာယတန ၆ ပါးဖြစ်ပျက်။

(၂) က, ခန္ဓာငါးပါးဖြစ်ပျက်။

(၃) က, ဓာတ်ကြီးလေးပါးဖြစ်ပျက်။

(၄) က, ဖြစ်တဲ့ ပျက်တဲ့တရား။

ရှုကြ၊ ဒါမြင်ရင် နိဗ္ဗာန်မြင်တဲ့ အမြင်ဘဲလို့ အသီးသီးဖြေဆိုကြတယ်၊ ဒီနေရာမှာ ဒကာတို့တစ်တွေက အစွဲမြဲမှတ်ထားဘို့ရာဟာ ဘာဘဲဖြစ်ဖြစ်၊ ဖြစ်ပျက်ဘဲရှုရမယ်ဆိုတဲ့ အဓိပ္ပါယ်ဘဲလို့ သိထားကြ။

ဘယ်တရားကိုဘဲပြောပြော လိုရင်းအချက်က "ဖြစ်ပျက်ဘဲ" တန်းနေတာ၊ နိဗ္ဗာန်မြင်ချင်ရင် ဖြစ်ပျက်မြင်မှ နိဗ္ဗာန်မြင်ရမယ်၊ ဖြစ်ပျက် မမြင်သမျှ နိဗ္ဗာန်မရကြဘူးလို့ မှတ်ကြ၊ ရှင်းကြပြီလား? ဒကာ, ဒကာမတွေရဲ့ ဆန္ဒအတိုင်း ကိုယ်နှစ်သက်ရာ တစ်ခုခုကိုရှု၊ စိတ်ကြိုက်ရင်စိတ်ရှု၊ ရုပ်ကြိုက်ရင်ရုပ်ရှု၊ စိတ်ရှုရင်စိတ်ဖြစ်ပျက်၊ ရုပ်ရှုရင် ရုပ်ဖြစ်ပျက်၊ ရှုချင်ရာ တစ်ခုခုစိုက်ရှုကြ၊ ရိပ်မိကြပြီလား?

ရဟန္တာကြီးလေးပါးနဲ့ ဘုရားက ဟောထားတာဖြစ်လို့ "ဖြစ်ပျက်မြင်တဲ့လမ်း"ကလွဲလို့ဖြင့် တစ်ခြားနိဗ္ဗာန်သွားလမ်း မရှိတော့ဘူးလို့ စွဲစွဲမြဲမြဲမှတ်လိုက်ကြ။

+❀+❀+❀+❀+❀+

# လာရာ–သွားရာ သိဉာဏ်ရှာ တရားတော်

ဒကာ, ဒကာမတို့ ကိုယ့်ဟာကိုယ် ဘယ်ဘဝက လာခဲ့ပြီး ဘယ်ဘဝ သွားရမှာလည်းလို့ မသိကြဘူး၊ ဒကာတို့ ဘယ်ကလာခဲ့တုံး? မသိပါ၊ ဒါဖြင့် ဘယ်သွားရမှာတုံး? ဒါလည်းမသိပါဘုရား၊ အေး ဒကာ, ဒကာမတွေ ဘယ်ကလာပြီး ဘယ်သွားရမှန်း မသိကြဘူး၊ ရိပ်မိကြရဲ့လား? ဒကာ, ဒကာမတွေ အခုလက်ရှိရနေတာသွားလမ်း လာလမ်း ဘာလမ်းမှ မသိကြဘူး၊ ဥပမာ မျက်စိလယ်ပြီး ရန်ကုန် ဘူတာကြီး မန္တလေးဘူတာကြီးထဲ ရောက်နေတဲ့လူလိုပါဘဲ၊ သဘော ပါကြပြီလား?

ဒကာတို့ တစ်တွေ အခုအနေမှာ ကိုယ့်လာရာ, သွားရာမှ မသိကြဘူးဆိုတော့ အလွန်ဆိုးတဲ့ အဖြစ်နဲ့ ကြုံနေရတာဘဲ၊ ဒီတော့ ဒို့ဒကာ, ဒကာမတွေ ရှေးမူအတိုင်းနဲ့နေလို့ မဖြစ်တော့ဘူး၊ ရှေးမူအမှားကို ပြင်ကြ၊ ရှေးမူအတိုင်းနဲဆိုရင် ဘယ်ကလာတယ်ဆိုတာ လည်းမသိကြ၊ ဘယ်သွားရမှာတုံးဆိုတာလည်း မသိကြဘူး၊ ယောင်ချာ ချာနဲ့ တသံသရာလုံး အချိန်ကုန်ခဲ့ကြရတယ်။

ဒကာ, ဒကာမတွေ ရိပ်မိကြပြီလား? ဉာဏ်မျက်လုံး မရှိကြ လို့ဘာမှ မသိတာ၊ ဉာဏ်မျက်လုံးကို အခု ဆရာဘုန်းကြီးက တပ်ပေးတဲ့ အချိန်မှာ ကြိုးစားယူကြလို့ ပြောလိုက်ပါတယ်၊ ဒီကနေ ဉာဏ်မျက်လုံးဖွင့်ပေးမယ်၊ မျက်လုံးဖွင့်ပေးမဲ့နေ့ဘဲလို့ မှတ်ကြ၊

ဒီတစ်ခါ မျက်လုံးပွင့်ရင်ပွင့် ဒီတစ်ခါ မပွင့်ရင် စုံလုံးကန်းအဖြစ်နဲ့ ဒုက္ခရောက်ကြမယ်၊ ဒကာ, ဒကာမတွေ ဒီနည်းနဲ့ ဒုက္ခရောက်ခဲ့တာ အသင်္ချေအနန္တဘဝပေါင်း မရေမတွက်နိုင်ကြပါဘူး၊ ပေါ်ကြပြီလား? ဒီလို အခွင့်အခါမျိုးမှာမှ လက်လွှတ်ခံရရင် ဒုက္ခအကြီးအကျယ် ရောက်ကြမှာဘဲ။

ဒီတော့ ဒကာတို့ဟာ ရောင်းဝယ်, ဖောက်ကား, သားရေး, သမီးရေး, စီးပွားရေးနဲ့သာ အချိန်ကုန်နေကြရင် တစ်သံသရာလုံး မှောက်ဘို့ဘဲ ရှိတယ်၊ လာရာ, သွားရာ မသိတဲ့လူတွေ အလုပ်ဘဲ၊ ဒီအလုပ်က အိုခြင်းဆိုး, နာခြင်းဆိုး, သေခြင်းဆိုးနဲ့ အမြဲနေကြရတဲ့ အလုပ်ဘဲ၊ ရိပ်မိကြပြီလား? ကိုယ်ကျိုး ကိုယ်စီးပွားမပါတဲ့ သံသရာ အလုပ်တွေ လျှော့ကြတော့၊ ဒါမှမဟုတ်ရင် ဒယ်အိုးဘက်သွားတာနဲ့ ချောက်တွေ ကမ္ဘားတွေ ဘက်သွားရဘို့ဘဲကျန်တော့တယ်ဆိုတာ မှတ်လိုက်ကြ၊ ရှင်းပြီးလား?

ဘုရားက သစ္စ သံယုတ်မှာ ဟောထားတာရှိတယ်၊ ဒကာ, ဒကာမတို့ရဲ့ ဖြစ်ထွေက ကောင်းကင်မြှောက်လိုက်တဲ့ ဒုတ်ပေပါဘဲ၊ မြှောက်လိုက်တဲ့ ဒုတ်ဟာ သူကျချင်သလို ကျမယ်၊ အရင်းလား, အဖျားလား, ဒေါင်လား, ပြားလား, ဇောက်ထိုးလား, မိုးမြှော်လား မသိနိုင်ကြဘူး၊ ကျချင်သလိုကျ ဖြစ်ချင်သလိုဖြစ်ပြီး, နစ်ချင်တိုင်း နစ်ဘို့ဘဲရှိတယ်တဲ့ ရိပ်မိပြီလား?

မှန်းချေကိုက်မပါကြဘူး၊ ဘုရားပေးတဲ့ မျက်လုံးမရသမျှ

စုံလုံးကန်းဘဝက မတက်နိုင်ကြဘူး၊ ဒါကြောင့် အခုလို နည်းရတုန်း ဘုရားပေးတဲ့ မျက်လုံးတပ်ကြတော့၊ ဒါမှသာ ကိုယ့်လာရာ သွားရာ သိကြမှာ လာရာ သွားရာသိမှ စုံလုံးပွင့်ကြမယ်၊ စုံလုံးပွင့်မှ နှစ်ဘက်မြင်ရမှာပေါ့၊ သဘောပါကြပြီလား?

ကိုယ့်အရေး ကိုယ်မရေးဘဲ သူများအရေး၊ သားရေး၊ သမီးရေး၊ ကြီးပွားရေးတွေပဲ လုပ်နေကြတော့တယ်၊ အဲဒါ ကိုယ်တိုင် တစ်ခုမှ မပါဘူး၊ အားလုံးဘုံဆိုင်ကြပ်ကြပ်စဉ်းစားကြ၊ ဘုံဆိုင် အလုပ်ချည့် လုပ်နေရင် ထပ်ဖြည့်နေတာဘဲလို့ မှတ်ကြ၊ စုံလုံးကန်းဘဝက ဘယ်တော့မှ ကျွတ်လမ်းမမြင်တော့ပါဘူး၊ ရိပ်မိပြီလား? ရိပ်မိရင် ပြင်ကြ၊ မပြင်ရင် ဒီထက် အဖြစ်ဆိုးကြမယ်လို့ ဆုံးဖြတ်ချက်ချ၊ ဒါကို သနားလွန်းလို့ သိတဲ့သူက ပြောနေတာ၊ ဘယ်လောက် အဖြစ်ဆိုး ကြုံရမယ်ဆိုတာ ပြောလို့ ကုန်နိုင်စရာမမြင်ပါဘူး။

ဒကာ, ဒကာမတွေက ကိုယ့်အဖြစ်ဆိုး ကိုယ်မသိကြတော့ ပေါ့ပေါ့ကလေး မှတ်ပြီး ပြောတတ်ကြတယ်၊ "ကံစီမံသလို ခံရမှာဘဲတဲ့" ဒကာတို့ဟာ ဒါလောက်အပြင် ပိုမသိကြဘူး၊ ရိပ်မိပြီလား? ဒီအဖြစ်ဆိုးမျိုးက လွတ်အောင် စေတနာထားပြီး ဖော်ပြပေးနေတာ၊ အခုဉာဏ်မျက်စိနှစ်ကွင်း အလင်းရမည့် တရားဟော ရမယ်၊ ကြိုးစားပြီး နားထောင်ကြလို့ တိုက်တွန်းလိုက်ပါတယ်၊ ရှင်းပြီလား?

ဒကာ, ဒကာမတို့ သစ္စာမသိသမျှ အဖြစ်ဆိုးကြုံဘို့ဘဲရှိတယ်လို့

မှတ်လိုက်ကြ၊ ဒါကြောင့် အခုနေက အဖြစ်ဆိုး မကြုံရအောင် အားထုတ်လိုက်ကြဘို့ဘဲရှိတယ်၊ လာရာကိုသိရရင် လာရာဟာ မကောင်းမှန်းသိပြီး မပြန်ချင်မပြန်လိုတော့ဘူး၊ သွားရာ သိရင်လည်း သွားရာ မကောင်းမှန်းသိရပြီး မသွားချင်တော့ပါဘူး၊ သဘောပါ ပြီလား? ဒီတော့ ဒီသဘောသိရအောင် အလုပ်, လုပ်ကြရမယ်၊ အလုပ်လက်ရှိဖြစ်နေရင် သိကြမှာဘဲအလုပ်လက်ရှိ မဟုတ်ရင် ဘာမှ မမြင်တဲ့ အကန်းဘဲလို့ မှတ်ကြ။

ဒကာ, ဒကာမတွေ မိမိရဲ့ လာရာက ဘယ်ကလဲ? "သင်္ခါရ ပစ္စယာ ဝိညာဏံ" ဘဲ၊ ဒီဘဝအစ ပဋိသန္ဓေကလို့ မှတ်ကြ၊ ဒကာ, ဒကာမတွေ **အတိတ်ဘဝက ကောင်း, မကောင်း သင်္ခါရမှုတွေ ပြုခဲ့ ကြတယ်၊ အဲဒီသင်္ခါရကြောင့် အခုဘဝမှာ ပဋိသန္ဓေဝိညာဏ် အစ အဆုံး ရလာကြရတာ၊** ရိပ်မိပြီလား? ဒါကြောင့် ဒကာ, ဒကာမတို့ လာရာဟာ ဇာတိဆိုတဲ့ ပဋိသန္ဓေက လာခဲ့ကြတာ၊ ရှင်းပြီလား? ဘုရားက "ဇာတိပိဒုက္ခသစ္စာ"ဘဲတဲ့ ဒီတော့ ဒကာတို့ဟာ ဒုက္ခသစ္စာက လာခဲ့ကြရတာပေါ့၊ ဒါကြောင့် မိမိတို့ လာရာဟာ ဒုက္ခသစ္စာက လာခဲ့ကြတာဘဲလို့ ဆုံးဖြတ်ချက်ချ၊ ကျေနပ်ပြီလား?

ဒါက နာတရားနဲ့သိကြရတာ၊ အလုပ်တရားနဲ့သိရမှ ကိုယ်တိုင် ကိုယ်ပိုင် ကေန်သိဖြစ်မယ်၊ ဒီလို အမှန်ကိုယ်တိုင်သိတော့ ဇာတိဒုက္ခကို ပွေ့ပိုက်ထားချင်ပါအုံးမလား? နှစ်သက်နိုင်ပါအုံးမလား? ဘယ်ထား ချင်ပါတော့မလဲ၊ ဒုက္ခမှန်းသိတော့ နောက်ထပ်မလိုချင်တော့ဘူး၊

နှစ်သက်နိုင်ဘို့ဆိုတာ မပြောနဲ့တော့ သဘောကျပြီလား? ဒကာတို့ တစ်တွေ ပဋိသန္ဓေက ဆက်လက် ကြီးထွားလာခဲ့ရတာဘဲ၊ ဒီတော့ ဒုက္ခသစ္စာက လာခဲ့ရတာဘဲဆိုတာ သိကြရပြီ နားလည်ကြရဲ့လား?

ငါတို့ဟာ ဇာတိပိဒုက္ခသစ္စာက လာခဲ့တာဆိုတဲ့အချက်ကို သိကြရပြီ၊ ဒါဟာ ဉာဏ်နဲ့သိကြရတာ၊ ဆရာသမားအကူအညီ ကြောင့်ဘဲဆိုတာ ပေါ်ပြီလား? ဒကာတို့တစ်တွေ ရှေးက ဒါကိုသိရင် ဖြင့် ဒီအို, နာ, သေခန္ဓာကြီးနဲ့ မတွေ့ရပါဘူး၊ မနေရပါဘူး ရိပ်မိကြပြီလား? ဒီအမှန်ကို မသိကြလို့ဒုက္ခခန္ဓာ, အို, နာ,သေကြီးနဲ့ လက်ရှိကိုယ်ပိုင်ဖြစ်နေကြရတာပါ ဒါသိရတာ ဘယ်လောက် အဖိုးတန် သွားပြီလဲ? သစ္စာသိရတာမို့ အဖိုးမဖြတ်နိုင်ဘူးဆိုတာ မှတ်ကြ။

ဒီလိုသိတော့ လာရာက ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာဘဲ၊ ရှင်းကြရဲ့လား၊ ဒီလို ဒုက္ခသစ္စာသိတာ၊ မဂ္ဂင်နဲ့ သိရတာ မဂ္ဂင်ငါးပါး ရှိတဲ့ မဂ်နဲ့သိရတာလို့မှတ်ကြ၊ ဒီမဂ်ဟာ သတ္တိအများကြီး ပါတယ်၊ မဂ်သတ္တိမသေးဘူး၊ ဇာတိဟာ ဒုက္ခသစ္စာမှန်း သိသွားတော့ ဒီဇာတိ ဒုက္ခနောက်ဆက်မှာကို ကြောက်တယ်၊ ဒီလို ကြောက်တာ မဂ်ဉာဏ် သတ္တိဘဲ၊ ရိပ်မိကြပြီလား?

ဒီဉာဏ်ရရင် တစ်ဖက်မြင်ပြီလို့မှတ်၊ ဒါတစ်ဘက်မြင်ပြီး၊ ဒကာတို့ တစ်တွေ ရှေးက ဒီဒုက္ခသစ္စာကို ငါ့ပစ္စည်းလုပ်ခဲ့ကြရတာ၊ ငါပိုင်လုပ်ပြီးနေခဲ့ကြရတာဘဲ၊ ဝိုးဝါးတော့ မြင်ပြီး၊ စင်စင်ကြယ်ကြယ် မြင်ရဖို့ ကျန်တော့တယ်။

ဒီတော့ ကိုယ့်ခန္ဓာ ဒုက္ခသစ္စာကို ကိုယ်သိအောင် လုပ်ရမယ်၊ ဒုက္ခသစ္စာက လာခဲ့ပြီ အခုလက်ရှိလည်း ဒုက္ခသစ္စာကိုယ်ပိုင်နဲ့ နေ၊ နေရတယ်၊ ဒါကို အမှန်သိအောင်ကြိုးစားကြ၊ ဒုက္ခသစ္စာမှန်းသိရင် ဒီလမ်းမပြန်ချင်တော့ဘူး၊ မသိသူအဖို့တော့ ပြန်ချင်သေးဒါဘဲ၊ မကောင်းတဲ့နေရာ ပြန်ချင်တယ်ဆိုတဲ့ အဖြစ်ဟာ မသိလို့သာဘဲ၊ သိရင် မကောင်းတာ ဘယ်သူမှ မကြိုက်နိုင်ပါဘူး၊ ရိပ်မိပြီလား?

ဒီတော့ မဂ်ရအောင် အလုပ်လုပ်ရမယ်၊ ဝိပဿနာအလုပ်လုပ် ရမယ်လို့ မှတ်ကြ၊ မဂ်ပေါ်မှလာရာသိ၊ သိတော့ လာရာဟာ ဒုက္ခသစ္စာမို့ မပြန်ချင်တော့ဘူး၊ မပြန်ချင်တော့ဘူးလို့ သိရတယ် ဒါဟာ ဒုက္ခသစ္စာ ပိုင်းခြားသိတာဘဲလို့ မှတ်ကြ၊ သွားရာလည်း သိပြီ သွားရာသိတော့ အမြန်သွားဘို့ကြိုးစားတယ်၊ မဂ်ရတော့ လာရကိုလည်း မကောင်းမှန်းသိတယ်၊ သွားရာကိုလည်း ကောင်းမှန်း သိတယ်၊ ရှင်းကြပြီလား? ဘုရားက ဒီအခိပ္ပါယ်ကို သံယုတ် ပါဠိတော်မှာ သစ္စာကို တန်ဆာဆင်ပြီး ဟောတော်မူခဲ့တယ်၊ နားလည်ကြပြီလား?

ဒကာ, ဒကာမတွေ သဘောပါကြရဲ့လား? သွားရာ သိတော့ ဒီနေရာ မရောက်အရောက် သွက်သွက် သွားမယ်၊ ကောင်းမှန်း သိပြီကိုး၊ ကောင်းမှန်းသိရင် အရောက်သွားချင်မှာပါဘဲ၊ ကောင်းမှန်း သိလို့ ရောက်ချင်တာ၊ ကောင်းရာက နိရောဓသစ္စာဘဲလို့ မှတ်ကြရှင်း ပြီလား? ဒကာ, ဒကာမတွေ လေးလေးစားစားနဲ့ အရေးထားပြီး၊ ကြိုးစားလိုက်နာကြပါလို့ အထူးတလည် တိုက်တွန်းလိုက်တယ်။

ဉာဏ်မျက်စိမပါတော့ အမှန်အကန်မသိနိုင်ကြဘူး၊ မသိတော့ မကောင်းတာ အကောင်းထင်ပြီ လူဖြစ်ရပါလို၏၊ နတ်ဖြစ်ရပါလို၏နဲ့ အလောင်းဘဲ တောင်းယူနေခဲ့ကြတယ်၊ ဒီလိုဆိုတော့ ဒီဇာတိ ဒုက္ခကဘဲစရမှာ၊ ရမှာက ဒုက္ခတွေချည့်ဘဲ၊ ဒါအမှန်မသိတဲ့အတွက်ဘဲ အမှန်သိတော့ မလိုချင်တော့ဘူးတဲ့၊ ရိပ်မိကြပြီလား? ဒကာ, ဒကာမတွေ ဒုက္ခမှန်းသိရင် လိုချင်ပါအုံးမလား? အမှန်အကန်သိတော့ ဒုက္ခက လာတာဘဲလို့ သိပြီးလာရာကို မပြန်ချင်တော့ဘူး၊ မပြန်ချင် တာဒုက္ခသစ္စာသိလို့ဘဲ၊ ရှင်းပြီလား? သိတဲ့ဉာဏ်က သမုဒယသစ္စာကို ဖြတ်လိုက်တယ်၊ ဖြတ်တော့ သမုဒယသေသွားပြီမို့ ပြန်ချင်တဲ့ တဏှာမပေါ်လာတော့ဘူး ရှင်းပြီလား?

ဆုတောင်းနေလို့ သမုဒယ မသေဘူး၊ အလုပ်လုပ်မှ သေမှာ၊ အားထုတ်မှ သမုစ္ဆေဒသေဖြစ်မှာ၊ ဒါကြောင့် အားထုတ်ကြလို့ တိုက်တွန်းလိုက်ပါတယ်၊ လာရာက ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ၊ သေတာက သမုဒယသစ္စာ၊ ပေါ်တာက နိရောဓသစ္စာဘဲ၊ ကျေနပ် ပြီလား? ရှစ်ပါးပြည့်မှရကြမယ်။

ဒကာ, ဒကာမတွေ ကိုယ့်ကိုယ်ကို ကိုယ်တိုင်လုပ်မှသာ ရကြမယ်ဆိုတာ မြဲမြဲမှတ်လိုက်ကြ၊ ကိုယ်တိုင်အလုပ်မပါရင် ဘုရားတောင် မတတ်နိုင်ပါဘူး၊ ဒါကြောင့် ကိုယ်တိုင်လုပ်ကြ၊ အားထုတ်ကြ၊ ပွားနည်းကို ပြမယ်၊ **ပွားတဲ့နည်းက "သင်္ခါရပစ္စယာ ဝိညာဏံ" သင်္ခါရကြောင့် ပေါ်လာတဲ့ဝိညာဏ်စိတ်ကလေးဟာ**

**ပေါ်လာပြီ ချုပ်သွားတယ်၊ ဒါကို သိရမယ်၊ သိအောင် ဉာဏ်နဲ့ကြည့်ပြီး ဖြစ်ပျက်ရှု၊** နောက် နာမ်ရုပ်ပေါ်လာလည်း ဖြစ်ပျက်ဒုက္ခသစ္စာဘဲ လာမှာပါ၊ဒီတော့ နာမ်ရုပ်ကလဲဖြစ်ဒုက္ခ ပျက်ဒုက္ခဘဲလို့ ရှုကြ၊ ရှင်းပြီလား?

ဝိညာဏ် (အသိစိတ်) ကလေး တစ်ခုပေါ်လာရင် ဖြစ်ပျက်ရှု ချုပ်သွားပြီး နာမ်ရုပ်လာရှုချ၊ ချုပ်သွားပြီး နောက်လာသမျှ ဖြစ်ပျက် ရှုပေး၊ ရှုတော့ အဖြစ်နဲ့ အပျက်ပဲတွေ့မယ်၊ အဲဒါသူတို့ဟာ ကျုပ်တို့ဟာ ဒုက္ခပါပဲလို့ ပြောသွားတာပဲ၊ လာသမျှ ဖြစ်ပြီး ပျက်တာပဲရှိတယ် သူတို့ အဆက်အနွယ်မှန်သမျှ ဘာမှမကောင်း ကြဘူး၊ အားလုံး ဒုက္ခချည့်ပါပဲလို့ ပြောပြတယ် အားလုံးဒုက္ခသစ္စာ ချည့်လာမှာပဲ၊ ဒါကြောင့် ဒုက္ခမြင်အောင် ရှုပေးကြ။

ရှုတော့ ရှေ့က သေတာ ဟူသမျှ ဒုက္ခချည့်ပဲ၊ နောက်က လာသမျှ ဒုက္ခသစ္စာချည့်ပဲ၊ ဘာလာလာ, လာသမျှ ဖြစ်ပျက်ပဲလို့ရှု၊ လာသမျှ ဒုက္ခသစ္စာချည့်လာမှာပဲ၊ သုခမတွေ့မချင်းလာသမျှ ဒုက္ခ ဆုံးအောင် လိုက်ရှု၊ မဆုံးမချင်းရှု၊ သုခမတွေ့သေးခင်မှာ ဒုက္ခပိုင်းခြား နေမယ်၊ ဒုက္ခမတွေ့ချင်, ဖြစ်ပျက်ဒုက္ခ အလွန်မုန်းပြီး မရချင်တော့ဘူး လွတ်ချင်ပါပြီဆိုရင် လွတ်မယ်၊ လာရာ ဒုက္ခ သစ္စာသိလို့ ပြန်မစ ချင်တော့ဘူးဆိုရင် သမုဒယ သေတာပဲ၊ သမုဒယက အမှောင် ဒီအမှောင်ပျောက်တော့ အလင်းရောက်တာပဲလို့ မှတ်ကြ၊ အဲဒါ နိရောဓသစ္စာပဲလို့မှတ် ရှင်းပြီလား?

✂★✂★✂★✂★✂

## "အနာဂတ်ဘေး လာမည့်ရေး တရားတော်"

### အနာဂတ်ဘေးငါးမျိုး

(၁) အိုဘေး။

(၂) နာဘေး။

(၃) ငတ်မွတ်ဘေး။

(၄) လူသင်းကွဲဘေး။

(၅) သံဃာသင်းကွဲဘေး။

ဒီကနေ့ညမှာ"အနာဂတ်ဘေး" ငါးမျိုးရှိတယ်လို့ သိရမယ်၊ ပဉ္စက နိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်မှာ လာတဲ့အနာဂတ်ဘေးငါးမျိုးလို့ မှတ်ထားကြ၊ မကြာခင်မှာ မိမိဆီကို ရောက်လာမဲ့ဘေးဆိုး ငါးခုကို အနာဂတ်ဘေးငါးပါးလို့ ခေါ်တယ်။

အဲဒီဘေးငါးခုက

(၁) အိုဘေး

(၂) နာဘေး

(၃) ငတ်မွတ်ခေါင်းပါးဘေး

(၄) လူသင်းကွဲဘေး

(၅) သံဃာသင်းကွဲဘေးလို့ ပဌမအကျဉ်းမှတ်ထား။

**(၁) အိုဘေး ။** ။ အိုဘေးဆိုတာ ခါးကိုင်း, နားထိုင်း, သွားကျိုး, ဆံဖြူ , ငယ်မူတွေ အကုန်ပျောက်ပြီး အသိဉာဏ်ပညာ ခန်းခြောက်

တဲ့အရွယ် အိုမင်းရင့်ယော်တဲ့ အခါမျိုး၊ မကြာခင်ရောက်လာမယ် အခု တရားအားမထုတ်ရင် အဲဒီ "အိုဘေး" စောင့်တာဘဲလို့ ဆိုရမယ်၊ တရားတော်ဟာ အင်မတန် ဉာဏ်ထက်မြက်တဲ့ အချိန် အရွယ်မှာမှအားထုတ်လို့ ကောင်းတာ၊ အရွယ်က ကုန်ဆုံး အသိဉာဏ် ကလဲတုံးနေပြီလားဆိုရင်ရာ ဘာတုံး လက်သီးနဲ့ထိုးသလို နေရာကို မကျနိုင်တော့ဘူး၊ အချိန်ကြာသလောက် ခရီးမရောက်ဘဲ ကြန့်ကြာနေ တတ်တယ်။

ဒါကြောင့်အခုနေ အရွယ်ကောင်းတုံး ကြိုးစားကြ၊ အားထုတ်ဘို့ ကိုယ့်ကိုယ်ကို ဆုံးမကြ၊ ဓမ္မပဒပါဠိတော်မှာ ပါတယ်၊ "အတ္တာဟိကိရ ဒုဒ္ဒမော"လို့ ဟောတယ်၊ လောကမှာ သူများကို ဆုံးမရတာထက် ကိုယ့်ကိုယ်ကို ဆုံးမရတာ အခက်ဆုံးဘဲတဲ့၊ ကိုယ့်ကိုယ်ကို လိမ္မာအောင် ပဋ္ဌမဆုံးမကြရမယ်၊ ကိုယ့်ကိုယ်ကို ဆုံးမကြ။

**(၂) နာဘေး** ။ ။ ကိုယ့်ကိုယ်ကို ဆုံးမလို့မှ မရရင်ဖြင့် "နာဘေး"နဲ့ တွေ့လိမ့်မယ်၊ နာဘေးစောင့်တယ်လို့သာ မှတ်ကြတော့၊ နာဘေးဆိုတာလည်း အချိန်ရွေးတာ မဟုတ်ဘူး၊ ခန္ဓာရသူ ခန္ဓာရှိတဲ့သူ မှန်သမျှမှာ ဘေးက ဝန်းရံပြီး စောင့်နေတာ သိကြရဲ့လား? သူက ဝင်နှိပ်စက်မယ်၊ ခုခေတ်မှာ ရောဂါက (၉၆) ပါး မကတော့ဘူး၊ အကြောင်းတိုက်ဆိုင်တာနဲ့ တစ်ချက်ထဲနာဘေးက သင့်ဘို့ အဆင်သင့် စောင့်နေတာ၊ ဒီတော့ အခုမှ အားမထုတ်ကြသေးရင် နာဘေး စောင့်တယ်ဆိုတာ မှတ်တော့။

(၃) **ငတ်မွတ်ဘေး** ။ ။ အခု လူတွေ ပြောကြတယ်၊ ငွေတွင်းက နက်လှပြီတဲ့၊ ရောင်းလို့ ဝယ်လို့ ရှာလို့ ဖွေလို့ အဆင်မပြေဘူး၊ ရေးကနဲ့ မတူတော့ဘူး၊ အခုကိုဘဲပိုပြီး ကြပ်လှပါတယ်နဲ့ ပြောဆိုနေကြပြီ၊ ခန္ဓာရှိရင် "ငတ်မွတ်ဘေး"လာမယ်၊ ငတ်ဘေး လွတ်ချင်ရင် အခုထဲက တရားအားထုတ်ကြ၊ နိဗ္ဗာန်ဆိုတာ ငတ်တကျာမရှိဘူး၊ ငတ်တကျာမရှိလို့ င ်ဘေးက လွတ်ကြရမယ်။

(၄) **လူသင်းကွဲဘေး** ။ ။ လူသင်းကွဲဘေးကလဲ အခုကိုဘဲ ဆိုက်ရောက်နေပြီလို့ ဆိုနိုင်တယ်၊ သင်းကွဲတာဟာ အယူအဆမတူ၊ ဝါဒမတူလို့ ဖြစ်ရတာ၊ သတ္တဝါတွေ အချင်းချင်း အယူဝါဒကွဲတဲ့ ဘေးဟာ ပိုပြီးဆိုးတယ်၊ ဘာဝါဒ ညာဝါဒနဲ့ ဝါဒချင်းပြိုင်ကြ၊ ပြိုင်ရာကစပြီး လူလူချင်း အနိုင်ခ်ခင်းကာ သတ်ဖြတ်နေကြပြီ၊ ခုနေကထဲက နောက်ကျ ရင် ဒီ်ကက်ပိုပြီး ကွဲဘို့ရှိတယ်ဆိုတာ သိကြရမယ်၊ နောက်လာမဲ့ "ကွဲဘေးတွေ "အမျိုးမျိုးတွေ့ကြရမယ်၊ ရှင်ကွဲ, ကွဲ၊ တစ်ခါသေကွဲကွဲ၊ လင်နဲ့ ကွဲ၊ မယားနဲ့ ကွဲသားနဲ့ကွဲ၊ သမီးနဲ့ ကွဲ၊ ဆွေမျိုးသားချင်းနဲ့ကွဲ၊ ရှင်ကွဲသေကွဲအမျိုးမျိုး အကွဲဘေးနဲ့ မုချကြုံရတော့မယ်၊ ကြုံရလိမ့်မယ်၊ အဲ, အခုနေ အခါမှာမှ အားမထုတ်ကြသေးဘူးဆိုရင် အိုဘေး, နာဘေး, သေဘေး, ဝါဒမတူလို့ အယူကွဲပြားတဲ့ဘေး, အဲဒီဘေးတွေ လာတော့မယ် မုချဘဲ။ အခု တရားအားမထုတ်သေးရင် ဘေးအမျိုးမျိုး သင့်ပြီး သေကြရမှာဘဲ။

(၅) **သံဃာသင်းကွဲဘေး** ။ ။ လူသင်းကွဲတဲ့နောက် "သံဃာ

သင်းကွဲတဲ့ဘေး”က လာအုံးမယ်၊ လူ့ဒကာ အချင်းချင်းသင်းကွဲတော့ ကိုးကွယ်တဲ့ သံဃာ, အချင်းချင်းဆရာ, အချင်းချင်း သင်းကွဲကြမယ်၊ ဒီတော့မှ ဟိုကိုးကွယ်ရင် ဒီဘက် မျက်နှာမသာ၊ ဒီကိုးကွယ်တော့ ဟိုဘက် မျက်နှာမသာ၊ ဟို ကိုးကွယ်ရမလို၊ ဒီကိုးကွယ်ရမလိုနဲ့ သောကများရတယ်၊ ဒီဘေးသင့်တော့ နှလုံးမသာ မယာ ဒေါမနဿ ဖြစ်၊ ဒေါမနဿဖြစ်ရဖန်များပြီး ဒီအဖြစ်နဲ့သာ သေရင် အပါယ် ကျဘို့ဘဲရှိတော့တာဘဲ။

ဒို့ဒကာတွေ ကြပ်ကြပ်စဉ်းစားကြ၊ အနာဂတ်ဘေးတွေ လာလိမ့်မယ်၊ ဒီတော့ အခုအချိန်ဟာ အကောင်းဆုံး အချိန်ဘဲဆိုတာ ဆုံးဖြတ်ချက်ချ၊ ငယ်ပါသေးတယ် ကြီးမှဘဲအားထုတ်တော့မယ်ဆိုရင် အိုဘေး စောင့်နေတာဘဲ၊ စိတ်ကူးရှိပါရဲ့ ဖြေးဖြေးတော့ လုပ်မှာပါ ဆိုရင် အပြောကယဉ်သလောက်ဘေးသင့်ဘို့ စောင့်နေတာ ကေန်ဘဲလို့ မှတ်။

ကျုပ်က စိတ်ကူးတော့ ရှိပါရဲ့ အကြောင်းမညီညွတ်သေးလို့ စဉ်းစားထားပါတယ်၊ ဖြေးဖြေးတော့ လုပ်မှာပါဘဲ၊ ဒီလို ပြောတဲ့ လူများကို သွားပြီး သာဓု သာဓုလို့ မလုပ်လိုက်ပါနဲ့၊ အဲဒါ ဘေးစောင့်နေတာ၊ ဘေးမလာသေးလို့ မလာ, လာအောင် စောင့်နေ တာလို့ မှတ်ရမယ်။

ဆင်ခြေ ဆင့်လက်က သိပ်များကြတယ်၊ စီးပွားရေးကဘယ်နှယ်၊ သားရေး သမီးရေးကဘယ်လို ကျုပ်ကိုယ်တိုင်က ဘယ်သို့ ခင်ဗျားတို့

ပြောတာတော့ လွယ်ပါရဲ့၊ ကျုပ်မှာက ဘယ်ပုံဖြစ်နေရတာနဲ့ ဘာနဲ့ ညာနဲ့ ၊ ရိုးမယ်ဖွဲ့တတ်ကြတယ်၊ အဲဒါဟာ နှယ်နှယ်ရရများ မမှတ်လိုက်ပါနဲ့၊ တဏှာက လှည့်စား နေတာ၊ သံသရာ တလျှောက်မှာ ဒုက္ခရောက်အောင် သူနှောက်ယှက် နေတာ၊ သူလှဲ့စားနေတာ၊ သူချယ်လယ်သမျှ ငုံခံနေကြရတာဘဲ၊ သက္ကာယ မကွာသေးသမျှ ခံရမှာဘဲခံနိုင်အောင်သာ ခံကြပေတော့။

တဏှာက အလှဲ့စားကောင်းတော့ "အင်း ဟုတ်ပေးသားဘဲ ဟုတ်ပ, ဟုတ်ပ "နဲ့ လိုက်နေကြတယ်၊ ကိုယ့်ကိုယ်ကို အလိမ်ခံရလို့ ခံရမှန်း မသိရှာကြဘူး၊ ဒါကြောင့် ဘုရားရှင်က "ကိုယ်ကိုယ်ကို ဆုံးမဖို့ အခက်ဆုံး"လို့ ဟောတော်မူတာ၊ ကိုယ်မလိမ်မှာတာ ကိုယ်သိပြီး ကိုယ်ကိုယ်ကို လိမ္မာအောင် ဆုံးမကြ။

ဒီအတိုင်းသာ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် သာမန် အနေမျိုး နေသွားကြရင် အသေဆိုးနဲ့ ဧကန် ကြုံရတော့မယ်၊ ဘုရားက –

"အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနောပဒံ"လို့ ဟောတော်မူတယ်။

တရား အာ မထုတ်ဘဲမေ့လျော့ ပေါ့တန်ရင် သေရာကို့ အပြင်ဘာမှ မရှိဘူးတဲ့၊ သေပြီးရင်းသေရင်းနဲ့ ထပ်တလဲလဲသာ သေပြီး အသေချင်း ထပ်နေမှာဘဲတဲ့၊ ဒီလိုသာ မေ့မေ့လျော့လျော့ အိပ်ပျော် နေကြမယ်၊ ပေါ့နေကြမယ်ဆိုရင် မကြာခင် သေမင်းက ခေါ်သွားမယ်၊ မပေါ့ကြနဲ့။

လူ့ဘဝကို မရစဘူး၊ အရထူးလို့ ရလာကြတာ၊ အရထူးတဲ့ ဒုလ္လဘတရားကြီးကို တဏှာက ဝင်ပြီး အသေကောင်လုပ်ခိုင်း လိုက်တာ၊ တဏှာက ကပ်ကပ်ပြီး အမြဲမပြတ်အသေကောင် လုပ်ခိုင်း နေတာ မသိကြတော့ အသေကောင်အဖြစ်က လက်စမသတ်နိုင်ကြဘူး၊ သမုတိမရဏ ဆိုတဲ့ အသေမှာ အသေခေါ်တာ မဟုတ်ဘူး၊ ဘာမှ မသိလောက်အောင် အိပ်ပျော်နေတဲ့အချိန်လည်း "အသေ" ခေါ်တာဘဲ။

ဒီတော့ အသေကောင်က ညတိုင်း ညတိုင်း အဘိုးတန်တဲ့ အချိန်ကလေး နှုတ်ယူလိုက်စားတာ နှုတ်လိုက်နဲ့ ဘာကျန်သေးသလဲ? နှုတ်, နှုတ်ပစ်တာနဲ့ဘာမှ မကျန်တော့ဘူး၊ တစ်ဝက်မကဘူး ရှော့သွားပြီ၊ အသေမလာခင် အသေမဦးခင် ကြိုးစားပြီး အားထုတ် ကြရမယ်။

ဘေးမုန်သမျှ မဂ်က ကာကွယ်နိုင်တယ်၊ အနာဂတ်ဘေးက ပြေးမလွတ်နိုင်ဘူး လာမှာမုချဘဲ၊ ဒီတော့ အနာဂတ်ဘေးရှောင်ချင်ရင် လွတ်ချင်ရင် အခုပေါ်တဲ့စိတ်ရှု၊ ဒါမှသာ လွတ်နိုင်မယ်၊ ဒီပြင်မှာ လွတ်လမ်း မရှိဘူး၊ ပေါ်, ပေါ်လာတဲ့ အဲဒီစိတ်တွေဟာ အဘိုးတန်တဲ့ အချိန်တွေ ရှော့ကုန်အောင် သူတို့က နှုတ်, နှုတ်ပြစ်ကြတာ၊ နောက်ဆုံး အခိုးမခံရအောင်ကြိုးစားကြ။

သံယုတ်ပါဠိတော်မှာ "အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ အတ္တ သရဏာ အနညသရဏာ ဓမ္မဒီပါ ဓမ္မသရဏာ, အနညသရဏာ" လို့ ဟောတယ်၊ "မိမိကိုယ်သာ မှီခိုအားထားရာ၊ မိမိကိုယ်သာ

ကိုးကွယ်ရာ၊ တရားတော်သာ မှီခိုအားထားရာ၊ တရားတော်သာ ကိုးကွယ်ဆည်းကပ်ရာ”လို့ ဆိုလိုတယ်။

ဒကာတို့က အသက်ရှည်ချင် အနာကင်းချင်ကြလို့ အသက်ရှည်အောင် အနာကင်းအောင် ဆိုပြီး အိမ်မှာ ပရိတ်ရွက်ကြ၊ အန္တရာယ်ကင်း ကမ္မဝါရွက်ကြနဲ့ ဘယ်ကင်းပါ့မလည်း ပရိတ်ရွတ်နေရင်းကကိုအို, အိုပြီး လိုက်နေတယ်၊ အဲဒါ ရွတ်ရင်းဘေးသင့်နေတာ။

ရိုးရာ အလုပ်က ဘာဘေးကိုမှ မတားနိုင်ဘူး၊ “မဂ်”က သာ တားနိုင်တာ၊ ရိုးရာ အလုပ်တွေပြင်ကြ၊ ကိုးသင့် ဒါကို မကိုးဘဲ၊ မကိုးသင့် ဒါကို ကိုးနေကြတော့ အားကိုးမှားကြတယ်၊ လုပ်သင့် ဒါကိုလုပ်ရမှာ မလုပ်ဘဲ၊ မလုပ်သင့်တာ မလုပ်ရမှာ စွဲလုပ်နေကြရင် အသေလမ်းစ အမှျင်ပြတ်ကြတော့မှာ မဟုတ်ဘူး၊ ဘေးအမျိုးမျိုး သင့်ဘို့ကလည်း လွတ်နိုင်တဲ့ ဘဝမရှိတော့ဘူး၊ သတိကြပ်ကြပ်ပြုကြ ကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန်ကြည့်ကြ။

ဥပမာ ကလေးငယ်ကလေးဟာ ကျင်ကြီးတွေ ပါချပြီ၊ ကိုယ့်ကျင်ကြီး ပေါ်မှာဘဲပြစ်ပြစ် နှစ်နှစ်ထိုင် နှောက်, ကျင်ကြီးကိုလက်နဲ့ မွှေပြီး စားလိုက်, မွှေပြီး ကစားလိုက် လုပ်နေတော့ လူကြီးတွေက အမြင်မကောင်းလို့ အမြင်မတော်လို့ ကျင်ကြီးပုံထဲက ဆွဲထုတ်လိုက်ပြီး စင်ကြယ်အောင် ဆေးကြောသုတ်သင်ပေးရတယ်၊ ဒီအခါမှာ ကလေးငယ်ဟာ သူ့အလိုမကျနိုင်ရှာဘူး၊ ကျင်ကြီးမစားရ မကစားရတော့တာမို့ စင်ကြယ်သွားမှာစိုးလို့ လူကြီးတွေက ကျင်ကြီးပုံထဲက

ဆွဲယူမယ်လုပ်ရင်ဘဲ ကျုကျုပါအောင် ငိုကြွေးတယ်။

လူကြီးတွေကသာ အမြင်မကောင်းအောင်ဖြစ်နေတာပါ၊ ကလေး စိတ်ထဲမှာတော့ ကျင်ကြီးစားလိုက် ကစားလိုက် လုပ်နေတာ၊ အလွန်နှစ်ခြိုက်ပြီး အလွန်ပျော်ပိုင်နေတာလား၊ သူကအလွန် သဘောကျနေလေတော့ လူကြီးတွေက ခေါ်မယ်ကြံရင် ကလန် ကဆန်နဲ့ ရုန်းကန်နေသေးတယ်၊ ကျင်ကြီးကစားရတာ ပျော်ရှာလွန်း လို့ဘဲ။

ဒီဥပမာလိုပါဘဲ ဒကာတို့တစ်တွေဟာလည်း ကိလေသာ အညစ် အကြေးတွေ ကစားပြီး ပေရေ ညစ်ပတ်နေတာ၊ ဘုန်းကြီးတို့က အမြင်မတော်လွန်းလို့ ရေဆေးပေးနေပါတယ်၊ ဒါကို ရုန်းကန်ပြီး ငိုလိုက်ချင်ကြသေးတယ်၊ ကောင်းကြသေးရဲ့လား?

ဒါကြောင့် ဘုန်းကြီးက ပြောဒါ ဒကာတို့အလုပ်တွေ ရှော့ကြ ရှော့ကြဆိုတာ လက်ဆေးကြလို့ ဆိုတာ “မှန်လှပါ ဖြေးဖြေးတော့ လုပ်ပါမယ်“ ဆိုရင် ဖြေးဖြေးတော့ ဆေးမယ်ဆိုတာဘဲ၊ ဒကာတို့က ဖြိုးကနဲပြောင်သွားရင် “ငိုချင်တယ်ဘုရား”လို့ ပြောကြအုံးမှာလား? ခက်ကောင်း ခက်ရချည့်ရဲ့၊ ကျင်ကြီး မှန်းသိရက်နဲ့ ကစားချင် ကြသေးသလား? အေး တော်လောက်ပြီဆိုတာ ဆုံးဖြတ်ကြ။

နိဗ္ဗာန်ချမ်းသာဟာ ချမ်းသာတကာတို့ထက် အမြတ်ဆုံးဖြစ်တယ်၊ ဘေးအပေါင်းက လွန်မြောက်တယ်၊ နိဗ္ဗာန်ရရင် ဘယ်ဘေးမှ

မသင့်နိုင်တော့ဘူး၊ ဘေးက လွတ်ချင်ရင် နိဗ္ဗာန်ရအောင် ကြိုးစားကြ၊ ဒီနေရာမှာ မိလိန္ဒမင်းရဲ့ အမေးကို ထုတ်ပြအုံးမယ်၊ မိလိန္ဒမင်းက အရှင်နာဂသိန်မထေရ်ကို မေးလျှောက်တယ်။

"အရှင်ဘုရား နိဗ္ဗာန်ချမ်းသာဟာ ဘယ်ချမ်းသာနဲ့တူပါသလဲ? ဒီတော့ အရှင်နာဂသိန်က "မင်းကြီး ဥပမာအားဖြင့် ပြောရရင် ပဋိသန္ဓေကထဲက မျက်စိမမြင်တဲ့လူက အဖြူဆိုဒါ ဘယ်လိုဟာတုံး? အနီဆိုတာ ဘယ်နှယ်ဟာတုံး? နေဆိုတာ ဘာနဲ့ တူသတုံး? လို့ မေးတာနဲ့ တူတယ်၊ သူကမွေးကထဲက မျက်စိမပါတဲ့ လူဆိုတော့ လောကမှာရှိတဲ့ အရာဝတ္ထုတွေကို ဘယ်နည်းနဲ့ ခွဲခြမ်းပြီး သိနိုင်ပါ့မလဲ?

ဒီဥပမာလိုပါဘဲ၊ လောကထဲမှာရှိနေတဲ့ လောကသားတွေ အဘို့ရာမှာ လောကနဲ့တန်တဲ့ မျက်စိသာ ပါကြတာဘဲ၊ လောကထက် လွန်တဲ့ လောကမှာရှိတဲ့ ချမ်းသာမျိုးတွေနဲ့ နှိုင်းယှဉ်မရတဲ့ လောကုတ္တရာ နိဗ္ဗာန်ချမ်းသာဟာ လောကချမ်းသာထဲက ဘယ်ချမ်းသာနဲ့မှ တူတယ်လို့ မဆိုနိုင်ပေဘူး၊ နိဗ္ဗာန်နဲ့ တူတဲ့ ချမ်းသာဟာ လောကမှာမရှိဘူး မှတ်ပါ" လို့ ဖြေကြားတော်မူလိုက်တယ်။

ဥပမာဆိုရင် လောကထဲမှာရှိတဲ့ ချမ်းသာဟာ သရက်သီးပုပ်နဲ့ တူတယ်၊ သရက်သီးပုပ်ဆိုရင် နဲနဲပုပ်ပုပ် တစ်ခြမ်းဘဲပုပ်ပုပ် သရက်ပုပ်လို့ ခေါ်ရတာဘဲ၊ အပြစ်အနာအဆာ ကင်းရင် သရက် ကောင်း၊ အနာအဆာ မကင်းရင် သရက်သီးပုပ်လို့ ခေါ်ရသလို၊

လောကချမ်းသာ ဆိုတာလည်း အပြစ်အနာ မကင်းတော့ ချမ်းသာစစ် ချမ်းသာကောင်းလို့ မခေါ်ဆိုနိုင်ဘူး။

ဖြစ်ပြီး ပျက်နေတဲ့ လောကထဲမှာ ချမ်းသာစစ်ဆိုတာ ဘယ်မှာ ရှိနိုင်ပါမလဲ? ဖြစ်ပျက်လောကထဲမှာ ချမ်းသာစစ်မရနိုင်ဘူး ဆိုတာ မှတ်။

နောက်တစ်ဖန် ရှင်နာဂသန်က မီးဝိုင်းခံရသူ ဥပမာနဲ့ နှိုင်းယှဉ် ပြပြန်တယ်၊ ဒကာတော် မင်းကြီး ဥပမာအားဖြင့် ပတ်ဝန်းကျင် အရပ်လေးမျက်နှာက လှည့်ပတ်ဝိုင်းရံပြီး လောင်မြိုက်လာတဲ့ မီးပုံကြီး ဆိုပါတော့၊ အဲဒီမီးပုံကြီး အလယ်မှာ လူတစ်ယောက်ဟာ မီးပတ်ချာ ဝိုင်းမိရက်သား ဖြစ်နေတယ်၊ မကြာခင်အတွင်း တဟုန်းဟုန်း လောင်မြိုက်လာတဲ့ မီးတောက် မီးလျှံတွေဟာ ကိုယ့်အနား ရောက် ရောက်ပြီး နီးသထက် နီးကပ် နီးကပ်လာကြတယ်။

ဒီအချိန်မှာ မီးခိုးတွေ မီးရှိန်မီးဝါတွေဟာ ကိုယ်ကို အပူဟပ်လာပြီး ပူလွန်လွန်းလို့ အခံရ အတော်ကြပ်နေလေပြီ ဒီအခါမှာ အဲဒီလူဟာ ဘယ်လို စိတ်ထားများ ပေါက်ပါ့မလည်း၊ အော်, အကြီးဆုံး ဒုက္ခ ရောက်ရတော့မယ်၊ ငါဒီမီးပုံထဲက ဘယ်နည်းနဲ့များ လွတ်ကင်း နိုင်ပါမလဲဆိုပြီး အပူတပြင်း ထွက်ပေါက်ကိုရှာကြံမယ်၊ လွတ်မြောက် နိုင်ရေးအတွက် တစ်အားကုန် အားထုတ်တော့မယ်။

အဲဒီလို ဘေးဆိုးကြီးနဲ့ ရင်ဆိုင်ရတော့ ယောကျ်ားတို့ စွမ်းပကားနဲ့

ကြောက်အားကြီးပြီး တစ်အားကြီး ကြိုးစားလိုက်တော့ ကံအား လျော်စွာမီးပုံကြီးအတွင်းက လွတ်မြောက်သွားရတယ်၊ အဲဒီ မီးလောင် ခံရတော့မဲ ဆဲဆဲဘေးက လွတ်မြောက်သွားတဲ့ ယောကျ်ားဟာ ဘယ်လောက်များ ဝမ်းမြောက်မလည်း ဘယ်လောက်များ စိတ်ချမ်းသာ သွားမယ်ဆိုတာ စဉ်းစားကြည့်ကြ၊ အတိုင်းအဆကို မမြင်နိုင်ဘူး။

"မင်းကြီး ဒီဥပမာကဲ့သို့ဘဲ နိဗ္ဗာန်ချမ်းသာဆိုတာ နှိုင်းယှဉ်စရာ မရှိပေဘူး ၊ မီးဘေးက လွတ်မြောက်ရတဲ့ စိတ်ချမ်းသာမှု မျိုးထက် အဆရာ ထောင်မက ငြိမ်းအေး ချမ်းသာတဲ့ သဘောရှိပေတယ်"လို့ မိန့်ဆိုဖြေကြားတော်မူတယ်။

ဒီနေရာမှာ ဒို့ဒကာတွေသိဘို့က "ခန္ဓာငါပါး"ဆိုတာ မီးတွေဘဲ လောင်စာနဲ့ မီးတွေဘဲလို့ သိထားကြရမယ်၊ ခန္ဓာဟာ လောင်စာနဲ့ မီး၊ မီးနဲ့ လောင်စာတွဲရက်ကြီး အမြဲနေတာဘဲ ခန္ဓာမှာ ဉာဏ်နဲ့ ရှာရင်မီးနဲ့ လောင်စာမှ တစ်ပါး တစ်ခြားဘာမှ မတွေ့ရပါဘူး။

ဒါကြောင့်မို့ ဒကာတို့ ရှုကြ၊ မှတ်ကြလို့ တိုက်တွန်းရတယ်၊ ရှုရင်ခန္ဓာဖြစ်ပျက်မြင်ရမယ်၊ ဖြစ်ပျက်မြင်ရင် မီးဝိုင်းမှန်း သိပြီ၊ မီးမှန်းသိလို့ မီးကိုမုန်းရင် "နိဗ္ဗိန္ဒဉာဏ်" ရတာဘဲ၊ မီးမုန်းတော့ ထွက်လမ်းရှာ၊ ရှာတော့ ထွက်လမ်းဟာ "မဂ်" ဘဲမဂ်လမ်းစဉ်နဲ့ ထွက်တော့ မီးဘေးက လွတ်မြောက်တာဟာ "နိဗ္ဗာန်" ပါဘဲ။

ဒို့ဒကာတွေဟာ ပဌမဦးဆုံးအနေနဲ့ မီးမှန်းသိဘို့လိုတယ်၊ မီးဝိုင်းတာကို ဝိုင်းမှန်းသိမှ အရှုးပျောက်မယ်၊ ဝိုင်းမှန်းမသိရင်

အရှူးဘဲ၊ ဘာကြောင့်လဲဆိုတော့ မီးကို မီးမှန်းမသိ၊ ရွှေတောင်များ ထင်လို့ ဝင်ပြီးတိုးမိ၊ ဝင်တိုးတော့ လောင်လိုက်တာပေါ့၊ ဒါကြောင့် "ပိုးဖလံမျိုး" လို့ဘဲလို့ ဆိုရတာ၊ တိုးပြန်ရင် ကိုယ်ကျိုးနဲပြန်ရောတဲ့။

မီးကိုမီးမှန်းမသိ၊ မီးဝိုင်းတာ ဝိုင်းမှန်းမသိဘူးဆိုတာ လူကောင်းဖြင့် သိမှာပေါ့၊ စိတ်မကောင်းတဲ့အရူးမို့သာ မသိတာဘဲ၊ ဒို့ဒကာတွေ အခုလို မီးဝိုင်းမှန်းမသိကြဘူး၊ အခုလိုရူးချက် သန်လွန်းလို့ အရူး ပျောက်အောင် ဟောပြနေတာဆိုရင် လွဲသေးသလား၊ အေး မလွဲမှန်း သိရင် အချိန်မှီပြင်ကြပါ။

ခန္ဓာမှာ လောင်စာနဲ့ မီးဘဲရှိတယ်၊ ဒါကိုသိမှ ကလျာဏ ပုထုဇဉ် ခေါ်နိုင်တယ်၊ ဒါမသိသေးရင် "ဥမ္မတ္တက" ရူးဘဲရှိသေး တယ်မှတ်၊ ဒီတော့ အရူးမဖြစ်ချင်ရင် အားထုတ်ကြ၊ အားထုတ်ရင် ခန္ဓာရုပ်နာမ် ဖြစ်ပျက်ကို မြင်ရမယ်၊ ဖြစ်ပျက်မြင်ရင် မီးဝိုင်းမှန်းသိပြီ မီးဝိုင်းမှန်းသိလာတော့ လွတ်ရာ လွတ်ကြောင်း လမ်းကောင်းရှာမယ်၊ လွတ်လမ်းရှာလို့ တွေ့တော့ ငြိမ်းတာပေါ့ အဲဒါ နိဗ္ဗာန်တွေ့ဒါဘဲ၊ သုံးဆယ့်တစ်ဘုံဆိုတာက "မီးပုံကြီး" သတ္တဝါတွေရဲ့ ခန္ဓာငါးပါးက "လောင်စာ" တွေဘဲလို့ မှတ်ကြ။

ဒကာတို့အခုနေရတာ လောင်စာနဲ့ မီးတွဲရက်ကြီးနေရတာ၊ ဒီတော့ လောင်စာတွေ သိမ်းကြ လောင်စာသိမ်းမှ မီးငြိမ်းမှာဘဲ၊ ငြိမ်းရာဟာ "နိဗ္ဗာန်ဘဲ" ဒါကြောင့် လောင်စာသိမ်း၍ မီးငြိမ်းရာဟာ နိဗ္ဗာန်ဘဲလို့ မှတ်ကြ၊ ရှင်းပြီလား?

✣✲✣✲✣✲✣✲✣

# "ကြောက်သေလွတ်ရာ နည်းလမ်းရှာတရားတော်"

မှတ်ရန်

သစ္စာမမြင်သူ - သေဘေးကြောက်သည်။
သစ္စာမြင်သူ - သေဘေးမကြောက်။

**သေဘေးကြောက်ရာ၊ ကြောင်းလေးဖြာ၊ ကြောက်သူလေးမျိုး။**

(၁) အပဓန္ဓာတွယ်တာသူ၊ သူ့မှာရှိတဲ့ သားသမီးနှင့် ပစ္စည်းကို ဒုက္ခသစ္စာပဲလို့ မသိဘဲခင်မင်တွယ်တာတဲ့သူ။
(၂) မိမိခန္ဓာတွယ်တာတဲ့သူ၊မိမိခန္ဓာရဲ့ ဝိပရိဏာမ အချက် ဖြစ်-ပျက်-ဒုက္ခသစ္စာကို မပွားများလို့ မသိ၊ မသိလို့ တွယ်တာသူ။
(၃) ကုသိုလ် လိုသေးသူ၊ ဝိပဿနာ အလုပ် မလုပ်ရသေးသဖြင့် ဘာဝနာ ကုသိုလ် လိုသေးသူ၊ ကတဉာဏ်မရသေးသူ။
(၄) ပဋိစ္စသမုပ္ပါဒ် မသိသူ၊ပဋိစ္စသမုပ္ပါဒ်ကြောင်းကျိုး မသိမမြင်သဖြင့် ဝိစိကိစ္ဆာနှင့် သေရသူ။

ဆောင်ပုဒ်

ကြောက်သေ, သေက၊ ငရဲကျ၊ ဒုက္ခဆုံးမမြင်၊
ကြောက်သေလွတ်မှု၊ မြန်ယခု၊ ပွားရှုခန္ဓာခွင်။
ရုပ်နာမ်ဖြစ်ပျက်၊ နောက်ဉာဏ်မဂ်၊ ဆက်ဆက်လိုက်
လှျှင်ကိလေစင်။
ကိလေစင်က မြန်ခဏ ဒုက္ခအဆုံးမြင်။

ဒကာ ဒကာမတို့ သေခါနီးအတွက် အရေးကြီးတဲ့ အချက်ကို ပြောရမယ်၊ ပဋ္ဌမဦးဆုံး အင်္ဂုတ္တိုရ်ပါဠိတော်မှာလာတဲ့ စကားကို ထုတ်ပြောမယ်၊ သတိချပ်ပြီး လေးလေးနက်နက်မှတ်ကြ။

ပုဏ္ဏားတစ်ဦးက မြတ်စွာဘုရားကို မေးမြန်းတယ် "အရှင်ဘုရား လောကကြီးမှာ သေရမဲ့ဘေးကို မကြောက်တဲ့သူမရှိ၊ သေဘေးတို့ကို ကြောက်တဲ့သူချည်းဘဲလားဘုရား?" လို့ လျှောက်တယ်။

ဒီတော့ ဘုရားရှင်က "အို ပုဏ္ဏား သေသေချာချာမှတ်၊ လောကမှာ သေရမှာ ကြောက်တဲ့သူတစ်မျိုး၊ မကြောက်တဲ့သူတစ်မျိုး နှစ်မျိုးရှိတယ်" လို့ ဖြေကြားတော်မူတယ်။

ပုဏ္ဏားက အကျယ်တဝင့် ရှင်းလင်းမိန့်ကြားတော်မူပါလို့ လျှောက်ပြန်တော့ ဘုရားရှင်က အကျယ်ရှင်းကာ မိန့်ကြားဖြေဆိုတော်မူလိုက်တယ်။

"အို ပုဏ္ဏား **သစ္စာမမြင်တဲ့သူမှာ သေဘေးကို ကြောက်တယ်၊ သစ္စာမြင်တဲ့ သူကတော့ သေဘေးကို လုံးဝမကြောက်တော့ဘူး၊** ဝမ်းမြောက်စွာနဲ့ သေခြင်းတရားကို ရင်ဆိုင်ဝံ့တယ်"။

ဘာကြောင့်လဲဆိုတော့ ရုပ်, နာမ်, သင်္ခါရတို့ရဲ့ ဖြစ်တတ်ပျက်တတ်တဲ့ သဘောအမှန်သိလို့ဘဲတဲ့၊ ဒီလို သစ္စာသိတဲ့သူက "အော်, စုတိပြီး ပဋိသန္ဓေလာမှာဘဲ၊ စုတိစိတ်ဖြစ်ပြီး ပျက်သွားတဲ့

နောက် ပဋိသန္ဓေစိတ်ဖြစ်ပြီး ပျက်တာဘဲ၊ စုတိ ဒုက္ခနောက် ပဋိသန္ဓေ ဒုက္ခရောက်တာဘဲ၊ ဒီသဘောဟာ သင်္ခါရ ရုပ်, နာမ် တို့ရဲ့ အမှန်ဖြစ်ပျက်နေတဲ့ သဘော ဖြစ်ရ ပျက်ရမဲ့ သဘာဝဘဲ"လို့ ဉာဏ်နဲ့ သုံးသပ်ဆင်ခြင်နိုင်တယ်။

ဒီလို ဉာဏ်နဲ့ သဘာဝအမှန် သစ္စာတရားကို မြင်ပြီးနေတော့ မကြောက်တော့ဘူးပေါ့၊ ဒီလို အမှန်တရားသဘောကို မြင်နေတော့ သူ့စိတ်အစဉ် သူ့ဉာဏ်အမြင်မှာ ပုဂ္ဂိုလ်ဘဲသတ္တဝါ ငါသူတစ်ပါး မမြင်၊ ခင်မင်စရာ တွယ်တာနှစ်သက်စရာ စွဲလမ်းစရာရယ်လို့ မမြင်တော့ဘူး၊ မထင်တော့ဘူး။

အားလုံးသော ရုပ်, နာမ်ဓမ္မ သင်္ခါရတွေဟာ သူ့သဘာဝ ဓမ္မတာဖြစ်ရိုးဖြစ်စဉ်အတိုင်းသာ ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက်နဲ့ အစဉ် မပြတ်ဖြစ်ပြီး ပျက်နေကြတဲ့ သဘော သဘာဝမျှသာ ဖြစ်ပါ ကလားလို့ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်ကေန် ဆုံးဖြတ်နိုင်တဲ့ သစ္စာဉာဏ်ရထားတော့ ကြောက်စိတ်ကင်းတာပေါ့။

သူကသေတော့ ဒေါသဆိုတဲ့ ကြောက်ဇောမလာတော့ဘဲ ကုသိုလ်ဇောသာ လာတော့တယ်၊ ကုသိုလ်ဇောနဲ့ သေတော့ အသေကောင်း သေရဒါဘဲ။

သစ္စာမသိတဲ့သူကတော့ ကြောက်ပြီး သေရတယ်၊ ကြောက်သေ ဆိုတော့ ဒေါသဇောနဲ့ သေရရှာတာပေါ့၊ ကြောက်သေဆိုရင် သေခြင်းဆိုးဘဲ၊ အပါယ်သွားရမှာ သေချာတယ်၊ သစ္စာမသိတဲ့ သူဟာဘာကြောင့် ကြောက်ပြီး သေရသလဲ? ဆိုရင်။

သစ္စာမသိတော့ သက္ကာယဒိဋ္ဌိက မကွာဘူး ဒီဒိဋ္ဌိရှိတော့ ငါ့ကိုယ်လို့ စွဲလမ်းတယ်၊ ငါ့ကိုယ်ရှိတော့ ငါ့သား၊ ငါ့သမီး၊ ငါ့ပစ္စည်းဆိုတဲ့ စွဲလမ်းမှုတွေကရှိ ဒါပေါ့၊ ဒါတွေ ရှိတော့ ခင်မင်ပြီး မစွန့်ချင်၊ ဒါတွေနဲ့ ဖက်ပြီးသာ နေချင်တယ်၊ အဲ သေချိန်နီးလို့ "ငါသေရတော့မှာ ကေန်ဘဲ၊ တယ်မကြာတော့ဘူး"လို့သိဒါနဲ့ တစ်ပြိုင်နက် အပူကြီး ပူလာတော့တယ်၊ မီးလောက်မက တဲ့အပူကြီး ပူတာပေါ့။

လက်ရှိခန္ဓာ စွန့်ရတော့မယ်ဆိုဒါ သိနေပြီးကို အင်မတန် တွယ်တာ နှစ်သက်ထားတဲ့ သား၊ သမီး၊ ပစ္စည်း အိုး၊ အိမ်တွေ ဒါတွေလဲ စွန့်ရတော့မယ်သိတော့ အပူကြီး ပူဒါပေါ့၊ ဒါဟာ ရှိသမျှကို တွယ်တာတဲ့ လောဘ၊ ဒီလောဘကြောင့် ပေါ်လာတဲ့ ဒေါသတွေဘဲ၊ ဒါဟာ သစ္စာမသိတဲ့ မောဟ အဝိဇ္ဇာအရင်းခံပါဘဲ။

ဒီလို သေခါနီးမှာ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ ဒေါထပြီးသာ သေရရင် ဘယ်ရောက်မယ်ဆိုဒါ ခင်ဗျားတို့ဘဲ စဉ်းစားကြ၊ အဲဒီလို ကြောက်ပြီး သေရရင် အသေဆိုးတင်မကတော့ဘူး၊ "ဟဲ့ အမိုက် အပါယ်လေးဘုံ နင်ဘယ်ဘုံကြိုက်သတုံး အမြန်သာ ရွေးပေတော့" လို့ မဆိုပေမဲ့ ဆိုသလိုကျတော့တာဘဲ။

ဒီအဓိပ္ပါယ်ကို ဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော်မှာ –

"မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာ သတ္တာကာယဿဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ" လို့ဟော တော်မူထားတယ်။

(၃) ပဓာန အလုပ်မလုပ်ရသေးဘူး၊ ကုသိုလ်လိုသေးသူ။

(၄) ပဋိစ္စသမုပ္ပါဒ်မသိလို့ ဝိစိကိစ္ဆာနဲ့ သေသူ၊ကိုယ့်သံသယနဲ့ ကိုယ်သေသူ။

ဒီအချက်လေးခုထဲက တစ်ခုခုနဲ့ ညီရင် တစ်ခုခုကို စွဲလမ်းချက်ရှိထားရင် သေတဲ့အခါ ကြောက်ဒူးတုန်ပြီး ကြောက်အားကြီးစွာနဲ့ သေရမှာဘဲ၊ ကြောက်သေဆိုတာ ဒေါသ, ဒေါမနဿနဲ့ သေရတာ၊ ဒေါသနဲ့ သေရင် ငရဲပြည်ဆိုတာ သေချာပြီသားလို့မှတ်။

ဒကာတို့တာဝန်က လုပ်ရေး၊ ဆရာဘုန်းကြီးက ဟောပြောရေး၊ အရေးနှစ်ရေးရှိတဲ့ အနက်က ကိုယ့်အရေး ကိုယ်ရေးကြဘို့က ကိုယ့်တာဝန်ဘဲလို့ ဆုံးဖြတ်ကြ၊ ပေ့ါပေ့ါတန်တန်မနေကြနဲ့ လေးလေးစားစားနဲ့ နားကြီးကြီး ထားပြီး နာယူကြ။

အခုနေ ကျန်းမာရေးလဲကောင်း၊ စီးပွားရေးလဲသင့်တင့်၊ မိတ်ကောင်း ဆွေကောင်း ဆရာသမားကောင်းနဲ့လဲတွေ့ကြုံကြရ၊ ဒီလို အခါမှာ မေ့နေကြလို့ မသင့်တော့ဘူးဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန်ကြည့်ကြ မေ့ရင် အခု ပျော်သလောက် နောင်အခါ ငိုရမယ်၊ ငိုရမဲ့ နေ့ရက် ငိုသက်ကလဲ အပိုင်းအခြားမရှိပါဘူး။

အပါယ် ၄ ဘုံရောက်သွားရင်ဖြင့် ကာလရှည်လျားပြီး နှစ်ပရိစ္ဆေဒ အလွန်များလွန်းလို့ဘဲတဲ့၊ ဒီစကားကို ဘုရားကလဲ ဟောတယ်၊ မိလိန္ဒပဉှာပါဠိတော်မှာလဲပါတယ် "သောန တာဝ

ကာလံ ကရောတိ၊ ယာဝနတံ ပါပကမ္မံ ဗျန္တိ ဟောတိ”လို့ဟောတော်မူတယ်။

အဓိပ္ပါယ်က “သူ့ကံမကုန်သမျှ ငရဲက ကျွတ်လွတ်ခွင့်ကို မရနိုင်ဘူး”လို့ ဆိုလိုတယ်။

ဒီတော့ ဒို့ဒကာတွေ အားထုတ်ဘို့ မသင့်ကြသေးဘူးလား? နာရုံနာပြီး အားမထုတ်ကြရင် (၃) နံပါတ်နဲ့သေကြရမှာ၊ ငါ အလုပ် မလုပ်ရသေးပါလား၊ မလုပ်ဖြစ်လိုက်လေခြင်းလို့ ညည်းတွားပြီး သေရမယ်၊ ဒီလိုနဲ့ သေရင် မပြုံးနိုင်သေးဘူး၊ မဲ့သေဘဲ၊ အလုပ် မလုပ်ရသေးသမျှ စိတ်မချရသေးဘူးဆိုဒါ မှတ်ထားကြ။

ကြောက်, သေတဲ့သူဟာ သေခါနီးတော့ ငရဲနိမိတ်တွေ ထင်လာပြီလားဆိုရင် အခုကြွားနေသလောက် မျက်ရည်ကျရမယ်၊ အဲဒီအခါမျိုးမှာ သား, လင် ခင်ပွန်းဝေးလို့ ဘုရားသော်မှ မကယ်နိုင်တော့ဘူး၊ မရဏာ သန္ဒဇော ငါးကြိမ်စောတဲ့ အခါမှာ ငရဲနိမိတ်မြင်၊ သေတော့လဲကြောက်ပြီး သေရမှာပုချဘဲ။

ဒါကြောင့် ဒီဘဝတာလောက်မှာ ဆင်းရဲ, ချမ်းသာကိုမှုစရာ မလိုပါဘူး၊ ဆင်းရဲလဲဝမ်းမနည်းနဲ့၊ ချမ်းသာလဲ ဝမ်းမသာနဲ့၊ မပြောပလောက်တဲ့ အခုအချိန်ကလေးမှာ ငရဲသက်နဲ့ စာရင် မိနစ်စက္ကန့်လောက်ကလေးဘဲ ရှိတယ်။

ဘုန်းကြီးက ကြောက်အောင်လို့ သံဝေဂဟောနေတာ မဟုတ်ဘူး၊

ဒကာတို့သေရင် အပဟုတ်တကယ်သွားရ ရောက်ရမဲ့အတွက် သေချာ လွန်းလို့ ပြောပြနေတာပါ။

ဒါကြောင့်ပြခဲ့တဲ့ အချက်လေးချက်ထဲက တစ်ချက်မှ မမိအောင် ကြိုးစား၊ ဒါမှမဲ့သေအဖြစ်က လွတ်ကြမှာ၊ သိဘို့က "စုတိ ဒုက္ခပြီး ပဋိသန္ဓေ ဒုက္ခလာမှာဘဲ" လို့ သိထားရမယ်၊ နက်နက်နဲနဲ သိအောင် ကြိုးစားကြ၊ သေမှာ မကြောက်တဲ့ သူဟာ သေခါနီးတော့ အော် . . . . သေရတယ်ဆိုဒါ ဒုက္ခချုပ်တာဘဲလို့ အမှန်သိပြီး ပြုံးတယ်၊ ဒုက္ခချုပ်မှ အေးရမှာဘဲလို့ အောက်မေ့တယ်။

ဒါဖြင့် ဒကာတို့လဲ ကတဉာဏ်ဆိုက်အောင် လုပ်ကြ၊ ဒါမှသာ ပြုံးနိုင်မှာ၊ ပြုံးပြီးသေရမှာ၊ သဘောပါကြရဲ့လား? ဒီအရေးဟာ သာမညအရေးလို့ မအောင့်မေ့နဲ့၊ အလွန်ကြီးတဲ့ အရေးဘဲလို့ မှတ်၊ ပြင်ချိန်မရှိတော့ဘူး၊ အချိန်က နည်းနည်း ကလေးဘဲကျန်တော့တယ်။

နည်းနည်းကျန်တော့တဲ့ အချိန်ကောင်း အခါကောင်းလေးကို ထပ်နှုတ်မယ်များ မကြံကြပါနဲ့၊ နောက် နောက်က အလကား ဖြစ်တဲ့ အဟောသိ ကံတွေနဲ့ ဆိုတော့ အခုလည်း နှုတ်ကြအုံးမယ် ဆိုရင်ဖြင့်မကျန်တော့ဘူး။

ကိုယ်အရုပ်ဆိုးခဲ့တာ ဘယ်လောက်ကြာခဲ့ပြီးလဲ? နှစ်, လ, ရက်ဆိုတဲ့ မှန်နဲ့ ကြည့်ကြ၊ ကိုယ့် ခန္ဓာ ကိုယ်ဉာဏ်နဲ့ မှန်လုပ်ပြီး ကြည့်ကြရင် အရုပ်ဆိုးတာ သိရလိမ့်မယ်၊ ကြည့်ကြစမ်းပါ၊ ကိုယ့်ခန္ဓာ

ကိုယ့်ဉာဏ်နဲ့ ကြည့်ရင် ဖြစ်, ပျက် ဒုက္ခတွေကို မြင်ရမယ်၊ အဲဒီ **ဖြစ်ပျက် ကိစ္စကို မြင်နေရင် "ကိစ္စဉာဏ်"** ဘဲ။

အဲဒီလို အရှုအပွားများလာရင် ဖြစ်ပျက်တွေ များများကြီး မြင်လာမယ်၊ နောက် တစ်ဆင့်ထက် တဆင့် ဖြစ်ပျက်တွေ နှုးညံ့ပြီး **ဖြစ်ပျက် မရှိတဲ့ဘက် ဉာဏ်လှည့်သွားရင် "တက" ဉာဏ်ဘဲ၊ လိုရင်းတော့ မဂ်ကိစ္စပြီးပြီလို့ သိတဲ့ ဉာဏ်ကို "ကတ" ဉာဏ် ခေါ်တာ။**

ဘုန်းကြီးတို့က ပေးထိုက်လို့ ပေးတာ၊ ပေးထိုက်လို့ ပေးရင် ယူလိုက်ကြ၊ ယူထိုက်မှသာ ယူနိုင်ကြပေမယ်၊ ကြိုးစားသာ ယူကြပေတော့လို့ ပြောလိုက်ပါတယ်။

ဒီခန္ဓာမှာ အမှန်ရှိတာက "ဥပ္ပါဒါဝယဓမ္မိနော" ဆိုတဲ့ ရုပ်, နာမ် ဖြစ်ပျက် သဘောဘဲရှိတယ်၊ ခန္ဓာသဘောဖြစ်ပျက် သဘောဘဲ ရှိတယ်လို့ ဘုရားက ဟောတော်မူတယ်၊ ဒီတော့ ကိုယ်ခန္ဓာမှာ ဒီနှစ်ခုဘဲရှိတာ မှန်တယ်၊ ဒီပြင်ဟာ ဘာမှမရှိဘူးလို့ စွဲစွဲမြဲမြဲ မှတ်ထားကြ။

**ဖြစ်တာ, ပျက်တာ, ဒုက္ခဆင်းရဲတာ အမှန်ဖြစ်လို့ "ဒုက္ခသစ္စာ" ဒုက္ခအစစ်ဘဲလို့ ကေန်သိလာတော့ မုန်း၊ မုန်းတော့ ဆုံးသွား၊ ဖြစ်ပျက် မရှိတဲ့ဘက် ပြေးဝင်သွားရော၊ အဲဒါ "ဒုက္ခနိရောဓဘဲ"**

ဒါကြောင့် "စတုတ္ထသစ္စံ ပန ယသ္မာ ဇတေ ဒုက္ခနိရောဓံ ဂစ္ဆတိ အာရမ္မဏဝသေန တဒဘိမုခိ ဘူတ္တာ" လို့ မှတ်လိုက်ကြလို့ "သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ"မှာ အမိန့်ရှိခဲ့တာဘဲ။ ဒါကို ကောင်းကောင်း မှတ်ယူထားပြီးကြိုးစားကြ။

# "သေလမ်းနည်းပြတရားတော်"

## သေနည်းနှစ်မျိုး

(၁) သစ္စာတရားနာ၍ သေနည်း။

(၂) ကိုယ်တိုင် တရားနှလုံးသွင်း၍ သေနည်း။

## ဆောင်ပုဒ်

ခန္ဓာရတွက်၊ သေလမ်းဘက်၊ ရက်ဆက်ချိန်တိုင်းသွား။
အမှတ်မထင်၊ သေပွဲဝင်၊ ပါယ်ခွင့်ကျဘို့များ။
ဆရာ့ထံမှာ၊ သေနည်းနာ၊ မြန်စွာသင်သင့်လား။
သေနည်းသိက၊ သေခါကျ၊ လွတ်ရသေးဆိုးဝါး။

ဒီကနေ့ အသေလွတ်တရား ဟောရမယ်၊ ဒို့ဒကာတွေ အခု တရားနာရင်း ဘယ်သွားနေကြသလဲ? မေးရင် ဘယ်နှယ်ဖြေကြမလဲ? "တပည့်တော်တို့ တရားနာရင်း သေရွာ သွားသွားနေဒါပါ"လို့ ဖြေရမှာဘဲ၊ တရားနာရင်း သေရွာသွားနေတယ် ဆိုရင် ဘယ်သူမှ မငြင်းနိုင်ဘူး။

တစ်နေ့ထက်တစ်နေ့ တစ်နာရီထက် တစ်နာရီ တစ်မိနစ်ထက် တစ်မိနစ်၊ တစ်စက္ကန့်ထက် တစ်စက္ကန့်၊ သေဘက်ကို သွားနေကြတယ်၊ အချိန်ရွှေ့သလောက် သေဘို့နဲ့ ဖြေးဖြေးနီးကပ် နီးကပ်လာပြီ အခုဒီမှာ ထိုင်နေကြရင်းကို တခဏထက် တခဏသေဝက နီးနီး လာတယ်ဆိုတာ သေချာပြီ မဟုတ်လား?

ဒီလိုနဲ့ဘဲဘဝအဆက်ဆက် သံသရာမှာ သေရပေါင်းက များလှပြီ၊ အသေတွေဟာလဲ အသေကောင်းလို့များ မမှတ်လိုက်ကြနဲ့၊ အသေဆိုးနဲ့ပဲ ကြုံရဒါကများပါတယ်၊ ဒီတော့ သေရမှာများ မကြောက်ကြဘူးလား? အေး, သေရမှာ ကြောက်လို့ တရားနာလာကြတာ၊ အသေလွတ်ဘို့ လာကြတာ။

"တပည့်တော်တို့ အသေလွတ်ဘို့ပါ" လို့ ပြောပေမဲ့ ဒကာတို့ သွားနေတာကတော့ သေလမ်းပဲ၊ ဘာကြောင့်များ သေလမ်းချည့်သွားနေရသလဲ? သိကြရဲ့လား? နောက် ဘဝက သစ္စာမမြင်ခဲ့ကြလို့ သစ္စာမမြင်တော့ အသေခန္ဓာရထားတာပေါ့၊ အသေခန္ဓာကို ရတဲ့နောက်တော့ သေလမ်းပဲသွားဘို့ ရှိတာပေါ့၊ ခန္ဓာရထားရင် အသေက မလွတ်ဘူး၊ သူကတော့ သေဘက်ချည့်သာ သွားနေမှာပဲဘယ်နည်းနဲ့မှ တားလို့ ဆီးလို့မရနိုင်ဘူး။

အခုလက်ရှိဒီဘဝမှာ အမှားက ရှေ့ကျပြီး အမှန်ကနောက်ကျနေတာကိုး၊ ဒီတော့ ခန္ဓာက သုသာန်ကိုသာ အရောက်သွားနေတော့ ဒါပေါ့၊ အခုနေရသမျှ အချိန်ကလေး အသေထဲက လုပြီး မသေတဲ့ အလုပ်လုပ်နေကြရမယ်၊ တရားမရခင် သေများသွားရင်ဖြင့် ခက်လိမ့်မယ်၊ တရားမပေါ်ခင် သေရင် "ငါတို့တော့ အရှုံကြီး ရှုံးပြီလို့ဘဲ" ဆုံးဖြတ်ချက်ချ။

အသေမှားနဲ့ သေသွားရင်ဖြင့် ဒုက္ခရောက်တော့မယ်၊ ဒါကြောင့် ဒီကနေ့ သေနည်းကို သင်ပေးရမယ်၊ သေနည်းကို တတ်အောင်

သင်ထားလိုက်ကြ၊ ဘာမှ အားမငယ်ကြနဲ့၊ သေတတ်ဘို့သာ အရေးကြီးတယ်။

မဟာဂရုဏာတော်ရှင်ဘုရားရှင် ကိုယ်တော်မြတ်က တရား မပေါက်ခင်သေရင် ဘယ်လို သေကြရမယ်ဆိုတဲ့ သေနည်းကို "သုတ္တနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်မှာ ဟောကြားထားတာ ရှိတယ်၊ သေနည်း သင်ပြခဲ့တယ်လို့ မှတ်ရမယ် "တရားမပေါက်မှီသေနည်း" တဲ့၊ ဒို့ဒကာတွေ အရိုးစွဲအောင် မှတ်ထားကြ၊ ဘုရားက ဧရာမ မဟာကရုဏာတော်နဲ့ ဟောထားခဲ့တာ ဘယ်လိုလဲဆိုတော့ –

သာဝတ္ထိပြည်မွန်ဇေတဝန် ကျောင်းတော်မှာ ဘုရားရှင်သီတင်း သုံးနေတော်မူတဲ့အခါ ဇေတဝန်ကျောင်းတော်ရဲ့ မနီးမဝေးမှာရှိတဲ့ ကျောင်းတစ်ဆောင်မှာ "ဖဂ္ဂုဏ" အမည်ရှိတဲ့ ရဟန်းတော်တစ်ပါး နေထိုင်လျှက်ရှိတယ်။

အဲဒီ ဖဂ္ဂုဏဆိုတဲ့ ရဟန်းတော်ဟာ တစ်နေ့ကျတော့ မကျန်း မမာ ဖြစ်လာတယ်၊ တော်တော်ကြာလာရင်ဘဲ မကျန်းမာတာဟာ သက်သာတယ်လို့မရှိဘဲ အသဲအသန်ဝေဒနာ ဖိစီးလာခဲ့တယ်၊ အဲဒါနဲ့ အရှင်အာနန္ဒာမထေရ်က အကဲလေးခပ်ပြီး ဒီ"ဖဂ္ဂုဏ မထေရ်ဟာဖြင့် အခုနေမှာ အားကိုး အားထားစရာ ဘာတစ်ခုမှ မရသေးဘူး၊ မရဏာသန္နအသေဝကလဲနီးနေပြီ ဒီဒုက္ခဝေဒနာနဲ့သာ စုတိကျရင် လုလုကြီး မှောက်တော့မယ်၊ ဒီတော့ မိတ်ဆွေကောင်း အဖြစ်နဲ့

ဆောင်ရွက်အုံးမှဘဲ”လို့ စဉ်းစားပြီး ဘုရားသခင်ထံ သွားပြီး အကြောင်းစုံလျှောက်ထားတယ်။

ဒီတော့ ဘုရားကိုယ်တော်မြတ်ကြီးကလည်း မဟာ ကရုဏာ တော်ရှင် တစ်ဆူဖြစ်တော်မူသည့်အလျောက် ကိုယ်တော်တိုင် ကြွရောက်ပြီး အဲဒီ ဖဂ္ဂုဏမထေရ်နေတဲ့ ကျောင်းကလေးကို လိုက်တော်မူလာတယ်၊ ဘုရားရှင် ကြွတော်မူလာတယ် ဆိုရင်ပဲ ဖဂ္ဂုဏမထေရ်ဟာ အင်မတန်ကြီး မမာနေရာကထပြီး ဝတ်ကြီး ဝတ်ငယ်ပြုမဲ့ အမူအရာကို မြင်ရတယ်၊ ဒီတော့ ဘုရားရှင်က ချစ်သား ချမ်းသာသလို နေပါ ခွင့်ပြုတယ်လို့ မိန့်တော်မူပြီး “ချစ်သား ရောဂါဝေဒနာဟာ ဘယ်လိုများနေသေးသလဲ”လို့ မေးတော့ ဖဂ္ဂုဏရဟန်းက မှန်လှပါ ဝေဒနာတိုးပါတယ်ဘုရား” လို့ လျှောက်တယ်။

ဒီတော့ ဘုရားရှင်က တရားအချက်ကို ဟောကြားမိန့်မြွက် တော်မူတယ်။

“ချစ်သား ဖဂ္ဂုဏ၊ ခန္ဓာရှိလို့သာ ဝေဒနာလာနိုင်ဒါပဲ၊ ခန္ဓာရှိနေရင် ဝေဒနာလာနိုင်မယ်၊ နှိပ်စက်နိုင်မယ်၊ ခန္ဓာသာမရှိရင် ဝေဒနာမလာနိုင်ဘူး၊ ခန္ဓာချုပ်ရင် ဝေဒနာချုပ်တာဘဲ။

“ခန္ဓာဟာ ဒုက္ခဟူသမျှကို ခံယူတတ်တဲ့ သဘောရှိတယ် ခန္ဓာဟာ ဒုက္ခရဲ့ စုဝေးရာပဲခန္ဓာဟာ ဒုက္ခစုရာ, ဆင်းရဲအမှန်ဖြစ်တဲ့ ဒုက္ခသစ္စာပဲလို့ သိရမယ်။

"အဲဒီဒုက္ခအချက်, ဆင်းရဲနက်ကို မပြတ်ရှု၊ နှလုံးသွင်း၊ ဉာဏ်နဲ့ရှင်းအောင် ကြည့်လေတော့ ချစ်သား၊ ခန္ဓာမရှိရင် ဒုက္ခဟူသမျှ မလာနိုင်၊ ခန္ဓာချုပ်ရင် ဒုက္ခအစုချုပ်တာပဲ၊ ခန္ဓာရှိသမျှ ဒုက္ခရမှာပဲ၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဆိုတဲ့ ခန္ဓာအပြစ်ကို မပြတ်ရှုဆင်ခြင်လော့"

"ချစ်သား ဖဂ္ဂုဏာကောင်းစွာ နှလုံးသွင်းလော့၊ ဒီခန္ဓာအစုဟာ အပူကပေးတဲ့ ဒုက္ခကိုလည်း ခံယူတတ်တယ်၊ အအေးကပေးလည်း ခံယူတတ်တယ်၊ အခါးကပေး, အစပ်ကပေး, ပေးသမျှ ဒုက္ခအစုကို သူကခံယူတတ်တယ်။

ဒါကြောင့် ဒီခန္ဓာကို ဆင်းရဲအမှန်တရား ဒုက္ခသစ္စာလို့ခေါ်ဆို ရတယ်၊ မိမိက မကြိုက်တာ မနှစ်သက်တာ ဟူသရွေ့ သူက အကုန် လက်ခံတတ်တဲ့ သဘောရှိတယ်၊ သူနဲ့ကြာရှည်နေရလေ မကောင်း လေဘဲဆိုတဲ့ အချက်ကို ဉာဏ်သက်အောင် အမြဲနှလုံးသွင်းလေလော့"။

ခန္ဓာချုပ်ရာ နိဗ္ဗာန်တရားဟာ အချမ်းသာဆုံး ဖြစ်ပေတယ်၊ ခန္ဓာချုပ်ရာ ဒုက္ခအပေါင်း၏ ချုပ်ဆုံးရာ ဖြစ်တဲ့အတွက် နိဗ္ဗာန်ဟာ အလွန်အေးမြချမ်းသာလှပေတယ်၊ ချမ်းသာစစ် ချမ်းသာမှန် ဧကန် မှန်လှပေသည်ချစ်သား"

စသည်အားဖြင့် ဟောကြားဆုံးမတော်မူတယ်၊ ဒီလိုဟော ကြားပြီး အတန်လောက်ကြာရင်ဘဲ ဖဂ္ဂုဏာမထေရ်ဟာ စုတိကမ္မဇရုပ် ချုပ်သွားရာတယ်။

ဒီအခါမှာ ရှင်အာနန္ဒာက ကြည့်ရှုအကဲခတ်ပြီး ဘုရားရှင်ထံ ပြောဆိုလျှောက်ထားတယ်။

"အရှင်ဘုရားဖဂ္ဂုဏာမထေရ်ဟာ ဣန္ဒြေကြည်လင်လှပါတယ်၊ ဣန္ဒြေ ကြည်လင်သလောက် ချို့ယွင်းဖောက်ပြန်ချက် မတွေ့ရဘူး၊ ချို့ယွင်း ဖောက်ပြန်ခြင်း လုံးဝကင်းပြီး အေးဆေးတည်ငြိမ်တဲ့ အသွင်လက္ခဏာ ရှိပါတယ်ဘုရား"လို့ လျှောက်ထားတယ်။

ဒီလိုလျှောက်တော့ ဘုရားရှင်က အကြောင်းခြင်းရာကို ဖွင့်ဟ မိန့်ကြားတော်မူလိုက်တယ်။

"ချစ်သား အာနန္ဒာ၊ ဖဂ္ဂုဏာရဟန်းဟာ ဣန္ဒြေအမှုအရာ ကြည်လင်မှာပေါ့၊ ဘာကြောင့်လည်းဆိုတော့ ဘုရားရဲ့ တရားတော်ကို အစ, အလယ်, အဆုံး ကောင်းမွန်စွာ နာကြားရပေတယ်၊ အစ, အလယ်, အဆုံး ကောင်းခြင်း သုံးရပ်နဲ့ ညီညွတ်တဲ့ တရားတော်ကို ကြားနာသွားရပေတယ် ၊ ဒါကြောင့်မို့လည်း ဖဂ္ဂုဏာဟာ အောက်မဂ် သုံးပါးကို မျက်မှောက်ပြု၍ သွားနိုင်ခဲ့ပေတယ် အာနန္ဒာ"။

"ဒါကြောင့် ဖဂ္ဂုဏာ, ဟာ ကောင်းမြတ်သော သေခြင်းနဲ့ သေသွားတယ်လို့ ဆိုရတယ်၊ ဒီနည်းနဲ့ သေရင် ချို့ယွင်း ဖောက်ပြန်ရိုး ထုံးစံ မရှိပေဘူး၊ ကြည်လင်သန့်ရှင်းစွာ ဣန္ဒြေမှုရာမျိုးရရှိမြဲ ဓမ္မတာပေဘဲချစ်သား အာနန္ဒာ"လို့ မိန့်ကြားဖြေဆိုတော်မူတယ်။

ဒီတော့ ဒို့ဒကာတွေ အသေကောင်းနဲ့များ မသေချင်ကြ

ဘူးလား? သေချင်ရင် ဘုန်းကြီးက သင်ပေးရတာပေါ့ ခန္ဓာရထားကြသမျှ သေဘေးက မလွတ်နိုင်ကြဘူး၊ ခန္ဓာရနေသမျှ သေဘေးနဲ့ကြုံရမှာဘဲ၊ ခန္ဓာဟာ ဒုက္ခအစု ဆင်းရဲမှု ဟူသမျှ သူက အကုန်လက်ခံတာ၊ တကယ်သာ အသေက လွတ်ချင်ကြရင် နောက်, ခန္ဓာဆုမတောင်းကြနဲ့။

လူခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာ အမျိုးမျိုး လိုချင်လို့ ခန္ဓာတောင်းယူနေကြတာဟာ ဘာလို့လဲ? သစ္စာတရား အမှန်အကန်တရားကို မသိကြလို့ဘဲ၊ ခန္ဓာဟာဒုက္ခဘဲ”လို့ မသိကြဘူး၊ မသိတာဟာ အဝိဇ္ဇာ တိမ်သလာ ဖုံးနေလို့ ပညာမျက်စိ စုံလုံးကန်းနေတယ်၊ ကန်းနေတော့ “ဒုက္ခအစစ်ဘဲဆင်းရဲအမှန်ဘဲ” ဆိုတာ မသိတော့ဘူး၊ မသိတော့ခန္ဓာ ရချင် ယူချင်ကြတာပေါ့။

“လောကမှာ မကောင်းတာ လိုချင်တဲ့လူဟာ အရူးမို့သာ” ဘဲလို့ ဆိုရသလို အဲဒီသစ္စာမသိတဲ့ သူကိုလဲ အရူး အကန်းဘဲလို့ ဆိုထိုက် မဆိုတိုက်၊ ရူးလဲရူးသေး ကန်းလဲကန်းသေး ဘာများကောင်းတာ ရှိသေးသလဲ? စဉ်းစားကြ၊ မိမိက အရူးအကန်းဆိုတော့ ဒုက္ခခန္ဓာ အဖော်လုပ်မိနေဒါပေါ့ ဒုက္ခခန္ဓာ အဖော်လုပ်မိတော့ “ဒုက္ခနဲ့လူ လူနဲ့ဒုက္ခ” “မိမိနဲ့ဒုက္ခ ဒုက္ခနဲ့မိမိ” ဘယ်တော့မှ ခွဲခွာလို့ မရတော့ဘူး။

ဥပမာ ကြမ်းတယ်လို့များ မအောင့်မေ့ကြပါနဲ့၊ ခွေးဝဲစားနဲ့ဘဲ တူသတဲ့၊ ခွေးဝဲစားလေးလိုပါဘဲတဲ့၊ ခွေးဝဲစားဆိုတာ ခွေးနဲ့ ဝဲနာ

ခွဲခွါလို့ မရသလို မိမိနဲ့ ဒုက္ခ (ဝါ) ခန္ဓာနဲ့ ဒုက္ခဟာလဲ ခွဲခွာလို့ မရဘူး၊ ခွေးဝဲစားကလေးဟာ ပြေးရင်း လွှားရင်းလဲ မဖြောင့်ဘူး၊ ဝဲနာက ယားလို့ ဖျောက်လိုက်ရ၊ သွားရင်း လာရင်း စားရင်း၊ သောက်ရင်း ဖျောက်လိုက်ရ၊ ကောင်းကောင်းစားရ သောက်ရတယ်လို့ မရှိရှာဘူး၊ တစ်လုပ်စားလိုက် ဝဲနာလှည့်ဖျောက်လိုက်၊ တစ်လှမ်း သွားလိုက် ဝဲနာလှဲ့ကုတ်လိုက်ရနဲ့ ဣန္ဒြေကို မရနိုင်ဘူး၊ ကောင်းကောင်း နေရတဲ့ အချိန်ရယ်လို့ မရှိတော့ဘူး၊ ဝဲနာကယားလို့ ကုတ်ရတာနဲ့ အချိန်ကုန်တာဘဲတဲ့။

ဒီအတိုင်းပါပဲ၊ ဒို့ဒကာတွေ ခရီးသွားရင်နဲ့လဲလမ်းမှာ လေနာ (ပန်းနာ)ရင်နာထ၊ ဖျားချင်လဲဖျားနေ အအေးမိ, နှာစေး, ချောင်းဆိုးနဲ့ အမျိုးမျိုး ဝဲနာထနေကြဒါပါပဲ၊ ဝဲနာထရင် ကုသရအောင် ငွေရှာရ, ပစ္စည်းရှာရ၊ ဆရာဝန်နဲ့ သင့်အောင်ပေါင်းရ, အဲဒါ ဝဲနာ ထ, ထနေတတ်လို့ခန္ဓာအတွက် လုပ်နေကြရဒါပဲ ရှင်းကြပြီလား?

ဒီလိုခန္ဓာနဲ့ ပေါင်းသင်းပြီး နေထိုက်, မနေထိုက်စဉ်းစားကြ၊ သူ့ကို ဒီလောက်တောင် ပြုရ၊ စုရ အဝတ်ဆင်ရ၊ အစာကျွေးရ၊ တယုတယ ကြောင့်ကြစိုက်နေရတဲ့ကြားထဲက သူကသေလိုက် တော့မယ်များပြောသေးတယ်၊ ခေါင်းကိုက်လိုက် ဗိုက်နာလိုက် အသဲအသန် မမာလိုက်နဲ့ "ငါကိုဂရုစိုက်ငါသေတော့မယ်"နဲ့ ပြော, ပြောနေသေးတယ်။

"အမောင်ခန္ဓာရယ် တောင်းပန်ပါရစေ, မသေလိုက်ပါနဲ့အုံး၊

ကျုပ်ခင်ဗျားကို အများကြီး အလိုလိုက်ပါမယ်၊ ပြုစုပါမယ်၊ ယုယပါမယ်" ပြောပေမဲ့ ရကြသလား? မရပါဘူး၊ နဂိုကထဲက အနိစ္စမမြဲတဲ့ ခန္ဓာ၊ ဒုက္ခဆင်းရဲတဲ့ခန္ဓာ၊ အနတ္တကိုယ် အလိုမပါတဲ့ ခန္ဓာပါလို့ ပြောနေမှာပဲ။

ခရီးသွားရင်း အရောင်းအဝယ်သွားရင်းနဲ့ တစ်ချို့များ အိမ်ကိုတောင် ပြန်မရောက်ကြဘူး၊ လေထိုးလို့ လေဖြတ်လို့ ကားမှောက်လို့နဲ့ လမ်းခုလပ်မှာပဲ သေပွဲဝင်ကြရတယ်။ "ကျုပ်အိမ်စိတ် မချလို့ ခဏလောက် ဆိုင်းပါအုံး" စားရင်းတွေ မရှင်းရသေးလို့ပါ၊ ခုနှစ်ရက်လောက်ဆိုင်းပါအုံး" ဆိုလို့များ ရကြပါရဲ့လား? တားလို့ဆီးလို့ကော ရနိုင်ပါ့မလား? ဘယ်မှာ ရနိုင်ပါမလဲ? ခန္ဓာကိုယ်က အနတ္တပါလို့ ပြောနေမှာပဲ၊ ဒုက္ခလို့ အနိစ္စလို့ ပြောနေမှာပဲ၊ မသေချင်ဘဲနဲ့လဲသေရတယ် မသေအောင် အောင့်နေလို့လဲမရ ဆိုင်းထားလို့လဲမရဘူး။

ဒါနဲ့များ ဒကာတို့တစ်တွေက ဒီလောက်ကြီး နှိပ်စက်တဲ့ ခန္ဓာကိုတောင်မရ, အရ ဆုတောင်းပြီး ယူချင်ကြသေးတယ်၊ တရားနာနေရင်းကတောင် ဟိုဘက်ပြောင်းရ, ဒီဘက်ပြောင်းရ, အငြိမ်ကို မနေနိုင်ကြဘူး၊ ဝဲနာထလို့ဘဲ မဟုတ်လား၊ ခါးထဲကတောင့် ကျောထဲက အောင့် ဇက်ကထိုးနဲ့ အမျိုးမျိုး ဝဲနာထနေကြတယ်၊ တရားကိုတောင် ငြိမ်ငြိမ်မနာနိုင်ကြဘူး၊ ဝဲနာထလို့ ခန္ဓာမှာ ဝဲနာထတာနဲ့ အချိန်ကုန်တာပဲ။

ဒကာတို့ ကြုံတွေ့နေရတာကလည်း ခန္ဓာအတွက် ပစ္စည်းရှာရတယ်၊ ကျွေးဘို့မွေးဘို့ ပြုဘို့စုဘို့ အခုလဲပြုစုနေရသေး အခုမမှာရင် အခုကဘို့လဲငွေရှာရ၊ နောက်ကဘို့လည်း ရှာပြီး စုထားရ၊ ဒါနဲ့ဘဲ အချိန်ကုန်နေကြရဒါပဲ၊ ဒီပြင်ဘာအကျိုးများ ရှိကြအုံးမှာလဲ? ဘုရားအလုပ်၊ တရားအလုပ်များ လုပ်နိုင်ဘို့ အချိန်ရကြသေးသလား? လုပ်နေသမျှ သူ့အတွက်ကများတယ်၊ တော်လောက်ကြပြီ ထင်တယ်။

ဒုက္ခခန္ဓာကြီးဟာ လှေပေါက်လိုပဲ၊ ဒီဒုက္ခသစ္စာကြီး ဖာဘို့ ထေးဘို့, မဘို့, ဒါကို မပျင်းမရိ လုပ်နိုင်ကြတာများ အံ့လောက်ပါရဲ့။ သာမညရှုးရင်ဖြင့် မလုပ်နိုင်ပါဘူး၊ အလွန်ကို ရှုးလွန်းလို့ လုပ်နိုင်ကြဒါလို့ မဆိုထိုက်ဘူးလား? ဘယ်လောက်ပဲအားထုတ်ပြီး ဖာကြ, ထေးကြ, မကြပေမဲ့မရပါဘူး၊ လှော်ရင်းကနစ်ကြရမှာပဲ၊ ရှင်းကြပြီလား?

ဒို့ဒကာတွေ ဘာနဲ့အချိန်ဖြုန်းနေကြသလဲ? ဘုရားကိစ္စ တရားကိစ္စနဲ့ ပဲလား? ဒီဒုက္ခခန္ဓာကြီးအတွက်ပဲလား? ကိုယ့်ကိုယ်ကို ပြန်မေးကြည့်ကြ၊ ခင်ဗျားတို့ဟာ ဆေးရုံက သူနာပြု ဆုတောင်းထားသလိုပါပဲ၊ ခန္ဓာရှိသူမှန်သမျှ သူနာပြုရာထူး ရထားတာနဲ့ အတူတူပဲ။

ခန္ဓာက အစိုးမရလို့ ကိုယ့်ဟာကို မဟန်နိုင်တော့တဲ့ အချိန်ကျပြန်တော့လည်း "ဝိုင်းပါဟ ဝန်းပါဟ ဘယ်လောက်ပေးရပေးရ ဆရာဝန် ခေါ်ကြပါအုံး လူထက်ဘာမှ ပိုမကောင်းဘူး၊ လူမသေ

ငွေမရှာဘူး”လို့ ဝိုင်းဝန်းကြပ်မတ်ပြီး စောင့်ရှောက်ပေးပေမဲ့ ဒီကြားထဲက ကိုယ်ဟာကို လက်ရှော့ရ ဆွေမျိုးတွေလည်း လက်ရှော့လိုက်ရ၊ လက်ရှော့ပြီး နောက်ဆုံး ခေါင်းထဲသွား၊ ခေါင်းထဲ ဝင်ရ ဒါပါပဲ၊ ဒီထက်ဘာများပိုသေးလို့လဲ? သဘောပါကြရဲ့လား?

ဘယ်လောက်ပဲ ပြုနေကြစုနေကြ ပြုကျိုးမနပ်၊ စုကျိုးမနပ်တဲ့ ဒုက္ခခန္ဓာပါ သူစိမ်းပြင်ပ သူများကိုတော့ မြင်တတ်ကြတယ်၊ ကိုယ့်ခန္ဓာမှာတော့ မမြင်တတ်ကြဘူး၊ ဒကာတို့ဟာက ဖျင်းလိုက်တာမှ လွန်ရောပဲ၊ တစ်ခါဖျင်းမကဘူး ဘဝအဆက်ဆက်က ပါလာတဲ့ အဖျင်းတကာ ထိပ်ပိတ်ချည့်ပဲ၊ ပြောမပြောချင်တော့ဘူး၊ မိုက်သထက်ပိုမိုက်နေကြတော့တယ်။

ဒီကနေစပြီး ပြင်ကြ၊ မမိုက်ကြတော့နဲ့၊ ဒီတစ်ချီမိုက်မိရင် မိုက်စသိမ်းဘို့ရာ မမြင်တော့ဘူး၊ မမိုက်တော့ဘူးဆိုရင် အမိုက်လက်စ ဆုံးကြမှာဘဲ၊ ဒီတော့ ဘုန်းကြီးတို့က ဘုရားရှင်ကိုယ်စား ကျကျနန ဟောပြနေတာမို့ ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ ဘုရားစကားတော် တွေလို့ဆိုပြီး လိုက်နာကြ။

ဘုရားရှင်က သေခါနီးရင် ဘယ်လိုသေရမယ်ဆိုတဲ့ သေနည်းသင်ပြခဲ့တယ်၊ သေတာများ သင်နေရသေးသလားလို့ မအောင်မေ့လိုက်ကြနဲ့ ဒို့ဒကာတွေ ခုထက်ထိ အနေလဲမတတ်၊ အသေလဲမတတ်ကြသေးဘူး၊ ဒါကြောင့်ဘုရားအဆူဆူကို ရှောင်ကွင်းပြီး ဆင်းရဲတွင်းနက်နေကြတာပဲ။

ဘုရားရှင်က သေနည်းနှစ်မျိုး ဟောပြခဲ့တယ်၊ နှစ်မျိုးက
(၁) တရားတော်နာကြားရင်းသေတဲ့နည်းနဲ့။
(၂) မိမိကိုယ်တိုင် တရားနှလုံးသွင်းဆင်ခြင်၍ သေတဲ့နည်းလို့ နှစ်မျိုး၊ ဟောပြခဲ့တယ်။

တရားနာရင်း သေရင်း အောက်သံယောဇဉ်ငါးပါးကို ပယ်နိုင်တယ် တရားကလဲ ခန္ဓာကိုစက်ဆုပ်အောင် ဟောတဲ့ တရား ဖြစ်ရမယ်၊ ဒုက္ခသစ္စာ ပိုင်းခြားပြီး သိတဲ့ သစ္စာဆိုက်တဲ့ တရား၊ သစ္စာ ဆိုက်အောင် ဟောပြတဲ့ တရားမျိုးသာ ဆိုလိုတယ်၊ သစ္စာ မဆိုက်တဲ့ ဒီပြင်တရားမျိုးကို ဆိုဒါမဟုတ်ဘူးလို့မှတ်ကြ။

မိမိကိုယ်တိုင် နှလုံးသွင်းဆင်ခြင်ပြီး သေနည်းက "သေခါနီးရင် ဒုက္ခဝေဒနာ ဒုက္ခဒဏ်ချက်တစ်ခုခုပေါ်လာမယ်၊ အဲဒီပေါ်လာတဲ့ ဒုက္ခဝေဒနာကို ဖြစ်ပျက် ရှုပေး၊ အော် နိုပ်စက်တဲ့တရားပါလား၊ နှိပ်စက်တာ ဧကန်ဖြစ်လို့ ဒုက္ခတရား ဒုက္ခသစ္စာကြီးဘဲ၊ ဒီ ဒုက္ခတရား ဒုက္ခသစ္စာဟာလဲ မမြဲဘူး ဖြစ်ပြီး ပျက်သွားတာဘဲ၊ ဝေဒနာလည်းဖြစ်ပြီး ပျက်၊ ဒီဝေဒနာရဲ့ ဆင်းရဲသဘောကလည်း ဖြစ်ပြီး ပျက်တာပါဘဲ။

အားလုံးဖြစ်ပေါ်လာသမျှတွေဟာ ပျက်ကြရတာချည့်ဘဲ၊ ဘာဘဲလာလာ ပျက်မှာချည့်ဘဲ၊ အဖြစ်နဲ့ အပျက်ကလွဲရင် ဘာမှမရှိပါ ကလား "ဖြစ်ပျက်, ဖြစ်ပျက်"လို့ ရှုနေရမယ်၊ ဖြစ်ပြီး ပျက်သွားတဲ့ ဖြစ်ပျက်အစဉ်မှာ ဉာဏ်ရောက်နေရမယ်၊ ဒီလိုဉာဏ်နဲ့နေတော့

ဝေဒနာ ချုပ်သွားတယ် ဝေဒနာချုပ်တာ ဒုက္ခချုပ်တာဘဲ"ဝေဒနာ နိရောဓ တဏှာ နိရောဓော" ဝေဒနာချုပ်တဲ့နောက်တဏှာ အလိုလို သေတယ်၊ ဒီတော့ ပဋိစ္စသမုပ္ပါဒ် ဒီတွင်ဘဲပြတ်၊ ပြတ်တော့ "ဒုက္ခနိရောဓော နိဗ္ဗာနံ" လာဒါဘဲ။

ဒုက္ခဝေဒနာလာသမျှ ဖြစ်ပျက်သာရှု ဖြစ်ပျက် အနိစ္စ နောက်က မဂ္ဂဉာဏ် လိုက်ရမယ်၊ ဒီလိုဖြစ်ပျက်နဲ့ မဂ်မပြတ်အောင် ဉာဏ်လိုက် သွားနိုင်ရင် မသေခင်ကလေးမှာ သုံးမဂ်ကျအောင် ရနိုင်တယ်၊ အားမကိုးထိုက် ကြဘူးလား?

ဘုရားရှင်က အလွန်တရာ ထက်သန်ကြီးမားလှတဲ့ မဟာ ဂရုဏာတော်နဲ့ ဟောပြခဲ့တာ၊ သတ္တဝါ ဝေနေယျဒကာတို့ကို သနားလွန်းလို့ ကြိုးစားလိုက်နာကြ၊ ပေါ့ပေါ့ကလေးများ မမှတ်လိုက် ကြနဲ့။

"သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ" ဆိုတဲ့အတိုင်း အင်မတန်မှ ညီညွတ်နိုင်ခဲတယ်၊ ကိုယ်လည်း ကျန်းမာမှ တရားနာနိုင်တယ်၊ ကျန်းမာမှ တရားနာနိုင်တယ်၊ ကျန်းမာလို့ နာနိုင်ပေမဲ့လည်း သစ္စာဆိုက်တဲ့ တရားလည်းဖြစ်ပါအုံးမှ "သဒ္ဓမ္မ"လို့ ဆိုနိုင်တယ်၊ ဒီတော့ ဒီတရားမျိုး၊ ဒီနားမျိုး၊ အဆင်ပြေဘို့ရာ တစ်သက်မှာမှ တစ်ခါဘဲဆိုရင် မများပါဘူး။

ဒါကြောင့် အရေဝအောင်နာထားကြ၊ ခုအနေမှာ အဆင်

မပြေလို့ မဂ်ခြေ၊ ဖိုလ်ခြေ မဆိုက်နိုင်ခဲ့သေးရင် သေခါနီးမှာ အရေးကြီးတယ်၊ သေပြီး အပါယ်မကျဘို့ လုပ်ကြ၊ ဒီတော့ကောင်းတာက ကိုယ့်ကိုယ်ကို ဆင်ခြင်နှလုံးသွင်းပြီး သေဒါအကောင်းဆုံးဘဲမှတ်၊ ဒို့ဒကာတွေ သေတဲ့အခါ ကိုယ့်သစ္စာ ကိုယ်ရှုပြီး သေနိုင်ကြပါလို့ ပြောလိုက်ပါတယ်။

ဒကာတို့တစ်တွေဟာ ခန္ဓာရထားမှတော့ သေနာပေါက်မဲ့လူချည့်ဘဲ၊ သေနာမပေါက်မဲ့သူတစ်ယောက်မှ မပါပါဘူး၊ ဒီတော့ ဒုက္ခမရောက်ရအောင် ခုကထဲက ဒီဆေးကို လုပ်ထားကြ၊ ဒီဆေးနဲ့မှ သေခြင်းကောင်းသေရမယ်၊ ဒီသေနည်းနှစ်ခုမသိရင် ဒါမှမဟုတ် မလုပ်မိကြရင် သေခြင်းဆိုးသာ ကြုံရမယ်လို့သာ ဆုံးဖြတ်ချက်ချ၊ သေခြင်းဆိုးမကြုံရင် ခုအချိန်က ပြည့်စုံအောင်လုပ်ထားကြ။

လုပ်ထားရင်သေခြင်းဆိုးက လွတ်မယ်၊ သေခြင်းဆိုးလွတ်တယ်ဆိုတာ အပါယ်လမ်းပိတ်တာ ကို ပြောဒါ၊ အပါယ်လမ်းလဲပိတ်ကရော၊ နိဗ္ဗာန်တံခါးလဲပွင့်လာရော၊ ကဲကြိုးစားကြ။

**********

# ရုပ်နာမ်ကြောင်းကျိုး အနတ္တမျိုးတရားတော်

ဒကာ, ဒကာမတွေ အနတ္တနှစ်မျိုးရှိတယ်၊ ခန္ဓာက ပုဂ္ဂိုလ်အကြိုက်မလိုက်တဲ့ အနတ္တက တစ်မျိုး၊ အကြောင်းတရားက အနတ္တမို့ အကျိုးတရားလည်း အနတ္တဖြစ်ရတယ်ဆိုတာက တစ်မျိုး၊ နှစ်မျိုးရှိတယ်၊ ဒီနှစ်မျိုးလုံးဟာ သံယုတ်ပါဠိတော်မှာ လာတယ်လို့ မှတ်ကြ၊ ဒို့ဒကာ, ဒကာမတွေအတွက်တော့ ဒုတိယအချက်ဖြစ်တဲ့ အနတ္တကို သိကြရမယ်၊ ဒီအနတ္တက သူ့အရှင်သခင်က အနတ္တမို့၊ သူ့ကျွန်လည်း အနတ္တဘဲလို့မှတ်ကြ၊ ရှင်းကြပြီလား?။

ဒကာ, ဒကာမတွေ ဒီကနေ "ဥပရိပဏ္ဏာသပါဠိတော် ဆ, ဆက္ကသုတ်"မှာလာတဲ့ အနတ္တသဘောကို ထည့်ပြောရမယ်၊ ဒီအနတ္တကို သိရမယ်လို့ မှတ်ကြ၊ ဒကာ, ဒကာမတွေမှာ ပူပန်စရာရှိတဲ့ သားကိစ္စ၊ သမီးကိစ္စ၊ ပစ္စည်းကိစ္စစတဲ့ ကိစ္စအထွေထွေဟာ တစ်ခြားအချိန်တွေမှာ မေ့နေပေမဲ့လည်း အိပ်ရာဝင်တော့ ပေါ်လာကြတယ်၊ အိပ်ရာဝင်ပြီး လှဲလိုက်တာနဲ့ ဒီကြံစည်လုံးတွေဟာ အလျှိုလျှိုပေါ်လာကြတော့တယ်၊ သား, သမီး၊ ပစ္စည်းအတွက် ကြောင့်ကျမှုကြံလုံး စည်လုံးကလေးတွေဘဲ၊ သားအတွက်ကြံစည်လိုက်တော့ သားဆီက လာတာဘဲသဘောပါပြီလား?

သားကြောင့်၊ သမီးကြောင့်, ပစ္စည်းကြောင့် ဒီကြံစိတ်တွေးစိတ်ကလေးတွေ ပေါ်လာရတာ၊ သူတို့မရှိရင် မပေါ်ပါဘူး၊

ရှင်းပြီလား? ဒါကြောင့် ဒီကြံတွေးစိတ်ဟာ ဓမ္မာရုံကြောင့် ပေါ်တာဘဲလို့ မှတ်ကြ၊ သားလည်းမြင်ရတာ မဟုတ်ပါဘူး၊ မဟုတ်ပေမဲ့ ဓမ္မာရုံကြောင့်သာ ပေါ်လာကြရတာ၊ ကြံစည်တဲ့သားအတွက် ကြံစိတ်ကလေးဟာ ဘာကြောင့် ပေါ်လာရသလဲဆိုတော့၊ မနော အကြည်မှန်က သားဘက် လှဲ့တော့ သားစိတ်ကလေးမှန်မှာ ပေါ်လာ ရတယ်၊ ဒီစိတ်ဟာ သားကြောင့်ရင်း၊ မှန်ကြောင့်ရင်း၊ ပေါ်လာရ တယ်လို့ မှတ်ကြ။

ဥပမာဆိုရင် မှန်ရှေ့မှာ လူရပ်သလိုပါဘဲတဲ့၊ မှန်ရှေ့မှာ လူကသွားပြီး ရပ်လိုက်တော့ မှန်ထဲမှာ လူရိပ်ပေါ်လာတယ်၊ မရပ်ရင် မပေါ်ပါဘူး၊ မှန်ကလည်း ကြည်နေမှ လူကလည်း ရပ်ပါမှ အရိပ်ပေါ်တာ၊ ဒီအကြောင်း မညီရင် မပေါ်နိုင်ဘူး၊ ဒီအတိုင်းပါဘဲ၊ ဒီသားစိတ်ကလေးဟာ သူ့အလိုလို ပေါ်လာတာ မဟုတ်ပါဘူး၊ မနောအကြည်ကြောင့်ရင်း၊ သားကြောင့်ရင်း၊ သားစိတ်ပေါ်ရတာလို့ မှတ်ကြ၊ ရှင်းပြီလား? ဒီအကြောင်းတွေ ညီညွတ်မှသာ ပေါ်နိုင်တာပါ၊ ဒါကြောင့် ဘုရားက –

"မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ"

"မနဉ္စ မနောဓာတ်အကြည်ကိုရင်း၊ ဓမ္မေစ
သား, စသော ဓမ္မာရုံတို့ကိုရင်း၊ ပဋိစ္စအစွဲပြု
မနောဝိညာဏံ၊ သား, အသိစိတ်ကလေးသည်။

ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍ လာရပေ၏ လို့ ဟောတော်မူတယ်ဆိုတာ မှတ်ကြ၊ ရှင်းပြီလား?

ဒီတော့ ဒီစိတ်ဟာ နဂိုက ရှိတာမဟုတ်ဘူး၊ မှန်နဲ့ သားဘက် လှဲ့လိုက်လို့သာ ပေါ်လာတာဘဲ၊ သဘောပါပြီလား? ဒါကို ဒကာတို့ တစ်တွေက "ငါကတော့ သူ့တို့အတွက်ကြံလိုက်, စည်လိုက်ရတာ အမောဘဲ" တဲ့၊ ဒို့ဒကာတွေ လုပ်ပုံ ဟုတ်ကြပါရဲ့လား? စိတ်က စိတ်ဘဲ ဒီထဲမှာ ငါမပါဘူး၊ ငါမဟုတ်ပါဘူး၊ ဒီစိတ်ကို ငါထင် တာက ဒိဋ္ဌိဘဲလို့ မှတ်လိုက်ကြ၊ ရိပ်မိကြပြီလား? စိတ်ကလေး ငါလုပ်တော့ "ဝိညာဏံအတ္တတောသမနုပဿတိ" ဝိညာဏ်စိတ်ကို ငါဘဲလို့ ယူစွဲတယ်လို့ ဟောတော်မူတာဘဲ။

ဒါကြောင့် ဒို့ဒကာ, ဒကာမတွေ ဒီစိတ်ကလေးကို ဒီစိတ် ကလေးအတိုင်းဘဲ ထားကြပါ၊ ငါမတပ်ကြပါနဲ့၊ ငါနဲ့ မရောကြပါ စေနဲ့လို့ သတိပေးလိုက်ပါတယ်၊ **စိတ်ကို ငါတပ်လိုက်တော့ ဒိဋ္ဌိအယူ** ပဲ၊ ဒို့ဒကာတွေ ပြောတတ်ကြသေးတယ် "ငါသားအတွက် ငါ ကြံစည်တယ်" တဲ့၊ အဲဒီအပြောဟာ အနတ္တပျောက်ပြီ အတ္တရောက် လာတာဘဲ၊ အတ္တဒိဋ္ဌိဖြစ်ပြီး အရှုံးသန်တာဘဲလို့သာ ဆုံးဖြတ်ချက်ချကြ၊ ရိပ်မိပြီလား?

ခန္ဓာမှာပေါ်လာတာက ဉာဉ့်သည် ထင်တာက အိမ်သည် ထင်နေကြတာ၊ ဒို့ဒကာ, ဒကာမတွေ ဉာဉ့်သည်ကို ဉာဉ့်သည်မှန်း သိကြပါတော့လို့ ပြောလိုက်တယ်၊ ငါထင်တဲ့ဒီစိတ် ကလေးပျောက် သွားတော့ ငါသေပေါ့လို့ သိရင်လည်း အကောင်းဘဲ၊ ဒီလိုလည်း မဟုတ်ကြဘူး၊ စိတ်ကလေး ပျက်သွားတော့ ငါ, မပါဘူး ငါက

ကျန်နေရစ်တယ်၊ တယ်လည်းခက်တဲ့ ဒကာ, ဒကာမတွေပဲ သဘောပါကြပြီလား?

ဥပမာ လက်နှစ်ဘက်ထဲမှာ ဘယ်လက်ထဲမှာမှ အသံမရှိကြဘူး၊ ဒါပေမဲ့ လက်နှစ်ဘက်ကို ရိုက်လိုက်တော့ ဖျတ်ဆိုတဲ့ အသံပေါ်လာတယ်၊ ဒီဥပမာအတိုင်းဘဲလို့ မှတ်ကြ။

ဒကာ, ဒကာမတွေ သေသေချာချာ စဉ်းစားကြည့်ကြ၊ ဖြစ်လာတာကငါတဲ့ သေခါကျတော့ ငါကျန်နေတယ်ဆိုရင် ဟုတ်နိုင်ပါ့မလား? နေရာမကျပါဘူး၊ ဒို့ဒကာတွေ ယောင်ချက်ကဖြင့် အလွန်ဘဲ သန်လှတယ်၊ ရိပ်မိကြပြီလား? ဘုရားက "မနောဝိညာဏံ အနတ္တာတဲ့၊ မနောအသိစိတ်ဟာ အနတ္တာဘဲ"လို့ ဟောတော်မူတယ်၊ ကျေနပ်ပြီလား?

"မနောဝိညာဏံ အတ္တာတိယောဝဒေယျတံနဉပ္ပဇ္ဇတိ၊ မနောဝိညာဏဿ ဉပ္ပါဒေါပိ ဝယောပိပညာယတိ၊ မနောအသိစိတ်ကို အတ္တာဘဲလို့ တစ်ဦးဦးက ဆိုခဲ့လျှင်၊ ဒီစကားဟာ မသင့်မြတ်မမှန်ကန်ဘူး၊ မနောအသိစိတ်ရဲ့ ဖြစ်ခြင်း ပျက်ခြင်းဟာ အလွန်ထင်ရှားပါတယ်" လို့ ဆိုလိုရင်းဖြစ်တယ်၊ ဒို့ဒကာတွေ ကျေနပ်ကြပြီလား? ဖြစ်တာလည်း ထင်ရှားတယ်၊ ပျက်တာလည်း ထင်ရှားတယ်ဆိုတော့ ဒီထဲမှာ ပုဂ္ဂိုလ်သတ္တဝါ, ငါဆိုတာ ပါနိုင်ပါအုံးမလား? ဘာမှ မပါနိုင်ဘူး၊ အနတ္တမို့ အနတ္တပြတာဘဲလို့ မှတ်ကြ၊ ရှင်းပြီလား?

မနောအသိစိတ်ကလေးဟာ ဖြစ်ပြီး ပျက်စီးသွားတဲ့ အနတ္တသဘောသာ ကေန်ရှိတာပါ၊ ဖြစ်ပေါ်တာလည်း ငါ၊ မဟုတ်၊ ပျက်စီးတာလည်း ငါမဟုတ်၊ အတ္တသဘောမပါတဲ့ အနတ္တသဘောသာ ဖြစ်တယ်လို့ သိကြရမယ်၊ ဘုရားက ဖြစ်ပေါ်တာလဲအထင်အရှား ပျက်သွားတာလည်း အထင်အရှားဘဲ၊ ဒါကြောင့် အနတ္တလို့ သိမြင်ကြရမယ်လို့ ဟောတယ်၊ သဘောပါကြပြီလား? ဒကာ, ဒကာမတွေ ဒီသဘော အမှန်အကန်သိပြီး မစွဲကြနဲ့တော့လို့ ပြောလိုက်တယ်၊ မနေနိုင် **မထိုင်**နိုင်လောက်အောင် ဖြစ်လို့ စွဲချင်ရင်ဖြင့် "ငါဟာ ဖြစ်လည်း ဖြစ်တယ်၊ ပျက်လည်း ပျက်တယ်"လို့သာ ယူကြတော့လို့ သတိပေးလိုက်တယ်။

ဒီစိတ်ကလေးဟာ အကြောင်းနှစ်ခုတိုက်တော့ ဖြစ်ပေါ်လာတယ်၊ သူ့အသက်တမ်းစေ့တော့ ချုပ်ပျောက်သွားတယ်၊ ခန္ဓာသဘောက ဖြစ်ပြီး ပျက်စီးသွားတတ်တဲ့ အနတ္တသဘောအမှန်ဘဲ ရှိနေတာ ဒါကို ဒကာတို့က ငါထင်လိုက်တော့ ခန္ဓာအလိမ်ခံလိုက်ကြတာဘဲလို့ မှတ်လိုက်ကြ၊ ရိပ်မိကြပြီလား? ခန္ဓာက ကိုယ့်ကို လိမ်နေတာ၊ ဒကာတို့က အမှန်သိပြီး ကိုယ့်ကို ကိုယ်ဖြေပြစ်ကြ၊ အလိမ်ပြေအောင် ဖြေကြတော့လို့ တိုက်တွန်းလိုက်တယ်၊ ကိုယ်တိုင်ကမှ မဖြေရင် သူများဝင်ဖြေပေးဘို့ မလွယ်ဘူး၊ နောက်ကို အလိမ်မခံရအောင် ကြိုးစားကြလို့ သတိပေးလိုက်ပါတယ်။

မိမိခန္ဓာမှာ ဉာဏ်နဲ့ကြည့် ဧည့်သည်လာရင် လာမှန်းသိ၊

ဧည့်သည်သွားရင် သွားမှန်းသိကြ၊ ဧည့်သည်လာရင် လာတာဘဲ၊ သွားရင်လည်း ဧည်သည်သွားတာဘဲလို့ ဉာဏ်နဲ့တွေးရှုကြ၊ ဉာဏ်နဲ့ မြင်ဘို့ အရေးကြီးတယ်၊ ဉာဏ်နဲ့မြင်ရင် ဧည်သည်မှန်းသိကြမယ်၊ သဘောပါပြီလား? ဘာစိတ်လာလာ ဖြစ်တာလည်း ထင်ရှားတယ်၊ ပျက်တာလည်း ထင်ရှားတာမို့ အနတ္တဘဲဆိုတာ ဆုံးဖြတ်နိုင်ကြမယ်၊ ဒါကို အမှန်သိရင် ဘာမှ မျက်ရည်ကျစရာ မရှိပါဘူး၊ ကျေနပ်ပြီလား?။

ဒကာ, ဒကာမတွေကြီးစားကြ၊ ဉာဏ်နဲ့ခန္ဓာကြည့်ကြ၊ ကိုယ့်သန္တာန်မှာ ဘာစိတ်ပေါ်ပေါ်ဉာဏ်နဲ့မြင်အောင်ကြည့်ပြီး ဖြစ်တာ, ပျက်တာမြင်ရင် အနတ္တဘဲလို့ ဆုံးဖြတ်ချက်ချ၊ အခုပေါ်လာတာ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတာ၊ ဒီစိတ်ကလေးဟာဖြစ်လည်း ဖြစ်တယ်၊ ပျက်လည်း ပျက်တာဘဲလို့ သိလိုက်ကြ၊ ရိပ်မိပြီလား? သိအောင်စောင့်ပြီး ဉာဏ်နဲ့ကြည့်ကြ၊ ဒီပထမနည်းနဲ့မှ မထင်မမြင်သေးရင် ငါဟာဖြစ်လည်းဖြစ်တယ်၊ ပျက်လည်း ပျက်တယ်လို့ ဒုတိယနည်းနဲ့ ထပ်ရှုကြ၊ နားလည်ကြပြီလား? နားလည်ရင်ကြိုးစားဘို့ဘဲ။

ပထမနည်းနဲ့ရှုလို့ အဲဒီလို ပထမအနတ္တဉာဏ် မပေါ်သေးရင်၊ ဒုတိယ အနတ္တဉာဏ်နဲ့ မြင်အောင်ရှုကြလို့ သတိပေးလိုက်တယ် ရှင်းကြပြီလား? မရှင်းသေးရင် ထပ်ပြောမယ်၊ ဒကာတို့ သန္တာန်မှာ စိတ်ကူးကလေး တစ်ခုပေါ်လာမယ်၊ ပေါ်လာတဲ့အခါ "ဒီစိတ်ကူးကလေးဟာ စိတ်ကူးပြီး ပျက်စီးသွားတာဘဲ"လို့ ရှုကြ၊ စိတ်ကူးကို

ငါထင်လို့ ဒါနဲ့မှ မရရင် "ငါသည်ဖြစ်လည်းဖြစ်တယ်၊ ပျက်လည်း ပျက်တယ်"လို့ ဒုတိယအချက်မှာ ပိုင်အောင်လုပ်ကြ၊ သဘောပါ ပြီလား? ဒကာတို့ သန္တာန်မှာ ဧည်သည်တွေကတော့ မပြတ်တမ်း လာနေမှာဘဲ၊ ပထမနည်းနဲ့ ဧည်သည်လာလာ, သွားသွား အနတ္တဘဲလို့ ရှုကြ၊ ဒါကိုမှ မမိရင် နောက်နည်းနဲ့ ရှုကြ၊ ကျေနပ်ပြီလား?

ဒကာ ဒကာမတွေ ပြောတတ်ကြတယ်၊ "ငါစိတ်မစမ်းနဲ့တဲ့ ငါကစိတ်ကြီးတယ်တဲ့၊ ငါစိတ်က မရဘူးတဲ့၊ အဲဒါဟာ စိတ်ကို ငါထင်ငါစွဲနေကြတယ်၊ ငါစွဲပြီး ငါလုပ်နေတာဘဲ၊ ဒို့ ဒကာတွေ ဘယ်လောက်ခက်သလဲဆိုတာ စဉ်းစားကြ၊ ပေါ်ကြပြီလား? အနတ္တ ဧည့်သည်ကို အတ္တအိမ်သည်ထင်ကြတာ ပြောင်းပြန် ထင်ကြတာဘဲ၊ ပြောင်းပြန်ထင်တဲ့ မြင်တဲ့ အမြင်ဟာ သွေးရိုးသားရိုးမှ ဟုတ်ကြ ရဲ့လား?လို့ မေးလိုက်တယ်၊ ဒါကို တည့်အောင် ဒုတိယနည်းနဲ့မှ မရသေးရင်ဖြင့် တတိယနည်းနဲ့ တတိယအချက်ကို မိအောင် လုပ်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်၊ ကျေနပ်ပြီလား?

တတိယနည်းပြောမယ်၊ ဒကာ, ဒကာမတွေ လေးလေး စားစားနဲ့ မှတ်လိုက်ကြ၊ ဒီက သား ဒီဘက်ကမှန်အကြည်၊ သားနဲ့ မှန်အကြည်နဲ့တဲ့တော့ သားအရိပ်ပေါ်တယ်၊ သားနဲ့မှန်ရှိလို့ သားနဲ့မှန်ကြောင့် သားအရိပ်ပေါ်ရတာ၊ မှန်က ပူရေဇာတပစ္စည်း သားက အာရမ္မဏပစ္စည်း၊ ဒီပစ္စည်းနှစ်ခု၊ ဒီအကြောင်းနှစ်ပါးက သားစိတ်ပေါ်အောင် နှစ်ခုညှပ်ပြီး ကျေးဇူးပြုတယ်၊ ဒီသားနဲ့မှန်

နှစ်ခုက အကြောင်း၊ စိတ်ကအကျိုး၊ ဒီအကြောင်းနဲ့ အကျိုးပဲရှိတယ်၊ အကြောင်းအကျိုးအပြင် ပုဂ္ဂိုလ်သတ္တဝါ, ငါမရှိပါဘူး၊ ပေါ်ပြီလား?

ခန္ဓာမှာ ဒီရုပ်, ဒီနာမ်, အကြောင်းအကျိုးအဆက်ဆက် ကျေးဇူးပြုနေတာ၊ ဖြစ်ပျက်တာဘဲ ရှိတာပါ၊ ဒီပြင် ဘာမှ အပိုမပါဘူး၊ နှစ်ဆယ့်လေးပစ္စည်းက ဆိုင်ရာ အကြောင်းအကျိုး အဆက်ဆက် ကျေးဇူးပြုနေကြတာဘဲရှိတယ်လို့ မှတ်လိုက်ကြ၊ သဘောပါပြီလား? ဒကာတို့က ဒါကိုပဲ အန္တရယ်ကင်းအောင် ဘေးရှင်းအောင်ဆိုပြီး နှစ်ဆယ်လေးပစ္စည်းကို စည်းချကြ၊ စည်းကာကြနဲ့ လုပ်နေကြတယ်၊ တော်ပါမလား၊ စည်းချ စည်းကာရမှာ မဟုတ်ဘူး၊ ထိပ်ပေါ်တင်ပြီး ကိုးကွယ်ရမှာပဲဆိုတာ မြဲမြဲမှတ်ကြ၊ ရိပ်မိကြပြီလား?

ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ တကက်တက်စင်အောင် လမ်းလွဲနေကြတယ်၊ ထူးထူးခြားခြားဘဲ သတိပေးလိုက်ပါတယ်၊ နှစ်ဆယ့်လေးပစ္စည်းတို့ ဂုဏ်တော်တို့ဆိုတာ တရားတော်တွေ ဖြစ်လို့ စည်းချရမှာမဟုတ်၊ ကိုးကွယ်ရမှာဘဲလို့ မှတ်ကြ၊ အန္တရယ်ကင်း ဘေးရှင်းချင်တာ မှန်ရင်ဖြင့် မိမိကိုယ်ကို စေတီထိုက်အောင် လုပ်ကြရမယ် ၊ ခန္ဓာစေတီထိုက်အောင် တရားတော်ခန္ဓာထဲ ကိန်းအောင် လုပ်ဘို့လိုတယ်၊ ကိန်းအောင်လုပ်ရမှာက ကိုယ်တိုင် တရားအား ထုတ်ကြဘို့၊ ကိုယ်တိုင်က တရားကို ကျင့်ကြံအားထုတ်မှသာ စေတီထိုက်မယ်ဆိုတာ ဆုံးဖြတ်ချက်ချ။

ဒါကြောင့် အန္တရယ်ကင်းချင်ရင် စေတီထိုက်အောင် လုပ်ကြ

ပါလို့ တိုက်တွန်းလိုက်တယ်၊ ဒါမှ မဟုတ်လို့ ရွတ်ဖတ်သရဇ္ဈာယ်နေရင် အောင်းမေ့နေရင်လည်း ဌာပနာတရားတော်တွေဖြစ်မယ်၊ မြဲစွဲရင် အရိုးအသားတွေ စေတီဖြစ်သွားမယ်၊ ဒီနည်းမှသာ အမှန်တကယ် အကျိုးရကြမှာ၊ စည်းကာလို့ အန္တရယ်မကင်းနိုင်ကြဘူးဆိုတာ မှတ်ကြ၊ သဘောပါကြပြီလား? ပြင်ကြ ဆင်ကြတော့ နောက်ကို အလွဲ မလုပ်မိကြစေနဲ့၊ ကိုယ်ပိုင်ဉာဏ်နဲ့ချင့်ပြီး သင့်, မသင့် ဝေဖန်ကြည့်ကြ။

ခန္ဓာစေတီထိုက်ရင် အကျိုးအနတ္တရကြမယ်၊ သူတစ်ပါး လုလ္လပယောဂ၊ လက်နက်နဲ့လည်း မသေကြရဘူး၊ ခုခေတ်အနေမှာ အန္တရယ်တွေက အလွန်များပါဘိသနဲ့၊ ဘေးဆိုးကြောက်ကြရင် အန္တရယ်အမျိုးမျိုးတွေက ကင်းချင်ကြတာ မှန်ရင်ဖြင့် ခန္ဓာစေတီ ထိုက်အောင် လုပ်ကြဖို့ဘဲ။

ဒကာ, ဒကာမတွေ ဒီဘေးရန်တွေ အန္တရယ်တွေ အားလုံးက လွတ်ချင်ကြရင် ဘာလုပ်ရမလဲ? နိဗ္ဗာန်ရအောင် လုပ်ကြ၊ နိဗ္ဗာန်ရမှ လွတ်ကြမယ်ဆိုတာ ဆုံးဖြတ်ချက်ချ၊ နိဗ္ဗာန်ဟာ ပရောဂမရှိ၊ ဘယ်သူမှ လုပ်တာ မဟုတ်ဘူး၊ ဒါကြောင့် ဘုရားက "အပစ္စယာဓမ္မာ" လို့ ဟောတော်မူထားတယ်၊ နိဗ္ဗာန်ရမှာသာ ဒုက္ခအကုန်ငြိမ်းမှာ၊ နိဗ္ဗာန် ရအောင် ဘာလုပ်ရမလဲ? မဂ္ဂင်အလုပ်နဲ့ အနတ္တဉာဏ်ရအောင် လုပ်ရမယ်ဆိုတာ ဆုံးဖြတ်ချက်ချ၊ ဒီနည်း, ဒီလမ်း, ဒီစခန်းကိုလည်း ဘုရားပွင့်တော်မူလို့သာ ဟောနိုင် ပြောနိုင်တာ၊ ငါတို့ အလွန်ကံကောင်း ပါလားဆိုပြီး ကြိုးစားယူကြလို့ ပြောလိုက်ပါတယ်။

ဒကာ, ဒကာမတွေ သတ္တဝါတွေကို အလွန်သနားတော်မူလို့ ပွင့်လာရတာ၊ ဘုရားက ဒို့ဒကာတွေ အိုဘေး နာဘေး သေဘေးက လွတ်စေချင်လို့ လွတ်အောင် လုပ်ပေးဘို့ ပွင့်လာရတာ၊ ရိပ်မိကြပြီလား? ဒီဘေးတွေက လွတ်အောင် လွတ်လမ်း ကျွတ်လမ်း တရားတော်တွေကိုလည်း ဟောထားခဲ့တာဘဲ၊ ဘုရားပွင့်တော်မူတာ ဘယ်သူ့အတွက်လဲ? ဒကာ ဒကာမတို့ အတွက် မဂ်တရား ဖိုလ်တရား, နိဗ္ဗာန် တရားတွေ ဟောခဲ့တာ ဘယ်သူ့အတွက်လဲ? ဒကာ ဒကာမတို့ အတွက် ဒါကို အမှန်အကန်သိပြီး ဘုန်းကြီးတို့ ဒကာ, ဒကာမတွေက ဘုရားပွင့်ရတာ၊ တရားဟောရတာ ငါတို့ အတွက် ပါလားဆိုပြီး ဆုံးဖြတ်ချက်ချ၊ ကြိုးစားလိုက်နာကြဘို့ဘဲ။

ဒကာတို့တစ်တွေက ဘုရားရှေ့သွားပြီး ဘုရားကျောပေးနေကြရင် တော်ပါမလား? မတော်ရင်ပြင်ကြတော့ ဘုရားအလိုတော်နဲ့ ကိုက်အောင် လုပ်ကြ၊ ရှင်းကြပြီလား? ဒကာ, ဒကာမတွေက ဘုရားရှေ့သွားပြီး ကျောပေးနေသလိုပါဘဲ၊ "ဤကောင်းမှုကြောင့် တပည့်တော်သည် လူ့ပြည်, နတ်ပြည် အကြိမ်ကြိမ်ခံစား, စံစားရပါလို၏" တဲ့၊ ဒကာတို့တစ်တွေ အဲဒီလို လုပ်နေတာ သစ္စာမသိ၊ ကိုယ်သေဘို့ ကိုယ်လုပ်နေတာဘဲလို့ မှတ်လိုက်ကြ၊ ကိုယ်လုပ်တာ ဘာလုပ်လို့ ဘာလုပ်မှန်း မသိနိုင်အောင် ဆိုးတဲ့အဖြစ်ဟာ တော်ပါ့မလား? စဉ်းစား။

ဒါကြောင့် သစ္စာတရားကို သိအောင်လုပ်ကြမှ ဖြစ်မယ်လို့

ဆုံးဖြတ်ပြီးအခုမင်္ဂရ ဖိုလ်ရဖြစ်အောင် လုပ်ကြပါလို့ တိုက်တွန်းလိုက်တယ်၊ မဂ်ဖိုလ်ရရင် မကောင်းဆိုးဝါးတွေ ပပျောက်တယ်၊ ဘေးအန္တရာယ်ဟူသမျှ ကင်းရှင်းရတော့မယ်၊ ကံဟူသမျှ အကုသိုလ်ကျွေးရှိသမျှ အဟောသိကံ ဖြစ်သွားမယ်လို့ မှတ်လိုက်ကြ၊ ကျေနပ်ပြီလား? ဒါကြောင့် အခုမင်္ဂရ, ဖိုလ်ရဖြစ်အောင် အခုလုပ်ကြလို့ လေးလေးနက်နက် တိုက်တွန်းလိုက်တယ်၊ ဒီတော့ ဒို့ဒကာတွေ အနတ္တဉာဏ်ရအောင် မိမိခန္ဓာကြည့်ပေးကြဘို့ဘဲလို့ မှတ်ကြ။

ဒကာ, ဒကာမတွေကို တနည်းနဲ့မရင် တနည်းနဲ့ ရစေတော့လို့ ဇရာမ, မဟာဂရုဏာတော်နဲ့ ဟောပြခဲ့တယ်၊ ဘုရားက မလျှော့ဘူး ဒကာတို့တစ်တွေရဲ့ အဖြစ်ဆိုးမှန်သမျှ ဧကန်သိတော်မူလို့ သနားလို့သာ ကယ်ချွတ်တော်မူခဲ့တာဘဲလို့ မှတ်ကြ၊ ဘုရားက ဒါနဲ့မှ မရရင် ပြောပြအုံးမယ်ဆိုပြီး ဆ, ဆက္ကသုတ်ကို ဟောခဲ့တာ အစောပိုင်းက ပြခဲ့တဲ့ အဓိပ္ပါယ်ဘဲ "အသိစိတ်ကလေး ဖြစ်ပေါ်လာတာဟာ မနောအကြည်နဲ့ မွှောရုံဆိုတဲ့ အကြောင်းနှစ်ခုကြောင့်သာ ဖြစ်ပေါ်လာရတာဘဲ သူ့ကိုဖြစ်စေတဲ့ အကြောင်းနှစ်ခုဟာလည်း အနတ္တမို့ ဖြစ်လာတဲ့ အကျိုးစိတ်ကလေးဟာလည်း အနတ္တဘဲ"လို့ ဟောတော်မူတာ၊ အနတ္တအမေကမွေးလို့ အနတ္တသားဖြစ်တာဘဲတဲ့ ရှင်းပြီလား?

နောက်ပြီး အနတ္တခြောက်မျိုး ပေါက်ပွားပုံကို ပြောပြတယ် "တိဏ္ဏံသင်္ဂတိဖဿော" အဲဒီမှာ ဖြစ်လာတဲ့ ဖဿဟာလည်း

အနတ္တကမွေးတာမို့ သူလည်းအနတ္တဘဲတဲ့၊ ဖဿ, ပဲစ္စယာ, ဝေဒနာ အဲဒီဖဿကြောင့် ဖြစ်လာတဲ့ ဝေဒနာလည်း အနတ္တပါဘဲတဲ့၊ ဝေဒနာ ပစ္စယာ, တဏှာ, နောက်ဆက်ပြီး ဝေဒနာကြောင့်ဖြစ်လာတဲ့ တဏှာလည်း မိဘရိုးရာ အနတ္တ၊ အကြောင်းဆက်ဆက် အနတ္တမို့ သူလည်း အနတ္တစင်စစ်ဘဲလို့ ခြောက်ခုလုံး အနတ္တတွေသာ ဖြစ်တဲ့ အကြောင်း"ဆ, ဆက္ကသုတ်"မှာ ဟောတော်မူတယ်။

ဆ, ဆက္ကဒေသနာမှာ တဒ္ဒါရ, တဒ္ဒါရမှာ အနတ္တ ၆ မျိုး, ၆မျိုး ထင်ရမြင်ရမယ်၊ ထင်မြင်အောင် ရှုရမယ်လို့ ဟောတယ်၊ ဒကာ, ဒကာမတွေ သဘောပါပြီလား? အဲဒီဒေသနာဟာ သာမညများ မမှတ်ကြနဲ့၊ ဘုရာရှင်ကစပြီး အဆင့်ဆင့် ဟောပြရတဲ့ ဒေသနာတော် ဖြစ်တယ်၊ ဘုရားက ရှင်သာရိပုတ္တရာကိုဟော၊ အရှင်သာရိပုတ္တရာက အရှင်မဟာမောဂ္ဂလာန်ကိုဟော၊ အရှင်မောဂ္ဂလာန်က အသီတိသာဝက ရှစ်ကျိပ်ကိုဟော၊ အဲဒီလို အဆင့်ဆင့်၊ ထပ်ခါထပ်ခါ ဟောပြတဲ့ ဒေသနာ၊ အလွန်ကျေးဇူးကြီးမား များပြားလှတဲ့ ဒေသနာကော်ပဲလို့ မှတ်ကြ၊ ကျေနပ်ပြီလား?

●✱●✱●✱●✱●✱●

# ရှေ့သွားခေါင်းဆောင်စိတ်တရားတော်

တရားအားထုတ်ကြတယ်ဆိုတဲ့ အလုပ်ဟာ ကိုယ့်စိတ်ကို ကိုယ်နိုင်ပြီ. သကာလ ဒီစိတ်ကို ငြိမ်အောင် ထိမ်းတဲ့ အလုပ်ပဲ၊ ကိုယ့်စိတ်ကလေးသာ ကိုယ်နိုင်အောင်လုပ်၊ လုပ်လို့ ဒီစိတ်ကိုနိုင်လို့ ငြိမ်ပြီလားဆိုလို့ ရှိရင် ကိုယ်ခိုင်းချင်တဲ့ဆီကို ခိုင်းတဲ့အလုပ်ဟာ တရားအားထုတ်တဲ့ အလုပ်ပဲ။

ဘယ်နဲ့ကြောင့်တုံးဆိုတော့ "စိတ္တေနနိယျတေလောကော" တဲ့ လောကော=လောကကြီးကို၊ စိတ္တေန=စိတ်သည်၊ နိယျတေ=ဆောင် အပ်၏တဲ့၊ စိတ္တေနပရိကဿတိ=စိတ်ကပဲပြုပြင်တယ်တဲ့၊ စိတ္တဿဧကဓမ္မဿ=စိတ်ဆိုသော တခုသောတရား၏ ဝသံ=အလို နိုင်ငံသို့ သဗ္ဗေဝ ဝသမန္ဝဂူ=အလုံးဆုံသော သတ္တဝါတို့ဟာ စိတ်အလို လိုက်ကြရတယ်၊ စိတ်ဆောင်တဲ့ဆီ ရောက်သွားကြရတယ်။

စိတ်ဆိုသည်ကားလို့ ဆိုလို့ရှိရင် သူဆောင်တဲ့ဆီကို ကျန်တဲ့ရုပ်နာမ်က လိုက်ရတယ်၊ စိတ်က ခေါင်းဆောင်၊ ကျန်တဲ့ ရုပ်နာမ်က နောက်လိုက်လို့ မှတ်ထားစမ်းပါနော်။

ဒီစိတ်ကို မနိုင်တော့ဘူးဆိုတော့ကို ခက်တယ်တဲ့၊ ဒီစိတ်ကို မနိုင်တော့ဘူးဆိုတော့ကို ဘာဖြစ်သွားမလဲလို့ မေးတဲ့အခါကျတော့ "ပါပသ္မိံ ရမတိမနော"တဲ့ ဘုရားက ပါပသ္မိံ=မကောင်းမှု၌၊ မနော=စိတ် သည်၊ ရမတိ=မွေ့လျော်၏ စိတ်ကလည်း မကောင်းမှုမှာဘဲ မွေ့လျော်

တယ်ဆိုတော့ သူကလည်း ခေါင်းဆောင်နေသေးတယ်၊ ခေါင်းဆောင် တဲ့စိတ်ကလည်း မကောင်းမှု၌ မွေ့လျော်တယ်ဆိုတော့ သူ့နောက် လိုက်ရတဲ့ ပုဂ္ဂိုလ်တွေမှာ ငှမ်းထိုးမှောက်ခုံချည့်ဖြစ်နေရတယ်၊ ဒီပါဠိတွေက သံယုတ်ပါဠိတော်လို့ မှတ်ပါ။

စိတ္တေန နိယျတေ လောကော။
စိတ္တေန ပရိက သတိ။
စိတ္တဿ ဧကဓမ္မဿ။
သဗ္ဗေဝ ဝသမန္ဝဂူ။

စိတ်နောက်အကုန်လိုက်ကြရတယ်တဲ့၊ သမ္မယုတ္တဓမ္မတွေကော ရုပ်တွေကော လိုက်ကြတယ်၊ ဒီစိတ်တလုံး မနိုင်လို့ရှိရင် ဒုက္ခရောက် တော့မယ်ဆိုတာ သေချာပြီသားလို့ မှတ်ပါ။

စိတ်ဟာသူကလည်း ခေါင်းဆောင်ပြီးတော့ သတ္တဝါတွေကို ဆွဲခေါ်နေသေးတယ်၊ သူကလည်း မကောင်းမှု၌ မွေ့လျော်တတ်တဲ့ ဝါသနာ အထုံကလေးကလည်း ကြီးပြန်တယ်ဆိုတော့ သတ္တဝါတွေ အဘို့မှာထွက်ရပ်လမ်းဖြစ်တဲ့ အေးချမ်းတဲ့ နိဗ္ဗာန်ကြီးကို ဘယ်မှာ ရောက်နိုင်ပါ့မလဲ?

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "စိတ္တံဒန္တံသုခါဝဟံ" စိတ္တ=စိတ်ကို၊ ဒန္တံ=ယဉ်ကျေးအောင် ပြုလုပ်ခဲ့သည်ရှိသော်။ သုခါဝဟံ=နိဗ္ဗာန်သို့ ဆောင်သည်။ ဟောတိ ဖြစ်စေ၏တဲ့။

စိတ်ကို ယဉ်ကျေးအောင်လုပ်ပြီး ကိုယ်ကခိုင်းသလို စိတ်ကို ရလို့ရှိရင် ဒကာ, ဒကာမတို့ အိုဘေး၊ နာဘေး၊ သေဘေးကင်းတဲ့ နိဗ္ဗာန်ကို ရောက်မယ်၊ ဒါကို ဘုရားက ဓမ္မပဒမှာ သေသေချာချာ ဟောထားထယ်။

စိတ်ကခြောက်မျိုးရှိတယ် ဒီစိတ်ခြောက်မျိုးကို ကောင်းတယ် မကောင်းဘူးဆိုတာ ယနေ့ဝေဖန်နိုင်အောင် စိတ်ရဲ့ပင်ကိုယ်သဘော တွေကို ထုတ်ဖော်ပြောနေတယ်ဆိုတာ မှတ်ရမယ်။

ဒကာ, ဒကာမတွေအဘို့မှာ သားကရမက်ဆွဲလိုက် သားဆီ ပြေးလိုက်၊ သမီးကရမက်ဆွဲလိုက် သမီးဆီပြေးလိုက် ဥယျာဉ် ပန်းမာလ် တွေကဆွဲလိုက်ရင် ဥယျာဉ်ပန်းမလ်တွေဆီ ပြေးလိုက်၊ ဟုတ်လား၊ အထူးအဆန်းကြည့်စရာ ရှုစရာ ရှိတဲ့နေရာက ဆွဲလိုက် လို့ရှိရင် စိတ်ဆောင်ရာကို လိုက်နေကြရတယ်၊ ပေါ်ကြပြီလား?

စိတ်ကို မနိုင်သ၍ ကာလပါတ်လုံး ခင်ဗျားတို့ နိဗ္ဗာန် မရဘူးဆိုတဲ့ တရားကို ယနေ့ဟောတာပါပဲ၊ ဒါဖြင့် စိတ်ကိုနိုင်အောင် ဘာလုပ်ရမတုံးလို့ မေးလို့ရှိရင် စိတ္တာနုပဿနာ ရှုရမယ် စိတ်ကို အဖန်ဖန် ရှုရမယ်၊ စိတ်ရဲ့ အနိစ္စကို ရှုရမယ်။

စိတ်ကြောင့်ဖြစ်တဲ့ တဏှာ၊ ဥပါဒါန်, ကံ စိတ်ကြောင့် ဖြစ်တဲ့ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ၊ စိတ်အကြောင်း ကောင်းကောင်းမသိတဲ့ အဝိဇ္ဇာ သင်္ခါရဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်သုံးမျို

ကိုသိတော့ မင်းဟာ ဒုက္ခသစ္စာပဲ၊ မင်းဟာ အနိစ္စပဲလို့ သူ့သဘော ကိုသာ ရှုနေလို့ ရှိရင်ဖြင့် ဒီစိတ်သည် ပြေးချင်တဲ့ဆီ ပြေးငြား သော်လည်း၊ အနိစ္စဉာဏ်နဲ့ အုပ်လိုက်တဲ့အခါကျတော့ စိတ်ရဲ့ အဖော်သဟဲတွေ နောက်လိုက်တွေ မရှိတော့စိတ်ဟာ သူ့အားရှိ သလောက် မလုပ်နိုင်တော့ဘူး။

ဒီတော့ တဏှာ၊ ဉပါဒါန် အဖော်မရတော့ဘူး၊ ဒေါသ, သောက အဝိဇ္ဇာ, သင်္ခါရတည်းဟူသော အဖော်တွေလည်း မရတော့ဘူး၊ မရတဲ့အခါကျတော့မှ သူ့အလိုကို ဝိပဿနာဉာဏ်နဲ့ ချေမှုန်းပြစ် လိုက်တော့မင်းဟာ ဖြစ်ပြီး ပျက်တဲ့ အနိစ္စဘဲဆိုပြီး သူဖြစ်ပျက်ကို မြင်ပြီး ဒီကနေရှုလိုက်တဲ့ အခါကျတော့ စိတ်ဟာ စိတ်မဟုတ်တော့ဘူး။ အနိစ္စဖြစ်သွားတယ်။

ဒါကြောင့် စိတ္တာနုပဿနာလို့ ဆိုငြားသော်လည်း စိတ်ကိုရှုလို့ ဆိုငြားသော်လည်း စိတ်ရဲ့ ဖြစ်ပျက်ကို ရှုရာရောက်သွားတယ်လို့ မှတ်ကြစမ်းပါ။

အဲဒီဖြစ်ပျက်ရှုရာ ရောက်သွားတဲ့ ပုဂ္ဂိုလ်က ဖြစ်ပျက်ကို ရှုတဲ့ အခါကျတော့မှ စိတ်၏ ပင်ကိုယ်သဘောကို သိလို့ ယထာဘူတ ဉာဏ်ဆိုတာ ရောက်လာတယ်၊ ယထာဘူတဉာဏ်ဆိုတာက "ယထာ သဘာဝဇာနဉာဏံ" သူ့သဘောကို ယထာသဘာဝ ဟုတ်တိုင်းမှန်တဲ့ သဘောကို ရှုတဲ့ဉာဏ်မို့ ယထာဘူတဉာဏ်လို့ ခေါ်တယ်။

စိတ်ရဲ့ ပင်ကိုယ်သဘောက ဖြစ်တတ်ပျက်တတ်တဲ့ သဘော အနိစ္စသဘော ဒုက္ခသဘော၊ အနတ္တသဘော။

အဲစိတ်ရဲ့ ပင်ကိုသဘောတွေ သိတဲ့ မဂ်ဉာဏ်နဲ့ ကျုပ်တို့က နေကြလို့ ရှိရင်ဖြင့် စိတ်ဟာ ပြေးခိုင်းနိုင်၊ လွှားနိုင်၊ ဆွဲနိုင်၊ ဆောင်နိုင်ခြင်းမရှိပဲ၊ သူ့ရဲ့ပင်ကိုယ်သဘောသိတဲ့ အတွက်တဲ့ မဂ်ဉာဏ်က စိတ်ရဲ့ အဖော်သဟဲတွေ ဖက်သတ်ပြစ်လိုက်တယ်။

မဂ်ဉာဏ်နဲ့ စိတ်ရဲ့ အဖော်သဟဲတွေ ဖက်သတ်ပြစ်လိုက်တဲ့ အခါကျတော့ စိတ်ရဲ့ အဖော်သဟဲအသင်းအပင်း နောက်လိုက်တွေ ပဋိစ္စသမုပ္ပါဒ်နောက်လိုက်တွေကို ဖျက်ပြစ်လိုက်တယ်။

အဲဒါကြောင့် စိတ်တလုံးနိုင်လို့ရှိရင် နိဗ္ဗာန်ရောက်နိုင်တယ် ဆိုတာ ပေါ်ကြပြီလား?

အေး... ဒါကြောင့် ဒကာ, ဒကာမတွေ ဘုရားသခင်ကိုယ် တော်မြတ်ကြီး ဟောတာက သီလဆိုတာ စိတ်ကို အကြမ်းထိမ်းတာ ဝိပဿနာဆိုတာက စိတ်ကို အကြမ်းထိမ်းမဟုတ်တော့ဘူးတဲ့၊ စိတ်ကို ဖြစ်ချလိုက်တယ်၊ စိတ်သဘောကို ဖြတ်ချလိုက်တယ်။

သီလဆိုတာကတော့စိတ်ကို မင်းပြေးချင်တဲ့ဆီ မပြေးရ အောင် ကာယကံ၊ ဝစီကံနဲ့ထိမ်းထားတာ၊ သူကစိတ်ကို မဖြတ်နိုင်ဘူး၊ မပြေးအောင်၊ မလွှားအောင်ဘဲသူချုပ်နိုင်တယ်၊ ဒါကို သီလခေါ်တယ်။ စောင့်ရှောက်တာဘဲ၊ ရှင်းကြပြီလား?

ဝိပဿနာကတော့ဖြင့် စိတ်သဘောကို ဖြတ်ချလိုက်တယ်၊ မင်းစိတ် မင်းသဘောနဲ့ မနေနဲ့တော့၊ မင်းဟာ အနိစ္စဘဲဆိုပြီး အနိစ္စဉာဏ်နဲ့ သူ့ကို ခြေမှုန်းပြစ်လိုက်တဲ့ အခါကျတော့ စိတ်ဟာ စိတ်အလုပ်ကို မလုပ်နိုင်တော့ဘူး။

ဒါကြောင့် ခင်ဗျားတို့မှာ ရှိနေတဲ့စိတ်လိုက်မာန်ပါ အလုပ်တွေ ဟူသ၍ ဟာဖြင့် အလွဲချည့်ပဲလို့ ဆုံးဖြတ်ချက်ချပါ။

အလွဲချည့်ပဲဆိုတော့ ခင်ဗျားတို့ရဲ့စိတ်သည်ကားလို့ ဆိုလို့ ရှိရင် ဝိပဿနာ ဉာဏ်နဲ့ အုပ်မှ မအုပ်လို့ရှိရင်ဖြင့် စိတ်ဟာ အာယတနလို့ ခေါ်တယ်၊ မနာယတနလို့လည်း ခေါ်တော့ မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်စိတ်ဆိုတော့ –

မျက်လုံးပေါက်က စိတ်ကလည်း သူကရူပါရုံရှိရာသာ ပြေးချင်တယ်၊ မျက်လုံးစိတ်က ရင်းတဲ့ ဆီပြေးချင်သလား ရုပ်ရုပ် ရက်ရက်ရှိတဲ့ဆီမှ ပြေးချင်သလားလို့ မေးလို့ရှိရင် လူများများရှိရင် သွားကြည့်ဦးမှဘဲ၊ ဆိုပြီးပြေးချင်တယ်၊ အရှုပ်ကြိုက်တယ်၊

မျက်လုံးစိတ်ဟာ ရှင်းရှင်းလင်းလင်းကြီးဆိုလို့ရှိရင် ကြောက် သလိုလို လန့်သလိုလိုနဲ့၊ မသွားဖြစ်ဘူး မနေချင်ဘူး ရုပ်ရုပ်ရက်ရက် ဆီမှ သွားချင်တယ်။

သြော် ရုပ်ရုပ်ကြီး ကြိုက်တယ်ဆိုတော့ (ဥပမာ) အန္တရာယ်

ဖြစ်နေတဲ့ နေရာမျိုး၊ မီးလောင်လို့သော်ငြား၊ လူချင်းရိုက်လို့သော်ငြား၊ ပုလိပ်ကဖမ်းထားလို့ စစ်ဆေးနေတဲ့ နေရာသော်ငြား၊ ဒီလိုနေရာကျတော့ ဘာဖြစ်ပါလိမ့်တုံး၊ သွားပြီး စုံစမ်းလိုက်ဦးမှဘဲဆိုပြီး မျက်စိက အရှုပ်ဆီသွားတယ်။

ဒါကြောင့် မျက်စိစိတ်ဟာ မြွေနဲ့တူတယ်၊ မြွေများသည် မြေပေါ်လွတ်ထားလို့ရှိရင် ရှင်းတဲ့နေရာမှာ မနေတတ်ဘူး၊ အရှုပ်ရှာတာဘဲ အဲဒီဘက်ခေါင်းလှဲ့ပြီး ပြေးတာပဲ "ပါပသိ့ ရမတိမနော" ဆိုတာ မကိုက်ဘူးလား။

ဘယ်မှာလူစည်တယ်ဆိုမှ သွားချင်ကြတယ်၊ ဘယ်ဘုရားပွဲက ခြောက်ကပ်နေတယ်ဆိုလို့ရှိရင် ဘယ်သူမှ မသွားချင်ဘူး။ ဘယ်ဘုရားပွဲကဖြင့် စည်လိုက်တာတဲ့၊ ဘယ်ဘုရားပွဲထက် နှစ်ဆ၊ သုံးဆသာသတဲ့ ဆိုလို့ရှိရင် သွားဘူးတယ်ရှိအောင် သွားဦးမှပဲ၊ ဘုရားပွဲသာပြောတာ အပြီးသတ်တော့ လူတွေ ရှုပ်ယှက်ခတ်နေတဲ့ အရှုပ်ဆီသွားတာ ရိပ်မိကြပြီလား?

အဲ ဒါကြောင့် ပါပသိ့ ရမတိမနော မနော=စိတ်သည်၊ ပါပသိ့=မကောင်းမှု၌ (ဝါ) ရှုပ်ရှက်ခတ်တဲ့နေရာ၌၊ ရမတိ=ပျော်ပိုက်၏ (ဝါ) မွေ့လျော်၏ဆိုတာကို သဘောကျပြီလား?

အေး ဒါကြောင့် ဒီမျက်လုံးစိတ်မနိုင်သ၍ ကာလပတ်လုံး ငါဖြင့် အရှုပ်ထဲက ထွက်နိုင်ဘို့အရေး မမြင်သေးဘူးလို့မှတ်ရမယ်။

အိမ်မှာခလေးတွေ များများရှိနေတဲ့အခါ အမေ မိဘတွေက ပူတယ်သာ ပြောတာ၊ ပျော်နေတာဘဲ၊ ခလေးတွေက ကျောင်းအသီးသီး သွားလို့ အိမ်မှာ ကျီးနဲ့ဖုတ်ဖုတ်ဖြစ်နေလို့ရှိရင် ဒို့အိမ်ဟာ ဇရပ်ကြီးနဲ့ တူနေလို့ ကြက်သရေမရှိဘူး ပြောချင်ပြောနေတာ၊ ရိပ်မိပြီလား? ဒါဟာ အရှုပ်ကြိုက်တာ ပေါ်ကြပြီလား?

အခုလို ယောဂီကျောင်းတိုက်မှာလာနေတဲ့ အခါကျတော့ ရှင်းလို့ လင်းလို့နေတဲ့အခါကျလို့ရှိရင်ဖြင့် ရက်က စေ့ခဲလိုက်တာ လို့များ ညည်းချင်ညည်းသေးတယ်၊ ဘာဖြစ်လို့တုံး မရှုပ်လို့။

မျက်စိက ရှင်းတဲ့နေရာကျလို့ရှိရင် မြွေလိုပဲ၊ မြွေက ရှင်းတဲ့ နေရာလွတ်လို့ရှိရင် တခါထဲခြုံရှိရာ တွင်းရှိရာ ပြေးတယ်၊ အဲဒါကြောင့် မင်းတို့စိတ်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဘယ်နေရာမှာ မွေ့လျော်လေ့ ရှိတယ်ဆိုတာ ဘာမှ ဘုရားက အထူးပြောစရာ မလိုဘူး၊ ကိုယ့်စိတ်နဲ့ ကိုယ်အလိုက်ကြည့်လိုက်ရင် ပေါ်လာတာပဲ။

ဒါကြောင့် ခင်ဗျားတို့ရဲ့စိတ်က မြွေနဲ့တူပါတယ်၊ အရှုပ်ကြိုက် ပါတယ်၊ နားက မိချောင်းနဲ့ တူပါတယ်၊ ခပ်အေးအေး ကြိုက်တယ် နော်။ နှာခေါင်းက ငှက်နဲ့တူတယ်၊ မော့ပြီး ရှူချင်, ရှိုက်ချင်တဲ့သဘော သတ္တိ ရှိပါတယ်၊ လျှာက အိမ်ခွေးနဲ့တူတယ်၊ မီးဖိုချောင်ထဲမှာ ပျော်လေ့ ရှိတယ်၊ ထစားလိုက် ပြာယက်ပြီး ပြန်ခွေလိုက်၊ ဒီလိုမှ ပျော်တာကိုးနော်၊

ကိုယ်ပေါက်ကတော့ တောခွေးနဲ့တူတယ်တဲ့၊ ကျောကလေး ခင်းပါရစေဦး၊ တစ်နေ့လုံးဟာ ကောင်းကောင်းနေရတယ်လို့ မရှိဘူးဆိုပြီးသကာလ ကုလားထိုင်ပေါ်တင်ပြီး အမျိုးမျိုး အဖုံဖုံ ဒီလို နေရတဲ့အခါကျတော့ ကိုယ်ပေါက်ကလည်း ဖောဋ္ဌဗ္ဗာရုံမှာ မွေ့လျော်တယ်နော်။

မနောပေါက်ကတော့ ကြံစည်နေရမှ၊ အကြံအစည်မရှိရင် သူလည်း စိတ်ထဲပျင်းချောက်တယ်၊ ဟိုဟာကလေး ကြံရ၊ ဒီဟာကလေးကြံရနဲ့၊ တစ်ခါထဲကြံစည်နေရလို့ရှိရင် စိတ်ဟာ ပျော်နေတာပဲ။

ဒါကြောင့် မနောပေါက်ကတော့ဖြင့် မျောက်နဲ့တူတယ်၊ အမြင့်တက်ပြီး ဟိုမျှော် ဒီမျှော်မျှော်နေရမှ မျောက်ဟာ အောက်ချထားလို့ မရဘူး၊ အမြင့်တတ်ပြီး သကာလ ဝကြားကနေ ဟိုဘက်ကူးလိုက် ဒီဘက်ရွှေ့လိုက်၊ ဒီလိုမျှော်နေရမှ ကျေနပ်တဲ့ သဘောရှိတော့ ခင်ဗျားတို့ဟာ သားကောင်းခြောက်ကောင်း ကျောင်းနေရတဲ့ သီလမရှိတဲ့ ပုထုဇဉ်ဆိုတာ ပေါ်ပြီလား?

အဲဒီတော့ ဘုရားက ရှေးဦးစွာဘာဟောလိုက်သတုံးဆိုတော့ ဒကာတို့မှာ အနာတွေကအပြည့်ရှိပြီးသကာလနေတဲ့ အထဲမှာ ဆူးထဲ ချည်းတိုးလို့ရှိရင်ဖြင့် ကိုယ်ကျိုးနည်းရတော့မှာ မြင်တယ်ဆိုတဲ့ အကြောင်းဟောတာပဲ။

ခန္ဓာကိုယ်ထဲမှာ အနာက ဖြစ်ပြီးရှိတယ်၊ ရူပါရုံ စူးလိုက်လို့ရှိရင် မျက်လုံးကနေပြီး တခါထဲတဏှာဥပါဒါန်၊ ကံတွေကလာတာဘဲ၊ သဒ္ဒါရုံဆူးက စူးလိုက်လို့ရှိရင်လည်း နားပေါက်က ကြားတဲ့စိတ်က နေပြီးသကာလ လိုချင်တယ်၊ ပြစ်မှားတယ်၊ တွေဝေတယ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် သုံးမျိုးလာတာပဲ။

နှာခေါင်းပေါက်ကလည်း အပုပ်နံ့နံ့ရင် ဒေါမနဿဖြစ်တာဘဲ ဒါတွေဟာ ဝိညာဏ် (စိတ်) မပေါ်ဘဲမဖြစ်ဘူး၊ ဝိညာဏ်ပေါ် ပြီးသည့်နောက်မှ နံ့တယ်ဆိုရင် နံ့တဲ့ဝိညာဏ်ကလေး ပေါ်ပြီးသည့် နောက်မှ ဒကာ, ဒကာမတွေ ပြစ်မှားတယ်၊ ဘယ်အိမ်က ဘယ်သူ ကြော်ပါလိမ့်မတုံး အစရှိသည်နဲ့ ပြစ်မှားတဲ့ ဒေါသ၊ သောက တွေ မလာဘူးလား။

ကောင်းပြီ လျှာပေါက်ကလည်း ထို့အတူဘဲ အချိုစားချင်လို့ အချိုကြိုက်တဲ့လူက အချိုစားမိပြန်လို့ တဏှာ၊ ဥပါဒါန်၊ ကံ လာတယ်နော် အချိုမကြိုက်တဲ့ ပုဂ္ဂိုလ်ဟာ အချိုစားမိတဲ့အခါ ဆိုတော့ ဒေါသ, သောက လာပြန်တယ်၊ အချိုရလို့ရှိရင် အချိုရသရုပ်ကို ဖြစ်ပျက်မရှုမိတဲ့ ပုဂ္ဂိုလ် တနည်းအားဖြင့် အချိုကို သိတဲ့ စိတ်ကို ဖြစ်ပျက်မရှုမိတဲ့ ပုဂ္ဂိုလ်ကျလို့ရှိရင် အဝိဇ္ဇာ သင်္ခါရလာတယ်။

အဲဒါကြောင့် အဝိဇ္ဇာတည်းဟူသော ခရီးကြမ်းကြီးထဲမှာ သားကောင်ခြောက်ကောင်ကို လည်းပင်းကြိုးတပ်ပြီး သကာလ

တဏှာတည်းဟူသော ကြိုးနှင့်ချည်ပြီး ပုထုဇဉ်တစ်ယောက်က ကိုင်လိုက်တာနဲ့ တူနေတယ်။

သားကောင်ခြောက်ကောင်ကို တဏှာတည်းဟူသော ကြိုးနဲ့ ချည်ပြီး အဝိဇ္ဇာခရီးလမ်းကြမ်းကို ကိုင်လိုက်နေတော့နေခြင်းဆိုးနဲ့၊ သေခြင်းဆိုးနဲ့ သွားနေတာနဲ့ တူနေတယ်။

မျက်လုံးနောက်လိုက် သွားပြန်လို့ရှိရင် အရှုပ်ထဲသေပွဲကြဲ့ရ၊ နားပေါက်လိုက်သွားပြန်လို့ရှိရင်လည်း ထို့အတူဘဲ၊ ရေထဲသေပွဲဆင်းရဦးမယ်၊ မိကျောင်းကြိုက်တဲ့နေရာကိုး။

နှာခေါင်းပေါက် လိုက်သွားပြန်လို့ရှိရင် ကောင်းကင်ငှက်ကြိုက်တဲ့ နေရာဖြစ်နေတော့ ကောင်းကင်မှာဘဲ အိုပွဲ၊ သေပွဲတွေဖြစ်ရတဲ့ အခြေအနေရောက်ပါလိမ့်မယ်။

လျှာပေါက်လိုက်သွားပြန်တော့ မီးဖိုချောင်ထဲမှာ စားရင်းသောက်ရင်းနဲ့ သေကြတဲ့လူလည်းရှိတယ်။

ကိုယ်ပေါက်လိုက်သွားတော့ အိပ်ရာ အိပ်ခန်းမှာ အိပ်ပြီးမနက်မထနိုင်ဘဲသေပွဲဝင်တာတွေကော ရှိတာပဲတဲ့။

မနောပေါက်ကလည်း ကြံရင်စည်ရင်းနဲ့ နှလုံးထိခိုက်ပြီးသကာလ သေပွဲဝင်သွားကြတာလည်း အများကြီးပဲ ဝန်ကြီးတွေအရာရှိကြီးတွေ သမ္မတကြီးတွေ သေကြတာတွေလေ၊ နှလုံးထိသွားတယ်၊ ကြံရင်းစည်ရင်း သေသွားတယ် ပေါ်ကြပြီလား?

အဲဒါကြောင့် ပုထုဇဉ်တစ်ယောက်ထဲက အကြိုက်မတူတဲ့ သားကောင် ခြောက်ကောင်ကို ကျောင်းနေတာနဲ့ တူနေတယ်။

ပုထုဇဉ်တစ်ယောက်သည် အကြိုက်မညီတဲ့ သားကောင် ခြောက်ကောင်ကို တဏှာကြိုးနဲ့ချီလိုက်နေတော့ သူတို့ကိုလည်း ခင်နေတော့ အဝိဇ္ဇာနဲ့မသိသလို ကျောင်းနေပြန်တော့ ကျောင်းတဲ့ ပုဂ္ဂိုလ်ဟာဖြင့် အနေဆိုး အသေဆိုးဘဲပေါ်ကြပြီလား?

အနေဆိုးဆိုတာ ဒီသားကောင်ခြောက်ကောင် သန်ရာကို လိုက်နေရတာ ဒါဖြင့် ဒီသားကောင်ခြောက်ကောင်ကို ခင်ဗျားတို့ ကိုယ်ကမနိုင်လို့ သူကနိုင်သွားရင်တော့ဖြင့် အနေဆိုး အသေဆိုးဘဲ၊ ကိုယ်ကနိုင်သွားလို့ရှိရင်ဖြင့် ဒကာ, ဒကာမတွေ အနေကောင်း အသေကောင်းတဲ့ ရှင်းပြီလား?၊

ဒါဖြင့် ဒီလောက်နက်တဲ့ တရားကို ဘုရားသခင် ကိုယ်တော် မြတ်ကြီး သဗ္ဗညုတဉာဏ်ရမှ ဟောနိုင်တာ၊ သဗ္ဗညုတဉာဏ်မရရင် မဟောနိုင်ဘူးတဲ့၊ ဒီလိုဥပမာထုတ်ပြီးဟောဘို့ရာ တစ်ဦးတစ်ယောက် လောက်ပေါ်လာဘို့ရာ အတော်ခဲယဉ်းပါတယ်။

ခင်ဗျားတို့ဘဝကို သေသေချာချာစဉ်းစားပြီး ကြည့်လိုက်ကြပါ၊ ဒီအတိုင်းဖြစ်နေကြပါတယ်၊ သားကောင်တို့ ဆွဲရာ လိုက်နေကြရ တာဘဲ၊ ကိုယ့်သဘောကို ပါသေးရဲ့လား?

အမောဆိုက်လည်းလိုက်နေတာပဲ၊ ရောဂါကြီးနဲ့လည်း

လိုက်နေရတာဘဲ၊ မကောင်းတရားပါဘုရား၊ မကောင်းတတ် လို့ပါ ဘုရားနဲ့ ရှုပ်နေတာဘဲ၊ မကောင်းတရားတွေ၊ မကောင်းတရား တွေနဲ့ လိုက်လိုက်တဲ့ ဖြစ်ခြင်းဟာ တစ်ခါထဲ ရထားနဲ့လိုက်ရတယ်၊ လေယဉ်ပျံနဲ့လိုက်ရတယ်၊ အောက်က ခြေလျှင်နဲ့လိုက်ရတယ်ဆိုတဲ့ ကိစ္စတွေဟာ ဘာထင်သတုံး၊ သားကောင်းခြောက်ကောင်သန်ရာ ဆွဲသွားတာ မနိုင်လို့ လိုက်နေရတာ၊ ရှင်းကြပြီလား?

စိတ်မနိုင်တဲ့အတွက် ခင်ဗျားတို့ဟာ ခိုင်မြဲတဲ့ သဘော တည်တံ့တဲ့သဘော မရှိဘူးဆိုတာ သေချာကြပြီလား၊ အေး, ဒါကြောင့် "စိတ္တံဒန္တံသုခါဝဟံ" ဆိုတဲ့ ဥစ္စာ ဒီနေ့ စိတ္တံ=စိတ်ကို ဒန္တံ=ယဉ်ကျေး အောင်ဆုံးမပြီးသည်ရှိသော်၊ သုခါဝဟံ=နိဗ္ဗာန်ကို ရွက်ဆောင်သည် ဟောတိ=ဖြစ်၏ဆိုတာ ဟောရတာပဲ။

စိတ်ကိုယဉ်ကျေးအောင်လုပ်ပြီး သူကိုခိုင်းလို့ရှိရင် နိဗ္ဗာန် ရောက်သွားမှာပဲ၊ သူကအာရုံပြုရတာကိုး၊ နိဗ္ဗာန်အာရုံပြုတာက စိတ်ပဲ။

ကဲဒါဖြင့် သားကောင်းခြောက်ကောင်ဘဲ ကျောင်းနေလား၊ ကိုယ်ခိုင်းတဲ့ဆီကို စိတ်ကိုလိုက်နိုင်ရအောင် လုပ်မလားလို့ မေးဘို့ အချိန်ရောက်လာပါပြီ။

သားကောင်ခြောက်ကောင် ဆွဲရာနောက်လိုက်မလား၊ ကိုယ်နေ စေချင်တဲ့ နေရာမှာဒီသားကောင် (၆)ကောင်ကို နေစေဘို့ လုပ်မလား ဆိုတဲ့ အချိန်ရောက်လာပြီ။

ဒါဖြင့် သူကိုနိုင်အောင် ကျုပ်တို့က ငုတ်ရိုက်ပြီး သားကောင် ခြောက်ကောင်ကို ကွင်းကြီးလုပ်ပြီး ငုတ်စိုက်ပြီး ချည်ထားရလို့ရှိရင် သားကောင်တွေ မောတော့ တိုင်ခြေလာပြီး ဝပ်ကြတော့မယ်။

တိုင်ခြေလာဝပ်တဲ့ အခါကျတော့ ကိုယ်ကနိုင်တယ်လို့ မဆိုနိုင် ဘူးလား? အဲဒီတော့ ကိုယ့်စိတ်ကိုယ်နိုင်မှသာလျှင် ရမယ်ဆိုတာ၊ သေသေချာချာမှတ်ပါ၊ ရှင်းကြပြီလား?

အဲဒါ အင်္ဂုတ္တိုရ်ပါဠိတော်မှာ အဲဒီအတိုင်းလာပြီးသကာလ နေတော့ ဩော် ဒီတရားတွေ ဒီလိုသိရတော့မှ ဟုတ်ပေသားပဲ၊ ဒို့မှာ ခြောက်ပေါက်ထဲက ဘယ်အပေါက်မှလည်း မနိုင်ဘူး၊ သန်ရာ ဆွဲပြီး ဆွဲရာလိုက်နေတာဘဲ၊ မပေါ်ကြသေးဘူးလား။

ယနေ့ဖြင့်တိုင်တစ်ခုတော့ ပေးထားအုံမှာဘဲ၊ သူတို့ကို ကိုယ်ကနိုင်အောင် သူတို့ဟာ ဒီတိုင်ခြေကို လာဝပ်ကြရအောင် ကိုယ်မှာ ပေါ်တဲ့စိတ်ကလေးကိုဘဲ ဒီစိတ်ကို တိုင်ခြေလုပ်ရအောင် စိတ္တာနုပဿနာကို ရှုကြပါ၊ စိတ္တာနုပဿနာဆိုတော့

အဲဒီစိတ် ဖြစ်ပေါ်တိုင်းပေါ်တိုင်း ဒကာ, ဒကာမတွေက ဖြစ်ပျက်ရှုရမယ်၊ စိတ်ပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်ရှုရမယ်ဆိုတဲ့ အဓိပ္ပါယ်ရှင်းရဲ့လား၊ ဘယ်စိတ်တုံးမေးလို့ရှိရင် ခင်ဗျားတို့မှာ ပေါ်တဲ့စိတ်မသိလို့ ဖြစ်ပါလိမ့်မယ်၊ ခင်ဗျားတို့သန္တာန်၌ အရိယာစိတ် မပေါ်ပါဘူး။

ပုထုဇ္ဇဉ်မို့ ပုထုဇဉ်စိတ်ပေါ်တော့ ပုထုဇဉ်စိတ်ဟူသ၍ ဟာလည်း မရှုကောင်းတဲ့စိတ် ရှိရဲ့လားမရှိဘူးတဲ့၊ ဘဝင်စိတ်ချန်လှပ်၊ ကျန်တာတွေ အကုန်ရှု၊ သဘောကျပြီလား။ ဘဝင်စိတ် ချန်လှပ် ဆိုတာကတော့ ဘဝင်စိတ်က အိပ်စိတ်ကိုး၊ ကိုယ်အိပ်တာမှ ကိုယ်မသိတော့ သူရှုဘို့ မလိုပါဘူး၊ ပေါ်လာတဲ့စိတ်တွေဟူသ၍ ကိုမြင်စိတ်လာ၊ မြင်စိတ်ရှု၊ ကြားစိတ်လာ၊ ကြားစိတ်ရှု။

ရှုလိုက်တဲ့အခါကျတော့ ဒီစိတ်တွေက သူလိုရာပြီးနိုင်သေး ရဲ့လား။ မပြီးနိုင်တဲ့အခါကျလို့ရှိရင်ဖြင့် သူ့နောက်လိုက်တွေလဲဒီနေရာ တဏှာလည်း ဒီနေရာ ဝပ်ပေးရမှာဘဲ၊ ဒေါသကော ဒီနေရာတွင် မလာဘဲသေရမယ်၊ မောဟကော၊ သူလည်းမလာဘဲနဲ့သေရမယ်။

အဲဒီတော့ကို ဒကာ, ဒကာမတို့ ဝိပဿနာဉာဏ်သည် ခင်ဗျားတို့ စိတ်တွေကို အခြံအရံနှင့်တကွ သတ်နိုင်တယ် နိုင်အောင် လုပ်နိုင်တယ်ဆိုတာ သူအရေးကြီးတယ်။

သူအရေးကြီးတယ် စိတ်ကိုနိုင်တဲ့ ဝိပဿနာဉာဏ်ဘဲ ကျုပ်တို့မှာ ခိုကိုးရာ အားထားရာ ရှိတယ်ကိုး စိတ္တာနုပဿနာဟာ သားကောင်ခြောက်ကောင်တို့၏ ချည်တိုင်ဘဲစိတ်တစ်လုံးကို ရှုနေလို့ ရှိရင်ဖြင့် ဒီစိတ်တွေဟာ ပြေ နိုင်သေးရဲ့လား?

မြွေနဲ့တူတဲ့ မျက်စိစိတ် မိကျောင်းနဲ့ တူတဲ့နားစိတ်၊ ငှက်နဲ့တူတဲ့ နှာခေါင်းစိတ်၊ အိမ်ခွေးနဲ့တူတဲ့ လျှာစိတ်၊ တောခွေးနဲ့တူတဲ့ ကိုယ်စိတ်

မျောက်နဲ့ တူတဲ့ ကြံစည်စိတ်၊ ဒါကို တစ်ခါတည်း ကျုပ်တို့က လာသမျှ ဖြစ်ပျက်ရှုနေ။

လာသမျှ ဖြစ်ပျက်ရှုပြီး သကာလနေတော့ သတိထားပြီး သတိတည်းဟူသော ချည်တိုင်းမှာ သတိတည်းဟူသော တရားနဲ့ ချည်ထားလိုက်တဲ့အခါကျတော့ ခုနကတဏှာကြိုးတွေဟာ တန်းလန်း ကြီးပြေးသေးရဲ့လား၊ တဏှာဥပါဒါန် ကံကြိုးတွေကကော လိုက်သေး ရဲ့လား သောကပရိဒေဝ ဒေါမနဿကြိုးတွေကော၊ အဝိဇ္ဇာသင်္ခါရ ကြိုးတွေကော။

မလိုက်တော့ကို တစ်ခါထဲ ဒကာ, ဒကာမတို့ စိတ္တာနုပဿနာ ချည်တိုင်မှာ မဂ္ဂင်ခြေရင်းမှာ ခေါင်းစင်းပြီး သေကြတာဘဲ၊ သဘောကျပြီလား?

မဂ္ဂင်တည်းဟူသော ကျားအောက်မှာ ဝိညာဏ်ပျောက်ကြ တယ်ဆိုရင်ကော မှန်တာဘဲ၊ စိတ်တည်းဟူသော ချည်တိုင်အောက်မှာ ဘဲခုနက တဏှာတည်းဟူသော ကြိုးတွေဟာလည်း ဒီနေရာမှာဘဲပံ့ပြီး သကာလ ဆွေးကြ၊ မြုပ်ကြမှာဘဲ၊ အဝိဇ္ဇာတည်းဟူသော အထုံးကြီး ဟာလည်း ဒီနေရာမှာဘဲပြေရမှာဘဲဆိုတာ မဂ်က ဝိဇ္ဇာဖြစ်တယ်၊ တဏှာကြိုးကတော့ မဂ်ဉာဏ်ကဖြတ်ပြစ်လိုက်တယ်နော်။

ဒါဖြင့် မဂ်ဝိဇ္ဇာလမ်းနဲ့ တဏှာကြိုးကိုဖြတ်တဲ့အလုပ်၊ သဘော ကျပြီလား။ မြင်စိတ်လာလည်း မြင်စိတ်ဖြစ်ပျက်ရှု၊ ကြားစိတ်

လာလည်း ကြားစိတ်ဖြစ်ပျက်ရှုပါဆိုပြီး ဆယ့်နှစ်ချက် ပေးထားတဲ့ အနက်က အမြဲရှုရမှာလည်း ပါပါတယ်၊ ပေါ်မှရှုရမှာလည်း ပါပါတယ် ဆိုတာက စိတ္တာနုပဿနာအဖြစ် ပေါ်ကြပြီလား?

တဏှာဥပါဒါန်ကံတွေကော သေသွားပြီ၊ ဒေါသ၊ သောက တွေကော သေသွားပါပြီ၊ အဝိဇ္ဇာ သင်္ခါရတွေကော သေသွားပါပြီ ဒီမှာဘဲအဲဒီကြီးတွေ သမုဒယသစ္စာတွေ အကုန်ချုပ်ပါတယ်ဆိုတာ သဘောပါပြီလား?

ဒို့အလုပ်သည်ကားလို့ဆိုရင် စိတ္တာနုပဿနာချည်တိုင်ထဲမှာ ပဋိစ္စသမုပ္ပါဒ်သုံးမျိုးသေလို့ ရှိရင်ဖြင့် ဒကာ, ဒကာမတွေဖြစ်ကြောင်း တွေသေသွားပြီ။

ဒုက္ခဖြစ်ကြောင်း သမုဒယ သစ္စာတွေ ပဋိစ္စသမုပ္ပါဒ်ကားချပ်ရဲ့ တတိယအကွက် (၃) နံပါတ်မှာ ကြည့်၊ တဏှာ ဥပါဒါန် ကံ ဒေါသ သောက အဝိဇ္ဇာ သင်္ခါရ ဆိုတဲ့ သမုဒယ သစ္စာသည် နှစ်ကွက်စလုံးသေတယ်လို့ မှတ်လိုက်ပါ၊ အတိတ်တာလည်း ပစ္စုပ္ပန်ထဲဝင်သေတာဘဲ။

သေတော့ကို သမုဒယဟူသ၍မှာ စိတ္တာနုပဿနာတည်း ဟူသောမဂ္ဂကို ရှုလိုက်တဲ့အတွက် မဂ်ဝိဇ္ဇာက ကြိုးကို ဖြတ်ပြီး သွားတဲ့အတွက် အဝိဇ္ဇာတဏှာချုပ်ပါတယ်။

ဒါအဝိဇ္ဇာတဏှာချုပ်တော့မှ အဲဒီအဝိုင်းကြီးရှိတဲ့ အလယ်မှာ

အဝိဇ္ဇာတဏှာဝင်ရိုးလို့ မပါဘူးလား၊ ပဋိစ္စသမုပ္ပါဒ်အဝိုင်းကြီးဟာ အဝိဇ္ဇာတဏှာ၊ အဲဒီဝင်ရိုးကို ကျိုးသွားတယ်။

သံသရာလှည့်တဲ့ ဝင်ရိုးကြီး ကျိုးသွားတယ်၊ ဝင်ရိုးကျိုးတော့ ခုနက ပုညာဘိသင်္ခါရဆိုတဲ့ အကန့်တွေ အပုညာဘိ သင်္ခါရ– အာနေဥ္စာ ဘိ သင်္ခါရဆိုတဲ့ အကန့်တွေဟာ သူ့ဟာသူပုံကျတယ်၊ ဝင်ရိုးကျိုးပကော။

ဝင်ရိုးကျိုးတော့ လှည့်နိုင်သေးရဲ့လား၊ မလှည့်နိုင်တော့ ပုံကျတယ်၊ ဇရာ, မရဏတည်းဟူသော အကွပ်တွေလည် နိုင်သေး ရဲ့လား၊ မလည်နိုင်တော့ ဩော်, ဒါကြောင့် အဝိဇ္ဇာနဲ့ တဏှာကို စိတ္တာနုပဿနာရှုတဲ့အခါ ဉာဏ်က တဏှာကိုတော့ ဖြတ်တယ်၊ အဝိဇ္ဇာကိုတော့ ဝိဇ္ဇာဖြစ်စေတယ်၊ ဒါကလေး နှစ်လုံးမှတ်ပါ။

ဒါဖြင့် ခင်ဗျားတို့ (၂) နံပါတ်အကွက်မှာရှိတဲ့ စိတ်ဟာ ဘာသစ္စာတုံးဆိုတော့ ဒုက္ခသစ္စာဖြစ်လေတော့ အဲဒီ ဒုက္ခသစ္စာ (၂) နံပါတ်အကွက်ကြားထဲကနေပြီး သက္ကာလ ဆရာဘုန်းကြီး ပြော ထားတယ်၊ ရေးထားတယ်၊ မဂ်သွင်းလိုက်ပါ၊ မဂ်သွင်းလိုက်တဲ့ အခါကျတော့ ဘာဖြစ်သွားသတုံးလို့ မေးတဲ့အခါကျတော့ ဒကာ, ဒကာမတွေ မဂ်သွင်းလိုက်တော့ သာသနာတွင်းရောက်တယ် မဂ်မသွင်းရင် သာသနာပ

သာသနာ ငါးထောင်အတွင်းမှာ ကျုပ်တို့ဝေဒနာနဲ့ တဏှာ

ကြားမှာ ပဋိစ္စသမုပ္ပါဒ်ကြည့်လိုက်တော့ မဂ်သွင်းနိုင်တဲ့ ပုဂ္ဂိုလ်က သာသနာတွင်းပုဂ္ဂိုလ်များဘဲ။

ဝိပဿနာမဂ်သွင်းနိုင်ရင်၊ သာသနာတွင်း မသွင်းနိုင်တဲ့ ပုဂ္ဂိုလ်ဟာ သာသနာပဆိုတာ ပေါ်လာပြီလား။ အဲဒါကြောင့်ဒီထဲမှာ အခုတရားနာနေကြတဲ့ ဥစ္စာတော်တော်များတယ်၊ ရှုနေရင် သာသနာတွင်း ရောက်နေတယ်၊ မရှုရင် သာသနာ့ပြင်ဘက် ရောက်နေတယ်။

သာသနာတွင်းတရားက ဝိပဿနာ အစမှာ သာသနာတွင်း အစကို ရှင်းပြီလား။ အဲဒီတော့ ဒါန သီလကလေးနဲ့ ဒကာ, ဒကာမတွေက တင်းတိမ်ပြီး မနေဘဲနဲ့၊ သာသနာတွင်း အလုပ်တွေကိုလည်းလုပ်မှသာလျှင် သာသနာ၏အရိပ်ကို ခိုရမှာ နို့မဟုတ်လို့ ရှိရင်ဖြင့် သာသနာ၏အရိပ်ဖြစ်တဲ့ နိဗ္ဗာန်တည်းဟူသော အရိပ်အောက် ရောက်နိုင်ပါ့မလား?။

ဒေဝီလတို့ အာဠာရ, ဥဒကတို့ ဘုရားမပွင့်ခင် သာသနာ ရှိသလား၊ မရှိပေမဲ့ ဒါန သီလ သမထတွေကရှိနေတယ်၊ အဲဒီတော့ ဒီကြားထဲမှာ မဂ်သွင်းပါဆိုတဲ့ အသွားမပါဘူး (၂) နဲ့ (၃)အကူးမှာ မဂ်ဝင်ပါဆိုတဲ့ အသွားကို ဘယ်သူမှ မဟောနိုင်ဘူး၊ ရှင်းပြီလား?

(၂)နဲ့(၃)အတွင်းမှာ မဂ်ဝင်ပါဆိုတဲ့ ဥစ္စာဘယ်သူ တစ်ဦး တစ်ယောက်မှ မဟောနိုင်ဘူး ဟောရင်သစ္စာတွေ့သွားမယ်၊ ဒီနေရာ

မဂ်ဝင်လိုက်တော့ (၂)နံပါတ်ဟာ ဒုက္ခသစ္စာသွားဖြစ်တယ်၊ မဖြစ်ဘူးလား၊ (၂)နဲ့ (၃)ကြားထဲမှာ အဆက်ကလေး ပြထားပါတယ်၊ အဲဒီဥစ္စာမဂ်နဲ့ ဖြစ်လိုက်လို့ရှိရင်သာသနာတွင်းဖြစ်သွားတယ်၊ မဂ်နဲ့ မဖြတ်လို့ရှိရင် ဒီဘက်ပြန်လှည့်တယ် သာသနာပအတိုင်း သာသနာပရိုးရာအတိုင်းဖြစ်ပါတယ်၊ ရှင်းပြီလား?

ဒါဖြင့် ဒကာ, ဒကာမတို့ သာသနာတွင်း သာသနာပဆိုတာလည်း ဘာပါလိမ့်မတုံးဆိုတာ ယနေ့ပိုရှင်းသွားပြီ (၂)နဲ့ (၃) ကြားမှာ ဝိပဿနာ မဂ်ဝင်နိုင်ရင် သာသနာတွင်း၊ မဝင်ပါဘူးဆိုတဲ့သူကတော့ သာသနာပဘဲဆိုတဲ့ အဓိပ္ပါယ်ဟာ ပေါ်သွားပြီ။

ဘုရား ဘယ်နေရာဖြစ်သတုံး၊ ဝေဒနာနဲ့ တဏှာကြားမှာ ဘုရားက ဒီဉာဏ်သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်, သဗ္ဗညုတဉာဏ်ကို ဒီကြားမှာ ရသွားတယ်။

ဇောဓိပင်နဲ့ ရွှေပလ္လင်မှာ ဘုရားဖြစ်သလား ဝေဒနာနဲ့တဏှာကြားမှာ ဘုရားဖြစ်သလား ဝေဒနာနဲ့ တဏှာကြားမှာ ဝိပဿနာမဂ်, လောကုတ္တရာ မဂ်အပြည့်အစုံပေါ်လို့သာလျှင် ဘုရားဖြစ်သွားတယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ ဘာမှ လင်းပါးဖွယ်မလိုဘူး၊ ရှင်းပြီလား?

ဇောဓိပင်နဲ့ ရွှေပလ္လင်မှာ ဘုရားဖြစ်တယ်ဆိုတာက ပညတ်သမားက ပြောတာ၊ ပရမတ်သမားကပြောတော့ ဝေဒနာနဲ့ တဏှာကြားမှာ ဘုရားဖြစ်တယ်လို့ ပြောရမယ်။

ဝေဒနာနဲ့ တဏှာကြားမှာ အာသဝေါကုန်သွားတယ်၊ သဘော ပါပြီလား၊ ဝေဒနာနဲ့ တဏှာကြားမှာ အာသဝေါကုန်တာ မကုန်တာ ဘုန်းကြီးရှင်းပြတော့မှ ဒကာ, ဒကာမတွေ ပိုမိုပြီး ရှင်းလင်းပါလိမ့်မယ် ဆိုတော့ ဖြစ်ပျက်ရှုနေတယ်ဆိုကထဲက အဝိဇ္ဇာ အာသဝကုန် သွားတယ်။

ဖြစ်ပျက် ရှုလိုက်တဲ့အခါကျတော့ ဟိုဘက်က တဏှာ၊ ဥပါဒါန်တွေ လာသေးရဲ့လား (မလာပါဘုရား)

အဲဒီထဲမှာ ကာမသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝက ဟိုဘက်က ကုန်သွားတယ်၊ အာသဝေါလေးပါး ကုန်သွားတယ်၊ ရိပ်မိပြီလား။ ဒါဖြင့် အာသဝကုန်လို့ ဘုရားဖြစ်တာ သဘောပါပြီလား။

ဒါဖြင့် ဒီ ဒကာ, ဒကာမတွေမှာလည်း သောတာပန် တည်ချင်လည်း ဒီကြားမဂ်သွင်းရမယ်၊ သကဒါဂါမ်တည်ချင်၊ အနာဂါမ် တည်ချင်လည်း ရဟန္တာဖြစ်ချင်ရင် ဒီကြားထဲဝေဒနာနဲ့ တဏှာကြားဘဲ မဂ်သွင်းရမယ်၊ နိဗ္ဗာန်သွားတဲ့ ပုဂ္ဂိုလ်အပေါင်း အာသဝေါကုန်သွားတဲ့ ပုဂ္ဂိုလ်အပေါင်းဟာ ဒီနေရာမှာ မူတည်ကြတာ ချည့်ပဲ။

ဗောဓိပင်နဲ့ရွှေပလ္လင်အပေါ်မှာ ဘုရားဖြစ်တယ်လို့ မယူပါနဲ့တဲ့၊ ခန္ဓာပဋိစ္စသမုပ္ပါဒ်ကြားထဲမှာ ဘုရားဖြစ်တာ၊ ခန္ဓာ ပဋိစ္စသမုပ္ပါဒ် နောက်မဆက်ဘူးရှင်းပြီလား။ ခန္ဓာပဋိစ္စသမုပ္ပါဒ်နောက်က တဏှာ

ဥပါဒါန် မဆက်ဘူး၊ ဒေါသ သောက မဆက်လို့ ဘုရားဖြစ်သွားတာ ဆိုတော့ သြော် ဘုရားဖြစ်တဲ့နေရာလည်း သိပြီလား မပေါ်သေးဘူးလား။

ဝေဒနာနဲ့ တဏှာကြားစိတ်ရှုတော့ စိတ်ပေါ်မှာ ဒိဋ္ဌိကို ဝေဒနာနဲ့ တဏှာကြားပေါ်မှာရှုတဲ့ မဂ်က သတ်ပြစ်လိုက်တယ်။

ငါ့စိတ်ဟုတ်လား၊ ငါမြင်တယ်၊ ငါကြားတယ်ဆိုတော့ စိတ်ကို စွဲနေတာ၊ စိတ်ကကြားတာကိုးဗျ၊ ငါမြင်တယ်၊ ငါကြားတယ်၊ ငါလှူတယ်၊ ငါစားတယ်၊ ငါယားတယ်၊ ငါနာတယ်၊ ငါသိတယ် လုပ်နေတယ်၊ ဟုတ်လား ငါမေတ္တာပို့နေတယ်၊ အစရှိသည်ဟာ ဒါစိတ်ပေါ်မှာ စွဲတဲ့ ဒိဋ္ဌိတွေကို စိတ်ပေါ်တိုင်း ဖြစ်ပျက်ရှုလိုက်တော့ စိတ်ပေါ်မှာ ဒိဋ္ဌိနေနိုင်သေ ရဲ့လား။

မနေနိုင်တော့ ပထမမဂ်သည် ဒိဋ္ဌိသတ်တာပဲဆိုတာ မသေချာဘူးလား၊ ဒါဖြင့် ပထမမဂ်ကဒိဋ္ဌိသတ်တဲ့အတွက် ဒီဒကာ, ဒကာမတွေမှာတဲ့ သောတာပန်တည်ချင်လည်း ဝေဒနာနဲ့ တဏှာကြားမှာ မဂ်ပေါ်အောင်လုပ်ပေတော့၊ စိတ်ရှုပေ ပါနော် ရှင်းကြရဲ့လား။

ဒါဖြင့် ဒကာ, ဒကာမတို့ကို ရေးပေးထားတဲ့ ပဋိစ္စသမုပ္ပါဒ်ဇယား စာရွက်ကလေးဟာ သာမည့အဖိုးတန်တယ်လို့ မယူလိုက်ပါနဲ့၊ အပါယ်လေးပါး တံခါးပိတ်တဲ့နည်း။

အပါယ်လေးပါး တံခါးပိတ်တဲ့နည်းကို ပေးတဲ့အတွက်

စိတ္တာနုပဿနာဟာ အင်မတန်အဖိုးတန်သွားတယ်၊ စိတ္တာနုပဿနာ အောင်မြင်ပြီးတဲ့ ဒကာ, ဒကာမတွေကျတော့ ဘုန်းကြီးတို့က တစ်ခါ ဝေဒနာနုပဿနာ ပေးဦးမယ်နော်။

အဲဒီတော့ သူ့အကန့်နဲ့သူသွားမှသာလျှင်လည်း လမ်းစဉ်က ဖြောင့်ပါတယ်၊ ကဲဒါဖြင့် ဒကာ, ဒကာမတို့ စိတ္တာနုပဿနာ ချည်တိုင်အောက်မှာ မြွေနဲ့တူတဲ့ သတ္တဝါတွေက ဒီတိုင်ခြေ လာဝပ်ပါစေ၊ သဘောကျပြီလား။ ဒါဖြင့် လုပ်တတ်ကြပြီလား၊ စိတ္တာနုပဿနာချည့် ဖြစ်ပျက်ရှု။

ဘယ်စိတ်လာလာ ဘာလုပ်ကြမယ်၊ ဖြစ်ပျက်ရှုရမယ်၊ ဘာမှရှုစရာ မရှိရင် ဘယ်စိတ်ရှုကြမယ်။

(အိမ်သည်စိတ်ကို ရှုရပါမယ်ဘုရား)

အိမ်သည်စိတ်နှစ်ခုဆိုတဲ့ လေကိုထုတ်တဲ့စိတ်, လေကိုပြန်သွင်းတဲ့စိတ် ဒီနှစ်ခုကို အမြဲတမ်းရှု၊ သည် အပြင်ဧည့်လာရင် (အပြင်ဧည့်သည် ရှုရပါမယ်ဘုရား) အတွင်းဧည့်သည်လာရင် အတွင်းဧည့်သည်ကို ရှုရပါမယ်ဘုရား) အတွင်းဧည့်သည် ရှုလိုက်တဲ့ အခါကျတော့ ရှုတော့ စိတ်တွေ့သလား ဒကာ, ဒကာမတို့ ဖြစ်မှု, ပျက်မှု ဒုက္ခသစ္စာ တွေ့သလား၊ (ဖြစ်မှု, ပျက်မှု ဒုက္ခသစ္စာ တွေ့ပါတယ်ဘုရား)

ဒုက္ခသစ္စာတွေ့လို့ရှိရင် သစ္စာနုလောမိကဉာဏ်ရပြီ သာသနာပ

မဟုတ်တော့ဘူး၊ စိတ်ပေါ်တိုင်း ပေါ်တိုင်း ဒီဒကာ, ဒကာမတွေက ဖြစ်လိုက်, ပျက်လိုက် . . . ဖြစ်လိုက်, ပျက်လိုက်ကလေးတွေ သိနေတော့ ဖြစ်ပျက်က ဒကာ, ဒကာတို့ ဒုက္ခသစ္စာ ရှင်းပြီလား။

ဒုတိယကွက်မှာ ဒုက္ခသစ္စာဘဲရေးတယ်၊ စိတ်ကလည်း အဲဒီထဲမှာဘဲရှိတယ်၊ မနာယတနဆိုတဲ့စိတ်ကလည်း ဒုတိယကွက်မှာဘဲ ရှိတယ်။

အဲဒါသည်စိတ်အတွက်က ဒုက္ခသစ္စာ၊ ဟောဒီဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ဖြစ်မှု, ပျက်မှုဘဲ မတွေ့ဘူးလား။

အဲဖြစ်မှု, ပျက်မှုဘဲ တွေ့လိုက်တဲ့အတွက် ဘုန်းကြီးငို့ ဒကာ, ဒကာမတွေ သစ္စာနုလောမိကဉာဏ်ကို ရပါတယ်၊ သစ္စာနုလောမိကဉာဏ်ဆိုတာ ဖြစ်ပျက်မြင်တဲ့ဉာဏ်၊ ရှင်းပြီလား။

ဖြစ်ပြီးပျက်တာသည် ဘာကိစ္စတုံး ဒုက္ခသစ္စာဖြစ်လို့ သစ္စာကို မြင်တာဘဲ၊ ရှင်းပြီလား? အဲဒါကြောင့် ဒီတရားအားထုတ်လာကြတဲ့ ဒကာ, ဒကာမတွေဖြစ်ပျက်မြင်ဖို့ရာ သိပ်အရေးကြီးပါတယ်၊ နောက်မှ ဖြစ်ပျက်မုန်းရာမှာ မြင်ပြီးမှ မုန်းဆိုတာ လာနိုင်တယ်၊ မုန်းပြီးမှ ဆုံးဆိုတာ လာနိုင်တယ်။

ကဲဒီအတိုင်းကြိုးစားရမယ်၊ မြင်ပြီးမှ မုန်း၊ မုန်းပြီးမှ ဆုံးတော့ ဖြစ်ပျက်ဆုံးဆိုတာ ခန္ဓာကိုယ်တကိုယ်လုံးဟာ ဖြစ်ပျက်ချည့်ဘဲ၊

သူဆုံးသွားတယ်ဆိုရင်ဖြင့် နိဗ္ဗာန်ပေါ့၊ ဒီပြင်ဘာဆိုစရာ ရှိသေးတုံး၊ ဒါဖြင့်ပေါ်ကြပြီလား?

အဲဒါကြောင့် ဒကာ, ဒကာမတွေသည် စိတ္တာနုပဿနာ စိတ်ဆယ့်နှစ်ချက်ကို ရှုတတ်အောင်ကြည့်ပြီး သကာလ ဒါနဲ့သာ အချိန်ကုန်လို့ ရှိရင်ဖြင့် ရှေးဦးစွာ ဖြစ်မှု ပျက်မှု မြင်ပါလိမ့်မယ်၊ နောက်ရင့်ကျက်လာရင် ဖြစ်မှု၊ ပျက်မှု မုန်းပါလိမ့်မယ်၊ နောက်ဖြစ်မှု ပျက်မှုသည် ဒုက္ခသစ္စာ အစစ်ဘဲလို့ ကိုယ်ဉာဏ်နဲ့ ဆုံးဖြတ်ချက် ချနိုင်လို့ ရှိရင်ဖြစ်မှု ပျက်မှုတွေ ပျောက်ပြီး မဖြစ်, မပျက်တဲ့ နိဗ္ဗာန်ပေါ်လိမ့်မယ်။ သဘောပါပြီလား (ပါပါပြီဘုရား)

○✱○✱○✱○✱○✱○

# နိဗ္ဗာန်ရောက်ချင်ခန္ဓာစဉ်ပြတ်ရန် တရားတော်

အားလုံး ဒကာ, ဒကာမတွေ နိဗ္ဗာန်ရတယ်လို့ ဆိုတာ မိမိ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ပြတ်တာကို ဆိုတယ်လို့ အကျဉ် ချုပ်မှတ်ထားကြ၊ နိဗ္ဗာန်ရောက်တယ်၊ နိဗ္ဗာန်အာရုံပြုနိုင်တယ်ဆိုတာ ခန္ဓာဆုံးပြီးသကာလ နိဗ္ဗာန်သို့ ရောက်သွားတယ်ဆိုတော့၊ ပစ္စုပ္ပန်ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ပြတ်လို့ လို့ မှတ်လိုက်စမ်းပါ။

ပဋိစ္စသမုပ္ပါဒ်မပြတ်ဘဲနဲ့ အားလုံး ဒကာ, ဒကာမတွေ နိဗ္ဗာန်ကို ဘယ်သူမှ မရောက်ဘူးဆိုတာ ဆုံးဖြတ်ချက်ချပါ၊ ပဋိစ္စ သမုပ္ပါဒ်ဆိုတာ ဘာတုံးလို့ မေးလို့ရှိရင် ခန္ဓာအစဉ်လို့ ဖြေရလိမ့်မယ်၊ အဲဒီခန္ဓာအစဉ်ကို ပြတ်အောင်မဂ်နဲ့ ဖြတ်လိုက်လို့ရှိရင်ဖြင့် ခန္ဓာ အစဉ်ဟာ ပြတ်တဲ့အတွက် အဲဒီခန္ဓာ အစဉ်ပြတ်တာကို နိဗ္ဗာန်လို့ ခေါ်ကြပေတော့၊ ခန္ဓာအစဉ် ပြတ်သွားတယ်ဆိုတော့ ဒီဘက်က မူလခန္ဓာအစဉ်က ဒုက္ခသစ္စာ၊ ဟိုဘက်ပြတ်သွားတာကနိရောဓသစ္စာ။

ဒါကြောင့် နိဗ္ဗာန်ရောက်ချင်ရင်ဖြင့် ခန္ဓာအစဉ်ဖြတ်တတ်မှ နိဗ္ဗာန်ရတယ်ဆိုတာ သေသေချာချာမှတ်ကြပါ၊ ဒါဖြင့် နိဗ္ဗာန် ရောက်ဖို့ရာ ကိုယ့်ခန္ဓာအစဉ်ကို ကိုယ်ဖြတ်တတ်ဖို့ အရေးကြီးပါတယ်။ သြော် နိဗ္ဗာန်ရောက်ကြောင်းတရား၊ နိဗ္ဗာန်ရောက်ကြောင်းတရား ဆိုတာ တခြားလာအောင့်မေ့တယ်၊ ခန္ဓာအစဉ်ကိုဖြတ်တတ်တဲ့ တရားရရင်ပြီးတာပါပဲ၊ ရှင်းကြပြီလား?

ဒါဖြင့် **ခန္ဓာအစဉ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးကိုမှ မသိတဲ့ ပုဂ္ဂိုလ်များဟာဖြင့် ဘယ်လိုလုပ်ပြီး ခန္ဓာစဉ်ဖြတ်မယ်ဆိုတဲ့ ဉာဏ်ဝင်စရာ အကြောင်းမြင်သေးရဲ့လား၊** ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ခန္ဓာအစဉ်ကို သိမှသာလျှင်(ဝါ) ဒုက္ခသစ္စာကို သိမှသာလျှင် ခန္ဓာအစဉ်ပြတ်မှု နိရောဓသစ္စာကို သဘောကျမယ်ဆိုတာကော သေချာကြပြီလား ဘာဖြစ်လို့ ဒီခန္ဓာအစဉ်ဖြတ်နေရတာတုံးလို့ မေးတော့ ခန္ဓာက ဒုက္ခသစ္စာကိုး၊ ဒီဒုက္ခသစ္စာ အစဉ်မှ မပြတ်လို့ရှိရင်လည်း "ဒုက္ခနိရောဓာနိဗ္ဗာန်နံ" ဆိုတဲ့ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ရောက်နိုင်ပါမလား?

ဒါဖြင့် နိဗ္ဗာန်ရောက်ချင်ရင် ဘာလုပ်ရမယ် (ခန္ဓာအစဉ်ဖြတ်ရပါမယ်) ဒီနေ့တရားမှာ ဒီတစ်လုံးကို သေသေချာချာမှတ်ပါ၊ ကောင်းပြီ ဒါဖြင့် ခန္ဓာအစဉ်ကို မဖြတ်နိုင်တဲ့ ပုဂ္ဂိုလ်များမှာ နိဗ္ဗာန်ရာက်ပါ့မလား (မရောက်ပါဘုရား) ဒါကို သေသေချာချာ မှတ်ကြ၊ ဒကာ, ဒကာမတို့ ဒီဥစ္စာဟာ ကြားလည်းကြားရခဲတယ်ဆိုတဲ့ အဓိပ္ပါယ်တွေလို့ မှတ်ကြစမ်းပါနော်။ နိဗ္ဗာန်ရောက်ချင်ရင် ခန္ဓာအစဉ်ပြတ်ရမယ်။

ကောင်းပြီ ဒါဖြင့် ခန္ဓာအစဉ်ဖြတ်ပုံကလေး ရှင်းပြပါ့မယ်၊ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေရဲ့ဘဝ ဘယ်ကများစပါလိမ့် မတုံးလို့ မေးတဲ့အခါကျတော့ "သင်္ခါရ ပစ္စယာ ဝိညာဏံ" က စတယ်၊ သင်္ခါရ ပစ္စယာ ဝိညာဏံကနေ စတယ်ဆိုတာ သေသေချာချာ မှတ်ထားကြပါ၊ ဝိညာဏ်ရပြီးရင် သူနဲ့တွဲနေတဲ့ နာမ်ရုပ်မလာဘူးလား။

နာမ်ရုပ်လာပြီး၊ မျက်စိ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ သဠာယတန(၆)ပါး မလာဘူးလား၊ ပြီးတော့ ဖဿမလာဘူးလား၊ ဝေဒနာကော ကောင်းပြီ ဒါဖြင့် ဒါဟာခန္ဓာအစဉ်တွေဘဲ၊ ဒါကစိတ်၊ ဒါကနာမ်ရုပ် ဒါက စက္ခု, သောတ, ဃာန, ဇိဝှါ ကာယ၊ မန၊ ဒါက ဖဿ၊ ဒါကဝေဒနာ ဒါတွေဟာ ဒီဘဝအစ ခန္ဓာအစဉ်လို့ မှတ်စမ်းပါ၊ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းပြန်ကြည့်ကြ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဒကာ, ဒကာမတို့ ဒီဘက်ခန္ဓာ အစဉ်နော်။

ဒီဘဝ ခန္ဓာအစဉ်ကို ဖြတ်ချင်ရင် နောက်ဘဝ ခန္ဓာဖြစ်ကြောင်းနဲ့ ဖြတ်ရလိမ့်မယ်၊ နောက်ဘဝ ခန္ဓာဖြစ်ကြောင်းနဲ့ ဖြတ်ရမယ် ဆိုတော့ သြော် ဒီဘဝ ခန္ဓာအစဉ် ငါးခုက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ နောက်ဘဝ ခန္ဓာအစဉ်ဖြစ်ကြောင်းက တဏှာဥပါဒါန်၊ ကံ သဘောကျပြီလား။

ဒီဘက်ခန္ဓာအစဉ်ငါးခုရဲ့အဆုံးဖြစ်တဲ့ ဝေဒနာတွေ့လို့ ဝေဒနာ ပစ္စယာတဏှာ၊ ဥပါဒါန်, ကံမလာဘူးလား၊ ဒါ ဒီဘက်က ခန္ဓာဘဲ မဟုတ်လား၊ ခန္ဓာအစဉ်ဖြတ်မှ နိဗ္ဗာန်ရောက်မယ်ဆိုတော့ ဒကာ, ဒကာမတွေက ဒီကြားထဲမှာ ဒီဖြုံဖြုံကလေးနေရာမှာ ဒကာ, ဒကာမတွေက ဉာဏ်သွင်းရမယ်၊ ဝေဒနာနဲ့ တဏှာကြား ခြောက်ခု မြောက်မှာ ဘာသွင်းရမယ်၊ ဉာဏ်သွင်းလိုက်တဲ့အခါကျတော့ ဒီဘက်ခန္ဓာနဲ့ ဟိုဘက်က ခန္ဓာဖြစ်ကြောင်းခန္ဓာနဲ့ မပြတ်ဘူးလား (ပြတ်ပါတယ်ဘုရား)

ဒါဖြင့် ဒီဘက်ခန္ဓာဖြစ်ကြောင်းက တဏှာ ဥပါဒါန် ကံတွေ ချုပ်သွားအောင် ဝိပဿနာမဂ်က ဝင်ဖြတ်လိုက်တယ်၊ ဝိပဿနာ မဂ်ကဝင်ဖြတ်လိုက်တဲ့ အခါကျတော့၊ ပဋ္ဌမ ဒီခန္ဓာကတော့ ပြီးပြီး သားမို့ သူဟာသူနေပစေတော့၊ ဒီဘက်က မဂ်ဝင်လိုက်တော့၊ ခန္ဓာ ဖြစ်ကြောင်း ခန္ဓာဖြစ်တဲ့ သင်္ခါရက္ခန္ဓာတွေ၊ အဲဒီ သင်္ခါရက္ခန္ဓာ တွေသည်ပေါ်မလာသောကြောင့်၊ မပေါ်လာတော့ တဏှာချုပ်တယ်၊ တဏှာချုပ်တော့ ဥပါဒါန်ချုပ်တယ်၊ ကံပါချုပ်ပါတယ်။

ကံချုပ်တော့ အနာဂါတ်ဘဝ ဇာတိ ဇရာ မရဏမလာတော့ဘူး၊ မလာတော့ နောက်ခန္ဓာ ပြတ်သွားတယ်၊ ရှင်းကြပြီလား၊ နိဗ္ဗာန် လိုချင်ရင် ခန္ဓာအစဉ်ဖြတ်ရမယ်၊ ဒကာ, ဒကာမတို့ နိဗ္ဗာန်ရောက်ချင် ခန္ဓာအစဉ်ဖြတ်ရမယ်ဆိုတော့ ဒါဖြတ်တတ်ဖို့ အရေးဟာ အရေး အကြီးဆုံးဘဲ၊

ဆရာဘုန်းကြီးကလည်း ခန္ဓာအစဉ်ဖြတ်နည်းကို ဒကာ, ဒကာမတွေကို ပေးမယ်၊ ဒကာ, ဒကာမတို့မှာ တဏှာ ဥပါဒါန် ကံလာလို့ရှိရင် အနာဂါတ်ခန္ဓာလာမယ်၊ အနာဂါတ်ခန္ဓာလာလို့ရှိရင် ပစ္စုပ္ပန်ခန္ဓာနဲ့ အနာဂါတ်ခန္ဓာသည် ဒုက္ခချင်း ဆက်နေမယ်၊ ဒုက္ခချင်း ဆက်နေရင် ယခုနေရတာလည်း ဒုက္ခ၊ နောင်တွေ့မှာလဲ ဒုက္ခဖြစ်လို့ ခန္ဓာအစဉ်ကိုဖြတ်တတ်တဲ့ (မဂ်) မဝင်လို့ရှိရင် ဒို့သည်ကား ယွဒုက္ခ သစ္စာနဲ့နေရတယ်၊ ဘဝဆက်ရင် နောက်ဘဝလည်း ဒုက္ခသစ္စာနဲ့ နေရမှာပါဘဲဆိုတာ စွဲစွဲမြဲမြဲမှတ်ထားကြ။

တသံသရာလုံးဘုန်းကြီးတို့ ဒကာ, ဒကာမတွေမှာ ခန္ဓာအစဉ် ဖြတ်တတ်တဲ့ မဂ်မဝင်တတ်ဘူး၊ တကယ်လို့ မဂ်ဝင်ခဲ့လို့ရှိရင် ခန္ဓာ ပြတ်တယ်၊ ဒါကြောင့် ဒီတရားသည် နိဗ္ဗာန်ဝင်ချင်ရင် ခန္ဓာအစဉ် ဖြတ်ရမယ်ဆိုတာ ပေါ်ပြီလား? အခုအချိန်မှာ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေဟာ ခန္ဓာအစဉ်ပြတ်တဲ့အလုပ်ကို မလုပ်ဘဲ၊ သားရေး၊ သမီးရေး၊ စီးပွားရေးတွေနဲ့ အချိန်ကုန်ပြီး သကာလ ကိုယ်ထင်သလိုသာ နေကြတော့မယ်ဆိုလို့ရှိရင်ဖြင့် ငါဘာဖြစ်မှာတုံးလို့ မစဉ်းစားပါနဲ့ ဒုက္ခဖြစ်မှာဘဲလို့သာ ဆုံးဖြတ်ချက်ချပါ။

အခုလို အိုဘေး, နာဘေး, သေဘေးပြီးရင် နောက်ဘဝဘဝနဲ့ နေရမလဲ၊ နောက်လည်း အိုဘေး၊ နာဘေး၊ သေဘေးနဲ့ဘဲ နေရလိမ့်မယ်ဆိုတာ မှတ်ကြ၊ ဒါဟာ ဘာမဖြတ်တတ်လို့ပါလိမ့် ခန္ဓာ အစဉ်မဖြတ်လို့တဲ့၊ ဒီတစ်လုံးနဲ့ဘဲ အင်မတန် အဖိုးတန်သွားပြီ၊ တသံသရာလုံးမှာ ကျုပ်တို့သည် ခန္ဓာအစဉ်ဖြတ်တတ်တဲ့ ဉာဏ်ဝင်စရာ နေရာလည်း မတွေ့ခဲ့ဘူး၊ ဉာဏ်လည်းမဝင်ခဲ့ဘူးဆိုတာ အင်မတန် မသေချာဘူးလား။

ကဲ သေချာတော့ ယခုဘဝမှာ ဒကာ, ဒကာမတို့ ဒီဘဝဒုက္ခ ကိုတော့ဖြင့် အကျိုးပေးပြီးသားဖြစ်သောကြောင့်ခံရဘဲ၊ နောက်ဒုက္ခ ကိုတော့ မဂ်နဲ့ဝင်ရင် ပြတ်တယ်၊ သဘောပါပြီလား၊ ဟော ဒီကြားထဲမှာ (၆)ခုမြောက်မှာ မဂ်ဝင်လိုက်လို့ရှိရင် ဒီခန္ဓာနဲ့ ဒီဘက် ခန္ဓာတွေ ပြတ်သွားတယ်၊ ဒီဘက် ခန္ဓာတွေက ပြသာထားရတယ်၊ မဂ်ဝင်ရင် မပေါ်တော့ဘူး။

ဒါဖြင့် ခန္ဓာဖြစ်ကြောင်းမှ မပေါ်တော့ ခန္ဓာဖြစ်ကျိုးတွေလည်း မလာတော့ဘူး၊ ဒါကြောင့် နိဗ္ဗာန်ဝင်ချင်လို့ရှိရင်ဖြင့် ခန္ဓာအစဉ်ဖြတ်မှ ရမယ်၊ တော်တော်ကို အရေးကြီးတဲ့တရားလို့ ဒကာ, ဒကာမတွေ သေသေချာချာမှတ်ပါ၊ တရားကမများပါဘူး၊ နိဗ္ဗာန်ဝင်ချင်ရင် ခန္ဓာအစဉ်ဖြတ်၊ ရှင်းပြီလား၊ ခန္ဓာအစဉ်ဖြတ်လိုက်လို့ ရှိရင်ဖြင့် တဏှာလိုလို ပြတ်ထွက်သွားတယ်ဆိုတာကော သေချာပြီလား?

ခန္ဓာအစဉ် ဖြတ်ရလိမ့်မယ်ဆိုတော့ ဒကာ, ဒကာမတွေ ဒီဘက်က ငါးခုနဲ့ ဒီဘက်က သုံးခုနဲ့ မဆက်စေရဘူး၊ သုံးနှင့်ငါးနဲ့ မဆက်စေနဲ့ (ငါး)က ဝိညာဏ်၊ နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ (သုံး)က တဏှာ, ဥပါဒါန်, ကမ်တို့ကို မဆက်စေနဲ့၊ အဲဒါ ခန္ဓာအစဉ်ဖြတ်တာဘဲ၊ ရှင်းပြီနော် (ရှင်းပါပြီဘုရား)

(ငါး)နှင့်(သုံး)မဆက်စေနဲ့ဆိုတဲ့ စကားဟာ ဒကာ, ဒကာမတို့ သာမညအရေးကြီးတဲ့ စကားလို့ မယူလိုက်နဲ့နော်၊ ဘုရားတစ်ဆူ တစ်ဆူပေါ်မှ ဒီပဋိစ္စသမုပ္ပါဒ်ဖြတ်နည်းကိုရတယ်။ ဒါကြောင့် ဒကာ, ဒကာမတို့ ဘုရားဖြစ်သွားတယ်ဆိုတဲ့ဥစ္စာ ဘယ်နေရာမှာ ဘုရားဖြစ်သွားသတုံးလို့မေးရင် ဝေဒနာနဲ့ တဏှာကြားမှာ မဂ်ဝင်လို့ ဘုရားဖြစ်တယ်လို့ မှတ်ယူရမယ်။

သောတာပန်ဘယ်မှာဖြစ်ပါလိမ့် (ဝေဒနာနဲ့ တဏှာကြားမှာ ဖြစ်ပါတယ်) သကဒါဂါမ်ဘယ်မှာ ဖြစ်ပါလိမ့် (ဝေဒနာနဲ့ တဏှာ ကြားမှာ ဖြစ်ပါတယ်) အနာဂါမ်ဘယ်မှာဖြစ်ပါလိမ့် (ဝေဒနာနဲ့

တဏှာကြီးမှာပြစ်ပါတယ်)ရဟန္တာဘယ်မှာဖြစ်ပါလိမ့် (ဝေဒနာနဲ့ တဏှာကြီးမှာဖြစ်ပါတယ်) အားလုံးကျေနပ်ပြီနော်၊

သံသရာ ဖြတ်သမားများ၊ ဒုက္ခဖြတ်သမားဟူသရွေ့သည် ဒီဝေဒနာနဲ့ တဏှာကြီးမှာဘဲ အလုပ်လုပ်သွားကြတာဘဲ၊ ရှင်းပြီလား၊ ဝေဒနာနောက်က မဂ်ဝင်တာချည်းဘဲဆိုရင်ကော ငြင်းဘို့လိုသေးသလား၊ ဒါဖြင့် ဒကာ, ဒကာမတို့ နိဗ္ဗာန်ဝင်ချင် ဘာလုပ်ရမယ်၊ ခန္ဓာအစဉ်ဖြတ်ရမယ်၊ ဒီဘက်ခန္ဓာက ဒုက္ခသစ္စာ လာလတ္တံ့ ခန္ဓာကလည်း ဒုက္ခသစ္စာ၊ အဲဒီခန္ဓာအစဉ်ကိုဖြတ်လိုက်တော့ (ပထမခန္ဓာအစဉ်နောက်က မဂ်ဝင်လိုက်တဲ့အခါကျတော့ )နောက်အနာဂတ်ခန္ဓာအစဉ် ပြတ်သွားတော့တယ်။

ခန္ဓာနိရောဓောက နိဗ္ဗာန်နဲ့ ဒီဘက်ကတဏှာနိရောဓော နိဗ္ဗာန်က ဒီသုံးခုကို ဆိုပါတယ် ရှင်းပြီလား၊ ဒါဖြင့် တဏှာချုပ်လို့လည်း ဒီဘက်က ခန္ဓာချုပ်တယ်၊ တဏှာချုပ်လို့လည်း ဒီဘက်က အနာဂတ်ဒုက္ခ ချုပ်တော့တယ်၊ သမုဒယနဲ့ ဒုက္ခချုပ်သွားပါတယ်။

သမုဒယသစ္စာ သုံးခုနဲ့ နောက်လာလတ္တံ့ဖြစ်နေတဲ့ ဒုက္ခသစ္စာဆိုတဲ့ ဇာတိ, ဇရာ, မရဏတွေလည်း ချုပ်သွားတယ်၊ ဒါကြောင့် နိဗ္ဗာန်ရောက်ချင် ခန္ဓာအစဉ်ဖြတ်ရမယ်ဆိုတဲ့ သဘောသည် ဆရာဘုန်းကြီးက ကြံစည်၍ ပြောတာလား? ပဋိစ္စသမုပ္ပါဒ်ပြပြီးတော့မှ သေသေချာချာ ရှင်းပြတာလားလို့မေးရင် ဘယ်နဲ့ ပြောမယ် (ပဋိစ္စသမုပ္ပါဒ်ပြပြီး သေသေချာချာရှင်းပြတာပါဘုရား) ဒကာ,

ဒကာမတို့ ဘာမှ သံသယမရှိနဲ့တော့ သဘောပါကြလား (ပါပါပြီ ဘုရား)

ဒါဖြင့် နိဗ္ဗာန်ဝင်ချင်ရင် ဘာလုပ်ရမယ် (ခန္ဓာအစဉ်ဖြတ်ရမယ်) ဘယ်ကြားမှာ ဖြတ်ရမှာပါလိမ့် (ဝေဒနာနဲ့တဏှာကြားမှာ ဖြတ်ရမှာပါ) ဒါဖြင့်နေရာကျပါပြီတဲ့၊ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ တော်တော် ရှင်းသွားတဲ့အခါကျတော့ ဝိပဿနာရှုစရာက ဘယ်ဘက်ကတုံး ဝိပဿနာရှုလို့ ကိစ္စပြီးသွားတာက ဘယ်ဘက်ကတုံး ဆိုတဲ့ မေးခွန်း ထွက်လာတယ်၊ ဝိပဿနာရှုစရာက ဒကာ, ဒကာမတို့ (ငါး)ဘက်က မှတ်နော် ဝိပဿနာရှုလို့ ကိစ္စပြီးတာက (သုံး) ဘက်က မှတ် ရှင်းပြီလား (ရှင်းပါပြီ)

(ငါး)ဘက်ကကြိုက်ရာရှု၊ ဝိညာဏ်ရှုချင်ရှု၊ နာမ်ရုပ်ရှုချင်ရှု၊ သဠာယတနရှုချင်ရှု၊ ဖဿရှုချင်ရှု၊ ဝေဒနာရှုချင်ရှု၊ ဝိပဿနာရှုရမှာက (ငါး)ဘက်က ဝိပဿနာရှုခြင်းကြောင့် အကျိုးခံစားရတာက (သုံး) မပေါ်တာ (ရိပ်မိပြီလား) သုံးမပေါ်တော့ဘူး၊ သုံး ဘာဖြစ်လို့ မပေါ်ပါလိမ့်မလည်းလို့ မေးတဲ့အခါကျလို့ရှိရင် ဒကာ, ဒကာမတို့ (သုံး)ဖြစ်တဲ့ တဏှာ, ဉပါဒါန်, ကံဆိုတဲ့ ကိလေသာ သတ်တတ်တဲ့ မဂ်ကဖြတ်လိုက်သောကြောင့် သုံး မပေါ်နိုင်ဘူး၊ တဏှာ, ဉပါဒါန်, ကံသေသွားတယ်။

တဏှာမှမပေါ်ဘဲနဲ့ ဉပါဒါန်က မပေါ်ဘူး၊ ဉပါဒါန်မှ မပေါ်ဘဲနဲ့ ကံလည်းမပေါ်ဘူး၊ တဏှာ, ဉပါဒါန် ကံ မပေါ်နိုင်ဘူ

ဆိုတာ ဒကာ, ဒကာမတွေ ကောင်းကောင်းကြီး ရှင်းပြီလား (ရှင်းပါပြီဘုရား) ကောင်းပြီ ဒါဖြင့် ဝိပဿနာရှုရမှာက ရှေ့ပိုင်းက ဝိပဿနာရှုလို့ အကျိုးပေးတာက သုံးခု သေသွားတယ် ဆိုတာကော သေချာပြီလား (သေချာပါပြီဘုရား)

အဲ, ဒီငါးခုကြိုက်ရာကို ဒကာ, ဒကာမတွေက သဘာပဋ္ဌာန် လေးပါးဆက်လက်ပြီး တစ်ပါးပါးကို ရှုရင်ဖြင့် ဒီဘက်က ဝိပဿနာ ရှုစရာ၊ ဒီဘက်က ဝိပဿနာအကျိုးပေးတာလို့ သေသေချာချာ မှတ်ပါ။

ပဋိစ္စသမုပ္ပါဒ်ကို ကျုပ်တို့က ဒကာ, ဒကာမတွေ အရှု လွယ်အောင် ခန္ဓာဖွဲ့ကြပါစို့ (ဝိညာဏ်က ဝိညာဏက္ခန္ဓာ၊ နာမ်တွေက ဝေဒနာက္ခန္ဓာနဲ့ သညာက္ခန္ဓာဖြစ်တယ်၊ စေတနာက သင်္ခါရက္ခန္ဓာ၊ ရုပ်က ရူပက္ခန္ဓာဖြစ်ပြီး

ဒီသဠာယတနဆိုတဲ့ စက္ခု, သောတ, ဃာန, ဇိဝှါကာယ တွေကလည်း ရူပက္ခန္ဓာထဲ သွင်းလိုက်၊ ဖဿကို သင်္ခါရက္ခန္ဓာထဲသွင်း ဝေဒနာက ဝေဒနာက္ခန္ဓာထဲသွင်းလိုက်တော့ ခန္ဓာငါးပါး ပြန်ဖြစ် ပါတယ်၊ **အခုလို ဖွဲ့လိုက်တော့ ဒကာ, ဒကာမတို့ရဲ့ ခန္ဓာငါးပါးဟာ ဘာဖြစ်သွားသလဲ? (ပဋိစ္စသမုပ္ပါဒ်ပါဘုရား)** အဲဒါဖြင့် အခု ခန္ဓာ ငါးပါးဟာ ဒကာတို့၏ ပဋိစ္စသမုပ္ပါဒ်လို့ မှတ်လိုက် (ရှင်းပြီလား) အခု ခန္ဓာငါးပါးဟာ (ပဋိစ္စသမုပ္ပါဒ်) ပဋိစ္စသမုပ္ပါဒ်ဟာ ခန္ဓာငါးပါး (ရှင်းပြီနော်) ဒကာတို့၏ ယခုဖြစ်နေတဲ့ ခန္ဓာငါးပါးဟာ ယခု

ပဋိစ္စသမုပ္ပါဒ်ဘဲဆိုတာ မသေချာဘူးလား(သေချာပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ်ငါးမျိုးပေါင်းလိုက်တော့၊ ဘာဖြစ်လာသတုံး (ခန္ဓာငါးပါး ဖြစ်လာပါတယ်ဘုရား)။

**ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဒီခန္ဓာငါးပါးဆိုတာပါကလားလို့ ဒကာ, ဒကာမတွေ ဉာဏ်ထဲမှာ ရှင်းထားပါတော့နော်** (မှန်ပါ) လက်ရှိ ခန္ဓာငါးပါးရှုလိုက်တဲ့ အခါကျလို့ရှိရင်ဖြင့် ဟောဒီမှာ မြင်ရဲ့လား ပဋိစ္စသမုပ္ပါဒ်ရေ့ငါးပါးရှုဆိုတာနဲ့ အဲဒါနဲ့ ပေါင်းလိုက်တော့လည်း ယခုလက်ရှိခန္ဓာငါးပါး ဖြစ်လာပြန်တော့။

ဒကာ, ဒကာမတို့ ဒီခန္ဓာငါးပါးမှ တစ်ပါးရှုစရာမရှိဘူး၊ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ, ဒကာမတွေမှာ ပဋိစ္စသမုပ္ပါဒ်ပြတ်မပြတ် ပဋိစ္စသမုပ္ပါဒ်နဲ့ခန္ဓာနဲ့ဟာ တစ်ခြားစီဘဲလား၊ အတူတူဘဲလား၊ ပေါင်းလိုက်တော့ အတူတူဖြစ်သွားတယ် (မှန်ပါဘုရား)

အဲဒီတော့ ဆရာဘုန်းကြီးက အလွန်ရှင်းပြနေတဲ့အတွက် **ဩော် ကိုယ့်ခန္ဓာငါးပါး ကိုယ်ရှုလိုက်လို့ ရှိရင်ဖြင့် ခန္ဓာပြတ်သွားတာဘဲဆိုတာ သိထားပြီးရင် ဒီဘက်ခန္ဓာမလာတော့ ခန္ဓာဖြစ်ကြောင်းတွေလည်း မလာတော့ ပြတ်လို့ရှိရင် ဒီဘက်မှာ နိရောဓသစ္စာဘဲ လာတော့တယ်။**

ဒီဘက်မှာ ဒကာ, ဒကာမတို့ ဒီတဏှာချုပ်တာလည်း နိရောဓ သစ္စာဘဲ၊ တဏှာနိရောဓေါနိဗ္ဗာနံဘဲ ဒီဘက်က နောက်လာမည့် ခန္ဓာချုပ်တာကော၊ နိရောဓသစ္စာဖြစ်လို့ နိဗ္ဗာန်ဘဲ။

လက်ရှိခန္ဓာငါးပါးရှုလိုက်လို့ရှိရင် ဒီဘက်က တဏှာချုပ်တဲ့ နိဗ္ဗာန်လည်း ကျုပ်တို့ကိုယ်ပိုင်ရတာဘဲ၊ ခန္ဓာချုပ်တဲ့ နိဗ္ဗာန်ရတယ် ဆိုတော့ ကျုပ်တို့အလုပ်ဘာပါလိမ့်မလဲလို့ မေးတော့မှ လက်ရှိ ခန္ဓာငါးပါးကို ဝိပဿနာရှုမှုပဲဆိုတာ သိကြပြီလား?။

ကောင်းပြီ ဒါဖြင့်လက်ရှိခန္ဓာငါးပါး ဝိပဿနာရှုတော့ ဒကာ, ဒကာမတွေ လက်ရှိခန္ဓာငါးပါးကို များတယ်ထင်လို့ရှိရင် ဘုန်းကြီးက ကျဉ်းပေးပါဦးမယ်၊ ဒီထဲမှာရုပ်က ရူပက္ခန္ဓာထား၊ နာမက္ခန္ဓာလေးပါးက တစ်ခုပျက်ရင် အကုန်ပျက်တာဖြစ်သောကြောင့် နာမ်ဘဲလို့ မှတ်လိုက်။

ခန္ဓာငါးပါးကို နှစ်ပုံ ပုံလိုက်တော့ ရုပ်နဲ့နာမ်ပဲရှိတယ်၊ ရုပ်ရှုလည်း နိဗ္ဗာန်ရောက်မှာဘဲ၊ နာမ်ရှုလည်း နိဗ္ဗာန်ရောက်မှာဘဲ။

ကောင်းပြီ ဒီနှစ်ခုတောင်မှ ဒကာမ, ဒကာမတွေက များသေး တယ်ထင်လို့ရှိရင်ဖြင့် ရုပ်ရှုပါဆိုတော့ ရုပ်ကိုရှုရမှာလား၊ အနိစ္စဆိုတဲ့ ဖြစ်ပျက်ကို ရှုရမှာလားဆိုရင် (အနိစ္စ)ဆိုတဲ့ ဖြစ်ပျက်ကို ရှုရမှာဆိုတော့၊ တဖန်နာမ်ကို ရှုလို့ဆိုရင် ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်နာမ်ကို ရှုပါဆိုငြားသော်လည်း နာမ်ရှုရမှာလား သူတို့၏ ဖြစ်ပျက် ရှုရ မှာလားဆိုတော့ ဖြစ်ပျက်ကိုဘဲရှုရမှာ။

ဒကာ, ဒကာမတို့ သဗ္ဗေသင်္ခါရာအနိစ္စတစ်ခုတည်းရှု၊ အနိစ္စ တစ်လုံးတည်းနှင့်ပြီးသွားတာဘဲ ချုံးလိုက်ပြီ၊ အခုချုံးလိုက်ပုံကော သဘောကျရဲ့လား (ကျပါတယ်ဘုရား)

ပဋိစ္စသမုပ္ပါဒ် ချုံးလိုက်တော့ ခန္ဓာငါးပါး ဖြစ်လာတယ်၊ ခန္ဓာငါးပါး ဒုတိယချုံးလိုက်ပြန်တော့ နာမ်ရုပ်ဖြစ်လာထယ်၊ နာမ်ရုပ်တွေကို တစ်ခါချုံးလိုက်ပြန်တော့ အနိစ္စတစ်လုံးထဲဘဲ ကျန်ရစ်တော့တယ်။

ရုပ်မှာလည်း (အနိစ္စပါ)
နာမ်မှာလည်း(အနိစ္စပါ)

ဒါဖြင့် အနိစ္စတစ်လုံးထဲရှိရင် ဒုက္ခ, အနတ္တ, ဒုက္ခသစ္စာ အကုန်ပါသွားတယ်လို့ ဒကာ, ဒကာမတွေ ယနေ့ ဆုံးဖြတ်ချက်ချပါ၊ ကဲ ဒကာ, ဒကာမတွေ ယနေ့ အင်မတန်စိတ်ပြီး သကာလ ပြောလိုက်တော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက

ဥဂ္ဃဋိတညူထာဒိစ္စော
ပုရေက္ခိတွာရဏံတထာ
ဝိပဿနံပုရေက္ခိတွာ
မဂ္ဂဓမ္မော ပဝတ္တတိ။

ဒီဂါထာနာမရူပပရိစ္ဆေဒကျမ်းမှာ လာပါတယ်၊ ဒီဂါထာနာမရူပပရိစ္ဆေဒကျမ်းမှာလာတော့ ဒကာ, ဒကာမတွေ ဒါအလုပ်စဉ်ကို သူပြလိုက်တာ ဘယ်လို ပြလိုက်တုံးဆိုတော့ "ဥဂ္ဃဋိတညူထာဒိစ္စော၊ ပုရေက္ခိတွာရဏံတထာ" ဒါပါဠိလိုဖြစ်ပါတယ်။

မြန်မာလိုကျတော့ နေထွက်မယ်ဆိုရင် အာရုံက အရင်တက်တယ်ဆိုတော့ ဘယ်နဲ့ကြောင့်အာရုဏ်ကအရင်တက်ပါလိမ့်မလဲလို ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ မေးလို့ရှိရင် နေဟာ နေ့ အရှိန်အစော်က အရင်ထွက်လာပြီလို့ရှိရင် ဒကာ, ဒကာမတွေက ပြောလုံး ထုတ်လိုက်တာက အာရုံတက်ပြီး နေတော့ မကြာခင် ထွက်တော့မယ်ဆိုတာ ဒကာတို့ သံသယရှိသေးသလား?

အာရုဏ်တက်ပြီးသည်၏ အခြားမဲ့၌ နေမှထွက်ပါမလားလို့၊ ဒီသံသယမလာခြင်းကြောင့် ဒကာ, ဒကာမတို့ ယနေ့နေထွက်မည့် နေ့ဘဲဆိုတာကို အာရုဏ်မြင်သဖြင့် သိလိုက်ပါ။

အဲဒီတော့ နာမရူပပရိစ္ဆေဒကျမ်းက ဥဂ္ဂစ္ဆတိ(ပ)ကထာ=နေထွက်မယ်ဆိုလို့ရှိရင် အာရုဏ်ဟာ အရင်တက်တယ်၊ နိဗ္ဗာန်လိုချင်လို့ ရှိရင်လည်း ဝိပဿနံပုရေက္ခိတွာ=ဝိပဿနာရှေ့ပိုင်းက အခုပြောတဲ့ ဖြစ်ပျက်တွေကိုသာ ရှုနေပါ။

ဝိပဿနာဖြစ်ပျက်ရှုနေတာသည် ဒကာတို့ အာရုဏ်တက်နေ တာလို့ မှတ်လိုက်စမ်းပါ၊ ဝိပဿနာ ရှုနေတာသည် အာရုံတက် နေတာနဲ့တူတယ်၊ ဝိပဿနံ ပုရေက္ခိတွာ=ဝိပဿနာကို ရှေ့ထားရ၏ မဂ္ဂဓမ္မောပဝတ္တတိ=ဝိပဿနာသာ ရှုနေလို့ရှိရင် ဝိပဿနာရှုတဲ့ မဂ် ပဥ္စင်္ဂိကမဂ်ဆိုတဲ့ အင်္ဂါငါးပါးနဲ့ ပြည့်စုံတဲ့မဂ်လာလို့ရှိရင်ဖြင့် နောက်အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံတဲ့ သောတာပတ္တိမဂ်ဟာ အလိုလိုဖြစ်တာ ဘဲဆိုတာ မှတ်ထားကြပါ။

အဲဝိပဿနာမဂ်ငါးခုသာ ရလို့ရှိရင်ဖြင့် မဂ္ဂင်ရှစ်ပါးဆိုတဲ့ သောတာပတ္တိမဂ်မရ မရှိဘူးတဲ့၊ ပါရမီတွေ ဘာတွေနဲ့ စောင့်မနေနဲ့တော့၊ ဒကာ, ဒကာမတို့ ဝိပဿနာရှုသာနေပါ၊ အာရုဏ်တက်နေတာပါဘဲ သဘောကျပြီလား?

ဒါကြောင့် ဘုန်းကြီးက ဒကာ, ဒကာမတွေ ဆုပေးလိုက်တယ်၊ ကြားမှာပေါ့ဗျာ၊ သီလပေးခါနီး ကန်တော့ကြဆို့လို့ ဆိုတဲ့အခါ ဘုန်းကြီးက ဆုပေးလိုက်တယ်၊ ဒကာ, ဒကာမတို့ သိတဲ့အတိုင်းဘဲ မိမိတို့ အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်လို့ ဘုန်းကြီးက အစချီတယ်။

မိမိတို့ အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည်ဆိုတာ ဒကာ, ဒကာမတို့အားထုတ်တဲ့ ဝိပဿနာဉာဏ် မဂ္ဂင်ငါးပါးကို ဆိုနေတာ၊ လျှင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ဆိုတာက သူကနေပြီး အားထုတ်တဲ့ မဂ္ဂင်ရှစ်ပါး ဖြစ်လာလိမ့်မယ်၊ ရှစ်ပါးဖြစ်ရင် အပါယ်လေးပါးပိတ်သွားတာပဲ၊ သဘောကျပြီလား၊ အဲဒါကြောင့် ဒကာတို့ ဝိပဿနာသာ ကြိုးစားပါတဲ့ သောတ္တာပတ္တိမဂ် အလိုလို လာပါလိမ့်မယ်။

အဲ... သကဒါဂါမိမဂ် လာချင်ပြန်တော့လည်း ဝိပဿနာပဲ ရှေ့သွားရမှာပဲ အနာဂါမ်ဖြစ်ချင်ပြန်တယ်ဆိုတော့လည်း ဝိပဿနာမဂ်ပဲ ရှေ့ထားရမှာပဲ သဘောကျပြီလား၊ ရဟန္တာ ဖြစ်ချင်ပြန်တယ်

ဆိုတော့လည်း ဝိပဿနာမဂ်ကိုဘဲရှေ့ထားရမယ်၊ နောက်ကျတော့ အရဟတ္တမဂ်လာမယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား) ကဲကြိုးစားကြတော့ ----

*⁑●*⁑●*⁑●*⁑●*⁑

# စိတ္တာနုပဿနာရှုပုံတရားတော်

ဒကာ, ဒကာမတွေ သန္တာန်မှာ စိတ်ဆိုတာ ရှိပါတယ်၊ တစ်ခါတလေလည်း မြင်စိတ်ပေါ်တယ်၊ တစ်ခါတလေလည်း ကြားစိတ်ပေါ်တယ်၊ တစ်ခါတလေကျတော့ မွှေးတာ, နံတာကလေး သိတဲ့စိတ်ကလေးနှာခေါင်းမှာ ပေါ်တဲ့စိတ်ကလေး၊ လျှာအလယ်မှာ ချိုတယ်၊ ချဉ်တယ်၊ ဖန်တယ်၊ ငန်တယ်ဆိုတဲ့စားတဲ့ စိတ်ကလေးဟာ လျှာအလယ်မှာ ပေါ်တယ်၊ ဒါက စားစိတ်ကလေးပေါ့။

ကိုယ်ကျတော့ တစ်ခါတလေ နာကျင်ကိုက်ခဲတဲ့စိတ်ကလေး၊ ယားနာတဲ့ စိတ်ကလေးလည်း ပေါ်တတ်တယ်။

တစ်ခါတလေကျတော့ ချမ်းသာတဲ့စိတ်ကလေးတွေ လေပြေလေညှင်းတိုက်လို့ မီးလှုံလို့ ချမ်းသာတဲ့ စိတ်ကလေးတွေလည်း ကိုယ်ပေါ်မှာ ပေါ်တက်တယ်၊ ချမ်းသာတဲ့စိတ်၊ ဆင်းရဲတဲ့ စိတ်နှစ်မျိုး ပေါ်တယ်။

အခုပြောပြီးတာမြင်စိတ်ရယ်၊ ကြားစိတ်ရယ်၊ နံစိတ်ရယ်၊ စားစိတ်ရယ်၊ ယားယံစိတ်ရယ်၊ ဆိုတာက ကိုယ်ပေါ်မှာပေါ်တယ်။

ဒါက အပြင်ဘက်မှာ ပေါ်သောကြောင့် အပြင်ဉ္စသည် ငါးယောက်လို့ ဆရာဘုန်းကြီးက ဆိုင်းဆွဲပေးလိုက်တယ်ဆိုတော့ ဒါဟာ ပေါ်ချင်တဲ့ အချိန်မှာ ပေါ်တာ အမြဲပေါ်တာမဟုတ်ဘူး။

ဒါက အရှုခံတရားတွေ သိအောင်လို့ ပြောပေးနေပါတယ်၊ တစ်ခါဝမ်းထဲပေါ်တဲ့ ဉာဏ်သည်ကို ပြောကြဦးစို့၊ ဝမ်းထဲပေါ်တဲ့ ဉာဏ်သည်ကတော့ တစ်ခါတလေ ကျတော့လည်း လိုချင်တဲ့ လောဘ စိတ်ကလေး ပေါ်တယ်။

ဝမ်းထဲမှာ တစ်ခါတလေကျတော့လည်း အလိုမကျတဲ့ ဒေါသစိတ်ကလေးများလည်း ပေါ်ချင်ပေါ်နေတာ၊ တစ်ခါတလေ ကျတော့လည်း သံသယရှိတယ်၊ စိတ်ပျံ့လွင့်တယ်ဆိုတဲ့ မောဟ၊ ဝမ်းထဲမှာ အကုသိုလ်ဘက်က သုံးခုပါဗျာ၊ ကုသိုလ်ဘက်ကတော့ တစ်ခါတလေကျတော့ ပေးချင်ကမ်းချင်တဲ့ အလောဘ စိတ်ကလေး လည်းပေါ်တယ်။

တစ်ခါတလေကျတော့ မေတ္တာရှိတဲ့ စိတ်ကလေးလည်း ပေါ်တယ်၊ အဲဒါက အဒေါသစိတ်လို့ မှတ်ပါ၊ အဒေါသစိတ်ဆိုတာ သူများကို မပြစ်မှားတဲ့စိတ်ပေါ့၊ ကရုဏာထားတဲ့စိတ်၊ မေတ္တာထားတဲ့ စိတ်ဟာ အဒေါသစိတ်ပဲရှင်းပြီနော်။

အမောဟစိတ်ဆိုတာ တစ်ခါတလေကျတော့ ကျောက်ကောင်း ကလေးတွေ ပစ္စည်းလေးတွေကြည့်ပြီး ခင်ဗျားတို့ အကြံအစည်နဲ့ ကြံစည်တဲ့အခါကျလို့ရှိရင် အဲဒါ အမောဟစိတ်လို့ ခေါ်တယ်။

ဝိပဿနာကြံထားတာတော့မဟုတ်ဘူးပေါ့ဗျာ၊ ကိုယ်လုပ်ခင်း၊ ကိုင်ခင်းကိုကြံတာ၊ အဲဒါ အမောဟစိတ်လို မှတ်ထားလိုက်နော်။

အဲဒီတော့ ဝမ်းထဲမှာ ခြောက်မျိုးပေါ့ဗျာ၊ ဒါလည်းအတွင်း ညေ့်သည် ခြောက်ယောက်လို့ မှတ်လိုက်စမ်းပါ၊ အပြင်ကလည်း ခြောက်ဆိုလည်း ဟုတ်တာပဲ၊ ငါးဆိုလည်း ဟုတ်တာပဲနော်၊ ကိုယ်ပေါ်မှာ သုခ, ဒုက္ခနဲ့ဆိုတော့ အပြင်က ခြောက်ထားလိုက်ဦးတော့၊ အတွင်းက ခြောက်ဆိုတော့ အတွင်းက ခြောက်ဆိုတော့ ညေ့်သည် ဆယ့်နှစ်ယောက်၊ အဲဒီတော့ ဒါညေ့်သည်ဆိုသဖြင့် ကျုပ်တို့က ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်မှာကြုံတဲ့အခါရှုဖို့ပဲ။

ဒါဖြင့် မကြုံတဲ့အခါကြတော့ ဘယ်နဲ့နေမလဲဆိုတော့၊ သက်စောင့် ရှိသေးတယ်ဟေ့လို့ ပြောရမယ်၊ သက်စောင့်က ဘာပါလိမ့်မတုံးဆိုတော့၊ လေကိုထုတ်တဲ့စိတ်ကလေး၊ အဲဒါ မသေအောင် စောင့်တာပဲ၊ သတ္တဝါကို သုသာန်မပို့ရအောင် စောင့်နေတဲ့စိတ်၊ ရိပ်မိပြီလား?

တစ်ခါ လေပြန်ရှိုက်တဲ့စိတ်၊ ဒီစိတ်ကလေး နှစ်ခုကတော့ ခုနင့်က ညေ့်သည် ဆယ့်နှစ်ယောက် မရှိလို့ရှိရင် သူတို့နှစ်ခုက အသက်စောင့်နေတယ်။

ဒါဖြင့် အားလုံးဆယ့်လေးယောက် ကျသွားတယ်၊ ဒါဖြင့် အရှုခံတရားဆယ့်လေးခု၊ မှတ်မိကြပြီလား။ အရှုခံတရားက အပြင်ညေ့်သည်ခြောက်၊ အတွင်းညေ့်သည်ကခြောက်၊ အိမ်သည်က နှစ်ယောက်။

ကောင်းပြီ ဒါတွေကစိတ်တရားချည့်လို့ မှတ်စမ်းပါ၊ အပြင် ညေ်သည်လာလို့ရှိရင်လည်း ဒါ စိတ်ပဲလို့ ရှေးဦးစွာ မှတ်လိုက်တဲ့ အတွက် စိတ်ဆိုတာ နာမ်ဓမ္မလို့ မှတ်တော့ ဩော် နာမ်ဘဲဆိုတာ သေချာတယ်။

စိတ်ဟူသ၍ ဟာလည်း ရုပ်ပေါ်မှာ ပေါ်ရသည်ဖြစ်သောကြောင့် ဩော် . . . စိတ်ဟာ ဘယ်သူ့အပေါ် ပေါ်ပါလိမ့်မတုံးဆိုတော့ ရုပ်ပေါ်မှာ ပေါ်ရတယ်။

ဒါဖြင့် စိတ်ကနာမ်၊ အောက်ကသူ အခံကရုပ်ပေါ့ဗျာ၊ နာမ်ရုပ်ကို ရှင်းတယ်နော်။ မျက်လုံးစိတ်ဆိုလို့ရှိရင် မျက်လုံး ရုပ်ပေါ်မှာ ပေါ်မှာပဲ၊ အဲဒီတော့ ရုပ်နာမ်ပေါ့ဗျာ။

နားစိတ်ဆိုလို့ရှိရင်လည်း နားရုပ်ပေါ်မှာ နားကြားတဲ့စိတ် ပေါ်မှာပဲ၊ ဒီတော့ နာမ်ရုပ်ခွဲစရာ လိုသေးသလား။

သူ့နေရာနဲ့သူ တွဲလျှက်တွဲလျှက် ပေါ်နေတယ်ဆိုတာ သိပြီး သား၊ အဲဒီတော့ အခုဆယ်နှစ်ခုဟာ ခုနက အတွင်းညေ်သည် ခြောက်ယောက်လည်း ဟဒယဝတ္ထုပေါ်မှာချည့် အလှည့်ကျနဲ့ ပေါ်နေ ကြတာပဲ၊ ရုပ်ပေါ်မှာ ပေါ်တာဘဲဆိုတာ မသေချာဘူးလား။

ကောင်းပြီ... ရှုစိတ်နဲ့ ရှိုက်စိတ်ကကောလို့ မေးတော့လည်း ရုပ်ပေါ်မှာ နာမ်ပေါ်တယ်ဆိုတာသေချာပြီ ဒါဖြင့် ဒကာ, ဒကာမတွေ

သင္ခါရန်မှာ ဘာသာလျှင်ရှိသတုံးလို့ မေးတဲ့အခါ ဘာပေါ်ပေါ်ရုပ်ပေါ်မှာ နာမ်ပေါ်သောကြောင့် နာမ်ရုပ်ပေါ်တာဘဲရှင်းပြီနော်။

ရုပ်ပေါ်မှာ နာမ်ပေါ်သောကြောင့် (နာမ်ရုပ်ပဲရှိပါမယ်) ဒါဖြင့် မြင်တာလည်း နာမ်ရုပ်က မြင်တာ၊ ကြားတာကော (နာမ်ရုပ်က ကြားတာပါ) ဒါဖြင့် နာမ်ရုပ်အထူးခွဲစရာ လိုသေးသလား (မလိုပါဘုရား)

ဒါစိတ္တာနုပဿနာဟောမလို့ ရှေးဦးစွာ နာမ်ရုပ်ကို ဝေဖန် လိုက်တာ၊ ဒါဖြင့် နာမရူပပရိစ္ဆေဒဉာဏ်ရပြီ နာမ်ရုပ် ပိုင်းခြားသိတဲ့ ဉာဏ်ရပြီလို့ ဒကာ, ဒကာမတွေကမှတ်လိုက်တာပေါ့။

ကိုင်း ဒါဖြင့် နာမ်ရုပ်ခွဲပြီးတော့ အကြောင်းအကျိုးခွဲရဦးမယ် လို့ မဆိုရပေဘူးလား (ဆိုရပါတယ်ဘုရား)

အကြောင်း အကျိုးခွဲတော့ ဒီမှာသိနေတာပဲ၊ မျက်လုံး စိတ်ကလေးဟာ အဆင်းနဲ့ မျက်လုံးရုပ်နဲ့ မပေါင်းမိဘဲနဲ့ မြင်စိတ် ပေါ်ပါမလား (မပေါ်ပါဘုရား)

ဒါဖြင့် ဒီမြင်စိတ်ကလေးဟာ ဒကာ, ဒကာမတို့ အာရုံရယ် ဒွါရဆိုတဲ့ အကြည်ရုပ်ကလေးရယ် နှစ်ခုတိုက်ဆိုင်မိလို့ ပေါ်လာတာ၊ နားကြတော့လည်း နှစ်ခုတိုက်ဆိုင်လို့ ကြားစိတ်ပေါ်တာ၊ အသံက ကြားရုပ်နဲ့ တိုက်မိလို့ ဒီအတိုင်းသွားလိုက်တော့ ဩော် စိတ်ဖြစ်ခြင်း အကြောင်းလဲ ဒို့သိပြီး၊ သိကြား, ဗြဟ္မာ, လာထည့်တဲ့စိတ်မဟုတ်ဘူး၊

**နှစ်ခုတိုက်လို့ ပေါ်တဲ့စိတ်တွေပဲဆိုတော့ ဒါက ဝိစိကိစ္ဆာသတ်လိုက်တာ၊ ခုနင့်က နာမ်ရုပ်ခွဲလိုက်တာက ဒိဋ္ဌိသတ်လိုက်တာ။**

နာမ်နဲ့ ရုပ်သာရှိတယ်ဆိုတော့ ဒိဋ္ဌိမသေသေးဘူးလား စိတ်ကတော့, အလိုလိုပေါ်တာလာ အကြောင်းနှစ်ခုတိုက်ဆိုင်လို့ ပေါ်တာလား (အကြောင်းနှစ်ခုတိုက်ဆိုင်လို့ ပေါ်တာပါဘုရား) သံသယ လာသေးရဲ့လား (မလာပါ)

ဒါဖြင့် ဝိစိကိစ္ဆာက သေသောကြောင့် ဒါသည် ဒကာ, ဒကာမတွေ မှတ်လိုက်တာ နှစ်ဉာဏ်ရသွားပြီ သိဉာဏ်နှစ်ဉာဏ် ရသွားပြီ . . .

ပွားဉာဏ်မပါသေးဘူး၊ ဒါသိလို့ ဟောနေတယ်လို့ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ အလုပ်လုပ်မည့် ပုဂ္ဂိုလ်တွေက သေသေချာချာမှတ် (မှန်ပါ) ရှင်းပြီနော် (ရှင်းပါပြီ ဘုရား)

ကောင်းပြီ ဒါဖြင့် နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် ဆိုတဲ့ နှစ်ဉာဏ်ရသွားပြီ နှစ်ဉာဏ်ရပြီးတဲ့အခါကျတော့ နောက်ကျတော့ ဖြစ်ပျက်ရှုတဲ့ သမ္မသနဉဒယဗ္ဗယလို့ ဆရာဘုန်းကြီးက သင်ဖို့ လိုတယ်နော်

အဲဒီတော့ ဒီလိုလုပ်ကြစို့ရဲ့၊ ဒကာ, ဒကာမတွေ ဝိပဿနာ ရှုဆိုတာ အရှင်ဘုရား တဲ့ အရှင်ဘုရားများကတော့ ဝိပဿနာရှုပြီး နိဗ္ဗာန်ရောက်လာတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်၊ မိလိန္ဒမင်းကြီးက

မေးတယ်၊ ဝိပဿနာရှုနည်းကလေး တပည့်တော်ကို အမိန့်ရှိပါဘုရား၊ တပည့်တော်လည်း နိဗ္ဗာန်ရောက်ကြောင်း လုပ်ချင်တဲ့ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက် အပါအဝင်ပါပဲလို့

မေးလိုက်တဲ့အခါကျတော့ ဒကာကြီး တောထဲမှာ သစ်တွေ ကျားတွေ မရှိဘူးလား တဲ့ (ရှိပါတယ်ဘုရား) အဲသစ်တွေ ကျားတွေဟာ သူတို့စားချင်တဲ့ သမင်၊ ဒရယ် ဂျိုင်ယ် စိုင်, ဆတ်, ယုန် အစရှိ သည်တို့ကို အပြေးလိုက်ဖမ်းသလား၊ ချောင်းပြီး ဖမ်းသလား

ဒကာ, ဒကာမတွေက ဘယ်နဲ့ ထင်ကြသလဲ (ချောင်းပြီး ဖမ်းပါတယ်ဘုရား) ချောင်းပြီး ဖမ်းရတယ်၊ အပြေးလိုက်ဖမ်းရင် သူ့ထက် အပြေးသန်တဲ့ သားကောင်ကို မိပါ့မလား (မမိပါဘုရား)

ဒါဖြင့် ချောင်းဖမ်းပါဆိုတော့ ဒကာ, ဒကာမတွေက သမာဓိ ကောင်းကောင်းနဲ့ ချောင်းနေပါ၊ ချောင်းနေတဲ့အခါ မြင်စိတ်ပေါ်ယင် မြင်စိတ် ဖြစ်ပျက်ရှုပေး (မှန်ပါ) ဉာဏ်နဲ့နော် (မှန်ပါ့ဘုရား)

ချောင်းနေပါ သမာဓိကောင်းကောင်းနဲ့ စောင့်နေပါ၊ ကြားစိတ် ပေါ်ယင် (ကြားစိတ်ဖြစ်ပျက်ရှု) ကြားစိတ်ဖြစ်ပျက် ရှုလိုက်၊ နံစိတ်ပေါ်ယင် (နံစိတ်ဖြစ်ပျက်ရှု)

အေး တောထဲက ကျားတို့ ကျားသစ်တို့ဟာ သူတို့က အကောင်ကြီးတွေ ဖြစ်လို့ သူတို့ထက်မြန်တဲ့ အကောင်ငယ်တွေကို

စားသောက်ရအောင် ချောင်းပြီးမှ ဖမ်းရသလို ခင်ဗျားတို့လည်း ဆိတ်ငြိမ်တဲ့ နေရာမှာ သမာဓိကလေး တည်ပြီး ချောင်းဖမ်းပါ (မှန်ပါဘုရား)

ဒီအတိုင်းရှုလို့ မရဘူးနော်၊ ချောင်းဖမ်းရမယ်ဆိုတဲ့ အဓိပ္ပါယ်ကော ရှင်းကြပြီလား၊ ဒါဖြင့် သမာဓိကောင်းကောင်းနဲ့ သမာဓိတည်းဟူသောခြုံထဲမှာ အောင်းပြီးသကာလ ဉာဏ်တည်းဟူသော ကျားက ဖြစ်ပျက်တည်းဟူသော သားကောင်ကို ဖမ်းရမယ် (မှန်ပါ) ရှင်းပြီလား (ရှင်းပါပြီဘုရား)

အလုပ်ကို ရှင်းရှင်းပေးနေတယ်ဆိုတာ သေသေချာချာမှတ်ပါ (မှန်ပါ့ဘုရား) သမာဓိတည်းဟူသော ခြုံထဲမှာ အောင်းပြီး သကာလ ကျားနဲ့တူတဲ့ဉာဏ်သည် သားကောင်နဲ့တူတဲ့ ဝိဉာဏ်စိတ်တွေကို ဖမ်းရမယ် (မှန်ပါ) မမိပေဘူးလား (မိပါတယ်ဘုရား)

အဲဒီတော့ သမာဓိခြုံထဲမှာမှ မအောင်းလို့ရှိရင်ဖြင့် ဉာဏ်တည်းဟူသော ကျားဟာ အပြေးလိုက်ဖမ်းလို့ရှိရင် လွတ်သွားမှာပဲဆိုတာ မှတ်ရလိမ့်မယ်။

ဒါဖြင့် သမာဓိတည်းဟူသော ခြုံထဲမှာ ဉာဏ်တည်းဟူသာ ကျားက အမြဲတမ်းစောင့်ပြီး သကာလနေတော့မှ မြင်စိတ်ပေါ်လည်း မြင်စိတ်ကို စားလိုက် ဖြစ်ပျက်ရှုလိုက်ပြောတာ၊ ကြားစိတ်ပေါ်ယင် (ကြားစိတ် ဖြစ်ပျက်ရှုရပါမယ် ဘုရား)

ကြားစိတ်စားလိုက်ပါဆိုတော့ ဉာဏ်နဲ့ သားကောင်နဲ့ဟာ မိလျှက်ချည့်နေတယ် (မှန်ပါ) ထို့အတူပဲဖြစ်ပျက်နဲ့ မဂ်နဲ့ဟာ ကိုက်လျှက်ချည်းနေတယ် (မှန်ပါ) မကိုက်ပေဘူးလာ (ကိုက်ပါတယ် ဘုရား)

ဒကာ, ဒကာမတွေ သဘောကျပြီလား လုပ်နည်းရကြပြီလား လုပ်နည်းဟာ ဒီအတိုင်းပဲမှတ်ရမယ်၊ ချောင်းဖမ်းမှ နေရာကျမယ် ဆိုတာ ပေါ်ပြီလား (ပေါ်ပါပြီဘုရား)

ရှင်နာဂသိန်ဆိုတဲ့ ရဟန္တာပုဂ္ဂိုလ်ကြီးကို မိလိန္ဒမင်းကြီးက မေးလို့ "ယထာပိဒီပိကောနာမနိလီယိက္ခာဂဏှေ"လို့ ပါဠိတော်မှာ သေသေချာချာ ဟောထားတဲ့အတွက် ပုန်းအောင်းပြီးမှ ရှုရမယ် တောထဲက ကျားဟာ သားကောင်ကို ဒီအတိုင်း မဖမ်းနိုင်ဘူး ချောင်းပြီးမှ ဖမ်းနိုင်တယ် တစ်နေရာ ပုန်းအောင်းပြီး ချောင်းဖမ်းရတယ် ဆိုတဲ့ဥစ္စာ ဝိပဿနာရှုယင် ဒီလိုပဲသမာဓိခြုံထဲမှာ ဉာဏ်အောင်းပြီ သကာလ သားကောင်နဲ့တူတဲ့ စိတ်ဆယ့်လေးခုကို ဖမ်းပါ၊ ရှင်းပြီလား (ရှင်းပါပြီဘုရား)

သမာဓိက ဘာနဲ့တူသတုံး (ခြုံနဲ့တူပါတယ်ဘုရား) ဉာဏ်က ဘာနဲ့ တူသတုံး (ကျားနဲ့တူပါတယ်ဘုရား) ခုနက စိတ်ဆယ့်လေ ခုက ဘာနဲ့တူသတုံး (သားကောင်နဲ့ တူပါတယ်ဘုရား)

ချောင်းဖမ်းလိုက်တဲ့အခါကျ လို့ရှိရင်ဖြင့်တဲ့ တစ်ခါထဲ

အသေကလေးတွေ ချည့်မိတယ်၊ အပျက်ကလေးတွေချည့် မိပါလိမ့်မယ် သဘောကျပြီလား?

အပျက်လေးတွေချည့် မိတဲ့အခါကျတော့ဖြင့် အပျက်နဲ့ မဂ်ကိုက်တယ်လို့ ဆိုရတော့မယ် အဲဒါ အလုပ်မလုပ်တတ်သေးတဲ့ ပုဂ္ဂိုလ်တွေအတွက်သော်လည်းကောင်း၊ အလုပ်လုပ်ပြီးသား ပုဂ္ဂိုလ်တွေ အတွက်သော်လည်းကောင်း၊ ဒီနေ့သေသေချာချာပြောတယ်လို့ မှတ်ပါ။

ဝိပဿနာရှုနည်းနိဿယည်းကို ရှင်နာဂသိန်က မိလိန္ဒ မင်းကြီးကို သင်တာပါပဲ "ယထာပိဒီပိကောနာမ" ဆိုတဲ့အတိုင်း ဒီပိတောဆိုတာ သစ်ကို ဆိုတာပါပဲနော် နိလိသိတ္တာဆိုတာ ပုန်းအောင်း ရမယ် ဒီအတိုင်းဆိုတာပဲနော်

ထို့အတူပဲတဲ့ ယောဂါဝစရ ပုဂ္ဂိုလ်လည်း သမာဓိခြုံထဲမှာ ဉာဏ်အောင်းပြီး သကာလ သားကောင်ဆယ်လေးကောင်ပေါ်ရာ ဖမ်းပါ ရှင်းပြီလား (ရှင်းပါပြီဘုရား)

သို့သော်ခင်ဗျားတို့ ဆယ့်လေးခုစလုံးပြိုင်တူဘယ်တော့မှ မပေါ်ဘူး တစ်ခုသာ ပေါ်မယ်ဆိုတော့ မမိစရာ ရှိသေးရဲ့လား (မရှိ ပါဘုရား)

ကိုင်း ဖမ်းတတ်ပြီလား (ဖမ်းတတ်ပါပြီ) ဒါဘာ အနုပဿနာ ပဲလို့ အခုသင်နေတာ စိတ်ကို အဖမ်းခိုင်းတဲ့အတွက် စိတ္တာနုပဿနာ (မှန်ပါ) စိတ္တာသား စိတ်၊ အနုပဿနာကနောက်ကနေ ချောင်းဖမ်းတာကို

ဆိုတာ (မှန်ပါ) ပေါင်းလိုက်တော့ စိတ္တာနုပဿနာ ရှင်းပြီလား (ရှင်းပါပြီဘုရား)

စိတ္တက ခုနင်က ဆယ်လေးခုပေါ်ရာကို စိတ်ဆိုတာ သဘောကျပြီလား၊ အနုပဿနာဆိုတာက သမာဓိပညာနဲ့ ချောင်းဖမ်းတာကို ခေါ်ပါတယ်၊ ပေါင်းလိုက်တော့ ဘယ်နဲ့ဆိုကြမလဲ (စိတ္တာနုပဿနာပါဘုရား)

ဒါဖြင့် မနဲ့အိနဲ့ ပေါင်းလိုက်တော့ မအိဆိုသလိုပေါ့၊ ခလေးတုန်းက စာပေါင်းသလိုနော် (မှန်ပါ) စိတ္တာနဲ့ အနုပဿနာနဲ့ တွဲပေး၊ တွဲတတ်ပြီလား (တွဲတက်ပါပြီ) စိတ္တက ဘာပါလိမ့် (စိတ်ကို ခေါ်ပါတယ်) ဆယ့်လေးမျိုး၊ ခုနက ဆရာဘုန်းကြီး ပြထားတဲ့ စိတ်ဆယ့်လေးမျိုးကို စိတ်လို့ ခေါ်လိုက်ပါ (မှန်ပါ့) အနုပဿနာက ဘာပါလိမ့်မလဲလို့ မေးတဲ့အခါ သူကို အဖန်ဖန် တလဲလဲရှုဖို့ပါပဲ၊ သမာဓိနဲ့ ပညာဆိုပါတယ် ပေါ်ကြပြီလား (ပေါ်ပါပြီဘုရား)

ဒါဖြင့် ပိုမိုရှင်းပါရဲ့လားလို့ မေးရင် ဘယ်နဲ့ ဖြေကြမလဲ (ရှင်းပါတယ်ဘုရား) ရှင်းပြီတဲ့ အလုပ်မလုပ်တတ်တဲ့ ပုဂ္ဂိုလ်မရှိပါဘူး ဆိုတဲ့အခြေအနေ ရောက်အောင် သတိပေးနေတယ်ဆိုတာကိုလည်း နောက်က ဒကာ, ဒကာမတွေ ကံထူးလို့ ကြုံကြရတယ်ဆိုတာ ပြောဖို့ မလိုပါဘူး (မလိုပါဘုရား)

ဒါဖြင့် ညော် ဆရာ ဘုန်းကြီးက ဒိဋ္ဌိကစ္ဆာပြီးပြီ၊ ဝိစိကိစ္ဆာလည်း သတ်ပြီးပြီ၊ အခုအနုပဿနာရောက်လာပြီ၊ သမ္မသနဥဒယဗ္ဗယ ရောက်လာပြီ စိတ်ကို ပါဋ္ဌိလိုသုံးတော့ ဘယ်လိုဖြစ်သွားသတုံး (စိတ္တာနုပဿနာပါ) မြန်မာလို ပြန်လိုက်တော့ (စိတ်ကို အဖန်တလဲလဲ ရှုတာပါဘုရား)

ကဲ . . . ဒါဖြင့် ဒီလောက်ရှင်းလို့ရှိရင်ဖြင့် ဘယ်နဲ့ကြောင့် အရှင်ဘုရား၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက စိတ္တာနုပဿနာ ဟောပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ သောတာပတ္တိမဂ်ဆိုတာ ဒိဋ္ဌိသတ်တာဟော့ (မှန်ပါ) သောတာပတ္တိမဂ်လိုချင်ရင် ဒိဋ္ဌိသတ်မှ ရမယ်၊ အထက်မဂ် လိုချင်ရင် တဏှာသတ်မှ ရမယ်၊ မှတ်မိကြပြီလား (မှတ်မိပါပြီဘုရား) အောက်ဆုံးမဂ်ကို လိုချင်ရင် (ဒိဋ္ဌိသတ်မှ ရပါတယ်ဘုရား) အထက်မဂ်တွေလိုချင်ရင် (တဏှာသတ်မှ ရပါတယ်ဘုရား)

ဒီမှာ ဆရာတွေက မှားပြီး တဏှာသတ်ဟောထားလို့ရှိရင်ဖြင့် အရင်သတ်ရမှာ မသတ်ဘဲနဲ့ နောက်မှ သတ်ရမှာကို အရင်သတ်နေလို့ ရှိရင် မောနေမှာပဲ (မှန်ပါ) မောနေလို့ရှိရင် လိုရာခရီး အပြီးအပိုင် ရောက်ပါ့မလား (မရောက်ပါဘုရား)

ဒါကြောင့် အားလုံး အဋ္ဌကထာ ဋီကာတွေက ဒီဟာအရင် လုပ်ပါ၊ စိတ်မှာဒိဋ္ဌိအများဆုံးပဲ၊ ဒါကြောင့် ဒိဋ္ဌိသတ်မှ သောတာပန်

တည်တယ်၊ သောတာပတ္တိမဂ်မရဘဲနဲ့လည်း အထက်မဂ်ရချင်လို့ (မရပါဘုရား)

ဒါဖြင့် ဒိဋ္ဌိသတ်တဲ့အလုပ်ကို ရှေ့ထားပါ။ (မှန်ပါ) ဒကာ, ဒကာမတွေ ရှင်းကြရဲ့လား (ရှင်းပါတယ်ဘုရား)

စိတ္တာနုပဿနာကို ဘာကြောင့် ဆရာဘုန်းကြီးလမ်းခင်းပြီး အကျယ်တဝင့် ပြောဆိုနေပါလိမ့်မလဲလို့ ဆိုတော့ ဘာသတ်တာတုံး (ဒိဋ္ဌိသတ်တာပါဘုရား)

ဒါဖြင့် သောတာပတ္တိမဂ်ဟာ ဘာပယ်တာတုံး (ဒိဋ္ဌိပယ်တာပါဘုရား) ဒိဋ္ဌိပယ်တာဘဲဆိုတာ ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား) ဒီမဂ် လိုချင်ရင် ဒီမဂ်မရဘဲနဲ့ အထက်မဂ် ခုန်တက်လို့ (မရပါဘုရား) နေရာကျပြီလား (ကျပါပြီဘုရား)

ကဲဒါဖြင့် ဒီလိုလုပ်နည်းပေးလိုက်တော့ စိတ်ပေါ်မှာ ဒိဋ္ဌိအများဆုံးမို့ ဉာဏ်ကလေးနဲ့ ဒိဋ္ဌိများတဲ့ပုဂ္ဂိုလ်ကို စိတ္တာနုပဿနာပေး၊ သူနဲ့လျော်တယ်တဲ့။

ဉာဏ်ကလည်းလေးမယ်၊ ဒိဋ္ဌိကလည်းများမယ်ဆိုလို့ရှိရင် ဘာပေးရမလဲ(စိတ္တာနုပဿနာပေးရပါမယ်ဘုရား) ဒါဟာ အနာနဲ့ဆေး သင့်အောင်ပေးတာ ပေါ်ပြီလား (ပေါ်ပါပြီဘုရား)

ကိုယ်ကသောတာပတ္တိမဂ်ကို ရလိုတဲ့ပုဂ္ဂိုလ်၊ သူကိုရမှလည်း အထက်တက်နိုင်တော့ သောတာပတ္တိမဂ်ဆိုတာ ဒိဋ္ဌိနိရောဓေ

နိဗ္ဗာန်ကိုး၊ ဒိဋ္ဌိသတ်မှ နိဗ္ဗာန်ရမှာ၊ ပထမ နိဗ္ဗာန်လိုချင်ရင် ဒိဋ္ဌိသတ်ရတယ် (မှန်ပါ)

အဲဒီတော့ ဒကာ, ဒကာမတွေမှာ ဒီစိတ်ဆယ့်လေးခုကို ရှုပေးပါဆိုတော့ သြော် ဒိဋ္ဌိပြုတ်လွယ်လိမ့်မယ်ဆိုတာ စိတ်ထဲဆုံးဖြတ်ချက်ချလိုက်ပါ (မှန်ပါ) ရှင်းပြီနော် (ရှင်းပါပြီဘုရား)

စာမှာတော့ သရာဂစိတ် ဝီရာဂစိတ်ဆိုတဲ့ စာသံပါ နေတယ်၊ မင်းသိတဲ့စိတ် မင်းရှု၊ သဘောကျပြီလား (ကျပါပြီဘုရား)

စာထဲပါတဲ့စိတ်တွေ အကုန်ပဲဆရာဘုန်းကြီး သင်ထားတဲ့ ဥစ္စာအတူတူပဲ (မှန်ပါ) သဘောကျပြီလား (ကျပါပြီဘုရား) စာထဲမှာ နာမည်ပေးထားတာနဲ့ ဆရာဘုန်းကြီးပေးထားတာနဲ့ဟာ အတူတူ ပဲလို့မှတ် (မှန်ပါဘုရား)

သို့သော် စာမှာ ပိုနေတာတွေက စာမှာ အရိယာဖြစ်ပြီးမှ ရှုရမည့်စိတ်တွေ ပါနေတယ် (မှန်ပါ) အဲဒါတွေပါ မသိတဲ့ပုဂ္ဂိုလ်က ဟောဒီစိတ်တွေ၊ ဒီစိတ်တွေ နည်းတာတွေ မဟုတ်ဘူး အဲဒီစိတ်တွေပါ ရှုရမယ်ဆိုတော့ ကျုပ်တို့က အရိယာမှ မဟုတ်သေးပဲ အရိယာရတဲ့ စိတ်ကို ကျုပ်တို့ ရှုလို့ဖြစ်ပါမလား (မဖြစ်ပါဘုရား)

မဖြစ်နိုင်တော့ ပုထုဇဉ်သန္တာန်ပေါ်တဲ့စိတ်ဟာဖြင့် ဒီဆယ့်လေးမျိုးပဲ ရှိတယ် (မှန်ပါ) ရှင်းပြီလား (ရှင်းပါပြီဘုရား) ပုထုဇဉ်အဖြစ်က လွန်မြောက်မှ သောတာပန်အဖြစ်ရောက်ရမှာကိုး (မှန်ပါ)

အဲဒီတော့ ဟိုမှာ ဘုရားက ဟောထားတာကတော့ ပုထုဇဉ် အတွက်ရော အရိယာအတွက်ရော ဟောထားတာ ၊ရှင်းပြီလာ (ရှင်းပါပြီဘုရား)

"စိတ္တေန နီယျတေလောကော၊ စိတ္တဿ ပရိကဿတိ" လောကော=လောကကို၊ စိတ္တေန=စိတ်က၊ နီယျတေ=ဆောင်ယူ၏၊ စိတ်ဆောင်နေတာ၊ ဟိုဘုံရောက်သွား ဒီဘုံရောက်သွားဆိုတ ဘာတွေပါလိမ့် (စိတ်ဆောင်တာပါဘုရား)

"စိတ္တဿ ပရိကဿတိ"သူပဲတဲ့ ဟိုဆောင် ဒီဆောင်နဲ့ ကြံစည်ပြီး သင်္ကာလ သူလုပ်နေတာ၊ သူ့ကိုမနိုင်ကြတာနဲ့ ဒကာ, ဒကာမတို့ ခင်ဗျားတို့ ဟိုဘုံရောက် ဒီဘုံရောက် ရောက်နေတာ။

နတ်ပြည် ရောက်သွားတယ်ဆိုတာလဲ ဒီစိတ်က ပို့လိုက်တာ၊ ငရဲရောက်သွားတယ်ဆိုတာကော (ဒီစိတ်ကပို့တာပါဘုရား) အကုသိုလ် စိတ်က ပို့ချလိုက်တယ်။

ကုသိုလ်စိတ်ကနေ တစ်ခါတစ်ခါ ဒကာ, ဒကာမတွေ ဆောင်သွားပြန်လို့ သုဂတိရောက်တယ် အကုသိုလ်စိတ်ကနေပြီး တစ်ခါတလေ တိရစ္ဆာန်ခင်တော့ တိရစ္ဆာန်ဖြစ်သွားတာတွေလည်း ဘယ်သူကဆောင်သွားတာတုံး (စိတ်ကဆောင်သွားတာပါဘုရား)

ဒါဖြင့် ဒီစိတ်ဟာဒို့ကို သန္တာန်အမျိုးမျိုး အရက်တကွဲအကျိုး နည်းလုပ်ပေးနေတဲ့စိတ်ပဲ ဒါဖြင့် ဒီစိတ်ကို ပေါင်းထိုက် မပေါင်းထိုက်

(မပေါင်းထိုက်ပါဘုရား) ဒီစိတ်သည် အမျိုးမျိုး ဖန်ဆင်းတတ်တယ် သဘောကျပြီလား (ကျပါပြီဘုရား)

ဒီတော့ ရှုတဲ့အခါမှာ အိမ်သည်စိတ်နှစ်ခုကို အမြဲတမ်းရှုပြီး သကာလ ညှော်သည်လည်း ပေါ်မှလိုက်၊ အိမ်သည်လည်း အလှည့်နဲ့ ပေါ်တာပဲ၊ သူလဲအမြဲတမ်းသာဆိုတယ်၊ မမြဲပါဘူး၊ သို့သော် သူများထက်မြဲလို့ အိမ်သည်ရယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါ။

ဒါဖြင့် ဘာမှရှုစရာမရှိရင် အိမ်သည်နှစ်ခုရှု၊ အပြင်ညှော်သည် လာရင် (အပြင်ညှော်သည်ရှုရပါမယ်) အတွင်းညှော်သည်လာယင် (အတွင်းညှော်သည် ရှုရပါမယ်) ရှုလိုက်တဲ့အခါကျတော့ စိတ်ဟာ နှစ်ခုနဲ့အသက်ရှင်သလား၊ တစ်ခုနဲ့ အသက်ရှင်သလား (တစ်ခုနဲ့ ရှင်ပါတယ်ဘုရား)

ဒါဖြင့် တစ်ခုစိတ်ပျက်သွားတာကို နောက်အသစ်ပေါ်တဲ့ ဉာဏ်စိတ်နဲ့ ရှုပေး ဒီတော့ အသေကို အရှင်နဲ့ရှု၊ ပေါ်ပြီလား?

အသေကို အရှင်နဲ့ရှုလိုက်တယ်ဆိုတော့ ဘယ်သူ့အသေပါ လိမ့်မတုံးလို့ မေးတော့ ဘယ်နဲ့ ပြောမလဲ ကိုယ့်အသေပါဘုရား။

ဒကာ, ဒကာမတို့ ဘယ်သူ့အသေတုံး (ကိုယ့်အသေပါဘုရား) ဒီစိတ်ကို အသက်ရှင်နေတာကိုး ဒီစိတ်သေသွားတယ်ဆိုတော့ ကိုယ့်အသေမဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)

ကိုယ့်အသေကိုကိုယ်က ကံမကုန်သေးလို့ ရှင်တဲ့စိတ်နဲ့ပြန်ရှု (မှန်ပါ) သဘောကျပြီလား (ကျပါပြီဘုရား)

ဒါဖြင့်အသေကို အရှင်နဲ့ရှုလို့ဆရာဘုန်းကြီးက ပြောလိုက်တော့ ကေစိတ္တသမာယုတ္တာ၊ သဘောကျပြီလား (ကျပါပြီ) ဒါ ပါဠိ၊ အသက်ရှိတဲ့ ပုဂ္ဂိုလ်တို့သည် တစ်ခုတည်းနဲ့ အသက်ရှင်နေ၏ (မှန်ပါ) စိတ်တစ်ခုတည်းနဲ့ အသက်ရှင်တယ်တဲ့ (မှန်ပါ) ဒီစိတ် ချုပ်သွားရင် ဒီလူတစ်ယောက်သေတာပဲ သဘောကျပြီလား (ကျပါပြီ ဘုရား)

နောက်စိတ်မလာရင် ဘယ်နဲ့တုံး . . . (သေတာပါဘဲဘုရား) သုသာန်ပို့ရုံပဲ။ ဒါဖြင့် ခင်ဗျားတို့ကို သုသာန်မပို့ရသေးတာဟာ အရှင်စိတ်တွေ (ရှိလို့ပါဘုရား) အရှင်စိတ်တွေ ပေါင်းဘယ်လောက် သေပြီလဲ။ (မရေတွက်နိုင်ပါဘုရား)

အခုဘယ်နဲ့ကြောင့် သုသာန်မပို့ရသေးပါလိမ့်မတုံးမေးရင် ဘယ်နဲ့ပြောမလဲ (နောက်စိတ်နဲ့ အသက်ရှင်နေလို့ပါဘုရား) နောက်စိတ်က အသက်ရှင်နေလို့ (မှန်ပါ)

ဒါဖြင့် အသေကို ဘာနဲ့ကြည့်မလဲ . . . (အရှင်နဲ့ကြည့်ရ ပါမယ်ဘုရား) အသေကိုအရှင်နဲ့ဆိုတာ ဝိပဿနာစခန်းလို့ မှတ်လိုက် (မှန်ပါ) အသေကို အရှင်နဲ့ရှုဆိုတာ (ဝိပဿနာစခန်းပါဘုရား)

အခု သေသေချာချာ ခရေစေ့တွင်းကျ စစ်လိုက်တော့မှ

ကိုယ့်အသေကို အရှင်ကနေကြည့်တာ၊ သဘောကျပြီလား။ ကိုယ့်အသေကို (အရှင်ကနေ ကြည့်တာပါဘုရား) အရှင်ကနေ ကြည့်တာဆိုတာ ပေါ်ကြပြီလား (ပေါ်လာပါပြီဘုရား)

ပေါ်တော့ကိုကြည့်ဖန်များလာတော့ ဆရာဘုန်းကြီးကလည်း နည်းပေးထားတယ် ကိုယ့်အသေကိုယ်ကြည့်တာပော့ ဆိုတော့ သေတာတွေက မများပေဘူးလား (များပါတယ်ဘုရား) များလာတော့ မုန်မလား၊ မမုန်းဘူးလား (မုန်းပါတယ်ဘုရား)

ဒါအခုတော့ မကြည့်တော့ မမုန်းသေးဘူး (မုန်ပါ) ကြည့်ဖန်များလာတော့ အသုဘတွေ အတွေ့ကများလာတယ်၊ များလာတော့ ဘယ်နဲ့ဆိုမလဲ (မုန်းပါတယ်ဘုရား)

မုန်းအောင်ကြည့်လို့ရှိရင် မုန်းတဲ့ပုဂ္ဂိုလ်ဟာ နောက်ဒီ အသေမျိုးပဲ၊ ဒီလိုဆုတောင်းလို့ရှိရင် ဒီစိတ်တွေ ဒီလို သေနေဦးမှာဆိုတော့ စိတ် ဆိုတဲ့ ဝိညာဏက္ခန္ဓာကို လိုချင်သေးရဲ့လား (မလိုချင်ပါဘုရား) အဲမလိုချင်အောင် ကျင့်နိုင်တဲ့ ပုဂ္ဂိုလ် မုန်းအောင် ကျင့်နိုင်တဲ့ပုဂ္ဂိုလ်ဟာ ဓမ္မာနုဓမ္မပဋိပတ္တိပုဂ္ဂိုလ်ဖြစ်ပြီ (မုန်ပါ)

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာဆိုတာ ပေါ်ပြီလား (ပေါ်ပါပြီဘုရား) စိတ်ကို မလိုချင်အောင် မုန်းအောင်ကြည့်နိုင်တဲ့ ပုဂ္ဂိုလ်ဟာ ဘာတုံး (ဓမ္မာနုဓမ္မပဋိပတ္တိပုဂ္ဂိုလ်ပါဘုရား)

စိတ်ကို မလိုချင်အောင် မုန်းအောင်ကြည့်နိုင်တဲ့ ပုဂ္ဂိုလ်ဟာ ဘာတုံး (ဓမ္မာနုဓမ္မပဋိပတ္တိပုဂ္ဂိုလ်ပါဘုရား)

ခင်ဗျားတို့က "ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံပူဇေမိ" သွားပြီး လုပ်နေတယ်၊ မလုပ်ကြဘူးလား (လုပ်ပါတယ်ဘုရား)

ဣမာယဓမ္မနုဓမ္မပဋိပတ္တိယာဗုဒ္ဓံပူဇေမိ... တပည့်တော်သည် လောကုတ္တရာ တရားနဲ့လျှော်တဲ့ အကျင့်နဲ့ ရှိခိုးပါ၏လို့ ဆိုပြီး ကျင့်လည်း မကျင့်ဘဲနဲ့ အလကားရွတ်ဆိုပြီး ရှိခိုးနေတယ် (မှန်ပါ) ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား)

ကျင့်တာကရှုမှကျင့်တာကိုး (မှန်ပါ) မကျင့်ဘဲနဲ့ အလကားရွတ်ဆိုပြီးရှိခိုးနေကြတယ် (မှန်ပါ) သဘောပါပြီလား (ပါ ပါပြီဘုရား) ကိုင်း ဒါဖြင့်ဒကာ, ဒကာမတွေ သဘောပေါက်ကြပြီလား (ပေါက်ပါပြီဘုရား) ကဲ တရားသိရင်ဖြင့် ကြိုးစားအားထုတ်ကြတော့။

+★+★+★+★+



ဦးကံညွန့်သည် မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော(အလွန်ရခဲလှသော) တရားကောင်း တရားမြတ်များကို ရဟန်းရှင်လူအများ သိရှိနိုင်ကြပါစေရန် ပထမအကြိမ်အဖြစ် **"နိဗ္ဗာန်ရောက်ကြောင်းတရားတော်"** (အနှစ်ချုပ်)ကို ပူဇော်ခဲ့ပြီး၊ ယခုဒုတိယအကြိမ်အဖြစ် **" ဒုက္ခမြင်မှ နိဗ္ဗာန်ရပုံ"** တရားတော်များကို ပူဇော်ထားပါသည်။

**ဒုက္ခမြင်မှနိဗ္ဗာန်ရပုံ** တရားတော်များမှာ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော **"ဓမ္မစကြာတရားတော်"** လာ **"ဒုက္ခသစ္စာ"**ကို ပိုင်းခြားသိမြင်နိုင်ကြပါစေရန် မိုးကုတ်ဆရာတော်ဘုရားကြီးသည် သစ္စာလေးပါးတရားတော်များဖြင့်၎င်း၊ ဒုက္ခမြင်ရန်သံဝေဂရဘွယ်တရားတော်များဖြင့်၎င်း၊ ပဋိစ္စသမုပ္ပါဒ်တရားတော်များဖြင့်၎င်း၊ အမျိုးမျိုးအဖုံဖုံဟောကြားတော်မူခဲ့သော တရားတော်များထဲမှ **"ဒုက္ခမြင်မှနိဗ္ဗာန်ရပုံ တရားတော်များ"** ကို အထူးရွေးချယ်စုစည်း၍ ဆရာတော်ဘုရားကြီး၏ ဟောစဉ်စကားလုံးများအတိုင်း အပိုမစွက်၊ တရားမှုမပျက် ပူဇော်ထားခြင်းဖြစ်ပါသည်။